# ပါရမီရှင်တို့၏အတွေ့ထူးအသိထူးကျင့်စဉ်လမ်း

စာပေဝါသနာရှင်လူငယ်များ ပြုစုပျိုးထောင်သော

# စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး

ဘာသာရေးစာမူကြိုတင်ခွင့်ပြုချက်အမှတ် ( ၁၉၃ )

မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်အမှတ် ( ၁၀၆ )

ခွင့်ပြုချက်အရ ထုတ်ဝေသည်။

စရုဝလ္လိ

( စာရေးသူ၏မူပိုင် )

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စပယ်ဦးစာပေဖြန့်ချိရေး

အမှတ် ၁၄၀/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

(ဖုံး-၇၆၀၀၅)

၁၄၄၄၈

ပါရမီရှင်တို့၏

# အတွေ့ထူး အသိထူး ကျင့်စဉ်များ

စတုဝလ္လိ ▲ ပြုစုသည်။

၁၈

၁၉၇၀ - ဇွန်လ
ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀)

---

မျက်နှာဖုံးပန်းချီ
တင်လှဝင်းထင်

---

ဘလောက်
ဇမ္ဗူအေးဘလောက်တိုက်

---

မျက်နှာဖုံး/အတွင်း—ပုံနှိပ်
ဒေါ်သန်းသန်း(၀၂၆၀၇)စပယ်ဦးပုံနှိပ်တိုက်
အမှတ် ၁၄၀/၁၅၀၊ ၃၃-လမ်း၊
ရန်ကုန်မြို့။

---

ထုတ်ဝေ
ဒေါ်ထွန်းမေ(၀၂၂၆၀)အခမ္မစာပေ
အမှတ် ၁၁၅၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။

## ရည်ညွှန်းချက်

ယခု တင်ပြမည့် စာအုပ်သည်၊ ရုပ်တရား၊ နာမ်တရား များ မချုပ်ငြိမ်းခင်၊ ပါရမီ ပါသလောက် ခံစားနိုင် ကြစေရန်၊ ဗုဒ္ဓ ဩဝါဒ၊ ညွှန်ပြချက် များကို တင်ပြ သားသော စာအုပ်မျှသာ ဖြစ်ပါကြောင်း။

ကျမ်းပြုသူ

# မာတိကာ


| | | | | |
|---|---|---|---|---|
| | | | | စာမျက်နှာ |
| | | ဝန္ဒာမိ | .... | ၁ |
| | | ဆန္ဒ | .... | ၃ |
| | | အဖွင့် | .... | ၄ |
| **အခန်း** | (၁) | စိတ်တန်ခိုးရှင် | .... | ၇ |
| **အခန်း** | (၂) | ဝိဇ္ဇာဇာတ်လမ်း (ဆက္ကနိပါတ်လာ ဝိဇ္ဇာဓရ) | .... | ၁၃ |
| **အခန်း** | (၃) | ကျွန်းကြီးလေးကျွန်း | .... | ၆၁ |
| **အခန်း** | (၄) | ကမ္ဘာကြီး ပျက်ပုံနှင့် ပြန်ဖြစ်လာပုံ | .... | ၈၆ |
| **အခန်း** | (၅) | လူဖြစ်ပေါ်လာပုံ | .... | ၁၁၈ |
| **အခန်း** | (၆) | နိုင်ငံတကာ လောကီပညာ | .... | ၁၃၅ |
| **အခန်း** | (၇) | အိန္ဒိယ ထွက်ရပ်သူတော်စင်များ | .... | ၁၅၃ |
| **အခန်း** | (၈) | ဝိဇ္ဇာပညာ သံသရာ | .... | ၁၆၉ |
| **အခန်း** | (၉) | မြန်မာပြည်သို့ ဝိဇ္ဇာပညာများ ရောက်လာပုံ | .... | ၂၀၆ |

မာတိကာ　　　　　　　　　　　　　　　　　　စာမျက်နှာ


| | | |
|---|---|---|
| အခန်း (၁၀) | အင်းအိုင်အဖွင့် .... | ၂၁၃ |
| အခန်း (၁၁) | လူ့ကျင့်ဝတ်များ .... | ၂၁၈ |
| အခန်း (၁၂) | အနန္တသိဒ္ဓိလမ်းညွှန် .... | ၂၄၉ |
| | ဇိနမန္တာန်တော်ကြီး .... | ၂၈၄ |
| အခန်း (၁၃) | ပါရမီရှင် .... | ၂၉၂ |
| အခန်း (၁၄) | နိဗ္ဗာန် .... | ၃၀၃ |
| | ဂန္ဓာရီ အတတ်တွင် အကျုံးဝင်သော မန္တာန် .... | ၃၁၈ |
| | ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်လာဉာဏ္ဍဒ္ဒိ၁၀ပါး | ၃၁၈ |
| | မန္တာန်နှင့်အစောင့် .... | ၃၂၃ |
| | ဗုဒ္ဓ၏ဂါထာတော် .... | ၃၂၆ |
| | ဝေဒအတွေးအခေါ်နှင့် မန္တာန် .... | ၃၂၉ |
| | ဗုဒ္ဓ၏သစ္စာလေးပါး .... | ၃၃၇ |
| | မဂ္ဂင်ရှစ်ပါး .... | ၃၄၃ |
| | ပိဋကတ်တော်များ | ၃၄၆ |
| | မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ဩဝါဒ ကထာ .... | ၃၅၆ |
| | အာမိသပူဇာနှင့် ဓမ္မပူဇာ .... | ၃၆၃ |
| | ပရိတ်တော်ရွတ်ခြင်းအကျိုး .... | ၃၆၆ |
| | အနိစ္စ ဝိပဿနာ .... | ၃၈၂ |
| | ကျင့်စဉ်များ .... | ၃၈၇ |
| | ကမ္မဋ္ဌာန်းတရား ရှုပွားနည်း .... | ၄၀၀ |

ပူလပထမ သီဟိုဠ်ကျွန်းမှ
ယခု-ဟန္တပ်ုင်မြို့သို့
ရောက်ရှိနေသော ကြေးဆင်းတုတော်။





ကမ္ဘောဒီးယား ပြည်
အင်္ကောဝပ် ကျောင်းတော်ရှိ
မတ်ရပ်တော်ပုံ




အိန္ဒိယပြည် ဆန်ချီအရပ်တွင် တည်ထား ကိုးကွယ်သော
အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များကို
ရဟန်းတော်များ ပူဇော်နေကြပုံ။




ယိုးဒယားပြည် ဘန်ကောက်မြို့ ဝတ်ကျောင်းအတွင်း၌
ရဟန်းတော်များ မြတ်စွာဘုရား၏
သုတ္တန်ဒေသနာတော်များကို ရွတ်ဖတ်နေကြပုံ။

ကောသမ္ဗီပြည် ဥဒြာနဘုရင်၏
အမိန့်တော်အရ၊ စန္ဒကူးသား ဖြင့်
ထုလုပ်သော ရုပ်ပွားတော်ကြီးကို
ဇေတဝန်ကျောင်းတော်၌ မူလက
ထားရှိခဲ့လေရာ ထိုရုပ်ပွားတော်
အတိုင်း တရုတ်ပြည်က ထုလုပ်ခဲ့သော
ရုပ်ပွားတော် (ယခု-ဂျပန်ပြည်၌ရှိ၏)



ယိုးဒယားပြည် ဘင်ချမာဗိုမစ်
ဝတ်ကျောင်းတော်ရှိ
ရုပ်ပွားတော်။






အိန္ဒိယပြည်
ကဍ္ဍရမြို့ရှိ
ဗုဒ္ဓ ရုပ်ပွားတော်




တရုတ်ပြည်
ရှန် တန် မြို့
လိုဏ်ဂူအတွင်းရှိ
ရုပ်ပွားတော်။



ပုဂံမြို့ရှိ
ဂူနန္ဒာမညာ
ရုပ်ပွားတော်။

အိန္ဒိယပြည်
ဧလိုရာလိုဏ်ဂူ
အတွင်းရှိ
ရုပ်ပွားတော်
တဆူ။






လောပြည့်ရှိ ရုပ်ပွားတော်။


သီဟိုဠ်ကျွန်း ပေါလနရုဝ ရှိ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ပုံတော်






ဝါရှင်တန်မြို့နယ် ဖရီးယား အနုပညာပြတိုက်ရှိ
တရုတ်ပြည် "တန်" မင်းဆက်တွင် ထုလုပ်ခဲ့သော
ရုပ်ပွားတော်ဘုရား။

အင်ဒိုနီးရှားပြည် ဘာလိကျွန်း
ရုပ်ပွားတော်တဆူ။





တိဗက်ပြည်မှဟု ထင်ရသော
ကြေးဆင်းတုတော်။



(၁၂)


ကိုးရို·ယားပြည် ပူစောက်စမြို့ရှိ
ကောဘ်ရရှိခေတ် ရုပ်ပွားတော်။

ကိုးရီးယားပြည် ပူလ်စကွတ်မြို့ရှိ
ကြေးဆင်းတုတော်။



ဂျပန်ပြည်ရှိ
သစ်သားဆင်းတုတော်။







အာဖဂန်နီံစတန်-ခဘူလ်မြို့ ပြတိုက်ရှိ
ရုပ်ပွားတော်တဆူ။



အိန္ဒိယပြည် ဗုဒ္ဓဂါယာရှိ မဟာဗောဓိစေတီတော်။



အိန္ဒိယပြည် ဆန်ချီရှိ တန်ခိုးကြီး ရှေးဟောင်းစေတီတော် တဆူပုံ။



ဆဋ္ဌသံ ဃာယနာ
မဟာဓမ္မပထမနာယက
အဘိဓဇ မဟာရဋ္ဌဂုရု
ဘဒ္ဒန္တရေဝတ (ညောင်
ရမ်း ဆရာတော်ကြီး)



ဆဋ္ဌသံဃာယနာတင်ရန် မဟာထေရ်ဆရာတော်ကြီးများ
ပိဋကတ်(၃)ပုံကို စစ်ဆေးနေကြစဉ်။
(စာရွက်ကိုင်ထားသူမှာ မဟာစည်ဆရာတော်ဘုရားကြီးဖြစ်သည်)

# ဝန္ဒာမိ

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ငါးဖြာသော ရတနာမြတ်တို့အား ကာယဝစီ မနောချီ၍၊ အဥ္ဇလီ မြတ်နိုး၊ လက်စုံမိုးလျက် ရှိခိုးပါ၏ဘုရား။

မန္တလေးမြို့ အနောက်ပြင်၊ စကုတိုက် ရွှေဘိုကျောင်း စာချဆရာတော် ဦးဇာဂရ၊ မြင်းမူမြို့ ရွှေစောလူး ဘုရားကြီးကျောင်းတိုက် စာချဆရာတော် ဦးပရမ၊ မြင်းမူမြို့ သရက်တောကျောင်းတိုက် စာချဆရာတော် ဦးကုမာရ၊ မြောင်မြို့ ဆင်ယင်ကျောင်းတိုက် စာချဆရာတော် ဦးကုသလ၊ ဆိမ်ိကွန်မြို့ မဟာဝိသုကာရာမတိုက်တော်ကြီး စာချဆရာတော် ဦးနရဒ၊ ရွှေဘိုဒိုင်စကြတ် ဝက်လက်ပိုင် ပြွန်ဦးရွာ ငါးမာန်အောင် တိုက်တော်ကြီး စာချဆရာတော် ဦးဇနိန္ဒ၊ မောင်းထောင် ဓမ္မကထိက နာမထေရ်ပုံ သာသနာပြု ဓမ္မကထိကအကျော် မောင်းထောင် ဦးကေသရ၊ ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက် စာချဆရာတော် ဦးသုဒဿန၊ ဦးစက္ကိန္ဒ၊ ရန်ကုန်မြို့ သရက်တောတိုက် မှန်ကင်းကျောင်း စာချဆရာတော်

# ဝန္ဒာမိ

ဦးဒီပတို့အား အမှူးထားလျက် မြန်မာပြည် ဘုရားပွဲပြင်ရေးအဖွဲ့ကြီးနှင့် မြန်မာပြည် သာသနာပြု ဓမ္မကထိကအဖွဲ့ကြီးတို့၏ ဦးစီးနာယက ဖြစ်တော်မူသော ရတနာပုံ ဦးတိလောက ဆရာတော်ဘုရားအား လည်းကောင်း၊ ချင်းတောင် တီဒိန်မှနေ၍ တောင်တန်း သာသနာပြုခဲ့သော ကာလေးမြို့ ဒီပင်္ကရာ ဆရာတော် အရှင်ပဒုမ ဆရာတော်ဘုရားအား လည်းကောင်း၊ ရှေးက နေတဆူ လတဆူ ဖြစ်တော်မူကြကုန်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ ဘေးအမျိုးမျိုးမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းတို့ကို လက်တွေ့များပြသ၍ ကြိုးကြိုးစားစားနှင့် တကယ်ကျင့်ကြံရင်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတို့အား ဝန္ဒာမိ၊ကာယဝစီ မနောချီလျက် အဉ္စလီမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သည်မှတ တန်၊ ရှေး ရှေး ကံ အ ရ၊ မာဃဏ္ဍာ၊ လေးဖြာစတု ကျွန်းလေးခွဲ လောကမှုကို ပွဲပြင်တတ်သော မဏ္ဍရင္ဍ၊ ဝိရုဠ္ဍက၊ ဝိရုပက္ခ၊ ကုဝေရ ဘုရားအလောင်းတော် နတ်သားနှင့်တကွ၊ မယ်တော်မိနတ်သား၊ အရိမေတ္တေယျ ဘုရားအလောင်းတော် နတ်သားမှစ၍ ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့၏ ခြေတော်ခိုလှုံ ဦးညွှတ်မကုန် လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။ ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံ၊ ဓမ္မက္ခန္ဓာ စာပေပေါင်းရှစ်သောင်းလေးထောင် ကျမ်းကုန်အောင်ကို တအောင့်တခဏ အာရုံပြုခါမျှဖြင့် ယခုချက်ချင်း သိစွမ်းနိုင်သည့်ကိုယ် ဖြစ်ရပါလို၏ ဘုရား။

# ဆန္ဒ

"ယောကျ်ားတံခွန်၊ လူရည်ချွန်က
ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း
မလွတ်စတမ်း ရမြဲလမ်းတည်း"

ဆိုသည့်အတိုင်း ကမ္ဘာသူ ကမ္ဘာသားတို့၏ အားထားခိုကိုးရာ အတုလဘဂဝါ၊ ဗုဒ္ဓရာဇာ သညာထွင်ထား မြတ်ဘုရားကြီးပင် ဖြစ်နိုင်ကြောင်း ထုံးဟောင်းသာဓက မြော်ထောက်ဆ၍၊ မလျော့သော လုံ့လဝီရိယ သမာဆန္ဒတို့ဖြင့် ပါရမီစခန်း တက်လှမ်းနိုင်ကြပါစေကုန်။

# အဖွင့်

သည် လောကီပညာရပ်များမှာ ကျွန်ုပ်တို့ မြန်မာလူမျိုး၊ မြန်မာစာပေများတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးနှင့် စာပေများတွင်လည်း ကြွယ်ကြွယ်ဝဝ ဖော်ပြလျက်ရှိသည်။

ဘာကြောင့် သည် လောကီပညာရပ်များ လူသားတွေနှင့် အတူ အမြဲဒွန်တွဲတည်ရှိနေသနည်း။

လောကီပညာရပ်များ၏ ဆန်းကြယ်မှုကို တကယ်ကိုယ်တိုင် ကိုယ်ကျ မသိမမြင်သေးသောကြောင့်သာ အမျိုးမျိုး အထင်မှားစရာ၊ ဝိဝါဒကွဲစရာ ဖြစ်နေရခြင်း ဖြစ်သည်။ စင်စစ် လူအသီးသီးတို့၏ စိတ်ကူးဉာဏ်အသီးသီးတို့ဖြင့် တည်ဆောက်ထားအပ်သော သည်ကမ္ဘာကြီး၌ ဖြစ်နိုင်ဖွယ်ရာမရှိဟု ထင်ရလောက်သော အံ့မခန်းလိလိဖြစ်ရပ်များကား နေ့စဉ်နှင့်အမျှ ဆိုသလို တွေ့ကြုံကြားသိနေရသည် မဟုတ်လော။

ယနေ့ လကမ္ဘာသို့တက်နေသော သတင်းများ၊ အာကာသတွင် ဂြိုဟ်တုများလွှတ်ထားခြင်း (Explora-ဂြိုဟ်တု စသည်) အဆိုပါဂြိုဟ်တုများမှတဆင့် မိုးလေဝသ စသည်တို့ကို သတင်းပြန်ကြားခြင်းများသည် လူတို့၏ ကြိုးပမ်းမှု စွမ်းပကား၊ သိပ္ပံပညာ ထွန်းကားမှု၊ တန်ည်းအားဖြင့်ဖြစ်နိုင်ခဲ့သော (မဖြစ်နိုင်ဟုတချိန်က ယူဆထားသော) ဖြစ်ရပ်များကို ယနေ့ သိပ္ပံကဖော်ထုတ်ပြ၍ သိပ္ပံကို အထင်ကြီးလေးစားလာရသလို ဝိဇ္ဇာပညာရပ် (လောကီအတတ်များ) ဖြင့် ဖန်ဆင်းပြနိုင်၍ လူတို့ယုံကြည်ကိုးစားလာရသည်မှာ ကမ္ဘာ့သက်တန်းအမျှ ရှိနေသည်မဟုတ်လော။

ပို၍ထင်ရှားစေရန် လန်ဒန်တက္ကသိုလ် အင်္ဂလိပ်ပြည်၏အတတ်ပညာဆိုင်ရာပါမောက္ခအေမာရေး(ProfessorA.Murray) က "တရှိန်ထိုး တိုးတက်နေသော သိပ္ပံပညာနှင့် အခြားသောအတတ်ပညာ (လောကီပညာရပ်) တို့ တည်ရာ အချက်အခြာတိုင်းပြည်များ ဖြစ်သည့် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီ စသောတိုင်းပြည်ကြီးများ၌ ဝိညာဉ်နှင့်ဆိုင်သော အတတ်၊ လူတို့၏သာမန် အသိဉာဏ်စွမ်းဖြင့် မရနိုင်ကောင်းသည့် အခြားသောအတတ်ပညာတို့သည် တိုးတက်ထွန်းကားလျက် ရှိသည်သာမကဂုဏ်းလောကီဝိဇ္ဇာအတတ်ပညာကို တစူးစိုက်စိုက် စွဲလန်းလေ့လာလိုက်စားသူ၊ ရေလည်အောင်ရှင်းပြနိုင်သူတို့အထဲ **'ဆာ-ကောနင်းဒွိုင်း'** နှင့် **'ဆာ-အိုလီဗာလော့ဂျ်'** ကဲ့သို့ထင်ရှားသော သိပ္ပံပညာ၌ တဖက်ကမ်းခတ် တတ်မြောက်ပြီး ဆရာကြီးများအမြောက်အမြား ပါဝင်နေကြသည်" ဟု ထုတ်ဖော် ရေးသားထား၏။

# အဖွင့်

ဝိဇ္ဇာပညာရပ်များနှင့်ပတ်သက်၍“ကမ္မာယတနသိပ္ပါယတန ဝိဇ္ဇာဌာနေသု”ဟူသော ဉာဏစိဘင်း ပါဠိတော်များ၌ ဖော်ပြထားသည်။

သမ္မုဂ္ဂဇာတ်တော်၌လည်း လောကီ ဝိဇ္ဇာဓိုရ်များရှိကြောင်း သိဒ္ဓိဆယ်ပါးတိုင် ပေါက်ရောက်နိုင်သော လောကီ အစီအရင်များရှိကြောင်း ပါဠိတော် အဋ္ဌကထာ စသည်တို့၌ များစွာဟောကြားခဲ့၏။

ထို့ကြောင့် ဝိဇ္ဇာပညာ၏ အစွမ်းအားဖြင့် တဖက်ကမ်းခတ်တတ်မြောက်သော ပုဂ္ဂိုလ်များ ရှေးက မုချရှိခဲ့ကြခြင်း၊ ယခုမျက်မှောက်ခေတ်၌လည်း ဉာဏ်ပါရမီကံ ကူညီသရွေ့ လက်တွေ့အကျိုးခံစားနေကြရသူများ လက်တွေ့ရှိနေခြင်းသည် လောကီအတတ်ပညာရှင် ဝိဇ္ဇာများအတွက် ခိုင်လုံသော အထောက်အထားများဟု ဆိုရမည်။

ကျွန်ုပ်နည်းတူ ထိတွေ့ခံစား စံစားရစိမ့်သောငှာ ပုဂ္ဂိုလ်စစ်ပုဂ္ဂိုလ်မှန်နှင့် အတုအယောင်အလိမ်အညာများ ရှောင်ရှားနိုင်ရန် သန့်စင်သော မေတ္တာစေတနာဖြင့် လောကီကျမ်းကို ပြုစုတင်ပြလိုက်ရပေသည်။

ကျမ်းပြုသူ

# အခန်း ( ၁ )

## စိတ်တန်ခိုးရှင်

တန်ခိုးရှင်ဆိုတာ ဘာလဲ။

"ဣဇ္ဈတိ သတ္တာ ယတိစ္ဆိတံ ယထာစိန္တိတံ
ဧတာယာတိဣဒ္ဓိ"

ဧတာယ၊ တရားသဘောဖြင့်။ သတ္တာ၊ သတ္တဝါအပေါင်း တို့သည်။ ယတိစ္ဆိတံ၊ မိမိတို့အလိုရှိသည့်အတိုင်း။ ယထာစိန္တိတံ၊ မိမိတို့ ကြံစည်သည့်အတိုင်း။ ဣဇ္ဈန္တိ၊ ပြီးမြောက် အောင်မြင် တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ပြီးမြောက် အောင်မြင် ကြောင်းဖြစ်သော သတ္တိကြောင့်။ ဣဒ္ဓိ၊ တန်ခိုးဣဒ္ဓိ မည်၏။

တန်ခိုးကို ပါဠိဘာသာဖြင့် ဣဒ္ဓိခေါ်သည်။ မည်သည့်အရာ ခပ်သိမ်းမဆို အလိုရှိတိုင်း ကြံစည်တိုင်း ပြီးမြောက်ခြင်းကို တန်ခိုးဟုခေါ်သည်။

သိဒ္ဓိဆိုသည်မှာလည်း ပြီးမြောက်ခြင်း အဓိပ္ပာယ်ရ၍ တန်ခိုးပင် ဖြစ်သည်။

မူလ ခေတ်ရင်းနှစ်ပါးဖြစ်သော ရုပ်ခေတ်၊နာမ်ခေတ်ကိန်းရာလူတိုင်း၊ သတ္တဝါတိုင်းတွင် တန်ခိုးမျိုးစေ့များ အသီးသီးပါရှိကြသည်။ထိုတန်ခိုးကို ကြီးပွားအောင် အသုံးချတတ်ဖို့လိုသည်။ တန် ခိုး အ စွမ်း ကို မဖော်ထုတ်နိုင်လျှင် တန်ခိုးမျိုးစေ့သည် အချည်းနှီး ပြုန်းတီးသွားမည်သာ ဖြစ်သည်။

သို့ဖြစ်၍ မိမိရရှိထားသော တန်ခိုးကြီးထွားစေရန် အာသာဆန္ဒကြီးခြင်း၊ စိတ်ခေတ်ကြံ့ခိုင်၍ ဇွဲသန်ခြင်း၊ လုံ့လဝီရိယရှိခြင်း၊ အသိဉာဏ် စူးစိုက်ခြင်းရှိဖို့လိုသည်။

သည်အချက် လေးချက်ကို အဘိဓမ္မာ ဝိဘင်းပါဠိတော်ကြီး၌ 'ဣဒ္ဓိပါဒ' ဟု ခေါ်သည်။ ပဋ္ဌာန်း ပါဠိတော်ကြီး၌ **'အဓိပတိ'** ဟု ခေါ်သည်။

ဣဒ္ဓိပါဒဆိုသည်မှာ ဣဒ္ဓိတန်ခိုး+ပါဒ=အခြေဟု အနက်ရ၏။ တန်ခိုး၏ အခြေခံဟုဆိုလိုသည်။ (တန်ခိုးနှင့် ဣဒ္ဓိပါဒ်ကို တွဲ၍ တန်ခိုးဣဒ္ဓိပါဒ်ဟု အသုံးများသည်။)

အဓိပတိ ဆိုသည်မှာ အကြီးအမှူး၊ အချုပ်အခြာပိုင်ဟု အဓိပ္ပာယ်ရ၏။

တန်ခိုးကို မွေးမြူသိမ်းဆည်းတတ်လျှင် အလိုရှိရာတန်ခိုးဖြင့် အသုံးချနိုင်သည်။ ဖော်ပြပါ အချက်လေးချက်အနက် တပါးပါးကို ပြည့်စုံအောင် တစူးစိုက်စိုက် လုပ်နိုင်လျှင်ပင် **'တန်ခိုးရှင်'** ဖြစ်လာနိုင်သည်။

---

အဟိတ်။ ဒွိဟိတ်။ တိဟိတ်ဟူ၍ ပုဂ္ဂိုလ် သုံးမျိုး ရှိသည်။ အဟိတ်တန်ခိုးထက် ဒွိဟိတ်တန်ခိုးက ထက်မြက်၏။ ဒွိဟိတ်တန်ခိုးထက် တိဟိတ်တန်ခိုးက သာလွန် ထက်မြက်သည်။

လိုအင်ဆန္ဒပြင်းပြစွာဖြင့် အမြဲမပြတ် ကြိုးစားနေလျှင် ဆန္ဒဓာတ်ရင်းထက်သန်လာသည်နှင့်အမျှ အမှုပြီးပြည့်စုံကာ အောင်မြင်ခံစားနိုင်သည်။ဆက္ကနိပါတ်(အာသင်္ကာဇာတ်)ကိုကြည့်လျှင် ဆန္ဒတခုတည်းဖြင့် တန်ခိုးပြည့်စုံနိုင်ကြောင်း ထင်ရှားစွာ သိနိုင်သည်။

တစုံတခုသောအာရုံ၌ သမာဓိကြီးစွာနှင့် စူးစိုက်ထားရမည်။ အာရုံပေါ်၌စိတ်စူးစိုက်ခြင်းပြုရာတွင် မှန်ဘီလူး အလင်းရောင် မရွေ့မပြောင်း တနေရာတည်း၌ စိုက်ထားခြင်းကျရောက်နေစေခြင်းမျိုးကို ဆိုလိုသည်။

သမာဓိအား ကောင်းလာသောအခါ မည်သည့်အရာပေါ်မှာမဆို အာရုံစူးစိုက်၍ လိုရာဖန်တီးနိုင်သည်။ ယင်းသို့ ပြုလုပ်ခြင်းကို ညို့သည်ခေါ်သည်။ စိတ်စူးစိုက်ချက်ဒဏ် ပြင်းထန်သည်နှင့်အမျှ မိမိအလိုရှိတိုင်း ပြည့်စုံအောင် ဖန်တီးနိုင်သည်။

အရေးကြီးသောအချက်ကား ဝိရိယရှိဖို့ပင်။

ပျင်းရိသောစိတ်၊ အလျော့ပေးလိုသော စိတ်ကို ပယ်ရှားကာ မလျော့သော ဝိရိယဖြင့် ကြိုးစားပါလျှင် မုချအကျိုးထူး ခံစားရမည်ဖြစ်သည်။ စိတ်တန်ခိုးရှင် ဖြစ်လာလိမ့်မည်။

စိတ်သည် အချုပ်အခြာဖြစ်သည်။ ဝိရိယသည် အားပေးနှိုးဆော်သူ ဖြစ်သည်။

---

ဝပယ်ဦးစာပေ

အိန္ဒိယ လောကီဆရာကြီးတို့က ထိုတန်ခိုးများကို ယောဂ သိဒ္ဓိဟု ခေါ်သည်။

အနောက်တိုင်းသားတို့က ဝိလ်ပါဝါ (Will Power) ဟု ခေါ်သည်။

ဗုဒ္ဓမြတ်စွာ ဘုရားကလည်း အလွန်နက်နဲသော အဘိဓမ္မာ ဒေသနာတော်ကြီးမှာပင် စိတ်တန်ခိုး အစွမ်းသတ္တိကို အထူး ဟောကြားတော်မူခဲ့သည်။

စိတ္တေန နိယျတေ လောကော၊
စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊
သဗ္ဗေဝ ဝသမန္ဝဂူ။ ။

(သံယုတ္တနိကာယ် သုတ္တန်ပါဠိတော်ကြီး)

စိတ္တေန၊ စိတ်ဓာတ်သည်။ လောကော၊ ဤလောကကြီးကို။ နိယျတေ၊ ဆောင်အပ်၏။ စိတ္တေန၊ စိတ်သည်။ လောကော၊ လောကကြီးကို။ ပရိကဿတိ၊ ဆွဲငင်အပ်၏။ ဧကဓမ္မဿ၊ တရား တခုတည်းဖြစ်သော။ စိတ္တဿ၊ စိတ်၏။ ဝသံ၊ အလိုနိုင်ငံသို့။ သဗ္ဗေဝ၊ အလုံးစုံကုန်သော သတ္တဝါတို့သည်သာလျှင်။ အန္ဝဂူ၊ အစဉ်တစိုက် အမြဲလိုက်၍ နေကြကုန်၏။

ဆိုလိုသည်မှာ "လောကကြီးကို စိတ်က ဆွဲဆောင်မောင်းနှင် နေ၏။ စိတ်တခု၏အလိုသို့ အလုံးစုံ လိုက်ပါနေသည်"ဟု အနက် ရသည်။

လူတို့သည် များသောအားဖြင့် စိတ်တန်ခိုး စွမ်းအားကို မသိကြ။ အသုံးမချတတ်ကြချေ။ တန်ခိုးကြီးအောင် စိတ်ကို လည်း မပြုပြင်းမဖန်တီး၊ မကြိုးစား၊ နားလည်အောင်ပြုသူကား ရှားလှချေ၏။

စိတ်ကဖန်တီး၍ ကြီးကျယ်သော ရုပ်ဝတ္ထုပစ္စည်းများ ဖြစ်ပေါ်လာသည်ကို ဆင်ခြင်နိုင်သည်။ လောက၌ လူတို့ဖန်တီး သော ဆန်းကြယ်သည့် အရာဝတ္ထုမှန်သမျှသည် စိတ်ကစေခိုင်း ချက်ဖြင့် လက်ကလုပ်လိုက်သော အရာများဖြစ်သည်။

စိတ်တည်းဟူသော နာမ်ဓာတ်သည် စေခိုင်းသူဖြစ်၍ ရုပ် ဓာတ်သည် လိုက်ပါလုပ်ဆောင်ပေးရသူ ဖြစ်သည်။ စိတ်၏ စေ့ဆော်မှုဖြင့် စိတ္တဇရုပ်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အဘိဓမ္မာပဋ္ဌာန်းနည်းကိုသိလျှင် စိတ်၏တန်ခိုးကြီးပုံ၊ စိတ္တဇ ရုပ်တို့၏ လုပ်ကိုင်ပုံများကို ထင်ရှားစွာသိမြင်နိုင်သည်။

စိတ်လောက် ဆန်းကြယ်သော အရာသည် လောကတွင် မရှိပြီ။ စိတ်သည် ဆန်းကြယ်လွန်းသောကြောင့် ကမ္ဘာလောက ကြီးတွင် အံ့ဘနန်းအဆန်းတကြယ်တွေ ပေါ်ပေါက်နေကြခြင်း ဖြစ်သည်။

(အဘိညာဏ် တန်ခိုးများ ဆိုသည်မှာ) စိတ်ကို လေ့ကျင့် ထိန်းသိမ်းပြီး ယောဂီနည်းလမ်းများဖြင့် အသုံးပြုခြင်းကို ဆိုလို သည်။ လောကုတ္တရာလမ်းသို့ လိုက်သွားသောအခါ အရဟတ္တ မဂ်ဖိုလ်တိုင်အောင် အစွမ်းထက်၏။

---

စိတ်တန်ခိုးကြီးအောင် ဖန်တီးရန် အချက်ကြီး ငါးချက်နှင့် ပြည့်စုံဖို့လိုသည်။

၁။ သဒ္ဓါ – အမှန် ဖြစ်မြောက်အောင်မြင်ရမည်ဟု စွဲစွဲမြဲမြဲယုံကြည်ခြင်း။

၂။ မညနာ – သို့လော သို့လော တွေးတောယိမ်းယိုင်ခြင်းမရှိပဲ မုချဖြစ်ရမည်ဟု အစွဲအမှတ်ထင်ခြင်း။

၃။ အဓိဋ္ဌာန – ရည် ရွယ် ထား သည့် အ တိုင်း ပြီးစီးထမြောက် အောင်မြင်အောင် ဆုံးဖြတ် အဓိဋ္ဌာန်ခြင်း။

၄။ သစ္စာ – အမှန်ကိုသာ ပြုလုပ်ပြောဆိုခြင်း။

၅။ သမာဓိ – တည်ကြည်ခြင်း။

သည်အင်္ဂါရပ်ငါးပါးနှင့် ပြည့်စုံပါမှ စိတ်တန်ခိုးရှင် ဖြစ်လာလိမ့်မည်။

သမာဓိခေတ် ခိုင်မာသောသူအတွက် တန်ခိုးမှာ အလိုလိုရှိလာ၏။ဥဒ္ဓစ္စများ၍ လှုပ်ရှားလွန်းသောစိတ် ရှိသူတို့အဖို့ တန်ခိုးသိဒ္ဓိထူထောင်ရန် ခဲယဉ်းသည်။

ထို့ကြောင့် အာရုံအမျိုးမျိုးနှင့် တွေ့ကြုံရာတွင် စိတ်လှုပ်ရှားမှုမဖြစ်အောင် ရှေးဦးစွာ စိတ်ခေတ်ခိုင်မာဖို့ အရေးကြီးသည်။ ကျင့်ကြံအားထုတ်ရန်လိုသည်။

စိတ်တန်ခိုးကြီးမားလာလျှင် အရာရာကို ဖန်တီးနိုင်ကြောင်း တင်ပြခဲ့ပြီ။ သို့ဖြစ်၍ မိမိတို့၏စိတ်တန်ခိုးရှိလာအောင် တနည်းအားဖြင့် အလုံးစုံသော သိဒ္ဓိ ပြီးစီးအောင် ထူထောင်သင့်လှပေသည်။

# အခန်း (၂)

## ဆက္ကနိပါတ်လာဝိဇ္ဇာဓရ

ဆက္ကနိပါတ်၊ ခရပုတ္တဝဂ်၊ ဝိဇ္ဇာဓရဇာတ်ကို ဗဟုသုတ အလို့ငှာ ပဏာမတင်ပြလိုသည်။

ကာသိတိုင်း ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း အုပ်စိုးချိန်က ဖြစ်သည်။

ကာသိတိုင်းသည် ကောသလတိုင်း အလယ်ပိုင်း၏ အနောက်ဘက် ခပ်ဝိုင်းဝိုင်းနယ်ကိုခေါ်သည်။ ဤကာသိတိုင်း၌ ဗာရာဏသီ (Banaras-ယခင်) (Varanas-ယခု) မြို့ကြီးသည် ဂင်္ဂါမြစ်ကမ်းပေါ်၌ တည်ရှိ၏။ ထိုမြို့သည် နေရာလည်း အရွှေ့နည်းလျက်နာမည်လည်း အပြောင်းနည်းသည်။

ဗုဒ္ဓရှင်တော်ဘုရား ဖွားမြင်တော် မမူမီ ကာသိတိုင်းသည် လုံးဝလွတ်လပ်သော တိုင်းပြည်အဖြစ်ဖြင့် တည်ရှိခဲ့သည်။

---

စပယ်ဦးစာပေ

ဗုဒ္ဓပွင့်တော်မူပြီးနောက် ကာသိတိုင်းကို ကောသလတိုင်းနှင့် ပူးပေါင်းထားသည်။

ကာသိဟူသော အမည်သည် မြို့၏အမည်မဟုတ်ပေ။ တိုင်း၏ အမည်သာ ဖြစ်သည်။ အကျယ်အဝန်းမိုင် (၂၀၀) ရှိသည်ဟု ဇာတ်တော်များ၌ တွေ့ရသည်။

ဗာရာဏသီမြို့ အနီးရှိ ဆာရ်နတ် (Sarnath) ခေါ် ဣသိပတန (Isipatana)မြို့၊ မိဂဒါဝုန်တောရှိသည်။(ထိုနေရာ သည် ဂေါတမဗုဒ္ဓက သစ္စာတရားကို ရှာဖွေနေစဉ် မိတ်သင်္ဂဟ များဖြစ်ခဲ့သော ပဥ္စဝဂ္ဂီ ရဟန်းငါးဦးတို့အား နိဗ္ဗာန်ကိုညွှန်ပြ သည့် မဇ္ဈိမပဋိပဒါ တရားဦးဘရားမြတ်ကို ဟောတော်မူခဲ့သည့် နေရာတည်း။

မြတ်စွာဘုရားက ဓမ္မစကြာတရားဦး ဟောခဲ့သည်။ထိုအခါမှ စ၍ 'ဓမ္မဝက္ကပဝတ္တန' ခေါ် ဓမ္မစက်ဝန်းကို လည်စေ ခဲ့သည်။

ယခုတိုင် ထင်ရှားရှိနေသော ဆာရ်နတ်မြို့သည် ကျောက် ခင်းလမ်းကောင်းတခုနှင့် ဆက်သွယ်ထားသော ဗာရာဏသီမြို့နှင့် ကန်တော်မင် မီးရထားဘူတာရုံမှ ခြောက်မိုင်သာ ကွာဝေး၏။ ဥဒ်တားရ်ဟုတ် (Oudh-Tirhut) မီးရထား လမ်းပေါ်မှာ ရှိသော ဆာရ်နတ် မီးရထားဘူတာရုံသည် ရှေးဟောင်း အပျက် အစီးများမှ တမိုင်ကျော်ကျော်သာ ဝေးကွာ၏။ ဗာရာဏသီ မြို့မှနေ၍လည်း အလွယ်တကူ သွားနိုင်သည်။

ထိုမှတဆင့် ဘုရားသခင် ဖွားသန့်စင်တော်မူရာ လုမ္ဗိနီ ဥယျာဉ်၊ (Lumbini) တော်သို့လည်း သွားရောက်နိုင်သည်။ ၎င်း ဥယျာဉ်သည် ကပိလဝတ်ပြည် (Kapilavatthu) မှ တဆယ့် နှစ်မိုင်သာ ဝေးသည့် ဥဒ်တားရ်ဟုတ် မီးရထား

လမ်းပေါ်မှာရှိသော ခရီးဆယ်မိုင်ခန့်ကွာဝေးသည့် နောတန်ဝ (Nautanwa ယခင်) (Nautannaya ယခု) မီးရထား ဘူတာမှနေ၍ ဘတ်(စ်)ကားဖြင့် သွားနိုင်သည်။

ဗတ်စတီ (Basti) ဒိစတြိတ်မြောက်ဖက်၌ တည်ရှိသော နီပေါတေဟိဆိလ်(Nepalese Tehsil) နယ်မှ ဘဂဝန်ပူရ် (Bhagwanpur) အရပ်မြောက်ဖက် နှစ်မိုင်ခန့်ကွာဝေးသော ရုမ္မိန်ဒေလီ(Rummindei) နေရာမှာလည်းအထူးသတိပြုစရာ ကောင်း၏။

အာသောကမင်းတြားကြီး ရာဇာဘိသိက်မင်္ဂလာ ခံယူပြီး နောက် (၁၂)နှစ်မြောက်သောနှစ်တွင် ဤနေရာသို့ ဘုရားဖူး လှည့်လည်ရောက်ရှိခဲ့ခြင်းကို သတိရစေရန် အထိမ်းအမှတ်အဖြစ် ဖြင့် ကျောက်စာတန်းတခုနှင့် ကျောက်မှတ်ကိုင်တတိုင် စိုက်ထူ ထားခဲ့သည်။ ယခုတိုင်ရှိသည်။

"ဤနေရာဌာနတွင် ဗုဒ္ဓသခင် ဖွားမြင်တော်မူခဲ့သည်" ဟု အာသောကမင်းကြီးကဆိုညွှန်းခဲ့သည်။အခိုင်အမာဖြစ်၍သံသယ ကင်းစွာ ကြည်ညိုနိုင်သည်။

မှတ်တိုင်အေးတွင် ဘုရားဟော ကျမ်းဂန်များ၌လာတော် မူသည့်အတိုင်း ဗုဒ္ဓဖွားမြင်တော်မူပုံကိုဖော်ပြထားသောဆင်းတု တော်တဆူနှင့် ရှေးဘုရားကျောင်းတဆောင် ရှိသည်။

ဗာရာဏသီမြို့၏ အရှေ့တောင် ဗုဒ္ဓဂါယာမြို့ (Bodh-Gaya ယခု) (Buddha Gaya ယခင်) အနီး ဥရုဝေလ (Uruvele) တော၌ တဆယ့်လေးတောင် မြင့်သော ဗောဓိ မဏ္ဍိုင်ကုန်းတွင် ဗောဓိညောင်နီပင် ပေါက်၏။

---

စပယ်ဦးစာပေ

ဗုဒ္ဓအလောင်းတော် ဖွားမြင်တော်မူသောနေရာ၊ ဘုရားအဖြစ်သို့ ရောက်တော်မူသောနေရာ၊ ပွင့်တော်မူသော နေရာ၊ တရားဦး ဟောတော်မူ သော နေ ရာ၊ လေးပါးကို အထွဋ်အမြတ် စေတီကြီး လေးပါးဟု ဗုဒ္ဓဂေါတမ ဗျာဒိတ်ထားခဲ့၏။ (မနုသမရိတိကျမ်း၊ သစ်ချတောင် ဆရာတော်၏ တိုင်းကြီးသောဋ္ဌသ ကမ္ဘာ့မြေပုံကျမ်း၊ အုဂ်ဖို ဆရာတော် ဘုရားကြီး၏ အတိစိတြဂမ္ဘီရတ္ထတွင် တိုင်းကြီး၁၆တိုင်းအကျယ်ရှု)

ဗုဒ္ဓ၏ အရာတော် ဌာနများကို နောက် အခန်းများတွင် အလျဉ်းသင့်သလို ဖော်ပြသွားပါမည်။ ဝိဇ္ဇာရဇာတ်ကို ဆက်လက်တင်ပြပါမည်။

ဗြဟ္မဒတ် မင်းကြီးသည် ထီးခွဲ နန်းပြိုင် မထား၊ တပါးတည်း ဧကရာဇ်အဖြစ် ထိန်းသိမ်း အုပ်ချုပ်နေသည်။

အဂ္ဂဒေဝီ လကျ်ာရံ မဟေသီနှင့် ရွှေညီ မောင်းမ ကိုယ်ရံတော်ဟူသမျှတို့က ဝဲ-ယာ စောင့်ရှောက်နေကြသည်။

စမုတ်ဆောင်အရှေ့၊ အနောက်၊ တောင်၊ မြောက် မကျန် ခါးလုံ့ အထပ်ထပ်ရံကာလျက် လုံခြုံစွာ စံစားနေသည်။

မဟေသီ မိဖုရားခေါင်ကြီး ကိုလည်း ရံရွှေတော် တို့နှင့် တကွ သူရဲသူမက်ရဲမက်ဗိုလ်ပါတို့နှင့် လုံခြုံစွာထား၍ စံစားစေသည်။ ခန်း၀ တိုင်းတွင် တယောက်စီ နှစ်ယောက် တွဲလျက် တချို့နေရာမှာ သုံးယောက်တွဲ အိပ်ဖန် အစောင့်ချထားသည်။

ထိုအချိန်တွင် လောကီပညာဖြင့် စွမ်းအားပြည့်စုံ ဝိဇ္ဇာမိုရ် ရဟန်းတပါးသည် မိဖုရားခေါင်၏ လှဂုဏ်သတင်းကို ကြား၍ ပျော်ပါးလိုသောစိတ်ဖြစ်ပေါ်မိသည်။

တနေ့တွင် သူ၏လောကီ အတတ်ပညာစွမ်းအား တန်ခိုးဖြင့် မိဖုရား အဆောင်တော်သို့ ဝင်ရောက်လာပြီး လင်အမှတ်ဖြင့် မေထုန်သံဝါသပြုလေ၏။ အားရကျေနပ်အောင် ပြုမူ ပျော်ပါးပြီး မိုးသောက်ခါနီးကျမှ နန်းတော်ပေါ်က ထွက်ခွာသွားလေသည်။

နံနက် မိုးသောက် အလင်းရောက်သော် အဂ္ဂမဟေသီမိဖုရားကြီးသည် ညက အဖြစ်အပျက်ကို ပြန်လည် ဆင်ခြင် သုံးသပ်ကြည့်မိသည်။

"ငါ၏လင်သခင်–ဘုရင်မင်းမြတ်သည် ငါစံစားရာ မြနန်းတော် စမုတ်ဆောင်ဝင်ပြီး ပေါင်းသင်းခြင်းတော့အရှင်းမဟုတ်ပြီ၊ ဘုရင်မင်း မဟုတ်လျှင် မည်သူဖြစ်မည်နည်း"

ဘုရင်မင်းမြတ်မှ တပါး ယောကျ်ားဆို ယင်ဖိုမှ မသန်းနိုင်သော လုံခြုံသည့် မြနန်းစမုတ်ကို ဘယ်လို လူယုတ်မှ ဝင်နိုင်မည်မဟုတ်။

အမျိုးမျိုးစဉ်းစား၏။ ယင်းသို့ စဉ်းစားယင်းဖြင့် တနေ့ကုန်သွား၏။ နေဝင်မိုးချုပ်၍ စက်ရာဝင်ရသော်လည်း အတွေးများက ပျောက်ကွယ်မသွား။

"ဘယ်လို လူစားများပါလိမ့်၊ တကယ်လား၊ အိပ်မက်လား...."

ထွေပြားဝိတက်၊ အိပ်မက်နှင့် တကယ် ထိုနှစ်သွယ်ကို ခွဲမရ ဖြစ်နေရရှာသည်။

"စံနန်းတော်ပလ္လင်ထက်မှာ အိပ်မပျော်ခမ့်မစက်မီ ယခုညထိုယောကျ်ား လာချင်လည်း လာလေဦးမည်။ အိပ်မက်နှင့်

တကယ်အဟုတ် ရောထွေးပြီး မရှုပ်ရအောင် အိပ်ချင်ယောင် ဆောင်မှုပဲ....”

ထိုသို့သောအကြံဖြင့် မီးရောင်ကို မှိန်ပျပျ လင်းစေပြီး တကိုယ်ထဲ အိပ်စက်နေဟန် ပြုနေသည်။

ညဉ့်နက်သန်းခေါင်ယံ အချိန်သို့ ရောက်လာချေပြီ။

ရဟန်းတု ရဟန်းယောင်ဝိဇ္ဇာသည် ယမန်နေ့ညက တသိမ့် သိမ့်ခံစားခဲ့ရသည့် ခံစားမှုမျိုးကို အတောမသတ်ခံစားလိုသော မေထုန်စိတ်တဇောနှင့် ကိုယ်ပျောက်ဂါထာကိုမန်းပြီး ရွှေနန်းသခင်မထံ ယခင်က အကြံမျိုးဖြင့် လင်မယားအဖြစ်ပေါင်းသင်းရန် ရောက်လာပြန်၏။

ယမန်နေ့ကလိုပဲ နှစ်ကိုယ်တွဲပြီး ပျော်မြဲမေထုန်-ဇိမ်ယူနေပုံကို ရုံးရွှေတော်ကလေးများကပါ ချောင်းမြောင်းကြည့်၍ မြင်တွေ့ကြရသည်။

‘အလို-ငါတို့ရဲ့သခင် အရှင်မိဖုရားခေါင်ကြီးရဲ့ အဆောင်ထဲ အချောင် ပျော်ပွဲဝင်နွဲနေသူဟာ ငါတို့ရဲ့ အရှင်ဘုရင်မင်းမြတ်လဲ မဟုတ်ပါကလား၊ လူရိပ်လူယောင် လူဝတ်လူစားလဲမဟုတ်၊ ရဟန်းဝတ် ရဟန်းအသွင်နဲ့ နန်းပလ္လင်အမြင့်ပေါ်သို့ အချိန်မတော် သွားနိုင် လာနိုင်၊ ဝင်နိုင် ထွက်နိုင်တဲ့သူဟာ ဘယ်လို တန်ခိုးရှင်များပါလိမ့်’

မောင်းမ ရုံးရွှေတော်တို့က စဉ်းစား ဝေဖန်နေကြ၏။

‘အစောင့်အကြပ်တွေ ဒါလောက် အထပ်ထပ် ချထားလျက်က ကျူးကျော်ဝင်ရောက်နိုင်တဲ့ လူစွမ်းကောင်းပါကလား ရဟန်းဝတ်ကို ဆင်မြန်းထားပေမဲ့ ရဟန်းအစစ်တော့မဖြစ်နိုင်’

ကိုယ့်မျက်စိပင် ကိုယ်မယုံနိုင်အောင် အတွေးစုံက သူမတို့တတွေကို နှိပ်စက်လာကြသည်။

မိဖုရားကြီးသည် သတိထားပြီး အိပ်မပျော်ပဲ စောင့်ဆိုင်းနေဆဲမှာပင် နန်းပလ္လင်ဗွေစခန်းအတွင်းသို့ တန်ခိုးရှင်က ထင်ထင်လင်းလင်း ချဉ်းကပ်ဝင်ရောက်ပြီး ရှေးနည်းအတိုင်း လင်မယားအဖြစ် ပေါင်းသင်းခံရပြန်၍ မိဖုရားကြီးခမျာ မိုးယံသောက်ချိန်ထိ အိပ်စက်ဖြေမသာ ဖြစ်နေရရှာပြီ။

'စဉ်းစားလို့လဲမရ ဘယ်လိုပုဂ္ဂိုလ်ထူးများပါလိမ့်'

နံနက် ရောင်ခြည်လင်းလာလျှင် လင်းချင်း နံဘေးမှ ရံရွေတော်များကိုပင် စေ့စေ့မကြည့်ဝံ့တော့ဘဲ မိဖုရားကြီး သည် မျက်လွှာချကာ ဘုရင်မင်းမြတ်ထံသွား၍ ဖြစ်ကြောင်းကုန်စင် ဦးထိပ်တင် လက်စုံမိုးပြီး ရှိခိုးတင်လျှောက်လိုက်လေသည်။

"မှန်လှပါသခင်တင်ပါသည်ဘုရား၊ကြင်ယာတော်မိဖုရားမှာ အမျိုးမျိုးသတိထားပေမယ့် ရှောင်ရှား၍မရ၊ ညတိုင်ရောက်ပြီဆိုလျှင် အဘယ်သို့သော ပုဂ္ဂိုလ်ထူး တန်ခိုးရှင်မှန်းမသိ မိဖုရားဆောင် အခန်းထဲ ညစဉ်ပဲ ရောက်လာပါတယ်ဘုရား"

"ဘယ့်နှယ် မိဖုရားကြီးရဲ့ အစောင့်အကြပ်တွေ အပြည့်ထားလျက်က စွန့်စွန့်စားစား အရောက်ဝင်နိုင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"

"ရောက်လာတာ အမှန်မို့ မထိန်မချန် တင်လျှောက်လိုပါသေးသည်ဘုရား၊ ပုဂ္ဂိုလ်ထူးဟာ ဘုရားကြင်ဖော်ကို လင်ရာပျော်သလို ဇိမ်မေထုန်ပြုသေးကြောင်းပါဘုရား"

"အလိုလေးလေး အံ့ဖွယ်ပါကလား မိဖုံရားကြီးရယ်"

"ညစဉ်ပဲလာ၍ နှစ်ဖော်တွဲပြီး မေထုန်ပျော်ပွဲနွှဲကြောင်းကို ဖျော့နွမစကားမယုံစားလျှင် နောက်တော်ပါး ရံရွေတော်များကို စစ်မေးကြည့်နိုင်ကြောင်းပါ၊ သူတို့တတွေလဲ သိမြင်ကြကြောင်း ပါဘုရား"

"အင်း.... မိဖုရားကြီးရဲ့ စိတ္တဝိသုဒ္ဓိ စင်ကြယ်ပုံကိုတော့ လေး စားပဗျား၊ ရုပ်သဏ္ဌာန်များလဲ လျှောက်ထားစမ်းပါဦး"

"ရဟန်းဝတ် ဆင်မြန်းထားတဲ့ သင်္ကန်းဝတ် ယောကျ်ားပါ ဘုရား"

"အိမ်း.... မှောက်မှောက်မှားမှား နန်းစမုတ်မြပလ္လင်ခန်းသို့ ညစဉ်ပဲ လှမ်းကြွလာတဲ့ ရဟန်းတု ရဟန်းယောင် တဏှာ၏ ဿားကောင်ကို ညသန်းခေါင်ယံအချိန် မိဖုရားကြီးအား လင် မယားအဖြစ် ပျော်ပါးမွေ့ထုံဆဲ ဟသ်ပြဒါး ဆေးနီခွက်ကို အနားမှာထားပြီး ကျောပြင်တင်ပါး ပေါင်သားပါမကျန် သင် မိဖုရားကြီး ဉာဏ်သွားသလို...."

"သည်မျှဆိုလျှင် ဖျော့ကျွန်မ သဘောပေါက်ပါပြီ ဘုရား"

"မြဲမြဲမှတ်ထား မိဖုရား.... ဟသ်ပြဒါး ဆေးခွက်နဲ့ ဘေး နှစ်ဘက်ကို လက်ဝါးနဲ့ပွတ်ပြီး ခံစားဆဲ၊ စံစားခိုက် သတ္တိ ကောင်း လူမိုက်အား ပွတ်သပ်၍ လိမ်းကျံထားစေ"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

"မှာလိုက်သည့်စကား မှားမသွားစေနဲ့၊ လူ လည် လူ ပါး သတ္တိကောင်း လူထူးခြားကို ဉာဏ်သွားလက်နက် ပေါ်လွင်ဘို့ အတွက် သက်သေခံဆေးခွက်နဲ့ တိုင်းပြည်က ပြေးမထွက်နိုင်

အောင် စီစဉ်ထားလိုက်မယ်၊ သတိ ဝိရိယနဲ့သာ ဆောင်ရွက်ချေဗျား”

ဘုရင့် စကား နားထဲမှာ မှတ်သားပြီး မိဖုရားကြီးသည် တနေ့လုံး ပြင်ဆင်လေ့လာနေလေသည်။

လင်အရောင် ကာမသူခိုး၏ တဏှာပြတန်ခိုးကို ယနေ့ည အတွေ့ပြစဉ် မင်းကြီး မှာသည့်အတိုင်း ဆောင်ရွက်ဖို့ အသင့် ပြင်ဆင်ထားလိုက်လေသည်။

ရွှေအိမ်တော် မြပလ္လင်က ညစဉ် နေနေကျအတိုင်း ဟန်မပျက်စေပဲ ဟသ်ပြဒါး ဆေးနီခွက်ကိုသာ ဘေးနှစ်ဖက်မှာ တခွက်စီထားပြီး စောင့်စားနေဆဲ။

သန်းခေါင်ကျော် အချိန်တွင် အဆောင်တော် ပျော်မွေ့ ခန်းဝသို့ တန်ခိုးရှင် ဝိဇ္ဇာက ထုံးစံအတိုင်း ရောက်လာချေပြီ။

ကာမမီး ရာဂမီး လောင်ပြီးယင်း လောင်နေသော ဝိဇ္ဇာ ဓိုရ်သည် ဆားငန်ရေ သောက်လေသည့်ပမာ မပြေပါနိုင်ပဲ အကဲ တက်မြဲ တက်နေ၏။

သို့နှင့်အညီ တူစုံပေါင်းယှက်၊ ပွေ့ဖက်လှန်ကျူး၊ ယစ်မူး ယစ်မေ့ အတွေ့အာရုံ ဖောဋ္ဌဗ္ဗ ကာမဂုဏ်အကြောင်းစုံ၊မခနှာကြို ဇောဟုန်တို့က တခုမကျန်၊ အနုသယ ကမ္ဘာရန် တဏှာအခံ အကြောင်းတရားနှင့် အပေါင်းများပျော်ဆဲ။

သည်တပွဲမှာ တဏှာဝဲသို့ မပါရအောင် သတိဆောင်ပြီး မိဖုရားကြီး၏ လက်အစုံက ဆေးခွက်အကုန်နိုက်ကာ ဇောခိုက် နေသော ဝိဇ္ဇာမိုက်ကို ဆေးခွက်ထဲက ဆေးအစက်နှင့် ဘေး နှစ်ဖက် တင်ပါး ကျောသားပါမကျန် သုတ်လိမ်းလိုက်သည်။

---

ရမ္မက်ဇောဟုန်ပြေ၍ ပြန်နေကျ သူ့ဌာနသို့ ဘယ်ဆီကတက် ဘယ်ဆီက ထွက်မှန်း မသိအောင် ဝိဇ္ဇာသူတော်ယောင်သည် ကိုယ်ရောင်ဖျောက်၍ ပျောက်သွားလေသည်။

“ကာမေသုမိစ္ဆာ၊ သူ့အိမ်ရာ၌၊ ကိလေသာစက်၊
ကျူးမမက်နှင့်၊ သူ့ထက်ကိုယ်ဘာ၊ ဣဿာရန်နှင့်၊ ဘောဂ
ဥစ္စာ၊ စည်းစိမ်သာမှု၊ မိစ္ဆာတရား၊ မောဟပွားလျက်၊
မသွားလာအပ်၊ မစပ်ရာဘိ၊ ကျမ်းလာရှိသား၊ အဂမနိယ
မိန်းမအပြား၊ နှစ်ကျိပ်အားတွင်၊ သူ့မယားဖြစ်၊ တကျိပ်
နှစ်ယောက်၊ မိချစ်ဖခင်၊ မောင်လျှင်အစ်မ၊ ညာတိ
စသည့်၊စောင့်ကြအနိုင်၊ ကာမပိုင်သခင်၊အရှင်ကင်းလစ်၊
လင်မဲ့ရှစ်၌၊ အပြစ်မသိ၊ အလိုရှိတိုင်း၊ ပြုမိပြုရာ၊ ကိလေ
သာဖြင့်၊ မိစ္ဆာအမှု၊ ကျူးလွန်ပြုက၊ ဝဋ္ဋာဟူထ၊ ထို
မိန်းမတို့၊ သီလရှိမဲ့၊ လိုမတဲ့နှင့်၊ လိုတဲ့အလျှောက်၊ ထို
ဘယောက်တို့၊ ပြစ်ရောက်နည်းများ၊ ဆိုးဖြတ်ခြားလျက်၊
မြောက်ငြားကမ္မ၊ ပထအကျိုး၊ ငရဲအိုးတည့်၊ လိုဆိုး
ကံမိုက်၊ ဒုစရိုက်၌၊ ပျော်ပိုက်လိုက်စား၊ ကြာသမားတို့၊
ပြစ်မှားအိမ်ရာ၊ ကံမိစ္ဆာဖြင့်၊ ခန္ဓာအသက်၊ ယွင်းပျက်၍
ကိုယ်၊ အနန္တိုရ်ဝယ်၊ ဟင်းလိုကျက်ကျက်၊ ပြုတ်ကျို
ချက်လိမ့်၊ ပွက်ပွက်လျှံဝေ၊ ကြေးသံရေ၌၊ မကြေမညက်၊
ဆူကြွက်ကြွက်နှင့်၊ အောက်ထက်ပြန်ပြောင်း၊ နှစ်
ခြောက်သောင်းမှ၊ ဥကွောင်းတခါ၊ ပေါ်ပြန်
လာ၍၊ မကြာခဏ၊ ဒု-သ-န-သော၊ ကြောက်မော
ဖွယ်လိ၊ ပုဒ်အာဒိမျှ၊ မချိဟစ်ကြော်၊ လုံးစီအော်လျက်

လောဘကုမ္ဘီ၊ ကြေးနီအိုးတွင်း၊ ငုပ်လျှိုးခြင်းဖြင့်၊
နှစ်ဆင်းပြန်လတ်၊ ခစီးပတ်ဟူ၊ မမြတ်ယုတ်မာ၊ ကျူး
လွန်စွာသည်၊ မိစ္ဆာပြစ်လေး၊ သင့်ဒဏ်ဘေးနှင့်”

(မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်
တတိယပိုင်း၊ ၃-ပုဏ္ဏောဝါဒခန်း)

အရဟတ္တ၊ မဂ်ဉာဏ်မျှကို မရသေးသော သူများဖြစ်သည့်
နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့သည် အနာဂါမ်အထိ ဣဒ္ဓိ
တန်ခိုး၊စိုးမိုးအဘိညာဉ်၊ စျာန်သခင်တို့ပင် ကောင်းကင်ထက်ပျံ၊
မြေလျှောထိုးဖောက်၊ တန်ခိုးမောက်သော်လည်း တဏှာ မကုန်နိုင်
ကြသေးပါကလား။

ထို့ကြောင့် ‘တဏှာ ဇနေတိ ပုရိသံ’တဏှာ၊ ခန္ဓာမိတ်ရင်း
စိတ်အတွင်းရှိ တဏှာသည်။ ပုရိသံ၊ သတ္တဝါကို။ ဇနေတိ၊ သေ
သည်အထိ ဖြစ်စေတတ်၏ဟု ဆိုခဲ့ခြင်းဖြစ်သည်။

နံနက်မိုးလင်းသော် မိဖုရားကြီးသည် ဘုရင့်ထံ မှောက်
အခစားရောက်လာပြီး ညက အခြေအနေများကို လျှောက်ထား
လိုက်လေသည်။

“မှန်လှပါဘုရား....ဟုတ်မှန်ရာကို လျှောက်ထားရမည်
ဆိုပါလျှင် ဟင်္သာပြဒါးဆေးစက် လက်နှစ်ဖက် အပြည့်စွက်ပြီး
ပွေ့ဖက်ပျော်စဉ် ကာမသူခိုး၏ ကျောပြင် တင်ပါး အမှတ်
အသားမပျောက်အောင် အမိန့်တော်မြတ်အတိုင်း ဒိမ်ပြုလုပ်ခဲ့
ပါတယ် ဘုရား”

"ကောင်းပြီမိဖုရားကြီး၊ မှူးကြီးမတ်ရာ သေနာပတိများကို အမိန့်တော်ထုတ်ပြန်လိုက်မယ်"

ဘုရင်ကြီးက ကြိုတင် စီစဉ်ထားသည့်အတိုင်း အမိန့်တော်မြွက်ကို ထုတ်ပြန်လိုက်လေသည်။

"တိုင်းပြည်အတွင်းရှိ ယောကျ်ားမှန်သမျှကို မည်သူမဆို ပုဂ္ဂိုလ်မရွေး အဘတ်အထည် အကုန်ချွတ်စေ၊ ကိုယ်လုံးတီးဖြစ်စေရမည်၊ ထိုသူ၏ ကိုယ်ခန္ဓာ၌ ဟာသ်ပြဒါးဆေးနီများ တွေ့သည်ဖြစ်စေ၊ လက်နှစ်သစ်ခန့်ပင်ရှိစေ တွေ့လျှင် ချက်ချင်းဖမ်းချုပ်ညှဉ်း၍၊ နန်းတွင်းရွှေမှောက် ငါ့ခြေဖဝါးအောက်သို့ ရောက်အောင် ခေါ်ဆောင်လာရမည်"

မင်းကြီး၏ အမိန့်ချမှတ်ပုံက ထူးခြားလှသော်လည်း မှူးမတ်တို့မှာ စောဒကမတက်နိုင်။

"ဗျာဒိတ်တော်မြွက် အတိုင်းပါ ဘုရား"ဟု အာမဘန္ဒေခံပြီး ခိုင်းရာနေ စေရာသွား မင်းဝတ္တရားဆောင်ရွက်ဖို့ နန်းတော်တွင်းမှ ထွက်လာခဲ့ကြသည်။

အစီအစဉ်ကို ကျနစွာ ကိုင်တွယ်တတ်သော အမတ်ကြီးနှင့်စစ်သေနာပတိကြီးတို့သည် မှူးငယ် မတ်ငယ်များမှအစ သူ့ရဲ သူခက် ရဲမက်ခြေရံများပါမကျန် မင်းချင်းယောကျ်ား အဆုံးအားလုံးကို ဆိုင်ရာဆိုင်ရာ တာဝန်ပေးပြီး လုံခြုံသော အတွင်းစကားဖြင့် အစီအစဉ်များ မယွင်းမမှားရအောင် စေခိုင်းတာဝန်ချထားလိုက်သည်။

ယင်းသို့ တာဝန်အသီးသီးယူရာတွင် ပံ့ချီ၊ သူရ၊ ယော်ဓါ၊ သင်္ကြံသေန၊ ဂါမဏိစသည့် ဘွဲ့ထူး ဂုဏ်ထူး ရရှိသောသူတို့က ကွပ်ကဲကြလေ၏။

ပံ့ချီ ဆိုသည်မှာ ရန်သူဗိုလ်ထု သူ့စစ်သည် အတွင်းသို့ ကောင်းကင်ပျံလွှား၍ သားထစ်ချီသော သိန်းစွန် ငှက်အလား စွန့်စွန့်စားစား ဝင်နိုင်ပြီး စွမ်းရည်သတ္တိ ပြည့်စုံကာ အောင်ပွဲ ရသည်အထိ ဆောင်ရွက်နိုင်သူကို ပေးသောဘွဲ့ထူးဖြစ်သည်။

ကျက်သရေနှင့်တကွ ငှက်ပျံသကဲ့သို့ ထကြွလျင်မြန် ခုန်ပျံနိုင်သောသူကို **သိရိပံ့ချီ** ဟု ဘွဲ့ပေးသည်။

ရန်စစ်ကိုအကြိမ်ကြိမ်အဖန်ဖန်အောင်မြင်အောင်ပြုနိုင်သော မှူးမတ် အမှုထမ်းကောင်းသူကို **ဇေယျပံ့ချီ** ဟု ဘွဲ့ပေး၏။

ခြင်္သေ့ကဲ့သို့ မကြောက် မရွံ့၊ မလန့် မထိတ် ရဲစိတ် ရဲသွေး ရဲမာန်မွေးလျက် ရှိသော သူရဲ အမှုထမ်းကောင်း အမတ်ကို **သင်္ခါပံ့ချီ** ဟု ဘွဲ့ပေးထား၏။

ရဲရင့်သောသူကို သူရဘွဲ့ပေးပြီး၊ ခြင်္သေ့မင်းကဲ့သို့ အလွန် ရဲတင်းသောမှူးမတ်ကို **သီဟသူရ** ဟု ဘွဲ့ပေးသည်။

**ယော်ဓာ** ဆိုသည်မှာ ပါဠိဘာသာဖြစ်ပြီး၊ မြန်မာလို သူရဲဟု အဓိပ္ပာယ်ရ၏။ ယော်ဓာဘွဲ့ရသူများသည် ပုဏ္ဏကနတ်ယောကျ်ား ကဲ့သို့ မကြောက်မရွံ့ နောက်မတွန့်ပဲ အလွန်ရဲရင့်သော သူရဲ ကောင်းများ ဖြစ်သည်။

အဆိုပါ သူရဲကောင်းတို့က ကွပ်ကဲကြပ်မတ်လျက်၊ မင်းချင်း စစ်သားတို့က သူ့ဌာနနှင့် သူ့နေရာ သီးသန့်ခွဲခြား၍ လက်နက် ကိုယ်စီနှင့် သင့်တော်ရာဒေသက တပ်သားဗိုလ်ထု လူစုလျက် ဝိုင်းထားသည်။

"အိမ်တွင်း အိမ်ပြင်ရှိသော ယောကျ်ားမှန်သမျှ အားလုံး လာရောက်ကြရမည် ဘုရင့်အမိန့်တော်...."

ထိုသို့ ကြွေးကြော်ပြီး ဖမ်းဆီးကြ၏။

ပြေးမထွက်သာအောင်ဝိုင်းထား၍ယောကျ်ားမှန်သမျှအဖမ်းခံကြရ၏။

ပြီးနောက် အမိန့်အရ အဝတ် အထည်တို့ကို ချွတ်၍ ကိုယ်လုံးတီး တန်းစီလျက် ဆေးနီစက် ဟသ်ပြဒါးကို အကွင်းသားတွေ့ဖို့ရာ ရှာဖွေကြသည်။

သို့သော် ယောကျ်ားတို့၏ကိုယ်တွင် ဆေးနီစက် ဟသ်ပြဒါး အရောင်ကို ဝိုးတိုးဝါးတားပင် မမြင်ကြ။ ကျောသား ရင်သား ဘင်ပါးများပါမကျန် ရှာသော်လည်း အချည်းနှီးဖြစ်ကာ မတွေ့ရပြီ။

"မြို့တွင်းမှာ ကြိုးစား၍ ရှာကြသော်လဲ မတွေ့ရပါကလား၊ ယောကျ်ားမှန်သမျှ ရသေ့ ရဟန်းများပါမကျန် လူသူတော်နဲ့ သူတောင်းစားများ အဆုံး အားလုံးကိုပဲ ရှာဖွေ ပြီးကြပြီ၊ မင်းကြီးကို အကျိုး အကြောင်း ပြန်လျှောက် ထားအုံးမှနဲ့ တူတယ်"

"အို....ဇေယျပုံချီကြီးရဲ့၊ လက်လျှော့ပြန်ကြလို့ မင်းကြီးက မျက်မာန်ရှတာ ခံရပါအုံးမယ်၊ သူ့မိဖုရားကို အသေအချာ ခိုင်းထားပါလျက် ကျုပ်တို့ကတွေ့အောင် ရှာမပေးနိုင်ဘူးဆိုယင် ညှိုရာကျလိမ့်မယ်၊ ဒီအတိုင်းပြန်ကြလို့တော့ မဖြစ်ဘူး"

"သဟာဖြင့် ရှေ့ဆက်ရမယ့် အစီအစဉ်လေးများလဲ အမိန့်ရှိပါအုံး သက်တော်ရှည်အမတ်ကြီးရဲ့"

---

"မြို့တွင်းမှာမတွေ့ယင် မြို့ပြင်ဆက်ရှာရမှာပေါ့"

"မြို့ပြင်မှာ မတွေ့တော့ကောဗျား"

"တောတောင်ရေမြေ ဆုံးစေတော့ မလျှော့သော လုံ့လနဲ့ ရှာကြမှာပေါ့ဗျ"

"အင်း....အမတ်ကြီးရဲ့ တာဝန်ကျေပွန်မှုကတော့ လေးစား စရာပါဗျာ"

"ဩော်–သူ့ ဆန်စား ရဲမှုကိုးဗျ၊ ကဲ–ပြောနေ ကြာရော့မယ် မြို့ပြင်ခရီးဆက်ကြအုံးစို့ရဲ့"

မြို့ပြင်ဘက်သုသာန် ကွင်းပြင်တွင် ဝိဇ္ဇာဓိုရ် ယောဂီကြီးသည် လောကီချာန်ပြောင် ရဟန်းယောင်ဖြင့် တရားကျင့်ဟန် ဆောင် နေသည်။

နေ့အခါ၌ မြင်ရသူတို့က သူ့အပေါ် ကြည်ညို လေးစား အရေးထားကြစေရန် ခြေတဘက်ကမြေထောက်ပြီး ကျန်တဘက် ကိုမြှောက်ထားကာ လက်နှစ်ဘက်က လက်အုပ်ချီလျက် နေမင်း ကို ရှိခိုးနေဟန် ပြုနေသည်။

ညအခါတွင်မေထုန်လိုက်စား ကာမဂုဏ်ငါးပါးအာရုံများကို တန်ခိုးအရှိန်နှင့် အမျိုးမျိုးဇိမ်လုပ်သုံးဆောင်နေသည်။ တညလုံး ကာမရေယာဉ်ကြော နှစ်မြောနေပြီးနောက် နံနက်မိုးသောက် အလင်းရောက်သောအခါ ဝိဇ္ဇာရဟန်း ချာန်စခန်းနှင့် ကောင်း ကင်မှ ပျံသန်းပြီး သည်နေရာသို့ရောက်လာသည်။

ပြီးနောက် ကြည်စရာရုပ်အသွင်နှင့် ပြည်သူတို့ အဟုတ်ကြီး ထင်စေဖို့ အကျင့်ကောင်း အကျင့်ထူး အလေ့မြတ်အလေ့ကောင်း

ဖြင့် မွေ့လျော်နေကြောင်း ပြနေပုံမှာ မြေတွင် ခြေပင်စုံမထောက် တဘက်မှာမြှောက်၍ လက်စုံရောက် နေမင်းကို ရှိခိုးလျက်နေသည်ကို အားလုံး မြင်တွေ့ကြရသည်။

"ရဟန်းဝတ်ဆင်မြန်းပြီး သင်္ကန်းဝတ်ထားတဲ့ သူတော်စင်မို့ ဖမ်းဆီးစစ်ဆေးဖို့ သင့်ပါ့မလား ဗိုလ်မှူးရဲ့"

အမတ်ကြီးက စဉ်းစဉ်းစားစားမေးလိုက်သည်။

"မစွေ့မစောင်း၊ မှန်လမ်းကြောင်းဖြင့်၊ ထိန်းကျောင်းသတိ၊ စောင့်သိပညာ မလစ်ရာဘူး၊ မင်းမှာကပ်နေ၊ လူမွေ့ယောကျ်ား၊ မင်းစေများတို့၊ လျှပ်ဝါးသမူ၊ ပေါက်လွှတ်ပြုက၊ ပြည်သူ့မီးပွား၊ ဟူတုံငြားဓါတ်တွဲဗျ၊ မင်းတရား အမိန့်တော်အတိုင်း မလုပ်ယင် ပေါက်လွှတ်ပဲစား ပြုရာကျမယ်၊ ဖမ်းဆီးပြီး စစ်ဆေးရမှာပဲ အမတ်ကြီးရဲ့"

"ဟုတ်ပ....ဟုတ်ပ၊ မင်းတို့ဟူသည် မူဝံတည်သို့၊ ခိုင်ကျည်မြဲမြံ၊ ရှိကြောင်းမှန်၏-လို့ ဆိုစကားရှိတယ်၊ ထွက်ပြီးဆင်စွယ်ဝင်တယ်မရှိလို့ မင်းကြီးမှာတဲ့အတိုင်း ပြုကျင့်ရမယ်"

"ဒါမှ မင်းမှာသစ္စာ လူမှာကတိဆိုတဲ့ ဆိုရိုးစကားနဲ့ ညီပေမယ်၊ ကျုပ်တို့ကလဲ တာဝန်ကျေအောင် ဆောင်ရွက်ကြရမယ်၊ ကဲ....ပြောနေကြတယ်....အရပ်မျက်နှာလေးဘက် ပြေးမထွက်နိုင်အောင် လက်နက်အစုံအလင်နဲ့ အကုန်ဝင်ဖမ်းကြစို့"

ပြောပြောဆိုဆို ဆေးနီခွက်ရှာသမားသည် ညာသံများပေးပြီး ဝိုင်းဖမ်းလိုက်ကြသည်။

---

စပယ်ဦးစာပေ

'အလို ဒီလူတွေ ငါ့ကို ဖူးမျှော် ကန်တော့ဖို့ လာကြပုံတော့ ဟုတ်ဟန်မတူ၊ လက်နက်တွေကလဲ အစုံအလင်နဲ့ လူအုပ်ကလဲ များ၊ လေးဖက်လေးတန် ဝိုင်းဆီး ကာရံထားလိုက်သေးတယ်၊ ငါ့ကို လက်ရဖမ်းကြမည့် လက္ခဏာပဲ၊ ငါပြုခဲ့တဲ့ ကာမမှုကို ကေန် သိသွားကြပြီနဲ့တူတယ်၊ ဟယ် ဖြစ်ချေဘူး၊ သူတို့အဖမ်း တော့မခံနိုင်၊ တန်ခိုးစျာန်နဲ့ မိုးပျံနိုင်တဲ့ လောကသိဒ္ဓိ ငါ့မှာ အရှိသားပဲ၊ တနေရာမကောင်း တနေရာပြောင်းလိုက်မယ်'

ရဟန်းတုဝိဇ္ဇာသည် တပ်သားများ ကြားမလပ် အနားသို့ ကပ်လာစဉ် သတ္တိစွမ်းဂါထာကို ရွတ်လျက် အလွတ် ထွက်ပြေး နိုင်ရန် ကောင်းကင်ခရီး စျာန်ယာဉ်စီး၍ထွက်ပြေးလွတ်မြောက် သွားလေသည်။

"အလို တန်ခိုးရှင်က အဖမ်းမခံ ဝေဟင်ခရီးက စျာန်ပျံပြီး ထွက်ပြေးလေပြီ ဟရို့"

ဖမ်းမည့်သူများက ဖမ်းမိဖို့ အမျိုးမျိုး ကြိုးစားကြသေး၏။ သို့သော် မမိတော့ပေ။

လောကီ အတတ်ပညာကို ရထားသော အန္ဓိ ဝိဇ္ဇာသည် ရဟန်းအသွင် ဖန်ဆင်း၍ ကာမမီးတဏှာနှင့် ရာဂကြီးကာ ပါပ မှုပုံ သတိချုပ်သင့်ကုန်၏။ ညကုန်နေ့ရောက် ဘယ်ခြေမြောက် လျက်။ ညာထောက်ခြေဖဝါး။ မြေမှာထားပြီး၊နေအားဖူးမျှော် လျက်ရှိသည်ကို မြင်ရသူတို့က 'ရှင်သူတော်' ဟု ထင်မှတ်နေ ကြသည်။

---

စပယ်နီးစာပေ

အများပြည်သူတို့ အကြိုက် ကျင့်စရိုက်နှင့် လူမိုက် ကိုးကွယ် ရှိခိုးလှယ်အောင် ဗုဒ္ဓ၏သားတော်များ ဆင်မြန်းသည့် သင်္ကန်းကိုဝတ်ရုံပြီး လူစုံဗာလ၊ ဥမ္မတ္တကတို့ ယုံကြည်ဖို့နည်း၊ သူဖန်တီးထားလေ၏။

သင်္ကန်းခြုံထားတိုင်း ရဟန်းဟုမှတ်ထင်ဖို့ ခက်လှ၏။

လောကီဝိဇ္ဇာ အတတ်ပညာတို့သည် တဏှာကဖြစ်၍ ပညာ ညစ်ဟုဆိုအပ်၏။ တဏှာပညာ တတ်မြောက်လာသည်နှင့် မိမိကို ဆည်းကပ်ဖို့၊ မိမိဆိုတိုင်းပြီးဖို့၊ မိမိခံစားဖို့ ကြိုးစားကြလာတတ်သည်။

သူတို့ကိုယ်တိုင်က ရဟန်းပျက်ဖြစ်လာ၍ နိဗ္ဗာန်ကို မမြော်မှန်းပဲ တိရစ္ဆာန်ဘုမ္မ မေထုန်ကို မက်မောပိုလာသည်။ ယခုလူ့ဘဝကနေ၍ သည့်ထက်သာယာလှသောနတ်ပြည်၊ ထို့ထက် ဗြဟ္မာ့ပြည်သို့ ရောက်စေရမည်ဟု ပါဠိသံဖြင့် ဘုံစံခစား ကျင့်တရားသစ်များကို ဟောကြားတတ်ကြသည်။

အများစိတ်ကြိုက် အာရုံလိုက်ဖို့ သူတို့မှာ မခက်၊ လူမိုက်ပေါလှသော ဤလောကတွင် ဓမ္မအမှန်၊ မဂ်ဖိုလ်ဉာဏ်ကို၊ ရရန်အားထုတ်၊ ဒါနထုပ်ကား၊ ဟုတ်ဟုတ်ငြားငြား ရှိသူရှားလှ၏။

တရားစင်စစ်၊ ဓမ္မနှစ်၏၊ ဖြစ်တည်လေရာ၊ အရိယာကို ဉာဏ်လှ္မာမမြင်၊ လူကိုမြင်လျက်၊ ဝတ်ဆင်သင်္ကန်း၊ တင်ခြုံလှမ်းက၊ ရဟန္တာပဲ၊ မှတ်ယူစွဲထားတတ်ကြသည်။

ဒါကြောင့်လည်း လူလိမ်လူညာနှင့် လောကီပညာတတ်ထားသူတို့၏ ကိုယ်ကျိုးအတွက် မိမိတို့ဥစ္စာ၊ မိမိတို့ခန္ဓာကိုပေးဆက်နေကြရသည်က များလှပြီမဟုတ်လော။

ယခုလည်း သုသာန်ကွင်းပြင်မှာ ခြေတဘက်မြှောက်၊ တဘက်ခြေ မြေမှာထောက်ပြီး နေမင်းကြီးကို အရိုအသေလုပ်၊ လက်အုပ်ချီမိုး၊ ရှိခိုးပူဇော်ဟန်နှင့် အကြည်ညိုခံအောင် လုပ်နေသော ရဟန်းတုဝိဇ္ဇာသည် သူများသားမယားကို ပြစ်မှားကျူးလွန်လျက် မင်းပြစ်မင်းဒဏ်သင့်သောအခါ ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့လေသည်။

သာမန်သူတို့ထက် ပညာကို အသုံးမချတတ်သူမှာ ပို၍ ကြောက်စရာကောင်းလှချေသည်။

'ဟင်္သာပြဒါးဆေးနိုက္ခက်ရှိသူ အကုန်ဖမ်းစေ' ဟူသော ဘုရင်ကြီး၏ အမိန့်ကြောင့် မှူးကြီးမတ်ရာသေနာပတိ၊ ဗိုလ်မှူး၊ စစ်ကဲတို့ပါမကျန် အစစ်ဆေးခံပြီးနောက် တိုင်းသူပြည်သားတို့ အား လိုက်လံရှာဖွေ စစ်ဆေးကြည့်ရှုရာ မကြုံစဘူး ထူးကဲသော အဖြစ်ကြောင့် ကြောက်လန့်၍ ပြေးကြ ရှောင်ကြ ပုန်းကွယ်ကြနှင့် တတိုင်းပြည်လုံးအုတ်အုတ်ကျက်ကျက် လှိုင်းဂယက်ပွက်သလို ဖြစ်သွားသည်။

မင်း၏အမိန့် မိုးကြိုးလို့မ့်သလို တ သိမ့် သိမ့် နာ ခံသော မင်းချင်းယောကျ်ား လက်ပါးစေတပ်သားများက ပြည်တွင်းမှာ ရှာဖွေသော်လည်းမတွေ့ရ၊ ပြည်ပသုသာန်၌ ပုဂ္ဂိုလ်ထူးတပါး တွေ့၍ စစ်ဆေးရန် ဝိုင်းဖမ်းကြသော်လည်း ထိုပုဂ္ဂိုလ်က အဖမ်း မခံ မိုးယံပျံတက် ကိုယ်လွတ်ရုန်းလျက် ထွက်ပြေးလွတ်မြောက် သွားလေသည်။

ကြုံတွေ့ရသမျှ အကျိုးအကြောင်းကို ဘုရင်အား တင် လျှောက်ကြလေသည်။

---

စပယ်ဦးစာပေ

"ကဲ ဒါလောက်တောင် အစွမ်းကောင်းမှ မထူးတော့ပါဘူးဟယ်၊ အမိန့်တော်မြွက်မှတ်လိုက်မယ်၊ မကြုံစဘူး ထူးထူးဆန်းဆန်း သက်နံ့းဝတ်ရဟန်းက အဖမ်းမခံပဲ ကောင်းကင်ပျံတက်သွား လောကီချောန်တဏှာနဲ့ ဝင့်ကြွားနေကြတဲ့ ရဟန်းများကို ငါ့တိုင်းပြည်နဲ့ ယူဇနာသုံးဆယ်ကွာဝေးတဲ့ အရပ်မှာနေကြစေ၊ ယခုအမြန် တိုင်းပြည်က ထွက်စေ တချက်လွှတ်အမိန့်တော်"

ဘုရင်က ဒေါသအလျောက် ဘာကိုမျှ မဆင်ခြင်နိုင်တော့ပဲ ရဟန်းစစ် သံဃာစစ် အရိယာသခင် ကျေးဇူးရှင်ကြီးများကိုပါ နှင်ထုတ်ရန် အမိန့်ချလိုက်သည်။

ငါးခုံးမ တကောင်ကြောင့် တလှေလုံး ပုပ်ရ ဆိုသလို ရဟန်းတုတယောက်ကြောင့် အခြားရဟန်းစစ် များပါ အပုပ်စာရင်းထဲ ရောသွင်း ခံရသည်။

"ကောင်းကင် ပျံတက် သွားနိုင်သော တန်ခိုးချောန်လဲ ရှိတယ်၊ သက်နိုးနဲ့ ရှင်ရဟန်းလဲ လုပ်တယ်။ ညအခါ မိန်းမနဲ့လဲ ပေါင်းသင်း အကြောင်းရင်း မျိုးစုံကြားရ နားဝ ရှက်လှတယ် မင်းကြီးများ"

"မှန်လှပါ ဘုရား"

"ငါဘုရင်ဗင်းမြွတ်က တိုင်းပြည်မှာ အကျင့် သိက္ခာ ရှိတဲ့ ရဟန်းတွေပဲလို့ ကိုးကွယ်ဆည်းကပ်ခဲ့တယ်။ ငါနဲ့တကွ တိုင်းသားပြည်သူတို့ ကြည်ဖြူစွာ ဆည်းကပ်ကြ၊ ပေးလှူကြ၊ ရှိသေကြ၊ သီလခံယူဆောက်တည်ကြ၊ ကျောင်းကန်ဇရပ်များနဲ့ တင့်တယ်

ဖွယ်ရာဖြစ်အောင် တို့က လှူဒါန်းဆက်ကပ်ခဲ့တယ်။ ဩော်...သူတော်ကောင်းတို့ရဲ့ အကျင့်အကြံကို စိတ်ချမ်းသာကိုယ်ချမ်းသာ စွာနဲ့ လေ့လာပွားများနိုင်ဖို့ မတောင့်မတ မကြောင့်မကြရတဲ့ ဆွမ်းဘောဇဉ် အစာအာဟာရတွေနဲ့ ပြည့်စုံလုံလောက်အောင် ဆက်ကပ်ထားပါလျက်ကနဲ့ အခုလို နေ့မှာရဟန်း၊ ညချမ်းမှာလူ၊ တိုင်းဇမ္ဗူမှာ မသူတော် ရဟန်းယုတ်တွေကို ကိုးကွယ်နေလျှင် တနေ့ထက်တနေ့ ဆိုးဝါးပြီး အမျိုးသားစီးပွားပျက်ပြားဖို့သာ ရှိတယ်"

"မှန်ကန်ကြောင်းပါ ဘုရား"

"အိမ်း-ဒီတော့ ငါ၏တိုင်းပြည်နဲ့ ယူဇနာသုံးဆယ် ကွာဝေးတဲ့ ရွာကလေးများ၊ တောအရပ်များဆီသို့ ယခု အမြန်ပို့စေ အမိန့်တော်မြတ် မှတ်လိုက်တယ်၊ သက်န်းဝတ် ရဟန်းအားလုံး တိုင်းပြည်တွင်းမှာတွေ့ရှိပါက ကြိုးကြိမ်နဲ့တုပ်ပြီးရိုက်နှက်၍ ဒဏ်ခတ်စေ"

သာသနာဆုတ် ရဟန်းယုတ်ကြောင့် တိုင်းပြည် အုပ်ချုပ်နေသောဘုရင်မှာ မရွှင်မလန်းဖြစ်ခဲ့သည်။

သည်သို့အားဖြင့် ကျင့်စဉ်သီလ မရှိကြ၍ ပြည်မပြည်နယ် ပြည်ရွာငယ်တို့တွင် ကိုးကွယ်အားထားစရာ ထေရ်ဘဝပါးများရှာ မရဖြစ်လာခဲ့သည်။

ဒါန၊ သီလ၊ ပုညကုသိုလ် ကောင်းမှုဆို မှန်သမျှ မပြုကြရ တော့ပေ။

လက်ရှိလူ့ဘုံမှ ပို၍မြင့်မားသောအဆင့်သို့ ရောက်ရှိ ခံစားနိုင်သော ဘုံဗိမာန်သို့တက်ရန် လှေကားဖြစ်သော တရားတော်မြတ်မှာလည်း ပါးရှားတိမ်မြုပ် ပျောက်ကွယ်စ ပြုလာသည်။

တဦးနှင့်တဦး တရားကင်းမဲ့လာကာ ဆင်ခြင်တုံ တရား ဆိတ်သုဉ်းလာပြီး မေတ္တာ၊ကရုဏာ၊ မုဒိတာများလည်း ကွယ်ပ လာသည်။အချင်းချင်း နှိပ်စက်ကလူ ပြုလာသည်။သည်းခံတရား ဆိုတာမရှိ။

ယင်းသို့တရားမဲ့လာသည်နှင့်အမျှ လိမ်လည် လှည့်ဖြားသော စကားများ၊ကောက်ကျစ်စဉ်းလဲသောအမှုကိစ္စများ၊မကောင်းမှု ဒုစရိုက် လုပ်ငန်းများသာ တွင်ကျယ်လာသည်။

ကံငါးပါး လုံခြုံမှုကင်းမဲ့လာကြ၍ အပါယ်လေးဘုံသို့ ရှေးရှု နေသောအခြေအနေသို့ ကျရောက်လာသည်။

"မကောင်းဘိက္ခု ရဟန်းစုနှင့် တွဲမှုမိတ်ပေါင်း ရဟန်း ကောင်းလဲ အပေါင်းကြောင့်ပျက်၊ ပြည်မှထွက်ရ" ဆိုသလို ရဟန်းသံဃာများ ဆိတ်သုဉ်းလာ၍ သာသနာတော်မြတ်ကြီး ကင်းပတော့မလို ဖြစ်လာသည်။

ကာသိတိုင်းတွင် ရဟန်းဟူသမျှ မြူကမျှမကျန် ဒါနပြုသူ၊ သီလစောင့်သည်သူမှာလည်း မရှိ၊ ဒုစရိုက်ပြုသူသာ ပေါများ လာသည်ဖြစ်၍ ကြာသော်....သူ့မယား၊ ငါ့လင်-ပိုင်ရှင် မရှိ၊ ပကတိသည်းမိမ်၊ နေအိမ်တိုက်တာ ပျောက်ခါကင်းပ ဒုက္ခ ပေါင်းခြုံ၊ ဘေးမျိုးစုံ ကပ်ကြီး ဆိုက်ရောက်လာသည်။

သူခိုးသူဝှက်များလည်း ထူပြောလာ၍ ပြည်ရွာ ကျေးလက်၊ ဆူပွက်အောင်သံ၊ ဆန့်ရေစပါး ခေါင်းပါး ငတ်မွတ်လာသည်။

ဒုဗ္ဘိက္ခန္တရကပ်ဆိုက်လာသည်နှင့် သတ္တန္တရကပ်နှင့် ရောဂန္တရ ကပ်ကြီးများလည်း အတူ တွဲဘက် ဆိုက်ရောက် လာကြသည်။

အငတ်ဘေးဝဋ်၊ သတ်ဖြတ်ဘေးဝဋ်၊ အနာဘေးဝဋ်နှင့် ယှဉ်း၍ချွတ်ပျက်ပြား၊ ကပ်သုံးပါးကြောင့် တနိုင်ငံလုံး ကြိမ်မီး အုံးသကဲ့သို့ ဆူပူဟစ်ကြွေးနေပြီ။

ဘေးများတောင်ပုံ၊ လူတိုင်း ကြုံကြရ၍ နန်းဘုံမြင့်ဟီး၊ ဘုရင်ထီးလဲ၊ အူသည်းခိုက်မျ၊ စိတ်သောကသည် နေ့မျှမအေး ပူလောင်ဆွေးနေရချေပြီ။

"ဆင်းရဲသားတွေအော်....ဘုရင်မင်း အိပ်မပျော်" ဆိုသလို ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်း ပျက်လာသော ကာသိတိုင်း ပြည်ကြီး၏ လောင်မီးသဘွယ် ဟုန်းဟုန်း တောက်နေမှုသည် သိကြားမင်း၏ စံတော်ကမ္ဗလာ မြကျောက်ဖျာအထိ အပူမီး ဆက်လာ၏။

မည်သို့ဆက်သနည်းဆိုသော် ကာမ ၁၁-ဘုံဇယားကွက်ကို ရှုကြည့်လျှင် အပါယ် ၄ ပါး၊ လူ့ဘုံ ၁ ဘုံ၊ နတ်ပြည် ၆ ဘုံ၊ အားလုံးပေါင်း ကာမ (၁၁)ဘုံကို တွေ့ရမည်။ ယင်းတို့ကား တဆက်တည်းဖြစ်၍ အဝီစိငရဲမီးတောက်က လူ့ပြည် ကာသိ တိုင်းထိ ရောက်၏။ ကာသိတိုင်း မီးတောက်က ဟိုအထက် တာဝတိံသာနတ်ပြည်သို့တိုင် ရောက်၏။

ထိုသို့ စတုမဟာရာဇ်နတ်ဘုံနှင့် တာဝတိံသာနတ်ဘုံ ၂ဘုံ စံခင်း၊ နတ်ဘုရင်သိကြားမင်းက "ပဏ္ဍုကမ္ဗလာ"ခေါ် စိတ် နှလုံး၌ ချမ်းမြေ့ကြည်လင်သော အဆင်းနှင့်အတွေ့ ပြည့်စုံသည့် သိကြားမင်းတဦးတည်းသာ နေထိုင်ရာ မြရောင်အဆင်း ပဏ္ဍု တင်းလာရသည်။

---

စပယ်ဦးစာပေ

သိကြားမင်းနေထိုင်ရာ ကတ္တိပါတင်းလွန်း မာလွန်း၍(ဝါ) အလွန်နူးညံ့သောအခင်းက ပူပြင်းကြမ်းတမ်း၍ မထိုင်နိုင်၊ မနေနိုင်၊ မအိပ်နိုင်ဖြစ်လာရသည့်အတွက် တာဝတိံသာ နတ်ပြည်ရှိ နတ်သား နတ်သမီးများကို အသစ်နှင့်အဟောင်း၊ အပြောင်းအလဲ ဘယ်ရွေ့ ဘယ်မျှရှိကြောင်း သိရအောင်၊ အခြေအရံ နတ်တမန်တော်များနှင့် လှည့်လည်ပြီး နတ်စာရင်းကောက်ကာ စစ်ဆေးကြည့်လေသည်။

တာဝတိံသာနတ်သက်မှာ နှစ်ပေါင်းတထောင်၊လူ့ပြည်က အမှတ်မျိုးဖြင့် တွက်စစ်ကြည့်လျှင် နှစ်ပေါင်း သုံးကုဋေ ခြောက်သန်း နတ်သက်ရှိ၏။

လူ့ပြည်က နတ်ပြည်သို့ ဘယ်နှစ်ယောက် ရောက်လာသည်။ ငြဟ္မာ့ပြည်ကကျလာပြီး နတ်ပြည်သို့ ဘယ်မျှရောက်ပုံ နတ်ဝင် နတ်ထွက် ဥပပါတ်နှင့် စုတိဇာတ်ကို တွက်စစ်ကြည့်လေသည်။

သို့သော် နတ်စာရင်းအပြောင်းအလဲမရှိ၊နတ်သား–နတ်သမီး အသစ်များကို အရှင်း မတွေ့ရ၊ လူ့ပြည်သို့ ဒိဗ္ဗစက္ခု နတ်မျက်စိဖြင့် ကြည့်လိုက်တော့မှ ကာသိတိုင်းမှာ တကျာ့မိ လှိုင်းဂယက်ကြောင့် ဒါနလဲမဆက်၊ သီလလဲပျက်၊ သေကြသူအများ အပါယ်လေးပါးသို့ ဖြောင့်ဖြောင့်ကြီး သွားနေကြပါ ပကောလား....

ကာသိတိုင်းတွင် တကျာ့ မှောင်ဖမ်း ကြောင်တောင်ကန်းခဲ့သော ရဟန်းတု ရဟန်းယောင်အတွက် တတိုင်းတပြည်လုံး ပွက်ပွက်ဆူညံကာ ဒါနပြုသူ၊အလှူခံသူ၊သီလစောင့်သူ၊ သတိပေးဆုံးမသူ၊လူကြီးလူကောင်း၊ ရဟန်းကောင်းပုဇော်ခံ၊သူတော်စစ်၊

သူတော်မှန်၊ သူတော်ကောင်းများ တယောက်မှ မရှိတော့ ပါကလား....

အထက်သို့ တက်လမ်းမရောက်၊ အောက်သို့သာ စုန်လမ်း လျှောက်နေကြသဖြင့် ငါ၏စံရာ ဝတိံသာမှာ နတ်ဝင်နတ်ထွက် စာရင်းစစ်သော်လည်း နတ်သစ်ကိုကားမတွေ့၊ နတ်သား နတ်သမီး အဟောင်းအဆွေးတို့ကိုသာ မြင်တွေ့နေရသည်။

ကာသိတိုင်း အတွက်မှာမူ တဏှာတအိအိ လှိုင်းဂယက်ဖြင့် လောဘ၊ ဒေါသ၊ မောဟ မပြီးမဆုံးနိုင်ပဲ တတိုင်းလုံး တပြည် လုံး၏ အပူမီးဟုန်းဟုန်းက ငါ၏စံတော် ကမ္ဘလာမြကျောက်ဖျာ အထိပင် ကူးစက်လာပါကလား။

မဖြစ်ချေဘူး။ကာသိတိုင်းအုပ် ဘုရင်လုပ်သူကို ဆုံးမရပေဦး တော့မည်ဟု ဆုံးဖြတ်ပြီး သိကြားမင်းသည် နန္ဒမူလိုဏ်ဂူနေရာ သီတင်းသုံးနေသော ပစ္စေကဗုဒ္ဓါ ဘုရားအိုကြီးကိုပင့်၍ ကာသိ တိုင်း၏ လောကဓံ တရားအနက်ကို ထင်လင်းစေရန် လူတို့၏ ဥသျှောင်သရဖူ ဘုရင်တဆူကို သတိပေးယင်း အတုယူစေရန် လူ့ပြည်သို့ ဆင်းသော်လည်း မြေပြင်သို့မရောက်၊ အာကာသ ကောင်းကင် ကာသိတိုင်းသူပြည်သားများ မြင်အောင် ပစ္စေက ဗုဒ္ဓါ အရှင်အိုကြီးကို ရှေ့ကထား မိမိက နောက်တော်ပါးမှ ရှိခိုးလျက် ဘုရင်၏ နန်းတော် တည့်တည့်တွင် ရပ်တန့်လိုက် ကြ၏။

တိုင်းသူ ပြည်သားတို့ အုတ်အုတ်ကျက်ကျက် စီစီညံညံဖြင့် တခါကမျှ မမြင်စဘူး ထူးကဲစွာမြင်ရသော မြင်ကွင်းကြောင့် အံ့သြမဆုံးနိုင်အောင် ဖြစ်နေကြ၏။

စပယ်ဦးစာပေ

"အလို–ငါ့တိုင်းသူပြည်သားတွေဘာအတွက်များ ဟင်အောင် ကြွေးကြော် နေကြပြန်သတုန်း၊ ထိတ် လန့် စရာ များ ဖြစ်ကြ ပြန်ပြီလားဟဲ့"

"မှန်လှပါ၊ ထိတ်လန့်စရာတော့ မဟုတ်ပါဘုရား၊ အံ့ဩ ဖွယ်ရာ အမြင်ထူးကြောင့် ရှူးရှူးနှမ်းနှမ်း အောင်ဟစ်မြည်တမ်း နေကြခြင်း ဖြစ်ကြောင်းပါဘုရား"

"ဘာတွေများ အံ့ဖွယ်ဖြစ်နေပြန်သတုန်း"

"ဗြုန်းကနဲ ကောင်း ကင် ထက် သို့ တက်ကြွရောက်လာ၊ ဘယ်လိုဟာမှန်းမသိပါဘုရား၊ ရှုစားတော်မူပါ"

ဘုရင်ကြီးလည်း မှူးမတ်များနှင့် လေသာပြတင်းဆောင်မှ နေ၍ မိုးကောင်းကင်သို့ မော်ကြည့်လိုက်ကြသည်။

ဘုရင်နှင့်မှူးမတ်များ တအံ့တဩ ငေးမောကြည့်နေကြစဉ် ပစ္စေကဘုရားနှင့်အတူ နောက်တော်ပါ သိကြားမင်းက အများ သိစေရန် အကြောင်းစုံရှင်း ဇာတ်စုံခင်းလိုက်လေသည်။

"အို....မင်းကြီး၊ ငါသည် အထက် တာဝတိံသာ နတ် အပေါင်းတို့က ခညောင်းဝပ်စဉ်း ရှိခိုးခြင်းခံရသော သိကြားမင်း ဖြစ်သည်။ ငါ၏ ရှေ့က မတ် တတ် ရပ် လျက် ခြေဖဝါးစုံ မြေမကျပဲ ရပ်တန့်တည်နေတော်မူသည်မှာ ငါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ပစ္စေကမုနိ တသီးတခြား၊ တရားကျင့်သုံး၊ သစ္စာဉာဏ် လေးဆင့်လုံးကို ဗြုန်းကနဲသိထင် ဘုရားရှင် ရဟန်း ဖြစ်ပေသည်"

---

စပယ်ဦးစာပေ

သိကြားမင်း ရှင်းပြ၍ ဘုရင်ကော၊ မှူးမတ်ပြည်သူတို့ပါ ရှိမခိုးပဲမနေနိုင် ဖြစ်လာကြသည်။

"ငါ့ထက်မွန်မြတ်ပြီး လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခကို ပေးစွမ်းနိုင်သော ဘုန်းတန်ခိုးရှင် ဖြစ်သည့်အတွက် ငါ၏ထိပ်ပြင် လက်အုပ်ချီဦးတင်လျက်ဖူးမြင်ကာ နောက်တော်က လိုက်ရသည်၊ အပြင်က ရုပ်အဆင်းလှပေမယ့် အတွင်းက စိတ်မလှ၊ တဏှာကပုန်းအောင်း၊ နတ်သမီးအပေါင်း ထောင်သောင်း မက နတ်သုခ ကာမဂုဏ် အာရုံ အလွန်များတဲ့ ငါသိကြားမင်းဟာ ကိလေသာပယ်ရှား ရဟန်းရှင်ဘုရားကို ဘယ်လိုပင် အပြင်ရုပ်သဏ္ဌာန်မှာ အိုကုန်းကွသော်လဲ၊ မလိုမုန်းလှတဲ့ စိတ်တဏှာနဲ့ အဝိဇ္ဇာ အမှောင်ခွင်းပြီးသော ဝိဇ္ဇာရောင်အလင်း၊ ရင်တွင်းက လင်းလျက် ဖြစ်သော အဆင်း ရှိသည့်အတွက် ဘုရားကားရှေ့ သိကြားကား နောက်ကလိုက်ရတယ် မင်းကြီး"

ရှင်ဘုရင်နှင့် အမတ်ပညာရှိတို့သည် သိကြားမင်း၏အသွင်ကို စိတ်ဝင်စားလှသည်နှင့် မေးချင်သောဆန္ဒ ရင်ဝမှာ လှိုင်းထလာသည်။

"အို....သိကြားမင်း၊ အသင် သိကြားမင်း ဖြစ်လာရတာ အဘယ်သို့သော ကုသိုလ်မျိုးစေ့ကို လူ့ပြည်မှာ စိုက်ပျိုးခဲ့ပါသလဲ"

ရှင်ဘုရင်က သူ့ထက် ဘုန်းတန်ခိုး တေဇော်ကြီး ပြီး၊ အရောင်အဝါ ထွန်းလင်း လျှံလက်နေသော သိကြားမင်းကို အားကျ၍ လျှောက်ထားမေးမြန်းလိုက်၏။

---

စပယ်ဒီးစာပေ

သည်တွင် သိကြားမင်းက အဖြေပေးလိုက်သည်။

"ရွှေစေတနာ၊ အလယ်စေတနာ၊ နောက်စေတနာ၊ စေတနာသုံးတန်ထားပြီး အလှူဒါနပြုခဲ့ကာ နိဗ္ဗာန် ရောက်ချိန်ထိ ချမ်းသာသုခ ခံစားရအောင် ဆုတောင်းယင်း ကောင်းမှုကုသိုလ်ပြုခဲ့သည် မင်းကြီး"

"အသင် သိကြားမင်း ကုသိုလ်ကောင်းမှုပြုခဲ့စဉ်က နိဗ္ဗာန်ကို ရည်မှန်းခဲ့သည် မဟုတ်လော၊ နိဗ္ဗာန်ရောက် ဆက်ဆံသော ကံကုသိုလ်ပြုပါလျက် အဘယ်ကြောင့် နတ်စည်းစိမ်ကို ရပါသလဲ"

"စေတနာသုံးတန် ဖြောင့်မှန်ဖြူစင် ဇောပီတိဝင်ပြီး မနော ရွှင်သဖြင့် နိဗ္ဗာန်ခွင် မစံမဝင်ရမီ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရှေးဦးစွာ ကြိုတင်ခံစားရတယ် မင်းကြီး၊ လူဖြစ်လျှင်လည်း လူချမ်းသာမှ နိဗ္ဗာန်ကို ပိုပြီးမျက်မှောက်ပြုနိုင်မယ်၊ အူမ မတောင့်ယင် သီလမစောင့်နိုင်သလို အူမ တောင့်မှ သီလ စောင့်နိုင်မယ် ဆိုတဲ့ စကားရှိတယ် မဟုတ်လား၊ နတ်ချမ်းသာ နတ်စည်းစိမ် ခံစားရတာကလဲ ကုသိုလ်ကောင်းမှု အလှူဒါန အကျိုးပဲမင်းကြီး၊ လူ့ဘဝချမ်းသာ၊ နတ်ဘဝချမ်းသာ သုခ ရိပ်မြုံမှာစံပြီးမှ လောကုတ္တရာနိဗ္ဗာန်ကို ကူးစက်ဝင်ရောက်နိုင်ပါတယ် မင်းကြီး"

"ဒါနကောင်းမှု ကုသိုလ်စုကို စိုက်ပျိုးရာ လယ်မြေကောင်းပမာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ပေးလှူ စွန့်ကြဲရပါသလဲ အသင် သိကြားမင်း"

ဘုရင်က စိတ်ဝင်စားစွာဖြင့် စုံစုံလင်လင် ထပ်၍ မေး လိုက်သည်။

---

စမယ်ဦးစာပေ

"ယခု ကျွန်ုပ်ရှေ့က နေသော ရဟန်းဂုဏ်သွင် ဘုရားရှင်ကို ဒါနကောင်းမှုပြုခြင်း၊ ရိုသေစွာ ရှိခိုးခြင်း၊ ဩဝါဒကို ခံယူနိုင်ခြင်းကို ကုသိုလ်မျိုးစေ့တို့၏ ကြဲဖြန့်စိုက်ပျိုးရာ လယ်မြေယာ လယ်မြေကောင်းဟူ၍ အသင်မှတ်လေလော"

သိကြားမင်းက ဝါသနာဗီဇအတိုင်း ဒါနခန်းကို ဦးတည်၍ ညွှန်ပြနေလေသည်။

ဗုဒ္ဓမြတ်စွာဘုရားက ဒါန၊ သီလ၊ ဘာဝနာ သုံးပါးကို ဦးတည်၍ ဟောကြား ဆုံးမတော်မူခဲ့သည်။

> "ရဟန်းတို့....အကြင်သူသည် အဓိသီလ သိက္ခာဟု ဆိုအပ်သော သီလကိုလည်းကောင်း၊ အဓိစိတ္တသိက္ခာဟု ဆိုအပ်သော သမာဓိကို လည်းကောင်း၊ အဓိပညာ သိက္ခာဟု ဆိုအပ်သော ပညာကိုလည်းကောင်း ဆုံးခန်းတိုင်အောင် ကောင်းစွာ ပွားများအပ်ကုန်၏။ ယင်းသို့ ပွားများလျှင် မာရ်မင်း၏ နိုင်ငံကို လွန်မြောက်၍ ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုး၊ ညစ်မျိုးငါးအင်၊ ကင်းစင်တောက်ပ၊ တင့်တယ်လှသော နေမင်းကြီးကဲ့သို့ ထွန်းလင်းတင့်တယ်၏"

ဟု ဟောတော်မူ၏။

(ဇာတိဝုတ် ပါဠိတော်)

## အဓိသီလ သိက္ခာ

သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးတို့တွင် သီလသည် ယုတ်ညံ့သော မေထုန်အမှုကို ပြုသည့် အဗြဟ္မစရိယ သီလ၊

ယုတ်ညံ့သော မေထုန်အမှုမှ ရှောင်ကြဉ်ခြင်း ဗြဟ္မစရိယ သီလ ဟူ၍ နှစ်ပါးသာရှိ၏။

ဝိသာခါ၊ အနာထပိဏ်အစရှိသော သူတို့သည် နေ့စဉ်မပြတ် ထိန်းသိမ်းစောင့်ရှောက်အပ်သော ငါးပါးသီလ၊ ဆယ်ပါးသော သုစရိုက်တို့ကို ဗြဟ္မစရိယ သီလဟုဆို၏။

ထိုဝိသာခါအနာထပိဏ်စသူတို့ပင်လျှင် ဥပုသ်နေ့၌ထိန်းသိမ်း စောင့်ရှောက်အပ်သော ရှစ်ပါးသီလ၊ ဃဋီကာရအိုးထိန်းသည် သုမနသာမဏေ စသူတို့ ထိန်းသိမ်း စောင့်ရှောက် အပ်သော ဆယ်ပါးသီလ၊ အရှင် သာရိပုတ္တရာ၊ အရှင် အာနန္ဒာ စသူတို့ ထိန်းသိမ်း စောင့်ရှောက်အပ်သော ပါတိမောက္ခ သံဝရ သီလ၊ မြတ်စွာဘုရားတို့ ထိန်းသိမ်း စောင့်ရှောက်အပ်သော အတုတ္တရိ အနစ္စာဝစ သီလတို့ကို ဗြဟ္မစရိယသီလဟု ဆိုသည်။

ဤ သီလတို့ကို အစဉ်အတိုင်း ပထမထက် ဒုတိယ၊ ဒုတိယ ထက် တတိယ စသည်ဖြင့် သာလွန်မြင့်မြတ်၏ဟု မှတ်ရမည်။

ကိုယ်ဖြင့် မကျူးလွန်အပ်သော အပြစ်ဒေါသ ဟူသမျှသည် ကာယဒုစရိုက် မည်၏။ နှုတ်ဖြင့် မကျူးလွန်အပ်သော အပြစ် ဒေါသ ဟူသမျှကို ဝစီဒုစရိုက်မည်၏။ စိတ်ဖြင့် မလွန်ကျူးအပ် သော အပြစ်ဒေါသ ဟူသမျှကို မနောဒုစရိုက်မည်၏။

ထို ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ကို မလွန် မကျူး မပြုကျင့်ပဲ ထိန်းသိမ်းစောင့်ရှောက်လျှင် ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်ဟူ၍ သုစရိတ သီလသုံးပါးဖြစ်၏။

---

ဤ သုစရိုက်သီလသုံးပါးနှင့် ပြည့်စုံသော သူသည် ကောင်းသော အကျင့်သီလနှင့်ပြည့်စုံသော သူဟု ဆိုဆိုက်၏။

> "ရဟန်းတို့ အကြင်သူအား ကိုယ်ဖြင့် မကောင်းမှု ပြုကျင့်ခြင်းမရှိ၊ နှုတ်ဖြင့်မကောင်းမှုပြုခြင်းမရှိ၊ စိတ်ဖြင့် မကောင်းမှု ပြုကျင့်ခြင်းမရှိ၊ မကောင်းမှုဒုစရိုက်မှ ရှက်ကြောက်တတ်သော စိတ်နှလုံးရှိသူကို ကောင်းမြတ်သော ကျင့်သီလနှင့် ပြည့်စုံသူဟု ပညာရှိတို့ မိန့်ဆိုကြကုန်၏...."

ဟု ဗုဒ္ဓက ဟောကြားတော်မူခဲ့သည်။

(ဣတိဝုတ်ပါဠိတော်)

## အဓိစိတ္တ သီလ

သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးတွင် သမာဓိဟူသည် ပဌမစျာန်သမာဓိ၊ ဒုတိယစျာန်သမာဓိ၊ တတိယစျာန်သမာဓိ၊ စတုတ္ထစျာန် သမာဓိ၊ ပဉ္စမစျာန် သမာဓိ ဟူ၍ ငါးပါးရှိ၏။ ဤငါးပါးသော သမာဓိတရားနှင့်ပြည့်စုံသောသူသည် ကောင်းသောတရားနှင့် ပြည့်စုံသောသူမည်၏။

> "ရဟန်းတို့ အကြင်ရဟန်းသည် သေးပါးသော မဂ်ဉာဏ်သို့ ရောက်ခြင်းငှာ သတိ၊ ဝီရိယနှင့်တကွ ငါးပါးသောသမာဓိတရားတို့ကို ဆုံးခန်းတိုင်အောင်ကောင်းစွာ ပွားများ အပ်ကုန်၏။ တက်ကြွ ပျံ့လွင့်ခြင်း မရှိသော

ထိုရဟန်းကို ကောန်စင်စစ် ကောင်းမြတ်သော တရားနှင့်
ပြည့်စုံသောသူဟု ပညာရှိတို့ မိန့်ဆိုကြကုန်၏”
ဟု ဟောတော်မူခဲ့သည်။

(ဇာတိဝုတ် ပါဠိတော်)

## အဓိပညာ သိက္ခာ

သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးတွင် ပညာဟူသည် ဒုက္ခ သစ္စာ၌ ကောင်းစွာ သိမြင်သော ဉာဏ်ပညာ၊ ဒုက္ခ ဖြစ်ကြောင်း သမုဒယသစ္စာ၌ ကောင်းစွာ သိမြင်သော ဉာဏ် ပညာ၊ ဒုက္ခကင်းချုပ်ရာ ဌာန နိရောဓ သစ္စာ၌ ကောင်းစွာ သိမြင်သော ဉာဏ်ပညာ၊ ဒုက္ခကင်းချုပ်ရာဌာန နိရောဓသစ္စာသို့ ရောက်ကြောင်း မဂ္ဂသစ္စာ၌ ကောင်းစွာသိမြင်သော ဉာဏ်ပညာ ဟူ၍ လေးပါးရှိ၏။ ဤလေးပါးသော ဉာဏ်ပညာနှင့် ပြည့်စုံ သော သူသည် ကောင်းသော ဉာဏ်ပညာနှင့် ပြည့်စုံသောသူ မည်၏။

“ရဟန်းတို့ အကြင် ရဟန်းသည် ဤဘဝ၌ပင်လျှင်
ငင်္ဂိစ္စသမုပ္ပါဒ်စက်ရဟတ် တည်းဟူသော ဒုက္ခတရားစု၏
ကုန်ရာဌာန နိရောဓသစ္စာကို မြင်သိ၏။ အာသဝေါ
တရား ကင်းပဆဲ ကင်းပပြီးဖြစ်သော ထိုရဟန်းကို ကောန်
စင်စစ် ကောင်းမြတ်သော ဉာဏ်ပညာနှင့် ပြည့်စုံသော
သူဟူ၍ ပညာရှင်တို့ မိန့်ဆိုကြကုန်၏’
ဟု ဟောတော်မူခဲ့သည်။

(ဇာတိဝုတ် ပါဠိတော်)

---

စပယ်ဦးစာပေ

ဤ ကလျာဏသီလ၊ ကလျာဏ ဓမ္မသမာဓိ၊ ကလျာဏ ပညာ တရားသုံးပါးတို့နှင့် ပြည့်စုံသောသူသည် နိဗ္ဗာန်သို့ ရောက်ရ၏။

> "ရဟန်းတို့ ကလျာဏ သီလ အစရှိသော တရားတို့နှင့်ပြည့်စုံသော ဆင်းရဲခြင်းသည်လည်း ကင်းထသော အလုံးစုံသော သင်္ခါရလောက၌ တဏှာ အားဖြင့် ဆောက်တည် မှီနေခြင်းလည်း မရှိထသော ရဟန်းကို သင်္ခတ အလုံးစုံကို ပယ်စွန့်နိုင်သော ဥတ္တမ ပုရိသ ယောကျ်ားမြတ်ဟူ၍ ပညာရှိတို့ မိန့်ဆိုကြကုန်၏"

ဟု ဟောကြားတော်မူခဲ့သည်။

(ဥတ္တမပုရိသသုတ်)

မဂ္ဂင်ရှစ်ပါးတည်းဟူသော သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးတို့တွင် သီလသည် သမာဓိဖြစ်ကြောင်းမည်၏။ သမာဓိ သည် ပညာဖြစ်ကြောင်း မည်၏။ ပညာသည် သမာဓိ အကျိုး မည်၏။

သီလရှိမှ သမာဓိ ဖြစ်နိုင်သည်။ သမာဓိရှိမှ ပညာ ဖြစ်နိုင် သည်။ ပညာဖြစ်ပေါ်လာမှ နိဗ္ဗာန်သို့ ရောက်နိုင်သည်။

သို့ဖြစ်၍ သိကြားမင်းက ဗြဟ္မဒတ်မင်းအား ဒါန၊ သီလ အကျိုးကို ရှေ့တန်းတင်ပြီး ညွှန်ပြဟောကြားနေခြင်းဖြစ်သည်။

---

စပယ်ဦးစာပေ

## သီလ အကျိုး

သီလအကျိုးနှင့် ပတ်သက်၍ ပဋိသမ္ဘိဒါ ပတ္တ သီလဝါ အမည်ရှိသော ရဟန္တာ မထေရ်မြတ်က ဤသို့ ဟောတော်မူခဲ့သည်။

"ငါ့ရှင်တို့.... ဤလောက၌ သီလကိုသာလျှင် ကျင့်ရာ၏။ ဤစကားသည်မှန်၏။ ဤလောက၌ ကောင်းစွာ ကျင့်အပ်သော သီလသည် မိမိတို့ ပြုကျင့်မှီဝဲသောသူကို အလုံးစုံသော လောကီ လောကုတ္တရာ စည်းစိမ်းချမ်းသာ ပြည့်စုံခြင်းသို့ ရောက်စေနိုင်၏။

"ငါ့ရှင်တို့.... ရဟန်းရှင်လူ ခပ်သိမ်းသူကို ကြည်ဖြူသာယာ ကောင်းမွန်စွာ ချီးမွမ်းခြင်းကိုလည်းကောင်း၊ ကြည်ဖြူသဒ္ဓါ များစွာဖြင့် ပေးကမ်းစွန့်ကြဲ လှူဒါန်းပူဇော်သဖြင့် များစွာသော လာဘ်သပ္ပကာ ပစ္စည်းဥစ္စာရခြင်းကိုလည်းကောင်း၊ သေပြီး နောင်ခါ ထက်နတ်ရွာ၌ ပျော်ရွှင် မွေ့လျော်ရခြင်း ကို လည်းကောင်း၊ ဤသုံးပါးသော ချမ်းသာသုခတို့ကို လိုလား တောင့်တသော ပညာရှိသည် သီလကို စောင့်ရှောက်ရာ၏။

"ငါ့ရှင်တို့.... သီလရှိသော သူသည်သာလျှင် ကိုယ်နှုတ်နှလုံး စောင့်သုံးခြင်းကြောင့် များစွာသော အပေါင်းအဖော် မိတ်ဆွေ ခင်ပွန်းတို့ကို ရနိုင်၏။ ယုတ်မာ ညစ်ကျုံ မကောင်းမှုကိုပြုကျင့် တတ်သော သီလ မရှိသူသည် အပေါင်းအဖော် မိတ်ခင်ပွန်းတို့မှ ဆုတ်ယုတ်ပျက်စီးတတ်၏။

---

"ငါ့ရှင်တို့.... သီလမရှိသော ပုဂ္ဂိုလ်သည် ဂုဏ်ကျေးဇူးမဲ့ အကဲ့ရဲ့ ခံရခြင်းကိုလည်းကောင်း၊ ကျော်စောမထွက် သတင်း ပျက်ခြင်းကိုရလေ၏။ သီလရှိသောပုဂ္ဂိုလ်သည်ကား ဂုဏ်ကျေး ဇူးကို ပြောဆိုခြင်းကို လည်းကောင်း၊ ကျော်စောသတင်း ပျံ့နှံ့ ခြင်းကိုလည်းကောင်း၊ အံ့ဩချီးမွမ်းခြင်းကိုလည်းကောင်း အခါ ခပ်သိမ်း ရလေ၏။

"ငါ့ရှင်တို့.... သီလသည် အလုံးစုံသော ကုသိုလ်တရားတို့၏ ဖြစ်ကြောင်းမူလ အစမည်၏။ အလုံးစုံသော ကုသိုလ်တရားတို့၏ တည်ရာလည်းဖြစ်၏။ အလုံးစုံသော ကုသိုလ်တရားတို့၏ ဘေးရန် ကင်းရှား၊ လွန်ကြီးထွားအောင် ထိန်းသိမ်းစောင့်ရှောက် တတ် သောကြောင့် ကောင်းမွန်စွာသော အမိလည်း မည်၏။ အလုံး စုံသော ကုသိုလ် တရား တို့၏ အကြီး အမှူး လည်း မည်၏။ ထို့ကြောင့် ငြိမ်သက်စည်ကြည် သိမြင်ထိုးထွင်းခြင်းသို့ ရောက် လိုသော ပညာရှိပုဂ္ဂိုလ်သည် သီလကို သန့်ရှင်း ဖြူစင်အောင် ကောင်းစွာ သုတ်သင်ရာ၏။

"ငါ့ရှင်တို့.... သီလသည် ကုသိုလ် တရား တည်း ဟူ သော အမြိုက် ရေကြည်တို့၏ မလျှံမထွက်၊ မပျောက် ပျက်အောင် ကောင်းစွာ ဆီးတားသော ကမ်းပါး ဆည်ရိုးကြီးလည်းမည်၏။ ခပ်သိမ်းသော ဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ် တည်းဟူသော အမြိုက်ရေကြည်တွင်းသို့ဆင်းသက်ရာဆိပ်ကမ်းကြီးလည်းမည်၏။ စိတ်ကိုလည်း လွန်စွာကြည်လင်ရှင်လန်းစေတတ်၏။ ထို့ကြောင့် ငြိမ်သက် တည်ကြည် သိမြင် ထိုးထွင်းခြင်းသို့ ရောက်လိုသော ပညာရှိပုဂ္ဂိုလ်သည် သီလကို သန့်ရှင်းဖြူစင်အောင် ကောင်းစွာ သုတ်သင်ရာ၏။

---

စပယ်ဦးစာပေ

"ငါ့ရှင်တို့.... သီလ၏အကျိုးသည် တုနှိုင်းစရာမရှိ၊ အလွန် မြင့်မြတ်၏။ သီလသည် တုနှိုင်းမရ ကောင်းမြတ်လှစွာသော ကိလေသာရမ္မက် တိုက်ဖျက်ခုတ်သတ်ရန် ဓားလှံ၊ သန်လျက်၊ စိန်လက်နက်ကြီးပေတည်း။သီလသည် တုနှိုင်းမရ ထူးမြတ်လှစွာသော ခြေနင်းနှစ်တန် သံခမောက် မကိုဋ်တန်ဆာကြီးပေတည်း။ သီလသည် ထူးခြားအံ့ဘွယ်ကောင်းသော သံချပ်ဝတ်ရုံကြီး ပေတည်း။

"ငါ့ရှင်တို့....သီလသည် နှိုင်းပြိုင်မရ တန်ခိုးကြီးလှသော နတ်ရွာနိဗ္ဗာန် သွားရန်ခင်းထားသည့် သံတံတားကြီးပေတည်း။ သီလသည် အတုမရှိ လွန်ကဲ မြင့်မြတ်သော ရေမွှေး နံ့သာကြီး ပေတည်း။ မဉ္ဇူသက ပန်းနံ့သာကြီး ပေတည်း။ အာသာဝတီ ပန်းနံ့သာကြီးပေတည်း။ သီလသည် တုနှိုင်းမရ ထူးမြတ်လှစွာ သော စန္ဒကူးနံ့သာမှုန့်၊အာသာဝတီပန်းဝတ်မှုန့်ကြီးပေတည်း။ သီလရှိသော အကြင်သီလ တည်းဟူသော ရေမွှေး နံ့သာမှုန့် ကြီးဖြင့် လေအောက်လေတင် ဝန်းကျင်ဒိသာ ဆယ်မျက်နှာသို့ သင်းပျံ့မွှေးကြိုင် လှိုင်လေ၏။

"ငါ့ရှင်တို့.... သီလသည် ဆိမ့်ချိုမွှေးလတ် လွန်ဆွတ်မြတ် သော မုန့်ပဲငါးသား စသည်များလတ် ရိက္ခာစားနပ် ကြီးပေ တည်း။ သီလသည် မတုနှိုင်းအပ် လွန်စွာ ကောင်းမြတ်သော မြင်းဖြူရတနာကြီး ပေတည်း။ သီလရှိသော သူသည် အကြင် သီလ တည်းဟူသော လမ်းစာရိက္ခာ မြင်းဖြူ ရတနာကြီးဖြင့် ဝန်းကျင်ဒိသာ ရောက်လိုရာအရပ်သို့ ရောက်နိုင်၏။

---

"ငါ့ရှင်တို့....ပညာမဲ့သော သူသည် သီလ သိက္ခာပုဒ်တို့၌ စောင့်ရှောက် တည်တန့်ခြင်းမရှိနိုင်သည်ဖြစ်၍ ဤဘဝ၌ပင်လျှင် ပညာရှိတို့ ရှုတ်ချကဲ့ရဲ့ခြင်းကိုခံရလေ၏။ သေပြီးနောင်ခါ ပါယ်လေးရွာ၌လည်း နှလုံးမသာ ဆင်းရဲစွာ၏၊ အလုံးစုံသော အရပ်ဌာန ဘုံဘဝတို့၌လည်း နှလုံးမရွှင် ငြိုငြင်ဆင်းရဲ ကိုယ်ကျိုးနည်းလေ၏။

"ငါ့ရှင်တို့....ပညာရှိသည် သီလသိက္ခာပုဒ်တို့၌ ညစ်ကြေးမထင် ဖြူစင် ကောင်းမွန်စွာ စောင့်ရှောက် တည်တန့်နိုင်သည် ဖြစ်၍ မျက်မှောက်ဒိဋ္ဌတွင် ဤဘဝ၌ပင်လျှင်ကျော်စောသတင်း ပျံ့နှံ့ခြင်းကို ရလေ၏။ သေပြီးနောင်ခါ ထက်နတ်ရွာ၌လည်း နှလုံးကြည်သာ ချမ်းသာစွာ၏။ အလုံးစုံသော အရပ်ဌာန ဘုံဘဝတို့၌ နှလုံးကြည်သာ ချမ်းသာတိုးပွား ကိုယ်ကျိုးများလေ၏။

"ငါ့ရှင်တို့....ဤလောက၌သီလသည်သာ သျှင်ထွတ်မြတ်၏။ ပညာရှိသောသူမူကား မတုနိုင်းအပ် အလွန်မြတ်ပေ၏။ လူ့ပြည်တို့၌လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း၊ သီလ ပညာနှစ်ဖြာလုံးခြုံကြန်အင်စုံသော သူအား သူခပ်သိမ်းကို လွှမ်းမိုးအောင်မြင်နိုင်ခြင်းသည် ဖြစ်၏"

ဤသို့အားဖြင့်သီလဝါမထေရ်မြတ်ကတဆယ့်နှစ်ဂါထာဖြင့် ဟောကြား ညွှန်ပြတော်မူခဲ့သည်။

(ထေရဂါထာ ပါဠိတော်လာ သီလဝါသုတ်)

စင်စစ် သီလသည် ခြေနှင့်တူ၏။ သမာဓိသည် ကိုယ်နှင့်တူ၏။ ပညာသည် ဦးခေါင်းနှင့်တူ၏။

သို့သော် ပညာရှိသော သူမှသာလျှင် သီ လ ရှိ နိုင် သည်။ သမာဓိလည်း ရှိနိုင်သည်။ ပညာမဲ့သောသူသည် သီလမရှိနိုင်၊ သမာဓိလည်းမရှိနိုင်။

ထို့ကြောင့်နိဗ္ဗာန်ပြည်သွား မဂ်ရထား၌ သမ္မာဒိဋ္ဌိမဂ္ဂင်ပညာ ခန္ဓာကို ရှေးဦးထား၍ မြတ်စွာဘုရား ဟောတော်မူသည်။

"ရဟန်းတို့....အကုသိုလ်တရားများ ဖြစ်ပေါ် လာခြင်း၌ မသိခြင်းဟူသော အဝိဇ္ဇာသည် ခေါင်းတည် ရှေ့သွားတည်း။ ကုသိုလ်တရားများ ဖြစ်ပေါ်လာခြင်း၌ သိခြင်းဟူသော ဉာဏ် ပညာဝိဇ္ဇာသည် ခေါင်းတည်ရှေ့သွားတည်း။

(ဝိဇ္ဇာဝိဇ္ဇာပုဗ္ဗင်္ဂမ သုတ်)

"ရဟန်းတို့....လောက၌ ပညာသည်သာလျှင် အမြတ်ဆုံး ပေတည်း။ ပညာသည် ငါတည်းဟူသော ရုပ်ခဲနာမ်ခဲကို ဖောက် ထွင်းသိမြင်နိုင်၏။ ယင်းသို့သိမြင်နိုင်၍ ဇာတိဘဝတို့၏ ကုန်ခန်း ရာဌာန နိဗ္ဗာန်ကို သိမြင်နိုင်သည်"

(ပညာ ပရိတ်ိန သုတ်)

"အို....မင်းကြီး လောက၌ ဘုရားစသော သူတော်ကောင်း တို့ကို မှီဝဲဆည်းကပ်ရခြင်း၏ အကျိုးကျေးဇူး များပြားကြီးမား လှကြောင်း ထင်ရှားချေပြီ။ အသင်မင်းကြီး သတိရ၍ ဘုရား စသော ရဟန်းသံဃာ သူတော်ကောင်းတို့ကို မှီဝဲ ဆည်းကပ်ရ

ခြင်း၏ အကျိုးကျေးဇူးများကို ယုံကြည်ကာ မှီဝဲ ဆည်းကပ်ပါ လေ့...”

သိကြားမင်းက မေတ္တာထား၍ မမှားရအောင် တရား ပြနေသည်။

“လောကီ မဂ္ဂင်ရှစ်ပါးကိုလည်း နားလည်ထားသင့်ပြီ။ မှန်စွာသိမြင်ခြင်း၊ မှန်စွာကြံစည်ခြင်းကား ပညာသိက္ခာမည်၏။ မှန်စွာပြောခြင်း၊ မှန်စွာ ပြုကျင့်ခြင်း၊ မှန်စွာ အသက်မွေးခြင်း ကား သီလသိက္ခာမည်၏။ မှန်စွာအားထုတ်ခြင်း၊ မှန်စွာ သတိ ရှိခြင်း၊ မှန်စွာ တည်ကြည်ခြင်းကား သမာဓိသိက္ခာဟု ခေါ်ဆို သည်။

“လောကီမဂ္ဂင်ရှစ်ပါး သို့မဟုတ် သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးကို ကောင်းစွာကျင့်ပါလေ။ မဂ်-ဖိုလ်-နိဗ္ဗာန်ကို တောင့်တ၍ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း၊ အလှူ ပေးခြင်း၊ သီလဆောက်တည်ခြင်း စသော ကောင်းမှု ကုသိုလ် တရားတို့သည် နိဗ္ဗာန်ရကြောင်း၊အရိယာဖြစ်ကြောင်းအထောက် အပံ့ ဖြစ်သဖြင့် သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ ကျွတ်လွတ်ရန် လေးလေးစားစား ပြုကျင့်သင့်ပေသည်”

သိကြားမင်းက သတိပေးဆုံးမသည်။

“သရဏဂုံ သုံးပါးနှင့် တကွ ငါးပါးသီလကို မကျိုး မပေါက် မပြောက်မကျားအောင် ဆောက်တည်စောင့်ရှောက် ရုံမျှဖြင့် တဘဝထက် တဘဝ မြင့်တက်နိုင်သည်ကို မြဲမြဲမှတ်သင့် သည်”

မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါး၌ မတုန်မလှုပ်သော ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။ တရားတော်၏ ဂုဏ်တော်ခြောက်ပါး၌ မတုန်မလှုပ်သော ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။ သံဃာတော်၏ ဂုဏ်တော်ကိုးပါး၌ မတုန်မလှုပ်သော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ ငါးပါးသီလကို မကျိုးမပေါက် မပြောက်မကျား၊ ကောင်းစွာ လုံခြုံစွာ ကျင့်သုံးဆောက်တည်ခြင်းနှင့် ပြည့်စုံ၏။ ထိုအစိတ်အင်္ဂါလေးပါး အကျင့်သည် စင်စစ် ငြိမ်းအေးခြင်းငှာ တဏှာရာဂ ကင်းခြင်းငှာ ထူးသောဉာဏ်ဖြင့် သစ္စာလေးပါးကို သိခြင်းငှာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏"

## သင်္ဂဟတရား လေးပါး

ဒါန အစရှိသော သင်္ဂဟတရား လေးပါး အရေးထား၍ မြတ်စွာဘုရားသည် နဝင်္ဂုတ္တရ ပါဠိတော်လာ စတုဗလဋ္ဌိကပဥ္စ ဘယာတိက္ကန္တသုတ်၏ အစိတ်ပိုင်းတွင် အကျယ်တဝင့် ဟော ခဲ့သည်။

ဆိုလိုရင်းအနက်ကို ဖော်ပြရလျှင်....

၁။ တရားဟောခြင်း တည်းဟူသော မေ့ဒါနသည် စွန့်ကြဲ ပေးကမ်းခြင်း ဒါနတကာတို့တွင် အမြတ်ဆုံးဖြစ်၏။

၂။ တရားနာလိုသောသူကို အကြိမ်ကြိမ် အဖန်ဖန် တရား စကားပြောဟောခြင်းသည် ချစ်ဖွယ်သောစကား ပြောဆိုခြင်း တကာတို့တွင် အမြတ်ဆုံးဖြစ်၏။

၃။ သဒ္ဓါတရားနှင့် မပြည့်စုံသော သူကို သဒ္ဓါတရားနှင့် ပြည့်စုံအောင် ဆောက်တည်ညွှန်ပြ၏။ သီလနှင့် မပြည့်စုံသော

သူကို သီလပြည့်စုံအောင် နှမြောတွန့်တိုပြီး မပေးရက်၊ မကမ်းရက်၊ မလှူရက်သောသူကို စွန့်ကြဲပေးကမ်း လှူဒါန်းလာအောင်၊ ပညာနှင့် မပြည့်စုံသေးသော သူကို ပညာနှင့် ပြည့်စုံအောင် စသည်ဖြင့် သူတပါးတို့အား သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာနှင့် ပြည့်စုံအောင်လုပ်ပေးခြင်းသည် သူတပါးတို့၏ အကျိုးကိုပြုခြင်း တကာတို့တွင် အမြတ်ဆုံးဖြစ်သည်။

၄။ ရှေးဦးစွာသောတာပန်ဖြစ်ပြီးသောသူက အခြားသူကို သောတာပန်ဖြစ်စေရန် (ဝါ) မိမိနှင့် တူမျှသော အကျိုးကို ရရှိခံစားစေရန် ထိုအတူ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ စသည်ဖြင့် တူမျှသောအကျိုးကို ဖြစ်စေခြင်းသည် မိမိနှင့်တူမျှသော အကျိုးဖြစ်စေခြင်းတကာတို့တွင် အမြတ်ဆုံး ဖြစ်သည်။

သို့ဖြစ်၍ မိမိကိုယ်တိုင်က ငါးပါးသီလနှင့် ပြည့်စုံလျှင် သူတပါးကိုလည်း ငါးပါးသီလနှင့်ပြည့်စုံအောင် ဆုံးမဟောပေးသဖြင့် ထိုသူတို့ ငါးပါးသီလပြည့်စုံပြီး မိမိနှင့် ထပ်တူထပ်မျှ အကျိုးကို ဖြစ်စေရာ၏ဟု ချွတ်ဆင်မှတ်သားနိုင်သည်။

ဤသင်္ဂဟတရားလေးပါးနှင့် မပြည့်စုံသောသူသည် သီလ၊ သမာဓိ၊ ပညာ စသော သိက္ခာသုံးပါးနှင့် ပြည့်စုံငြားသော်သည်း ဂရုဂုဏ်မျှသာရှိသည်။ ဤဂရုဂုဏ်ကား မြွေဟောက်မီးခဲ စသည် တို့ပင် ရှိ၏။

ထို့ကြောင့် ဤသင်္ဂဟတရား လေးပါးနှင့်ပြည့်စုံဖို့ ကြိုးစားသင့်သည်။ ပြည့်စုံသောပညာရှိမှသာ ကြီးမြတ်သော အဖြစ်သို့ ရောက်နိုင်ကြောင်း၊ ဗုဒ္ဓက သင်္ဂါလောဝါဒသုတ်၌ ဟောတော်မူခဲ့သည်။

---

စပယ်ဦးစာပေ

## ပုဂ္ဂိုလ်သုံးဦး

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူစဉ် ရဟန်းတို့ကိုခေါ်၍ ပုဂ္ဂိုလ်သုံးဦး အကြောင်း ဟောတော်မူ၏။

လောက၌ ပုဂ္ဂိုလ်မြတ်သုံးဦးရှိ၏။ ထိုသူတို့သည် လူတို့၏ အစီးအပွားကိုဆောင်ကြ၏။ လူအပေါင်းတို့၏ ချမ်းသာခြင်းကို ပြု၏။ လူအပေါင်းတို့ သနားကယ်မကြ၏။ လူနတ်တို့၏ အကျိုးစီးပွား ချမ်းသာသုခ အစစ်အမှန် ခံစားနိုင်ကြစေရန် ဖြစ်တော်မူလာကြ၏။

ဗုဒ္ဓသည် လောက၏ ပထမပုဂ္ဂိုလ်ဖြစ်သည်။

ဗုဒ္ဓ၏တပည့်ကိစ္စ အလုံးစုံပြီးစီးရန်သော ရဟန္တာပုဂ္ဂိုလ်သည် ဒုတိယပုဂ္ဂိုလ်ဖြစ်သည်။

အကြားအမြင်နှင့်ပြည့်စုံပြီး သီလရှိသော တရားအားထုတ် ပြုကျင့်ဆဲ သေက္ခပုဂ္ဂိုလ်သည် တတိယပုဂ္ဂိုလ်ဖြစ်သည်။

ထိုပုဂ္ဂိုလ်သုံးဦးသည် လူနတ်တို့ထက် မြင့်မြတ်၏။ တရား များဟောပြလျက် လောကီလောကုတ္တရာပညာများကိုပေးကြ၏။သေခြင်းကင်းသော နိဗ္ဗာန်သို့ သွားရာလမ်းကို ညွှန်ပြကြ၏။ လူတို့ကို သေမင်း၏ အနှောင်အဖွဲ့မှ လွတ်စေရန် ညွှန်ပြ ဆုံးမကြ၏။

---

ဗုဒ္ဓ၏ တရားတော်ကို ယုံကြည်စွာ အားထုတ်ကြလျှင် သာသနာတော်အတွင်း၌ ဤဘဝမှာပင် သံသရာဝဋ်ဒုက္ခကြီး၏ အဆုံးသို့ ရောက်နိုင်ကြ၏။

(ဗဟုဇနဟိတ သုတ်)

## သူတော်နှင့် သူယုတ်မာ

သူတော်နှင့် သူယုတ်မာကို ဤသို့ ကွဲကွဲပြားပြား နားလည်ရာ၏။

သူယုတ်မာဟူသည် သူတထူးကျေးဇူးကို စိတ်ထဲတွင် သိလေ့မရှိ။ နှုတ်အားဖြင့် ပြောဆိုသိတတ်ခြင်းလည်း မရှိပေ။ ယင်းသို့ ထင်ရှားစွာ သိလေ့မရှိသော အဖြစ်ကိုလည်း နှစ်သက်ကြချေ၏။

သူတော်ကောင်းဟူသည် သူတထူးကျေးဇူးကို စိတ်ထဲတွင် သိလေ့ရှိ၏။ နှုတ်အားဖြင့်လည်း ပြောကြား၍ သိတတ်ခြင်း ရှိ၏။ ယင်းသို့ ထင်ရှားစွာသိသော အဖြစ်ကိုလည်း နှစ်သက်ကြ၏။

(သပ္ပုရိသ ဘူမိသုတ်)

"နတ်အပေါင်းတို့၏ ဝပ်စဉ်းခစား အသင် သိကြားမင်း၊ လောကမှာ နတ်အမျိုးပေါင်း အဘယ်မျှရှိပါသလဲ"

"လောက၌ နတ်သုံးမျိုးရှိ၏ မင်းကြီး၊ လူတို့၏ အရှင်သခင် ဘုရင်မင်းမြတ်ကို လောကသမုတိနတ်ဟု ခေါ်သည်၊ နတ်တို့၏ ဘုရင်မင်းတပါးကို ဥပပတ္တိနတ်ဟု ခေါ်၏၊ ရဟန်းတို့၏ဘုရင်မင်းတဆူကို ဝိသုဒ္ဓိနတ်ဟု ခေါ်၏ မင်းကြီး"

---

စပယ်ဦးစာပေ

ဘုရင်ကြီးကမေး၍ သိကြားမင်းက အခဖြေပေးသည်။

"လူလူချင်း ရှိသေ ခန့်ညားထိုက်သော သိက္ခာဂုဏ်ပုဒ်နှင့် ပြည့်စုံသူကို ပြည်သူတို့ကအကြီးအကဲတင်မြှောက်၍ မင်းအဖြစ်သို့ ရောက်ကာ ကိုးကွယ်ဆည်းကပ် ရှိသေကြခြင်းကို လောကသမုတိ နတ်ဟု ခေါ်၏။

"နတ်နတ်ချင်း ဝပ်စဉ်းခယ မာနပယ်ချိုးကာ တန်ခိုးကြီးမား သော နတ်တပါးကို ဆည်းကပ်ရှိသေကြကာ နတ်အပေါင်းကို ဆုံးမပေးစွမ်းနိုင်သော နတ်တို့၏ အကြီးအမှူး သိကြားမင်းကို ဥပပတ္တိနတ်ဟု ခေါ်သည်။ (ဥပပတ္တိ-ကိုယ်ထင်ရှား ဖြစ်ခြင်း)

"သီလ၊ သမာဓိ၊ ပညာ ဂုဏ်သိက္ခာပြည့်စုံအောင် ကျင့်ကြံ ကြသော ပုထုဇဉ်ရဟန်း၊ အရိယာရဟန်းတို့ကို ဒိဋ္ဌိ-တဏှာ-မာန ပယ်ချသုတ်သင်ပြုပြင်ဟောပြ ဆုံးမတော်မူနိုင်သော ရဟန်းတို့၏ ရဟန်းမင်းဖြစ်တော်မူသည့် သမ္မာ သမ္ဗုဒ္ဓဘုရားကို ပူပန်ခပ်သိမ်း ကိလေသာမီး ငြိမ်းသောကြောင့် ဝိသုဒ္ဓိနတ်ဟု ခေါ်သည်။

"အို....မင်းကြီး၊ ထို နတ်သုံးပါးတို့တွင် လူမင်း နတ်သည် သိကြားမင်းနတ်ကိုရှိသေရာ၏။သိကြားမင်းနတ်သည် ဘုရားမင်း နတ်ကို ရှိသေရာ၏။ အကြောင်းမှာ လူမင်းနတ်ဖြစ်သော ဘုရင် ဟူသည် မိဖုရားများစွာနှင့် တဏှာမီးများကာ စီးပွား ရေမြေ တိုင်းပြည် အုပ်ချုပ်နေရသော်လည်း ညဥ့်သုံးယံ တယံမှ အိပ် မပျော်နိုင်၊ သောကမီး တလှိုင်လှိုင်နှင့် နေ့ရောညပါ အခါမလပ် မိမိတယောက်တွက်မဟုတ်၊ တအိမ်သားလုံး အတွက်လဲ မဟုတ်၊ တရွာလုံးအတွက်လဲမဟုတ်၊ တိုင်းပြည်တပြည်လုံးရှိ လူအပေါင်း တိရစ္ဆာန်အပေါင်းတို့၏ဝန်ထုပ်ကြီးကို ဦးခေါင်းပေါ်မှာရွက်ပြီး သောကမီး အလောင်ခံနေရသည်။

---

စပယ်ဦးစာပေ

"ငါတို့ကဲ့သို့ နတ်သမီးများစွာနှင့် လောကစီးပွား မရှာရပဲ ထာဝရ စည်းစိမ် ရွှေအိမ်ဗိမာန် နတ်ဩဇာ အငွေ့ခံလျက် နတ်အဖော် အခြံအရံ အဖူးမျှော်ခံနေရသော ငါသိကြားမင်းပင်လျှင် နတ်သမီးပေါင်း ထောင်သောင်းမက ကာမသုခ ဘယ်လိုပင် ခံစားနေရသော်လဲ တင်းတိမ်မဝ အားမရနိုင်ပြီး နတ်သမီး တယောက်မျှ မသေစေချင်ဘူးမင်းကြီး။

"သေလျှင် ဘယ်လူဘယ်နတ်ကမှ အပါယ် မကင်းသေးလို့ အခုငါ၏ ရှေ့တော်က ရပ်တော်မူနေသော မြတ်ရဟန်းဘုရားကို ဦးတိုက်ရသည်။ မာန်လျှော့ကာ ရှိခိုး ကန်တော့သည်။ သို့မှသာ အပါယ်လေးပါးမကျ၊ ကုသလ ကောင်းကျိုး အမျိုးမျိုးတိုးဖို့ ကိုးကွယ်ဆည်းကပ်ရသည်မင်းကြီး"

"အသင် သိကြားမင်း ညွှန်ပြတော်မူသော တရားများကို သဘောကျပါသည်။ သို့သော်ကျွန်ုပ်တို့တိုင်းပြည်ရှိရဟန်းများမှာ အကျင့်သိက္ခာ မရှိ၊ တိုင်းသူ ပြည်သားများနှင့် တကွ ကျွန်ုပ် ကိုယ်တိုင် ရိုသေစွာ ကျောင်းဗိမာန် တန်ဆောင်းများ၊ ဇရပ်များ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဆွမ်း၊ သင်္ကန်းမှအစ လိုလေသေး မရှိစေရအောင် ဆက်ကပ်ခဲ့သည်။ သာသနာ့ဘောင်မှာ အေးချမ်းစွာ နေနိုင် ကျင့်ကြံအားထုတ်နိုင်အောင် ကိုးကွယ်ဆည်းကပ် ထားပါလျက် ရဟန်းသိက္ခာ မစောင့်စည်းပဲ လူဝတ်များထက် ယုတ်မာသော အလေ့ဆိုးရှိနေကြပါသည်။

"မြို့ရွာထဲမှာ ညအခါ ထင်သလိုနေကြသည်၊ အလွန်ပင် ဝင်ရန် ခက်ခဲလှသော နန်းကနက်မြအဆောင် ညဥ့်သန်းခေါင် အချိန်ဝင်ပြီး ကျွန်ုပ်၏ ကြင်ယာတော် မိဖုရားကိုပင် ရဟန်း

တပါးက မြေလျှိုးမိုးပျံ တန်ခိုးစျာန်နဲ့ မေထုန်အဖြစ် ကျူးလွန်ပျော်ပါး စော်ကားခဲ့ပါသေးသည်။

"ထိုရဟန်းယုတ်ကို ဖမ်းချုပ်မည် အကြံ ပြု စဉ် မှာ ပင် ကောင်းကင်သို့ စျာန်အရှိန်နဲ့ ထွက်ပြေး လွတ်မြောက်သွားပါသည်၊ ဒါကြောင့် တိုင်းပြည်တွင်းမှာရှိသော သက်နိုးဝတ် ရဟန်းမှန်သမျှ တပါးမကျန်ရအောင် ပြည်နှင်ဒဏ်ပေး အဝေးသို့ပို့လိုက်ရပါသည်၊ ရဟန်းဆိုလျှင် ဝေးဝေးကပင် မမြင်ချင်အောင် နားထဲမှာတောင် မကြားချင်ပြီ သိကြားမင်း"

မင်းတရားကြီးက စိတ်နာနာဖြင့် သိကြားမင်းအား တိုင်ကြားနေစဉ်မှာပင် ရှေ့ရေးတွေး၍ ပစ္စေကဗုဒ္ဓါက တရားရေအေး ဟောကြားပေးလိုက်လေသည်။

"အသင်မင်းကြီး ပြော ကြား သော စကား အားလုံးကို သိရပြီ၊ မင်းကြီးပြောသူကား ရဟန်းမဟုတ်၊ သူယုတ်မာတည်း၊ လောကီပညာတတ် ဝိဇ္ဇာဓိုရ်ဟု မှတ်လေလော့မင်းကြီး၊ ကာမမီးတဏှာ ကြီးမားလှပါသော လောကီဝိဇ္ဇာဓိုရ်မို့ ယုတ်မာသော အကျင့်ကို ကျင့်သည်လို့ပဲ မှတ်လေလော့၊ ဘုရား၏သားစစ် ရဟန်းသံဃာသာ ဖြစ်လျှင် သီလ၊ သမာဓိ၊ ပညာ ဂုဏ်သိက္ခာ သုံးရပ်နှင့် ပြည့်စုံလုံခြုံကြသည်။ ထိုပုဂ္ဂိုလ်စစ် ပုဂ္ဂိုလ်မှန်များကို ပြစ်မှားမိလျှင် ပဋ္ဌာနန္တိယ ကံကြီး ထိုက် ပေ တော့ မည်။ ဒါကြောင့် ပြည် နှင် ဒဏ် ပေး ခံရသော သက်နိုးဝတ်များကို တိုင်းပြည်သို့ပြန်ပင့်ပါလေ၊ကိုးကွယ်ဆည်းကပ်လှူဒါန်းပူဇော်ပြီး သီလများ ခံယူကျင့်သုံးပါလေ၊ အများရဟန်းထဲမှာ အတုအယောင်တွေရှောင်နိုင်ပြီး သိက္ခာပြည့်စုံ အင်္ဂါဂုဏ်ရှိသူတွေကို မပြစ်မှားမိစေနှင့်"

---

ပစ္စေကဗုဒ္ဓါက စေတနာဖြင့် ဆုံးမတော်မူသည်။

"အလှူပေးသူတို့သည် စိတ်စေတနာ သဒ္ဓါ ကြည်လင်ဖို့ လိုရင်းသာဖြစ်သည်၊ အလှူခံပုဂ္ဂိုလ်သည် ကိုယ့်အလုပ်မဟုတ်၊ ပုဂ္ဂိုလ်ယုတ်များဖြစ်သော မုဆိုး၊ တံငါ၊ သေသောက်ကျူးသူ၊ ပြည့်တန်ဆာတို့ပင် ဖြစ်လင့်ကစား စားဝတ်နေရေး အတွက် အခက်ကြုံနေတာတွေ့လျှင် မသေခင် ပေးကမ်းစွန့်ကြဲထိုက်သည်၊ ပေးသာပေး၊ ကျွေးသာကျွေး ကိုယ့်အရေး ကိုယ်တွက်ရမည်၊ သူတို့သည် သူတပါး၏အပြစ်များကို အလွန်ကြည့်လွယ်မြင်လွယ် တတ်ကြ၏၊ မိမိ၏ ဆိုးသွမ်းယုတ်ညစ် အပြစ် မှန်သမျှကိုကား မြင်နိုင်ခဲ့ကြသည်၊ မိမိ၏ ယုတ်မာသောစိတ်ကို သိခဲလှ၏၊ ကိုယ့်အပြစ်ကို ကိုယ်မြင်ခဲလှ၏ မင်းကြီး"

ထိုသို့ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ ဆုံးမ ဟောပြတော်မူသော တရားတော်မြတ်ကို နာကြားရသည့် မင်းကြီးနှင့်တကွ တိုင်းသူပြည်သားတို့သည် ဝမ်းမြောက်ဝမ်းသာ သာမု အနုမောဒနာ ခေါ်ကြသည်။

ပစ္စေကဗုဒ္ဓါဘုရားငယ် အရှင်မြတ်နှင့် သိကြားမင်းတို့သည့် နေရင်းဌာနသို့ မြန်းကြွသွားကြသည်။

ထိုအချိန်မှစ၍ ဘုရင်ကြီးသည် ပြည်နှင်ဒဏ်ပေးလိုက်သော သက်န်းဝတ် ရဟန်းများကို တိုင်းပြည်တွင်းသို့ ပြန်၍သီတင်းသုံး နေထိုင်တော်မူကြရန် မင်းချင်းမင်းစေတို့အား ပင့်ဖိတ် ခေါ်ခိုင်း လိုက်လေသည်။

ရဟန်းယုတ်များသည် လူဝတ်လဲကြပြီး ရဟန်းမြတ်များက အကျင့်မှန် အကျင့်မြတ်ဖြင့် သိက္ခာဂုဏ်မပျက် ဆက်လက်

သီတင်းသုံးလာကြရာ ကာသိတိုင်းမှ နေရောင်ပမာ သာသနာ တော်ကြီး စည်ကားလာသေသည်။

ပြည်သူပြည်သားများကလည်း ပေး၍မကုန် လှူ၍ မခန်း ဆွမ်း ကွမ်း သင်္ကန်း အလှူ့ပယ် လှူဒါန်းကြသည်။ ငါးပါး သီလ ကျင့်သုံးကြသည်။

ရဟန်းကောင်း၊ လူကောင်း၊ ဘုရင်ကောင်း တိုင်းပြည် ကြီးသည် တနေ့ထက်တနေ့ စည်ကားလာ၏။ ဝပြောလာ၏။ ငြိမ်းချမ်းသာယာလာလေသည်။

ထိုဇာတ်တွင် သိကြားမင်းကား ဘုရားအလောင်းတည်း။ လူမင်းကား အာနန္ဒာဖြစ်လေသည်။

ဈာန်ဝိဇ္ဇာသခင် အဘိညာဉ်သမာပတ် ဗြဟ္မာ နတ် သိဒ္ဓိ ဂုဏ် ဘယ်မျှပင် ရှိကြပါကုန်လည်း အဟောင်းမှာ အသစ်ဖြစ် သမျှပျက်၊ အသစ်ဆက်ပေမယ့် တကွဲစီသည်ခန္ဓာ၊ အမြဲမရှိသည် ကို သိနိုင်ကြပါစေသတည်း။

# အခန်း ( ၃ )

## ကျွန်းကြီးလေးကျွန်း

၁။ အရှေ့ကျွန်း ယူဇနာ ခုနစ်ထောင်ရှိ၏။

၂။ တောင်ကျွန်းကား ယူဇနာ တသောင်းရှိ၏။

၃။ အနောက်ကျွန်းကား ယူဇနာ ခုနစ်ထောင်ရှိ၏။

၄။ မြောက်ကျွန်းကား ယူဇနာ ရှစ်ထောင်ရှိ၏။

## ပုံပန်းသဏ္ဍာန်

ဇမ္ဗူဒီပါ (တောင်ကျွန်းသည်) လှည်းဦးသဏ္ဍာန် ရှိ၏။
ပြုဗ္ဗဝိဒေဟာ (အရှေ့ကျွန်းသည်) လထက်ဝက် သဏ္ဍာန် ရှိ၏။

ဥတ္တရကုရု (မြောက်ကျွန်းသည်) လေးထောင့် အင်းပြည် သဏ္ဌာန်ရှိ၏။

အမြဂေါယာ(အနောက်) ကျွန်းသည် လပြည့်ဝန်း သဏ္ဌာန်ရှိ၏။

ထိုကျွန်းများတွင် နေထိုင်ကြသူတို့၏ မျက်နှာသဏ္ဌာန်မှာ မိမိတို့နေထိုင်ကြသော ကျွန်း၏ပုံသဏ္ဌာန်နှင့်တူ၏။

## အသက် အပိုင်းအခြား

တောင်ကျွန်းသား တို့သည် အသက် အပိုင်း အခြားမရှိ၊ ဆုတ်တုံတက်တုံရှိ၏။

အရှေ့ကျွန်းသားတို့ အသက်ကား ခုနစ်ရာနေရ၏။

အနောက် ကျွန်းသားတို့ အသက်ကား ငါးရာနေရ၏။

မြောက်ကျွန်းသားတို့၏ အသက်ကား တထောင် နေရ၏။

မြောက်ကျွန်းသားတို့ အမြဲ အ သက် တန်း တ ထောင်နေရခြင်းမှာ သူတို့သည် သီလမြဲကြ၏။ သူ့အသက်မသတ်ခြင်း၊ သူ့သားမယားမပြစ်မှားခြင်း၊ အရက်သေစာ မသောက်ကျူးခြင်း၊ သူတပါးပစ္စည်းမခိုးမဝှက်ခြင်း၊ လိမ်ညာပြောဆိုခြင်းအမှုမရှိခြင်း စသည့် ငါးပါးသီလမြဲကြ၏။

(ဒီဃနိကာယ် ပိဿဒ္ဓိကျမ်း)

---

စပယ်ဦးစာပေ

## မြောက်ကျွန်းအကြောင်း သိကောင်းစရာ

မြောက်ကျွန်း၌ နေထိုင်ကြသော သူတို့သည် အထူးသဖြင့် အိမ်ယာဆောက်လုပ်၍ နေထိုင်ခြင်း မရှိကြပေ။

သူတို့နေထိုင်ရာ အရပ်ဒေသများတွင် အရိပ်အာဝါသများ ဆန်းကြယ်စွာ ဖုံးလွှမ်းနေသည့် သစ်ပင်ကြီးများက ထိုသူတို့၏ ဘုန်းတန်ခိုးအာနုဘော်ကြောင့် အိပ်ခန်းနေရာကဲ့သို့ ဖြစ်တည်နေကြသည်။ နှလုံး မွေ့လျော်ဘွယ်ရှိသော ထိုသစ်ပင်များ၌ ချမ်းသာစွာ နေထိုင်ကြကုန်၏။

လူမနေထိုင်သော အရပ်ဒေသများမှာလည်း အသီး အပွင့်များဖြင့် ပြည့်လွှမ်းနေသည့် သစ်ပင်အဖိုးတန်များ ပေါက်နေကြ၏။ ဆူးရှိသော သစ်ပင်ချုံနွယ်များမရှိကြချေ။ မြေပြင်မှာလည်း ချိုင့်ဝှမ်းကုန်းကမူဟူ၍မရှိ ချောပြောင်ညီညာနေသည်။

ရေရှိရာအရပ်များတွင်ကြာပဒုမ္မာ၊ကြာပုဏ္ဍရိက်၊ကြာတံဆိပ် စသည်တို့ဖြင့် ပြည့်စုံလျက်ရှိသည်။ ထက်ဝန်းကျင် အရပ်ဒေသတို့တွင် မွှေးရနံ့များ သင်းနေကြိုင်နေစေသည်။

ထိုမြောက်ကျွန်းသူတို့သည် မဝလွန်း၊ မပိန်လွန်း၊မမြင့်လွန်း၊ မနိမ့်လွန်းစသည့် အပြစ်ခြောက်ပါးကင်းလျက် အသက်အရွယ် အဆင်းသဏ္ဍာန်နှင့် ပြည့်စုံကြ၏။

နတ်သား နတ်သမီးများကဲ့သို့ လှပသော အဆင်းသဏ္ဍာန်များ ရှိကြသည်။

---

စပယ်ဦးစာပေ

ထိုကျွန်းသူကျွန်းသားတို့သည် ကုန်သွယ်ခြင်း၊လယ်လုပ်ခြင်း စသည်တို့ကို မပြုလုပ်ကြပေ။ အလိုလိုဖြစ်နေသော နမသလေး ဆန်ကို ထင်းမီးနှင့်မချက်၊ဇောတိပါသာဏမည်သော ကျောက် သုံးလုံးတို့ကို ဖိုခုံလောက်ပုံ၍ ရွှေဖြင့်ပြီးသောအိုး၌ နမသလေး ဆန်ကို ထည့်ပြီးလျှင် ၎င်းကျောက်သုံးလုံးပေါ်၌ တင်လိုက် သည်နှင့် ထို ကျောက်မှ တက်သော အပူဓာတ်ဖြင့် မကြာမီ ကျက်လာခါ ၎င်းအစာကိုသာ စားကြကုန်၏။

တပါးသော အမဲဟင်းလျာများကို စားသောက်ခြင်း မရှိ ကြပေ။

ထို နမသလေးနှင့်တူသော ဩဇာအာဟာရတို့သည် မရှိပြီ။ နတ်တို့ဩဇာနှင့် အတူတူရှိ၏။

ထိုအစာကို စားရသော သူတို့သည် မိမိတို့ စိတ်ဆန္ဒ အလျောက် ချိုစေ၊ ချဉ်စေ စသည့် ရသာခြောက်ပါးနှင့် ပြည့်စုံ လျက် မြိန်မြက်သောအရသာတို့ ဖြစ်ပေါ်စေ၏။

မြောက်ကျွန်းသူ ကျွန်းသားတို့တွင် နူနာ၊ ပွေး၊ ညှင်း၊ တင်းတိပ် စသည့် အနာရောဂါများ အရှင်းမရှိပြီ။

သူတို့သည် လိုချင်ခြင်း၊ တပ်မက်မောခြင်း၊ ဝန်တိုခြင်း စသော လောဘ၊ ဒေါသ၊ မောဟ စသည့် မကောင်းမှု တရား များ ကင်းစင်ကြ၏။

မိမိတို့အရပ်သို့ ရောက်လာကြသော သူတို့အား လိုလေသေး မရှိရအောင် ပေးကမ်း ကူညီလေ့ရှိကြ၏။

တန်ခိုးကြီးသော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ် တို့သည် ထိုအရပ်ဒေသသို့ကြွတော်မူကြပြီးဆွမ်းရပ်တော်မူကြ၏။

---

စပယ်ဦးစာပေ

သူတို့ကိုယ်တိုင်က သဒ္ဓါတရားရှိခြင်း၊ သီလမြဲခြင်း၊ လောဘ၊ ဒေါသကင်းခြင်း စသည့် ဂုဏ်ပုဒ်များကြောင့် ကုန်းခြင်း၊ ကွခြင်း၊ အ,ခြင်း၊ ဆွံ့ခြင်း၊ ကောက်ခြင်း၊ ခွင်ခြင်း၊ ကန်းခြင်း၊ ကျိုးခြင်း စသည့် အင်္ဂါချို့တဲ့မှုများ ကင်းမဲ့ကြလေသည်။

မိန်းကလေးများမှာလည်း မနိမ့်မမြင့်၊ မဆူမကြုံ၊ မထူမပါး၊ မမည်းမဖြူလွန်း ရွှေအဆင်းကဲ့သို့ ရှိကြသည်။ နတ်သမီးတမျှ အလွန်ရှုစဘွယ် တင့်တယ် လှပကြသည်။

ရှည်သော လက်ချောင်း ခြေချောင်း၊ နီထွေးသော လက်သည်း ခြေသည်း၊ မရှည်သော သားမြတ်၊ ငယ်သောဝမ်းလုံး၊ ကျဉ်းသောခါး၊ စေ့စပ်သောပေါင်၊ ငယ်သောအင်္ဂါဇာတ်၊ ငယ်သောမြင်းခေါင်း၊ ကျယ်သောတင်၊ ပြေပြစ်သောအဆစ်။ သေးသောအရိုး၊ ဖြူစင်သောသွား၊ နက်သောချက်၊ လပြည့်ဝန်းကဲ့သို့ မျက်နှာ၊ ကြည်လင်သောမျက်စိ၊ ပိတုန်းရောင်အဆင်းနှင့်တူသော ဆံပင်၊ လဲဝါကွမ်းကဲ့သို့ နူးညံ့သိမ်မွေ့သောကိုယ်၊ မထူသောအမွေး၊ညီညွတ်သောဥတု၊ ပြေပြစ်သောစကား၊ အထူးထူး အပြားပြား ပြည့်စုံကြသည်ဖြစ်၍ တဆယ့်ခြောက်နှစ်အရွယ်သာ ရှိကြကုန်သည်။

ယောကျ်ားတို့မှာသည်း အသက် နှစ်ဆယ်အရွယ်သာ ရှိကြကုန်သည်။

ထို မြောက် ဥတ္တရကုရု ကျွန်းသားတို့သည် လင်မယားနှင့် ခုနစ်ရက်လျှင် တကြိမ်သာ ကာမဂုဏ် ချမ်းသာကို ခံစားမွေ့လျော်ကြ၏။ အခြားသော ရက်တို့တွင် တယောက်အပေါ် တယောက် တဏှာရာဂ ကိလေသာ မီး ငြိမ်းနေကြလျက် ချမ်းသာစွာ နေကြကုန်၏။

ခုနစ်ရက် တကြိမ်သာလျှင် မိမိတို့လင် ကောင်းမှုန်သည်ကိုသာ တပ်မက်သောစိတ် ဖြစ်ပေါ်ကြပြီး အခြားသူတို့ကို ကူးသန်း၍ တပ်မက်မောခြင်း မရှိကြပေ။

သူတို့သည် ကိုယ်ဝန်ဆောင်ခြင်း၊ သားမွေးခြင်း စသည့် ဒုက္ခများ၊ ပင်ပန်းဆင်းရဲမှုဒဏ်များကင်းကာ အေးချမ်းရွှင်လန်း ချမ်းမြေ့စွာ မွေးဖွားသန္ဓေတည်ကြရသည်။ မွေးကင်းစ သူငယ်တို့မှာလည်း ရွှေရုပ်သွန်းဘိသည့်အလား အညစ်အကြေး အမွှေး အမှုင်များကင်းစင်စွာ မွေးဖွားကြရသည်။အညစ်အကြေး လုံးဝ မလိမ်းကျံသဖြင့် အလွန်သန့်ရှင်းစင်ကြယ် တင့်တယ်ချမ်းသာကြ၏။

အမိသည် သူငယ်တို့ကို ဖွားရာ အရပ်၌ပင် ထားခဲ့ကြ၏။ သို့သော်ဘေးအန္တရာယ်အလျဉ်းမရှိ။သူငယ်များက မည်သူ့ကိုမျှ ဒုက္ခမပေး၊ အလိုအလျောက် သွားနိုင်ကြချေ၏။

ထိုအရပ်၌ အဘယ်မည်သော ယောကျ်ား၊ မိန်းမ မဆို မွေးကင်းစ သူငယ်ကလေးများကို မြင်လျှင် မိမိတို့၏ လက်ချောင်းကို သူငယ်အား နို့အမှတ် စို့စေခြင်းဖြင့် ထိုသူငယ်တို့၏ ကံအစွမ်းကြောင့် လက်ချောင်းက နို့ရည်ယိုထွက်ပြီး သောက်ကြရသည်။ သို့ဖြင့် မပူမပင် မကြောင့်မကျ ချမ်းသာစွာကြီးပြင်းလာကြရ၏။

အရွယ်ရောက်လျှင် မိန်းကလေးဖြစ်သော် မိန်းမတို့ကို ကပ်ကြကုန်၏။ ယောကျ်ားလေး ဖြစ်လျှင် ယောကျ်ားများ ရှိရာသို့ သွားရောက်ရောနှော အတူနေထိုင်ကြလေသည်။

သူတို့အတွက် ဝတ်စားဆင်ယင်ရန် အဝတ်တန်ဆာတို့သည် ပဒေသာပင်မှ ရရှိကြ၏။ အထူးထူး အပြားပြား ဆန်းကြယ်စွာသော ခြူးပန်းခြူးနွယ်တို့ဖြင့် ပြီးသည့် ယောကျ်ားဝတ်ဆင်ရန်

ဦးခေါင်းတန်ဆာ၊ ခါးဝတ်တန်ဆာ၊ ခြေတန်ဆာတို့သည် ရတနာခုနစ်ပါးအတိပြီး၏။ ပဒေသာပင်၌ သူ့အလိုလို တွဲလွဲဆွဲလျက် တည်နေကြသည်။ ဖွပ်လျှော်ရန်မလို။ ပူပြင်မွမ်းမံရန်မလို။ လိုသမျှ အလွယ်နှင့် ရနိုင်ကြသည်။

မိန်းမဝတ်ဆင်ရန်ကား ထိပ်အုပ်၊ ချပ်ပန်း၊ နားတောင်း၊ လက်ကြပ်၊ လက်ကောက်၊ ခြေကျဉ်း၊ ခါးစည်း၊ ရင်ဘွဲ့အင်္ကျီ၊ ထဘီ၊ ရွှေခြူးသင်တိုင်း၊ ဘယက်တန်ဆာတို့သည် ပတ္တမြား၊ မြ၊ စိန်၊ ရွှေတို့ဖြင့်ပြိုးပြိုးပြက်သော အရောင်တို့ဖြင့် ပဒေသာပင်၌ တွဲရရွဲဆွဲလျက် တည်နေ၏။

ထို့ပြင် သူတို့အတွက် လိုအပ်သောတီးမှုတ် ကိရိယာ စောင်းညှင်း၊ ပတ်သာ တူရိယာ မျိုးစုံတို့သည် ပဒေသာပင်မှပင် ရရှိနိုင်ကြ၏။

ပစ္စည်းများကို ပဒေသာပင်များက လိုလေသေးမရှိရအောင် သီးပေးသလို၊သစ်ပင်တိုင်းလိုလိုမှာပင် ချိုမြိန်ကောင်းမြတ်သော အရသာနှင့် ပြည့်စုံသည့် သစ်ပင်ကြီးငယ်တို့ ဝေဝေဆာဆာ ပေါက်နေကြသေးသည်။ထိုမှအသီးအနှံတို့ကို စားသုံးမှီဝဲရသဖြင့် ခုနစ်ရက် ပတ်လုံး မွတ်သိပ်ခြင်း ဆန္ဒများ ကင်းပျောက်ကြရသည်။

ထို့ပြင် အလွန်လှပသော ရေပန်း ကြည်းပန်းတို့ဖြင့် ပြွမ်းတီးသော ရေတံခွန်အလှအပလေးများကလည်း ကြည်မောဆွတ်ပျံ့ဘွယ် ကောင်းလောက်အောင် တည်ရှိနေကြသည်။

ထိုကျွန်း၌လူတို့သည်သေသည်ရှိသော်လည်းစိုးရိမ်ငိုကြွေးခြင်း အလျင်းမရှိကြချေ။ သေသောသူ၏ အလောင်းကို ကောင်းမွန်စွာ တန်ဆာဆင်၍ ထားကြကုန်၏။

---

စပယ်ဦးစာပေ

ထိုသို့ထားဖေသာခဏာ၌ လူသေကောင်ချီ ငှက်ကြီးတို့သည် မကြာမတင် ရောက်လာကြကာ သေသောသူ၏ အလောင်းကို မ, ချီ၍ မဟာသမုဒ္ဒရာသို့ သွားချကြ၏။

ထို့ကြောင့် မြောက်ကျွန်းသည် သုသာန် သင်းချိုင်းမှစ၍ မစင်ကြယ်သော အညစ်အကြေးများ မရှိကြချေ။

မြောက်ကျွန်းမှ သေသော သူတို့သည် အပါယ်လေးဘုံတို့၌ မဖြစ်ကြချေ။တာဝတိံသာနတ်ပြည်၌သော်လည်းကောင်း၊မိမိတို့ နေထိုင်ရာ ကျွန်း၌သော်လည်းကောင်း ပြန်သန္ဓေတည်ကြသည်။

ထိုကျွန်း၏ ထူးခြားချက် တရပ်မှာ ဖွတ်၊ ခြင်၊ ယင်၊ မြွေ၊ ဖား၊ ကင်း၊ သန်း၊ ကျား သားရဲတိရစ္ဆာန်စသော ဘေးရန်များ မရှိ၊ အခါခပ်သိမ်း ဥတုသုံးပါး၌ အပူအချမ်းမျှတလေ၏။

ထို့ကြောင့် ဖျားနာခြင်း၊ချောင်းဆိုးခြင်း၊ခေါင်းကိုက်ခြင်း၊ ဝမ်းနာခြင်းစသည့် ခတ်ဖောက်ပြားသည့် ရောဂါ ဝေဒနာ များ ကင်းမဲ့ကြကာ အသက်တထောင်ရှိမှသေလွန်ကြကုန်သည်။

(အင္ဂုတ္တိုရ်ဋ္ဌကထာ)

## အပါယ်လေးဘုံ

ဤလူ့ဘုံနှင့် နတ်ဘုံ ခြောက်ထပ်တို့မှ လူ နတ် သတ္တဝါ တို့သည် သေခြင်းတရား လေးပါးတို့တွင် တပါးပါးဖြင့် စုတေ သေဆုံးသောအခါ အချို့က အကုသိုလ် ကံကြောင့် အပါယ်

လေးဘုံသို့ ရောက်ကြရသည်။ အပါယ်ဘုံတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူ၍ ဘုံလေးဘုံရှိသည်။

ရုပ်ခေတ် သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် တဖန်ပျက်ရစမြဲ ဖြစ်ရကား မည်ကဲ့သို့ပျက်စီးပုံကို သတိပြုသင့်သည်။

## လူ့သက်တမ်း ဆုတ်ပုံ

ကမ္ဘာဦးအခါက လူတို့၏အသက်သည် ကျွန်းကြီးလေးကျွန်း စလုံးမှာပင် အသင်္ချေတိုင်အောင် နေကြရ၏။

ထိုအသင်္ချေယျတမ်းမှိသည့်သတ္တဝါတို့၏သန္တာန်၌ အကုသိုလ် တရားများ တဖြည်းဖြည်း တိုးပွားလာ၍ ဥတု အာဟာရများ ဖောက်ပြန် ယုတ်ညံ့လာသည်။ သို့ဖြင့် လူတို့၏ အသက်တမ်းမှာ လည်း တဖြည်းဖြည်း ဆုတ်ယုတ်လာသည်။

ထိုသို့ ဆုတ်ယုတ် လာရာတွင် မြောက်ကျွန်းသားတို့သည် တထောင်တမ်းသို့ကျလျှင် မတိုးမဆုတ် အမြဲတန့်ရပ်၍ တည်နေ ကြ၏။

အရှေ့ကျွန်း အနောက်ကျွန်းသား တို့ကား ငါးရာတမ်းသို့ ကျရောက်သောအခါ မတိုးမဆုတ် တန့်ရပ် တည်နေကြသည်။

တောင်ကျွန်းသား (ကျွန်ုပ်တို့နေထိုင်ရာ) တို့မူကား ဆယ်နှစ် တမ်းသို့ ကျအောင် ဆုတ်ယုတ် လာကြသည်။ အသက် တရာ တမ်း၌ သလေးဆန်၊ သလေးထမင်းသည် မင်းသုံးမင်းဆောင် ဖြစ်ခဲ့သလို ထိုဆယ်နှစ်တမ်း ရောက်သောအခါ လူးဆန်၊ လူး ထမင်းသည် အကောင်းဆုံးမင်းသုံးမင်းဆောင် ဖြစ်လာရသည်။

## ကပ်သုံးပါး

ငါးနှစ် ရှယ်ရှိသော မိန်းကလေးသည် အချိန် အရွယ် ရောက်သဖြင့် လက်ထပ်မင်္ဂလာ ဆောင်လာကြ၏။ သားနှင့် အမိ သမီးနှင့်အဖ မှားယွင်းကြ၏။ မောင်နှင့်နှမ မှောက်မှား ကြ၏။ ခွေး ဝက်စသော တိရစ္ဆာန်များကဲ့သို့ ဟီရိသြတပ္ပ တရား များ ကင်းမဲ့ လာကြ၏။ ရာဂ၊ ဒေါသ၊ မောဟ တရားများ အလွန်အားကြီးလာကြသည်။

ထိုသို့ ရာဂ လွန်ကဲလွန်းအားကြီး၍ ရောဂါဘေးများနှိပ်စက် လာသဖြင့် ရောဂန္တရကပ် ဖြစ်ပေါ်လာသည်။

ဒေါသလွန်ကဲလွန်းအားကြီး၍ ဓား လက်နက် ဘေး များ နှိပ်စက်လာသဖြင့် သတ္တန္တရကပ် ဖြစ်ပေါ်လာသည်။

မောဟ လွန်ကဲလွန်း အားကြီး၍ ငတ်မွတ် ဘေးများ နှိပ်စက် လာသဖြင့် ဒုဗ္ဘိက္ခန္တရကပ်ကြီး ဖြစ်ပေါ်လာသည်။

ဤ ကပ်ကြီးသုံးပါးတို့တွင် တပါးပါးသော ကပ်သည် ခုနစ် ရက်ပတ်လုံး အရှိန်အဟုန်မြဲစွာ နှိပ်စက်၍ လူတို့သည် သေကြေ ပျက်စီးကြရသည်။

နောင်အခါ ရောက် လာ အံ့ သော ဆယ် နှစ် တမ်း တွင် သတ္တန္တရကပ် ဆိုက်လတ္တံ့။

ထိုအခါ တဦးက ဓားနှင့်ခုတ်မည်ဟု လာလျှင် အခုတ်ခံရ မည့်သူက အနားမှာ ဓားရှိလျှင် ဓား၊ ဓားမရှိလျှင် ထင်းချောင်း

ဖြစ်စေ၊ ဝါးခြမ်းဖြစ်စေ၊ မြက်ပင်ဖြစ်စေ တစုံတခုသော ပစ္စည်းကို ကိုင်လိုက်သည်နှင့် လက်ထဲရောက်က ဓားဖြစ်ကာ ပြန်လည် ခုခံ၏။ ထိုသို့ အချင်းချင်း ခုတ်သတ်၍ သေကြပေလိမ့်မည်။

ထိုခုနစ်ရက်ပတ်လုံး ကပ်ဘေးကြီးပြင်းထန်စွာ ကျရောက်ပြီး နှိပ်စက်သောအခါ ရှေးဘုန်းရှေးကံရှိကြသော အဆင်ခြင် ဉာဏ် ပညာနှင့် ပြည့်စုံကြသူတို့က သေဘေးမှ ကြောက် ရွံ့ကြလျက် အချို့မှာ တောချုံ ဂနိုင်စုံမြိုင် ပိတ်ပေါင်းသို့ ထွက်ပြေး ပုန်း အောင်းနေကြသဖြင့် လူမျိုးမပြတ်ရုံ တရွာလျှင် တ ယောက် နှစ်ယောက် စသည်မျှလောက်သာလျှင် ကျန်ကြတော့သည်။

## သက်တမ်းပြန်လည်တက်ပုံ

ထိုသို့ ပညာသတိဖြင့် မသေ၍ကျန်ရစ်ခဲ့ကြသော သူတို့သည် ခုနစ်ရက် လွန်မြောက်သောအခါ တောချုံများအကြားမှ ထွက် ပြီး မိမိတို့နေရာရွာများသို့ ရောက်လျှင် တဦးနှင့်တဦး တွေ့မြင် ကြသည်။ သည်တွင် လည်ဖက်၍ ဝမ်းနည်းကြေကွဲ ငိုပွဲကြီးဆင် ကြသည်။

'အချင်း လူတွေကား သေကြလေပြီ၊ ငါတို့တတွေသာ ကျန် တော့သည်။ တဦးနှင့်တဦး ခိုက်ရန်ဒေါသ မဖြစ်ကြပဲ၊ ချစ်ချစ် ခင်ခင် ကြင်ကြင် နာနာ မေတ္တာတရား ပွားများကြကုန်အံ့၊ ကရုဏာတရား ပွားများကြကုန်အံ့၊ မုဒိတာတရား ပွားများ ကြကုန်အံ့၊ ငါးပါးသီလများ စောင့်ထိန်းကြကုန်အံ့'ဟု ပြောဆို

ကြပြီး အညီအညွတ်စုဝေး၍ ရွာတည်ထောင်ကာ နေထိုင်ကြလေသည်။

ထိုသို့ ကုသိုလ်တရား၏ အာနုဘော်ကြောင့် ထိုဆယ်နှစ်တမ်းသူတို့မှ မွေးဖွားသော သားသမီးတို့သည် အသက်နှစ်ဆယ်နေလာရ၏။ ထိုနှစ်ဆယ်နှစ်မှ မွေးဖွားသော သား သမီး တို့ သည် လေးဆယ်၊ ထိုလေးဆယ်မှ မွေးဖွားသော သားသမီးတို့သည် ရှစ်ဆယ်၊ ရှစ်ဆယ်မှ မွေးဖွားသော သား သမီး တို့သည် တ ရာ့ခြောက်ဆယ် စသည်ဖြင့် အသက်တမ်းတိုး၍ ရှည်လာပြန်၏။

ဤနည်းဖြင့် တပိုးတပိုးတိုးလျက် အသင်္ချေယျ ကျအောင်တက်သွားသည်။ တက်ကပ်၌ အလျင်အမြန်တက်၏။ ဆုတ်ကပ်၌မူကား တဖြည်းဖြည်းဆုတ်၏။

တဖြည်းဖြည်းဆုတ်ယုတ်မှုကို ကိုယ်တွေ့ သတိပြုသင့်သည်။ ရှေးဝေဿန္တရာမင်းကြီးတို့ဖြစ်တုန်းအခါက တရာတမ်း မြတ်စွာဘုရားပွင့်သည့် အချိန်တိုင်အောင် ရှိသေး၏။ ယခုခေတ်ပင် တရာတမ်းဟု ဆိုရလေဦးမည်။

ထိုသို့ လူတို့၏ အသက်တမ်းသည် သင်္ချေယျမှသည် ဆယ်နှစ်တမ်း၊ ဆယ်နှစ်တမ်းမှ သည် အသင်္ချေယျကျအောင် တည်သော အချိန်ကို အန္တရကပ်တခုဟု သတ်မှတ်၏၊ ယင်းသို့ အန္တရကပ် မျိုးပေါင်း ခြောက်ဆယ့်လေးကပ်မှာ မဟာကပ်ကြီးတကပ်ဟု ခေါ်သည်။

အန္တရကပ်အတွင်း၌ လူတို့၏ရောက်ရာရောက်ရာအသက်တမ်းသည် အာယုကပ်တခုစီ သတ်မှတ်၏။

---

## ကမ္ဘာပျက်ချိန်

အသင်္ချေယျမှသည် ဆယ်နှစ်တမ်း၊ ဆယ်နှစ်တမ်းမှ သည် အသင်္ချေယျသို့ အဖန်ဖန် ဆုတ်ချည်ကပ်ချည်သွားသဖြင့် အန္တရကပ်ပေါင်း ခြောက်ဆယ့် လေးကပ်သည် အသင်္ချေယျတမ်းသို့ ဆိုက်၍စေ့၏။

ထိုအသင်္ချေယျဘမ်း၌ ကုသိုလ် တရား တိုးတက်စည်ကားဆဲ သမ္ပတ္တိအခါဖြစ်၍ ပျက်စီးခြင်းတဖန် အသင်္ချေယျမှ ဆုတ်၍ အလာ၊ တထောင်တမ်းသို့အကျတွင် ကမ္ဘာကြီး ပျက်လေသည်။

## မီးခုနစ်ကြိမ်-ရေတကြိမ်

ကမ္ဘာကြီးပျက်ရာတွင် အချို့သော ကမ္ဘာသည် မီးဖျက်၍ ပျက်၏။ အချို့ ကမ္ဘာမှာ ရေဖျက်၍ ပျက်သည်။ အချို့ ကမ္ဘာမှာ လေဖျက်၍ပျက်သည်။

ထိုသို့ပျက်ရာတွင် မီးချည်းလောင်၍ ခုနစ်ကြိမ်ပျက်၏။

ရှစ်ကြိမ်မြောက်တွင် ကမ္ဘာသည် ရေ ဖျက် ၍ ပျက် ၏။ ထို့နောက် မီးဖျက်သော ကမ္ဘာခုနစ်ကြိမ် ဖြစ်လာ၏။ ရှစ်ကြိမ်မြောက်အခါတွင် ရေဖျက်သောကမ္ဘာ တကြိမ်ဖြစ်လာပြန်၏။

ထိုနည်းအတိုင်း မီးဖျက်ကမ္ဘာ ခုနစ်ကြိမ်၊ ရေ ဖျက် ကမ္ဘာ တကြိမ် စသည်ဖြင့် ပျက်စီးသွားရာ ခြောက် ဆယ့်လေးက မ္ဘာ စေ့ပြည့်၏။

ရေဖျက်နေကြသော ထိုခြောက်ဆယ့်လေးခုမြောက် ကမ္ဘာသည် ရေမဖျက်ပဲ လေဖျက်၍ပျက်၏။ ထို့နောက် မီးဖျက်ကမ္ဘာ ခုနစ်ကြိမ်၊ ရေဖျက်ကမ္ဘာတကြိမ်စသည်ဖြင့် တလှည့်စီ ဖြစ်လာခဲ့ပြန်ရာ ခြောက်ဆယ့် လေးခုမြောက် ကမ္ဘာသည် ရေမဖျက်ပဲ လေဖျက်၍ပျက်၏။ ထိုသို့ အဖန်ဖန် ပျက်စီးနေလေသတည်း။

## ဗြဟ္မာ့ဘုံသို့

အန္တရကပ် ခြောက်ဆယ့်လေးကပ်စေ့၍ အသက် တထောင်တမ်းသို့ရောက်သောအခါ ကမ္ဘာကြီးပျက်ကြောင်း တင်ပြခဲ့ပြီ။

ထိုသို့ ကမ္ဘာကြီးမပျက်မီအနှစ်တသိန်းလောက်ကဗြဟ္မာကြီးတို့ ပြောကြားသဖြင့် ကမ္ဘာပျက်မည့် အကြောင်းကို လောကဗျူဟာနတ်တို့က သိရှိကြကုန်၏။

သည်တွင် လူ့ပြည်သို့ လာ၍ အဝတ်နီများ ဝတ်ဆင်ပြီး ပန်းနီများပန်ဆင်ကာ ဆံပင်ဖားလျားချလျက် ငိုကြွေးပြကြ၏။ အလွန်သနားစရာထိတ်လန့်ဘွယ်ရာအသွင်ကိုဆောင်၍ လူ့ပြည်ခရီးလှည့်လည်ကာ သတိပေးကြ၏။

"အို.... လူအပေါင်းတို့ ဤကမ္ဘာပျက်ကြီး ဘေးမှ လွတ်မြောက်ရန် ဗြဟ္မာပြည်သို့ရောက်ရအောင် ကုသိုလ်ကောင်းမှုကို မမေ့မလျော့ အားထုတ်ကြကုန်လော့၊ အမိအဘတို့ကို ကောင်းမွန်စွာလုပ်ကျွေးကြကုန်လော့၊ အသက်ရက်ကြီးသော သူတို့ကို ကောင်းမွန်စွာရိုသေကြကုန်လော့၊သီတင်းသီလဆောက်တည်ကြကုန်၊တဦးနှင့်တဦး မေတ္တာတရားပွားများကုန်၊မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတရား ပွားများ ကြကုန်၊ ကုသိုလ်စျာန်

တရားများ ပွားများ အားထုတ်ကြကုန်၊ မမေ့ မလျော့ကြလေနှင့်"

သတိပေးနှိုးဆော်ပြီး သူတို့နေထိုင်ရာ နတ်ပြည်သို့ပြန်သွားကြလေသည်။

မဟာ လောကဓာတ်ကြီး အတွင်း၌ ကိုယ့် စကြဝဠာ၌ ကိုယ့်နတ်အားဖြင့် စကြဝဠာတိုင်းမှာပင် ပြောကြားကြသည်ဟု သိရမည်။

နတ်များသတိပေးစကားကြားရသော လူအပေါင်းတို့သည် အလွန် ထိတ်လန့် ကြောက်ရွံ့ကြလျက် ကုသိုလ်ကောင်းမှုကို ပြင်းပြင်းထန်ထန် အားထုတ်ကြလေသည်။ ဗြဟ္မဝိဟာရတရား၊ ကသိုဏ်းတို့ကို ဂရုစိုက်အားထုတ်ကြသည်။

ထိုသို့ ဝီရိယထားအားထုတ်ကြ၍ အချို့မှာ မျက်မှောက်ဘဝ၌ပင်စျာန်ကိုရ၍စုတေသောအခါ ဗြဟ္မာ့ပြည်သို့ရောက်ကြသည်။

မျက်မှောက်ဘဝ၌ စျာန်မရကြသော သူတို့မှာလည်း သေဆုံးသောအခါ အားထုတ်ခဲ့သော ကုသိုလ်အရှိန်ကြောင့် နတ်ပြည်သို့ရောက်ကြ၍ နတ်ပြည်မှစျာန်ကိုရအောင် အားထုတ်ပြီး စုတေသောအခါ ဗြဟ္မာပြည်သို့ ရောက်ကြ၏။ ကြယ်နတ်သား၊ လနတ်သား၊နေနတ်သားတို့လည်းစျာန်ကိုရအောင်အားထုတ်၍ စုတေသောအခါ ဗြဟ္မာပြည်သို့ချည်းရောက်ကြ၏။

ကြယ်ဗိမာန်၊ လဗိမာန်၊ နေဗိမာန်တို့တွင် သတ္တဝါကင်းမဲ့စွာဖြင့် သွားမြဲတိုင်း သွားနေကြသည်။ ပျက်စီး လတ္တံ့သော အောက်ဘုံမှ လူနတ်သတ္တဝါအပေါင်းတို့သည် အထက်စျာန်ကို ရအောင်အားထုတ်၍ စုတေသောအခါ မပျက်စီးမည့် အထက်ဗြဟ္မာဘုံသို့ချည်း ရောက်ကြလေသည်။

## အပါယ်လေးဘုံမှ လွတ်ပုံ

အပါယ်လေးဘုံမှသတ္တဝါတို့သည် မိမိတို့ရှေးက ပြုခဲ့ဘူးသော ကုသိုလ်ကံ ထောက်မသဖြင့် အားလုံး အပါယ်လေးဘုံမှ လွတ်မြောက်ကာ လူ့ဘုံနတ်ဘုံ သုဂတိဘဝသို့ ရောက်ကြရသည်။ ထို့နောက် ဈာန်တရားများရအောင် အားထုတ်ကြပြီး ဗြဟ္မာပြည်သို့ချည်း ရောက်ကြကုန်၏။

"နိယတမိစ္ဆာဒိဋ္ဌိ ငရဲသားတို့သည် သံသရာက ဘယ်သောအခါမှ မကျွတ်လွတ်ရပဲ သံသရာ၌ အမြဲ ကျင်လည်နေသော သံသရာသစ်ငုတ်ဖြစ်သည်။ကမ္ဘာပျက်သော်လည်း ဗြဟ္မာပြည်သို့ မတက်ရောက်ရပဲ မြေကြီး၌၊ မြေကြီးတည်ရာ၌ အမြဲကျန်ရစ်နေရသော မြေစောင့်ကောင်သာတည်း" ဟု ဆိုတတ်ကြ၏။

စင်စစ် ထိုသို့မဟုတ်....

ကျွတ်ချိန်တန်သော အချိန်တွင် တရားအားထုတ်၍ ရဟန္တာဖြစ်ပြီး သံသရာမှ လွတ်မြောက်နိုင်၏။ သည် အကြောင်း ကို ဗုဒ္ဓက ပဋ္ဌာန်းပါဠိတော်တွင် ဟောတော်မူခဲ့သည်။

"ရှေးအခါက နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်ခဲ့ဖူးသော အရိယာပုဂ္ဂိုလ်တို့သည် မဂ်ဖြင့် မိမိကိုယ်တိုင် ပယ်အပ်ပြီး ရှေးမိစ္ဆာဒိဋ္ဌိဖြစ်စဉ်အခါ၌ မိမိသန္တာန်၌ ဖြစ်ခဲ့ဖူးသော ကိလေသာ အညစ်အကြေးများကို ပြန်သိကာ အနိစ္စအားဖြင့် ဝိပဿနာ ရှုကြကုန်၏"

ကမ္ဘာပျက်တောင်မှ ငရဲမှမလွတ်ရပဲ အမြဲခံ၍နေရသောသူ ဟူ၍ မရှိဟုမှတ်ရမည်။အားလုံးလွတ်၍ ဗြဟ္မာ့ဘုံသို့ချည်းရောက် ကြ၏။ အခြား မဟာ လောကဓာတ် စကြဝဠာ သို့လည်း မရောက်နိုင်၊ ကိုယ့်လော ကဓာတ် စကြဝဠာ၌သာ အမြဲ ကျင်လည်ရ၏။ ဖြစ်ရ၏ဟူ၍ကား အမြဲနိယာမ မရှိ။ သို့သော် တခုသော မဟာ လောကဓာတ် အတွင်းက သတ္တဝါသည် အခြားမဟာလောကဓာတ်သို့ ကူးပြောင်းခဲ၏။

သတ္တဝါတို့မည်သည် မိမိတို့ကြားဖူး၊ ရောက်ဖူး၊ ဖြစ်ဖူး သော အရပ်၌သာဖြစ်ကြ၏။မကြားဘူး မရောက်ဘူး မဖြစ်ဘူး သောအရပ်၌ ဖြစ်ခဲ၏။ထိုသို့ ဖြစ်ခဲကြောင်းကို ရောဟိဘသဝတ္ထု အင်္ဂုတ္တရပါဠိတော်လာ ဒါနုပ ပတ္တိသုတ်စသည်တို့ကိုထောက်ရှု နိုင်သည်။

## ကမ္ဘာပျက်ပုံအခြင်းအရာ

ကမ္ဘာပျက်တော့မည့် နိမိတ်များဖြစ်၍ သတ္တဝါတို့ ဗြဟ္မာ ပြည်သို့ တက်ကြဆဲအခါ လူ့ပြည်၌ လူမကုန်ခင် အနှစ်တသန်း လောက်ကျလျှင် ကမ္ဘာပျက်မိုးကြီး သည်းထန်စွာတကြိမ်ရွာ၏။ သည်တွင် ကြွင်းကျန်သေးသောသူတို့က မျိုးစပါးတို့ကို ထုတ်၍ ကြဲကြကုန်၏။

ယင်းသို့ကြဲလိုက်သော မျိုးများသည် အိမ်သို့ပြန်၍ မဝင် ကြတော့ပေ။ အပြီးတိုင် မိုးခေါင် လေတော့သည်။ ထိုအခါ

လူများ သေကြေ ပျက်စီး၍ နတ်ပြည်သို့ရောက်ကြသည်။ နတ်ပြည်၌ စျာန်ကိုရအောင် အားထုတ်ပြီးလျှင် ဗြဟ္မာပြည်သို့ ရောက်ကြရသည်။

ထို ကမ္ဘာပျက် မိုးကြီး သည်းထန်စွာ တကြိမ် ရွာပြီးသည်နောက် မိုးကောင်းကင်သည် မြည်ဟီးသကဲ့သို့ မြည်ဟိန်း၍ တပေါက်မျှမကျပဲ အပြီးတိုင် မိုးပြတ်သွားပြီးနောက် အနှစ်တသိန်းလောက် ရောက်သောအခါ (မီးဖျက်မည့်ကမ္ဘာဖြစ်က) မဟာ လောကဓာတ်ကြီးအတွင်း စကြ၀ဠာ တိုင်းမှာပင် နေနှစ်စင်း ထွက်လာ၏။

ထို့နောက် အစဉ်အတိုင်း သုံးစင်း၊ လေးစင်း၊ ငါးစင်း၊ ခြောက်စင်း၊ ခုနစ်စင်းထွက်၍စကြ၀ဠာခံရေနှင့်တကွ စကြ၀ဠာ မဟာလောကဓာတ်ကြီးကို မီးတွေလောင်၍ နေဗိမာန်ဘုံနှင့်တကွ နတ်တွေ ပထမစျာန် ဗြဟ္မာ့ဘုံတို့ကိုပါ လောင်ကျွမ်းပစ်လိုက်သည်။ လောင်စာကုန်တော့မှ မီးလျှံစဲလေသည်။

အထက်ကောင်းကင်နှင့် အောက်ကောင်းကင် တစပ်တည်း စပ်လျက် ဟင်းလင်းပြင် ကောင်းကင် အမိုက်မှောင်ကြီးအတိ ဖြစ်သွားလေသည်။

အကယ်၍ ရေဖျက်မည့် ကမ္ဘာဆိုလျှင် အလွန် ခါးသော အလွန်ငန်သောရေငန်မိုးကြီးရွာ၍စကြ၀ဠာမဟာလောကဓာတ်ကြီးကို အကုန်လုံးကြေမွစေကာ အရည် ပျော်စေသည်။ နတ်ဘုံ ပထမစျာန်၊ဒုတိယစျာန် ဗြဟ္မာ့ဘုံတို့ကိုပါ ကြေမွစေ၍ အရည်ဖြစ်စေပြီး စကြ၀ဠာခံရေနှင့်တကွ ထိုကမ္ဘာဖျက်ရေငန်တို့သည် အလျင်အမြန် ကွယ်ချုပ်လေ၏။

---

အထက်ကောင်းကင်နှင့် အောက်ကောင်းကင် တစပ်တည်း စပ်လျက် ဟင်းလင်းအပြင် ကောင်းကင်အမိုက်မှောင်ကြီးအတိ ဖြစ်သွားလေသည်။

အကယ်၍ လေဖျက်မည့်ကမ္ဘာဆိုလျှင်အလွန်ပြင်းထန်သော လေတို့သည် ထ၍ ဖုံမှုန့်၊ ဧမြခဲ၊ ကျောက်ခဲတို့ကို ကောင်းကင်သို့ လွင့်ပျံ့စေ၏။ ကြာလျှင် ကျောက်ဖျာ၊ ကျောက်ထွင့်၊ တောင်ထွင့် များကိုပါ ကောင်းကင်သို့ လွင့်ပျံ့စေ၏။ ဟိမဝန္တာတောင်၊ စကြဝဠာတောင်၊ မြင့်မိုရ်တောင်တို့ကိုပါ လွင့်စေ၏။

စကြဝဠာ မဟာ ပထဝီမြေကြီးပါ အစိတ်စိတ် အမြွာမြွာ ကွဲအက်လျက် ကောင်းကင်သို့လွင့်စေ၏။ စကြဝဠာ ခံရေတို့ကို လည်း ဖရိုဖရဲကောင်းကင်သို့လွင့်စေ၏။ ကြယ်ဗိမာန်၊ နေဗိမာန်၊ နတ်ဘုံဗိမာန်၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန် ဗြဟ္မာဘုံ ဗိမာန်တို့ပါ လွင့်ပါးပျက်ကြွေကုန်၏။

ကမ္ဘာဖျက်လေက ဖျက်ဆီး၍ ပျက်စီးသွားသော ဤမဟာ လောကဓာတ်အတွင်းမှ ကောင်းကင်သို့ လွင့်လေသည့် အစိုင် အခဲမှုန်သမျှတို့သည် စကြဝဠာ အချင်း ချင်း အား ဖြင့် လည်း ကောင်း၊ မြင့်မိုရ်တောင်နှင့် စကြဝဠာအားဖြင့် လည်းကောင်း၊ မြင့်မိုရ်နှင့် ဘုံဗိမာန်အားဖြင့် လည်းကောင်း၊ တခုနှင့်တခု ထိခိုက် ကြ၍ မှုန့်မှုန့်ညက်ညက် ကြေမွပျက်ကုန်ကြ၏။

သည်တော့မှ ကမ္ဘာလေများ ငြိမ်သက်ကာ ချုပ်ပျောက် သွားလေသည်။ အထက်ကောင်းကင်နှင့် အောက်ကောင်းကင် တစပ်တည်းစပ်လျက် ဟင်းလင်းပြင်ကောင်းကင် အမိုက်မှောင် ကြီး ဖြစ်သွားလေသည်။

---

စပယ်ဦးစာပေ

## ကပ်ကမ္ဘာဖွဲ့ပုံ

ကမ္ဘာဖျက်မိုးကြီးရွာသည်မှစ၍ ဟင်းလင်းပြင် ကောင်းကင်အတိ ဖြစ်သည့်တိုင်အောင် ပျက်စီးဆဲဖြစ်သော အချိန်ကိုသံဝဋ္ဋအသင်္ချေယျကပ် ခေါ်၏။

ဟင်းလင်းပြင် ကောင်းကင်အတိ ဖြစ်သည်မှစ၍ ကမ္ဘာပြုမိုးကြီးရွာသည့်တိုင်အောင် ပျက်စီးပြီး၍တည်နေသောအချိန်ကို သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ခေါ်၏။

ကမ္ဘာပြုမိုးကြီးရွာသည်မှစ၍ နေ လ နက္ခတ်များ ပေါ်သည့်တိုင်အောင်ပျက်ပြီး၍ ဖြစ်ပြန်ဆဲဆဲအချိန်ကို ဝိဝဋ္ဋအသင်္ချေယျကပ် ခေါ်၏။

နေ လ နက္ခတ်ပေါ်သောနေ့မှစ၍ တဖန်ကမ္ဘာပျက် မိုးကြီးရွာသည့်တိုင်အောင် ဖြစ်ပြီး တည်နေသောအချိန်ကို ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ခေါ်၏။

ဤ အသင်္ချေယျကပ်လေးခုသည် အချိန်ကာလ အညီအမျှရှိကြ၏။ အန္တရကပ် ခြောက်ဆယ့်လေးကပ်စာ စီချည်း ရှိကြ၏။ ဤအသင်္ချေယျကပ်လေးခုအပေါင်းသည် တခုသော မဟာကပ်ခေါ်၏။ ဤမဟာကပ် တခုကိုပင် တကမ္ဘာဟု ခေါ်လေသည်။

"ကျွန်ုပ်တို့ ဤဘဒ္ဒကမ္ဘာကို မီးဖျက်လတ္တံ့။ ယခုအခါကား အန္တရကပ် ဆယ့်တကပ် လွန်၍ ဆယ့်နှစ်ကပ် တွင်းသို့ရောက်ပေပြီ။ ယခု ရောက်လာမည့် ဆယ်နှစ် တမ်းမှ တက်၍ အသင်္ချေယျသို့ ကျလျှင် ဆယ့်နှစ်ကပ် လုံးလုံး ပြည့် ပေမည်။

---

စပယ်ဦးစာပေ

နောက် ငါးဆယ့်နှစ်ကပ် အလွန် အသက်တထောင်တမ်းသို့ကျ ရောက်သောအခါ လောကဗျူဟာနတ်တို့ ကြွေးကြော် ပြော ကြားမည့် ကပ္ပ ကောလာဟလဖြစ်ပြီး ကမ္ဘာပျက်ပေလိမ့်မည်။

ထိုသို့ ကမ္ဘာပျက်ပုံကို မြတ်စွာဘုရားက အနိစ္စ ဝိပဿက တောနေ ရဟန်းငါးရာတို့အား ဟောကြား ညွှန်ပြတော်မူရာ တရားတော် ဆုံးလျှင် ထိုရဟန်းငါးရာသည် အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်”

(သတ္တသူရိယ သုတ်)

## ဘုရားလေးဆူ ပွင့်ရာကာလ

ကမ္ဘာဦးမှ စ၍ရေသော် ကိုးခုမြောက်သော အန္တရကပ် ဆုတ်တုန်းအခါ လေးသောင်းတမ်း၌ **ကကုသန်ဘုရား** ပွင့်တော် မူ၏။

ထိုအချိန်က ဝေပုလ္လတောင်သည် လေးယူဇနာလောက် မြင့်သဖြင့် လေးရက်တက် လေးရက်ဆင်း ခရီးရှိ၏။

ထိုနောက် ဆယ်ခုမြောက်သော အန္တရကပ် ဆုတ်တုန်းအခါ သုံးသောင်းတမ်း၌ **ကောနာဂုံဘုရား** ပွင့်တော်မူ၏။

ထိုအခါ ဘုရားနှစ်ဆူ ကြားကာလ မြေကြီးတယူဇနာ အပေါ်သို့တက်၏။ ဝေပုလ္လတောင်သည် တယူဇနာ မြေအတွင်း သို့မြုပ်၍ သုံးယူဇနာလောက်သာမြင့်တော့သဖြင့် သုံးရက်တက်၊ သုံးရက်ဆင်း ခရီးရှိ၏။

တဆယ့်တခု မြောက်သော အန္တရကပ် ဆုတ်တုန်းအခါ နှစ်သောင်းတမ်း၌ **ကဿပဘုရား** ပွင့်တော်မူ၏။

ထိုအခါ ဝေပုလ္လတောင်သည် တယူဇနာ မြေအတွင်းသို့ မြုပ်ပြန်၍ နှစ်ယူဇနာလောက်သာ မြင့်သဖြင့် နှစ်ရက်တက်၊ နှစ်ရက်ဆင်း ခရီးရှိ၏။

တဆယ့် နှစ်ခုမြောက်သော အန္တရကပ် ဆုတ်တုန်းအခါ၌ **ဂေါတမ**ဘုရားသည် အကယ်၍ တသောင်းတမ်း၌ ပွင့်ငြားအံ့။ ဝေပုလ္လတောင်သည် တယူဇနာ မြေမြုပ်ပြန်၍ တယူဇနာမြင့်သဖြင့် တရက်တက်၊ တရက်ဆင်းခရီးရှိရာ၏။ သို့သော် ဂေါတမ မြတ်စွာဘုရားသည် ဉာဏ်ပါရမီ မရင့်သန်သေးသဖြင့် အချိန်ကုန်လွန်စေ၍ တရာတမ်းသို့ကျမှ ပွင့်တော်မူ၏။ ထို့ကြောင့် ဝေပုလ္လတောင်သည် တယူဇနာမမြင့်ပဲ တမဟုတ်တက် တမဟုတ်ဆင်း ခရီးမျှလောက်သာ မြင့်လေတော့သည်။

သည်သို့ ကမ္ဘာအထပ်ထပ် ပျက်စီးနေပုံ၊ သခါရတို့၏မမြဲပုံကို ပြသော ဝေပုလ္လသုတ်ဖြင့် မြတ်စွာဘုရား ဟောကြား ဆုံးမတော် မူခဲ့သည်။

ကမ္ဘာ အထပ်ထပ် ပျက်နေသလို၊ သတ္တဝါတွေသည် အထပ်ထပ် ပျက်နေကြသည်။ တကောင်း အဘိရာဇာမှစ၍ ယခု ကျွန်ုပ်တို့ခေတ်တိုင်အောင် ကြည့်ဦးလော့၊ တိုင်းသူပြည်သားတို့နှင့်တကွ မြို့ပေါင်းများစွာ၊ မင်းပေါင်းများစွာ၊ မြို့အဆက်ဆက်၊ မင်းအဆက်ဆက် သေပျောက်ပျက်စီးခဲ့လေပြီ။ အမည်ဝေါဟာရမျှသာ ကျန်ရှိတော့သည်။ သည်အမည်ဝေါဟာရများမှာလည်း နောင်ကြာမြင့်သောအခါတွင် ကွယ်ပျောက်လေဦးမည်။

လောကသဘာဝကိုက ဖြစ်ပြီးပျက်ရ၏။

မည်မျှပျက်ခဲ့လေပြီကို ပမာပြုရလျှင်....

ဤမဟာပထဝီမြေကြီးကို အားလုံး ဇီးစေ့လောက်၊ ဇီးစေ့လောက်လုံး၍"ဤကားငါ့အမိတည်း"ဟု တလုံးစီချ၍ ရေတွက်သွားလျှင် ဇီးစေ့လောက် မြေလုံးများသာ ကုန်ရာ၏။ သတ္တဝါတဦး၏ အမိအဆက်ဆက်တို့သည် မကုန်နိုင်ပေ။ အကြောင်းမှာ သံသရာအစွန်း ကာလကြီး အလွန်ရှည်လျားသောကြောင့်တည်း။

ဤကမ္ဘာလောကတွင် လွန်ခဲ့ပြီးသော အနန္တရကပ် ဆယ့်နှစ်ခုအတွင်း၌ ဖြစ်လေခဲ့ပြီးသော ဘဝပေါင်း၊ ခန္ဓာကိုယ်ပေါင်း အရိုးစုပေါင်းတို့သည် များပြား လှပေသည်။ ထိုဘဝ ခန္ဓာ အရိုးစုသည် သေပျောက်ပျက်စီးခဲ့လေပြီ။

ယခု တည်ရှိနေသော သူတို့လည်း တနေ့ ကေန်စင်စစ် သေပျောက် ပျက်စီးကြရချေဦးမည်။ သုံးဆယ့်တဘုံ၌ ယခုတည်ရှိနေသော အလုံးစုံသော သတ္တဝါတို့သည်လည်း ကေန်မုချ သေပျောက်ပျက်စီးကြရဦးမည်။ အလုံးစုံသောဘဝသည် အမြဲမရှိပြီ။

သည်အကြောင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားက အဘိဓမ္မာ ဝိဘင်း ပါဠိတော်ဖြင့် ဟောတော်မူခဲ့သည်။

"အို.... နတ်အပေါင်းတို့၊ ရှေးက ကောင်းမှု ကုသိုလ်ကံကြောင့် ကာမဘုံ၊ ရူပဘုံသို့ ရောက်ကြရသည့် သတ္တဝါတို့သည်လည်း တနေ့ အပါယ် ဘုံသို့ ရောက်ကြပြန် လေကုန်၏။

ထိုကမ္ဘာကြီး ရှစ်သောင်း လေးထောင် သက်တမ်းမျှရှိကုန်သော သတ္တဝါတို့သည်လည်း အသက်တမ်း ကုန်ခြင်းကြောင့် သေဆုံးရလေကုန်၏။ မပျက်စီးပဲ အမြဲတည်နေသော ဘဝဟူသည် မရှိ။

ထို့ကြောင့် ပါရမီရင့်သူနှင့် သတိပညာ ရှိသူတို့သည် အို-နာ သေရေး ဒုက္ခဘေးတို့မှ ကင်းဝေးရာ မြင့်မြတ်သော မဂ်တရားကို ပွားများကြကုန်၏။

ထိုသူတို့သည် နိဗ္ဗာန်သို့ သက်ဝင်ဆိုက်ရောက်စေတတ်သော စင်ကြယ်သည့် မဂ်တရားပွားများကြကုန်၏။ ဘုံဘဝအလုံးစုံကို သိမြင်၍ (ဒိဗ္ဗစက္ခုရ၍) ဒုက္ခအမှန်တည်းဟု ပိုင်ပိုင်နိုင်နိုင် သိခြင်းကြောင့် အာသဝေါတရား ကင်းကာ ဘဝတခုမျှမဖြစ် စင်စစ် ပျောက်ငြိမ်းရလေသည်။

ဤသို့ အပျက်တရားများပြ၍ နိဗ္ဗာန်ကို ဗုဒ္ဓညွှန်ပြတော်မူခဲ့သည်။

## အခန်း ( ၄ )

## ကမ္ဘာကြီးပျက်ပုံနှင့် ပြန်ဖြစ်လာပုံ

သည်ကမ္ဘာကြီး မဖြစ်ပေါ်မီ အနန္တရ ဒုတိယကမ္ဘာကြီးကို မီးများလောင်ကျွမ်း၍ အားလုံး ပျက်စီးခဲ့သည်။ စကြာဝဠာ ကုဋေတသိန်းလုံး ဘာမျှမကျန်အောင် မီးလောင်၍ ပျက်စီး ချုပ်ပျောက်ခဲ့ရသည်။

စကြာဝဠာ ကုဋေတသိန်းကိုခံထားသော ယူဇနာလေးသိန်း ရှစ်သောင်း အထုရှိသည့် စကြာဝဠာခံ ရေပြင်ကြီးမှာလည်း နှင်းပေါက်လောက်မျှ မကျန်အောင် အားလုံး ခန်းခြောက်၍ ပျောက်ကွယ်ကုန်သည်။

လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်၊ ပထမစျာန်ဗြဟ္မာ့ဘုံ သုံးဘုံထိ ရှိရှိသမျှ အစိုင်အခဲ၊ ရုပ်ဝတ္ထုအားလုံး မီးလောင်ကုန်သည်။ မီးသွေးမျှပင်မကျန်ပြီ။ ပြာကအစ အားလုံးချုပ်ပျောက်ကုန်၏။

အထက်ကောင်းကင်နှင့် အောက်ကောင်းကင် တစပ်တည်း ထပ်လျက် ဟာလာ ဟင်းလင်း အမိုက်တိုက်ကြီး ဖြစ်နေ၏။ အပါယ်လေးဘုံသတ္တဝါ၊ လူသတ္တဝါ၊ နတ်သတ္တဝါ၊ ပထမစျာန် ဘုံ ဗြဟ္မာ သတ္တဝါတွေကလည်း အကုန်လုံး သေကြေပျောက် ပျက်လျက် အထက်တတိယစျာန် ဗြဟ္မာ့ဘုံသို့ ရောက်ကြကာ ဗြဟ္မာတွေချည်း ဖြစ်ကုန်ကြ၏။ အများအားဖြင့် အာဘဿရ ဗြဟ္မာဘုံသို့ ရောက်ကြသည်။

မီးလောင်ပြင် ဟာလာ ဟင်းလင်းကြီးထဲတွင် မှောင်ရုပ် မီးကလာပ်များသာ ကျန်ရှိသည်။ မှောင်ရုပ် မီးကလာပ်သည် သေးလွန်း၍ ရုပ်ဟူ၍ပင်မခေါ်ဆို၊ မရေတွက်နိုင်။ ကောင်းကင် အာကာသဓာတ်ဟူ၍သာ ခေါ်ဆိုရေတွက်ကြ၏။

ယင်းသို့ မီးများလောင်ကျွမ်း၍ ပျက်စီးပြီးနောက် ကာလ ရှည်ကြာစွာနေပြီးသောအခါ အထက်ပိုင်း မှောင်ရုပ်မီးကလာပ် တို့က အအေးလွန်ကဲ၍ အောက်ပိုင်းမှောင်ရုပ် မီးကလာပ်တို့က အပူလွန်ကဲပြီး အထက်သို့ တက်လာရာ အအေးမီး(သီတမီး)နှင့် တွေ့ထိ၍ ချွေးပြန်လျက် အရည်များ ပြောင်းလဲပြီး မိုးရွာချ သည်။

### အာကာသဌာဘုံများ

ထိုမိုးသည် ယူဇနာ ကိုးသိန်းခြောက်သောင်း အထုရှိသော လေပြင်ကြီးကိုဖြတ်၍ အထက်ပထမစျာန် ဗြဟ္မာ့ဘုံ သုံးဘုံအထိ၊ နံ့ဘေးထက်ဝန်းကျင်ကိုလည်း စကြဝဠာ ကုဋေတသိန်းတိုင်တိုင် မီးလောင်ရာ ဌာနအကုန်လုံးတွင် ရေများပြည့်လွှမ်းစေ၏။

---

စပယ်ဦးစာပေ

ထိုရေများသည် လှိုင်းထလျက်၊ အနယ်ကျလျက်၊ ပျစ်လျက်-တဖြည်းဖြည်း ခန်း၍ခြောက်၍ လျော့ကျလာသဖြင့် ကာလရှည်ကြာသော အခါ ပထမစျာန်ဗြဟ္မာ့ဘုံ နေရာအောက်သို့ ရောက်၏။

ထိုအခါ ပထမစျာန်ဘုံနေရာ၌ သတ္တဝါများကင်းမဲ့နေသော ဗြဟ္မာ့ဘုံဗိမာန်ကြီး ပြန်လည် ဖြစ်ပေါ်လာသည်။ သည်တွင် အထက်ဗြဟ္မာ့ဘုံတို့မှ ဗြဟ္မာသတ္တဝါတို့ မရဏာပုဗ္ဗတ္တိ သုံးပါး အနက် တပါးပါးဖြင့်စုတေသေဆုံးပြီး ထိုဘုံဗိမာန်သို့ ရောက်ကာ ဗြဟ္မာဖြစ်သွားသည်။

ဤကား ပျက်စီးဆိတ်သုဉ်းသွားသော လောကကြီး အသစ်တဖန် ဖြစ်ပေါ်တည်ထောင်လာပုံတည်း။

ထိုသို့ ရေများ တဖြည်းဖြည်းခန်း၍ လျော့ကျ၍ လာသဖြင့် ဝသဝတ္တီ နတ်ဘုံနေရာသို့ ရောက်လျှင် ထိုဝသဝတ္တီ နတ်ဘုံနေရာ၌ သတ္တဝါများ ကင်းမဲ့လျက်ရှိသော နတ်ဘုံဗိမာန်ကြီး ပေါ်လာ၏။

ထိုအခါ အထက်ဗြဟ္မာဘုံတို့မှ ဗြဟ္မာတို့ စုတေဆုံး၍ သတ္တဝါမရှိသော ဤနတ်ဘုံဗိမာန်တွင် ဝသဝတ္တီနတ်များ ဖြစ်ကြကုန်သည်။

ထိုသို့အားဖြင့် ရေများ လျော့ကျ ခန်းခြောက်၍ အစဉ်အတိုင်း နိမ္မာနရတိနတ်ဘုံ၊ တုသိတာနတ်ဘုံ၊ ယာမာနတ်ဘုံတို့ ဖြစ်ပေါ် လာကြသည်။ ထိုဘုံ များသည် ကောင်းကင်၌တည်ရှိသော အာကာသဋ္ဌဘုံစုဟုခေါ်သည်။

---

ရေများတဖြည်းဖြည်းခန်းပြီးလျော့ကျလာသဖြင့် တာဝတိံသာနတ်ဘုံ တည်နေရာ မြင့်မိုရ်တောင်ထိပ်ဖျားအရပ်သို့ ရောက်လျှင် ထိုမြင့်မိုရ်တောင်ဖြစ်မည့်နေရာ၌ ရေများ ပျစ်ခဲ့ကုန်၏။ မြေမှုန့်တပြည် ရေနှစ်ပြည် ရောမွှေထားသကဲ့သို့ဖြစ်သည်။ ကာလကြာသော် ရွှံ့ပျစ်ခဲ့ကြီး ရွှံ့လွှာခဲကြီးဖြစ်လာ၏။ ဤရွှံ့လွှာခဲကြီးသည် လှည်းဘီးကြီးသဏ္ဌာန် အကျယ်မှာ စတုရန်းယူဇနာ ရှစ်သောင်း လေးထောင် ကျယ်၏။ ဤရွှံ့လွှာခဲကြီး၏ နံဘေး ထက်ဝန်းကျင်ရေစုမှာ အလွန်ကြည်လင်၏။ ကာလကြာသော် ထိုရေကြည်ရေကဲ့တို့ ခန်းခြောက်လျော့ကျလာသည်။

မြင့်မိုရ်ရွှံ့လွှာခဲကြီးကား မလျော့ကျဘဲ အခဲသိုက် အထပ်လိုက် ထူ၍ ထူ၍လိုက်လာ၏။

ထိုရေများ လျော့ကျလာ၍ စကြဝဠာ တံတိုင်းထိပ်များ ပေါက်ရောက်လျှင် စကြဝဠာတံတိုင်းဖြစ်မည့်နေရာ၌ ရေများ ပျစ်ခဲ့ကုန်၏။ ကြာသော် ရွှံ့လွှာ ရွှံ့ခဲများဖြစ်ကုန်၏။ ကျန်သောနေရာတို့တွင် ရေတို့သည် အလွန်ကြည်လင်လေသည်။

## တောင်စဉ်ခုနစ်ထပ်

ရွှံ့တို့ဂျန်ရစ်ပြီး ရေကြည်တို့ ခန်းခြောက် လျော့ကျလာသဖြင့် ရေပြင်ခြားလျက်....

၁။ ယုဂန္ဓိုရ်တောင်

၂။ ဣသိန္ဓိုရ်တောင်

၃။ ကရဝိကတောင်

၄။ သုဒဿနတောင်

၅။ နေမိန္ဓရတောင်

၆။ ဝိနတကတောင်

၇။ အဿကဏ်တောင် ခေါ်သည့် တောင်စဉ် ခုနစ်ထပ် ရှိလွှာရှိခဲများ ဖြစ်ပေါ် လာကြသည်။

ထို့နောက် ဟိမဝန္တာတောင် ရှိခဲ၊ ဟိမဝန္တာအောက် ငယ်သော တောင်ကြီးတောင်ငယ် ရှိခဲ၊ ကျွန်းမြေ၊ ရှိလွှာ၊ ရှိခဲတို့သည်လည်း အစဉ်အတိုင်း ဖြစ်ပေါ်လာကြ၏။

ဟိမဝန္တာ ရှိခဲအတွင်း၌ အိုင်ကြီးခုနစ်အိုင် ဖြစ်မည့်နေရာတို့၌လည်းကောင်း၊ သမုဒ္ဒရာဖြစ်မည့်နေရာတို့၌လည်းကောင်း၊ပကတိရေကြည်ရေကျဲ အတိုင်းပင်ရှိနေသည်။

အဿကဏ်တောင်၏ ပြင်ဘက်ကို ပတ်လည် ဝိုင်းနေသော သမုဒ္ဒရာနှင့် စကြဝဠာခြေရင်းမှ သမုဒ္ဒရာသည် မြင့်မိုရ်တောင်မှ ထောင့်လေးထောင့် အရပ်တို့၌ အချင်းချင်း တထပ်တည်း တဆက်တည်းနေကြ၏။

## ကျွန်းကြီးလေးကျွန်း

ဤသမုဒ္ဒရာနှစ်ခုကြားတွင် မြင့်မိုရ်တောင်မှ အရပ် လေးမျက်နှာအတွင်း ကျွန်းငယ်ငါးရာစီ အခြံအရံနှင့်တကွ ကျွန်းကြီးလေးကျွန်း ဖြစ်ပေါ်လာ၏။

အရှေ့ကျွန်းနှင့် အနောက် ကျွန်းတို့သည် ယူဇနာ ခုနစ်ထောင်စီ ကျယ်၏။

မြောက်ကျွန်းမှာ ရှစ်ထောင်ကျယ်ပြီး ယခု ကျွန်ုပ်တို့ နေထိုင်ရာ တောင်ကျွန်းမှာ ယူဇနာ တသောင်း ကျယ်လေသည်။

## သမုဒ္ဒရာပမာဏ

မြင့်မိုရ်ရှိခဲ့ အစရှိသော ရှုံ့သွားရှိခဲ့တို့သည် အပေါ်ယံမှ စ၍ အောက်သို့ နိမ့်လျှောကျလျက် တထပ်စီခဲ့သွားပြီး မဟာပထဝီ ကျွန်းမြေပေါ်မှအောက်သို့ ခြောက်ရာငါးဆယ့်ခြောက် ယူဇနာ တဂါဝုတ်လေးကောက် ထူ၍နက်သော ကျွန်းမြေနှင့် အဿကဏ် တောင်မြေအခြေချင်း စပ်ကာ တခုတည်း တလုံးတည်း ဖြစ်၍ ခဲ့သွားသည်။

ထို့ကြောင့် အဿကဏ်တောင်သည် ရေထဲသို့ ခြောက်ရာ့ ငါးဆယ့်ခြောက်ယူဇနာ တဂါဝုတ်နစ်လေသည်။ ရေမှအပေါ် သို့လည်း ထိုမျှလောက်ပင် ရှိ၏။ ထုလည်း ထိုမျှ လောက်ပင် ထု၏။

သည်တောင်၏ အတိုင်းအတာကိုသိခြင်းဖြင့် ဗဟိသမုဒ္ဒရာ၏ အနက်နှင့်အကျယ်ကိုလည်း ခြောက်ရာ့ငါးဆယ့်ခြောက် ယူဇနာ တဂါဝုတ်ရှိကြောင်း သိနိုင်သည်။

ဝိနတကတောင်သည် အဿကဏ်တောင်ထက် တပိုးထား၍ ရေထဲသို့နစ်၏။ ရေမှ ပေါ်တက်၏။ ထုလည်းထု၏။ သို့ဖြစ်၍

ထိုသမုဒ္ဒရာ၏အနက်အကျယ်ပမာဏသည်လည်း ဝိနတကတောင်လောက်ပင် နက်ခြင်း ကျယ်ခြင်း ရှိမည်ကို သိနိုင်သည်။

မြင့်မိုရ်တောင်ခြေရင်းမှ သမုဒ္ဒရာနှင့် မြင့်မိုရ်တောင်အထိ ကြွင်းသော သမုဒ္ဒရာ ကြွင်းသော တောင်စဉ် တို့သည် အစဉ်အတိုင်း တပိုးတိုး၍တိုး၍ နက်ကြကျယ်ကြကုန်၏။

## သီတာခုနစ်တန်

တောင်စဉ်တို့၏ အကြားများ၌ ခုနစ်တန်သော သမုဒ္ဒရာတို့ရှိ၏။ အလွန်ကြည်လင်၏။ ညင်သာ၏။ ထိုသို့ ကြည်လင်သိမ်မွေ့ခြင်းကြောင့် အလွန်ပေါ့သော ဥဒေါင်း မွေးငယ်ကလေးများပင် ကျသော်လည်း ရေပေါ်မှာတည်မနေပဲ နစ်ရ၏။

ထိုသို့နစ်စေတတ်သော သတ္တိကြောင့် "သီဒါပေဿ္တိတိသီဒါ" ဟု ဆိုသည်။

ယေသမုဒ္ဒါ၊ အကြင်ခုနစ်တန်သော သမုဒ္ဒရာတို့သည်။ သီဒါပေဿ္တိ၊အလွန်ပေါ့သောပစ္စည်းကိုပင် နစ်စေတတ်၏။ ဣတိတသ္မာ လို့ကြောင့်။ တေ သမုဒ္ဒါ၊ ထို ခုနစ်တန်သော သမုဒ္ဒရာတို့သည်။ သီဒါ၊ သီဒါမည်၏ဟု အဓိပ္ပာယ်ရသည်။ တောင်များအတွင်း၌ ရှိခြင်းကြောင့် အန္တောသမုဒ္ဒရာဟူ၍လည်း ခေါ်သည်။

ဤသီဒါခုနစ်တန်၊ တောင်စဉ် ခုနစ်ထပ် တို့သည် မြင့်မိုရ်တောင်ကိုအစပြု၍ အစဉ်အတိုင်း အထပ်ထပ် ဝိုင်း၍ စွပ်၍နေသောရေကွင်း၊ တောင်ကွင်းကြီးများ ဖြစ်သည်။

---

စပယ်ဦးစာပေ

ကျွန်းမြေမှအောက်သို့ ယူဇနာ ရှစ်သောင်းနှစ်ထောင် နက်သောအခါ ကျွန်းမြေနှင့် စကြာဝဠာတံတိုင်းမြစပ်လျက် တခုတည်း တလုံးတည်း ဖြစ်သွားသည်။

ထို့ကြောင့် စကြာဝဠာတံတိုင်းသည် ရေထဲသို့ ရှစ်သောင်းနှစ်ထောင် နစ်၏။ ရေမှာလည်း ထိုမျှလောက်ပင် အပေါ်တက်၏။ အထုလည်း ရေထဲသို့နစ်သလောက်ပင် ထု၏။ ဤသို့ စကြာဝဠာနစ်ပုံကိုသိ၍ ၎င်းခြေရင်း၌ရှိသော ဗဟိသမုဒ္ဒရာသည် ရှစ်သောင်း နှစ်ထောင် နစ်ကြောင်း ကျယ်ကြောင်းသိနိုင်ပြီ။

## ရေချိုရေငန်

တောင်စဉ်တို့၏ အတွင်း၌ ရှိသော သီဒါခေါ် အန္တောသမုဒ္ဒရာနှင့် အသကျော်တောင်မှ ပြင်ဘက်စကြာဝဠာ တံတိုင်းထိတည်ရှိသော ဗဟိသမုဒ္ဒရာ စသည်တို့သည် နဘေးဘက် ဝန်းကျင်မှ လည်းကောင်း၊ အောက်မှ လည်းကောင်း၊ မြေကြီးကန့်ခြား ဆို့ပိတ်လိုက်သောအခါ ရေငန်ဖြစ်သွား၏။

ဟိမဝန္တာတောင်ပေါ်၌ အိုင်ကြီး ခုနစ်အိုင်မှ ရေတို့ကား အနံ့စာတ်မရှိပဲ အလွန်ကြည်လင်အေးမြ ချိုမြိန်၏။

## အသူရာဘုံ

အောက်ရေထဲသို့ ရှစ်သောင်းသေးသောင် စူးဝင်နေသော မြင့်မိုရ်တောင်ခြေအဆုံးတွင် ရေမခဲခင်က ရေ၏အတွင်း၌ လေပြင်းမုန်တိုင်းကြီးထလျက် ရေများကို တိုက်လွှင့်ဖယ်ရှား၍ ထက်

ဝန်းကျင် ယူဇနာ တသောင်းတိုင်တိုင် ကျယ်အောင် လေခဲပြင်ကြီး ဝပ်နေ၏။

ထိုမှအထက်အောက် နံဘေး ရေများ ခဲသွားသောအခါ လေပြင်း လေခဲကြီး ချုပ်ငြိမ်း ပျောက်ကွယ်သွားသဖြင့် ဥမင်လိုဏ်ခေါင်းကြီးဖြစ်သွားကာ အသူရာဘုံတို့နေရာ ဖြစ်လာသည်။

## ငရဲကြီး ရှစ်ထပ်

ကျွန်ုပ်တို့ နေထိုင်ရာ ဇမ္ဗူဒီပါ ကျွန်းမြေမှ အောက်သို့ ယူဇနာ တသောင်းငါးထောင်မျှလောက် နက်သော နေရာ၌ လေပြင်း မုန်တိုင်းထပြီး၍ ငြိမ်သက်သွားသောအခါ သိဗ္ဗိုး ငရဲဘုံကြီး ဖြစ်ပေါ်လာသည်။

သည်နည်းအားဖြင့် အောက်သို့ ယူဇနာ တသောင်းငါးထောင်စီခြားလျက် ထက်ဝန်းကျင် ယူဇနာ တသောင်းတိုင်တိုင်ကျယ်အောင် လေဥမင်ထွင်း၍ ကာလသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိစသည့် ငရဲကြီးရှစ်ထပ် အစဉ်လိုက်ဖြစ်ကုန်၏။

## နှစ်သိန်းလေးသောင်းအထု

ထို့ပြင် ဝသုန္ဓရာနတ်များ၊ နဂါးများ နေစရာ မထင်ရှားသော ဥမင် လိုဏ်ငယ်များလည်း မဟာပထဝီ မြေကြီးထဲ၌ များစွာ ရှိသေးသည်။

---

အဝီစိငရဲမှ မြေပေါ်သို့ ယူဇနာတသိန်းနှစ်သောင်းကွာခြား၏။ ဤ တသိန်းနှစ်သောင်းကား ဖုံမြေဟု ခေါ်သော ပံသုပထဝီဖြစ်ရန် ရှုံ့ခဲများဖြစ်သည်။ အဝီစိငရဲမှ အောက်သို့ ကျောက်မြေဟုခေါ်သော သိလာပထဝီဖြစ်ရန် ယူဇနာ တသိန်းနှစ်သောင်းတိုင်အောင် ရေမျှားခဲသွား၏။

ဂင်းသိလာ(ကျောက်မြေ)နှင့် ပံသု(ဖုံမြေ)တို့ကို ပေါင်း၍ မဟာပထဝီမြေကြီးသည် နှစ်သိန်းလေးသောင်းအထု ရှိသည်ဟု ဆိုခြင်းဖြစ်သည်။

စကြဝဠာ ခံရေ၏အထုကား မဟာပထဝီ မြေကြီးထက် တပိုးများ၏။ လေးသိန်းရှစ်သောင်း ရှိ၏။

ရေအောက်၌ ရေကိုခံသော ကိုးသိန်းခြောက်သောင်းအထု ရှိသည့် လေပြင်ကြီးရှိ၏။ လေပြင် လေထု အောက်ရှိ မှောင်ရိပ်မ်းကလာပ်များပြည့်နေသော အနန္တအဇဋ္ဌာကာသကောင်းကင်ကြီးသာ ရှိတော့သည်။

## မြင့်မိုရ်တောင်

အထက်က ဖော်ပြခဲ့သော ရှုံ့ခဲတို့သည် ရွှေဖြစ်တန်သော နေရာ၌ ရွှေ။ ငွေဖြစ်တန်သော နေရာ၌ငွေ။ ကျောက်ဖြစ်တန်သော နေရာ၌ကျောက်။ သံဖြစ်တန်သော နေရာ၌သံ။ သဲဖြစ်တန်သော နေရာ၌သဲ။ မြေဖြစ်တန်သော နေရာ၌မြေ။ တောဖြစ်သောနေရာ၌ တော စသည်ဖြင့် မြင့်မိုရ်တောင်ထိပ်မှ စလျက် အောက်သို့ အစဉ်အတိုင်း ဖြစ်ကုန်၏။

မြင့်မိုရ်တောင်ကြီး အရှေ့ဘက်ခြမ်းကား ငွေသား အတိပြီး၏။

မြောက်ဘက်အခြမ်းကား ရွှေသားအတိပြီး၏။

အနောက်ဘက်အခြမ်းကား ဖလ်သား အတိပြီး၏။

တောင်ဘက်အခြမ်းကား ပတ္တမြားညို အတိပြီး၏။

ဖုံမှုန့်ရှုံ့ခမြဟူ၍ မရှိပြီ။ ဤလေးပါးသော ရတနာကျောက်မြေတို့သာ ရှိသည်။

ထို့ကြောင့် နေမိဇာတ် ပါဠိတော်၌ မာတလိနတ်သားက နေမိမင်းကြီးအား ရထားပေါ်မှအချွတွင် "အရဇံ ဘူမိ မက္ကမ" ဟု လျှောက်ထား၏။

"မဟာရာဇ၊ မြတ်သော မင်းကြီး။ အရဇံ၊ ဖုံမရှိသော။ ဘူမိံ၊ ရတနာ ကျောက်မြေပေါ်ကို။ အက္ကမ၊ နင်းကြွတော်မူပါလော့"ဟု ဆိုသည်။

ဤ ငွေ-ရွှေ-ဖလ်-ပတ္တမြားဟူသော လေးပါးသော ရတနာကျောက်တို့၏ အရောင်တို့သည် မိမိတို့ ရှေ့ရှုရာ အရပ်၌ရှိသော သမုဒ္ဒရာတို့ကို မိမိတို့နှင့် အဆင်းအရောင်တူစေလျက်၊ စကြဝဠာတံတိုင်းသို့ ခိုက်အောင် ပြန့်နှံ့ကြကုန်၏။ ဆီးနှင်း မှုတိမ် ကင်းစင်သော အခါ ကောင်းကင်၌ ညိုညိုမြင်ရကား ပတ္တမြားညို မြင့်မိုရ်၏ အရောင်ဟု သိရမည်။ မှုအခိုးတို့နှင့် ရော၍မြင်လျှင် ဖြူပြာပြာ အသွေးရှိသည်။

ယူဇနာ ရှစ်သောင်း လေးထောင်ကျယ်သော ဤ မြင့်မိုရ်တောင်ထိပ်အလယ်၌ သိကြားနတ်တို့နေစရာ သုဒဿနမည်သော မြို့ကြီး၊ ယူဇနာတသောင်းကျယ်သော မြို့ရိုးနှင့်တကွ ကျုံးများ ဖြစ်ပေါ်လာ၏။

---

တမျက်နှာလျှင် တံခါးနှစ်ရာ့ငါးဆယ်စီရှိ၍ မြို့တံခါးပေါင်း တထောင်ရှိသည်။ သိကြားမင်းစံရာ၊ နတ်များစံရာ ဘုံဗိမာန်များလည်း ဖြစ်ပေါ်လာကြ၏။ နန္ဒဝန်၊ မိတ္တလတာ၊ ဖာရုသက အစရှိသော ဥယျာဉ်များ ပန်းမာလာများပေါက်လာကြကုန်၏။ ကြာမျိုးငါးပါး ပေါက်သော မြစ်များ၊ ရေကန်များလည်း ဖြစ်ပေါ်လာကြသည်။

## သစ်ပင်ကြီး ခုနစ်ပင်

မြင့်မိုရ် တောင်ထိပ်၌ ပထမဆုံး ပေါက်သော သစ်ပင်မှာ ကသစ်ပင်ဖြစ်သည်။ဤကသစ်ပင်ကြီးသည် ပင်မလုံးပတ်တဆယ့်ငါးယူဇနာ ရှိ၏။ မြေမှခွဆုံအထိ ယူဇနာငါးဆယ်ရှိ၏။ ခွဆုံမှ ထိပ်ဖျားအဆုံး ယူဇနာ ငါးဆယ်ရှိ၏။ အရပ်လေးမျက်နှာသို့ ဖြာထွက်သော အကိုင်းတို့မှာလည်း ယူဇနာ ငါးဆယ်စီရှိ၏။

ထို့ကြောင့် ကသစ်ပင်ကြီးသည် ယူဇနာ တရာမြင့်လျက် ယူဇနာတရာကျယ်ပြန့်၏။ ကမ္ဘာပျက်မှ ပျက်စီးသည်။

ထိုသို့ ကမ္ဘာဦးမှ ကမ္ဘာပျက်ချိန်ထိ ထူးခြားစွာပေါက်သော သစ်ပင်ကြီးများ ရှိလေသည်။ ၎င်းတို့ကား....

မြင့်မိုရ်တောင်ခြေရင်း၌ပထမအထပ် အာလိန်၌နဂါး။ဒုတိယ အထပ်အာလိန်၌ ဂဠုန်။ ထိုဂဠုန်ပြည်၌ လက်ပံပင်ကြီး၊အသူရာပြည်၌ သခွပ်ပင်ကြီး၊ အရှေ့ကျွန်း ဟိမဝန္တာ မြောက်သမုဒ္ဒရာ ကမ်းထိပ် ကျွန်းဦး၌ ကုက္ကိုပင်ကြီး၊ မြောက်ကျွန်း ဟိမဝန္တာ မြောက်သမုဒ္ဒရာကမ်းထိပ် ကျွန်းဦး၌ပဒေသာပင်ကြီး၊အနောက်

ကျွန်းဟိမဝန္တာ မြောက်သမုဒ္ဒရာကမ်းထိပ်ကျွန်းဦး၌ထိန်ပင်ကြီး၊ တောင်ကျွန်း ဟိမဝန္တာ မြောက်သမုဒ္ဒရာ ကမ်းထိပ်ကျွန်းဦး၌ သပြေပင်ကြီး စသည့် သစ်ပင်ကြီး ခုနစ်ပင်ရှိသည်။

ဤသစ်ပင်ကြီး ခုနစ်ပင်စလုံးသည် ပင်မ၊ လုံးပတ်၊ အကျယ် အပြန့် အနိမ့်အမြင့် အလုံးစုံတူကြသည်။

## တာဝတိံသာနတ်ဘုံ

မြင့်မိုရ်တောင်ထိပ်မြေအရပ်သည်အလုံးစုံသောမြေအရပ်များ မဖြစ်ပေါ်မီ ပထမဦးဆုံးဖြစ်ပေါ်၏။ ထို့ကြောင့် ထို မြင့်မိုရ် တောင်ထိပ် မြေအရပ်ကို တာဝတိံသာ နတ်ဘုံဟု ကမ္ဘာဦး နတ်လူ ပညာရှိတို့က ခေါ်ဆိုသမုတ်ကြ၏။

## စတုမဟာရာဇ် နတ်ဘုံ

စကြဝဠာတံတိုင်းကြီးသည် အမျိုးမျိုးသော ကျောက်မျက် ရတနာတို့နှင့်ပြီးသော ကျောက်တံတိုင်းကြီး ဖြစ်၏။ ယုဂန္ဓိုရ် တောင်ကြီးနှင့် အခြား တောင်စဉ်များမှာလည်း ထိုနည်းတူပင် ဖြစ်သည်။ ယုဂန္ဓိုရ် တောင်ထိပ်၌ လောကပါလ နတ်မင်းကြီး လေးယောက်တို့ နေစရာ ဥယျာဉ် ပန်းမန်များရှိသော ဘုံဗိမာန် ဖြစ်ပေါ်လာ၏။

ယုဂန္ဓိုရ်တောင်ထိပ်နှင့်အမျှ ကောင်းကင်တပြင်လုံး၌လည်း နေ့လနှင့်တကွ ကြယ်ဗိမာန်များဖြစ်ပေါ်လာကြသည်။ တမိုးလုံး

ပျံ့နှံ့အောင်ပင် ဖြစ်ကြလျက် မြင့်မိုရ်တောင်ကို လက်ျာရစ် လှည့်၍ မြား၏လျှင်မြန်ခြင်းထက် ဆယ်ဆမက လျှင်မြန်စွာ ပြေးနေကြ၏။

ဤနေ့လ နက္ခတ်တို့ ဖြစ်ပေါ်ရာ ကောင်းကင်ပြင်နှင့်တကွ ယုဂန္ဓိုရ် တောင်ထိပ်အရပ်ကို လောကပါလ နတ်မင်းကြီး လေးယောက်တို့နေစရာ စိုးအုပ်ရာဖြစ်၍ စတုမဟာရာဇ်နတ်ဘုံဟု ခေါ်ဆိုသမုတ်၏။

## အကွာအဝေး

စတုမဟာရာဇ်နတ်ဘုံမှ လူ့ပြည်သို့ ယူဇနာ လေးသောင်း နှစ်ထောင် ကွာခြား၏။ အထက် တာဝတိံသာ နှင့် လည်း လေးသောင်းနှစ်ထောင်ပင် ကွာခြား၏။

ထိုအတူ ၎င်းအထက် နတ်ဘုံများမှာလည်း လေးသောင်း နှစ်ထောင်စီချည်း ကွာခြားကြ၏။

အထက်ဆုံး ဝသဝတ္တီ နတ်ဘုံမှ ဗြဟ္မာပြည်သို့ ယူဇနာ ငါးသန်း ငါးသိန်း ရှစ်ထောင် ကွာခြား၏။ ထိုနည်းတူ အထက် အဆင့်ဆင့်သော ဗြဟ္မာ့ဘုံများမှာလည်း ယူဇနာ ငါးသန်း ငါးသိန်း ရှစ်ထောင်စီ ကွာခြားကြလေသည်။

## သမုဒ္ဒရာ အသူရာပြည်

သမုဒ္ဒရာထဲ၌လည်း ရွှေ၊ ငွေ၊ စိန်၊ မြ၊ ပတ္တမြား၊ သံ၊ ဖန် စသည့် ကျောက်မျက်ရတနာများ ဖြစ်တည်လာကြ၏။ အခြား

နေရာတွင် ကျောက်ခေါင်း ကျောက်လိုဏ်များ ဖြစ်ပြီး အချို့ ကျောက်ခဲ သလဲများ ဖြစ်ကြသည်။

အသူရာ ပြည်၌လည်း ရင်းရတနာများနှင့် ဥယျာဉ်၊ ပန်းမန်တို့ပါ ဖြစ်ပေါ်၍ နတ်ဘုံဗိမာန် ဖြစ်လာ၏။ အသူရာဘုံ နေရာတကျ ဖြစ်ပြီးသောအခါ အထက် ဖော်ပြခဲ့သည့်အတိုင်း ပြဟ္မာတို့စုတေပြီး ရောက်လာကြကာ အသူရာနတ်များ ဖြစ်လာကြကုန်၏။

အသူရာနတ်များသည် တာဝတိံသာနတ်များနှင့် အသက်တမ်းချင်း၊ အဆင်းအရောင်ချင်း၊ ဘုန်းတန်ခိုးချင်း တူသောကြောင့် တာဝတိံသာနတ်များနှင့် တတန်းစားတည်း ထား၍ ရေတွက်ကြ၏။ တာဝတိံသာ နတ်များလောက် ရဲရင့်ခြင်း၊ သူရသတ္တိ မရှိခြင်းကြောင့် အသူရာဟု ခေါ်သည်။

## ငရဲကြီးရှစ်ထပ်မြင်ကွင်း

ငရဲကြီးရှစ်ထပ်တွင် အားလုံးလိုလို သံမြေတွေချည်း ပြည့်လျှမ်းနေသည်။ မီးဟုန်းဟုန်း တောက်နေသော နေရာတွေသာ များ၏။ တွင်းများ၊ ကျင်းများ၊ ဖုများ၊ ထစ်များ၊ ဆူးညှောင့်ခလုတ်များ၊ သင်ဓုန်းသွားစီသော မြေများသာ ပြည့်လျှမ်းနေသည်။ ရေတွေကလည်း ကျိုက်ကျိုက်ဆူပူသောမြစ်ရေချောင်းရေတွေသာ ရှိသည်။ သစ်ပင်များမှာ သံလျက်ပင်များ၊မီးဟုန်းဟုန်း တောက်နေလျက် သံဆူးပင်တွေသာ ပေါက်နေသည်။

ဤငရဲကြီးရှစ်ထပ်တွင် ငရဲသူ အကျဉ်းသားတို့ လှောင်ထား ခံနေရန် ထောင်ကြီးတလုံးစီရှိ၏။ သည်အကြောင်းကို သံကိစ္စ ရှင်ရသေ့က သံကိစ္စဇာတ် ပါဠိတော်တွင် ဟောကြား ဖော်ပြ ခဲ့သည်။

## လူ့ပြည်ကျွန်းမြေ

လူ့ပြည် ကျွန်းမြေတွင် အချို့နေရာ၌ တောင်၊ အချို့မှာ မြေညီ၊ အချို့ကား ကုန်းများဖြစ်ကြကုန်၏။

တောင်များမှာလည်း အချို့ကား မြေတောင်၊ အချို့မှာ ကျောက်တောင်များ ဖြစ်၏။

ဟိမဝန္တာ တောင်ကား များသောအားဖြင့် ကျောက်အတိ ပြီး၏။ အကျယ်ယူဇနာ သုံးထောင်ရှိသည်။ အမြင့်ယူဇနာ ငါးရာ ရှိသည်။ ကျောက်တောင် ထွတ်ပေါင်း ရှစ်သောင်း လေးထောင် ရှိ၏။

နေရုမည်သော တောင်ထွတ်ကား ရွှေစင်အတိပြီး၏။ ရွှေရောင် တခဲနက်ထွက်၏။ ဤနေရုတောင်သို့ ရောက်သော ကျီး၊ ဗျိုင်း စသည့် ငှက်တို့သည် ၎င်းအရောင်ဟပ်လျက် ရွှေတုံး ရွှေခဲပမာ အရောင်အဆင်း ရှိကြသည်။

ကေလာသ မည်သောတောင်ထွတ်ကား ငွေသားအတိပြီး၏။

ကာလမည်သော တောင်ထွတ်ကားပတ္တမြားညိုအတိ ပြီး၏။

စိတြတောင်ထွတ်ကား ရွှေ၊ ငွေ၊ စိန်၊ ပတ္တမြား၊ ဖန်၊ မှန် စသော ကျောက်မျက်ရတနာတို့ဖြင့် ပြီး၏။

သုဒဿနမည်သော တောင်ထွတ်မှာလည်း ရှုမငြီးနိုင်အောင် အမျိုးမျိုးသော ကျောက်မျက်ရတနာတို့ဖြင့် ပြီး၏။

ဝေပုလ္လတောင်ကား ပတ္တမြား ကျောက် ပေါများ၏။

ဤ ဝေပုလ္လတောင်မှ ပတ္တမြား ကျောက်ကို အတောင် ခြောက်ဆယ်ရှိသော ဝါးဖျားဌ် တင်ထားလျှင် ထက်ဝန်းကျင် တယူဇနာအတွင်း၌ အရောင်ထွန်းလင်း၏။ နေထွက်နေသည်ဟု ထင်မှတ်ရသည်။ သည်လောက် အရောင်အဝါကောင်း၏။

ဂန္ဓမာဒနတောင်ကား ရွှေဂူ၊ ငွေဂူ၊ ဖလ်ဂူ၊ စိန်ဂူ၊ မှန်ဂူ၊ မြဂူ၊ ပတ္တမြားတွေပေါ၏။ သစ်ပင်များမှာလည်း အလွန်မွှေးကြိုင်သော နံ့သာပင်များချည်းပေါက်၏။

## သူယောင်ပင်

ဟိမဝန္တာတောင်၌ ကျောက်မျိုးစုံ၊ အပင်မျိုးစုံ၊နံ့သာမျိုးစုံ၊ ပန်းမျိုးစုံရှိ၏။ နတ်သမီးကဲ့သို့ လှပ တင့်တယ်သော မိန်းမရုပ် သီးသည့် သူယောင်ပင် သူယောင်တောကြီးပင်ရှိသည်။

ဤသူယောင်ပင်များသည် ဟိမဝန္တာတောင်စောင်း တဏှာ ဝဆုနတောင်၌ပေါက်၏။ ဟိမဝန္တာနှင့် မြောက်ဘက်ကကျွန်းဦး သပြေပင်ကြီးနှစ်ခုအကြားမှာလည်း ပေါက်၏။

ထို သူယောင်သီးတို့သည် ဆွတ်ပြီး သည်နောက် လေးငါး လလောက်ကြာမှ ပုပ်ရိပျက်စီးကုန်၏။ ထို သူယောင်မ ဖမ်းစား မိသော သူတို့သည်လည်း လေးလလောက်ကြာမှ သတိ ရနိုင်ကြ သည်။

## အိုင်ကြီးခုနစ်အိုင်တည်နေရာ

အိုင်ကြီးခုနစ်အိုင်တို့သည် အချို့မှာ အောက်ခြေနားမှ တည်ရှိ၏။ အချို့ကား တောင်ခုလတ်မှာ တည်ရှိ၏။

အနဝတတ် အိုင်ကြီးမူကား တောင်ထိပ် တည့်တည့်တွင် ကေလာသ၊ ကာလ၊ စိတြ၊ သုဒနသ၊ ဂန္ဓမာဒန ဟူသော တောင်ထွတ်ငါးလုံးတို့အကြား၌ တည်ရှိ၏။

အရှေ့ဘက် ခြင်္သေ့ခံတွင်း၊ မြောက်ဘက် မြင်းခံတွင်း၊ အနောက်ဘက် ဆင်ခံတွင်း၊ တောင်ဘက် နွားခံတွင်းနှင့်တူသော ပြွန်လေးခုရှိ၏။

ခြင်္သေ့ပြွန်မှထွက်သော ရေတို့သည် အရှေ့အရပ် တိဘက်နိုင်ငံဆီသို့ မြစ်ရေများဖြစ်လျက် စီးဆင်းသွားကာ အရှေ့သမုဒ္ဒရာသို့ ဝင်သွားသည်။

မြင်းပြွန်မှထွက်သော ရေတို့သည် မြောက်အရပ် လူမရှိသော ဘီလူးများနေရာသို့ မြစ်ရေများဖြစ်လျက် စီးသွားကာ မြောက်သမုဒ္ဒရာသို့ ဝင်သွား၏။

ဆင်ပြွန်မှထွက်သော ရေတို့သည် အနောက်အရပ် အင်္ဂလိပ်နိုင်ငံဆီသို့ မြစ်ရေများဖြစ်လျက်စီးသွားကာ အနောက်သမုဒ္ဒရာသို့ ဝင်သွား၏။

နွားပြွန်မှထွက်သောရေတို့သည် ထွက်ရာနွားပြွန်တွင် တန့်ပြီး အနဝတတ် အိုင်ကြီးဆီသို့ ဦးလှည့်ကာ လက်ျာရစ် ဝဲနှစ်ပတ်သုံးပတ်လှည့်၏။ ထို ဝဲလည်သော နေရာကို အာဝဋ္ဋဂင်္ဂါဟု ခေါ်သည်။

---

## မြစ်ကြီးငါးသွယ်

အာဝဋ္ဋဂင်္ဂါမှ တောအရပ် ကဏ္ဏမည်သော ကျောက်ဖျာပေါ်သို့ ယူဇနာခြောက်ဆယ်လောက် စီးသွား၏။ ထိုအရပ်ကို ကဏ္ဏဂင်္ဂါဟု ခေါ်သည်။

ကဏ္ဏဂင်္ဂါမှ တောင်ဘက်အနိမ့် ချောက်ထဲသို့ မြေပြင်နှင့် မထိပဲ ကောင်းကင်ခရီးဖြင့် ယူဇနာ ခြောက်ဆယ်လောက်သွား၍ အောက်တိရဂ်မည်သော ကျောက်ဖျာပေါ်သို့ ကျ၏။ ဤ ကောင်းကင် ခရီးဖြင့် စီးသွားသော ရေစိုင် ရေလုံးကြီးကား လုံးပတ် နှစ်ယူဇနာ တဂါဝုတ်လောက် တုတ်၏။ ၎င်းရေကို အာကာသဂင်္ဂါဟု ခေါ်သည်။

အာကာသဂင်္ဂါမှကျရာ တိရဂ်လကျောက်ဖျာ၌ ယူဇနာငါးဆယ်လောက်ကျယ်သော ချောက်ကြီး ထူးအိုင်ကြီးဖြစ်၏။ ထို ထူးအိုင်ကြီးကို တိရဂ်လရေကန်ဟု ခေါ်သည်။

တိရဂ်လရေကန်မှ တောင်ဘက်ကမ်းပါးကိုချိုးဖောက်လျက် တောင်အရပ်သို့ ယူဇနာ ခြောက်ဆယ်လောက် စီးသွား၏။ ထိုအရပ်ကို ဗဟလဂင်္ဂါဟု ခေါ်၏။

ဗဟလဂင်္ဂါမှ တောင်အရပ် မြေထဲသို့ ငုပ်လျှိုးလျက် ဥမင်ထွင်း၍ ယူဇနာခြောက်ဆယ်လောက်သွား၊ ထိုအရပ်ကို ဥမင်ဂင်္ဂါဟု ခေါ်ကြ၏။

ဥမင်ဂင်္ဂါမှအထွက်တွင်ဝိဇ္ဈာမည်သောတောင်ကြီးသို့တိုက်၍ ရေငါးစိုင်ကွဲလျက် တစိုင်ကားဂင်္ဂါ၊ တစိုင်ကား ယမုနာ၊

တစိုင်ကား အစိရဝတီ၊ တစိုင်ကား မဟီ၊ တစိုင်ကား သရဘူဟု မြစ်ကြီးငါးစင်းဖြစ်လျက် တောင်အရပ်သို့စီးသွား၍ တောင်သမုဒ္ဒရာသို့ ဝင်သွား၏။

မြစ်ကြီးငါးသွယ် စီးသွားရာအရပ် အထက်ပိုင်းကို ရေငါးသွယ်ရှိသောအရပ် ဖြစ်သောကြောင့် ပဉ္စာလဟုဆို၏။ ထိုမှ ပဉ္စာလအရပ်၊ ပဉ္စာလတိုင်းဟု ခေါ်သည်။ နောက်လူများက ဇလ၏ပရိယာယ် အာပသဒ္ဒါနှင့်တွဲ၍ပဉ္စာပီတိုင်းဟု ခေါ်ကြ၏။ ယနေ့လူများက ပန်ချာပီတိုင်းဟု ခေါ်ကြချေပြီ။

## ကမ္ဘာ့သယံဇာတ

မြေညီအရပ် ကုန်းအရပ်တို့၌ အချို့နေရာများတွင် မြေဖြူ၏။ အချို့နေရာမှာ မြေနီ၊ မြေဝါ၊ အချို့မှာ မြေနက်၏။ အချို့နေရာမှာ မြေငန်၏၊ ရေငန်၏၊ အချို့မှာ အဆိပ်ဖြစ်လျက် နံသည့်ရေများရှိ၏။

အချို့ နေရာများတွင်မူ ရွှေ၊ ငွေ၊ စိန်၊ မြ၊ ပတ္တမြား စသည့်ရတနာများပေါ်၏။ အချို့နေရာ၌ ကြေး၊ သံ၊ ဆေးဒန်း၊ ဒုတ္တာ၊ ထုံးကျောက်တို့ ပေါ်၏။

သည့်နောက်စကျင်ကျောက်၊ ဂဝံကျောက်၊ လိပ်သဲကျောက်၊ မားသွေးကျောက်၊ မှတ်ကျောက်၊ မီးခတ်ကျောက်၊ ကျောက်စရစ်ခဲ၊ သလဲများ ပေါ်များ၏။

အချို့နေရာများတွင် မြက်အမျိုးမျိုး၊ အနွယ်အမျိုးမျိုး၊ ဆူးပင်၊ ချုံပင်တို့ ပေါက်ရောက်ကြ၏။ အချို့ အပင်များကား

အနှစ်ရှိ၍ အချို့မှာ အနှစ်မဲ့၏။ အချို့ သစ်ပင် ချဉ်၏။ အချို့ သစ်ပင် ငန်၏၊ဖန်၏၊ခါး၏၊စပ်၏၊ ချို၏၊ဆိမ့်၏၊အချို့ အပင်ကား နူးညံ့၏။ အချို့မှာမူးတတ်၏။ ယားတတ်၏။ အချို့နေရာမှာ လွင်တီးပြင်၊ အချို့နေရာမှာတောတောအုပ်များဖြစ်ပေါ်ကြ၏။ သည်စကြာဝဠာနည်းတူ အခြားသော စကြာဝဠာများမှာလည်း ထိုသို့ထပ်တူ တပြိုင်တည်းဖြစ်လာကြ၏။

## ဖန်ဆင်းသောတန်ခိုးရှင်

သည်မျှသယံဇာတများနှင့် ပြည့်လျှမ်းနေသော စကြာဝဠာ ကမ္ဘာလောကကြီးကို ဘယ်သူဖန်ဆင်းသနည်း၊ ဘယ်သူပုံပြင် သနည်း၊ ဘယ်ဝိဇ္ဇာတွေက ပုံလုပ်၍ ရွှေတွေ၊ငွေတွေ၊ကျောက် သံပတ္တမြား၊ ဖန်တွေ၊ မှန်တွေ၊ သံတွေ ဖြစ်လာရသနည်း။ အဘယ်တန်ခိုးရှင်က နေလနက္ခတ် ကြယ်ဗိမာန်ကြီးတွေ လိုဏ် ဂူကြီးတွေ ဖန်တီးသနည်း။ အဘယ်ပုဂ္ဂိုလ်ဆားခတ်၍ သမုဒ္ဒရာ ရေတွေ ငန်ရသနည်း။ အဘယ်ဆေးဆရာဆေးခတ်ပုံပြင်၍ မန် ကျည်း၊ သရက်၊ရှောက်၊သံပုရာစသည်တို့ ချဉ်ရသနည်း။အဘယ် ပန်းပုဆရာက ငရဲကြီးရှစ်ထပ်၌ သံဖြင့်ပြီးသော လက်ပံဆူးပင် များ၊ သန်လျက်ပင်များ၊ သံကြိမ်နွယ်များ၊ သံတံစို့ကြီးများ၊ သင်ခုန်းသွားများ ဖြစ်ရသနည်း။ အဘယ်သူမီးတိုက်၍ ငရဲကြီး ရှစ်ထပ်လုံး မီးတွေ အမြဲတောက်လောင်နေရသနည်း။

စကြာဝဠာ လောကကြီးကို အဘယ်သူ ဖန်ဆင်းသနည်း၊ အကယ်၍ ပုံပြင်ဖန်ဆင်းသူ မရှိလျှင် ဤသို့ ထူးထူးဆန်းဆန်း

နေရာကကျ အံ့စဘွယ်မဖြစ်နိုင်၊ ဖန်ဆင်းသောသူရှိ၍သာ နေရာတကျဖြစ်နေခြင်းဖြစ်သည်။

စင်စစ် ဤစကြဝဠာ ကမ္ဘာလောကကြီးကို ပြုပြင်ဖန်ဆင်းနေသူကား အခြားမဟုတ်(စိတ်)တည်း။

စိတ်သည် စကြဝဠာ ကမ္ဘာလောကကြီးကို ပြုပြင်ဖန်ဆင်း၏။ စကြဝဠာတွင် တဝဲလည်လည်နေလိုသော စိတ်က သည်စကြဝဠာလောကကြီးကို ပြန်၍ဖြစ်လာအောင် ဖန်တီးနေကြခြင်းဖြစ်၏။

စိတ်သည်မိမိကိုယ်တိုင်ပြုလုပ်ဖန်ဆင်းသည်မဟုတ်၊ မိမိအလိုရှိသမျှ အလုံးစုံကို ကံအားပြောကြား၍ ကံကို ပြုလုပ်ဖန်ဆင်းစေ၏။ထိုကံက စိတ်စေခိုင်းသည့်အတိုင်း ဥတု (မီးဓာတ်) ကိုပြောကြား၍ ဥတုကို အပြုလုပ်ခိုင်း၏၊ ဖန်တီးခိုင်း၏၊ ဥတုကအလုံးစုံကို ပြုလုပ်ဖန်ဆင်းပေးရသည်။

သည်အချက်နှင့် ပတ်သက်၍ "စိတ်အလို၊ ကံအာနုဘော်တို့နှင့်စပ်သော ဥတုသည်သာလျှင် စကြဝဠာ ကမ္ဘာလောကကြီးကို ပြုပြင်ဖန်ဆင်း၏၊ဖြစ်စေ၏၊ စိတ်အလို ကံအာနုဘော်တို့နှင့် မစပ်သော အထက်အောက် အဇ္ဈတ္တ ကာသ ကောင်းကင်တို့၌ရှိသော ဥတုတို့မူကား စကြဝဠာကမ္ဘာလောကကို မဖန်ဆင်းကြပြီ၊ မဖြစ်စေကြပြီ၊ စိတ်သည် အရှင်သခင်နှင့် တူ၏။ ကံသည် လက်သမားဆရာကြီးနှင့်တူ၏။ ဥတုသည် လက်သမားဆရာကြီး၏ လက်ထောက် တပည့်ကြီးနှင့် တူ၏။ စိတ်-ကံ-ဥတု သုံးပါးတို့သည်အနက်သဘောအားဖြင့်ပြောဆိုဖန်ဆင်းသည်နှင့်

တူကြောင်း သက္ခါ့ခတောင် ဆရာတော်အရှင်တိလောကမထေရ် စီရင်သည့်'ပဏ္ဏိတဝေဒနီယဒီပနီကျမ်း'တွင် ပမာဆောင်တင်ပြထားလေသည်။

## ငရဲကိုအလိုရှိသူ

သည်ခနရာတွင် ငရဲကို မည်သူကြိုက်သနည်း။မည်သူ အလိုရှိသနည်း။ စောဒကတက်စရာရှိ၏။

တဦး တယောက်သောသူသည် တဦးသောသူကို နှိပ်စက်ညှဉ်းဆဲ၏။ အနှိပ်စက်ခံရသောသူသည် မိမိကို နှိပ်စက်ညှဉ်းဆဲတတ်သော ထိုရန်သူကို ကြီးမားသော တန်ပြန်မှုဖြင့် ဘေးဒုက္ခပြန်ပေးလိုရကား အညှဉ်းဆဲနိုင်ဆုံးသောသူကို တောင့်တကြ၏။ အနှိပ်စက်နိုင်ဆုံး၊ အညှဉ်းဆဲနိုင်ဆုံးသောသူကား ငရဲကြီး ငရဲငယ်တို့ဖြစ်ကြသည်။ ထို့ကြောင့် အနှိပ်စက်ခံရသော သူတို့သည် ငရဲကိုကြိုက်၏။ အလိုရှိ၏။ သည်အကြောင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားက 'သတ္တဂ္ဂတ္တရပါဠိခတော် သမတ္တကန္တသုတ်'၌ ဟောတော်မူသည်။

ဆိုလိုချက်မှာ "ဆန့်ကျင်ဘက် ရန်သူတဦးသည် မိမိ၏ ဆန့်ကျင်ဘက် ရန်သူတဦးအား သေဆုံးပြီးသည့်နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့ သွားရာ ဖြစ်သည့် ငရဲသို့ ကျရောက်ပါမူကား သြော်....ကောင်းလေစွ၊ ဤသို့အလိုရှိ၏" ဟု ဟော၏။

လောက၌ မင်းတို့သည် မိမိ၏ ရန်သူခေါးပြ၊ လူဆိုးများကို ထောင်ချလိုသော် ရှေးဦးစွာ ထောင်ကို အလိုရှိရသကဲ့သို့တည်း။

---

စပယ်ဦးစာပေ

ပုထုဇဉ်သတ္တဝါတို့သည် အချင်းချင်း ညှဉ်းဆဲ၍ အချင်းချင်း အပြန်အလှန်ချ၍ ဤငရဲထောင်ကြီးတွေထဲ၌ ကျဖူး ခံကြရဖူးသော သူချည်းပင်တည်း။

"ငရဲသို့ ကျရောက်စေတတ်သည့် ကမ္မပထ မြောက်သော အကုသိုလ်ဒုစရိုက်ကို ပြုသောသူသည်လည်း မိမိစိတ်သန္တာန်၌ အကုသိုလ်တရား ဖြစ်ပေါ်လာသည်ကို မပယ်ရှားမနှင်ထုတ်ပဲ လက်ခံထားလျှင် ထိုအကုသိုလ်၏ အနိဋ္ဌဖလ ဒုက္ခအကျိုးကို နှစ်သက် သည် ပင် ဖြစ် ၍ ထိုအနိဋ္ဌဖလ ဒုက္ခတရား ဖြစ်စေတတ်သော ငရဲကိုလည်း အလိုရှိသည်ပင် ဆိုးဖြတ်အပ်၏"

ဖက်ယားကြီး စသော အယားပင်၊ အယားခာတ် တို့ကို ဆေးဝါးအတွက် အသုံးချရန်လည်းကောင်း၊ ခာတ်များဖမ်းရန် သတ်ရန်အတွက်လည်းကောင်း၊ သူတပါးကို ယားအောင်ပြုလုပ်လိုသူများနှင့် ဆေးဆရာ ခာတ်လုံးဆရာကြီးများက အလိုရှိကြ၏။

ဆေးရွက်ကြီး၊ ဆေးခြောက်၊ ဘိန်း၊ ပဒိုင်းပင် စသော အမူးပင်၊အမူးခာတ်၊ ဆီမီးတောက်၊ ပလောင်သေ စသော အဆိပ်ပင်၊ စိန် စသော အဆိပ်ခာတ်တို့ကို မိမိမူးလို သေလိုသူတို့သည် လည်းကောင်း၊ သူတပါးကိုမူးအောင် သေအောင် ပြုလုပ်လိုသူ တို့သည်လည်းကောင်း၊ ဆေးဆရာ၊ ခာတ်လုံးဆရာကြီးများက အလိုရှိကြကုန်၏။

ဆူးပင်၊ ဆူးချုံကိုကား ထိုဆူးပင်၊ ဆူးချုံကိုမှီ၍ ဘေးကင်းကြသောသတ္တဝါတို့ အလိုရှိကြ၏။ အကယ်၍ ဆူးပင် ဆူးချုံတို့

မရှိခြင်းက ထိုဆူးပင် ဆူးချုံကိုမှီခိုရမှ ဘေးလွတ်ကြမည့်သတ္တဝါတို့သည် အကုန်ဘေးဒုက္ခရောက်လျက် သေကြေပျက်စီးကြကုန်ရာ၏။

ထို့ကြောင့် စကြဝဠာခံ လေခေါတ်၊ ရေခေါတ်နှင့် တကွ စကြဝဠာအတွင်း ရှိရှိသမျှ အဆိုးအကောင်း အားလုံးကိုပင် သတ္တဝါတို့ အလိုရှိကြကုန်၏ဟု သိရာ၏။

ပုထုဇဉ်လူသားတို့၏စိတ်သည် အာရုံခြောက်ပါးကို နှစ်သက်၏။ အလိုရှိ၏။ တောင့်တ၏။ ယင်းသို့ နှစ်သက်၍ အလိုရှိတိုင်း ကံကို စီရင်စေခိုင်း၏။ ကံကမှတဆင့် ဥတုက အယုတ်အလတ် အမြတ်သုံးမျိုးကို သတ္တဝါနှင့် ထိုက်တန်အောင် ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ စသည့် အာရုံခြောက်ပါး ကိန်းရာ စကြဝဠာ ကမ္ဘာလောကကြီးကို ပြုပြင်ဖန်ဆင်းပေး၏။

ပမာဆောင်အံ့။

ဇေတဝန်ကျောင်းတော်ကြီးကို လက်သမားများက ဆောက်လုပ်သော်လည်း ဤဇေတဝန်ကျောင်းတော်ကြီးဖြစ်ရမှု၌ လက်သမားသည် ပဓာနမဟုတ်၊ အဖိုးအခပေး၍ ဆောက်လုပ်ခိုင်းသော အနာထပိဏ်သူဌေးသာလျှင် ပဓာန ဖြစ်သောကြောင့် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ကြီးဟု ဆိုရဘိသကဲ့သို့လည်းကောင်း။

ရွှေတိဂုံ ဘုရားကြီးကို ပန်းရံဆရာများ ပြုလုပ်တည်ထားသော်လည်း ရွှေတိဂုံဘုရားကြီးဖြစ်ရမှု၌ ပန်းရံဆရာသည် ပဓာန မဟုတ်၊ အဖိုးလက်ခပေး၍ ပြုလုပ်ခိုင်းသော ဥက္ကလာပမင်းကြီး

သာလျှင် ပဓာနဖြစ်၍ ဉက္ကလာပမင်းကြီး ပြုလုပ်တည်ထားသော ဘုရားကြီးဟု ဆိုရလေသည်။

ထို့အတူ....

တောတောင်ရေမြေ စကြဝဠာ ကမ္ဘာ လောကကြီးကို ကံစီရင်အပ်သည် ဖြစ်၍ ဥတုသည် ပြုပြင် ဖန်ဆင်းသော်လည်း ထိုတောတောင်ရေမြေ စကြဝဠာ ကမ္ဘာလောကကြီး ဖြစ်ရမှု၌ ထိုဥတုကံတို့သည် ပဓာနမဟုတ်၊ အာရုံခြောက်ပါးကို ချစ်ခင် နှစ်သက်၍ လိုချင်တောင့်တသော သတ္တဝါတို့၏ စိတ်သည်သာ လျှင် ပဓာနဖြစ်သောကြောင့် ဤစကြဝဠာကမ္ဘာလောကကြီးကို စိတ်က ပြုပြင်ဖန်ဆင်းခြင်းဟု ဆိုရမည်။

အကယ်၍ အာရုံခြောက်ပါးကို နှစ်သက်ချစ်ခင် လိုချင် တောင့်တတတ်သောစိတ်သည် လောက၌မရှိငြားအံ့၊ စကြဝဠာ ကမ္ဘာလောကကြီးသည် ဘယ်သောအခါမှ ဖြစ်လာလိမ့်မည် မဟုတ်၊ အထက်အောက် အဇဋ္ဌာကာသ ကောင်းကင်ကြီးကဲ့သို့ သာ ဖြစ်နေပေမည်။

သည်အကြောင်းနှင့် ပတ်သက်၍ သဗ္ဗညု ဘုရားရှင်သည် 'သဂါထာဝဂ္ဂသံယုတ်ပါဠိတော်'၌ ဟောတော်မူခဲ့သည်။

ဆိုလိုသည်မှာ "လောကကို စိတ်သည် ဖြစ်အောင် ဆောင် တတ်၏။ ဖျက်လည်း ဖျက်ဆီးအပ်၏။ လောကကို စိတ်သည် ပြုပြင်၏။ စိတ်၏ဆိုအပ်သော တခုတည်းသောတရား၏ အလိုသို့ အလုံးစုံသော တရားတို့သည်ပင်လျှင် အစဉ် လိုက်ကြရကုန်၏"

## ဗုဒ္ဓပွင့်ချိန်

စိတ်ကဖန်တီးပုံပြင်အပ်သော စကြဝဠာ ကမ္ဘာလောကကြီးတို့သည် ကုဋေပေါင်းတသိန်းရှိ၏။ ဤစကြဝဠာ ကုဋေတသိန်းကို မဟာလောကဓာတ်တခုဟု မှတ်ရမည်။

မဟာလောကဓာတ်ကြီးတွင် စကြဝဠာတို့သည် တသောင်းစီ တသောင်းစီ ပူးတွဲနေကြသည်။ ကျောက်ဖျာကြီး တခုတွင် ကျောက်ခွက်ပေါင်း တသောင်း ထွင်းထားသလိုရှိနေသည်။

ဤသို့ စကြဝဠာတသောင်း တွဲနေသော အတွဲတတွဲကို မဇ္ဈိမလောကဓာတ် တခုဟုခေါ်သည်။

ကျွန်ုပ်တို့ဘုရားအလောင်း သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်၏ ဗျာဒိတ်ပန်းကို ပန်ဆင်ပြီးလျှင် ဘုရားဖြစ်ခြင်း၏ အကြောင်း ပါရမီဆယ်ပါး တရားတို့ကို မိမိ ဘာသာ စုံစမ်းရှာဖွေ၍ တွေ့မြင်ရသောအခါ၌ မဇ္ဈိမ လောကဓာတ်ကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် လည် ခဲ့ ဖူး သည်။ သည်အကြောင်းကို ဗုဒ္ဓက ဗုဒ္ဓဝင်ပါဠိတော်၌ ဟောတော်မူခဲ့သည်။

ဘုရားလောင်း ဖွားမြင်သောအခါနှင့် ဘုရား ဖြစ်တော်မူသော အခါတို့၌လည်း ထိုနည်းတူ လည်လျက်တုန်လှုပ် ရသည်။

မဇ္ဈိမလောကဓာတ်ကြီး အတွင်း၌ စကြာဝဠာ တခု တခုကို စူဠလောကဓာတ် တခု တခုဟု မှတ်ရမည်။

စကြဝဠာတခုသည် စူဠလောကဓာတ် တခု၊ စူဠလောကဓာတ်တသောင်းတွင် မဇ္ဈိမလောကဓာတ် တခု၊ မဇ္ဈိမ လောက

ခါတ်ပေါင်း ဆယ်ကုဋေတွင် မဟာ လောကဓာတ်ကြီး တခု ဖြစ်သည်။

ထို့ကြောင့် မဟာလောကဓာတ် တခုအတွင်း၌ စူဠလောက ဓာတ်ပေါင်း ကုဋေတသိန်း ရှိလေသည်။

မဟာလောကဓာတ်ကြီး အတွင်းရှိ လူ့ပြည်မှသာ သဗ္ဗညု ဘုရားများ ပွင့်တော် မူကြသည်။ ပွင့်ရာဌာနမှာ မဟာ လောက ဓာတ်၏ အလယ်ခေါင် ဗဟိုတည့်တည့် မဇ္ဈိမ လောကဓာတ်၌ သာ ပွင့်တော်မူကြ၏။အခြား မဇ္ဈိမ လောကဓာတ်တို့တွင် မပွင့် ကြပေ။

ထိုမဇ္ဈိမ လောကဓာတ်မှာလည်း အလယ်ခေါင် ဗဟိုတည့် တည့် စူဠလောကဓာတ်၌သာ ပွင့်တော်မူကြ၏။ အခြား စူဠ လောကဓာတ်တို့၌ မပွင့်ကြပေ။

ထိုစူဠလောကဓာတ်တို့၌လည်း ကျွန်းကြီးလေးကျွန်း ရှိသည် တွင် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၌သာ ပွင့်တော်မူကြ၏။ အခြားသုံးကျွန်း၌ မပွင့်ကြပေ။

ထိုပြင် တချိန်တည်း၌ ဘုရားနှစ်ဆူ ပြိုင်ပွင့်ရိုးမရှိ။ တဆူပွင့် ပြီးမှ နောက်တဆူ ပွင့်တော်မူသည်။

တကမ္ဘာထဲ၌ ပွင့်ကြသော ဘုရား တဆူနှင့် တဆူအကြား အချိန်ကာလ မည်မျှကြာသနည်းဆိုသော် မဟာပထဝီ မြေကြီး သည် အသစ်တိုး၍တိုး၍ အနှစ်ဂါရာလျှင် လက်တသစ်အပေါ် သို့ တက်၏။ ရှေ့ဘုရား၏ သာသနာကုန်သောနေ့မှစ၍ မဟာ ပထဝီမြေကြီး တယူဇနာတိုင်အောင် အပေါ်သို့တက်မှ နောက် ဘုရားတဆူ ပွင့်၏။

## အတိုင်းအတာ ပမာဏ

လက်သစ် နှစ်ဆယ့်လေးသစ်ကို တတောင်၊ ခုနစ်တောင်ကို တတာ၊ တာနှစ်ဆယ်ကို တဥသဘ၊ ဥသဘရှစ်ဆယ်ကို တဂါဝုတ်၊ လေးဂါဝုတ်ကို တယူဇနာဟု ခေါ်ဆိုသတ်မှတ်သည်။

တာငါးရာကို တကောသဟု ခေါ်၏။ နှစ်ကောသတိုင်လျှင် တာတထောင်ရှိသည်။ ထိုတာတထောင်ကို ဗြဟ္မာတတိုင်ဟုခေါ်သည်၊ ဆယ်တိုင်မှာ တာပေါင်း တသောင်းရှိပြီး တသောင်းခရီးဟု ခေါ်ဆိုသည်။

တယူဇနာခရီးသည် ဗြဟ္မာတိုင်ခြောက်တိုင်နှင့် လေးရာတွင်းရှိ၏။

မှတ်ချက်။ ။တာလေးရာကို လေးရာတွင်း၊ ငါးရာကိုငါးရာတွင်း စသည်ဖြင့်ခေါ်၏။

စကြဝဠာတခု ဘခုသည် အလျား အနံ ပမာန အားဖြင့် ယူဇနာ တသန်းနှစ်သိန်း သုံးထောင် လေးရာ့ငါးဆယ်ကျယ်၏။ အဝန်းပမာဏကား ယူဇနာ သုံးသန်းခြောက်သိန်း တသောင်း သုံးရာငါးဆယ်ရှိ၏။ ပုံသဏ္ဍာန်ကား ဝိုင်းဝိုင်း စက်စက် (ဝ) လုံးနှင့်တူ၏၊ထောင့်မရှိပေ။

---

စပယ်ဦးစာပေ

## သုညကမ္ဘာနှင့် အသုညကမ္ဘာ

ဘုရားမပွင့်သောကမ္ဘာကို သုညကမ္ဘာဟု ခေါ်သည်။ ပွင့်သောကမ္ဘာကို အသုညကမ္ဘာဟု ခေါ်သည်။

အသုညကမ္ဘာတွင် ဘုရားတဆူပွင့်လျှင် သာရကမ္ဘာ၊ နှစ်ဆူပွင့်လျှင် ဝရကမ္ဘာ၊ သုံးဆူပွင့်လျှင် မဏ္ဍကမ္ဘာ၊ လေးဆူပွင့်လျှင် သာရမဏ္ဍ ကမ္ဘာ၊ ငါးဆူပွင့်လျှင် ဘဒ္ဒ ကမ္ဘာဟု ခေါ်သည်။ အသုညကမ္ဘာတခုတွင် ဘုရားငါးဆူထက်ပို၍မပွင့်ပေ။

ကျွန်ုပ်တို့ ကမ္ဘာကား ဘုရားငါးဆူပွင့်သော ဘဒ္ဒကမ္ဘာဟု ခေါ်သည်။

## ပရိက္ခရာ ပဒုမ္မာကြာ

ကမ္ဘာကြီး ဖြစ်ပေါ်လာချိန်တွင် ဘုရားတဆူသာ ပွင့်မည့်ကမ္ဘာ ဖြစ်မည်ဆိုက ကမ္ဘာဦး အစ လူ့ပြည် ကျွန်းမြေတွင် ပရိက္ခရာ, ရှစ်ပါးတစုံသာသီးသော ပဒုမ္မာကြာတပင် ပေါ်လာ၏။ နှစ်ဆူ ပွင့်မည်ဆိုလျှင် နှစ်စုံ၊ သုံးဆူ ပွင့်မည်ဆိုက သုံးစုံ၊ လေးဆူပွင့်လျှင် လေးစုံ၊ ငါးဆူပွင့်မည်ဆိုက ပရိက္ခရာ ရှစ်ပါး ငါးစုံသီးသော ပဒုမ္မာကြာတပင်သာ ပေါက်၏။

ကမ္ဘာကြီး ဖြစ်ပေါ် လာချိန်တွင် ဘုရားပွင့်မည့် အသုညကမ္ဘာလော၊ ဘုရားမပွင့်မည့် သုည ကမ္ဘာလောဟု ပုဗ္ဗနိမိတ်ကြည့်ရန်လာကြသော သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည် ထိုအပင်ကိုတွေ့လျှင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆွတ်ယူထားပြီး နောင်သောအခါ ဘုရားလောင်းတောထွက်ချိန်တွင် ကပ်လှူကြကုန်၏။

---

စပယ်ဦးစာပေ

ပစ္စေကဗုဒ္ဓါ လူအရိယာတို့သည်လည်း ဤသဗ္ဗညု ဘုရားတို့ ပွင့်ရာ စူဠ လောကဓာတ် တောင်ကျွန်း၌သာ ဖြစ်ကြ ပွင့်ကြကုန်၏။

နတ်ဗြဟ္မာ အရိယာတို့မူကား ဘုရားပွင့်ရာ မဇ္ဈိမလောကဓာတ်ဟူသော စကြဝဠာ တသောင်းလုံးအတွင်း၌ပင် ဖြစ်နိုင် ပွင့်နိုင်ကြသည်။ ကျန်မဇ္ဈိမ လောကဓာတ် တို့တွင်မူ မဖြစ်နိုင် မပွင့်နိုင်ကြပေ။

## ပစ္စေကဗုဒ္ဓါ

ပစ္စေကဗုဒ္ဓါတို့သည် သုညကမ္ဘာ အသုညကမ္ဘာ နှစ်ပါးစလုံးမှာပင် သဗ္ဗညုတ ဘုရားရှင်တို့၏ သာသနာကင်းမဲ့ နေချိန်၌ ဆရာမလို မိမိကိုယ်တိုင် အလိုလို သိမြင်ပြီး ပွင့်ကြ ဖြစ်ကြသော ဘုရားငယ်များဖြစ်ကြ၏။

တဆူတည်းလည်းပွင့်၏။ နှစ်ဆူ သုံးဆူ တရာ နှစ်ရာလည်း တပြိုင်၌ ပွင့်နိုင်သည်။

## စကြာမင်း

စကြာမင်းတို့သည် ကမ္ဘာတိုင်း ကမ္ဘာတိုင်း စကြဝဠာတိုင်း စကြဝဠာတိုင်း တောင်ကျွန်းများ၌သာဖြစ်ကြ၏။ ထို တောင်ကျွန်းမှာစံ၍ လေးကျွန်းလုံးကို အစိုးရသည်။ ထို့ကြောင့် စကြဝဠာတခုအတွင်း၌ စကြာမင်းနှစ်ပါး ပြိုင်၍မရှိကြပေ။

## ဘုရားပွင့်ခြင်း အကြောင်းရင်း

မရေမတွက်နိုင်အောင် များပြားသော အနန္တမဟာ လောကဓာတ်ကြီး၌ အဘယ်ကြောင့် ဘုရားပစ္စေကဗုဒ္ဓါ၊ အရိယာတို့ ဖြစ်ကြ၊ ပွင့်ကြရသနည်းဟူမူ....

သတ္တလောက၌ အိုဘေး၊ နာဘေး၊ သေဘေးကြီးသည် အမြဲရှိနေ၏။သည်ဘေးမှလွတ်မြောက်ရာကိုရှာကြံယင်းဘုရား၊ပစ္စေကဗုဒ္ဓါ၊ အရိယာတို့ ဖြစ်ကြရကုန်သည်၊ ပွင့်ကြရကုန်သည်။

အကယ်၍ သတ္တလောက၌ အိုဘေး၊ နာဘေး၊ သေဘေးမရှိလျှင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဘယ်သောအခါမှ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာတို့ ဖြစ်ကြ ပွင့်ကြမည်မဟုတ်ပေ။

အိုဘေး၊ နာဘေး၊ သေဘေးကြီးသည် အမြဲထင်ရှားရှိနေ၏၊ ထို့ကြောင့် လောက၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာတို့သည် ရှေးကလည်းဖြစ်ခဲ့ကြ၊ ပွင့်ခဲ့ကြပြီ၊ ယခုလည်း ပွင့်ကြ ပွင့်ကြဆဲရှိသည်။နောင်အချိန်မှာလည်း ဖြစ်ကြ ပွင့်ကြ ပေဦးမည် တကား။

## အခန်း ( ၅ )

### လူဖြစ်ပေါ်လာပုံ

စကြဝဠာ ကမ္ဘာလောကကြီးတွင် မှီတင်းနေထိုင်ကြသော သတ္တဝါတို့အနက် လူလည်း အပါအဝင်ဖြစ်သည်။

လူဟူသည် သဘာဝပြင်ပမှ သတ္တဝါမဟုတ်ဃလို သဘာဝနှင့် သီးခြားကင်းလွတ်နေသူလည်း မဟုတ်ပေ။

ထို့ကြောင့် လူကိုဖန်ဆင်းသူမှာ သဘာဝ အပြင်၌ရှိသော တန်ခိုးတော် အနန္တရှင်တဦးဦးမဟုတ်ပဲ လောက သဘာဝကပင် ဖန်ဆင်းခြင်းဖြစ်ကြောင်း ပေါ်လွင်နေသည်။

လူဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ရှေးရှေးကတည်းကပင် လူသားတို့ စဉ်းစားတွေးခေါ် လာခဲ့ကြ၏။ စူးစမ်းလေ့လာခဲ့ကြ၏။ယုံကြည်ချက်အမျိုးမျိုးလည်း ထားခဲ့ကြသည်။

---

စပယ်ဦးစာပေ

လူကို တန်ခိုးရှင်တဦးဦးက ဖန်ဆင်းလိုက်သည်ဆိုသည့်အယူအဆသည် လူသားတို့ ကိုးကွယ်မှုဘာသာ အတော်များများက ဆိုခဲ့သည်။ဗုဒ္ဓ၏အမြင် သမထရှုထောင့်ကို မတင်ပြမီ ခေတ်သစ်အတွေးအခေါ် ပညာရှင်တို့ အယူအဆကို တင်ပြလိုသည်။

ဘုရားသခင်သည် လူကိုသွန်းထုဖန်ဆင်းပြီး သူ၏ ဝိညာဉ်တော်ကို တီထွင်ပေးခဲ့သည်ဆိုသော အယူအဆတရပ်မှာလည်း အချို့ဘာသာရေးများတွင် ဖော်ပြထား၏။

စင်စစ် လူတို့သည် လူနှင့် တိရစ္ဆာန်တို့၏ တူညီမှုများကို တစထက်တစ လေ့လာမိသောအခါ လူဆိုသည်မှာ သဘာဝမှ ကင်းလွတ်ပြီး ဖြစ်ပေါ်လာသည် မဟုတ်ပဲ သဘာဝ၏ ပြုပြင်ဖန်တီးချက်အရ ဖြစ်ပေါ်လာရခြင်းဖြစ်သည် ဆိုသော အယူအဆကို အတော်များများက လက်ခံလာကြသည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်က 'လူ-ကရိတိယစ်(စ်)' ဆိုသော ပုဂ္ဂိုလ်ကြီးက "လူသားတို့သည် မိခင်မြေကမ္ဘာကြီး၏ ဝမ်းဗိုက်ထဲမှ တိုက်ရိုက်ခဲ့ထွက်လာခဲ့ခြင်းဖြစ်သည်" ဟု ဆိုခဲ့သည်။ ထိုအယူအဆ ထွက်ပေါ်လာသည်မှစ၍ လူသားတို့၏အမြင်၊ တွေးခေါ်မှုများ ပြောင်းလဲလာခဲ့သည်။

မြေကြီးမှ မွေးထုတ်လိုက်သည်ဆိုသော အယူအဆမှာ မမှန်ကန်သော်လည်း လူကို တန်ခိုးရှင်တဦးဦးက ဖန်ဆင်းသည်ဆိုသော အယူအဆကို တော်လှန်လိုက်ခြင်းပင် ဖြစ်သည်။

လူ-ကရိတိယပ်(စ်)လက်ထက်နောက်ပိုင်း၌ ၁၇-ရာစုအလွန် ၁၉ ရာစုအရောက်တွင် 'ချားလ်(စ်)ဒါဝင်'ဆိုသောမနုဿဗေဒပညာရှင်တဦး ထွန်းကားလာပြန်၏။

---

ချားလ်(စ်)ဒါဝင်သည်အင်္ဂလန်ပြည်တွင်၁၈၀၉ခုနှစ်၌မွေးဖွားခဲ့၏။သူသည်ငယ်စဉ်အခါက ငါးနှစ်တိုင်တိုင်ကမ္ဘာလှည့်ပြီး ပါဏ ဗေဒ ပညာ ရုက္ခဗေဒ ပညာနှင့် ပျောက်ကွယ်လေပြီးဖြစ်သော ရှေးဟောင်း သတ္တဝါများကို လေ့လာသည့် ပညာ၊ ဘူမိဗေဒပညာများနှင့် ပတ်သက်သည့် အချက်အလက် များကို ကြိုးပမ်းတကုတ် စုဆောင်းရှာဖွေလေ့လာခဲ့သည်။

"မျိုးဗီဇဟူသည် မပြောင်း မလဲပဲ တည်ရှိနေသည်ဆိုခြင်းမှာ မဟုတ်၊ အမြဲပြောင်းလဲနေသည်"ဆိုသော အချက်ကို တွေ့ရှိလာခဲ့သည်။ သူသည် အင်္ဂလန်သို့ ပြန်ရောက်လာသောအခါ ရွာလေးတရွာ၌နေထိုင်လျက် ကျမ်းစာအုပ်များကို ပြုစုခဲ့သည်။

လောကဓာတ် သိပ္ပံ ပညာတွင် ဒါဝင်၏ ကြီးစွာသော အထောက်အကူပြုချက်မှာ"လူကပြုပြင်ပေး၍ တိရစ္ဆာန်များနှင့် သစ်ပင်များမျိုးဆက်ပြန့်ပွားရာတွင် ပြောင်းလဲမှုများ ရှိခဲ့သည်။ ပြုလုပ်ပေးနိုင်သည်"ဆိုသော အချက်ကို သိလာရသည်။

"တစတစ ပြုပြင်ပြောင်းလဲလာသည်" ဆိုသော ဒါဝင်၏ သဘောတရားသည် သူ့လက်ထက်မတိုင်မီက အခိုင်အမာတည်ရှိနေသည့် မျိုးဗီဇ မပြောင်းမလဲ အမြဲတည်နေသည် ဆိုသော ခံယူချက်ကို တိုက်ထုတ်ပစ်လိုက်ခြင်းဖြစ်သည်။

ဒါဝင်၏ဝါဒသည် ဇီဝဗေဒပညာ အားလုံးကို တော်လှန်ပြောင်းလဲပစ်လိုက်သည့် သဘောတရားပင်ဖြစ်သည်။

သည်နည်းဖြင့် သဘာဝဓမ္မ သိပ္ပံပညာထဲသို့ ဒါဝင်၏တော်လှန်ပြောင်းလဲသော အယူအဆသည် အောင်မြင်စွာ ထိုးဖောက်ဝင်ရောက်လာခဲ့သည်။

---

ဒါဝင်၏ကျမ်းများသည် ရုပ်ဝါဒ အခြေခံဖြစ်၏။ လူသည် တိရစ္ဆာန်လောကမှ သဘာဝတရားအတိုင်း စတင်ဖြစ်ပေါ်လာသည်ဆိုသော သဘောတရားကို ထူထောင်ခဲ့သည်။

၁၈၇၁ ခုနှစ်တွင် 'လူ ဆင်းသက်လာပုံ ဆိုသော ကျမ်း တစောင် ထွက်လာခဲ့၏။ ထိုကျမ်း၌ လူသည် တိရစ္ဆာန်လောကမှ ဆင်းသက်လာပုံကို အထောက်အထား အချက်အလက် များစွာဖြင့် တင်ပြခဲ့၏။

ဒါဝင်သည် တိရစ္ဆာန်လောကကြီး တစတစ ပြောင်းလဲလာသည်ဆိုသော သဘောတရားကို ထူထောင်ခဲ့သည်သာမက လူ စတင်ဖြစ်ပေါ်လာပုံကိုပါ စူးစူးစိုက်စိုက် လေ့လာဖြေရှင်းပေးခဲ့သည်။

ဒါဝင်၏ အမြင်မှာ နှစ် သန်းပေါင်း များစွာက သက်မဲ့ ရုပ်ဝတ္ထု တို့ဖြင့်သာ အတိပြီးသော သည် ကမ္ဘာမြေကြီးတွင် သက်ရှိများ တစတစ ဖြစ်ပေါ်တိုးတက်လာခဲ့သည်။ ထိုမှတဖန် သက်ရှိ သတ္တဝါတို့သည် သတ္တလောက အဖြစ် တဖြည်းဖြည်း ဖွံ့ဖြိုးလာကာ ရေသတ္တဝါ၊ ကုန်းသတ္တဝါ၊ လေသတ္တဝါ၊ အခြေ မြောက်မြားစွာ ရှိသော သတ္တဝါ၊ ခြေခြောက်ချောင်းရှိသော သတ္တဝါ၊ ခြေလေးချောင်းရှိသော သတ္တဝါများ ပေါ်ပေါက် လာခဲ့သည်။

အသေးငယ်ဆုံးသော ကလာပ်စည်းမှ အစပြုကာ နောက်ဆုံး ဆန်းကြယ်သော အပင်ဘဝသို့ လည်းကောင်း၊ လူဘဝသို့ ရောက်အောင် လည်းကောင်း၊ အဆင့်တိုင်း အဆင့်တိုင်းတွင် မျိုးရိုးဗီဇသဘောနှင့် ပတ်ဝန်းကျင်ကို လိုက်လျောညီထွေ

ဖြစ်တတ်သော သဘောတို့ ဆက်တိုက်ဆိုသလို ပဋိပက္ခ ဖြစ်လာကာ လူ့ ဖြစ်စဉ်မှာလည်း တိုးတက်လာခဲ့ရသည်ဟု ဆိုသည်။

ထိုအချိန်က အဆင့်အတန်း အမြင့်ဆုံးဖြစ်သည့် ခြေလေးချောင်း သတ္တဝါသည် ကြိုးစား၍ ပဒပ်ရပ်ရင်း ရပ်ရင်းမှာပင် ရှေ့ခြေ နှစ်ချောင်းနှင့် နောက်ခြေ နှစ်ချောင်း တဖြည်းဖြည်း ကွဲပြားခြားနားလာခဲ့သည်။

နှစ် သန်းပေါင်းများစွာအတွင်း ရှေ့ခြေအစုံနှင့် နောက်ခြေ နှစ်ချောင်းအစုံ တာဝန်ခွဲဝေမှု ပိုမို ကွဲပြားလာသည်နှင့် အမျှ ခြေလေးချောင်း အစား ခြေနှစ်ချောင်းနှင့် လက်နှစ်ချောင်း အဖြစ်သို့ ကူးပြောင်းလာခဲ့သည်။ ဤသို့ ခြေအဆစ်အမြစ်တို့သာ ပြောင်းလဲလာသည် မဟုတ်သေး၊ ကျောရိုးလည်း လိုက်ပြီး ပြောင်းလဲလာသည်။ ကျောရိုးနှင့်အတူ ဦးခေါင်းနှင့် ဆက်သော နေရာလည်း ရွေ့လျားလာခဲ့သည်။

ပထမပိုင်း ခြေနှစ်ချောင်းကို အသုံးပြုစက သတ္တဝါသည် ကိုယ်ကို မတ်တတ်ရပ်ထားပြီး လျှောက်နိုင်သေးသည် မဟုတ်ပဲ ကုန်းကွကွနှင့်သာလျှောက်ခဲ့၏။ လက်မှာလည်း မလွတ်မလပ်သေး ခြေကိုလက်ကကူ လက်ကိုခြေကဖေးမ,ပြီး နေခဲ့ရသည်။

သည့်နောက်ပိုင်းကျမှ လက်၏အစွမ်း တိုးတက်လာကာ ဦးနှောက်မှာလည်း ကြီးထွားလာခဲ့သည်။

ထိုခြေနှစ်ချောင်းဘဝသို့ ကူးပြောင်းလာသော သတ္တဝါသည် လုံးဝမတ်တတ်ရပ်နိုင်ပြီး လက်လည်း လုံးဝလွတ်မြောက်လာသော အဆင့်သို့ ရောက်လာသည့်အခါ ထိုသတ္တဝါသည် အခြားအမျိုးအစား သတ္တဝါများနှင့် လုံးလုံးချည်း ခြားနားလာခဲ့သည်။

ဦးနှောက်မှာလည်း အလွန်ကြီးမားလာခဲ့သည်။ ထိုသတ္တဝါကား နောက်ဆုံးလူဟူ၍ ဖြစ်လာလေသည်။

လူသည် ခြေနှစ်ချောင်းပေါ်တွင် လုံးလုံးရပ်၍လမ်းလျှောက်နိုင်ရန်အတွက် အတော်ကို ကြိုးပမ်းအားထုတ်ခဲ့ရသည်၊ အချိန်ကာလမှာလည်း လွန်စွာရှည်ကြာခဲ့သည်ဟုဆို၏။

နောက်ဆုံးတွင် လူသည် အရင်ကလို လမ်းလျှောက်ရာတွင် လက်များက လေးလံသော ကိုယ်ခန္ဓာကြီးကို ထိန်းပေးရန်မလိုတော့ပဲ လက်များ လွတ်လပ်ခွင့်ရလာလေသည်။

စက်ဘီးမစီးတတ်ခင်က ကိုယ်ခန္ဓာအတွက် အတော်အထိန်းရခက်သလို စီးတတ်လာသောအခါ နောက်ဆုံး လက်လွှတ်၍ပင် စီးနိုင်ပုံ မှတ်ယူရမည်။

ထိုသို့အားဖြင့် လမ်းမတ်တတ် လျှောက်၍ လွတ်လပ်သော လက်များရှိကာ အဆင့်မြင့်မြင့် ဖွဲ့စည်းထားသည့် ဦးနှောက်ပိုင်ရှင် လူသတ္တဝါဖြစ်လာပြီး သက်ရှိသတ္တဝါတို့တွင် ရှေ့တန်းသို့ရောက်ရှိလာခဲ့သည်။

သည့်နှောက် ဦးနှောက်နှင့် လက်စွမ်းရည်များကို အသုံးချလျက် ကိရိယာ တန်ဆာပလာများ လုပ်ကိုင် လာတော့သည်။ ထိုလက်မှုပညာများနှင့်အတူ စကားကိုလည်း ပီသစွာ ပြောဆိုနိုင်ခဲ့သည်။ သို့ဖြင့် လူတို့သည် သဘာဝကို အနိုင်ယူ စိုးမိုးနိုင်ခဲ့သည်။

ကမ္ဘာဦးလူတို့ သုံးစွဲခဲ့ကြသော ကျောက်လက်နက် ကိရိယာများကို ကြည့်ခြင်း အားဖြင့် လူသည် မိမိ အသုံးအဆောင်နှင့် စားဝတ်နေရေးအတွက်သဘာဝမှထုတ်နုတ်ယူရန်လည်းကောင်း သား၏ တိရစ္ဆာန်စသော ဘေးရန်များမှ ကာကွယ်ရန်

လည်းကောင်း၊ စွဲကိုင်ဘတ်လာခဲ့ကြကြောင်းကို တွေ့ရသည်။ တိရစ္ဆာန်တို့ကို အနိုင်ယူလာနိုင်ခဲ့သည်။

တိရစ္ဆာန်သည် ကိုယ်ခန္ဓာတွင် အစိတ်အပိုင်းအဖြစ် ပါဝင်နေသော ခြေ၊ လက်၊ ဦးချို၊ အစွယ်များဖြင့်သာ အသုံးပြုနိုင်ခဲ့သည်။

လူတို့မှာမူ ကိုယ်ခန္ဓာ အစိတ်အပိုင်းအပြင် ကိုယ်ခန္ဓာ၏အပမှ ပစ္စည်းများကို လက်နက်ကိရိယာများအဖြစ်ပါ အသုံးပြုနိုင်သဖြင့် သတ္တဝါအပေါင်း၏ အရှင်သခင် ဖြစ်လာခဲ့သည်။

သည်နေရာတွင် ဗုဒ္ဓ၏ဩဝါဒနှင့် အနည်းငယ် ကွဲလွဲနေသည့်ကို တွေ့ရ၍ ဖြည့်စွက်ဘင်ပြလိုသည်။

သည်ကမ္ဘာလောကကြီးတွင် လူများ၊ နေ၊ လ၊ နက္ခတ်၊ တာရာများ မဖြစ်ပေါ်လာမီ အဘန်ကြာက အထက်ဗြဟ္မာဘုံတို့မှ ဗြဟ္မာတို့ အသက်တမ်း ကုန်ခြင်း၊ အာယုက္ခယ ကံကုန်ခြင်း၊ ကမ္မက္ခယ အသက်တမ်းကံနှစ်ပါး စုံပြိုင်၍ကုန်ခြင်းစသည့် တပါးပါးဖြင့် စုတေသေဆုံး၍ လူ့ပြည် ကျွန်းမြေပေါ်သို့ ပဋိသန္ဓေ တည်ကာ လူသတ္တဝါဖြစ်လာကြသည်ဟု ဆိုသည်။

## ကမ္ဘာဦးလူသား

ကမ္ဘာဦးက လူတွေသည် ယောကျ်ား အသွင်သဏ္ဌာန်လည်း မပါ၊ ယောကျ်ားလည်းမဟုတ်၊ မိန်းမ အသွင် သဏ္ဌာန်လည်း မပါ၊ မိန်းမလည်း မဟုတ်ကြပေ၊ အဝတ် ပုဆိုးလည်း မဝတ်ဆင်ကြ၊ အစာအာဟာရကိုလည်း မှီဝဲသုံးစားခြင်းမရှိပဲ နေလာခဲ့ကြသည်။

---

စပယ်ဦးစာပေ

ဗြဟ္မာကြီးများကဲ့သို့ ကောင်းကင်၌ သွားနိုင်သော ကမ္မဇိဒ္ဓိ တန်ခိုးနှင့်လည်း ပြည့်စုံကြ၏၊ နေလ နက္ခတ်အရောင်များ မရှိဖဲလျက် မိမိတို့၏ ကိုယ်ရောင် အလင်းတို့ဖြင့် အမိုက်မှောင်ကို ပယ်ဖျောက်ကာ သွားလာလှည့်လည်နေကြသည်။

အလင်းရောင်မရှိပဲ ကိုယ်ရောင်အလင်း ထွက်နေသည် ဆို၍ ဉာဏ်မမှီက ယုံတမ်းထင်နိုင်သည်။ သည်နေရာတွင် ပမာပြရသော် မီးနေပြဒါးခဲသည် တေဇောလွန်ကဲလာသောအခါ ကြယ်ရောင်လရောင်အဖြစ်တောက်ပလာပြီး အလွန်နက်မှောင်သော နေရာတွင် ချထားသော်လည်း ပြိုးပြိုးပြက်ပြက် လင်းနေသည်ကို ပမာယူရမည်။

ကိလေသာ အညစ်အကြေး ကင်းစင်သော ပြဒါးခဲတ်လုံးသည် အမှောင်ထဲတွင်ကြယ်ရောင်လရောင်ထွက်ချေ၏။ 'ကိုယ်တွေ့အဂ္ဂိရတ်ကျမ်း' တွင် ဖော်ပြမည်။

ထိုသို့ မိမိ၏ ကိုယ်ရောင်အလင်းတို့ဖြင့် အမိုက်မှောင်ကို ပယ်ဖျောက်ကာ သွားလာနေခဲ့ရာ အဘန်ကြာ ကာလလွန်လျှင် မြေပြင်၌ ဟိုတကွက် သည်တကွက် ခဲပျစ်နေသော အလွန်မွှေးကြိုင်သည့် ရနံ့ထွက်နေသည့် မြေဆီလွှာများကို တွေ့ရသည်။ ထိုအဆင်းနှင့် ရနံ့ကို တွေ့မြင်ရဖန်များ၍ ချစ်ခင် သာယာသော တဏှာများ ဖြစ်ပေါ်လာသည်။

ကမ္ဘာဦးလူတို့သည် ထိုမြေဆီမြေခဲတို့ကို လက်ဖြင့် ကိုင်ယူ၍ နမ်းပြီးစားကြည့်ရာ အလွန်ကောင်းမွန် ခံတွင်းတွေ့သဖြင့် အမြဲမပြတ် မှီဝဲစားသောက်ကြလေသည်။

---

## နေ လ နက္ခတ် တာရာ

ရသပထဝီ မြေကြီးဆီခဲကို မှီဝဲ စားသောက်လာခဲ့ရာမှ ကြာသော် ရှန့်ရှင်းသောရုပ်များ ဖြစ်ပေါ်လာကာ ကိုယ်ရောင် ကိုယ်ဝါများလည်း တစတစ ညှိုးမှိန်ကွယ်ပျောက်ကြလေသည်။

သည်တွင် အလွန် ကြောက်ရွံ့တုန်လှုပ်လာကာ အမှောင်ကို ပယ်ရှားနိုင်စွမ်းသောအရာကို တောင့်တလာကြသည်။ သို့ဖြင့် ယူဇနာငါးဆယ် အလျားအနံကျယ်သော နေဝန်းကြီး နေဗိမာန် ကြီး ဖြစ်ပေါ်လာရသည်။

ထိုအခါ ကမ္ဘာဦး လူသားတို့က "ငါတို့၏ ရဲရင့်ခြင်းကို ဖြစ်ပေါ်စေ၍ သူရိယဟုအမည်တွင်စေသတည်း"ဟု နေဗိမာန်ကို သူရိယအမည် မှည့်ကြလေသည်။

ထိုနေမင်းသည် တနေ့လုံးထွန်းလင်းပြီးနောက် အနောက်သို့ ဝင်၍ ကွယ်ပျောက်သွားသောအခါ အမှောင်က မင်းမူလာပြန် သဖြင့် ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာပြန်သည်။ ကြောက်ရွံ့စိတ် ပျောက်စေရန် တပါးသော အလင်းရောင်ကို တောင့်တလာကြ ပြန်သည်။ သည်တွင် နက္ခတ်တာရာ ကြယ်အပေါင်းနှင့် တကွ လေးဆယ့်ကိုးယူဇနာကျယ်သော လဝန်းလဗိမာန်ကြီး ဖြစ်ပေါ် လာသည်။

"သည်ဗိမာန်ကြီးသည် ငါတို့၏ အလိုဆန္ဒကို သိဘိသကဲ့သို့ ဖြစ်ပေါ်လာလေ၏။ ငါတို့တောင့်တခြင်းကိုအစွဲပြု၍ စန္ဒအမည် တွင်စေသတည်း"ဟု လဗိမာန်ကို စန္ဒအမည် မှည့်ကြလေသည်။

---

ထိုနေ့,လနက္ခတ်တို့ဖြစ်ပေါ်လာသောအခါ နေနှင့်သမသတ်နေလျက် ဥတ္တရဖလဂုဏီနက္ခတ်နှင့် ယှဉ်၍ ပေါ်ထွက်လာခြင်းကြောင့် ဖဂ္ဂုဏာပုဏ္ဏမီဟု ခေါ်ဝေါ်ကြသည်။ ၎င်းကို တပေါင်းလပြည့်နေ့ဟု ခေါ်ဆို၏။ထိုအခါမှစ၍ အစဉ်အတိုင်း နေ့-ညဥ့်-ပက္ခ-လ-ဥတု-နှစ် စသည်တို့ ဖြစ်ပေါ်လာသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စသည့် အရပ်ဒေသများလည်း ထင်ရှားဖြစ်ပေါ်လာသည်။

## ဖိုနှင့်မ

ကမ္ဘာဦးလူတို့ အာဟာရကို မှီဝဲခြင်းကြောင့် ရုပ်အမျိုးမျိုး ဖြစ်လာကာ အချို့ အဆင်းလှလျက် အချို့က အဆင်းမလှ ဖြစ်လာကြကုန်၏။

အဆင်းလှသူက အဆင်းမလှသူတို့ကို မထီလေးစားပြုလာ၏။ ထိုမထီလေးစားခြင်း အတိမာနကြောင့် ရသ ပထဝီ မြေဆီတို့ ကွယ်ကြလေသည်။

မြေဆီများ ကွယ်လေသော် ဘူမိပပ္ပဋက မည်သော မြေဖူး မြေငုံတို့ တောင်ပို့ကြီးများပမာ ပေါက်လာကြ၏။ ထိုမြေဖူး မြေငုံတို့ကိုစားသောက်ကြလေသည်။တီကောင်များပမာတည်း။

ထိုမြေငုံတို့လည်း ရှေးနည်းတူ အတိမာနများကြောင့် ကွယ်သွားကြပြန်ရာ ပဒါလတာမည်သော နွယ်ချိုမျိုးတို့ ပေါက်လာကြပြန်၏။ ထိုနွယ်ချိုများကို စားသောက် မှီဝဲယင်း ရှေးနည်းအတိုင်း အတိမာနစိတ်ကြောင့်ကွယ်သွားကြပြန်၏။သည့်နောက် သလေးဆန်များ ပေါ်လာ၍ ယူပြီး အိုးဖြင့် ချက်စားကြသည်။

---

စပယ်ဦးစာပေ

ထိုသလေးဆန်ထမင်းသည် ဟင်းများရောစွက် တွဲဖက်စရာမလို၊ သူ့အလိုလို ချိုချဉ်ရသာတို့ဖြင့် ကောင်းမွန်နေ၏။

ထိုသလေးထမင်း အာဟာရကို မှီဝဲစားသောက်ရသောအခါ ကျင်ကြီးကျင်ငယ်များ ဖြစ်လာလျက်၊ ၎င်းကျင်ကြီးကျင်ငယ် များ ထွက်စရာ ပြွန်ပေါက်ပြွန်တံများဖြစ်ပေါ်လာရလေသည်။

မိန်းမ ဖြစ်ထိုက်သောသူအား မိန်းမ၊ ယောကျ်ား ဖြစ်ထိုက် သောသူအား ယောကျ်ားအသွင်သဏ္ဌာန် အင်္ဂါကြီးငယ် ဘာဝ ရုပ်များ ပေါ်ထွက်လာ၏။ ထိုအခါတွင် ရှက်ကြောက်ခြင်း ဖြစ်လာကာ ပဒေသာပင်မှ အဝတ်တို့ကို ဆွတ်ယူဝတ်ရုံ ဖုံးလွှမ်း ကြသည်။

ကမ္ဘာဦးအခါက ကျွန်းတိုင်းမှာပင်ပဒေသာပင်များရှိသည်။ နောက်သော် မြောက်ကျွန်းမှာသာ အမြဲရှိတော့သည်။

## အိမ်ထောင်ကျခြင်း

ယောကျ်ား၊ မိန်းမ ကွဲကွဲ ပြားပြား ဖြစ်လာသော အခါ ဖိုမဓာတ် မဓာတ်အရ ယောကျ်ားသည် မိန်းမကို အာသာငမ်းငမ်း ကြည့်၏။ မိန်းမကလည်း ယောကျ်ားကို အာ သာ ငမ်း ငမ်း ကြည့်၏။ သည်သို့ တဦးနှင့်တဦး ကြည့်ရှု ကြံစည်ဖန် များသော အခါ ကာမရာဂစိတ်တို့ တဖွားဖွား ဖြစ်ပေါ် လာကြသည်။ သည် ကာမ ရမ္မက်ဇောကို မချုပ်တီးနိုင်ကြသောအခါ မေထုန အမှု ဃာရာဝါသပြုကြလေသည်။

ထိုသို့မေထုနအမှုကိုပြုကြသောသူတို့ကိုပညာရှိတို့ကမြင်လျှင် "ဓိ-ဝသလာ၊ဓိ-ဝသလာ" ဟုဆိုကြ၏။ "ဝသလာ၊ သူယုတ်တို့။

---

စပယ်ဦးစာပေ

ဓိ၊ ထိုရွှံ့စရာ။ ဝသလာ၊ သူယုတ်တို့။ဓိ၊ ထိုရွှံ့စရာ"ဟု တံတွေး ထွေးလျက် ကဲ့ရဲ့ကြသည်။ အချို့က ခဲဖြင့် ပေါက်ကြကုန်၏။ အချို့ကမူ တုတ်များ လှံမျှားနှင့်ပင် ဆုံးမရိုက်နှက်ကြ၏။

ထိုအခါ ကဲ့ရဲ့ခြင်း၊ ပစ်ခတ်ရိုက်နှက်ခြင်း ဘေးတို့မှ ကင်း လွတ်၍ ချမ်းသာစွာ မေထုန အမှုပြုရန်အတွက် ပုန်းကွယ်စရာ အိမ်များကို ဆောက်လုပ်နေထိုင်ကြလေသည်။

မေထုန အမှုကို မပြုသော သူတို့ကား အိမ်မဆောက်ပဲ သစ်ပင်ရင်း လွင်တီးခေါင် စသည်တို့၌သာ နေထိုင်ကြကုန်၏။

မေထုန အမှု ပြု၍ အိမ်၌နေသောသူကို 'အာဂါရိယလူ' ဟု ခေါ်ပြီး၊ မေထုနအမှုရှောင်ကြဉ်ပြီး အိမ်၌ မနေသော သူ ကို အနာဂါရိယလူဟု ခေါ်သည်။ သည်တွင် လူနှစ်မျိုး ကွဲပြား သွား၏။

## အာဂါရိယ

သားမယားနှင့် အိမ်မှာနေသော အာဂါရိယ လူမျိုးထဲတွင် ပျင်းရိသော သူတယောက်သည် သလေးခင်းသို့ အခါခါမသွား ရအောင် နှစ်ရက်စာ၊ သုံးရက်စာလောက်ကို တခါတည်း သယ် ယူ၍ အိုးဖြင့်လှောင်ထား၏။ ထိုသူကိုတုပြီး ကျန်သော လူပျင်း တို့ကလည်း လေး,ငါးရက်စာမက ယူခဲ့ကြကာ သိုမှီးလှောင်ထား ကြ၏။

ထိုသို့ အပိုအလျှံ သိုမှီးလှောင်ထားခြင်း သန္နိမိအမှုကိုပြုခြင်း ကြောင့် သလေးဆန်တို့သည် ဖွဲ့ကပ်၍ အခွံများ ဖုံးလာလေ သည်။ ရှေးကမူ ယနေ့ရိတ်ထားသော နေရာ၌ နက်ဖြန် ပကတိ

ပေါက်မြဲပေါက်၍ သီးမြဲသီးခဲ့၏။ သန္ဒိမိ အမှုကို ပြုပြီးသော အခါ၌ ရိတ်ထားသော နေရာတွင် ပြန်မပေါက် မသီးတော့ပဲ အငုတ်တွေအတိုင်းသာ ဖြစ်လာကြသည်။

သည်တွင် စုဝေးတိုင်ပင်ကြကုန်၏။

"အို....လူအပေါင်းတို့ သတ္တဝါတို့၌ ယုတ်မာသော တရားတို့ ဖြစ်ပေါ်လာသဖြင့် ယခု ငါတို့အား ကောင်းမြတ်သော အရာမှန်သမျှတို့ ဆုတ်ယုတ်၍လာချေပြီ"

"သည်သို့ဆိုလျှင် သလေးခင်းကို အညီအမျှခွဲဝေ၍ သူ့အခင်း ငါ့အခင်း သတ်မှတ်ပိုင်းခြားထားကြစို့"

အားလုံး ညှိနှိုင်း တိုင်ပင်ကာ အညီအမျှ ခွဲဝေ ယူကြလေသည်။

## သမ္မတမင်းမြောက်ပုံ

ယင်းသို့ခွဲဝေယူကြပြီးနောက်တွင် တစုံတယောက်သော လူပျင်းသည် သူတပါး၏အခင်းမှ သလေးစပါးများကို ဥစ္စာရှင်က မပေးပဲနှင့် ခိုးယူလေ၏။ ထိုသို့ခိုးသူနေသည်ကို ဥစ္စာရှင်က တွေ့သောအခါ တကြိမ် နှစ်ကြိမ် မောင်းမဲတားမြစ်သေး၏၊ သုံးလေးကြိမ်မြောက် ခိုးယူပြန်သောအခါ သည်းမခံနိုင်တော့ပဲ ရောင်ကို ဆွဲ၍ ထောင်းထုရိုက်နှက် ဆုံးမ၏၊

သည်ပြဿနာများပေါ်ပြီးနောက် လူအပေါင်းတို့ စည်းဝေးကြရပြန်သည်။

"အို....လူအပေါင်းတို့၊ လောက၌ လူဆိုးလူညစ်များ ပေါ်ပေါက်လာကြပြန်ချေပြီ၊ ဒီလို လူဆိုးလူညစ်တို့ကို နှိမ်နင်းဆုံးမ

နိုင်ရန် ချီးမြှောက်တန်သောသူကို ချီးမြှောက်ရန် တစုံတဦးကို အကြီးအကဲတင် မင်းမြှောက်ကြကုန်အံ့၊ ထိုမင်းအား ငါတို့၏ သလေးခင်းမှ ဆယ်ဖို့ တဖို့ကို ငါတို့ နှစ်စဉ် ပေးကြကုန်အံ့”

သည်သို့ အညီအညွတ် သဘောတူတိုင်ပင်ကြပြီး မင်းမြှောက် ကြလေသည်။

ရှေးဦးဆုံး မင်းမြှောက်ခံရသောသူသည် ကျွန်ုပ်တို့၏ ဘုရား လောင်းတော် ဖြစ်လေသည်။

## လူတန်းစားကွဲလာခြင်း

ထိုသူကို လူအများက မင်းဟု သမုတ်သောကြောင့် “မဟာ သမ္မတ” ဟု အမည်ရလာသည်၊လယ်မြေတို့ကိုအစိုးရခြင်းကြောင့် “ခတ္တိယ” ဟုလည်း ခေါ်သေး၏၊ တရားသဖြင့် သူတပါးတို့ကို တပ်မက် ချစ်ခင် စေတတ်သောကြောင့် “ရာဇာ” ဟု အမည် ရ၏။

အအုပ်ချုပ်ခံလူများကိုတော့ လယ်လုပ်ခြင်း ကုန်သွယ်ခြင်း စသည့် အမှုကိစ္စတို့ကို ပြုလုပ်ကြ၍ “ဝေဿ” ဟု ခေါ်၏။

တဖြည်းဖြည်း နှစ်ကာလ ကြာညောင်း လာသော အခါ “ဝေဿ” ခေါ်သောလူထဲမှဆင်းရဲနွမ်းပါးခြင်းဖြစ်၍ ကျေးကျွန် အခိုင်းအစေ ပြုလုပ်လာရပြီး သူဆင်းရဲဘဝသို့ ရောက်သွားသော သူကို “သုဒ္ဒ” ဟု ခေါ်၏။ ယုတ်ညံ့သေးငယ်သော အလုပ်အကိုင် အကျင့်အကြံဖြင့် အသက်မွေးသူဟု အဓိပ္ပါယ်ရ၏။

သို့ဖြင့် ရာဇမျိုး၊ ဝေဿမျိုး၊ သုဒ္ဒမျိုး ဟူ၍ အမျိုးသုံးပါး ကွဲပြားလာသည်။

---

## အနာဂါရိယ

အိမ်ထောင်မပြု၊ အိမ်၌မနေသော အနာဂါရိယ လူမျိုးတို့သည် ဗြဟ္မာစရိယသီလနှင့် ပြည့်စုံခြင်းကြောင့် အာဂါရိယ လူမျိုးတို့ထက် မြတ်သည်ဟု သတ်မှတ်ထား၏။ ထို့ကြောင့် ၎င်းတို့ကို 'ဗြာဟ္မဏ'ဟု ခေါ်သည်။

ထိုဗြာဟ္မဏလူမျိုးတို့သည် အာဂါရိယလူမျိုးတို့၏ အိမ်များတွင် တောင်းရမ်း အလှူခံခြင်းဖြင့် အသက် မွေးမြူကြကုန်၏။ အာဂါရိယလူတို့က မိမိတို့မကျင့်နိုင်၊ ခက်ခဲသောအမှုကို ကျင့်နိုင်သည့် ဗြာဟ္မဏတို့ကို ရိုသေလေးစားကြ၏။ ကောင်းမွန်စွာ လှူဒါန်းပူဇော်ကြသည်။

ဗြာဟ္မဏလူမျိုးတို့သည် အချို့က အလှူခံ၍ အသက်မွေးမြူကြလျက်၊ အချို့က သစ်ဥသစ်သီးများ ရှာဖွေ စားသောက်ကာ အသက်မွေးမြူပြီး တောတောင် သစ်ပင်ရင်းများတွင် ကသိုဏ်း အစရှိသော ကမ္မဋ္ဌာန်း တရားများကို အားထုတ် ကျင့်ကြံလာကြသည်။

## တန်ခိုးရှင်များ

ထိုသို့ သမထ ကမ္မဋ္ဌာန်းများ ကျင့်ကြံအားထုတ်၍ လောကီ ဈာန်အဘိညာဉ်များ ရရှိလာကြသည်။

ဈာန်အဘိညာဉ် တန်ခိုးများ ရရှိလာကြသဖြင့် လောက၌ အမှားအမှန် အကောင်းအဆိုးတို့ကို သိမြင်လာသည်။လောက၏

အကျိုးစီးပွားအတွက် သာမ၊ ယဇု၊ ဣရုဟူသော ဗေဒင်သုံးပုံကို ထုတ်ဖော်ပေးကြသည်။ ဟောပြောပေးကြသည်။

အက္ခရာ၊ ပုဒ်ပတ်၊ ဝါကျ၊ အမည်နာမတို့ ကောင်းစွာသိမြင် မှည့်ဆိုရေးသားနိုင်ရန် သဒ္ဒါကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ အဘိဓာန်ကျမ်းများကို ထုတ်ဖော်ပေးကြသည်။ သင်ကြားပြသ ပေးကြသည်။

အိမ်ထောင်အမှုကို ပြုကြသော အာဂါရိယ လူတို့ကလည်း ထိုပုဂ္ဂိုလ်သူတော်စင်တို့ကို အားကျကာ အချို့ အိမ်ထောင်မှုကို စွန့်၍ အနာဂါရိယ ဗြာဟ္မဏဘောင်သို့ ဝင်ကြ၏။ သဒ္ဒါကျမ်း၊ ဆန်းကျမ်းနှင့်တကွ ဗေဒင် သုံးပုံကို သင်ကြားကြသည်။ ထို့နောက် ဈာန် အဘိညာဉ် တရားများရအောင် အားထုတ် ကျင့်ကြံကြလေသည်။

## ရသေ့ရဟန်းများ

ထိုဈာန် အဘိညာဉ်များ ရအောင် အားထုတ်ကြသော ဗြာဟ္မဏတို့သည် အချို့က ဆံကျစ်ထုံးလျက် ရသေ့လုပ်၍ အားထုတ်ကြ၏။ အချို့က ဦးခေါင်းပြည်းလျက် ပရိဗိုဇ်ရဟန်း လုပ်၍ အားထုတ်ကြ၏။

အချို့ ကိလေသာ တဏှာ မပြတ်ပဲ ဗေဒင်ကျမ်းဂန်တတ် ဗြာဟ္မဏတို့သည် ဈာန်အဘိညာဉ်တို့ကိုရအောင် အားမထုတ်နိုင် သဖြင့် ရသေ့ရဟန်းမလုပ်ပဲ တောထဲ တောင်ထဲ၌လည်း မနေ၊ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ကာ ရောင်ချောထုံး၍ မြို့ဦး ရွာဦး များ၌နေထိုင်ပြီး လူအများကို ဗေဒင်ကျမ်းဂန်များ သင်ကြား ပို့ချပေးလေသည်။

ထိုဗြာဟ္မဏတို့သည် စျာန်အဘိညာဉ် မရသူများ ဖြစ်၍ 'အဇ္ဈာယကော'ဟု ခေါ်၏။ စျာန်မရသော သူဟု အခေါ်ခံရ သည်၊ ယုတ်ညံ့သောအမည် တွင်လာ၏။

နောက် ကာလကြာမြင့်လာသောအခါ ၎င်းတို့ကို 'အဇ္ဈာယကော'ဟု ခေါ်၏၊ဗေဒင် ရွတ်အံတတ်သောသူဟု အဓိပ္ပါယ် ရသည်၊ မြင့်မြတ်သော ဂုဏ်အမည် တွင်လာပြန်သည်ဟု ဆိုရ မည်။

## အမျိုးလေးပါး

ထိုသူတို့သည် နောင်ကာလ ကြာမြင့်လာသောအခါ ဗြဟ္မ စရိယ သီလမတည်နိုင်ကြသဖြင့် သားမယားရှာ၍ အချို့ အာဂါ ရိယ လူမျိုးထဲဝင်ရောက်ကြ၏။ သို့ဖြင့် ရာဇ မင်းမျိုး၊ ဗြာဟ္မဏ ပုဏ္ဏားမျိုး၊ ဝေဿ-သူကြွယ်မျိုး၊သုဒ္ဒ-သူဆင်းရဲမျိုးဟူ၍ အမျိုး လေးပါး ဖြစ်ပေါ်လာသည်။

## ဘာသာအမျိုးမျိုးကွဲပြားလာပုံ

ကမ္ဘာဦးလူသားများဖြစ်ကြသော ရသေ့၊ ရဟန်းနှင့်တကွ ဖော်ပြပါ အမျိုးလေးပါးတို့သည် ကမ္ဘာဦး အခါက ဘာသာ မကွဲပြားကြပေ။ မာဂဓဘာသာ တခုသည်းသာရှိ၏၊ မာဂဓဘာ သာတခုတည်းသာ ပြောဆိုကြ၏၊ နောင်ကာလ ရှည်ကြာသော အခါကျမှ အရပ်ဒေသ၊ရာသီဥတု၊ရေ၊မြေ၊ တောတောင်လိုက်ပြီး ဘာသာအမျိုးမျိုး၊ ဇာတ်အမျိုးမျိုး ကွဲပြားသွား လေသည်။

## အခန်း (၆)

## နိုင်ငံတကာ လောကီပညာ

လောကီဝိဇ္ဇာပညာတတ်များကို သမိုင်း တင်တော့မည်ဆိုလျှင် အချိန်အခါ နေရာဒေသသိဖို့ ပထမဆုံး အရေးကြီး၏။

သို့သော် သည်ပညာရပ်များ စတင်ပေါ်ပေါက်ချိန်နှင့် နေရာဒေသကို တိတိကျကျ ပြောနိုင်ဖို့ကား မလွယ် ကူလှ ချေ။ အကြောင်းမှာ ဂေါတမမြတ်စွာဘုရားမပွင့်မီ ကတည်းက ရှိနေသောပညာ ဖြစ်သောကြောင့်တည်း။

လောကဓံ တရားကို မလွန်ဆန်နိုင်သော လူ့လောကသားသက်ရှိ သက်မဲ့ အပေါင်းတို့သည် အပြောင်းအလဲ၊ အတက်အကျများနှင့်မကင်းနိုင်ရကား ပမာပြုရလျှင် (က) လူမျိုးထံမှပညာကို

(ခ) လူမျိုးက ရယူခဲ့သည်ဆိုကြပါစို့၊ နှစ် ပေါင်း များ စွာ ကြာမြင့်သောအခါ (က) လူမျိုးသည်လည်းကောင်း၊ သူတို့၏ ပညာရပ်များသည် လည်းကောင်း အကြောင်း အားလျော်စွာ ပျက်စီး တိမ်ကော သွားနိုင်သည်။ ထိုအခါ ပညာထွန်းကားနေပြီ ဖြစ်သော (ခ) လူမျိုးတို့ထံမှ ပညာကို တဖန် ပြန်၍ ယူရသည် လည်း ရှိတတ်သည်။

ထို့ကြောင့် ဆိုက်ဗေးရီးယားလူမျိုး၊ ရေိယာန်၊ ဂရိ၊ ရောမ၊ အာရပ်နှင့် အစ္စရေး (ဂျူး)လူမျိုးများမှလည်းကောင်း၊ တရုတ်၊ အီဂျစ်၊အိန္ဒိယစသော တိုင်းပြည်များမှလည်းကောင်း စတင်ပြန့်နှံ့ သည်ဟု တထစ်ချ ဆုံးဖြတ်ရန် ခဲယဉ်းလှပေသည်။

ရှေးဟောင်းသမိုင်း သုတေသီများ၊ မနုဿဗေဒ ပါရဂူများ၊ တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်း ကျောက်စာများ စသည် တို့မှ တွေ့ရှိချက်အရဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်း ထောင် သောင်း များစွာက လောကီဝိဇ္ဇာပညာကို အသုံးပြုခဲ့ကြကြောင်း သိရသည်။

စင်စစ် လောကီပညာ ရပ်များသည် လူ့သမိုင်းနှင့် တချိန် တည်း ပေါ်ပေါက်လာသော ရှေးဦးပညာဖြစ်၏။

ရှင်းအံ့....

ကမ္ဘာဦးလူသားတို့၏ ဘဝသည် အခက်အခဲပေါင်း မြောက် မြားစွာကို ဖြတ်သန်းကျော်လွှားလာခဲ့ရ၏။ ဘေးဒုက္ခ အန္တရာယ် များ၊ ရောဂါဘယများ၊ ချိုတဲ့ ရှားပါးမှုများနှင့် ရင်ဆိုင်ကာ ဘဝရပ်တည်ရေးအတွက် တွန်းလှန် တိုက်ခိုက်နေရသည်။

---

မွန်စတာရီးယန်းခေတ်ထက် ပို၍စောသော အချိန်က လူတို့သည် သစ်သီး၊ သစ်ဥ၊ သစ်ဖုံကလေးများနှင့် တိရစ္ဆာန်ကလေးများကိုသာ စားသောက်ခဲ့ကြရသည်။ မွန်စတားရီးယန်း ခေတ်ကျမှ လူတို့သည် အလတ်စား သားကောင်များကို အမဲလိုက်ရှာဖွေ စားသောက်လာရသည်။ သားကောင်ကြီးများကိုမူ ရံဖန်ရံခါ စုပေါင်း၍ အမဲလိုက်ပြီး စားရသည်။ ထိုအချိန်က မမာမကျန်းဖြစ်ပြီး ညွန်နစ်နေသော သားကောင်များကိုလည်း သတ်စားတတ်ကြသည်။

သူတို့သည် အမဲလိုက်ယင်း ခံယူချက်၊ အစွဲအလန်းများပေါ်ပေါက်လာသည်။ ၎င်းတို့ကား စုန်းအတတ်၊ မှော်အတတ်များဖြစ်သည်။ သည်နောက် ဘာသာကိုးကွယ်မှုများ ဆက်ပွားပေါ်ပေါက်လာသည်။

ပထမအချိန်က လူသည် သဘာဝပြုပြင်ဖန်တီးမှုကို ခံခဲ့ရ၏။ နောက်တဖြည်းဖြည်း လူက သဘာဝတရားကို သိမြင်လာကာ တွန်းလှန်ရင်း သဘာဝကိုစိုးမိုး ချယ်လှယ်နိုင်ခဲ့သည်။

ယင်းသို့ သဘာဝ၏ အချယ်အလှယ်ခံဘဝမှသည် သဘာဝကို ချယ်လှယ်သူအဖြစ်သို့ တက်လှမ်းလာခဲ့ရာ အခက်အခဲပေါင်း မြောက်မြားစွာကိုကျော်လွှားလာရမည်မှာဓမ္မတာပင် ဖြစ်သည်။

လူတို့သည် သဘာဝနည်းဖြင့် ဖြေရှင်း၍မရသောအခက်အခဲများကို သဘာဝပြင်ပနည်းများဖြင့် ဖြေရှင်းရန် ကြိုးစား အားထုတ်လာရသည်။

လူသည် သစ်ကြီး ဝါးကြီးများကို မိမိစွမ်းပကားဖြင့်ခုတ်လှဲနိုင်ကြောင်း၊ မိမိတို့အတွက် အသုံးအဆောင် ဖြစ်နိုင်ကြောင်း

မသိရှိမီ ကာလက သစ်ကြီးဝါးကြီးများကို ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။ တောကြီးတောင်ကြီးများကိုလည်း ပူဇော်ခဲ့ကြ၏။ မိုးကိုလည်းကောင်း၊ လေကိုလည်းကောင်း၊ နေကိုလည်းကောင်း ကြောက်ရွံ့ပသခဲ့ကြသည်။ သမုဒ္ဒရာကြီးများကိုလည်း ဖြတ်သန်းခြင်းငှာ မစွမ်းသာ၍ ပူဇော်ပသခဲ့ကြသည်။

တဖြည်းဖြည်း အတွေ့အကြုံ ကြွယ်ဝသောအခါ လူတို့သည် လက်နက် ကိရိယာများကို တီထွင် ကိုင်စွဲ လာ ကာ ယခင်က ကိုးကွယ် ဆည်းကပ်ခဲ့သော သစ်ကြီး ဝါးကြီးများကို ခုတ်လှဲလာခဲ့သည်။ သည့်နောက် လူသုံးကုန်အဖြစ် ထုတ်လုပ်လာနိုင်ခဲ့သည်။ တောကြီးမျက်မည်းထဲမှလည်း သဘာဝ၏ သယံဇာတပစ္စည်းများကို ထုတ်လုပ်လာခဲ့သည်။ မည်မျှမြင့်မားသော တောတောင်ကြီးများပင်ဖြစ်စေ မိမိတို့ ခြေဖဝါးအောက်သို့ ရောက်စေခဲ့၏။ မည်မျှနက်၍ မည်မျှအပြောကျယ်သော သမုဒ္ဒရာကြီးပင်ဖြစ်စေ ထုတ်ချင်းဖောက် ဖြတ်ကူးနိုင်ခဲ့ကြသည်။

ယင်းသို့ တစထက်တစ အောင်မြင်လာခဲ့သော်လည်း သဘာဝတွင် သူမသိသောအရာများ၊ သူ ဝေဖန်ပိုင်းခြား၍ မတတ်နိုင်သောအရာများ၊ သူ သဲထိတ်ရင်ဖို ကြောက်လန့်စိုးရွံ့နေရသော အရာများကား လွန်ကဲစွာ ရှိနေသေးသည်။

သာမန်နည်းဖြင့် ဖြေရှင်း၍ မရသော ပြဿနာ တရပ်ကို သဘာဝအတွင်းမှ ခက်ခဲပင်ပန်းစွာ ဖြေရှင်းခြင်း မပြုတော့ပဲ သဘာဝပြင်ပမှဖြစ်သော တန်ခိုးအာနိသင်များဖြင့် ဖြေရှင်းရန် တွေးတောကြံဆလာခဲ့ကြသည်။

---

သို့ဖြင့် မိမိပိုင်းခြား ဆင်ခြင်ခြင်းငှာ မစွမ်းနိုင်သော ဘေးဒုက္ခများနှင့် ရင်ဆိုင်ရသောအခါ လည်းကောင်း၊ ဘေးမှလွတ်ကင်းအောင် နတ်များကို ပူဇော်ခြင်းဖြင့် ဖြေရှင်းလာခဲ့သည်။

အတွေ့အကြုံများအရ လူ့ကိုယ်ခန္ဓာတွင် လည်းကောင်း၊ အိမ်တွင်သော်လည်းကောင်း အဆောင်ကောင်းများထားလျှင် မကောင်းသောဘေးဝေး၍ ကောင်းကျိုးချမ်းသာများ ခံစားရသည်။ ကိုယ်နှင့်မကွာ လက်ဖွဲ့များ ဆောင်ထားလျှင် အရာရာအောင်မြင်နိုင်သည် စသည်ဖြင့် အတွေးအခေါ်သစ်များ လူသားတို့၏ အသဲနှလုံးတွင် ကိန်းဝပ်စ ပြုလာခဲ့သည်။

သည်နည်းဖြင့် အင်း၊ အိုင်၊ ခလဲ့၊ လက်ဖွဲ့များ ပေါ်လာခဲ့သည်။ ထိုအလုပ်ဖြင့် ဇောက်ချလုပ်ကိုင်ကြသော မှော်ဆရာကြီးများလည်း ပေါ်လာတော့သည်။ ထိုမှ ဝိဇ္ဇာ-ဇော်ဂျီ-တပဿီ စသည့် ပုဂ္ဂိုလ်များလည်း ပေါ်လာကြတော့သည်။

ကောက်ပဲသီးနှံများ စိုက်ပျိုးရာ၌ နက္ခတ်တာရာ ကြည့်ပြီး မိုးလေဝသ လက္ခဏာများကို ဖတ်ကြားပေးမည့် နက္ခတ်တဗေဒ ပညာရှင်များ၊ ပရောဟိတ်ဆရာကြီးများ ပေါ်လာသည်။ ရောဂါဘယများကို ကုစားရန်အတွက် မှော်ဝိဇ္ဇာ၊ ဆေးဝိဇ္ဇာကြီးများ ပေါ်လာကြသည်။

ရောဂါဖြစ်လျှင် ယဇ်ပူဇော်ခြင်း၊ ပန်းဦးလွှတ်ပွဲများ ပေါ်လာကြသည်။ ဂြိုဟ်စီး၊ နာမ်စီးများဖြေ၍ အပြစ်ကင်းဧရန် ယတြာချေခြင်း၊ ခတ်ရိုက်ခြင်းများ အထိ ပြုလုပ်လာခဲ့ကြတော့သည်။

---

အနိစ္စအမြဲမရှိသောသဘောဖြင့် သေဆုံးသောသူ၏ ရုပ်ကြွင်းခန္ဓာကောင်ကို အထူးထူးအပြားပြားစီမံလျက် သိမ်းဆည်းထားလိုသော ဆန္ဒများနှင့်အတူ အိုရုပ် ပျောက်အောင် နှစ်ပေါင်းများစွာ အသက်မသေနိုင်အောင် ကြံဆလာကြရာမှ ဆေးဝိဇ္ဇာ၊ ဓာတ်ဝိဇ္ဇာများ ပေါ်လာကြသည်။

သည်မှတဆင့် အသက်ဝိညာဉ်ဆိုသော အပိုင်းကို ဆန်းစစ်လာကြသည်။ ဝိညာဉ်လောကများကိုလည်း စောကြောသုံးသပ်လာကြသည်။ မျက်မှောက်ဘဝအပြင် အခြားဘဝများ ရှိမရှိဆိုတာကိုလည်း စူးစမ်းလာကြသည်။

သည်လိုနှင့် နေ၊ လ၊ နက္ခတ်၊ မီး၊တော၊တောင် စသည်တို့ကိုကိုးကွယ်ခြင်း၊နတ်ကိုးကွယ်ခြင်း၊ ယဇ်ပူဇော်ခြင်း၊ မှော်အတတ်စသည်တို့မှ တစတစ ဘာသာ၊ အယူဝါဒများ ထွန်းကား ပေါ်ပေါက်လာလေသည်။

ထင်ရှားသောအချက်တရပ်မှာ လောကီဝိဇ္ဇာ အတတ်ပညာများနှင့် ပတ်သက်၍ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် တနည်းမဟုတ် တနည်း ရှိနေကြခြင်းပင်ဖြစ်သည်။

အချို့နေရာများတွင် ဘာသာရေးထက်ပင် ဦးစားပေးခြင်းကို ခံခဲ့ရသည်။

အံ့ဘွယ်ကောင်းသောက်အောင် လူမျိုးတိုင်းတွင်ရှိနေသောလောကီပညာကိုစူးစမ်းလိုသည့် သိပ္ပံပညာရှင်များနှင့်မနုဿဗေဒပညာရှင်တို့သည် နောက်ဆုံး ကမ္ဘာ မြေမျက်နှာပြင် ပေါ်မှာတည်ရှိခဲ့ဖူးသည်ဆိုသော 'အနောက်သမုဒ္ဒရာအောက်သို့ နစ်မြုပ်သွားသည့် အတ္တလန်တိတ် တိုက်ကြီး' အထိ စူးစမ်း လေ့လာခဲ့ကြသည်။

---

ထို ပျောက်ဆုံး သွားသော အတ္တလန်တိတ် တိုက်ပေါ်မှ တိုက်သားတို့သည် ယဉ်ကျေးမှု အထွတ်အထိပ်သို့ အစွမ်းကုန် ရောက်ခဲ့ကြပြီး ရုပ်ပိုင်းဆိုင်ရာအားဖြင့်လည်းကောင်း၊ စိတ်ပိုင်း ဆိုင်ရာအားဖြင့်လည်းကောင်း၊ အလွန် တိုးတက်ခဲ့ကာ လောကီ ဈာန်များကိုပင်ရရှိနေသူများဖြစ်သည်ဟုလောကီဝိဇ္ဇာမိုရ်ပုဂ္ဂိုလ် ကြီးများက ဆိုခဲ့သည်။

ထိုတိုက်သားတို့ ကံဆိုးမိုးမှောင်ကျရခြင်းမှာ မိမိတို့၏ အဖိုး မဖြတ်နိုင်သော လောကီပညာများကို တလွဲတွင် အသုံးပြုခဲ့ကြ ခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။ ပညာသည်ချင်း တဦးနှင့်တဦး ပညာပြိုင်ခြင်းများ၊မိမိတို့၏ အတတ်ပညာဖြင့် အခြား တပါးသူ များကို နိုင့်ထက်ကလူပြုမူခြင်း၊ ထို့ပြင် တဦးတယောက်ကိုသာ ကျွန်ပြုရန် ကြံစည်ရုံဖြင့် အားမရသေးပဲ တတိုင်း တပြည်လုံး ကိုပင် မိမိခြေဖဝါးအောက် ပြားပြားမှောက်သွားစေရန် ကြံစည် အားထုတ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။

အတ္တလန်တိတ် တိုက်သားတို့သည် လူသားတို့၏ ယဉ်ကျေးမှု အထွတ်အထိပ်သို့ ရောက်ခဲ့ကြပြီး မိမိရရှိထားသော အသိတရား များကို လောကီပညာပေါ်တွင် အိတ်သွန်ဖာမှောက် အသုံးပြု ခဲ့ကြသည်။ လောကီပညာရပ်တို့၏ တိုးတက်ရာတိုးတက်ကြောင်း ကိုသာကျင့်ကြံအားထုတ်ခဲ့ကြသည်။

သူတို့၏ရည်ရွယ်ချက်မှာ ရုပ်လောကရော၊နာမ်လောကကိုပါ စိုးမိုးချယ်လှယ်နိုင်ရန်ဖြစ်သည်။

ထိုပျောက်ဆုံးသွားသော တိုက်နှင့်ပတ်သက်၍ သမ္မာကျမ်း စာအုပ်တွင်'ဘေဘောလ်မျှော်စင်'ဟု ဖော်ပြထားပြီး ၎င်းတို့၏

ယဉ်ကျေးမှုမှာ လူသားတို့ရောက်သင့်သော အဆင့်ထက်ပင် မြင့်မားစွာ ရောက်ရှိသော ယဉ်ကျေးမှု ဖြစ်သည်ဟု ဆိုထားသည်။

အတ္တလန်တိတ်တိုက်သားတို့သည် ကိုယ့်အတတ်ဖြင့် ကိုယ်စူးကာတိုက်ကြီးတခုလုံးကမ္ဘာ့မြေမျက်နှာပြင်ပေါ်မှ ပျောက်သွားရသည်အထိ ကြမ္မာဆိုးနှင့် ကံဆိုးမိုးမှောင် ကျသွား ခဲ့ရသည်။

အနောက်ဘက် ပင်လယ်ပြင် အောက်သို့ အတ္တလန်တိတ်တတိုက်လုံး စုံးစုံး နစ်မြုပ် ပျောက် ကွယ် သွားစဉ်က မမြုပ်မီတိုက်သားအချို့ လက်မတင်ကလေး လွတ်မြောက်သွားခဲ့ကြသူများ ရှိခဲ့သည်။ ထိုလူမျိုးကား 'လူဝါမျိုး'ဖြစ်ပြီး သူတို့သည် အနီးဝန်းကျင်ရှိ တိုင်းပြည်များသို့ သွားရောက်ခိုလှုံခဲ့ကြသည်။ နောက်သော်တရုတ်လူမျိုးများ၊တိဗက်လူမျိုးများနှင့် ရောနှောသွားသည်ဟု ဆိုသည်။

တိဗက်လူမျိုးတို့သည် ၎င်းတို့၏ ရိုးရာအစဉ်အလာအရအမွေဆက်ခံလာသော လောကီ ပညာရပ်များကို အမြဲ ကျစ်လစ်သိပ်သည်းစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။

သို့ဖြင့် အတ္တလန်တိတ်တိုက်သားများ ထိပ်တန်း ရောက်နေသော လောကီပညာရပ်များသည် ကမ္ဘာ့မြေပေါ်မှ ပျောက်ကွယ်မသွားခြင်းဖြစ်သည်။

သည်နေရာတွင် ကမ္ဘာဦးလူသားတို့၏ ဂူများမှ တွေ့ရှိချက်များကိုဖော်ပြလိုသည်။ထိုဂူကြီးများမှာဥရောပတိုက်တခွင်မှတွေ့ရှိသော ဂူများဖြစ်သည်။ ထိုဂူများထဲတွင် ကောက်ကြောင်းပန်းချီကားများနှင့် ပြည့်နှက်နေသည်။ ရှေးအာဖရိက လူမျိုးစုများ၏ လက်ရာများဟု ယူဆရသည်။

ပန်းချီကားများတွင် မျက်နှာဖုံးပုံ တပ်ထားသော လူရုပ်များနှင့် တိရစ္ဆာန်ပုံများ အလေးသာနေသည်။ အချို့နေရာများတွင် လက်ဖျားထိပ်များ ပြတ်နေသော လက်ဖဝါးရာများကို တွေ့ရသည်။ လက်ဖဝါးရာများကို ဂူနံဘေးတွင် ထင်ကျန်ရစ်စေရန်တွက် စေးကပ်သော အရည်တမျိုးထဲတွင် လက်နှစ်၍ရိုက်ထားခဲ့ခြင်းဖြစ်သည်။ အချို့ လက်ဖဝါးရာ များမှာ အမဲရောင်နှင့် အဝါရောင်များဖြစ်သည်။

ထိုလက်ဖဝါးရာများတွင် လက်ဖျားထိပ်များ ပြတ်နေခြင်း အကြောင်းရင်းမှာ လက်ဖျား ထိပ်များကို ဖြတ်၍ ယဇ်ပူဇော်ခဲ့ခြင်းကြောင့်ဖြစ်သည်။

အချို့မှာ ကိုယ်ရေပြား ရောဂါသည်များ၏ လက်ရာများဖြစ်သည်။ ထိုအလေ့အထမျိုးကို အချို့သော ဒေသများတွင် ယနေ့တိုင် ကျင့်သုံးလျက်ရှိနေကြသေးသည်။

ရည်ရွယ်ချက်မှာ ရောဂါဘယ ကပ်ငြိလျှင် ရောဂါသည်၏ လက်ဖျားထိပ်များကို ယဇ်ပူဇော်လိုက်ခြင်းဖြင့် ယတြာချေကာ သေဘေးမှ လွတ်ကင်းနိုင်သည်ဟု ယုံကြည်နေကြသော မတိုးတက်သေးသည့် အယူအဆတခုဖြစ်သည်။

ပြင်သစ်ပြည်မှာလည်း ထိုဂူကြီးများနှင့် အလားသဏ္ဍာန်တူ ဂူများရှိသည်။ ပုံများမှာ မျက်နှာဖုံးစွပ်ကာ သမင်ဦးချိုကို ဦးခေါင်းထက်တွင် ဆောင်းထားသော လူရုပ်များ ဖြစ်သည်။ ရှေးက မှော်ဆရာများ ယဇ်ပူဇော်ပွဲ ကျင်းပရာတွင် တိရစ္ဆာန် အသွင်ကို ဆောင်ယူထားပုံ သရုပ်ဖော် ပြထားခြင်း ဖြစ်သည်။

ထိုအရုပ်များ၏ အနီးအနားတွင်လည်း ပလ္လင်ကဲ့သို့သော အရာများရှိသည်။ သမိုင်းဦးခေတ်က မှော်ဆရာများ ယဇ်ပူဇော်ပွဲကျင်းပနေပုံကို သရုပ်ဖော် ထားကြခြင်းဖြစ်သည်။

သမိုင်းမတင်မီ စောစောပိုင်းက မာဂျီယံဘာသာ ထွန်းကားခဲ့သည်။ ထိုဂိုဏ်းကို တည်ထောင်သူမှာ ဇိရိုလက်စတာဆိုသူဖြစ်သည်။

သူ၏ ဝါဒမှာ "လောကတွင် ကောင်းမှုနှင့် မကောင်းမှုဟူ၍ရှိရာ ကောင်းမှုသည် နောက်ဆုံးတွင် အနိုင်ရစမြဲ" ဟူသော အချက်ပင် ဖြစ်သည်။

နောက်သော် သူ၏ ဝါဒသည် မီးကို ကိုးကွယ်သော ဝါဒအဖြစ်သို့လည်းကောင်း၊ သူ၏ ဂိုဏ်းဝင် ဘုန်းကြီးများမှာလည်း ဗေဒင်ဟောခြင်း၊ နတ်ဟော၊ ယတြာချေ၊ ပယောဂကု စသည့်အလုပ်များကိုသာ လှိုင်လှိုင်ကြီး လုပ်ကိုင်လာခဲ့ကြတော့သည်။

နောက်ဆုံးတွင် မာဂျီယံဝါဒ ဂိုဏ်းဝင်များမှာ ယဇ်ပူဇော်ခြင်း၌သာလျှင် လုံ့လပြုသော အောက်လမ်းအသွင်သို့ လုံးဝကူးပြောင်းသွားလေသည်။

ဆိုက်ပရပ်(စ်)နိုင်ငံက အင်ပါယာသစ် ထူထောင်လိုက်သောအခါ မာဂျီယံဝါဒသည် ပို၍ ထွန်းကားလာလေသည်။

သူတို့သည် နေနတ်သားကို ရည်စူး၍ ယဇ်ပူဇော်ခြင်း၊ လေနတ်သားကို ရည်စူး၍ ယဇ်ပူဇော်ခြင်း၊ ရေနတ်သားကိုရည်စူး၍ယဇ်ပူဇော်ခြင်း၊ လနတ်သားကိုရည်းစူး၍ ယဇ်ပူဇော်ခြင်းများပြုလုပ်လာခဲ့ကြသည်။

ယင်းသို့ ဗလိနတ်စာ ကျွေးခြင်း၊ ယဇ်ပူဇော်ခြင်း များကို ပြုလုပ်ရာတွင် ကလေးများ၏ အသွေးအသား ယဇ်ပူဇော်ခြင်း မျိုးသည် လူမျိုးတိုင်းတွင် တွေ့ရသည်။

အထူးသဖြင့် သားဦးကလေးများနှင့် သုံးလေးနှစ်အောက် ကလေးများကို ယဇ်ပူဇော်လေ့ရှိသည်။ ရေဝတီလူမျိုးများသည် ထိုအလေ့အထနှင့် အယူအဆများကို အထူးပြုလုပ်ခဲ့ကြသည်။

ချား(လ်)ဒင်းလူမျိုးစုသည် ဇာတ်ကြီးသူများဖြစ်ပြီး အချိန်နှင့်အမျှ လောကီပညာ တိုးတက်ရာတိုးတက်ကြောင်းများကိုသာ ပြုလုပ် ခဲ့ကြသူများ ဖြစ်သည်။ သူတို့သည် အနာဂတ်ကို ကြိုတင်ရှုမြင်ခြင်း၊ နိမိတ်ဖတ်ကြားခြင်းနှင့် ဝိညာဉ်လောကကို အဆက်အသွယ်ပြုနိုင်ခြင်း စသည့် အတတ်ပညာများကို တဖက် ကမ်းခတ်အောင် တတ်သိလိမ်မာကြသည်။

သူတို့၏ လောကီပညာများကို ရောမလူမျိုးတို့ လက်တွင်းသို့ သွတ်သွင်းလာခဲ့သည်။

အီဂျစ်ပြည်၌ အထိန်းသိမ်း ခံနေရသော မင်းမျိုးမင်းနွယ် များသည် ၎င်းတို့၏ အရေးတော်ပုံ အောင်မြင်ရေးအတွက်ကို လည်းကောင်း၊ရှေးဖြစ်အဟောကို သိရှိရန်အတွက်လည်းကောင်း ကလေးသူငယ်များကို ယဇ်ပူဇော်ပြီး ယတြာ ချေကြသည်ကို ရှေးဟောင်းမှတ်တမ်းများတွင် အတိအလင်း ဖော်ပြထားသည်။ ထိုခေတ်က ကလေးသူငယ်များကို သတ်ဖြတ်ပြီး ဝမ်းတွင်းသား များ ထုတ်ယူကြည့်ကာ ရှေ့ဖြစ်နိမိတ်ကို ဖတ်ကြားခဲ့ကြသည်။

အနောက် အမေရိကတိုက်ရှိ လူနီလူရိုင်းများနှင့် အမေရိက တတိုက်လုံးလိုလို မှော်ပညာများ၊ စုန်းကဝေ စသည့် အောက် လမ်း ပညာများ ထွန်းကားခဲ့သည်။

---

အာဖရိကတိုက်မှာမူ ပြောဖွယ်ရာ မရှိလောက်အောင် ထွန်းကားခဲ့သည်။

ရှေးက ကမ္ဘာကြီးတွင် လူမျိုး တမျိုးနှင့်တမျိုး၊ တိုင်းပြည် တပြည်နှင့်တပြည် အနေဝေးခဲ့သည်။ ကူးလူး ဆက်ဆံမှုလည်း နည်းပါးခဲ့၏။ သို့သော် ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၏ ရိုးရာပုံပြင်များ၊ ဒဏ္ဍာရီများ၊ သစ်ထွင်း ပန်းချီ၊ပန်းပုများ၊ မှော်အတတ်များ၊ အင်းအိုင်လက်ဖွဲ့၊ မန္တာန်အတတ်တို့သည် တနည်းမဟုတ် တနည်း ဆင်တူနေကြသည်ကား သတိပြုစရာဖြစ်သည်။

အာရိယံအနွယ်ဝင်မဟုတ်သော ဥရောပတိုက်သားတို့ လက်ခံကျင့်သုံးနေသည့်ဝါဒမှာ ဒရူအစ်ဝါဒဖြစ်သည်။

ဗြိတိန်တွင် လက်ခံကျင့်သုံးနေသော အောက်လမ်းနှယ်သည့် ပညာရပ်များမှာ ဒရူအစ်ဝါဒမှ မြစ်ဖျားခံ ဆင်းသက်လာခဲ့သော ပညာများပင် ဖြစ်သည်။

ဗြိတိန်ပြည်သည် အခြားတိုက်များရှိ လောကီ ပညာသည်များ၏ ဗဟိုချက်မ ဖြစ်သည်။ အခြားတိုက်များက ၎င်းတို့၏ ဂိုဏ်းဝင်များကို ဗြိတိန်ပြည်သို့ပို့၍ ဒရူအစ် သာသနာ့ဘောင်သို့ ဝင်ရောက်ရန် စေလွှတ်လေ့ရှိသည်။

ပြင်သစ်ပြည်နှင့် ဂေါ့လ်တို့၌လည်း ဗြိတိန်ပြည်တွင် ရှိသော ကျောင်းများကဲ့သို့ အလားတူ ကျောင်းများရှိခဲ့သည်။

အဆိုပါ ကျောင်းများတွင် အဓိက သင်ကြားပို့ချပေးသော သင်ခန်းစာများမှာ မှော်ပညာ များနှင့် နက္ခတ် ပညာများ ဖြစ်သည်။

ဒရူအစ် ဘုန်းတော်ကြီးတို့သည် ဗိန္ဒောဆရာ၊ ပယောဂဆရာများလည်း ဖြစ်ကြသည်။ထိုမှ ပုဂ္ဂလိက အခက်အခဲများကို မိမိတို့ တတ်သိထားသော ပညာရပ်များဖြင့် ဖြေရှင်းပေးရန် ကြိုးစားလာခဲ့ကြသည်။

အချို့က ကိုယ်ပျောက် အတတ်ကို ရရှိရန် ကြိုးပမ်းကြ၍ အချို့မှာ အိပ်မွေ့ချအတတ်၊ စိတ်ညှို့အတတ်၊ ဆေးခတ်အတတ်များနှင့် ခါတ်ဆင်ခါတ်ရိုက်အတတ်တို့ကို ဝါသနာထုံခဲ့ကြကာ သဲသဲမဲမဲ လိုက်စားလာခဲ့ကြသည်။

ထိုအချိန်က ဘုရားလည်း ရာထောင်၊ နတ်လည်း အသိန်းအသန်းဟု ဆိုရလောက်အောင် ခေတ်စားခဲ့သည်။

အီဂျစ်လူမျိုးတို့၏ နတ်ဘုရား'ဆက်'၊ ပရပ်ရှင်း လူမျိုးတို့၏ အားထားရာ'အာရိယံ'၊ ဂရိတ်လူမျိုးတို့၏ ကိုးကွယ်ရာ'ပိုင်သွဇ်'၊ ရေဝတီ လူမျိုးတို့၏ 'မြွေဘုရားနှင့် စဲတန်း(စ်)' စသည်တို့ များစွာရှိခဲ့သည်။

ရောမတို့ ကောင်းစားစဉ်က ခေတ်ကို သုံးသပ်ကြည့်လျှင် ယဇ်ပူဇော်ခြင်း၊ နတ်ဝင်ခြင်းနှင့် မှော်အတတ် စီရင်ခြင်းတို့သာ ပြည့်လျှမ်းခဲ့သည်။ ထိုပွဲတော်များတွင် ဆင်နွှဲသူ များ သည် မျက်နှာဖုံးများစွပ်ထားကြကာ ယဇ်ပူဇော်ခြင်းများနှင့် လူရိုင်းများကဲ့သို့ က,ခုန်မှုများ ပြုလုပ်ခဲ့ကြသည်။

ဘောဘီလုံခေတ်တွင် လောကီပညာသည် သာသနာ့ဝန်ထမ်း ဘုန်းကြီးများ၏ မပြတ်မလပ် အလေ့အထ ပြုခဲ့ကြသော လက်သုံးပညာရပ်ဖြစ်ခဲ့သည်။အဆိုပါ ဘုန်းကြီးများကို 'အစီပူ' ဟု ခေါ်၏။

---

စပယ်ဦးစာပေ

'ဘရှူး'ဟု ခေါ်သော ဘုန်းကြီးများလည်း ရှိသေးသည်။ ၎င်းတို့သည် ယဇ်ပူဇော်ခြင်းကို အားကိုး၏။ များသောအားဖြင့် သိုးကိုသတ်၍ သိုးအသဲကိုကြည့်ပြီး ရှေ့ဖြစ်ဟောကိန်း ထုတ်ကြသည်။

မက်ဆိုပိုတေးမီးယားတွင်လည်း သာသနာ့ဝန်ထမ်း အချို့သင်းကွဲ ဂိုဏ်းကွဲများ တည်ထောင်ကာ လောကီပညာ၌သာ မွေ့လျော်ပျော်ပိုက်ခဲ့ကြသည်။

ထိုဘုန်းကြီးတပိုင်း မှော်ဆရာတပိုင်းများနှင့် အောက်လမ်းစုန်းကဝေများအကြားတွင် ပညာပြိုင်မှုများ အမြဲရှိခဲ့သည်။

ဆီးရီးယားနှင့် ဘေဘီလုံနိုင်ငံတွင် လူတဦးတယောက် ရောဂါဘယတခုခု ကပ်ငြိခြင်းခံရပါက စုန်းပြူစားသည်ဟု ယုံကြည်ခဲ့ကြသည်။ လူနာအိမ်သို့ ပယောဂဆရာများ ရောက်လာကာ လူနာကို ဆေးမြစ်ပေါင်းစုံ တိုက်ကျွေးခြင်း၊ ဂါထာမန္တရားများ မန်းမှုတ်ခြင်း၊ ခေါစာပစ်ခြင်းများဖြင့် ကုသလေ့ရှိသည်။

သို့ဖြင့် ဗိန္ဒောသက်သက် လိုက်စားသော ဆရာဟူ၍ မရှိသလောက် ရှားလာပြီး ဗိန္ဒောတပိုင်း ပယောဂတပိုင်း ဆရာများသာ ပေါများလာခဲ့သည်။ ၎င်းတို့ကို 'အေစူး'ဟု ခေါ်၏။

ထိုခေတ်က အိမ်နီးချင်းနိုင်ငံ အချင်းချင်း ချစ်ကြည်မှုကို ရည်စူး၍ ပညာချင်းဖလှယ်မှုများ ပြုလုပ်ခဲ့ကြသည်။ အပြည်ပြည်သို့ ရောက်သွားကြသော ပညာများမှာ များသောအားဖြင့် အီဂျစ်နှင့် ဘေဘီလုံတို့မှဖြစ်သည်။

---

စပယ်ဦးစာပေ

နက္ခတ်ပညာမှာမူ အီဂျစ်ပြည်မှာ ထွန်းကား တိုးတက်သလောက် အာဆီးရီးယားနှင့် ဘေဘီလုံတို့မှာ မထွန်းကားခဲ့ပေ။

အီဂျစ်လူမျိုးတို့သည် နက္ခတ်ပညာကို အထူးဝါသနာထုံ၍ လိုက်စားခဲ့သည်။ ဂဏန်းသင်္ချာဗေဒနှင့် ပတ်သက်၍ လည်း ထွန်းကားခဲ့၏။ (၇)ဂဏန်းကို ကောင်းကျိုး ဆိုးကျိုး နှစ်ဝ ပေးစွမ်းနိုင်သော ကိန်းဖြစ်သည်ဟု ယုံကြည်ကြသည်။

ဂါထာမန္တာန်များစုတ်လျှင် (၇)အုပ် (၇)ကြိမ် ရွတ်ဆိုကြခြင်းသည် ရှေးခေတ် အီဂျစ်လောကီပညာ၏ အမွေတခု ဖြစ်သည်။

ထိုနိုင်ငံများ၏ ဂါထာစုတ်ခြင်း ရည်ရွယ်ချက်မှာ သုံးချက်ရှိသည်။

၁။ မိမိလိုလားသော ဝိညာဉ် သို့မဟုတ် ခေါင်းစဲ့ကို ပင့်ဖိတ်ခြင်း။

၂။ မိမိ ရင်ဆိုင်နေရသော ရန်သူ မည်သူမည်ဝါ ဖြစ်သည်၊ မည်သည့် ဝိညာဉ်၊ နတ်၊ သရဲ၊ စုန်း ဖြစ်သည်ကို ဖော်ပြခြင်း။

၃။ အဆောင် အယောင်များ၊ ဆေးစောင့် နတ်ရုပ်များကို ရွတ်ဖတ်သရဇ္ဈာယ်၍ နှိုးခြင်းတို့ဖြစ်သည်။

ရှေးခေတ် အီဂျစ်တွင် ပယောဂဆရာတို့သည် အိမ်အတွင်း၌ နံ့သာရည်များ ပက်ဖျန်းခြင်း၊ ရေမန်းများ ဖျန်းထားခြင်းအမှုပြုလုပ်ထားတတ်ကြ၏။

---

အီဂျစ်တွင် 'အား'နှင့် 'မားဒေါက်' တို့သည် မှော်ဆရာ တပိုင်း သာသနာ့ဝန်ထမ်းတပိုင်းအဖြစ် ထင်ရှားခဲ့ကြသည်။

အာဆီးရီးယား အမျိုးသားများ၏ ရှေးဟောင်း ပန်းချီ ပန်းပုများတွင် အမျိုးသမီးများ နားပန်နားကပ်များ ပန်ဆွဲ ထားသည်ကို တွေ့ရသည်။

ထိုလူမျိုးတို့သည် သွေးထွက်သံယိုဖြစ်လျှင် အပမှီနိုင်သည်။ အစိမ်းသေလျှင် တစ္ဆေသရဲဖြစ်၍ ခြောက်တတ်သည်ဟု ယုံကြည် ၏။ မိန်းမများ ရာသီပန်းပွင့်နေချိန်တွင် မိန်းမများအနီးသို့ပင် မကပ်ပဲ ခပ်ဝေးဝေး ရှောင်ရှားနေတတ်ကြသည်။

ရှေးခေတ် အီဂျစ်ပြည်တွင် အိပ်မက် ဖတ်ကြားသူများ ရှိခဲ့ သည်။အိပ်မက်ယူလိုသူသည် ဘုရားရှိခိုးကျောင်းတခုခုအတွင်းသို့ ဝင်ရောက်ကာ ယဇ်ပူဇော်ရာမှ ရရှိသော သိုးရေပေါ်တွင် အိပ်၍ အိပ်မက်ယူရသည်။ မြင်မက်သော အိပ်မက်ကို မိုးလင်း သည်နှင့် ဘုန်းကြီး တပါးပါးထံ ချဉ်းကပ်၍ အိပ်မက်ကို ဖတ်ကြားစေ၏။

ဖတ်ကြားသော ဟောကိန်းကို သဘောကျလျှင် ကျောင်း တွင်းရှိ ဘုရားရေကန်တွင် ရွှေတိုရွှေစများ ပစ်ချ လှူဒါန်း ကြသည်။

အာဆီးရီးယားလူမျိုးတို့သည် ရေထဲသို့ဆီလောင်းကာ ရေ မျက်နှာပြင်ပေါ်တွင် ဆီဝဲ့၍ ပေါ်လာသော ပုံသဏ္ဌာန်ကို ကြည့်ပြီး ရှေ့ဖြစ် ဖတ်ကြားကြသေး၏။

---

စပယ်ဦးစာပေ

ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ အိမ်ဆောက်ခြင်း ပြုလုပ်သောအခါ လောကီပညာတတ်မြောက်သော ဆရာကြီး များကို မေးမြန်းပြီးမှ ဆောက်လုပ် တတ်ကြသည်၊ ထိုသူတို့ ညွှန်ကြားချက်များဖြင့်ပန္နက်ရိုက်ခြင်း၊တိုင်ထူခြင်း၊ နေ့ကောင်း ချက်သာ ရွေးခြင်းများပြုလုပ်ကြသည်။

## နက္ခတ်ပညာ

ချာလ်ဒင်း လူမျိုးတို့သည် ကောင်းကင်ရှိ နက္ခတ်တာရာ ဂြိုဟ်သွား ဂြိုဟ်လာများကို အာရုံစိုက်၍ စောင့်ကြည့် ကြ၏။ ထူးထူးခြားခြား ဂြိုဟ်အပြောင်းအလဲများကို တွေ့လျှင် နိမိတ် ကောက်ကြသည်။

ဥပမာ–ကြယ်ကြွေလျှင်၊ဥက္ကာပျံလျှင် လက်ရှိအုပ်စိုးနေသော ဘုရင်နှင့်တကွတိုင်းသူပြည်သားများအတွက် စစ်မက်မြင်သည်ဟု ဆို၏။

ချာလ်ဒင်းလူမျိုးများ နက္ခတ်ဗေဒပညာနားလည်၍ဂရိတ် လူမျိုးများက အထင်ကြီးလေးစားခဲ့ကြသည်။

အိန္ဒိယဗေဒင်ဆရာတို့သည် သဘာဝ၏ ပြုပြင်ပြောင်းလဲမှု မှန်သမျှကို မျက်ခြေမပြတ် စောင့်ကြည့်တတ်ကြသည်။ နေထွက် ခြင်း၊ နေဝင်ခြင်း၊ လထွက်ခြင်းစသည်တို့ကို ကြည့်၍ ရှေ့ဘာ ဖြစ်မည်ကို ပြောနိုင်သည်ဟု ယုံကြည်ကြသည်။

လူတယောက်က မကောင်းသောနိမိတ်ဟု ထင်ရသောအရာ တခုခုကိုတွေ့လျှင် ဗေဒင်ဆရာကြီးများထံ သွားရောက်မေးမြန်း

---

စပယ်ဦးစာပေ

စစ်ဆေးခိုင်း၏။ ဆရာများ ညွှန်ပြချက်အရ ယတြာချေခြင်း၊ ဆီမီးထွန်းခြင်း၊ ယဇ်ပူဇော်ခြင်းများ ပြုလုပ်ကြသည်။

ဂျပန်လူမျိုးများကလည်းထိုအယူအဆမျိုးပြင်းပြင်းထန်ထန် ရှိခဲ့သည်။ဆန်မန်းပေါက်ပေါက်များကို ကိုယ်ဝန်ဆောင်ရှိသော အိမ်များ၏ကြမ်းခင်းများနှင့် အမိုးပေါ်သို့ကြဲချခြင်း၊ လမ်းဆုံ လမ်းခွများတွင် ကြဲချခြင်းများ ပြုလုပ်လေ့ရှိသည်။ ထိုသို့ပြုလုပ် ခြင်းဖြင့် မကောင်းသောဘေးဆိုးများ ကင်းဝေးနိုင်သည်ဟု ယုံကြည်ထားကြသည်။

## အခန်း ( ၇ )

## အိန္ဒိယ ထွက်ရပ်သူတော်စင်များ

လောကီလောကုတ္တရာများကို အားထုတ်ကြသော သူတော်စင်များအနက် အိန္ဒိယ သာသနာပိုင် သူတော်မြတ်ကြီးများ မှာလည်းထင်ရှားလှသည်။

ထိုသူတော်စင်ပုဂ္ဂိုလ်ကြီးတို့၏ သီလဝိသုဒ္ဓိ စင်ကြယ်ပုံကို ဖတ်ရှုအားကျယင်း အနန္တသိဒ္ဓိစခန်းကို တက်လှမ်းနိုင်ရန် တင်ပြလိုက်ရပေသည်။

### မဟာဝီရ

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာခန့် ခရစ်တော်မပေါ်မီ ၅၉၉-ခုနှစ်တွင် ဝိဒေဟနိုင်ငံ ဝေသာလီမြို့တော်အနီး ကွန်ဒါပူရ်တွင် မဟာဝီရမွေးဖွားခဲ့၏။

ဖခင်မှာ ကွန်ဒါပူရ်ဘုရင် သိဒ္ဓသဖြစ်၍ မိခင်မှာ ဝေသာလီဘုရင် ကျေတက်၏သမီးတော် ခုနစ်ယောက်အနက် အငယ်ဆုံး တိဆလာဒေဝီဖြစ်သည်။

သားဦးရတနာရ၍ ဘုရင်ကြီးမှာ ဝမ်းမြောက် ဝမ်းသာဖြစ်ကာ ကုန်ဈေးနှုန်းများကို လျှော့ချ၍ အကျဉ်းသားများကို ထောင်မှ လွတ်ပေးပြီး ပျော်ပွဲရွှင်ပွဲများ ကျင်းပ ပေးသည်။

သားတော်ဖွားမြင်ပြီးနောက် ဥစ္စာ ပစ္စည်းများနှင့် စစ်သည် ရဲမက်များတိုးပွားလာ၍သားတော်ကိုဝရဒ္ဓမာန်(တိုးပွားသူ)ဟု အမည်ပေးသည်။

ဝရဒ္ဓမာန်သည် ငယ်စဉ်ကပင် ကြောက်ရွံ့ခြင်း ကင်းလျက် ရဲရင့်တည်ကြည်သူဖြစ်သည်။

တနေ့တွင် အပေါင်း အဖော်များနှင့် ကစားနေစဉ် ပါးပျဉ်းထောင်နေသော မြွေဆိုးကြီး တကောင်ကို တွေ့ရာ ဖမ်းပြီး အဝေးသို့လွှင့်ပစ်ခဲ့သည်။ အခြားသော ဒုက္ခအခက်အခဲများကိုလည်း ရဲရင့်စွာဖြေရှင်းပေးခဲ့သည်။ထို့ကြောင့် သူ့အားမဟာဝိရ (ရဲရင့်သူ)ဟု ခေါ်ကြသည်။

မဟာဝိရသည် ငယ်စဉ်ကပင် တရားဓမ္မနှင့် အတွေးအခေါ် ကျမ်းစာများကို အထူးဝါသနာပါကာ လေ့ကျင့်တတ်မြောက် ခဲ့သည်။

အသက် ၃၀ အထိ ဘုရင့်သား စည်းစိမ်ကို အပြည့်အဝ ခံစားခဲ့ရသည်။

သို့သော် သည်စည်းစိမ်များကို မတွယ်တာ၊ သူတပါးတို့၏ ဒုက္ခကိုသာ ကိုယ့်ဒုက္ခသဖွယ် မှတ်ယူပြီး အမြဲ ဖြေရှင်း ပေးခဲ့သည်။

---

စပယ်ဦးစာပေ

ထိုစဉ် နိုင်ငံအခြေအနေ ဆိုးယုတ်လာ၏။တရားတော်မြတ်ကို အကြောင်းပြုကာ မသမာမှုများ ပြုလာကြသည်။ ကောက်ကျစ်မှု၊ ရန်လိုမှုများလည်း ထွန်းကားလာသည်။

သည်ဒုက္ခ ဘေးဆိုးကြီး အန္တရာယ်ကို အကာအကွယ် ပေးနိုင်ရန် မဟာဝိရကြိုးစားလာသည်။တရားစစ်တရားမှန်ကို ရှာကြံလာသည်။နဂိုကစွန့်လွှတ်ခြင်းတရားလည်း သူ့မှာပို၍ ပြင်းထန်လာသည်။

တနေ့တွင် မိမိ၏ မင်းဝတ်တန်ဆာကို စွန့်ပယ်ကာ မြို့ပြင် ပန်းဥယျာဉ်တခုသို့သွား၍ ဆံပယ်ပြီး ရဟန်း ပြုလိုက်သည်။ ရဟန်းဝတ်ဖြင့် တရားပြု၍ ဒုက္ခ၏ ကင်းရာဝေးရာ ညွှန်ပြယင်း ကိုယ်တိုင်လည်း အထူးကျင့်ကြံအားထုတ်သည်။

မဟာဝိရသည်ရွာအပြင် လူမရှိသောအိမ်၊ ပန်းခြံ၊ ဥယျာဉ်၊ သုသာန် တစပြင်များနှင့် သစ်ပင်များအောက်တွင် တရားကျင့်လေ့ရှိသည်။ ဆိတ်ငြိမ်ရာကို ရှာဖွေနေလာခဲ့သည်။

အလွန် အေးချမ်းလှသော ဆောင်းရာသီမှာပင် အအေးဒဏ်ကို ရင်ဆိုင်ကာ ဟင်းလင်းပြင်၌ လက်ကိုဆန့်ပြီး တရားကျင့်လေ့ရှိသည်။

အချို့ဒေသရှိ လူမိုက်များက မဟာဝိရနောက်သို့ ခွေးဆိုးများကို လွှတ်၍လည်း ကောင်း၊ ရိုက် ပုတ်၍လည်း ကောင်း မောင်းထုတ်ကြသည်။ တခါတရံ သူလျှိုဟုစွပ်စွဲကာ ဖမ်းဆီးချုပ်နှောင်ကြသည်။

ကြိုးစင်မှ လွှတ်ပေးခြင်း ခံရသော အကြိမ်ပေါင်းမှာလည်း မနည်းတော့ပြီ။

---

တနေ့ ဂျန်းဗီယ ရွာကလေးအနီး မြစ်ကမ်း နဘေးရှိ အင်ကြင်းပင်အောက်၌ တရားကျင့်ယင်း ရုတ်တရက် ဉာဏ်ပွင့်လင်းတော်မူသဖြင့် စိတ်အေးချမ်းမှုကို ရကာ အောင်မြင်သွားသည်။

နှလုံးသားတွင် အမှောင်ကွယ်၍ အလင်း ထွန်းတောက်လာသဖြင့် လောက၏ လမ်းကြောင်းမှန်ကို သိမြင်တော်မူသည်။ သို့ဖြင့် တရားဟော ဆုံးမ ညွှန်ကြားလေသော သူတော်စင်စစ်စစ်ကြီး ဖြစ်လာသည်။

မဟာဝီရ၏ဂုဏ်သတင်းနှင့် တရားလမ်းစဉ်သည် အရပ်ရပ်သို့ ပြန့်နှံ့သွားသည်။ ရပ်ဝေး ရပ်နီးမှ တရားအလိုရှိသူတို့ တဖွဲဖွဲ လာရောက်ကြသည်။

တရားတော် ပိုမိုပြန့်ပွားရန် ဘုန်းကြီးအဖွဲ့၊ မယ်သီလအဖွဲ့၊ သာဝက အဖွဲ့များ ဖွဲ့ပေးခဲ့သည်။

ယင်းအဖွဲ့ဝင်များသည် စေတီပုထိုး ကျောင်း သခ်ိန်း ငယ်များတွင် နေထိုင်၍ တရား အားထုတ်ကြသည်။ နိုင်ငံတကာမှ ဘာသာစာပေ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ လေ့လာကြသည်။

ဆွမ်းအတွက် မိမိတို့ကိုယ်တိုင် မကြိုးပမ်း။ ညပိုင်းတွင်လည်း ဆွမ်းစားခြင်းမပြုကြချေ။

"လူတန်းစာ ခွဲခြားခြင်းမရှိ။ လူသားအားလုံး တမျိုးတည်းသာဖြစ်၍ လူတိုင်း၌ တူညီသော ခံစားပိုင်ခွင့်ရှိကြောင်း၊ ပညာဆည်းပူးရာမှာလည်း တန်းတူအခွင့်အရေး ပေးသင့်ကြောင်း" ဟောပြ ညွှန်ကြားကြသည်။

---

စပယ်ဦးစာပေ

မဟာဝိရသည် နှစ်ပေါင်း သုံးဆယ်အထိ ပညာ ဉာဏ်ဆည်းပူးပြီး နှစ်ပေါင်း သုံးဆယ်တိုင်တိုင် အရပ်တကာ လှည့်၍ စွန့်လွှတ်ခြင်း တရားများ ဟောကြားဆုံးမခဲ့သည်။

သက်တော် (၇၂)နှစ်တွင် ပါဝါပူရီအရပ်၌ တရားကျင့်ယင်း ပရိနိဗ္ဗာန်စံတော်မူသည်။

## သီရူဝလူဝရ်

သူတော်စင်ကြီး ဝလူဝရ်သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်လောက်က မွေးဖွားခဲ့သည်။ ယနေ့တိုင် ထင်ရှားကျော်ကြားလျက် ရှိသည်။

ဝလူဝရ်ကို ယခု မဒရပ်ပြည်နယ် မိုင်လာပူအရပ်၌ မွေးဖွားခဲ့သည်။ ယက်ကန်းသည်မျိုးရိုးဖြစ်၍ **'မိုင်လာပူမှ ယက်ကန်းသည်'** ဟု တင်စားခေါ်ကြသည်။

ဖခင်မှာ ဘဂဝါး(န်)ဖြစ်၍ မိခင်မှာ အာဒိဖြစ်သည်။

ဝလူဝရ်သည် ခမ်းနားထယ်ဝါခြင်းမရှိ၊ ရိုးသား ဖြောင့်မတ်၏။ ကိုယ်စွမ်းကိုယ်စကိုသာ ယုံကြည်အားကိုး၏။ ဗုဒ္ဓကို အလွန်ကြည်ညို ကိုင်းရှိုင်းသည်။ ကလေး များကိုလည်း အလွန် ချစ်တတ်သည်။

ဝလူဝရ်၏ မေတ္တာစိတ်ဓာတ်မှာ အထူး ထင်ရှားခဲ့သည်။ သူ့ကိုယ်သူလည်း "ငါ သူတော်စင်ကြီးဖြစ်တယ်"ဟု ထုတ်ဖော်ကြွေးကြော်ခြင်းမရှိခဲ့ပေ။

---

ဝလူဝရ်သည် သဘာဝကို အမြဲ လေ့လာပြီး ကျေးငှက် တိရစ္ဆာန်များ၏ သဘာဝကို ပမာပြ၍ လူတို့ကို ဆုံးမ တရား ပြသည်။

သူသည် ဘာသာ များစွာတို့မှ ကောင်းနိုး ရာရာများကို ရွေးထုတ်က 'သီရုကူရယ်လ်ကျမ်း' ကို ပြုစုခဲ့သည်။ ထိုကျမ်းကား အထူးထင်ရှား ကျော်ကြားလှပေသည်။

သူသည် ပျင်းရိခြင်းနှင့် ဟန်ဆောင်ခြင်းကို စက်ဆုပ်၏။ လူတို့အား မြင့်မြတ်စေလိုသောဆန္ဒ အမြဲရှိခဲ့သည်။

ယခု မိုင်လာပူအရပ်တွင် သူတော်စင် သီရုဝလူဝရ်နှင့် ပါရမီ ဖြည့်ဘက် ကြင်ယာတော် ဝါသုကီ (ဝါဆူကီ) တို့ကို ထာဝရ မမေ့ဖို့ လှပသော ပန်းဥယျာဉ်ကြီးအလယ်တွင် စေတီပုထိုးတဆူ တည်ထားလေသည်။

နှစ်စဉ် တန်ခူးလ(ဧပြီလ)ခန့်တွင် ပွဲတော် ခြိမ့်ခြိမ့်ကျင်းပကာ ပူဇော်ကန်တော့ကြလေသည်။

## ဝေမန္နာ

ဝေမန္နာကို အန္ဒရာပြည်နယ်၊ ဂွန်ကူရခရိုင်၊ ကိုဒန်ပိဒူအရပ်တွင် မွေးဖွားခဲ့သည်။

မိဘများမှာ ချမ်းသာ၍အလိုလိုက်ခဲ့သဖြင့် ငယ်စဉ်က ပျက်စီး ခဲ့သည်။ စာပေညာ စိတ်မဝင်စားပဲ ကာမဂုဏ်သာ ပျော်မွေ့ နေသည်။ တန်ဖိုးရှိသော အချိန်များကို ပြည့်တန်ဆာများနှင့် အတူ နေထိုင်ဖြုန်းတီးပစ်ခဲ့သည်။

---

စပယ်ဦးစာပေ

ဝေမန္တာတွင် မရီးတဦးရှိ၏။ သူ့ကို သားအရင်းကဲ့သို့ ပြုစုစောင့်ရှောက်သည်။ သို့သော် သူ၏ ပျက်စီးမှုကို လုံးဝမလိုလားခဲ့ပေ။

တနေ့တွင် ပြည့်တန်ဆာမတယောက်က သူ့ထံမှ ရွှေဘယက်တခုကို တောင်း၏။ ဝေမန္တာကလည်းမရီးထံသွားတောင်းသည်။ မရီးဖြစ်သူက ရွှေဘယက်ကိုပေးပြီး "သင့်ရွှေမှောက်သို့ ထို ပြည့်တန်ဆာမ အဝတ်မပါပဲ လုံးတီးလာရောက်ကာ ရှိခိုးကန်တော့မှ ဘယက်ကိုပေးပါ" ဟု မှာလိုက်၏။

ဝေမန္တာလည်း ဘယက်ကို ယူပြီး ပြည့်တန်ဆာမအား ထိုအတိုင်း ပြုလုပ်ခိုင်း၏။ ဘယက်ကို မက်၍ ပြည့်တန်ဆာမက ပြောသည့်အတိုင်းလုပ်၍ယူလေရာ အလွန် စက်ဆုပ် ရွံရှာဖွယ်အသွင်ကိုမြင်လိုက်ရသဖြင့် ဝေမန္တာသည် ရုတ်တရက် ငြီးငွေ့စိတ်ဖြစ်ပေါ်လာ၏။

လူ့သဘာဝကို ဆင်ခြင်မိကာ ကာမဂုဏ်ပျော်ပါးမှုကို လုံးဝရှောင်ရှားစွန့်ပစ်လိုက်လေသည်။

ဝေမန္တာသည် တရားဓမ္မများ လေ့လာဆည်းပူးပြီး ကျမ်းများကို ပြုစုသည်။နားလည်လွယ်အောင်ရေး၍ အထူးအောင်မြင်ကျော်ကြားလာသည်။

'ဝေမန္တာ သျှသကကျမ်း' သည် အထူးထင်ရှားသော ကျမ်းမြတ်တစောင် ဖြစ်လာသည်။

သူ့အား ကြည်ညို လေးစားသူ ပေါများ လာကာ ရပ်နီးရပ်ဝေးမှ လာရောက်ပူဇော် တရားနာယူကြ၏။

---

ပေယင်ဒီး ၁၁ပေ

အသက် ၆ဂ နှစ်အရွယ်တွင် ဝေမန္နာသည် ကဒီးပလူကီနယ်၊ ကတာရူပလေရွာတွင် ဘဝတပါးသို့ ပြောင်းသွားခဲ့သည်။

ထိုရွာတွင် ဝေမန္နာ ပျံလွန်တော်မူသောနေ့ တပေါင်းလဆန်း ၉ ရက်နေ့ (ရာမဘုရားမွေးနေ့)တွင် ပွဲလမ်းသဘင်များ ယခုတိုင် ကြီးကျယ်စွာ ပြုလုပ်ကျင်းပလျက်ရှိသည်။

## ရှံကာရ

ဟိန္ဒူဓမ္မများ ကွယ်ပျောက်လုမတတ်ဖြစ်နေသောအချိန်တွင် ပေါ်ပေါက်လာသော ရဟန္တာမြတ်ဟု ထင်ရှားခဲ့သည်။ ၎င်း ပုဂ္ဂိုလ်က ဝေဒဓမ္မ ပြန်ထွန်းကားအောင် ကြိုးပမ်းဆောင်ကြဉ်း နိုင်ခဲ့သည်။

ရှံကာရကား လွန်ခဲ့သောနှစ်ပေါင်း (၁၄၀၀) ကျော်ခန့်က အိန္ဒိယနိုင်ငံတောင်ပိုင်း ကေရာလာနယ်၊ ကာလတီရွာတွင် ဖွား မြင်ခဲ့သည်။ ငယ်စဉ်က ဖခင်ကွယ်လွန်ခဲ့ပြီး ဘာသာတရား ကိုင်း ရှိုင်းသော မိခင်၏ မေတ္တာရိပ်တွင် ကြီးပြင်းလာရသည်။

အသက် ၅ နှစ်အရွယ်တွင် သင်္ကာရိုက် (သက္ကဋ)ဘာသာ ဟိန္ဒူအတွေးအခေါ်များနှင့် ဟိန္ဒူဓမ္မကို စတင်လေ့လာ သင် ကြားခဲ့သည်။ ပါရမီထူး၍ (၁၆) နှစ် အရွယ်တွင် ဆရာတဆူ ဖြစ်လာသည်။

ရှံကာရသည် အသိဉာဏ် ရင့်ကျက်လာ၍ လောကီကိုငြီးငွေ့ ကာ ရဟန်းဖြစ်လိုသည်။ မိခင်က သဘောမတူ၍ အခက်ကြုံရ သည်။

တနေ့တွင် သူသည် မြစ်ထဲတွင်ရေဆင်းချိုးယင်း ရေလယ်သို့ ကူးသွားကာ ကမ်းသို့ပြန်မလာချေ။ မိခင်မှာ ကမ်းနဖူးမှ စိတ်ပူနေရှာ၏။

"အို....မိခင်၊ ကျွန်ုပ်အား ရဟန်းပြုခွင့်ပေးပါ၊ မပေးလျှင်သည်ရေလယ်မှာ ဘဝအဆုံးခံပါမည်"

ဤသို့ ရှံကာရက သူ့မိခင်ကိုပြောကြား၍ မတတ်သာတော့သည်နှင့်. ခွင့်ပြုလိုက်ရလေသည်။

ထိုအခါမှစ၍ 'ဆွာမိ ရှံကချာရိယ'ဟု ထင်ရှားလာသည်။ ရဟန်းဝတ်ဖြင့် တရားဓမ္မများ လှည့်လည် ဟောကြားခဲ့သည်။

သူသည် အိန္ဒိယတပြည်လုံးသို့ ခြေလျင်ခရီးဖြင့် သွားကာ တရားများ ဟောကြားခဲ့သည်။ ဝေဒဓမ္မသင်ကြားရာ ကျောင်းကြီး လေးကျောင်းကိုလည်း တည်ထောင်ပေးခဲ့သည်။

အိန္ဒိယပြည် အရှေ့ဘက်တွင် 'ဂျဂနတ်ပူရီ'

အနောက်ဘက်အရပ်တွင် 'ဒွါရိကာပူရီ'

တောင်ဘက်တွင် 'ရာမေရှဝါပူရီ'

မြောက်ဘက်တွင် 'ဘာဒ်ရိနယ်ပူရီ' ဟူ၍ တည်ထောင်ပေးပြီး ဝေဒ စာပေ ကျမ်းဂန်များကို ပို့ချခဲ့ရာ ယနေ့တိုင် ဆက်လက်တည်တန့်လျက်ရှိသည်။

ရဟန္တာမြတ် ရှံကာရသည် သက်တော် (၃၂) နှစ် တွင် လွန်တော်မူသည်။

---

မပယ်ဦးစာပေ

## ဆွာမိဒယာနန္ဒ

ငယ်မည်မှာ 'မူးလ်ရှန်ကရ်'ဟု ခေါ်သည်။

'ကာတီယာဝါရ်' ပြည်နယ်ရှိ 'မိုရ်ဗိ'ဟု ခေါ်သော ရွာငယ်တွင် ဖွားမြင်ခဲ့သည်။

သူ၏ဖခင်မှာ သိဝဘုရားကို လွန်စွာကြည်ညိုသူ ဖြစ်သည်။ သူသည် ငယ်စဉ်ကထဲက ဉာဏ်ပညာ အလွန်ထက်မြက်သူဖြစ်၍ အသက် ၁၄ နှစ်သားအရွယ်တွင် 'ယဇုဝေဒကျမ်း'ကို အာဂုံဆောင်နိုင်ခဲ့သည်။

မှတ်ချက်။ ။ဟိန္ဒူ ဓမ္မ ကျမ်းရင်း ၁၀ ကျမ်း ရှိရာတွင် (၁) ဝေဒကျမ်းများ၊ (၂) ပူရာဏ်ကျမ်းများ၊ (၃) ဉပနိသျှဒ်ကျမ်းများ၊ (၄) သျှတ္တရကျမ်းများ၊ (၅) ရာမာယဏကျမ်း၊ (၆) မဟာဘာရတ ကျမ်း၊ (၇) ဘဂဝတ်ဂီတကျမ်း၊ (၈) တိပိဋကတ် ကျမ်းများ၊ (၉) သီရှူကူရယ်(လ်)ကျမ်း၊ (၁၀) ဂုရူဂရန့်(သ်)ဆာဟိ(ဗ)ကျမ်းများ ဖြစ်သည်။

ကျမ်းဂန်များတတ်မြောက်လာ၍ လောကီရေးကိုငြီးငွေ့ကာ လောကုတ္တရာဘက် အာရုံပြုလာသည်။။ သူသည် ရုပ်တုသိဝဘုရားကို ပူဇော်ရန်ထက် ပကတိသိဝဘုရားအစစ်ကိုသာ ဖူးမျှော်လိုသော ဆန္ဒရှိလာခဲ့သည်။

ထိုစဉ် ဦးလေးနှင့်ညီမတို့ ရွှေဆင့်နောက်ဆင့်ကွယ်လွန်သွားရာ ပဋိသန္ဓေနေရခြင်း၊ သေရခြင်း သဘော သင်္ခါရ တရားကို ရှုမြင်လျက် လောကီကို ပို၍ငြီးငွေ့လာသည်။

သား၊အခြေအနေကို ရိပ်စားမိသောဖခင်က အိမ်ထောင်ပြုပေးလိုက်ရန် စီစဉ်တော့သည်။ သားက 'တနှစ်မျှဆိုင်းငံ့ပါဦး' ဟု တောင်းပန်ပြီး တညတွင် အိမ်မှ စွန့်ခွာပြေးတော့သည်။

မူးလ်ရှန်ကရ်သည် ခရီးလှည့်လည်ယင်း ဘာရိဒ္ဒါသို့ရောက်လာ၏။ ထိုအရပ်ရှိ ဆရာတော်တပါးထံတွင် ဝေဒကျမ်းများသင်ယူပြီး ရှကာရ အရှင်မြတ်၏ ကျောင်းတော်မှ ဘုန်းကြီး 'ဆွာမိသျှရိပုရ်လာနန္ဒ' နှင့် တွေ့၍ ရဟန်းဝတ်ခွင့်ရသည်။ သို့ဖြင့် ရဟန်းဘွဲ့ 'ချာမိဒယာနန္ဒစျရာစ်ဝသီ' ဖြစ်လာသည်။

ထို့နောက် ဝေဒကျမ်းများကို ဆက်လက်လေ့လာ ဆည်းပူးသည်။ သူ့ဆရာ ဆွာမိဝိရာဇ်နန္ဒသည် မျက်မမြင် ဖြစ်သော်လည်း ပညာအလွန်ရှိ၍ ဝေဒ ပညာကို အလုံးစုံ သင်ပေးပြီး တရားဓမ္မ နယ်လှည့် ဟောပြရန် စေလွှတ်လိုက်သည်။

သက္ကရာဇ် ၁၈၇၆ ခုနှစ်တွင် သူသည် ဘာရတနိုင်ငံအနှံ့ လှည့်လည်၍ တရားဟောခဲ့သည်။

တရားစစ်တရားမှန် မဟုတ်သူများကသူ့ကို အတိုက်အခံပြုလာကြသည်။

တနေ့တွင် ဂျိုက်ပုးရ်နယ် မဟာရာဇာက တရားဟောရန် ပင့်ဖိတ်၍ ကြွရောက်ခဲ့သည်။ ထိုစဉ် ဒယာနန္ဒ သောက်မည့် နွားနို့ထဲသို့ စာဖိုမှူးနှင့်ပေါင်း၍ ပြည့်တန်ဆာမက အဆိပ်ခတ်လိုက်သည်။ ယင်းအဆိပ်ဒဏ်ဖြင့်ပင် 'အဂျ်မေးရ်' သို့ ရောက်လာပြီး

၁၈၈၃ ခုနှစ် အောက်တိုဘာ ၃ဝရက် ဒီပါဝလီနေ့ ညနေ ၆နာရီအချိန်တွင် ပျံလွန်တော်မူခဲ့သည်။

သူသည် အရိယသမဂ္ဂ (အရိယဆမာဂျ်) ကို တည်ထောင်ကြိုးပမ်းခဲ့ရာ ယခုအခါ ကမ္ဘာ့အရပ်ရပ်တွင် ဖြန့်နှံ့ တည်ရှိနေပြီတည်း။ ရန်ကုန်မြို့ ပုဇွန်တောင် (အနော်ရထာလမ်းမကြီးတွင်) လည်း တည်ထောင်ထားသည်။

သူသည် 'ဆသ်ယပရာကားရ်' ခေါ် 'သစ္စတ္တပကာသကျမ်း' ကို ပြုစုခဲ့သည်။ အထူးအောင်မြင် ကျော်ကြားလှသည်။

## ရာမာကရစ္စနာ

သျှရီရာမာကရစ္စနာ၏ ငယ်မည်မှာ ဂဒါးဒရ်ဖြစ်၏။

သူသည် ခရစ်သက္ကရာဇ် ၁၈၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင် ဘင်္ဂလား အနောက်ပိုင်းရှိ မာပူကူအရပ်တွင် ဖွားမြင်သည်။

အဖအမည်မှာ ခုဒီရာမ်ဖြစ်ပြီး အမိမှာ ချန္ဒရာ ဖြစ်သည်။

မိဘနှစ်ပါးမှာ ဗြဟ္မဏအမျိုးဖြစ်ပြီး ဘုရားတရား အလွန်ကြည်ညိုကြသည်။

အဖဖြစ်သူ ဂူဒီရာမ်သည် ဂယာသို့ ဘုရားဖူးရန်ခရီး ထွက်ခဲ့ရာ ညတွင် ထူးဆန်းသော အိပ်မက်ကို မြင်မက်သည်။

အိမ်မက်ထဲတွင် ဗိဿနိုးမြတ်စွာဘုရား၏ ကျောင်းတော်သို့ ရောက်သွား၏။ ဘုရားကျောင်းတော်တွင် သူ၏ မိဘဘိုးဘွားတို့ တို့သည် ဗိဿနိုးအား အမြတ်တနိုးပူဇော်ထားသောစားသောက် ဖွယ်ရာများကို စားသောက်နေကြသည်ကို တွေ့ရ၏။ ထိုစဉ်

ဘုရားကျောင်းဆောင်တခုလုံး အလျှံ ပြောင်သော အလင်းရောင် တခု ထွန်းလင်းလာ၏။ ထို အလင်းရောင်မှ တောက်ပသော အရှင်သည် သူ့ကိုကြည့်ပြီး လက်ယပ်ခေါ်နေသဖြင့် သွားရောက် ဝတ်ပြုလိုက်သည်။

''ငါသည် သင်၏ ရိုးသားစွာကြည်ညိုမှုကို တွေ့ရ၍ နှစ်သက် သည်။ သင့်အိမ်သို့ ငါလာပြီး သန္ဓေယူကာ သင့်အား ငါ့ဖခင် အရာဖြစ်စေအံ့''

ထိုအသံကိုကြား၍ ခူဒီရာမ် လန့်နိုးသွားသည်၊ အိပ်မက် ကြောင့် ဝမ်းသာနေသည်။

ထိုအချိန်တွင် ဇနီးသည် ချန္ဒရာဒေဝီသည် အိမ်နီးရှိ သိဝ မြတ်စွာဘုရား ကျောင်းရှေ့တွင် ရပ်နေစဉ် သိဝဘုရား ရုပ်ပွားမှ တောက်ပသော အရောင်တန်းကြီးတခု တည့်မတ်စွာ ဆင်းလာပြီး သူ့ ကိုယ်တွင်းသို့ ဝင်သွားသည်ကို တွေ့လိုက်ရသည်။

ချန္ဒရာမှာ အံ့သြတုန်လှုပ်သွားပြီး စိတ်မခိုင်ပဲ လဲကျသွား၏။ သတိပါလစ်သွားသည်။ ထိုအချိန်မှစ၍ ချန္ဒရာမှာ မိမိကိုယ်တွင် ပဋိသန္ဓေရှိပြီဟု သိလိုက်ရသည်။

ထိုထူးဆန်းသော အဖြစ်အပျက်တို့သည် ရာမာကရစ္စနာ မမွေးဖွားမီ ကြုံရသည့် ပုဗ္ဗနိမိတ်များဖြစ်ကြသည်။

သူသည်ငယ်စဉ်ကပင် မှတ်ဉာဏ်အလွန်ကောင်း၏။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ဘဝကို အထူးလေ့လာ၊ ဖတ်မှတ်လေ့ရှိသည်။ ယင်းသို့ ဖတ်နေရလျှင် လောကကြီးကို မေ့လျက်၊ စျာန်ဝင်စား နေသူပမာ ဖြစ်နေတတ်သည်။

အသက် ၉-နှစ်အရွယ်တွင် ဖခင်ကြီး အနိစ္စရောက်၏။ ထိုအချိန်မှစ၍ လောကကို နက်နက်နဲနဲ တွေးတောဆင်ခြင်လာ

သည်။ တယောက်တည်း သရက်တောထဲတွင်ဖြစ်စေ၊ သံချိုင်းထဲမှာဖြစ်စေ လမ်းလျှောက်နေတတ်သည်။

မကြာမီသူသည် မယ်တော်ကာလိမာကို ကိုးကွယ်ပူဇော်သည့် ကျောင်းသခ်န်းတခု၌ ရဟန်းဝတ်ပြီး သီတင်းသုံးနေထိုင်သည်။ မယ်တော်ဘုရား ကာလိမာ၏ ရှေ့မှောက်၌ ပြည့်ဝသော ယုံကြည်ချက်၏ တန်ခိုးတော်ကြောင့် ဘုရားသခင်ကိုယ်တိုင်အား ထင်ရှားစွာ ဖူးမြင်ခဲ့ရသည်။

ရာမာကရစ္စနာ တရားအားထုတ်ယင်း တရားပေါက်ခဲ့သော ကျောင်းတော်မှာ ယခုတိုင် ကျော်ကြားသော 'ဒတ်သျှိနသွာရှိကာလိ' ဘုရားကျောင်းပင်ဖြစ်သည်။

ထင်ရှားသောပုဂ္ဂိုလ်များ၏ဘာသာရေးဆိုင်ရာ ဩဝါဒများကို အမြဲနာယူခဲ့သည်။

သူဟောသော တရားများမှာမူ ကျမ်းဂန်များမှ ပညာသားများမဟုတ်ပဲ လောကကိုယ်တွေ့ သင်ခန်းစာများဖြစ်သည်။ သန်းပေါင်းများစွာသော ပရိသတ်ကို လှိုက်လှိုက်လှဲလှဲကြည်ညိုသဒ္ဓါ ဖြစ်စေသည်။ တရားအမြင်ပေါက်စေခဲ့သည်။

၁၈၈၆ ခုနှစ် ဩဂုတ်လ ၁၆ရက် တနင်းလာနေ့ နံနက်ပိုင်းတွင် ပျံလွန်တော်မူလေသည်။

### ဆွာမိဝိဝေကနန္ဒ

သူ၏ငယ်မည်မှာ နရန်ဒရာနတ်ဒတ္တားဖြစ်သည်။

သူသည် ကာလကတ္တား တက္ကသိုလ်မှ ဒီဂရီ ရပြီးသည်နောက်တွင် တရားအမြင်ကိုရလိုစိတ် ပြင်းထန်လာခဲ့သည်။

---

ရှရီ ရာမာကရစ္စနာ ကိုယ်တော်နှင့် တွေ့ဆုံရသော အခါ တရားအမြင်များ ပွင့်လင်းလာပြီး ထင်ရှား ကျော်ကြားလာသည်။

သူသည် အမြင့်ဆုံးသော တရားအဆင့်သို့ ပေါက်ရောက်ခဲ့၍ လောကသားတို့ပေါ် မေတ္တာတရားစိတ် ပြင်းပြခဲ့သည်။

သူ့အား ရာမကရစ္စနာ ကိုယ်တော်ကြီးက ဘာသာရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ရန် တာဝန် ပေးအပ်ခြင်း ခံရသည်။

ဆွာမိကြီးလည်း မိမိ၏ဂုရုဆရာ မှာသွားသည့်အတိုင်း ဟိန္ဒူ တရားဓမ္မများကိုလည်းကောင်း၊ ရာမကရစ္စနာ ကိုယ်တော်၏ တရားဒေသနာတော်များကို လည်းကောင်း ကမ္ဘာအနှံ့ ဖြန့်ခဲ့သည်။

## ဂုရုနာနတ်(က်)ဒေဝ

ဂုရုနာနတ်(က်) ဒေဝကို တန်ဆောင်မုန်း လပြည့် နေ့တွင် ဖွားမြင်ခဲ့သည်။ ဖခင်မှာ ကလူချန်ဒ်ဖြစ်သည်။

ငယ်စဉ်ကထဲက ကမ္မဋ္ဌာန်း အလုပ်ကို စိတ်ဝင်စားခဲ့သည်။ ဘုရား၏ဂုဏ်တော်ကို အမြဲရွတ်ဖတ်နေခဲ့သည်။

သူ့ဖခင်က အမရိုရာ ဒေလီမြို့သို့ ပို့ထားပြီး အလုပ်အကိုင် လုပ်စေ၏။ အလုပ် လုပ်၍ရသော ငွေများကို ဆင်းရဲသားများ၊ တရားကျင့်သူများကို ခွဲဝေလှူဒါန်းလေ့ရှိခဲ့သည်။

ဖခင်က အိမ်ထောင် ပြုပေးလိုက်သည်။ သားတော်နှစ်ပါး ထွန်းကားခဲ့သည်။ မကြာမီ အိုးအိမ်စည်းစိမ်များကို စွန့်လွှတ်ပြီး

ရဟန်းဘဝ ကူးပြောင်းသွား၏။ နေရာဒေသအနှံ့ လှည့်လည်၍ တရားဟောခဲ့သည်။

'လူသား အချင်းချင်း လူမျိုး ခွဲခြားခြင်း၊ အဆင့် အတန်း ခွဲခြားခြင်းများစွန့်ပယ်၍ ချစ်ခင် ပျော်ရွှင်စွာဖြင့် တဆူတည်း သာဖြစ်သော ထာဝရဘုရားသခင်ကို အာရုံပြုကြရန်' အဓိက တိုက်တွန်း ဟောကြားသည်။

သူ့တရားများကို နှစ်ခြိုက်သူများလာပြီး တပည့်တပန်းထွေ ထွန်းကားခဲ့သည်။ သူ ပြုစုခဲ့သော 'ဂုရုဂရန္ထ (သ်) ဆာဟိ (ဗ်)' ကျမ်းမှာ အလွန်ထင်ရှားကျော်ကြား ခဲ့လေသည်။

ဖော်ပြပါပုဂ္ဂိုလ် သူတော်စင် ကြီးများသည် ဟိန္ဒူဘာသာ ရေးလောကတွင် နေလို လလို ထင်ရှား ခဲ့သူ များ ဖြစ် သည်။ သို့သော် ဝဋ်ကြွေး-ကံကြွေး ပေးဆပ် သွား ရ သူ များ ကလည်း ပေးဆပ်ရသည်။ အချို့မှာလည်း အသက်ငယ်ငယ် ရွယ်ရွယ်ဖြင့် ဘုန်းကြီးသော်လည်း အသက်မရှည် ဟူသော စကားအတိုင်း ရုပ်ခန္ဓာ ကူးပြောင်းသွားကြသည်။

မည်သို့ပင်ဖြစ်စေ တရားဓမ္မ ပြည့်ဝသော သူတော်စင်ကြီး များ၏ ဝိညာဉ်များက ထာဝရ အေးချမ်းရာနေရာသို့ ရွှေ့ရှုနေ ကြမည်သာတည်း။

# အခန်း (၈)

## ဝိဇ္ဇာပညာ သံသရာ

ဝိဇ္ဇာပညာ၏ အကိုင်းအခက်တခုဖြစ်သော စက်ဝန်း၊ တြိဂံ၊ စတုဂံ၊ဗျည်း၊ ဂဏန်းများကို အသုံးချပုံ၊ ၎င်းတို့၏ အကျိုးအာနိသင် ထွက်ပေါ်လာပုံနှင့်တကွ အင်းအိုင် စသော ပညာရပ်တို့သည် အီဂျစ်ဖာရိုး(**Pharaoh**)ဘုရင် မှော်ဝိဇ္ဇာ ဆရာကြီးများထံမှ မြစ်ဖျားခံ၍ ဟေးဘရူး (**Hebrew**) ပညာရှိ မိုးဇက် (**Moses**)၏လက်ဝယ်သို့ ခရစ်တော်မပွင့်မီ ဘီစီ ၂၅၁၅ ခုနှစ်ကတဆင့် ရောက်ရှိလာ၏။

အနောက်ဖက် ဥရောပ ရှေးဟောင်း လူမျိုးတို့၏ (**Celtic Legend**) ဒဏ္ဍာရီပုံပြင်များ အလိုအရ အရှေ့အလယ်ပိုင်းမှ ရေိယန်လူမျိုးတို့၏ ကမ္ဘာ့အလယ်ပိုင်းဒေသမှ အီဂျစ်တို့ ပညာ

(Mythology and Magic) များကို လက်ဆင့်ခံရရှိကြောင်း ဖော်ပြထား၏။

ၑင်းဧရိယန်လူမျိုးတို့က ထိုပညာရပ်တို့ကို အကျိုးအာနိသင်ရှိအောင် အသုံးပြုနိုင်ခဲ့ကြသည်သာမက အင်းအိုင်များကိုလည်း နက္ခတ်နှင့်အညီ စီရင်နိုင်စွမ်း ရှိကြသည်။

အိန္ဒိယပြည်သို့ ဧရိယန်လူမျိုးများ ဝင်ရောက်လာကြသောအခါ ထိုပညာများ တပါတည်း ပါလာခဲ့သည်ဟု ယူဆဖွယ်ရှိသည်။ အိန္ဒိယပြည်၌ နဂိုကရှိရင်းစွဲ ပညာများအပြင် တူရေးနီးယင်း လူမျိုးတို့ထံမှ ပညာများကိုပါ ရထားကြသည်။

အိန္ဒိယပညာနှင့် ဥရောပ ပညာများ မူအားဖြင့် အနည်းငယ်သာတူ၍ ကွဲပြားမှုကပိုများသည်။ တရုတ်နှင့်ဥရောပမှာ အနည်းငယ်သာကွဲ၍ များစွာတူညီကြသည်။

ဥရောပလူမျိုး၊ အက်စကီမိုး(Eskimos)နှင့် တရုတ်လူမျိုး၊ ဆိုက်ဗေးရီးယားပြည် လီမိုးနီးယားတို့ထံမှ ဆင်းသက်သော တူရေးနီးယင်းလူမျိုးတို့ထံမှ ပညာရခဲ့သည်။ မူအားဖြင့် တူတာများသည်။

တရုတ်တို့သည် ရှင်တိုဘာသာ (Shinto) အယူဝါဒကို လွန်ခဲ့သော နှစ်ပေါင်း သုံးထောင်ခန့်ကတည်းက အက်စကီမိုးလူမျိုးတို့ထံမှ ရရှိထား၏။ ရှင်တိုဘာသာ အယူဝါဒအရ မူအားဖြင့် လက်ခံထားသော ပညာရပ်များ၌ နက္ခတ်ကိုစောင့်သော နတ်များ၊ တာရာကို စောင့်သောနတ်များ၊ အိန်ဂျယ်(Angel) ခေါ် ကောင်းကင်တမန်များနှင့် သေဆုံးသွားလေသူတို့၏ဝိညာဉ်နတ်များ အကြောင်းကို ကဏ္ဍတခုအနေဖြင့် ပါဝင်ကြောင်းတွေ့ရ၏။

လူ့ခန္ဓာကိုယ်တွင် ဆေးထိုးနှံခြင်း၊ အင်းကိုမီးရှို့ခြင်း၊ သေသူများအား နတ်အဖြစ်ကိုးကွယ်ခြင်း စသော အချက်များသည် တရုတ်တို့ထံမှ ဆင်းသက်ပြီး အမွေခံ ရရှိထားသော ပညာဖြစ်တန်ရာ၏။

မြန်မာ့ဝိဇ္ဇာပညာရပ်တွင် တရုတ်ထက် အိန္ဒိယ ပညာများ လွှမ်းမိုးနေသည်။

တရုတ်ပြည်အလယ်ပိုင်းနှင့် တိဗက်ပြည် စန်ဝေမြေမြင့်ကုန်းပေါ်သို့ ရောက်ကြသောကန်စုလူမျိုးတို့သည် မြန်မာပြည်အရှေ့တောင်ဘက် မော်ဇာ၊ ဟန်လင်းကြီးဖက်သို့ ဝင်ရောက်ခဲ့ကြရာမှ မွန်ခမာလူမျိုး ဖြစ်ပေါ်လာ၏။

တရုတ်ပြည် မြောက်ပိုင်းမှနေ၍ စစ်ဘေး စစ်ဒဏ်ကြောင့် အုပ်စုသုံးစုကွဲပြီးနောက် မြန်မာပြည်ထဲသို့ ဝင်ရောက်လာကြသောအုပ်စုများအနက် အုပ်စုတခုမှာ တိဗက်ပြည်မြောက်ဖက်သို့ တက်သွားကြ၏။ တခုမှာ ရှမ်းပြည်နယ်၌ သောင်တင်နေကြ၍ ရှမ်းလူမျိုးဖြစ်ပေါ်လာ၏။ ကျန်အုပ်စုမှာ မြန်မာပြည် မြေပြန့်နယ်ကျလာကြကာ မြန်မာလူမျိုးများဟူ၍ ဖြစ်လာ၏။

ယခင်ကရှိနေသော ကျောက်ခေတ်မြန်မာတို့သည် နောက်မှ ရောက်လာကြသော အုပ်စုတို့၏ ဒဏ်ကို ခံနိုင်စွမ်း မရှိကြ၍ စုမတြာ၊ မလေးရှားတို့ဘက်သို့ ထွက်ပြေးကြကာ မာလာယု၊ အင်ဒိုနီးရှားလူမျိုးများ ဖြစ်သွား၏။

ထို့ကြောင့် တရုတ်ဝိဇ္ဇာပညာများ၏ နည်းနိသျများ ကွယ်ပျောက်ကာ ခလေ့ထုံးစံမျှသာ မြန်မာတို့ရရှိတော့သည်။

---

## အိန္ဒိယထံမှရပုံ

ဘုရားမပွင့်မီ အနှစ်သုံးရာခန့်ကတည်းက အဘိရာဇာခေါ် အိန္ဒိယ မင်းသားသည် မြန်မာပြည်သို့ ဝင်ရောက် လာခဲ့၏။ သည်အခါ မြန်မာပြည်တွင် ရှိနှင့်နေကြသော လူမျိုးများက မင်းအဖြစ်တင်မြှောက်ကြ၏။ ထို့နောက် အိန္ဒိယ ဥဇ္ဇေနီပြည်မှ 'ဝိဇရမ' မင်းဆက်များ မော်ဇာဖက်သို့ ဝင်ရောက်လာခဲ့ကြ ပြန်သည်။ ၎င်းတို့ကို မင်းအဖြစ် တင်မြှောက်ခဲ့ကြပြန်၏။

ဝိဋဋူပရန်ကြောင့် အိန္ဒိယပြည်မှ ပြေးလာခဲ့ ကြရသော 'ဓဇရာဇာ' သည်လည်း မြန်မာပြည်သို့ ရောက်လာကြသော အခါ ဒုတိယတကောင်းဆက်ကို တည်ထောင်ခဲ့သည်။ အိန္ဒိယ လူမျိုးတို့သည် ဝိဇ္ဇာပညာနှင့်တကွ ယဉ်ကျေးမှုများ အထွဋ်အထိပ်သို့ ရောက်ရှိနေသောကြောင့် ရှိပြီးသော မြန်မာလူမျိုးတို့ အပေါ် အလွယ်တကူမင်းလုပ်ခြင်း ဖြစ်သည်။

သည်နေရာတွင် ဝိဝါဒမကွဲရအောင် ဒေါက်တာ သန်းထွန်း ၏ ခေတ်ဟောင်း မြန်မာရာဇဝင်၊ ဒေါက်တာ ကျော်သက်၏ မြန်မာနိုင်ငံသမိုင်း၊ မဟာဝိဇ္ဇာဘွဲ့ရ ဦးသိန်းဟန်၏ ပြည့်ထောင်စု သမိုင်းမှတ်တိုင်များနှင့် မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၀တို့ကိုစံပြု၍ မြန်မာလူမျိုးများ ဝင်ရောက်လာပုံကို အကျဉ်းမျှ တင်ပြလို ပေသည်။

## မြန်မာလူမျိုးဖြစ်လာပုံ

တရုတ်ပြည်၏ အနောက်မြောက်နှင့် တိဗက်ပြည်၏ အရှေ့မြောက်ဒေသတွင် မိုင် ၅၀ ခန့်ရှည်လျားသော 'ထောင်မြစ်ဝှမ်း' အရပ်ရှိ၏။ ထိုအရပ်တွင် နောင် မြန်မာလူမျိုးများဖြစ်လာမည့် လူမျိုးစုများ နေထိုင်ခဲ့ရာ 'ကန်စု' (Kansu) ဟု ခေါ်သော ဒေသရှိ၏။

ခရစ်မပေါ်မီ နှစ်ပေါင်း ၂၀၀၀ ခန့်က ကန်စုဒေသတွင် နေထိုင်ကြသူတို့သည် ကျောက်ခေတ် နှောင်း ယဉ်ကျေးမှု မလွှအဆင့်သာ ရှိသေး၏။ ကန်စုဒေသတွင် နေထိုင်ခဲ့ကြသူများကို 'ချီအန်' လူမျိုး (Chiang) ဟု တရုတ်မှတ်တမ်းတို့၌ဖော်ပြထား၏။

ချီအန် လူမျိုးတို့သည် သိုးထိန်း-ဆိတ်ထိန်းများ ဖြစ်ကြ၏။ ၎င်းဒေသ ဝန်းကျင်မှ တရုတ်လူမျိုးတို့မှာ ကျွဲ-နွား-ဝက် တို့ကို မွေးမြူကြသည်။

မလေ့ချင်းမတူကြသော ချီအန်နှင့် တရုတ်တို့သည် စားကျက်အတွက် ရန်စောင်ကြသည်။ ပဋိပက္ခဖြစ်ပွားကြသည်။ ထိုအခါ လူဦးရေများပြားသော တရုတ်တို့က ချီအန်တို့ကို အမြဲတိုက်ခိုက်ကာ ဖမ်းမိသော ချီအန်တို့ကို သတ်ဖြတ်၍ ယဇ်ပူဇော်ကြသည်။

တရုတ်တို့ရန် ကြောက်၍ ချီအန်တို့သည် ကန်စုံ ဒေသ၏ အနောက်ဖက်သို့ တိမ်းရှောင်ခဲ့ရသည်။

တိဗက် အရှေ့မြောက်ရှိ မြစ်ဝါ၏ မြစ်ဖျားခံရာ အရပ်နှင့် 'ကိုကိုနော်'တွင် ပြောင်းရွှေ့နေရသည်။

---

ချီအန်တို့သည် နေရာဒေသကို လိုက်၍ အသက်မွေး ဝမ်းကျောင်း အလုပ်အကိုင် ပြောင်းလုပ်ကြရသည်။ သိုးထိန်း-ဆိတ်ထိန်းဘဝမှသည် နွားထိန်းမြင်းထိန်းဘဝသို့ ပြောင်းလာရသည်။

ခရစ်မပေါ်မီ နှစ်ပေါင်း ၁၀၀၀ ခန့်သို့ ရောက်သော် ဆင်းနယ် (Tsin)ကို အုပ်ချုပ်သည့် ချင်မင်းဆက် လက်ထက်တွင် တရုတ်များက ချီအန်တို့ကို လိုက်လံ တိုက်ခိုက်ကြပြန်၏။ ထိုအခါ တောင်ဖက်ရှိ တောတန်းများဆီသို့ ပြောင်းရွှေ့နေထိုင်လာခဲ့ရသည်။

မူလ ချီအန်လူမျိုးစုသည် အအေးပိုင်းမှသည် အပူပိုင်းသို့ တစထက်တစဆင်းလာခဲ့ရ၏။နောက်ဆုံး ယူနန်နယ်၏ သံလွင်နှင့် မဲခေါင်မြစ်ဝှမ်းဒေသသို့ ရောက်လာသည်။

ချီအန် လူမျိုးတို့သည် မင်း (သို့မဟုတ်) မန် (Mang)လူမျိုးအဖြစ်သို့ အမည်ပြောင်းလဲလိုက်သည်။

ခရစ်သက္ကရာဇ် ၇၆၃ ခုနှစ်တွင် ဖန်ချိုအမည်ရှိသူက 'မန်ရှု' ခေါ် 'တရုတ်ဘာသာရေးကျမ်း' တစောင်ကို ရေးသားခဲ့ရာတွင် မြန်မာလူမျိုးများ ဖြစ်လာမည့် မင်းလူမျိုးတို့ အကြောင်းကို ထည့်သွင်းရေးသား ဖော်ပြခဲ့သည်။

မင်းလူမျိုးတို့သည် မြောက်ဘက် နမိုင်ခ၊ အရှေ့ မဲခေါင်၊ တောင်သိန္ဒိအတွင်းရှိ 'ယုန်ချန်' ပတ်ဝန်းကျင်တွင် နေထိုင်ခဲ့ကြသည်။

ထိုလူမျိုးသည်မိမိတို့အရှင်သခင်ကို မင်း(သို့မဟုတ်)မင်းစောဟုခေါ်သဖြင့် ကျမ်းပြုဆရာဖန်ချိုက ၎င်းတို့ကိုမင်း(သို့မဟုတ်) မင်းမောလူမျိုးဟု ခေါ်ခဲ့ခြင်းဖြစ်သည်။

---

စပယ်ဦးစာ၁၉

တရုတ်တို့၏ ဖိနှိပ်မှုဒဏ်မှ လွတ်ကင်းစေရန် ပြောင်းရွှေ့လာကြသော မင်းလူမျိုးစုအား နန်ကျောင်တရုတ်တို့က အနိုင်ကျင့်လာပြန်သည်။

သံလွင်နှင့် မဲခေါင်ကြားသို့ရောက်ရှိနေသော မင်းလူမျိုးစုကို ခရစ်သက္ကရာဇ် ၇၁၃ ခုနှစ်တွင် 'ရှန်လောဖီ' မင်းက တိုက်ခိုက်အုပ်ချုပ်ခံရပြန်သည်။

ခရစ်သက္ကရာဇ် ၇၉၄ ခုနှစ်တွင် ရှန်လောဖီမင်း၏မြေး 'ယီမိုယျုန်' က မင်းလူမျိုးတို့ကို နှိပ်ကွပ်ပြန်၏။

နန်ကျောင်ဘုရင်တို့သည် မင်းလူမျိုးစုအား စစ်ထဲသို့ဆွဲသွင်းကာ တပ်ဦးတပ်ဖျားမှ ချီတက်တိုက်ခိုက်စေ၏။ နန်ကျောင်တို့က ချဲန်တူမှ ဟနွိုင်အအထိ စစ်မျက်နှာဖြန့်ကာ တိုက်ခိုက်ရာတွင် မင်းလူမျိုးတို့သည် စစ်တံခွန်ကိုကိုင်ဆောင်ကာ ရဲစွမ်းသတ္တိပြခဲ့ကြသည်။

၈၇၄-ခုနှစ်တွင် နန်ကျောင်၊ တိဗက်နှင့် တရုတ်တို့၏စစ်ပွဲမှာ အလွန်ပြင်းထန်၏။ နန်ကျောင် စစ်မှူးတို့၏ ကွပ်ကဲ အုပ်ချုပ်မှုမှာလည်း ရက်စက်တင်းမာပြင်းထန်လွန်းလှသည်။ တိုက်ပွဲဝင်ရန် တွံနွေးနေလျှင် သတ်ဖြတ်ခြင်းခံကြရသည်။

စင်စစ် မင်းလူမျိုးစုသည် မည်သူတို့၏ ဖိနှိပ်ချုပ်ချယ်မှုကိုမှ မခံချင်၊ လွတ်လွတ်လပ်လပ်နေလိုသူများသာ ဖြစ်သည်။ ကိုယ့်နယ်မြေနှင့် ကိုယ့်အုပ်ချုပ်ရေး ဖြင့်သာ နေလိုကြသူများ ဖြစ်သည်။

သို့ဖြင့် နန်ကျောင်တို့ကျပ်တည်းပြင်းထန်စွာ အုပ်ချုပ်ခြင်းနှင့် ရက်စက်မှုတို့မှ လွတ်မြောက်ရန် နန်ကျောင်စစ်တပ်တွင် စစ်မှုထမ်းစဉ် ပျူတို့၏ မြို့တော်ဒေသများကို စီးနင်း တိုက်ခိုက်စဉ်က

တွေ့ရှိခဲ့သည်များကို သဘောကျ၍ ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်ကြသည်။

တနေ့ မြန်မာ့နယ်မြေတွင် နန်ကျောင်စစ်သည်တို့ ရန်ကြောင့် ပျူနှင့်မွန်လူမျိုးများ ကသောင်းကနင်းဖြစ်နေခိုက် မင်းလူမျိုးတို့သည် မြန်မာနိုင်ငံနယ်မြေသို့ အလုံးအရင်း ဝင်ရောက်လာကြသည်။

မင်း(မြန်မာ)တို့ စတင် ဝင်ရောက် လာကြချိန်က မြန်မာနိုင်ငံဒေသတဝှမ်းလုံးတွင် လူမျိုးစုများ အနှံ့အပြား အုပ်စုလိုက်နေထိုင်ကြပြီးဖြစ်သည်။

မြန်မာနိုင်ငံမြောက်ပိုင်း ဧရာဝတီမြစ် အရှေ့ဖက် ကမ်းရှိ 'တကောင်း'တွင် သက်နှင်းကဒူးအုပ်စုတို့ ရှိ၏။

မြောက်ဘက်ရှိ ဝေသာလီပြည်၌ ရှေးရခိုင်အုပ်စုရှိသည်။

တောင်ဘက်ပင်လယ်ကမ်းခြေ သထုံ ပြည် တွင် မွန် အုပ်စု ရှိသည်။

ယခုပြည်မြို့၏ အရှေ့ဘက် မှော်ဇာရွာ တည်ရှိရာ အရပ်ရှိ သရေခေတ္တရာပြည်တွင် ပျူအုပ်စုများ နေထိုင်လျက် ရှိကြသည်။

၈၃၂- ခုနှစ်တွင် နန်ကျောင်မင်းသည် ပျူတို့၏ မြို့တော် သရေခေတ္တရာကို တိုက်ခိုက်သည်။ ပျူလူမျိုးများစွာ ကိုလည်း စစ်သုံ့ပန်းအဖြစ် ခေါ်ဆောင်သွား၏။ ကျန်ရစ်ခဲ့သော ပျူတို့မှာလည်း အုပ်စုကွဲကာ အချို့က ဇမုန့်မြစ်ဝှမ်းရှိ မွန်တို့နှင့်ရောစပ်သွား၏။ အချို့က ရခိုင်ပြည်ဘက်သို့ ထွက်ပြေးကြသည်။

၈၃၅- ခုနှစ်တွင် နန်ကျောင်မင်းသည် မွန်တို့၏ မြို့တော် သထုံပြည်ကို တိုက်ခိုက်ကြပြန်သည်။ သို့သော်နန်ကျောင် စစ်သည်တို့ ပြန်သွားကြသောအခါ မွန်တို့သည် သထုံပြည်တွင်ပြန်လည်

စုရုံးနေထိုင်ကြသည်။ မွန်သည် ပျူတို့လောက် အဖြစ်ဆိုးနှင့် မကြုံရချေ။

ရှေးဦးမြန်မာ(မင်း) လူမျိုးစုသည် ခရစ်နှစ် ၈၀၀- ခန့်တွင် နန်ကျောင်မင်း၏ သြဇာခံ သံလွင်နှင့် မဲခေါင် ဒေသဟောင်းကို စွန့်ကာ မြန်မာနိုင်ငံအတွင်းသို့ အောင်လံလွင့်၍ ဝင်ရောက်ခဲ့ကြသည်။ သံလွင်မြစ်ကြောင်းအတိုင်း ဆင်းလာ ခဲ့ကြပြီးနောက် ရှမ်းတောင်တန်း ကြီးများကို ဖြတ်ကျော်ကာ တတောင်ဆင်း တတောင်တက် ခရီးနှင်လာခဲ့ရသည်။ နောက်ဆုံးကျောက်ဆည်မြို့၏ အရှေ့တောင်ဘက်ရှိ 'နတ်ထိပ်တောင်ကြား' သို့ ရောက်ရှိခဲ့ကြသည်။

နတ်ထိပ်တောင်ကြားတွင် မြင်းများကို ခေတ္တရပ်တန့်ကာ အောက်သို့ မျှော်ကြည့်လိုက်သောအခါ အနောက်ဘက်တခွင်၌ စိမ်းလန်းစိုပြေနေသော ရှုခင်းကိုမြင်ရသည်။ ၎င်းတွင်ပန်းလောင်မြစ်၊ စမုန်မြစ်၊ ဇော်ဂျီမြစ်တို့ စီးဆင်းလျက် ရှိကြသည်။ ထိုမြစ်များမှ ရေသွယ်ထားသော မြောင်းငယ်များမှာလည်း နေရာအနှံ့အပြားတွင် စီးဖြာလျက်ရှိသည်။

ထိုနေရာသည် စိမ်းလန်းစိုပြေ၍ မြေသြဇာထက်သန်ကောင်းမွန်သည်။ ရှေးဦးမြန်မာတို့သည် နတ်ထိပ် တောင်ကြားလမ်းမှသည် ယင်းမြေပြင်သို့ ဆင်းလာခဲ့ကြသည်။

ထိုဒေသတွင် ဒေသခံလူ များများစားစားမရှိ။ ဒေသခံပျူ၊ မွန်နှင့် သက်လူမျိုးအုပ်စုတို့မှာ နန်ကျောင်တို့ ကျူးကျော်တိုက်ခိုက်မှုဒဏ်ကြောင့် အအုပ်အစည်းပျက်နေကြသည်။

---

မပယ်ဦးစာပေ

ဝင်ရောက်လာကြသော မြန်မာတို့မှာ လူအင်အားလည်း ပါလာ၏။ ဆင်မြင်း အလုံး အရင်းလည်း ပါလာ၏။ သို့ဖြင့် ကျောက်ဆည်ဒေသသည် မြန်မာတို့ ဦးဆောင်မှုဖြင့် အထူး တိုးတက်လာသည်။

မြန်မာတို့ အခြေစိုက်မိကြသောအခါ ထွက်ပြေးတိမ်းရှောင် သွားကြသော ပျူ၊မွန်နှင့်သက်တို့လည်းလာရောက်ပေါင်းစည်း ကြသည်။ ကြီးနိုင်ငယ်ညှဉ်းမလုပ်၊ သမာသမတ်ရှိသော မြန်မာ တို့၏ အုပ်ချုပ်မှုကြောင့်၊လူမျိုးချင်းသွေးမကွဲတော့ပဲ နောက်ဆုံး ‘မြစ်သားတဆယ့်တစ်ခရိုင်’ သို့မဟုတ် ‘လယ်တွင်းဆယ့်တစ် ခရိုင်’ ထင်ရှားစွာပေါ်လာခဲ့သည်။

## လယ်တွင်း ၁၁ ခရိုင်

၁။ ပင်လယ်
နတ်ထိပ် တောင်ကြားလမ်းနှင့် အနီးဆုံး ဖြစ်သည်။ ၁၁-ခရိုင်တွင် တောင်ဘက်အကျဆုံးဖြစ်သည်။

၂။ မြည်မနား(ပျဉ်းမနား)
ပန်းလောင်မြစ်၏ အနောက်ဘက် ကမ်းပေါ်တွင်ရှိ၍ ကူမဲ၏ မြောက်ဘက်တွင် ကပ်လျက်ရှိသည်။

၃။ မြစ်သား
ပန်းလောင်မြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင် တည်ရှိ၏။ ဆည်ရေသောက်လယ် တိုးပွားများပြားလာ သောအရပ်ဖြစ်သည်။

၄။ **ရေငုန် (ရွာမုန်ကြီး)**
ပန်းလောင်မြစ်၏ အနောက်ဘက် ကမ်းပေါ်တွင် တည်ရှိသည်။ ပန်းလောင်မြစ်နှင့် စမုန်မြစ်တို့ကို ခွဲ၍ ရေလွှတ်ကို ထိန်းနိုင်သောအရပ်ဖြစ်သည်။

၅။ **မြင်းခုန်တိုင်**
ပန်းလောင် မြစ်၏ အရှေ့ဘက်တွင် တည်ရှိသည်။ ရှမ်းတောင်ခြေရောက်အောင် ထိန်းသိမ်း နိုင်သော နေရာဖြစ်သည်။

၆။ **ပနန်း**
ကျောက်ဆည်၏အနောက်၊ ပန်းလောင်မြစ်၏အရှေ့ ဘက်ကမ်းတွင် ရှိသည်။

၇။ **ဘမုတ်**
ပန်းလောင်မြစ်နှင့် ဇော်ဂျီမြစ်တို့ဆုံရာတွင် ရှိမည်ဟု ခန့်မှန်းရသည်။

၈။ **သင်တောင်**
ကျောက်ဆည်၏ မြောက်ဘက်၊ ဇော်ဂျီ မြစ်၏ အနောက်ဘက်၊ စွယ်ရယ်ကန်ဘက်တွင် ဖြစ်သည်။

၉။ **မက္ခရာ**
ဇော်ဂျီ မြစ်နှင့် မြစ်ငယ်ဆုံရာဒေသတွင်ရှိသည်။

၁၀။ **တပြက်သာ**
မက္ခရာမြစ်၏အနောက်၊ ဆည်ရွာနှင့်အိုးထိန်းတောင် ဝန်းကျင်တွင်ရှိသည်။

---

၁၁။ ခံမှူ(ခံလှူ)
မွန်တို့ရွာဖြစ်မည် ထင်ရသည်။ ပန်းလောင်နှင့် မြစ်ငယ်မြစ်တို့ ဆုံရာတွင် ရှိသည်။

ထိုသို့ ကျောက်ဆည်ဒေသတွင် ၁၁-ခရိုင် တည်ထောင်ပြီး နေကြရာမှ လူဦးရေ တစထက်တစ များပြားတိုးတက်လာသည်။ သို့ဖြစ်၍ မြန်မာတို့ နယ်သစ်ကို ရှာဖွေရပြန်သည်။

မြန်မာတို့သည် ကျောက်ဆည်လယ်တွင်းခရိုင်၏ အနောက်ဘက် နယ်နိမိတ်ကိုဖြတ်ကာ မြောက်သွေ့ပူပြင်းသည့် ပုဂံဘက်သို့ ပြောင်းရွှေ့လာကြသည်။ ဧရာဝတီမြစ်ကို ဖြတ်ကျော်ရသည်။ ထိုအခါ လယ်တွင်းခရိုင် ကဲ့သို့ပင် မုန်းမြစ်၊ မန်းမြစ်၊ စလင်းချောင်းတို့ဖြင့် သယ်ယာမြေကောင်း ဖြစ်ထွန်းလှသည့် မင်းဘူးနယ်ဒေသကို သွားတွေ့သည်။ မင်းဘူးနယ်တွင် မြန်မာတို့ အခြေချကြပြန်၏။ ထိုဒေသရှိ ကရင်၊ ပလောင်တို့နှင့်ရောစပ် သွေးနှီးခဲ့သည်။

အချို့ မြန်မာတို့သည် တောင်တွင်းနယ်သို့ ခရီးဖြန့်သည်။ ဧရာဝတီမြစ်ကြောင်းတလျှောက်ကို စုန်ဆင်းကာ မိကျောင်းရဲအောက်ဘက်သို့လည်း ရောက်သွားကြသည်။ အနောက်ဘက်သို့ ဖြန့်လာရာ၌ ဆိတ်ဖြူသို့ရောက်သောအခါ ပေါက်နှင့် ထီးလင်းတို့သို့ ခရီးဆက်သည်။ အနောက် မြောက်ဘက်တွင် မုံရွာသို့တိုင်အောင် ဆန်တက်သည်။

မူးမြစ်ပလျှောက် တွင် ဝက်လက်၊ ဟန်လင်း၊ မုဆိုးဖို၊ ဒီပဲယင်းနှင့် မြေဒူးတိုင်အောင် ရွှေ့ပြောင်းလာသည်။ အချို့က

မင်းဘူး နယ်မှ အန်းတောင်ကြားလမ်းကို ဖြတ်ကာ ရခိုင်သို့ပင် ရောက်ရှိသွားကြသည်။

မြန်မာနိုင်ငံသို့ မဇ္ဈိမဒေသမှ သာကီဝင်မင်း အဘိရာဇာ ကုန်းလမ်းခရီးဖြင့် လာရောက်စဉ်အခါက ရှေးဦး မြန်မာများ ရှိနှင့်ပြီးဖြစ်သည်။

၎င်းတို့သည် အထက်မြန်မာနိုင်ငံ၌ ယခု လူနေများသော အရပ်ဒေသများ တလျှောက်တွင် ရွာလေးများ တည်ထောင်၍ ရွာတရွာတွင် အကြီးအကဲတယောက် အုပ်စိုးလျက် နေထိုင်သည်။ အစာအာဟာရတွက် တောတိရစ္ဆာန်များကို ဖမ်းခတ်၍ စားကြသည်။ ကိုးကွယ်သော ဘာသာမှာမူ လူရိုင်းများကဲ့သို့ နတ်ကို ကိုးကွယ်ကြသည်။

အဘိရာဇာမှစ၍ သာကီဝင်မင်းတို့ အုပ်စိုးခြင်းကို ခံရသော အခါကျမှ လူမျိုးအားလုံး တပေါင်းတစည်းတည်း ဖြစ်လာပြီး တစတစ ယဉ်ကျေးလာကြသည်။

နိုင်ငံရင်းသာ မွန်ဂို(လ်)နွယ် လူမျိုးတို့၌ စာပေရေးမှတ်သောအတတ် အလေ့မရှိ။ ၎င်းတို့အပေါ် အုပ်စိုးသော အိန္ဒိယ တိုင်းသား သာကီဝင်မင်းတို့သာ စာပေရေးမှတ်ခလေ့ ရှိသဖြင့် တရုတ်ပြည်မှ အကြောင်း၊ မွန်ဂို(လ်) လူမျိုးတို့ ရှေးဖြစ် အကြောင်းများ တိမ်မြုပ် မေးမှိန်လျက်၊ အိန္ဒိယ မဇ္ဈိမဒေသ ရှေးဖြစ်အကြောင်းများသာ ထင်ရှားကျန်ရစ်ပြီး၊ ၎င်းအကြောင်း အရာများကိုသာ မြန်မာတို့ ဆက်စပ်ပြောဆို မှတ်သားခဲ့ကြသည်။

မွန်တို့ဒေသဖြစ်သော မြန်မာနိုင်ငံ အောက်ပိုင်းတွင်လည်း ထိုနည်းအတိုင်းပင် နိုင်ငံရင်းသား လူမျိုးများ အပေါ်တွင် အိန္ဒိယတောင်ပိုင်းမှ ပင်လယ်ခရီးဖြင့်လာသော မင်းများအုပ်စိုးကြ၏။

ဥဿာပဲကူးဟူရာ၌ ဥဿာမှာ အိန္ဒိယကျွန်းဆွယ် အရှေ့ဖက် ပင်လယ်ကမ်းရှိ သြရိဿနယ်၏ အမည်မှ ရွှေ့လျောဟန် ရှိသည်။

ထိုအချိန်က ယခုမြစ်ဝကျွန်းပေါ်အရပ်ဒေသတို့တွင် ပင်လယ် ရေပြင်များ ဖုံးလွှမ်းလျက် ရှိနေသေးသည်။

အိန္ဒိယနိုင်ငံမှ ဟိန္ဒူလူမျိုးများ အရောက်အပေါက်များကြသည်နှင့် ရံဖန်ရံခါဆိုသလို ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့ အတိုက်အခံ ဖြစ်ကြရသည်။ ရံဖန်ရံခါ ဟိန္ဒူကုလားတို့ တိုက်ခိုက်လာ၍ မွန်များက ခုခံတိုက်ခိုက် တွန်းလှန်ခဲ့ရသည်။

ကံရာဇာကြီး၏ သားတော် မုဒုစိတ္တသည် ရာဝတီမြစ် အနောက်ဖက် လယ်ကိုင်း၊ စကု စသော သုနာပရန္တတိုင်း၌ မင်းပြုသည်။ ထိုမင်းအဆက် သမ္ဘူလမည်သော ပျူးမင်းကို ဧည့ဝတီကနေ့ောင့်ယှက်သိမ်းယူ၍ မိဖုရားနန်းခန်း သရေခေတ္တရာ တည်ရာအရပ်တွင် နေလာသည်။ ထိုမိဖုရားသည် သကျသာကီဝင်မျိုး ဖြစ်သဖြင့် ထိုနေရာကို သကျအင်းဟု တွင်ကြောင်း ဦးဘသန်း မြန်မာရာဇဝင်တွင် ဖော်ပြထား၏။ ဦးကုလား ရာဇဝင်ကြီး၌ သိကြားအင်းဟု ပါရှိသည်။

လူမျိုးရေးနှင့်အတူ ဘာသာရေး ရေစီးကြောင်းကို တင်ပြလိုသည်။

---

စပယ်ဒီးစာပေ

## ဘာသာရေး ရေစီးကြောင်း

ဗုဒ္ဓ ပွင့်တော်မမူခင်က သာကီဝင် အဘိရာဇာ မင်းသည် မြန်မာပြည် အလယ်ပိုင်းသို့ ရောက်ရှိလာ၍ ဧရာဝတီမြစ်ညာ၌ တကောင်းမြို့ကို တည်ထောင်ခဲ့သည်။

အဘိရာဇာမင်းကြီး နတ်ရွာစံ ကံတော်ကုန်သော် သားတော် ကံရာဇာငယ်က ထီး နန်း ဆက်ဆံ အုပ်စိုးသည်။ သားတော် ကံရာဇာကြီးက ချင်းတွင်းမြစ်ညာ ဆန်တက်ပြီး 'ကလေးတောင်ညို' အရပ်၌ ဇ-လမျှ ဗိုလ်ဝင်ခံစံနေသည်။

သည်အချက်ကို ကြည့်၍ မြန်မာ ပြည်သည် ဘာ သာ ရေး အားဖြင့် အိန္ဒိယပြည်မှ ရှေးဦးစွာမြစ်ဖျားခံခဲ့ရသည်ဟု ဆိုရမည်။

ဗုဒ္ဓဘာသာသည် အိန္ဒိယမြောက်ပိုင်း နီပေါပြည်မှ တိဗက်၊ တရုတ်၊ ကိုးရီးယား၊ ဗီယက်နမ်၊ ဂျပန်အရှေ့ဖက်ဆီသို့ အဆင့်ဆင့်ရောက်ခဲ့သည်။ ထိုဗုဒ္ဓဘာသာကို မြောက်ပိုင်း မဟာယာန ဂိုဏ်းဟု ခေါ်၏။

အိန္ဒိယတောင်ပိုင်းမှ ဘာသာရေးရေစီးကြောင်းမှာ သီဟိုဠ်၊ မြန်မာပြည်၊ ယိုးဒယားစသော အရှေ့တောင်ပိုင်းဆီသို့ စီးဆင်းလာခဲ့သည်။ ထိုဗုဒ္ဓဘာသာကို တောင်ပိုင်း ဟိနယာနဂိုဏ်းဟု ခေါ်၏။

မဟာယာန ဗုဒ္ဓသာသနာ ဆိုသည်မှာ မဟာ၊ ကြီးသော။ ယာန၊ ယာဉ်။ ကြီးမားသော ယာဉ် (ဝါ) တကိုယ်ကောင်း

မဆန့်သော၊ ကြီးမားသောအယူဝါဒ သို့မဟုတ် မြင့်မြတ်သော အယူဝါဒရှိသော ဗုဒ္ဓသာသနာဖြစ်သည်။ ၎င်းတို့ကိုယ် ၎င်းတို့ပေးထားသော အမည် ဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် ဒုတိယ သံဂါယနာ တင်သောအခါ ဝိနည်းတော်ကို အကြောင်းပြု၍ ဗုဒ္ဓသာသနာ နှစ်ခြမ်းကွဲသွားသည်။ နှစ်ပေါင်းလေးငါးရာ ကြာသောအခါ ဝိနည်းတော်၌ သာမကပဲ အဘိဓမ္မာ အယူအဆပါ ကွဲသွားကြ၏။

ထေရဝါဒ ဘုရားရှိ၏။ နိဗ္ဗာန် မဂ်ဖိုလ် ရယူရာ ရကြောင်း ကျင့်သောအခါ မိမိတဦးတည်းအတွက်နိဗ္ဗာန်ရောက်ကြောင်းကို မကြိုးစားရ။ မိမိသာမက အနန္တ သတ္တဝါတို့ပါ အတူ တကွ ကျွတ်တမ်းဝင်စေနိုင်ရန် လူတိုင်းဘုရားဆုကို ပန်ရမည် ဟူသော အဓိက ရည်ရွယ်ချက်ရှိသည့် ဗုဒ္ဓသာသနာ ဖြစ်သည်။

"ဟိနာယာန ဗုဒ္ဓသာသနာ" ဆိုသည်မှာ ဟိန၊ သေးသိမ်သော။ ယာန၊ ယာဉ် (ဝါ) သေးသိမ်သော အယူဝါဒရှိသည့် ဟိနယာန ဗုဒ္ဓဘာသာဟု မဟာယာနဂိုဏ်းက အမည်ပေးထားခြင်း ဖြစ်သည်။

၎င်းတို့ကို အများကျွတ်တမ်း ဝင်နိုင်ရေးအတွက် စေတနာ မကျယ်ပြန့် နိုင်ပဲလျက် မိမိတဦးတည်းအတွက် ကျွတ်တမ်းဝင်နိုင်ရန် အားထုတ်သူများဟု နှိမ့်ချဆိုသည်။

"ထေရဝါဒ ဗုဒ္ဓသာသနာ" ဆိုသည်မှာ ယခုမြန်မာတို့ ကျင့်ကြံလိုက်နာနေကြသော ဗုဒ္ဓသာသနာ ဖြစ်သည်။ ဘုရားဆုကို ပန်လိုပါက မိမိ၏သဘောအရပန်နိုင်သည်။သာဝကဆုကိုလည်း ပန်လိုက ပန်နိုင်သည်။ မိမိတဦးတည်း မဂ်ဖိုလ်နိဗ္ဗာန် ရောက်

ကြောင်း ကျွတ်တမ်းဝင်နိုင်ရန် ကျင့်ကြံ ကြိုးစားနိုင်သည်။ မည်သည့်နည်းနှင့် ဖြစ်စေ ကြိုက်နှစ်သက်သလို ကျင့်ကြံ ကြိုးစားအားထုတ်ပိုင်ခွင့်ရှိသည်။အဓိကအချက်မှာ တမင်ဘဖိုလ် ရရှိရေးကိုသာ ဖြစ်သည်။

"တန္တရဗုဒ္ဓသာသနာ"ဆိုသည်မှာ ဂန္ဓာရီဝိဇ္ဇာ အတတ်နှင့် စပ်ယှက်လျက်ရှိသော ဗုဒ္ဓဘာသာ ဖြစ်သည်။ တန္တရ-ဟူသော စကားမှာ ဂန္ဓာရီဝိဇ္ဇာနှင့် လောကီယဝိဇ္ဇာ အတတ်မျိုးတို့ကို ခေါ်ဝေါ်သော စကားဖြစ်သည်။ ထွက်ရပ်ပေါက် ပြီးမှသာ အရိမေတ္တယျမြတ်စွာဘုရားကို ဖူးကြရမည်ဟုသော တွေးခေါ်မှုမျိုးကိုပါ သွတ်သွင်းကာ သာသနာကို သာသနာ သက်သက်မဟုတ်ပဲလျက် ဂန္ဓာရီဝိဇ္ဇာနှင့် ရောထွေးထားခြင်း ဖြစ်သည်။ နတ်၊ နဂါးစသည်တို့ကို ကိုးကွယ်သည်လည်း ရှိ၏။ အင်းအိုင်စသော ဂန္ဓာရီအတတ်ကိုအသုံးပြု၏။ တန်ခိုးသိဒ္ဓိနှင့် ဘာသာရေးကို ရောသားတည်း၊ တပြားတည်းဖြစ်အောင် ပြုလုပ်ထားကြသည်။

တန္တရဗုဒ္ဓသာသနာ၏ အယူဝါဒထဲ၌ ကိလေသာခေါင်းပါးမှသာ နိဗ္ဗာန်ရောက်နိုင်မည်။ ကိလေသာ၏ အာသာ ရမ္မက်ကို ခေါင်းပါးသွားစေရန် အစွမ်းကုန် အီသွား ဝသွားအောင် ခံစားခွင့်ပေးလိုက်ပါက အာသာပြေရုံသာမက နောက်မခံစားချင်အောင် ကိလေသာများကို ငြီးငွေ့ပြီး ခေါင်းပါးသွားမည်ဟူ၍ ယူဆကြသည်။

ထိုသို့(မူ)အားဖြင့် ဆိုပါလျှင် ကိလေသာ ခေါင်းပါး သွားစေရန် ကာမဂုဏ်ကို ခံစားရမည်သာဖြစ်၏။ ခံစားလိုက်မှသာ

စိတ်နည်းသွားနိုင်မည်၊ ထို့ကြောင့် ကိလေသာကာမစိတ်နည်းပါး ကြောင်း အားထုတ်နေသော ဘုန်းကြီးအား မြန်မြန် နိဗ္ဗာန် ရောက်စေလိုသောကြောင့် ၎င်းတို့၏ဒါယိကာ-ဒါယိကာမတို့က ပါရမီကို ကူညီဖြည့်ပေးသည့် အနေဖြင့် မိမိတို့၏ သမီးပျိုများကို ပန်းဦးစေလွှတ်ခြင့် ကျောင်းသို့ပို့ပေးကြသော အယူဝါဒမျိုး ထိလည်းရှိ၏။ ဤဝါဒမျိုးကား ထေရဝါဒဗုဒ္ဓသာသနာအရ မှားသော အယူဝါဒဟု မုချဆိုအပ်၏။

သည်နေရာတွင် အလျဉ်းသင့်၍ ပူရိသလိင် ရုပ်တုကိုးကွယ် ရေး အယူဝါဒ (Phallic Worship) အကြောင်းကို သဘောပေါက်ရုံမျှ တင်ပြလိုသည်။

## ဘာသာရေးနှင့် လိင်ပြဿနာ

ဘာသာရေးတိုင်းတွင် လိင် ပြဿနာများကို အနည်းနှင့် အများ ထည့်သွင်းထားကြ၏။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာမှာပင် "ကာမေသုမိစ္ဆာ"ကံကို ထိန်းဖို့ အလေးအနက်ညွှန်ပြထားသည် မဟုတ်လော။ နိဗ္ဗာန်ဆိုသည်ကပင် ကာမတဏှာ ကင်းဝေး ရာဟု အဓိပ္ပာယ် ဖွင့်ဆိုကြသေးသည် မဟုတ်လော။

လျှို့ဝှက်နက်နဲသော အရာများ၊ အရေးပါ အရာရောက်သော အရာများ အားလုံးတို့သည် ဘာသာရေးနှင့် သက်ဆိုင်သော ပြဿနာများဖြစ်ခဲ့သည်။

စိုက်ပျိုးရေးများနှင့် မြက်ခင်းများတွင် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများကို လူများ စတင်ပြုလုပ်ခဲ့သော အချိန်က သီးနှံ အထွက်နည်းခြင်း၊ ကြက်ငှက်တိရစ္ဆာန်များ အပွားနည်းခြင်း၊

မိန်းမများ သားခမွှ နည်းခြင်းတို့သည် အဓိကအကျဆုံးနှင့် အရေးအကြီးဆုံး ရင်ဆိုင်ရသော ပြဿနာဖြစ်သည်။

သီးနှံများ အခါခပ်သိမ်း ထွက်နှုန်းမကောင်းခဲ့။ ထို့အတူ မေထုန်မှီဝဲတိုင်းလည်း ကိုယ်ဝန်ဆောင်ခြင်း မရှိတတ်ချေ။

ထိုအခါ လူများ၏ လိုအင်ဆန္ဒများ ပြည့်ဝစေရန်အတွက် ဘာသာရေးနှင့် ဝိဇ္ဇာအတတ်များ၊မှော်အတတ်များကို အားကိုး အားထား ပြုလာခဲ့ကြသည်။

ရှေးက မိဘများသည် သားသမီးမွေးဖွားရေးကို ပြင်းပြစွာ လိုလားကြသည်။ ထိုပြင်းပြသော ဆန္ဒပြည့်ဝရေး အတွက် ဘာသာရေးအမည်ခံ ပွဲလမ်းသဘင်များ၊ မှော်အတတ်ဆိုင်ရာ ပွဲလမ်းသဘင်များ အမြဲ ကျင်းပလေ့ရှိခဲ့ကြသည်။

ရှေးခေတ် အီဂျစ်ပြည်တွင် ဘာသာရေး၌ လိင်နှင့်ပတ်သက်သော အစိတ်အပိုင်းအနေဖြင့် ပူရိသလိင်ရုပ်ဟု ကိုးကွယ်ရေး အယူဝါဒသည် ပထမဦးဆုံး ကိုးကွယ်သည့် အယူဝါဒမဟုတ်၊ ပထမဦးဆုံး ကိုးကွယ်ခဲ့သည်ကား ဣတ္ထိယောန ( Female Geaitalia ) ရုပ်တုကိုးကွယ်ခဲ့ကြသည်။

ထိုရုပ်တုပုံပန်းသဏ္ဍာန်သည် ကြွေစေ့နှင့် ခပ်ဆင်ဆင်တူသည် ဖြစ်၍ ကြွေစေ့တွင် မှော်အတတ်များ ကိန်းအောင်းသည်ဆိုပြီး ၎င်းကြွေစေ့ကိုပင် ငွေခကြေးအဖြစ် အသုံးပြုခဲ့ကြ သေးသည်။

ထိုအဆင့် ကွယ်ပျောက် သွားခဲ့ပြီးနောက် အီဂျစ်ပြည်တွင် ပူရိသလိင် ရုပ်တုကိုးကွယ်ရေး အယူဝါဒ လွှမ်းမိုးခဲ့ပြန်သည်။

---

သည်အကြောင်းနှင့်ပတ်သက်၍ ဘရစ်ဖော့လ်ထ် ရေးသားသော 'ယဉ်ကျေးမှုနှင့်လိင်ပြဿနာ' (Sex in Civilization) စာအုပ်တွင် ဤသို့ ဖော်ပြထားး၏။

အယ်လ်ဂျီးရီးယားပြည်ရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူလယ်သမားတို့သည် သူတို့၏ အမျိုးသမီးများကကာမစိတ်ခေတ်တက်ကြွ လှုပ်ရှားမှုကို ငြင်းကွယ်ခြင်း၊ ချုပ်ချယ်ခြင်းပြုလျှင် စိတ်ဆိုးတတ်ကြသည်။အကြောင်းမှာလိင်ဆိုင်ရာ လူ့ကျင့်ဝတ်ကို စောင့်ထိန်းရန် ကြိုးစား အားထုတ်ခြင်းသည် စိုက်ပျိုးရေးလုပ်ငန်း၏ သီးထွက်အောင်မြင်ရေးကို အနှောင့်အယှက် ပြုသည်။ ပျက်စီးစေသည်ဟု ယူဆသောကြောင့် ဖြစ်သည်။

အေသင်နယ်သားများ၏ သက်(စ်)မိုဖိုရီးယားခေါ် ကောက်စိုက် ထမင်းစားပွဲများကို ကျင်းပကြသည်။ မြေဩဇာထက်သန်ကောင်းမွန်ရေး၊ဝိဇ္ဇာအတတ်ပညာ၏ မူလ လက္ခဏာထက် အယူသည်းမှုတွင် ပို၍ ထိန်းသိမ်းထားသည်။ အမျိုးသမီးများသည် ပုရိသလိင်ရုပ်တုများကို ကိုင်ဆောင်ကာ ညစ်ညမ်းသောစကားအသုံးအနှုန်းများကိုရွတ်ဆိုကြသည်။

ရောမလူမျိုးတို့ကဆေတန်နာလီးယား(Saternalia)ခေါ် ကောက်စိုက်ချိန် ထမင်းစားပွဲများ ကျင်းပ၏။ထိုအလေ့အထကို ဥရောပတိုက်တောင်ပိုင်း တိုင်းပြည်များတွင် ကာနီဗယ်(လ်) (Carnival)ဟူ၍ ထမင်းစားပွဲများ ကျင်းပကြ၏။ ထိုထမင်းစားပွဲများတွင်လည်း ပုရိသလိင်ရုပ်တုများကို အသုံးပြုကြသည်။

## နေ့လကိုးကွယ်သူများ

လကို ကိုးကွယ်ရေးအယူဝါဒနှင့် နေ့ကို ကိုးကွယ်ရေး အယူဝါဒများ ဖြစ်ပေါ်လာသေးသည်။

လကို ကိုးကွယ်ရေး ဘုန်းကြီးများနှင့် နေကို ကိုးကွယ်သည့် ဘုန်းကြီးများ အကြီးအကျယ် ပြဿနာ ဖြစ်ခဲ့ဖူးသည်။ လ ပြက္ခဒိန်နှင့် နေပြက္ခဒိန်တွေ ဖြစ်ပေါ်ခဲ့သည်။ ပြက္ခဒိန်သည် အခါခပ်သိမ်း ဘာသာရေးတွင် ကြီးမားသောအခန်းက ပါဝင်ခဲ့သည်။

အင်္ဂလန်ပြည်တွင် ၁၈-ရာစု နှစ် အထိ တိုင် အောင် လည်းကောင်း၊ ရုရှားပြည်တွင် ၁၉၁၇- ခုနှစ် တော်လှန်ရေး ကြီး တိုင်အောင်လည်းကောင်း၊ ထိုပြက္ခဒိန်များ အသုံး ပြုခဲ့သည်။ ထိုသို့ မတိကျမှန်း သိလျက်နှင့် အသုံးပြုခဲ့ကြခြင်းမှာ လကို ကိုးကွယ်သည့် ဘုန်းကြီးများက နေရာအနှံ့အပြားတွင် လပြက္ခဒိန်ကို အသုံးပြုရန် ဆော်သြခြင်းကြောင့် ဖြစ်သည်။ တခါက အီဂျစ်ပြည်တွင် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်၌ သည်ပြဿနာ ပါရှိခဲ့သည်။

'လ' ဆိုသော စကားလုံးနှင့် ပတ်သက်၍ သဒ္ဒါကျမ်းတွင် မည်သည့်လိင်၌သွတ်သွင်းသင့်သည်ဆိုသောအငြင်းအခုံနှင့်လည်း ဆက်စပ်နေသည်။

ဂျာမန်တို့သည် ယခုတိုင်အောင် လကို ပုလ္လိင်အဖြစ် အသုံး ပြုနေကြသည်။ ခရစ်ယာန်သာသနာတွင် နေကိုးကွယ်မှုနှင့် လ ကိုးကွယ်မှုတို့၏ အရိပ်အရောင်များ ထင်ကျန်ရစ်ခဲ့သည်။

---

အဘယ်ကြောင့်ဆိုသော်ခရစ်တော်မွေးသောနေ့သည်အီကွေတာအရပ်မှ(နေ)အဝေးဆုံး အရပ်တခုဖြစ်သော ဒက္ခိဏာယဉ်စွန်းတန်းသို့ ဆိုက်ရောက်နေချိန်ဖြစ်ပြီးလျှင် ရှင်ပြန်သော နေ့သည် မတ်လ ၂၁-ရက်နေ့ အလွန်တွင် ကျရောက်သော လပြည့်နေ့ (Paschal Full Moon) ဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်။

နေကို ကိုးကွယ်သူများ အောင်ပွဲခံနိုင်ခြင်းမှာ နေကို ကိုးကွယ်သည့် အရပ်ဒေသတိုင်းတွင် သီးနှံ ထွက်နှုန်းသည် လကိုးကွယ်သည့် အရပ်ဒေသထက် များပြားနေ၍ အောင်မြင်နေခြင်းဟု ဆိုနိုင်သည်။

သီးနှံထွက်ရေးတွင် နေကသာ၍ စွမ်းဆောင်နိုင်သည် ဆိုသည့်အချက်ကို ဆေတန်နာလီးယား ခေါ် ကောက် စိုက် ချိန်သည် နွေအကုန် မိုးအကူးတွင် ပြုလုပ်ခြင်းက သက်သေခံနေသည်။

ရှေးက လူရိုင်းတို့၏ ဘာသာရေးတွင် ပုရိသ လိင်ရုပ်တုကိုးကွယ်ရေးဝါဒ အလွန်လွှမ်းမိုးခဲ့သည်။ပရိတက်(စ်)တင့် အယူဝါဒများ ထွန်းကားလာသော အခါကျမှ ထိုအယူဝါဒများ ပျောက်ကွယ်တန်သလောက် ပျောက်ကွယ်သွားကြသည်။

ဖလင်းဒါး(စ်)နှင့် ပြင်သစ်ပြည်တို့တွင် ဂရိ(စ်)အရက်ဘုရားကို ပူဇော်ပသရာတွင် ပုရိသလိင်တုကို ကိုင်ဆောင်သည့် အယူဝါဒကို ကိုးကွယ်သည့် သူတော်စင် အမြောက်အမြားရှိခဲ့သည်။

အင်(မ်)ဘရန်အရပ်ရှိ သင်္ချိုင်းဂူကို ဟူဂွိနော့(တ်)များက ဖျက်ဆီးပစ်သောအခါ သူတော်စင်၏ ကိုယ်စား ရုပ်တုဖြစ်သော ပုရိသလိင်ရုပ်တုတခုကို အပျက်အစီးများကြားမှ ရရှိခဲ့ကြသည်။

ထိုရုပ်တုမှာ ထိုသူတော်စင်အား ကိုးကွယ်သူများက ပသကြသော အရက်များကြောင့် နီကြန်ကြန်အရောင်ပင် ထင်ကျန်နေသည်။သူ့အား ကိုးကွယ်သူများသည် ပသသောအရက်ကို ရုပ်တုပေါ်သို့ လောင်းချလေ့ရှိသည်။ ပြီးနောက် ပြန်လည်စီးဆင်းလာသော အရက်များကို ပန်းသေရောဂါနှင့် အမြုံရောဂါများကို ကုစား ပျောက်ကင်းစေနိုင်သည်ဟု ယုံကြည်ချက်ဖြင့် သောက်သုံးကြခြင်း ဖြစ်သည်။

## လမင်းကြီးရဲ့ မယား

မာအိုရီ ပြည်နယ်တွင် "လမင်းကြီးသည် အားလုံးသော မိန်းကလေးများ၏ ထာဝရလင် သို့မဟုတ် အစစ်အမှန်လင် ဖြစ်သည်။ ယောကျ်ားနှင့် မိန်းမတို့၏ ထိမ်းမြားခြင်းသည် ကြီးကျယ်သော အရေးကိစ္စမဟုတ်။ အကြောင်းကား လမင်းကြီးသာလျှင် တကယ့်လင်ဖြစ်သောကြောင့်တည်း"ဟု ယုံကြည်ခဲ့သည်။ အလားတူသည့် အယူအဆမျိုး နိုင်ငံ တော်တော်များများတွင် တချိန်က ရှိခဲ့ဖူးသည်။

မြင့်မြတ်သော ပြည့်တန်ဆာစနစ် (Sacred Prostitution)သည် ရှေးက အတော်ကျယ်ပြန့်စွာ ခေတ်စားခဲ့ဖူးသည်။ အချို့သော အရပ်ဒေသတို့တွင် သာမန် အမျိုးသမီးများသည် ဘုရားရှိခိုးကျောင်းတခုသို့သွားရောက်၍ ထိုကျောင်းတွင်ရှိသော ဘုန်းကြီးနှင့်ဖြစ်စေ၊ ရှောင်တခင် ရောက်ရှိလာသည့် သူစိမ်းတဦးနှင့်ဖြစ်စေ ကာမ ကျူးလွန်ကြ၏။ ထို ဓလေ့ထုံးစံများ ပေါ်ပေါက်လာရခြင်းသည် ဘုရားသခင်၏ အလိုတော်အရ

မိန်းမများသည် မြေသြဇာ ထက်သန်ကောင်းမွန်ရမည်။ (သား သမီး များစွာမွေးရမည်)ဆိုသောအချက်ကိုခိုင်မာစေရန်အတွက် လည်းကောင်း၊ မျှော်ပညာအလိုအရ သီးနှံအထွက်ကောင်းစေရန် အတွက်လည်းကောင်း ဖြစ်သည်ဟု ဆိုရမည်။

## လိင်ပြဿနာ ပိတ်ပင်ခြင်း

ထိုသို့ မယဉ်ကျေးသော ဆန့်ကျင်ဘက် အတွေးများမှ ဖယ် ရှား၍ ဘာသာရေးဖြင့် လိင်ပြဿနာကို ပိတ်ပင်လာပြန်သည်။

ဗြာရာဝါသ အိမ်ထောင်မှုကို လုံးဝ ပစ်ပယ်ရန် အတွက် ဘုန်းကြီးများနှင့် ဘိက္ခုနီများက အမိန့်ထုတ်သာသည်။ ဂျူး လူမျိုးများအနက် အက်ဆီးန်(စ်) အုပ်စုသည် လိင်စပ်ယှက်မှု မှန်သမျှကို ညစ်ညမ်းသည်ဟု ယုံကြည်ယူဆသည်။

ရောမ အင်ပါယာအတွင်းကမူ အထူး ခြိုးခြံကျင့်ကြံမှု အယူ ဝါဒဘက်သို့ တိမ်းညွှတ်ခဲ့သည်။

ဂရိ(စ်)နှင့် ရောမလူမျိုး တောင်သူ လယ်သမား များတွင် ပျော်ပါးခြင်းသည် အမြင့်မြတ်ဆုံး ကျင့်ကြံမှုဖြစ်သည် ဆိုသော အယူအဆ (Epicureanism)သည် ကွယ် ပျောက် လု ခမန်း ဖြစ်ပြီး လူ့ကျင့်ဝတ်များကို စောင့်ထိန်းခြင်း၊ တဏှာရမက်ကို နှိမ်နင်းခြိုးခြံခြင်း၊ ပျော်ပါးမှုများကို ရှောင်ရှားခြင်း စသည့် အယူဝါဒ(Stoicism)အစားထိုး ဝင်ရောက်လာခဲ့သည်။

ပါးရှားပြည်၌ ယုံကြည်ကြသည့် လိင်ပြဿနာသည် မကောင်းဆိုးဝါးဖြစ်သည်ဆိုသော အယူဝါဒသည် အနောက်သို့

ပျံ့နှံ့ခဲ့သည်။ ထိုဝါဒနှင့်အတူ လိင်စပ်ယှက်မှုမှန်သမျှ ညစ်ညမ်းသည်ဟူသော အယူအဆ ဖြစ်ပေါ်လာသည်။

လူမျိုးတိုင်း၏ ဓမ္မကျမ်းစာအုပ်တိုင်း၊ လိုလိုမှာပင် ကာမပိုင်တဦးဦးကိုပြစ်မှားခြင်း (Adultery)ကို တားမြစ်ထားသည်။ ကာမပိုင်တဦးဦးအား ပြစ်မှားခြင်း ဆိုရာ၌ လင်ရှိမယားကို ပြစ်မှားခြင်းကို ဆိုလိုသည်။

ခရစ်ယန် အသင်းတော်သည် ရှေးချိုးသည့် အလေ့အထကို တိုက်ခိုက်ခဲ့သည်။ သူတို့၏ အကြောင်းပြချက်မှာ ကိုယ်ခန္ဓာကြီးအား ဆွဲဆောင်မှုရှိအောင် ပြုလုပ်သည့် ပြုမူချက်မှန်သမျှသည် ဒုစရိုက်ဘက်သို့ တိမ်းညွှတ်စေသည်ဟူ၍ ဖြစ်သည်။ ညစ်ပတ်ပေရေခြင်းကို ချီးကျူးကြကုန်သည်။ ထိုမွန်မြတ်ခြင်း၏ အနံ့အသက် သန့်ရှင်းမှုသည် ပို၍ ပို၍ စူးစူးဝါးဝါး နံစော်လာခဲ့သည်။ ကိုယ်ခန္ဓာနှင့် အဝတ်အစားများ သန့်ရှင်းမှုသည် ဝိညာဉ်၏ ညစ်ပတ်မှုဖြစ်သည်ဟု စိန့်ပေါလ်က မိန့်ဆိုခဲ့၏။ ကိုယ်ခန္ဓာပေါ် ဆက်တွယ်နေကြသော သန်းများကို ဘုရားသခင်၏ ပုလဲလုံးများဟူ၍ပင် ခေါ်ဆိုခဲ့သည်။ ထိုသန်းများ ကိုယ်ပေါ်၌ ရှိနေခြင်းသည် မြင့်မြတ်သော ပုဂ္ဂိုလ်များ၏ မရှိမဖြစ်သော အထိမ်းအမှတ်ဖြစ်သည် ဆို၏။

ရသေ့ စိန့်ဘ်အက်ဘရာဟင်(မ်)သည် ခရစ်ယန်ဘာသာသို့ အယူဝါဒ လွှဲပြောင်း လက်ခံပြီးနောက် နှစ်ပေါင်း ငါးဆယ်တိုင်တိုင် သိတင်းသုံးနေထိုင်ခဲ့သည်။

သူသည် ခရစ်ယန်အယူဝါဒကို ပြောင်းလဲ လက်ခံသည့်နေ့မှစ၍ သူ၏မျက်နှာကိုသော်လည်းကောင်း၊ သူ၏ခြေများကိုသော်

လည်းကောင်း ဆေးကြောသုတ်သင်ရန်ပင် အကြောက်အကန်ငြင်းပယ်ခဲ့သူ ဖြစ်သည်။

"သူ့မျက်နှာတွင် သူ့ဝိညာဉ်၏ သန့်ရှင်းမွန်မြတ်မှုသည် ရောင်ပြန်ဟပ်နေသည်" ဟူ၍ပင် ဂုဏ်ပြုဖွဲ့ထားသေးသည်။

စိန့်ထိအာမန်းသည် သူ့ကိုယ်သူ ကိုယ်လုံးတီး ချွတ်၍ပင် မကြည့်ရှုဘူးချေ။

အလွန်ကျော်ကြားသည် ဆလ်ဗီးယားအမည်ရှိ အပျိုစင်တဦးသည် အသက်ခြောက်ဆယ်ရှိပြီဖြစ်၏။ သူမ၏အလေ့အကျင့်များ ပြင်းထန်မှုကြောင့် ကိုယ်ခန္ဓာ၌ ရောဂါဝေဒနာများကို ခံစားနေရသူဖြစ်သည်။

သူမသည် ဘာသာရေးအခြေခံမှုကို တိတိကျကျ လိုက်နာသည့် သဘောဖြင့် သူမ၏ လက်ချောင်းကလေးများမှလွဲ၍ သူမကိုယ်ခန္ဓာ၏ ကျန်မည်သည့် အစိတ်အပိုင်းကိုမျှ ဆေးကြောခြင်းမပြုပဲ ခါးခါးသီးသီးငြင်းပယ်ခဲ့သည်။

စိန့်ထ်ယူဖရာ့စစ်(ခ်)သည် ခြေလက်များကိုမည်သည့်အခါမျှ ဆေးကြောခြင်းမရှိသည့်အပြင် ရေချိုးသည် ဆိုသောစကားကို ကြားရုံမျှဖြင့်တုန်လှုပ်ချောက်ချားသောသီလရှင်အပါး (၁၃၀) ရှိသည့် ကျောင်းတကျောင်းသို့ သွားရောက် ပေါင်းစည်းကာ သီတင်းသုံး နေထိုင်ခဲ့သည်။

## လူလော သရဲလော

တနေ့သောအခါ ရသေ့တပါးသည် သဲကန္တာရ အတွင်း၌ သူ့ရှေ့မှဖြတ်သွားသော ကိုယ်လုံးတီးနှင့် မဲမဲသတ္တဝါတယောက်ကို တွေ့မြင်ခဲ့သည်။ ထို သတ္တဝါသည် ဖုံအလိမ်းလိမ်း ပေကျံ

နေ၏။ရောသီဥတုဒဏ်နှင့် နေလောင်ထားသည့် အရောင်အဆင်း သာရှိသည်။ သူ၏ ဖြူဖော့်နေသော ဆံပင်များမှာလည်း လေထဲတွင် ပြန့်လွင့်နေ၏။ ထိုရသေ့ကြီးသည် သူမြင်တွေ့ရသော သတ္တဝါကြီးကိုကြည့်ပြီး သရဲချောက်ခံရသည်ဟု ထင်မြင်ယူဆ ခဲ့ဖူးလေသည်။

## လှဝင့်ကြွေး

တခါက ချောမောလှပသောအီဂျစ်ပြည်၏ စိန့်ထ်မေရီခေါ် သည့် အမျိုးသမီးတဦးရှိခဲ့သည်။ သူမ၏ ရုပ်အဆင်းချောမော လှပခြင်းတည်းဟူသောပြစ်မှုကြောင့် သူမသည် နှစ်ပေါင်းလေး ဆယ့်ခုနစ်နှစ် တိုင်တိုင် သူမ၏ ချောမောသော ပြစ်မှုများ အတွက် ကျင့်ကြံအားထုတ်ခဲ့ရသည်။

ဘုန်းကြီးများ ရေမချိုးသဖြင့် အနံ့ဆိုး ထွက်နေ လွန်း၍ တခါတရံ ဆေးကြော သုတ်သင်မှု ပြုလုပ်လျှင် ထိုပြုမှုချက်ကို များစွာရှုတ်ချပြစ်တင်ကြသည်။

ဘုန်းတော်ကြီး အလစ်(က်စ်)ဇင်းဒါးသည် ရှေးခေတ်ကို ဝမ်းနည်းပူဆွေးစွာ မြော်တွေးလျက် "ကျွန်ုပ်တို့၏ ဘုရားသခင် များသည်သူတို့၏မျက်နှာများကိုပင် ဆေးကြော သုတ်သင်ခြင်း မပြုလုပ်ခဲ့ကြပေ။သို့သော် ကျွန်ုပ်တို့မှာကား ပြည်သူ့ ရေချိုး ခန်းများဆီသို့ မကြာခဏသွားရောက်ရေချိုးကြသည်"ဟု မိန့်ဆို ခဲ့ဖူးသည်။

---

စပယ်ဦးစာပေ

## ဆုတောင်း၍ ဖြစ်လာသောချောင်း

သဲကန္တာရအတွင်းရှိ ဘုရားရှိခိုးကျောင်း တခုတွင် သောက်ရေ မရမှုကြောင့် ကြီးစွာသောဝေဒနာကို ခံစားရသော အဖြစ်အပျက်တခုနှင့် ပတ်သက်၍ ဘုန်းတော်ကြီး သီအိုဒိုးဇီးအပ်(စ်)က ဆုတောင်းလိုက်ရာ အတုအယောင် ချောင်းတချောင်း စီးဆင်းလာသည်။

သို့သော် အချို့သော ဘုန်းကြီးများက ရေများ အလျှံပယ် စီးဆင်းလာခြင်းကို တွေ့မြင်ရသောအခါ ချင်ချင်းတပ်လာ၏။ အလျင်က ကျင့်ကြံခဲ့သော ပညတ်ချက်များကို စွန့်ခွာဖယ်ရှားပစ်ကြသည်။

ဘုန်းတော်ကြီးများ ရေချိုးကန်တည်ဆောက်ကြ၍ ချောင်းကြီးမှရေကို အသုံးပြုရန် ပူဆာခဲ့ကြသည်။ နောက်ဆုံး ရေချိုးကန်ကို တည်ဆောက်ခွင့် ရကြသည်။

ဘုန်းကြီးများသည် ပထမ အကြိမ်နှင့် နောက်ဆုံး အကြိမ်အဖြစ် ဆေးကြောသုတ်သင်မှုများကို ပြုလုပ်ခဲ့ကြသည်။ ဆက်၍ကား မလုပ်ရတော့ချေ။ အကြောင်းမှာ ထိုချောင်းမှ ရေများသည် ဆက်လက်၍ စီးဆင်းခြင်းမပြုတော့ပဲ ရုတ်ချည်းခန်းခြောက်သွားသောကြောင့် ဖြစ်သည်။

သည်တွင် ဆုတောင်းပတ္ထနာများ ပြုကြ၏။ ငိုကြွေးမြည်တမ်းကြ၏။ ဥပုသ် သီတင်းများ စောင့်ထိန်း ကြသည်။ သို့သော် ချောင်းသည် ခန်းခြောက်မြဲ ခန်းခြောက်လျက်သာတည်း။

အချိန်ကာလ တနှစ်တာမျှ ကြာညောင်းသာသည်။

---

စပယ်ဦးစာပေ

နောက်ဆုံး၌ ဘုန်းတော်ကြီးသည် ရေချိုးကန်ကို ဖျက်ဆီး ပစ်လိုက်သည်။ ယင်းသို့ ဖျက်ဆီး ပစ်ရခြင်းသည် ရေချိုးကန်ကို ဘုရားသခင်က မနှစ်မြို့သောကြောင့်ဖြစ်သည်။

ထိုသို့ ဖျက်ဆီးပစ်လိုက်သည်နှင့် တပြိုင်နက် လတ်ဆတ်သန့် ရှင်းသောရေများသည် တဟုန်ထိုးပြန်လည်စီးဆင်းလာလေသည် ဟု ဒဗလျူ-အီး-အိပ်ချ် လတ်ကီးရေးသော "ဥရောပတိုက် ကိုယ်ကျင့်တရားသမိုင်း" စာအုပ် အတွဲ ၂၊ စာမျက်နှာ ၁၁၇ တွင် ဖော်ပြထားကြောင်း ဘာထရန် ရပ်ဆယ်(လ်)၏ "အိမ်ထောင်မှုနှင့် လူ့ကျင့်ဝတ်" စာအုပ်တွင် ကိုးကားထည့်သွင်းပြထားသည်။

## နှမလက်လျှော့ နေလေတော့

စိန့်(ထ်)ရဟန်းများတွင် နောက်ဆုံး စိန့်(ထ်)ဖြစ်သော စိန့်(ထ်)ဂျာရမ်းသည်" အိမ်ထောင်ရေးတည်းဟူသော သစ်တောကို ကာမဂုဏ်အာရုံ ရှောင်ရှားရေး တည်းဟူသော ပုဆိန်ဖြင့် ခုတ်ထွင် ရှင်းလင်းပစ်ရမည်" ဟု မိန့်ဆိုခဲ့သည်။'

စိန့်(ထ်)နီးလတ်(စ်)သည် အထူးခြိုးခြံ ကျင့်ကြံရေး အယူဝါဒကို သက်ဝင် ယုံကြည်လာသည့်အချိန်တွင် သူ့၌သားသမီး နှစ်ယောက်ရရှိပြီးသောအချိန်ဖြစ်၏။ သူ၏မယားအား ခွင့်လွှတ်ရန် နားချသည်။ ထိုလင်မယား ကွာရှင်းခွင့်ကို ဇနီးဖြစ်သူက မျက်ရည်ခံထိုး၍ တားမြစ်ယင်း အချိန်ဆွဲခဲ့သည်။ သို့သော် မရ၊ နောက်ဆုံးခွင့်ပြုလိုက်ရသည်။

စိန့်(ထ်)အားမန်းသည် လက်ထပ်သော ညဉ့်ပင် သတို့သမီးအား သွားရောက် နှုတ်ဆက်ရာ၌ အိမ်ထောင်ရေး၏ ဒုစရိုက်မှု

များကို တရားဟောလေသည်။ နှစ်ဦးစလုံးပင် သဘောပေါက် ဆန္ဒတူညီစွာဖြင့် ဆုံးဖြတ်လိုက်ကြသည်။ သူတို့သည် ချက်ချင်းပင် ကွာရှင်းပစ်လိုက်ကြသည်။

စိန့်(ထ်)အယ်လက်စစ်သည် ဒက္ခာရီတခု၏ အဆိုအရ အလားတူပင် ရှောင်ရှားထွက်ပြေးခဲ့သည်ဟုဆို၏။ သို့သော် နှစ်ပေါင်းများစွာကြာသောအခါ ဂျေရုစလင်မြို့မှ သူ၏ ဖခင်နေအိမ်သို့ ပြန်လာခဲ့သည်။

သူ့ဖခင်နေအိမ်၌ သူ့ဇနီးသည်မှာ သူမအပေါ် လင်တော်မောင်က ပစ်ပြေးခြင်းအတွက် ငိုကြွေး ပူဆွေးနေဆဲပင် ရှိသေးသည်။

သူသည် ဖခင်ကြီးအား အသနားခံသဖြင့် အလှူဒါနပြုလုပ်သည့်အနေဖြင့် သူ့ ဖခင်က သူ့အား နေထိုင်ခွင့်ပြုလိုက်သည်။ သို့သော် လူအများ၏ ရှုံ့ရှာမုန်းတီးခြင်း၊ အသိအမှတ် မပြုခြင်းကို ခံခဲ့ရသည်။ သူသည် ပြန်ရောက်သည့် အချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်သည့်အချိန်တိုင်အောင် ထိုအိမ်မှာပင် နေထိုင်သွားလေလည်။

## တလင် တမယား စနစ်

ကက်သလစ်ဂိုဏ်း၏ ဆုံးမသြဝါဒများတွင် အခြေခံနှစ်ရပ်ရှိ၏။ တခုသောအခြေခံမှာ စိန့်(ထ်) ပေါ (လ်)၏ အယူအဆတွင် တွေ့ရသော အထူးမြိုးခြံ ကျင့်ကြံမှုကို အခြေခံထားခြင်းဖြစ်သည်။ နောက်တခုမှာ ဝိညာဉ်တိုင်းသည် ကယ်တင်ခြင်းကို ခံယူနိုင်သည်ဖြစ်၍ ကမ္ဘာကြီးထဲသို့ တတ်နိုင်သမျှ ဝိညာဉ်အရေ

အတွက်များကို ပွားများခြင်းသည် ကောင်းမြတ်သည် ဟူ၍ ဖြစ်သည်။

ကက်သလစ်ဂိုဏ်းက 'အိမ်ထောင်မှုသည် ဘာသာရေးပွဲလမ်း သဘင်တခု ဖြစ်သည် ဆိုသော အယူဝါဒ၏ လက်တွေ့ထိရောက်မှုမှာ အိမ်ထောင်ရေးတွင် ပျက်ပြယ်ကွာရှင်းခြင်း မရှိစေရ ဟူသော သဘောထား၌ တည်ရှိနေခဲ့သည်။ ဤအယူဝါဒအလိုအရ အိမ်ထောင်ဘက်များသည် ဘာကိုပဲလုပ်နေသည်ဖြစ်စေ အရေးမကြီးပေ။ အိမ်ထောင်ဘက် တယောက်ယောက်သည် ရူးသွပ်နေသည်ဖြစ်စေ၊ ကူးစက်တတ်သော ဆစ်ဖလစ်ရောဂါ ကပ်ငြိခံစားနေရသည်ဖြစ်စေ၊ မူးမူးရူးရူးသောက်စားနေသော အကျင့်ဆိုးပင်ရှိစေ၊ အခြားသော အပေါင်းအဖော် တယောက်နှင့် ပြောင်ပြောင်ကြီး ပျော်ပါးနေထိုင်သည် ဖြစ်စေ၊ ၎င်း တို့၏ ဆက်ဆံရေးသည် မြင့်မြတ်လျော်ကန်လျက်ပင် ဆက်လက်တည်ရှိနေသေးသည်' အကြောင်း တစုံတရာ အားဖြင့် လင်မယား ပြတ်စဲကွာရှင်းခွင့်ရရှိစေကာမူ နောက်တဖန် ထပ်မံ၍ အိမ်ထောင်ပြုခြင်းကိုကား ခွင့်မပြုနိုင်ပေ။ ထိုသို့နေရ၍ ဒုက္ခဆင်းရဲအပေါင်းကို ခံစားနေရမည် ဖြစ်သော်လည်း ဆိုဆင်းရဲ ဒုက္ခ များသည် ဘုရားသခင်၏အလိုတော်အရဖြစ်၍ ကျိတ်မှိတ်သည်းခံနေရမည်' ဟု ဆိုသည်။

## အပျို လူပျိုတို့၏ လိင်ကိစ္စ

ပရိုတက် (စ်)တင့်များ၏အမြင်က တမျိုးတဖုံ ဖြစ်၏။

"လူသားတို့သည် စိတ်၏ဆင်းရဲပူဆွေးခြင်းထက် အိမ်ထောင်ပြုသည်က ပို၍ လျော်ကန်သင့်မြတ်သည်" ဟူသောမူကို ချထား

သည်။ လူသားတဦးသည် သီလရှင်တပါးနှင့် ချစ်ကြိုက်နေသည်။ သူသည် တသက်တာ အိမ်ထောင်မပြုစတမ်း သစ္စာပြုထားသော်လည်း သီလရှင်အား အိမ်ထောင်ပြုရန် သူ့၌ အခွင့်အရေးရှိသည်။

သူ၏ခန္ဓာကိုယ်၌ တပ်မက်မောမှု၏ အင်အားများ အပ်နှင်းထားခြင်းဖြစ်၍ ထိုကဲ့သို့ အိမ်ထောင်မပြုလျှင် သူ့အဖို့ သေရမလောက် ဆိုးဝါးသော ဒုစရိုက်ပြစ်မှု ကျူးလွန်သကဲ့သို့ဖြစ်ချိမ့်မည်ဟူ၍ ဟောတော်ခဲ့သည်။

သည်နည်းဖြင့် ကက်သလစ်တို့၏ တသက် အိမ်တောင်မပြုစတမ်းနေရေးကို တော်လှန်ခဲ့သည်။

သူတို့သည် ပတ်ဝန်းကျင် အခြေအနေများအရ လင်မယားကွာရှင်းမှုကိုပင် သည်းခံ ခွင့်ပြုခဲ့ကြသည်။ အပျိုလူပျို သဘောတူကာမစပ်ယှက်မှုကိစ္စနှင့် ပတ်သက်၍မူ ကက်သလစ်ဂိုဏ်းဝင်များထက်ပို၍ပင် ခံယူချက် ပြင်းထန်ကြသည်။ ကြောက်ရွံ့ထိတ်လန့်ကြသည်။

သည်မျှဆိုလျှင် ဘာသာရေးနှင့်လိင်ပြဿနာ ခန့်မှန်းနိုင်လောက်ပြီ ထင်ပါသည်။ စင်စစ် လောကီသိဒ္ဓိ၊ ဝိဇ္ဇာကျင့်စဉ်များနှင့် ဗုဒ္ဓသာသနာအရေးမှာ မတူညီသော်လည်း အယူဝါဒရေးရာ၌ ဆက်စပ်နေရကား သိသင့်သိထိုက်အပ်သော အချက်အလက်များကို မိတ်ဆက်ဖော်ပြပေးလိုက်ခြင်းဖြစ်သည်။

ဆက်လက်၍ ထင်ရှားအောင် ဝိပဿနာနှင့် လမ်းခွဲပုံကို အကျဉ်းမျှ ဖော်ပြပါဦးမည်။

---

စပယ်ဦးစာပေ

## မရောထွေးနှင့်

မြန်မာပြည်တွင် ဝိဇ္ဇာပညာရပ်သည် ဘာသာအယူဝါဒ တရားတော်နှင့် ဆက်ဖပ်ထားသည်ကို တွေ့ရသည်။

ဂိုဏ်းဝင်လိုက်သည်နှင့် ကံဘယ်နှစ်ပါးထိန်းသည်၊ သက်သတ်လွတ် ဘယ်နှစ်လစားသည်။ ပုတီး ဘယ်နှစ်ပတ် စိပ်သည်ကို အဓိကထား၏။

ဂိုဏ်းဝင်ဖြစ်၍ ထွက်ရပ်ပေါက်နိုင်သည်။ အသက်ရှည်ပြီး ဝိပဿနာတရား ပွားများနိုင်သည်။ နောက်ဆုံး သည်ဘဒ္ဒကမ္ဘာ မှာပွင့်မည့် အရိမေတ္တယျဘုရားရှင်အား ဖူးတွေ့ပြီး ကျွတ်တမ်းဝင်နိုင်သည်ဟု အစွဲသန်ကြ၏။ ဂိုဏ်းမာနတွေ ထားတတ်ကြ၏။ ဝိပဿနာ အားထုတ်သူများကလည်း အခြားဆရာများထက် အစွမ်းထက်သည်။ဝိဇ္ဇာ နတ်သိကြားများထက်ပင် အစွမ်းထက်၍ ပူဇော်ပသရသည်ဟု မာန်မာနတွေ တက်နေတတ်ကြသည်။

ဝမ်းနည်းစရာ ကောင်းလှချေ၏။

စင်စစ် ဘာသာအယူဝါဒနှင့် ဝိပဿနာသည် တူမယောင်ယောင်နှင့် ကွဲပြားချေ၏။

သို့သော် ဝိဇ္ဇာပညာ လိုက်စားသူတို့က မိမိတို့အယူဝါဒအရ လက်ခံထားသော ဘုရားများ၊ ရဟန္တာများ၊ ကောင်းကင်တမန်များကို မိမိတို့ တန်ခိုးကြီးရာ ကြီးကြောင်းအတွက် ဝိဇ္ဇာပညာ ရပ်ထဲ၌ ထည့်ပြီး သုံးခဲ့ကြသည်။

---

စာယ်ဦးစာပေ

ဥပမာ ရှင်သီဝလိပုံတော်ကို ထုထား ကိုးကွယ်သူများအဖို့ လာဘ်လာဘ ရှင်လန်းစေနိုင်သည်။ ခန္ဓသုတ်၌ပါသောဂါထာများကို အင်းအဖြစ် ပြုပြင်စီရင်ထားလျှင် မြွေကို နိုင်နင်းစေနိုင်သည် စသည့် အတွေးအခေါ် အစီအရင်တို့သည် ဝိဇ္ဇာပညာတွင် ဘာသာအယူဝါဒ တရားများ ပါဝင်နေကြောင်း အထောက်အထားဖြစ်သည်။

ဘာသာတိုင်း၌ သူ့ခံယူချက်နှင့်သူ တမျိုးစီရှိကြ၏။ သည်အချက်ကို သဘောပေါက်စေရန် အလုံးစုံသော အမြင်ဖြင့် အထက်ကအချက်များကိုတင်ပြလိုက်ခြင်း ဖြစ်သည်။

စင်စစ် ဗုဒ္ဓက "လူသည် အစိန္တေယျ၊ ကြံစည် အပ်၏။ အပ္ပမေယျ၊ဆောင်ရွက်ထိုက်သည်။ ငါဘုရား၏အတတ်ကိုသော်မှ ကြံစည်ပြုကျင့်နိုင်သည်" ဟုဆို၍ လူတိုင်း ဘုရားဆုပန်နိုင်ပုံထိလည်းကောင်း၊ ကြိုးစားက ဘုရားဖြစ်နိုင်သည်ဟူသော စကားအရလည်းကောင်း သဘောပေါက်သင့်ပါသတည်း။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် အပါယ်လေးဖြာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေရန် အလို့ငှာ ဗုဒ္ဓကို မြတ်သောကိုးကွယ်ရာဟူ၍ သက်ဝင်ယုံကြည် ဆည်းကပ်ကြ၏။

ယင်းသို့ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်၍ ဗုဒ္ဓတရားတော်၌ လာသည့်အတိုင်း ဘာဝနာအကျင့်တို့ကို ကျင့်သုံးလျှင် လုံ့လဝီရိယ ဇွဲရှိသည်။ ဉာဏ်ပါရမီ ရှိသည်နှင့်အမျှ အဆင့်ဆင့်သော မဂ်တရား၊ ဖိုလ်တရားတို့ကို ကိုယ်တိုင်မျက်မှောက်ဘဝ၌ပင် ရနိုင် သိမြင် နိုင်ပေသည်။

---

ဝိဇ္ဇာပညာဆိုသည်မှာ ဤသို့မဟုတ်၊ အခမ်းအနားနှင့် တကူကန်တော့ပွဲများ ပြင်ဆင်ရခြင်း၊ ဂါထာမန္တာန်၊ အင်း အိုင် စသည်တို့ဖြင့် သက်ဆိုင်ရာ ဂိုဏ်းစောင့်နတ် စသည် တို့အား ဆင့်ခေါ် စေခိုင်းနိုင်ခြင်း၊ လာစေခြင်း၊ တောင်းပန်ခြင်းနှင့် ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်တို့အား ပန်ကြားခြင်း၊မှ ပါစေကြောင်း တိုင်တည်ရခြင်း စသည်တို့ ပါဝင်နေသောကြောင့် ဘာသာ အယူဝါဒနှင့် တူသလိုလိုရှိနေခြင်းဖြစ်သည်။

သို့သော် ကိုးကွယ်ဆည်းကပ်နည်းမှာ မတူကြောင်း နောင် အလျဉ်းသင့်လျှင် ထပ်မံ ရှင်းပြဦးမည်။

## ပညာသာ ပဓာန

လောကတွင် အရေးအကြီးဆုံး အရာသုံးပါးရှိ၏။ ၎င်းတို့က သီလ၊ သမာဓိ၊ ပညာတို့ဖြစ်သည်။

သီလသည် ခြေနှင့်တူ၏။ သမာဓိသည် ကိုယ်နှင့်တူ၏။ ပညာကား ဦးခေါင်းနှင့် တူလေသည်။

ခြေရှိမှ ကိုယ်ခန္ဓာရပ်တည်နိုင်သည်။ ကိုယ်ခန္ဓာရှိမှ ဦးခေါင်း တည် နေ နိုင် သည်။ ဦး ခေါင်း ရှိ မှ လည်း ကိုယ် ထည် သည် လည်းကောင်း၊ ခြေထောက်သည်လည်းကောင်း မပျက်မစီးတည် နိုင်သည်။ အသုံးချနိုင်သည်။ အလုံးစုံသော ကိစ္စကို ပြီးစီးစေနိုင် သည်။

ဦးခေါင်းသည် ခြေနှင့် ကိုယ်ခန္ဓာပေါ်တွင် တည်လျက် အထွတ်အမြတ်ဖြစ်၏။ ဦးခေါင်းသည် အလုံးစုံသော ခြေ၊ ကိုယ်

လက်တို့ဖြစ်ခြင်းအကြောင်း၊ မပျောက် မပျက် ကြာမြင့်စွာ တည်စေရန် အလုံးစုံသောကိစ္စ ပြီးစီးစေရန် ဖန်တီးနိုင်စွမ်း ရှိသည်။

ထို့အတူ ပညာသည်သာလျှင် သီလကိုဖြစ်စေတတ်၏။ ပညာသည်သာလျှင် သမာဓိကို ဖြစ်စေတတ်၏။ ပညာသည်သာလျှင်

---

ဓိတို့၏ မပျောက်မပျက် ကြာရှည်စွာ တည်ရာ
းဖြစ်ချေသည်။

ခေါင်းတွဲကြီး ပြေးသွားလျှင် အလယ်တွဲ၊ နောက်
ို့လိုလိုက်ပါရသကဲ့သို့ ပညာရှေ့သွားလျှင် သီလ၊
း အလိုလိုလိုက်ပါရသည်။

သည် ပညာဖြင့်သာ အကျိုးအပြစ်ကို ဝေခွဲ သိမြင်
လသိက္ခာပုဒ်ကို ထိန်းသိမ်းဆောက်တည်နိုင်သည်။
ျိုးအပြစ်ကို ရှုမြော်သိမြင်၍သာလျှင် သမာဓိကို
်၏။

ဏ်ပညာ ဝိဇ္ဇာအလင်းဖြင့် အဝိဇ္ဇာအမိုက်မှောင်
က်လျက် အရှက်အကြောက် ဖြစ်စေကာ အကျင့်
ိန်းပြီး သီလကိုဖြစ်စေ၏။ ပညာဖြင့် ငြိမ်သက်
သမာဓိကိုဖြစ်စေ၏။ ထိုသမာဓိက တဖန်ပညာကို
သန့်ရှင်းအောင် ဖြစ်စေပြန်သည်။

ပညာရှိသောသူမှသာလျှင် သီလ ရှိနိုင်သည်။
ရှိနိုင်သည်။ ပညာမဲ့သောသူသည် သီလမရှိနိုင်၊
မရှိနိုင်။

---



သီလ၊ သမာဓိ
အကြောင်းကြီး

မီးရထားေ
ဆုံးတွဲတို့ အလို
သမာဓိတို့လည်

တစုံတဦးသ
နိုင်သည်။ သီ
ပညာဖြင့် အက
ပွားများစေနိုင်

ထိုအခါ ဉ
ကို ပယ်ဖျောက
သိက္ခာစောင့်ထိ
တည်ကြည်စွာ
ကြီးထွားဖြူစင်

ထို့ကြောင့်
သမာဓိလည်း
သမာဓိလည်း

ဗုဒ္ဓက "ဘိက္ခဝေ၊ရဟန်းတို့။ကုသလာနံဓမ္မာနံ၊ကုသိုလ်တရားတို့၏။ သမာပတ္တိယာ၊ ပေါ်ဖြစ်လာခြင်း၌။ ဝိဇ္ဇာစခေါ၊ သိခြင်းဟူသော ဉာဏ်ပညာဝိဇ္ဇာသည်သာလျှင်။ ပုဗ္ဗင်္ဂမာ၊ ခေါင်းတည်ရှေ့သွားတည်း"ဟု မိန့်မြွက်ခဲ့သည်။

"ဘိက္ခဝေ၊ ရဟန်းတို့။ လောကသ္မိံ၊ လောက၌။ ပညာဟိ၊ ပညာသည်သာလျှင်။ သေဋ္ဌာ၊ အမြတ်ဆုံးပေတည်း" ဟူသော ဗုဒ္ဓ၏ဩဝါဒကို မြဲစွာ မှတ်ထားသင့်သည်။

## အခန်း ( ၉ )

## မြန်မာပြည်သို့ ဝိဇ္ဇာပညာများ ရောက်လာပုံ

မြန်မာစာဟူ၍မရှိမီက သရေခေတ္တရာ သုမုန္ဒရီမင်း ဖြိုကြွင်းသော သက္ကရာဇ် ၁၆-ခုနှစ်၊ သုပညာနာဂရဆိန္ဒ မင်းလက်ထက်၌ ပျူ၊ ကမ်းယံ၊ မြန်မာ သုံးစု ကွဲပြားသည်။ ပျူတစု၊ကမ်းယံတစု၊ မြန်မာတစု ဖြစ်ပေသတည်း....ဟု မဟာရာဇဝင်တော်ကြီး ပထမတွဲ၌ ရေးသားထားချက်အရ မြန်မာဟူသောစကားကို ပထမဦးစွာ သုံးသားသည်။

မြန်မာတို့အရေးအသားအက္ခရာမပေါ်မီအခါက တကောင်းပြည် တည်သော နေရာဌာနတွင် သသ်ကရိုက် ဘာသာဖြင့် ရေးသားထားသောစာမှာ အိန္ဒိယပြည်မြောက်ပိုင်း၌ ခရစ်သက္ကရာဇ် ၉၀၀ခန့်က အသုံးပြုသော အက္ခရာမျိုးဖြစ်သည်။ ဝင်ရောက်

လာသော လူမျိုးတို့မှာ မိမိတို့သုံးစွဲရင်း စာပေအက္ခရာများကို မြန်မာပြည်၌ သုံးစွဲကြသည်မှာ ထင်ရှားသည်။

ပြည် စီရင်စု မှော်ဇာရွာအနီး မောင်းကန်ရွာ၌ တူးဖော်တွေ့ရှိသော ရွှေပြားပေါ်တွင် ရေးသားထားသည့် ကမ္ပည်းစာမှာ ရှေးအကျဆုံးဟု ခေါ်ဆိုထိုက်သည်။ ၎င်းကမ္ပည်းစာကို ပါဠိဘာသာဖြင့် ရေးသားထား၏။ ရွှေပြားပါ စာများမှာ အိန္ဒိယနိုင်ငံရှိ 'ကဒမ္ဗ' အက္ခရာများဖြစ်သည်ဟု ယူဆထားကြသည်။ မဇ္ဈိမတိုင်း၊ စန္ဒရမ္ဘ မင်းလက်ထက်သုံး အက္ခရာများဟူ၍ ရေးသားထား၏။ အာသန်၊ မဏိပူရ၊ ရခိုင်မှ ကုန်းကြောင်းခရီးဖြင့် ပုဂံ ပြည်သို့ ရောက်အောင် ယူဆောင်ခဲ့ကြသော အက္ခရာများဖြစ်သည်။

ပုဂံပြည်သို့ အက္ခရာများ လမ်းနှစ်သွယ်ဖြင့် ရောက်ရှိလာခဲ့ရာ တလမ်းကား သထုံပြည်မှဖြစ်သည်။ ၎င်းမှ အက္ခရာသည် မွန်အက္ခရာဖြစ်၏။ ထိုအက္ခရာများကို ခမ္ပပါလမင်းအုပ်စိုးသော ခေတ်၌တွေ့သည်ဟု ယူဆရ၏။ ထိုကမ္ပည်းစာများမှာ ကောဇာသက္ကရာဇ် ၄၄၆-ခုနှစ် မတိုင်မီက ရေးထိုးခဲ့သည်ဟု ဆို၏။

မြန်မာစကားကို အက္ခရာစတင်သော ကာလမှာ (၁၁)ရာစုနှစ်လောက်ကဟု ဆိုရမည်။

မြန်မာစကားကို အက္ခရာဖြင့် စတင်ရေးသားသော ကာလက မြန်မာတို့ ရေးသားကြသော ဗျည်းအက္ခရာတို့သည် ယခုလို (၃၃)လုံး အရေအတွက်မရှိသေးပဲ (က၊ခ၊င၊စ၊ဆ၊ည၊တ၊ထ၊န၊ ပ၊ ဖ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ အ) ဟူသော ၁၉ လုံးသော ဗျည်းအက္ခရာများသာရှိသေး၏။ နောက်မှ မဂဓ၊သက္ကဋဘာသာ

နှစ်ရပ်စလုံးတို့၌ သုံးသော (ဂ၊ ဃ၊ ဇ၊ ဈ၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဒ၊ ဓ၊ ဗ၊ ဘ၊ ဏ၊ ဠ)ဟူသော ဗျည်းအက္ခရာ (၁၄) လုံးကို ရောနှော အသုံးပြုလာကြောင်း ပညာရှိတို့ အဆိုပြုကြသည်။

ရှေးအကျဆုံးသော မြန်မာအရေးအသားကို ပုဂံ ကျောက်စာ၌ဖတ်ရ၏၊ သက္ကရာဇ် ၄၂၀-ပြည့်နှစ်ထိုး ပုဂံမြို့ လက်သည်းရှည်ဘုရားကျောက်စာနှင့် သက္ကရာဇ် ၄၄၆-ခု နှစ်ထိုးမြစေတီ ကျောက်စာသည် ရှေးအကျဆုံး ကျောက်စာများဖြစ်၏။

ခရစ်သက္ကရာဇ် ၁၁၁၂-ခုနှစ်လောက် ရေးထိုးသော အထက်ပါ မြစေတီကျောက်စာ၌ မြန်မာအပြင် ပျူပါဠိဘာသာ တို့ကို တွေ့ရ၏။ ပျူဘာသာဟု ခေါ်ဆိုသောစာများကို ဘောဘောကြီးဘုရား၊ ရွှေဘိုနယ် ဟံလင်းကြီး ဒေသများမှ တူးဖော်တွေ့ရှိခဲ့ရ၏။ သရေခေတ္တရာ မြို့ဟောင်းဖြစ်သော မှော်ဇာရွာ အနီး ဘုရားကြီး၏ တောင်ဘက်ဒေသများမှ တူးဖော် တွေ့ရှိခဲ့ရ၏။ ပျူဘာသာသည် ပုဂံ ခေတ်၌ပင် တိမ်ကောသွားခဲ့လေပြီ။

ပါဠိသည် မဇ္ဈိမဒေသ၌ နှစ်ပေါင်း ၅၀၀-လောက်က ထင်ရှားသော ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်သုံးပုံကို ရေးသော ဘာသာဖြစ်သည်။ မြန်မာစာ အရေးအသားသည် ရှေးကျသော ပါဠိ မွန်ဘာသာတို့မှ ကောင်းနိုးရာရာတို့ကို ခံယူကာ တဖြည်းဖြည်း တိုးတက်လာကြောင်း သိရ၏။

ပါဠိဘာသာ အရေးအသားများသည် တကောင်း အဘိရာဇာ နှင့် တပါတည်း ပါလာခဲ့သည်ဟု ယူဆရန် ရှိသည်။ ဓဇရာဇာ ဝင်ရောက်ခဲ့စဉ်က ဗုဒ္ဓသာသနာနှင့် တကွ ပါဠိများပါ ယူဆောင် ခဲ့သည်မှာ သေချာ၏။

---

စပယ်ဦးစာပေ

မြန်မာ့ဝိဇ္ဇာပညာကို စာနှင့် ပေနှင့် ပြဆိုသော ကျမ်းများ အနက် 'ကပ္ပလက်ာရ'ကျမ်းသည် သာသနာသက္ကရာဇ် ၆၂၉-ခုနှစ်၌ ပြုစုသောကျမ်းဟု မှတ်တမ်းတင်ခဲ့သည်။ အဟောင်းဆုံးကျမ်းဟုဆိုရမည်။ ၎င်းကို သရေခေတ္တရာ၏ နောက်ဆုံးမင်းဆက် သုပညာနဂရဆိန္နမင်း၏အမတ်ကြီး 'ရာဇသင်္ချာ'ကိုးကွယ်သော 'ဥတ္တမသီရိ'အမည်ရှိ မထေရ်က မှတ်တမ်းတင်ထားခဲ့၏။

ဥတ္တမသီရိမထေရ်က 'ဒိဗ္ဗစက္ခု ရသေ့ဂူ' ဟူ၍ ပြောစမှတ်ပြုသော ဂူဟောင်းထဲမှရသည့် ကြေးပရပိုက်မှာ သင်ပရပိုက်သို့တင်၍မပြီးမီ ထိုကြေးပရပိုက်သည် ကွယ်လေ၏ဟု အဆိုပြုထားသည်။ သင်ပရပိုက်သို့ တင်လိုက်မိသော အက္ခရာအစဉ်ကို ဥတ္တမသီရိမထေရ်က မဂဓဘာသာဖြင့် ပေထက်သို့ တင်ခဲ့လေသော ကျမ်းဖြစ်သောကြောင့် ကပ္ပလက်ာရကျမ်းကို 'ဥတ္တမသီရိကျမ်း' ဟုလည်း ခေါ်သည်။

ကပ္ပလက်ာရ ကျမ်းရင်း၏ ကျမ်းသက်မှာ ၁၃၂၉-ခုနှစ်၌ ၁၀၀၂-နှစ် ရှိလေပြီ။

၎င်းကျမ်းသည် နှစ်ပေါင်း ၁၁၀၀ ကျော် တိမ်မြုပ်ပျောက်ကွယ်ခဲ့ပြီးနောက် ကောဇာသက္ကရာဇ် ၁၁၂၂ ခုနှစ်၌ နန်းတက်သော ဒုတိယစစ်ကိုင်းမြို့တည်မင်း ကိုးကွယ်သည့် ပကာရလောပ (မ) တလုံးကြေ တောင်တွင်း ဆရာတော် ခင်ကြီးဖျော်အား ဘောင်ငူမြို့မှ 'သျှင်ဝရသာမိမထေရ်'က ထိုကျမ်းစာကို လာကပ်၏။ ဆရာတော်က သုတ်သင်ရှင်းလင်း၍ ပါဠိမှ မြန်မာဘာသာသို့ အနက် ဖွင့်ခဲ့သည်မှာ ယခုတိုင် နှစ်ပေါင်း ၂၀၀ ကျော်ခဲ့ချေပြီ။

---

ကောဇာသက္ကရာဇ် ၁၁၇၄ ခုနှစ်၊ဘိုးတော်ဘုရားလက်ထက်၌ မတ္တရာမြို့၌ သီတင်းသုံးတော်မူသော 'သျှင်သဒ္ဓမ္မနန္ဒမထေရ်'က သျှင်ဥတ္တမသီရိမထေရ်၏ စီရင်ရင်းစွဲဖြစ်သော မဂဓတို့ကို ရှစ်လုံးဘွဲ့ဂါထာဖြင့် စီရင်လျက် 'စမ မေဟ်စီရင်နည်း' စသည်တို့ကို ဖြည့်စွက်ခဲ့သည်မှအစ ကပ္ပလက်ာရကျမ်းကို လူသိများခဲ့သည်။

"အင်္ဂဒိုဟ၊ မီးဖြင့်တိုက်၍ -ဝါ- မီးပူဇော်၍ ဘသ္မံအကျွမ်း ပြာကို၊ ဘုဥ္စေ လျက်မျိုရာ၏" ဟူ၍လည်းကောင်း။

"အင်းပါရုံးစု၊ ပြာမှုန့်ပြု၍၊ ထောင်းထုပေထ၊ လျက်မျိုရသည်"ဟူ၍လည်းကောင်း။ တနေရာ၌....

"ပွဲပသ၍၊ ဆရာကျေးဇူး၊ အထူးတင်ရန်၊ ဖိုးများတန်နှင့်၊ သုံးရန်ရွှေငွေ၊ တင်စေကိုယ်ကျိုး" ဟူ၍လည်းကောင်း ဆိုထား၏။

အင်းကို ပြာချ၍သောက်ခြင်း၊ ဝိဇ္ဇာပညာရရန် ကန်တော့ပွဲ၌ ရွှေငွေတင်ပြီး ပသရခြင်းမျိုးကို အိန္ဒိယဝိဇ္ဇာပညာ၌ မတွေ့ရချေ။

ဝိဇ္ဇာပညာသည် ရတနာသုံးပါးမဟုတ်၊ ဝိဇ္ဇာပညာသာလျှင် ဖြစ်၏။ ပညာရပ်ကို တကယ် သဘောပေါက် တတ်သိလျှင် အကောင်းကိုအဆိုး၊ အဆိုးကိုအကောင်း၊ အဖြူကိုအမဲ၊ အမဲကို အဖြူ အပြန်အလှန် ဝါယာ အစွန်းနှစ်ဖက်ထက်သော သိဒ္ဓိနှင့် ပြည့်စုံနိုင်သည်သာ ဖြစ်၏။

ရတနာသုံးပါး မြဲသော်လည်း ဝိဇ္ဇာပညာကို သဘောမပေါက်၊ တတ်သိခြင်းမရှိပါက ဝိဇ္ဇာပညာ၏ ထက်မြက်ခြင်းနှင့်

မပြည့်စုံနိုင်။ ထို့ကြောင့် ဝိဇ္ဇာပညာကား တမျိုး၊ အယူဝါဒ ဘာသာကား တမျိုးဖြစ်ကြောင်း သဘောပေါက်ရန် အထပ်ထပ် ဆိုနေခြင်းဖြစ်သည်။

## အထက်လမ်း နှင့် အောက်လမ်း

ဝိဇ္ဇာပညာကို သူတော်ကောင်းဖြစ်စေ၊ သူယုတ်မာဖြစ်စေ၊ တတ်သိနားလည်အောင် ကြိုးစားသူမှန်လျှင် လက်ဝယ်ရပိုင်ခွင့် ရှိသည်။

ရတနာသုံးပါးလည်းမြဲလျက် သီလ သမာဓိနှင့်ပြည့်စုံသူထဲမှ ဝိဇ္ဇာပညာကိုလိုက်စားပြီး သတ္တဝါများကောင်းကျိုးကို ရှေ့ရှုသူများကို 'အထက်လမ်းဆရာ' ဟုခေါ်၏။ ဆန့်ကျင်ဘက်အားဖြင့် ဝိဇ္ဇာပညာကို လိုက်စားလျှင် ရတနာသုံးပါးကို ဘေးချိတ်ကာ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားသူကို 'အောက်လမ်းဆရာ' ဟု ခေါ်သည်။

ဤသို့အားဖြင့် ဝိဇ္ဇာပညာ ခံယူသူ နှစ်မျိုး နှစ်စား ရှိရာ မသမာသူများလက်ထဲသို့ ဝိဇ္ဇာပညာ အစစ်အမှန်များ ရောက်သွားခြင်းဖြင့် လောကကြီး ပျက်စီး ဆိတ်သုဉ်းဖွယ်ရာ ရှိ၏။ (မသမာသူများ ပေါများလာသည်နှင့်အမျှ လောကကြီးပျက်စီး လာမည်မှာ မလွဲဟုမှတ်)။

နက်ရှိုင်း၍အစွမ်းထက်သော ဝိဇ္ဇာပညာများဖြင့် သူတပါးကို ဒုက္ခမပေးနိုင်အောင် သံသရာကို ရှုလို၍ ဝိဇ္ဇာပညာကို ပေးဝေဖြန့်ချီရာတွင် လျှို့ဝှက်ချက်များ ထားခဲ့ခြင်းဖြစ်သည်။

---

စပယ်ဦးစာပေ

ဝိဇ္ဇာပညာကို လိုက်စားသူ ဖြစ်စေ၊ မလိုက်စားသူ ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်တယောက်မှန်လျှင် ဒါန၊ သီလ၊ ဘာဝနာ စခန်းများကို အားထုတ်ရန် တာဝန်ရှိသည်။

ဝိဇ္ဇာဂိုဏ်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ကံငါးပါးကို ထိန်းလျှင် ကုသိုလ်ဖြစ်၍ မထိန်းပဲ ကျူးလွန်လျှင် အကုသိုလ်ဖြစ်မှာ မုချပင်။

ထို့ကြောင့် ကံထိန်းမှု၊ သက်သတ်လွတ်စားမှု၊ ပုတီးစိပ်မှုတို့ကို ဂိုဏ်း၏ စည်းမျဉ်းအဖြစ် သတ်မှတ်ထားပါက ကျင့်သုံးသူများ ကုသိုလ်ပွားကြမည်မှာ သေချာသည်။ သို့သော် ကံထိန်းရုံ၊ သက်သတ်လွတ်စားရုံ၊ ပုတီးစိပ်ရုံမျှနှင့် ဝိဇ္ဇာ ပညာ၏ သိဒ္ဓိ စခန်းများ ပြီးမြောက်လာမည် ဆိုသည့် အယူအဆမျိုးမှာ မဟုတ်နိုင်။

သို့သော် သည်ခေတ်ထဲမှာ ဝိဇ္ဇာသိဒ္ဓိ ပေါက်မြောက်အောင်မြင်သူတို့ကား ရှိချေ၏။ ပုဂံခေတ်ကလည်း ရှင်အဇ္ဇဂေါဏ၏ မြန်မာ့ဝိဇ္ဇာပညာသည် ထင်ရှားရှိခဲ့သည်။ ဘားမဲ့ဆရာတော်နှင့် ပထမံ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် အစရှိသော ဝိဇ္ဇာဓိုရ်များသည်လည်း တဖက်ကမ်းခတ် တတ်မြောက်ခဲ့ကြသည်။

ယခု အစစ်အမှန်တို့ကား ရှားနေပြီ။ သတိထား ဆင်ခြင်ဆက်ဆံလေ။

# အခန်း ( ၁၀ )

## အင်းအိုင်အဖွင့်

'အင်းအိုင်ဆိုသည်မှာ' အလိုရှိအပ်သော အာနိသင် ထွက်ပေါ်လာစေရန် သမာဓိခိုင်မြဲစွာနှင့် ဓာတ်ခံဓာတ်အုပ်၊ မိတ်ရန်စသည်တို့ကိုဆင်ခြင်၍ အက္ခရာဝဏ္ဏ ဗျည်း၊ သရဘည်းဟူသော စမအက္ခရာနှင့် ဂြိုဟ်ဆင်ဂြိုဟ်ကွက်စသော ဂဏန်းတို့ကို အကွက်ပြု၍လည်းကောင်း၊ အဆင့်ဆင့်ပြု၍လည်းကောင်း စီရင်ခြင်းကို အင်းအိုင်ပညာဟု ခေါ်သည်။

'အင်း'ဆိုသည်မှာ အကွက်ထဲ၌ အက္ခရာများ ထည့်ခြင်းဖြစ်သည်။

'အိုင်'ဆိုသည်မှာ အကွက်ထဲ၌ ဂဏန်းများ ထည့်ခြင်းဖြစ်သည်။

---

အင်းထဲ၌ သွတ်သွင်းရန် အင်းဆံအဖြစ် သုံးရမည့် မြန်မာ့အက္ခရာစစ်စစ်များကို ခရစ်တော်ပွင့်ပြီးသောအေဒီနှစ် ၁၁၀၀ ထက်စောပြီး မတွေ့ရဟုဆိုသည်။

'တံဆိပ်'ဆိုသည်မှာ သက်ဆိုင်ရာပုဂ္ဂိုလ်၏ အမှတ်အသားပင်ဖြစ်သည်။ ကွန်ပါကိုက်ဖြစ်သော လေးထောင့်၊ သုံးထောင့် တြိဂံ-စတုဂံ အကွက်များနှင့် အင်းအိုင်တံဆိပ်စသော ပညာရပ်များ၏ မူလဘူတသည်ကဘာလာ (CABBALA) အမည်ရှိသော ပညာရပ်မှ ဆင်းသက်သည်ဟု ယုံကြည်ဖွယ်ရှိသည်။

ထိုပညာရပ်သည်ဟီးဘရူးပရောဟိတ်(Hebrew Prophet) မိုးဇက် (Moses) ၏ လက်ဝယ်သို့ ခရစ်တော်မပွင့်မီနှစ်ပေါင်း ဘီစီ ၂၅၁၅ ခုနှစ်၌ ရောက်ရှိကြောင်း မှတ်တမ်းတင်ထားကြသည်။မည်သို့ပင် ပေါင်းပေါင်း (၁၅)ချည်း အဖြေထွက်သော ယနေ့မြန်မာတို့ သုံးစွဲနေသည့် (စမ္ဗာ၊ နဝင်း၊ ဇာလင်း၊ သတ္တာ၊ ပဋ္ဌ၊ တြိ၊ ဆ၊ ကေ၊ အဌ) ဟူသော ရထားသွား (၃) ကွက်အင်းများမှာ ထိုစဉ်အချိန်ကတည်းက ၎င်းတို့ထံ၌ ထွန်းကားနေပြီဖြစ်ကြောင်း အထောက်အထားများရှိသည်။

အင်းပညာသည် မြန်မာက အစပြုခြင်းမဟုတ်။

ကဘာလာပညာ၌ပါသော စမ္ဗာနဝင်းအင်းမှာ ရောမဂဏန်းနှင့်ပြ၍ မြန်မာတို့အင်း၌ မြန်မာဂဏန်းနှင့် ချကြသည်။ ဂဏန်းပုံစံဆွဲ ကွဲလွဲသည်မှ အပ အားလုံး အထားအသိုနှင့် သဘောသဘာဝတ္တအနေအားဖြင့် ထပ်တူပင်ရှိနေသည်။

စမ္ဗာနဝအင်းသာမဟုတ်၊ ဂုရုအင်း၊ ဘောမအင်း၊ အစရှိသောဂြိုဟ်(၇)လုံး အင်းတို့သည်လည်း ကဘာလာပညာမှဆင်း

သက်သောအစိတ်အပိုင်းပင်၊ ခေတ်ရိုက်ခေတ်ဆင်ဟု ဆိုအပ်သော "စနေ၊ အင်္ဂါဆန်းသောနေ့၌ သစ်ပင်၏အရှေ့သို့ သွားသော အမြစ်ကို ဆန်ပန်းပေါက်ပေါက် ပက်ယူပါလေ"ဟု ညွှန်ကြား သည့် စတိပြုသော ပညာရပ်တို့သည်လည်း ကဘာလာ ပညာ၌ တပါး ပါဝင်၏။

မူလ ကဘာလာပညာ၌ အက္ခရာ (၂၂)လုံး ဂဏန်း (၉)လုံး (သုညပါ)ပါဝင်ကြသည်။ အဆိုပါအက္ခရာများ၌လည်းကောင်း ဂဏန်းများ၌လည်းကောင်း မည်သို့သောအာနိသင်များ၊ ဟိတ် တန်ခိုးသတ္တိများ မူလအားဖြင့် ကိန်းဝပ်လျက် တည်ရှိကြသည်။

စကြဝဠာ၌ ပြောင်းကာ ရွှေကာ ပိတ်လိုက် လင်းလိုက် တည်ရှိသော နက္ခတ်များနှင့်လည်းကောင်း၊ ဂြိုဟ်တာရာများနှင့် လည်းကောင်း မည်သို့မည်ပုံပေါင်းဆက်စပ်နေကြသည်။ ကောင်း ကင်၌သူ့သဘာဝနှင့်သူလှည့်လည်သွားလာနေကြသောနေလအစ ရှိသည့်ဂြိုဟ်ကြီး(၇)လုံးတို့ (Gravitation) ဆွဲငင်ခြင်းတန်ခိုး နှင့် (Ethereal Current of the Constellation)ခေတ် အရှိန်အဝါတို့ကဂုဏ်းတို့၏ရောင်ခြည် အောက်တွင် ရပ်တည်နေကြ သောသက်ရှိ(၇)နေ့သားသမီးနှင့်သတ္တဝါတို့အားလည်းကောင်း သက်မဲ့ဒီရေအတက်အကျစသည် တို့အားလည်းကောင်း၊ မည်သို့ မည်ပုံ အပြန်အလှန်အားဖြင့် ရောင်ပြန်ဟပ်ကြသည်။ တနည်းဆို သော် ပညတ်သွားရာခေတ်သက်ပါသည့်ကဏ္ဍဖို့ခေတ်၊ မိတ်ရန်၊ ဆွဲအား၊ ကန်အား၊ အခံခေတ်၊ အတိုက်ခေတ်၊ အပေါ်ခေတ် စသည်အားဖြင့် ခေတ်ခိုက်သရုပ်များခွဲခြား၍ သာမန်မျက်စိ ဖြင့် မမြင်စွမ်းနိုင်သောတုန်ခါမှု (Vibrations) များ၊ လျှပ်စစ်

လှိုင်းများ အေစီ၊ ဒီစီနှင့်မခြား စွမ်းပကားကြီးမားသည်။ ဤ
အဖြစ်များကို သဘာဝယုတ္တိနှင့်တကွ တင်ပြ သင်ကြားထားပေ
သည်။

အတိုချုပ်းလိုက်လျှင် အင်းအိုင်တံဆိပ် မန္တာန် ဓာတ်ရိုက်၊
ဓာတ်ဆင်တို့ ပါဝင်သော (ကဘလာ) အမည်ရှိသည့် ပညာရပ်
ဆိုသည်မှာ စကြဝဠာ၌ တည်ရှိလျက် လှည့်လည်နေကြကုန်
သော ဂြိုဟ်နက္ခတ်တို့၏ ဟိတ်တန်ခိုးများနှင့် လူသားတို့၏ဟိတ်
တန်ခိုး နှစ်မျိုးတို့ကို ဆုံစည်းစပ်ဟပ်စေလျက် သမာဓိခိုင်မြဲစွာ
ဖြင့် အလိုရှိအပ်သော ကောင်းကျိုး ဆိုးကျိုး အာနိသင်များ
ထွက်ပေါ်လာအောင် ဆွဲငင်စီမံ ဖန်တီးပေးသော ပညာဟု
ဆိုရမည်။

ပညာပိုင်းဆိုင်ရာ အစီအရင်တို့ကို ပြုလုပ်ရာတွင် တကယ်
တတ်သိ နားလည်သူဖြစ်ပါက ဗုဒ္ဓဘာသာဝင်များမှ မဟုတ်၊
မည်သည့်ဘာသာ သာသနာဝင်ဖြစ်စေ၊ စီရင်နည်းမှန်လျှင်
အစွမ်းထက်ရမည်သာ ဖြစ်သည်။

ကဘလာအမည်ရှိသော ပညာသည် ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊
လောကီဝိဇ္ဇာ သုံးမျိုးတို့နှင့် သက်ဆိုင်သည်။

## ပါရမီလို၏

ထွက်ရပ်ပေါက်စခန်းထိ တာဝန်ယူသောကပ္ပသက်ာရကျမ်း
စာမျက်နှာ (၆၇) အပိုဒ် (၈)၌ "ငါ့နည်းတုအောင်၊ ဉာဏ်ဖြင့်
ဆောင်မှ၊ သုံးဆောင်ယူမှတ်၊ ပိဋကတ်နှင့်၊ လေးရပ်ဗေဒင်၊

---
စပယ်ဦးစာပေ

နှစ်ပြင်ဖွေရာ၊ လေးလုံးစာကို၊ ဝိန္တာဉာဏ၊ ကောက်၍ရသား၊ အင်းသွား တတ်သိ၊ ပညာရှိတို့”ဟု ဆိုထား၏။

ဗုဒ္ဓသာသနာနည်းအရ ပိဋကတ်၌ အကျုံးဝင်သော ဗျည်း (၃၃)လုံး သရ(၈)လုံး နှစ်မျိုးပေါင်း ဝဏ္ဏ (၄၁) လုံးတို့ကို သက်ဆိုင်ရာနက္ခတ်နှင့်တွက်ယူရသော ရေမြေလေမီး စမ္မလေး လုံးတို့ကို ကောက်ယူစပ်ဟပ်ပြီးလျှင် အင်း၏ အကျိုးအာနိသင် များထွက်အောင် အစွမ်းထက်ရန် ကြံစည် ထားကြကုန်၏။ စိတ်ဝင်စားစရာကောင်းသော (၄) ကွက်x(၄)ကွက်=(၁၆) ကွက် အင်းကလေးတခု၏ ဂဏန်းအထား အသိုကို မှတ်ရ လွယ်စေရန် မြတ်စွာဘုရား၏ ဘေးမရှိသော ဖြစ်တော်ပေါင်း ဘဝများကို ပြဆိုရာ“အစကြိုးကြာ ၁၆-ခါတည်း။ဟသ်ာ (၉) ဖြစ်၊ (၆) ဖြစ်ကားခို”အစချီသော လင်္ကာဖြင့် တစ်မှတဆယ့် ခြောက်အထိ ရထားသွားဖြင့် သူ့နေရာသူ ချထားပေသည်။ အဘယဇတက-အင်းဖြစ်၏။ ဇာတာ၏ရာသီစက်ဝိုင်း၌ပတ်လှေ့ ရှိသည်။

# အခန်း ( ၁၁ )

## လူ့ကျင့်ဝတ်များ

အနန္တသိဒ္ဓိများကို မတင်ပြမီ ရှေးဦးစွာ သိသင့်သိထိုက်သော လူမှုရေးရာများနှင့် သူတော်ကောင်း ကျင့်ဝတ်များကို တင်ပြလိုသည်။ သို့မှသာ မိမိခံစားတတ်မြောက်လာမည့် လောကီပညာရပ်များကို မှန်မှန်ကန်ကန် အသုံးချနိုင်လိမ့်မည်ဟု မျှော်လင့်သည်။

ပညာစခန်းကို မတက်လှမ်းမီ အောက်ပါ အချက်များကို သိထားသင့်သည်။ ရှောင်သင့်သမျှရှောင်၍ ဆောင်သင့်သမျှ ဆောင်ရမည်။

ငင်စစ် ယခုဖော်ပြမည့် လူတို့၏ ကျင့်စဉ်များကား လောကီပညာဗဟုသုတနှင့် တန်ခိုးတေဇော် အာနုဘော်ကို တနည်းမဟုတ် တနည်း အထောက်အကူ ပြုလိမ့်မည်ဖြစ်၍ သေချာစွာ မှတ်သားနာယူသင့်ပေသည်။

---

## တပည့်ဝတ္တရား ငါးပါး

၁။ ဆရာလာသည်ကိုမြင်လျှင် ခရီးဦးကြိုဆိုရမည်။
၂။ အတတ်ပညာကို ရှေ့ဝယ်နေ၍ သင်ယူမှတ်သားရမည်။
၃။ တနေ့သုံးကြိမ် အပန်းဖြေကာစားနေရမည်။
၄။ ဆရာဆိုသောစကားကို ရိုသေစွာမှတ်သားနာယူရမည်။
၅။ ညဥ့်၊ နံနက် ဝတ်ကြီးဝတ်ငယ်လုပ်ကျွေးသမှု ပြုရမည်။

## သားသမီးဝတ္တရား ငါးပါး

၁။ ပြန်လည်ကျွေးမွေးပြုစုရမည်။
၂။ အမှုကြီးငယ်ကို မညည်းမညူဆောင်ရွက်ပေးရမည်။
၃။ အမျိုးအနွယ်ကို ထိန်းသိမ်းရမည်။
၄။ အမွေခံထိုက်အောင်ကျင့်ရမည်။
၅။ သေလွန်သောမိဘတို့ကို ရည်စူး၍အလှူပေးရမည်။

## မိဘဝတ္တရား ငါးပါး

၁။ မကောင်းသည်ကို တားမြစ်ရမည်။
၂။ ကောင်းသည်ကို တိုက်တွန်းရမည်။
၃။ အတတ်ပညာသင်ပေးရမည်။
၄။ အရွယ်တန်လျှင် လျောက်ပတ်သောသူနှင့်ထိမ်းမြား
လက်ထပ်နေရာချထားပေးရမည်။
၅။ ဥစ္စာ အရင်းအနှီးပေးရမည်။

---

စပယ်ဦးစာပေ

## မိတ်ဆွေဝတ္တရား ငါးပါး

၁။ ပေးကမ်းရမည်။
၂။ ချစ်ဖွယ်သောစကားကို ဆိုရမည်။
၃။ ကိုယ်နှင့်အတူ ကျင့်ရမည်။
၄။ သူ့အကျိုးစီးပွားကို ဆောင်ရမည်။
၅။ ကိုယ့်ဘက်က မခွဲတတ်ယွင်းအောင် ပေါင်းရမည်။

## ရခဲခြင်း လေးပါး

၁။ လူ့အဖြစ်ကို ရခဲခြင်း။
၂။ ဘုရားပွင့်သောကာလ ကြုံခဲခြင်း။
၃။ သဒ္ဓါတရားနှင့် ပြည့်စုံခဲခြင်း။
၄။ ရဟန်းအဖြစ်ကို ရခဲခြင်း။

## တင့်တယ်ခြင်း ခုနစ်ပါး

၁။ သူရဲကောင်းတို့၏ တင့်တယ်ခြင်းကား စစ်မြေပြင်အရပ်။
၂။ ပြည့်ရှင်းမင်းတို့၏ တင့်တယ်ခြင်းကား ပေးကမ်း စွန့်ကြဲခြင်း။
၃။ စာမရီတို့၏ တင်တယ်ခြင်းကား မြီးဆံ။
၄။ ကေသရာဇာ ခြင်္သေ့မင်းတို့၏ တင့်တယ်ခြင်းကား ရဲစွမ်းသတ္တိ။

---

စပယ်ဦးစာပေ

၅။ ကရဝိက် ငှက်မင်းတို့၏ တင့်တယ်ခြင်းကား အသံသာယာခြင်း။

၆။ ဂဠုန်မင်းတို့၏ တင့်တယ်ခြင်းကား အစွမ်းခွန်အား။

၇။ ပညာရှိတို့၏ တင့်တယ်ခြင်းကား အမေးပုစ္ဆာကို ဖြေဆိုနိုင်ခြင်း။

## ဆူးညှောင့် ငါးစင်း

၁။ ဘုရားကို ယုံမှားခြင်း။

၂။ တရားတော်၌ ယုံမှားခြင်း။

၃။ သံဃာတော်၌ ယုံမှားခြင်း။

၄။ သိက္ခာပုဒ်၌ ယုံမှားခြင်း။

၅။ တရား အားထုတ်ဖက်၊ သတင်းသုံးဖော် သုံးဖက်တို့အပေါ်၌ အမျက်ထွက်ခြင်း ယင်းတို့ကား ဆူးညှောင့် ငါးစင်းတည်း။

## နှလုံးသား ညှောင့်ငါးစင်း

၁။ ရန်မက်ဟူသောညှောင့်။

၂။ ဒေါသဟူသောညှောင့်။

၃။ အမိုက်ဟူသောညှောင့်။

၄။ မာန်စောင်ဟူသောညှောင့်။

၅။ အယူမှားခြင်းဟူသောညှောင့်။

## ခင်ပွန်းကြီး ဆယ်ပါး

၁။ မြတ်စွာဘုရားသခင်။
၂။ အရှင်ပစ္စေကဗုဒ္ဓါ။
၃။ အရှင်သာဝကရဟန္တာ
၄။ လက်ယာရံအရှင်မြတ်
၅။ လက်ဝဲရံအရှင်မြတ်
၆။ အမိ
၇။ အဘ
၈။ ဆရာ
၉။ အဖန်တလဲလဲ ဆုံးမသော တရား
၁၀။ မိမိကို ပေးကမ်းဖူးသူ

## အကျိုးစီးပွားယုတ်စေခြင်း ခြောက်ပါး

၁။ နေမြင့်အောင်အိပ်ခြင်း
၂။ ပျင်းရိခြင်း
၃။ နှုတ်သက်ကြမ်းခြင်း
၄။ နိုး၍ထခဲခြင်း
၅။ တယောက်ထဲ ခရီးသွားခြင်း
၆။ ပရဒါရကံပြုခြင်း

---

စပယ်ဦးစာပေ

## အကျိုးစီးပွားများစေခြင်း ခုနစ်ပါး

၁။ လှုံ့လဝီရိယရှိခြင်း
၂။ သတိပြုခြင်း
၃။ သန့်ရှင်းစင်ကြယ်စွာ အမှုကိုပြုခြင်း
၄။ စုံစမ်းဆင်ခြင်၍ အမှုကိုပြုလေ့ရှိခြင်း
၅။ ကိုယ် နှုတ် နှလုံး သုံးပါးကိုစောင့်ခြင်း
၆။ တရားသဖြင့်သာ အသက်မွေးခြင်း
၇။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်း

## ပစ္စုပ္ပန် သံသရာ စီးပွား လေးပါး

၁။ လျောက်ပတ် တင့်တယ် ကောင်းမြတ်သော အရပ်၌ နေရခြင်း
၂။ ပြုခဲ့ဖူးသော ကံဟောင်းရှိခြင်း
၃။ မိမိကိုယ်ကို ကောင်းစွာကျင့် ဆောက်တည်ခြင်း
၄။ သူတော်ကောင်း အပေါင်း အဖော် အဆွေ ခင်ပွန်း ရှိခြင်း

## အရပ်ပြစ် ရှစ်ပါး

၁။ ပစ္စန္တရာဇ်ဇနပုဒ်
၂။ အရူပဘုံ

၃။ အသညသတ်ဘုံ
၄။ အင်္ဂါချိုတဲ့ခြင်း
၅။ ဒိဋ္ဌိတက္ကတွန်း
၆။ တိရစ္ဆာန်တို့ဘုံ
၇။ ပြိတ္တာတို့ဘုံ
၈။ ငရဲဘုံ

## ဇမ္ဗူဒီပါကျွန်းအလုံး ကြားသော အသံကြီး လေးပါး

၁။ ပုဏ္ဏကဘီလူးသည် ကောရဗ္ဗမင်းကြီးကို အံကစားရာ၌ နိုင်၍ ငါအောင်ပြီဟု ဟစ်သောအသံ။
၂။ ကဿပမြတ်စွာဘုရား သာသနာတော် ရွှေလတ်သော အခါ မာတလိနတ်သားသည် ခွေးနက်ကြီး အယောင် ဆောင်၍ ဟောင်သောအသံ။
၃။ ကေလာသ တောင်ထိပ်၌ ရပ်၍ အဟံ အာဠဝကဟု ဟစ်သောအသံ။
၄။ အဟံ ကုသရာဇာဟု ဟစ်သောအသံ။

## အသက် ၁၂၀ နေရသော အရိယာ ကိုးပါး

၁။ ဝိသာခါ
၂။ ပေါက္ခရသာဒိပုဏ္ဏား
၃။ ဗြဟ္မာယုပုဏ္ဏား
၄။ သေလပုဏ္ဏား

၅။ အရှင်အာနန္ဒာ
၆။ အရှင်ကဿပ
၇။ အရှင်အနုရုဒ္ဓါ
၈။ ဟာဝါရိပုဏ္ဏား
၉။ အရှင်ဗာကုလ

## မယားဝတ် ငါးပါး

၁။ လင်မထမီ ထခြင်း
၂။ လင်နောက်မှ အိပ်ခြင်း
၃။ ပြုရန်ကိစ္စကို လင်အား ပန်ကြားခြင်း
၄။ လင်နှစ်သက်ဖွယ်ရာ ကျင့်ခြင်း
၅။ ပြုံးခြင်းကိုရှေ့ထား၍ စကားပြောခြင်း

## တနည်း

၁။ ခပ်သိမ်းသောအမှုကို ဝေဖန်ပေးခြင်း
၂။ မိမိလင်မှတပါး အခြားလူတို့နှင့် ရောနှော၍ အကျွမ်းတဝင်မနေခြင်း
၃။ တပါးသူနှင့် မကြူးလွန်ခြင်း
၄။ လင်ရှာဖွေ၍ရသော ဥစ္စာစီးပွားကို မပျက်ပြားအောင် ကောင်းစွာ စောင့်ရှောက်ခြင်း
၅။ လင်မသိဘဲ ဘာကိုမျှမပြုလုပ်ခြင်း

## လင့်ဝတ် ငါးပါး

၁။ မယားကိုမြတ်နိုးယုယစွာခေါ်ခြင်း
၂။ ရိုက်ပုတ်ဆဲရေးမှုမပြုခြင်း
၃။ မိမိမယားမှတပါး အခြားမိန်းမကို မကြူး မလွန်ခြင်း
၄။ မိမိရှာဖွေ၍ ရလာသော ဥစ္စာပစ္စည်းကို မယားအား အလုံးစုံအပ်ခြင်း
၅။ ဆင်ယင်တန်ဆာတို့ကို မိန်းမနှစ်သက်ရာ ဆင်စေခြင်း

## မိန်းမတို့ဆင်းရဲခြင်း ငါးပါး

၁။ မိဘများက ထိမ်းမြားပေးလျှင် လင်အိမ်သို့ လိုက်နေရခြင်း
၂။ ဥတုရာသီလာခြင်း
၃။ ကိုယ်ဝန်ဆောင်ရခြင်း
၄။ သားဖွားရခြင်း
၅။ လင်ကိုလုပ်ကျွေးပြုစုရခြင်း

## မယားအပြား ခုနစ်ပါး

၁။ အမိနှင့်တူသောမယား
၂။ ကျွန်နှင့်တူသော မယား
၃။ နှမနှင့်တူသောမယား
၄။ အဆွေခင်ပွန်းနှင့်တူသောမယား

---

၅။ အရှင်နှင့်တူသောမယား
၆။ ရန်သူနှင့်တူသောမယား
၇။ သူခိုးနှင့်တူသောမယား

မှတ်ချက်။ ။အမိနှင့် တူသောမယား၊ နှမနှင့်တူသော မယား၊ အဆွေ ခင်ပွန်းနှင့် တူသောမယား၊ ကျွန်နှင့်တူသော မယားတို့ကို အသက်ထက်ဆုံး ပေါင်းဖော်အပ်၏။ အရှင်နှင့်တူသောမယား၊ ရန်သူနှင့် တူသောမယား၊ သူခိုးနှင့် တူသော မယားတို့ကိုမူ တနေ့မျှပင် မပေါင်းဖော်အပ်ချေ။

## ကာမေသုမိစ္ဆာစာရကံ

မိမိမယားအလိုမရှိသော အချိန်အခါ၌လည်းကောင်း၊ နာဖျားချိန်၌လည်းကောင်း၊ တရားကျင့် နေ ချိန် ၌ လည်း ကောင်း ပြုကျင့်လျှင် မိစ္ဆာစာရကံ မြောက်၏။ မပြုကျင့်အပ်။ ရှောင်ကြဉ်ရမည်။

## ဆွေ ခုနစ်ဆက်

၁။ ဘေး
၂။ ဘိုး
၃။ ဘ
၄။ မိမိကိုယ်

၅။ သား
၆။ မြေး
၇။ မြစ်

## သားချင်း ငါးပါး

၁။ အမိ
၂။ အဘ
၃။ သား
၄။ အကို
၅။ ညီမ

## အဆွေ ခြောက်ပါး

၁။ အဘိုး
၂။ အဘွား
၃။ ဦးရီး
၄။ မိကြီး
၅။ မိထွေး
၆။ အရီး

## ဒသဝိဝိသ နဂါးမျိုးလေးပါး

၁။ ဝိရူပက္ခနဂါး
၂။ ဧရာပတ္တနဂါး
၃။ ဆဗျာပုတ္တနဂါး
၄။ ကဏှာ ဂေါတမနဂါး

---

စပယ်ဦးစာပေ

## မပေါင်းအပ်သူ ဆယ်ပါး

၁။ ရန်သူ
၂။ သူမိုက်
၃။ သူ့ကျေးဇူးကို မသိသူ
၄။ သူ့ပစ္စည်းကိုလိုချင်တတ်သူ
၅။ သေသောက်ကြူးသူ
၆။ ဆုံးမခံလိုသူ
၇။ တရားအလင်းမရသူ
၈။ မတည်ကြည်သူ
၉။ မိမိအပြစ်ကိုမမြင်သူ
၁၀။ သူ့အပြစ်ကိုမြင်သူ

## အကျွမ်းမဝင်သင့်ရာ ဆယ်ပါး

၁။ မြွေကို အကျွမ်းမဝင်သင့်
၂။ နေကို အကျွမ်းမဝင်သင့်
၃။ မီးကို အကျွမ်းမဝင်သင့်
၄။ ရေကို အကျွမ်းမဝင်သင့်
၅။ ခွေးကို အကျွမ်းမဝင်သင့်
၆။ ကျွဲကို အကျွမ်းမဝင်သင့်
၇။ ဆင်ကို အကျွမ်းမဝင်သင့်
၈။ အရှူးကိုအကျွမ်းမဝင်သင့်
၉။ မင်းစိုးရာဇာကို အကျွမ်းမဝင်သင့်
၁၀။ မင်းစိုးရာဇာအပါးနေသူကို အကျွမ်းမဝင်သင့်

---

စပယ်ဦးစာပေ

## ချစ်ဟန်ဆောင်သော မိတ်ဆွေလေးပါး

၁။ မကောင်းမှုကို တိုက်တွန်းနှိုးဆော်သောမိတ်ဆွေ
၂။ ကုသိုလ်ကောင်းမှုကို အားမထုတ်သောမိတ်ဆွေ
၃။ မျက်မှောက်၌ ချီးကျူးသောမိတ်ဆွေ
၄။ မျက်ကွယ်၌ ကဲ့ရဲ့သောမိတ်ဆွေ

## ပေါင်းအပ်သည့်မိတ်ကောင်းအင်္ဂါ ခုနစ်ပါး

(အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကထာမှ)

၁။ ပေးနိုင်ခဲသော ပစ္စည်းကိုပေးခြင်း
၂။ သည်းခံနိုင်ခဲသောအမှုကို သည်းခံခြင်း
၃။ လျှို့ဝှက်အပ်သောအမှုတို့ကို သူတပါးအား မသိစေဘဲ လျှို့ဝှက်ခြင်း
၄။ ဘေးရန်ရှိသော အခါ မစွန့်၊ ကူညီရပ်တန့်လျက် ဆီးကာခြင်း
၅။ စည်းစိမ်ဥစ္စာ ကုန်သောအခါ မထီမဲ့မြင် မပြုပဲ ရှေးနည်းတူ ချစ်ကြည်ခြင်း
၆။ ကြားအပ်သိအပ်သောအမှုတို့ကိုမကြွင်းမကျန်ပြန်ကြား သတိပေးခြင်း
၇။ အမှုကြီးငယ်ဖြစ်လာသောအခါကိုယ့်အမှုကဲ့သို့ လုံ့လပြု၍ ဆောင်ရွက်ခြင်း

---

စပယ်ဦးစာပေ

## မိတ်ဆွေပျက်ရာ သုံးပါး

၁။ မပြတ်နှိုးနှောခြင်း
၂။ ပစ္စည်းဆက်ဆံမှုမရှိခြင်း
၃။ အခါမဟုတ်ချိန်တွင် တောင်းတတ်ခြင်း

## နှောင်ဖွဲ့ခြင်း ဆယ်ပါး
(မိလိန္ဒပဉှာ)

၁။ အမိ
၂။ အဘ
၃။ မယား
၄။ သား
၅။ အမျိုး
၆။ မိတ်ဆွေ
၇။ ဥစ္စာ
၈။ လာဘ်သပ်ပကာ
၉။ အစိုးရခြင်း
၁၀။ ကာမဂုဏ်

## အသက်ရှိလျက် သေသူ ငါးပါး

၁။ ဆင်းရဲလွန်းသောသူ
၂။ အနာနှိပ်စက် ခံနေရသူ
၃။ မိုက်မဲသောသူ
၄။ ကြွေးမြီများသောသူ
၅။ မင်းအပါးတွင် ကြပ်တည်းစွာစားရသူ

---

စပယ်ဦးစာပေ

## ချမ်းမြေ့ခြင်းငါးပါး

၁။ သစ်ပင်၏အရိပ်သည် ချမ်းမြေ့၏
၂။ ထိုထက် မိဘအရိပ်သည် ချမ်းမြေ့၏
၃။ ထိုထက် ဆရာတို့အရိပ်သည် ချမ်းမြေ့၏
၄။ ထိုထက် မင်းတို့အရိပ်သည် ချမ်းမြေ့၏
၅။ ထိုထက် ဘုရားသခင်၏အရိပ်တော်သည်ချမ်းမြေ့၏

## နှစ်သက်စေရာအကြောင်း လေးပါး

၁။ အလိုရမ္မက်ကြီးသူကို ဥစ္စာပေးကမ်း၍ နှစ်သက်စေရာ၏
၂။ ဂုဏ်မာန ခက်ထန်သူကို လက်အုပ်ချီ နှိမ့်ချခြင်းဖြင့် နှစ်သက်စေရာ၏
၃။ မိုက်မဲသူကို အလိုလိုက်သဖြင့် နှစ်သက်စေရာ၏
၄။ ပညာရှိတို့ကို မှန်သောစကား ပြောဆိုခြင်းဖြင့် နှစ်သက်စေရာ၏

## မရောင့်ရဲခြင်း လေးပါး

၁။ တိုင်းပြည် အုပ်ချုပ်သော မင်းသည် ဥစ္စာ ရွှေငွေများပြားစွာ ရရှိသော်လည်း မရောင့်ရဲနိုင်
၂။ ပညာရှိတို့သည်စကားကောင်းပြောရာတွင် မရောင့်ရဲနိုင်
၃။ မျက်စိ အာရုံ သဘောသည် ချစ်သူကို ကြည့်ရာတွင် မရောင့်ရဲနိုင်
၄။ မဟာသမုဒ္ဒရာသည် ရေများ အတိ ပြည့်သော်လည်း မရောင့်ရဲနိုင်

---

## အမြတ် လေးပါး

၁။ အခါတို့တွင် တန်ဆောင်မုန်းလ အခါသည် မြတ်၏
၂။ မိန်းမတို့တွင် အဆင်းလှသော မိန်းမသည် မြတ်၏
၃။ သားတို့တွင် သားကြီးသည် မြတ်၏
၄။ အရပ်တို့တွင် မြောက်အရပ်သည် မြတ်၏

## တနည်း

၁။ တဆယ့်နှစ်လတွင် ကဆုန်လသည် မြတ်၏
၂။ မိန်းမတို့တွင် စိတ်နှလုံးသားဖြူစင်၍ လင်ကို လုပ်ကျွေးပြုစုသောမိန်းမသည် မြတ်၏
၃။ သားတို့တွင် မိဘတို့ကို လုပ်ကျွေးသော သားသည် မြတ်၏
၄။ အရပ်တို့တွင် ချမ်းသာစွာ အသက်မွေးရသော အရပ်သည် မြတ်၏

## မဆည်းကပ်ရာ လေးပါး

၁။ ကြမ်းတမ်းရုန့်ရင်းသော အရှင်ကိုလည်း မဆည်းကပ်ရာ
၂။ ဝန်တိုသူကိုလည်း မဆည်းကပ်ရာ
၃။ ချီးပင့်မြှောက်စားခြင်း မရှိသူကိုလည်း မဆည်းကပ်ရာ
၄။ နှိပ်စက်တတ်သောသူကိုလည်း မဆည်းကပ်ရာ

---

## အောင်မြင်ရာ သုံးပါး

၁။ ကိုယ့်ထက်မြတ်သောသူကို နှိမ့်ချသဖြင့် အောင်မြင်ရာ၏
၂။ ကိုယ်နှင့်တူသောသူကို လုံ့လပြု၍ အောင်မြင်ရာသည်
၃။ ကိုယ့်အောက်နိမ့်သူကို တစိုးတစိပေး၍ အောင်ရာသည်

## ရှောင်ကြဉ်အပ်သည့် သုံးပါး

၁။ ဦးချိုရှိသော သတ္တဝါတို့ကို အတောင်ငါးဆယ် ကွာသောအရပ်က ရှောင်ကြဉ်ရာ၏
၂။ အစွယ်ရှိသောဆင်ကိုအတောင်တရာကွာသောအရပ်က ရှောင်ကြဉ်ရာ၏
၃။ မကောင်းသော သူယုတ်မာကို အရပ်ဒေသ ဝေးကွာစွာက ရှောင်ကြဉ်ရာ၏

## လူမိုက်လက္ခဏာသုံးပါး

၁။ ဥစ္စာမရှိပဲ ကာမဂုဏ်အလိုရှိခြင်း
၂။ ခွန်အားမရှိပဲ ခိုက်ရန်ပြုခြင်း
၃။ ကျမ်းဂန် အကြား အမြင် နည်းလျက် အငြင်းအခုံ အလိုရှိခြင်း

## သူယုတ်လက္ခဏာ သုံးပါး

၁။ သူတပါးအိမ် အကြိမ်ကြိမ် အသွားများသူ
၂။ မမေးပဲ စကားများစွာ ပြောဆိုတတ်သူ
၃။ မိမိဂုဏ်ကျေးဇူးကို ပလွှားတတ်သူ

---

စပယ်ဦးစာပေ

## ဝုဒ္ဓိ သုံးပါး

၁။ ဇာတိဝုဒ္ဓိ–အမျိုးမြတ်ခြင်း
၂။ ဂုဏဝုဒ္ဓိ–ဂုဏ်ဖြင့်ကြီးခြင်း
၃။ ဝရဝုဒ္ဓိ–အရွယ်ဖြင့်ကြီးခြင်း

## ကဝိ လေးပါး

၁။ စိန္တာကဝိ–ကြံ၍ တတ်သောပညာ
၂။ သုတကဝိ–ကြား၍ တတ်သောပညာ
၃။ အတ္ထကဝိ–အနက်ကိုမှီ၍ တတ်သောပညာ
၄။ ပဋိဘာဏကဝိ – ဝင်္ဂီသ မထေရ်ကဲ့သို့ မိမိဉာဏ်စွမ်း အလျောက် တခဏချင်း ထိုးထွင်း၍ တတ်သောပညာ

## အဆင်းငါးပါး

၁။ အသား၏ကောင်းခြင်း
၂။ အရိုး၏ကောင်းခြင်း
၃။ အရေ၏ကောင်းခြင်း
၄။ အရွယ်၏ကောင်းခြင်း
၅။ ဆံပင်၏ကောင်းခြင်း

## ဝိသာခါ၏ ကောင်းခြင်း ငါးပါး

၁။ ဆံပင်၏ ကောင်းခြင်းမှာ ရပ်လျက် ဆံပင်ကို ဖြည်၍ နောက်သို့ လှန်ချလိုက်လျှင် ဒူးကောက်ကိုထိပြီး၊ သား လျှိုးဓားငယ်ကဲ့သို့ အဖျား ကော့ကော့ကောက်ကောက် ရှိ၏။

---

စပယ်ဦးစာပေ

၂။ အရိုး၏ကောင်းခြင်းမှာ ၃၂ချောင်းသောသွားတို့သည် အခြားစပ်မထင်၊ ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူစင်၏။

၃။ အသား၏ ကောင်းခြင်းမှာ နှုတ်ခမ်း၌ ကွမ်းမစားပဲ ကျီးအာသီးမှည့် အဆင်းကဲ့သို့ နီနေ၏။

၄။ အရေ၏ကောင်းခြင်းမှာ မဟာလှေခါး ပန်းပွင့်အဆင်း ကဲ့သို့ ရွှေရွှေရှိ၏။

၅။ အရွယ်၏ ကောင်းခြင်းမှာ အသက် ကြီးရင့်သည့်တိုင် အောင် အသက် ၁၆ နှစ်အရွယ်ကဲ့သို့ ရှိ၏။

ဤသည်ကား ဝိသာခါ၏ ကောင်းခြင်းငါးပါးတည်း။

## မတိုင်ပင်ရာသူ ငါးပါး

၁။ မိန်းမကြူးသောသူ
၂။ သေသောက်ကြူးသောသူ
၃။ အလိုရမက်ကြီးသောသူ
၄။ အမျက်ကြီးသောသူ
၅။ မလိမ်မာသောသူ

## မပေါင်းအပ်သောသူ သုံးပါး

၁။ အိပ်ကြူးသောသူ
၂။ သေသောက်ကြူးသောသူ
၃။ မေထုန်ကြူးသောသူ

---

စပယ်ဦးစာပေ

## ပေါင်းအပ်သော သူ သုံးပါး

၁။ ပေးနိုင်ခဲသောအရာကိုပေးသူ
၂။ ပြုနိုင်ခဲသည်ကိုပြုသူ
၃။ သည်းခံနိုင်ခဲသည်ကို သည်းခံသူ

## ဘေးမှလွတ်ရာသည် ငါးပါး

၁။ ဇပ္ပေန-မန္တရားမန်းသဖြင့် လွတ်ရာသည်။
၂။ မန္တေန-ပညာရှိတို့ကိုတိုင်ပင်သဖြင့် လွတ်ရာသည်။
၃။ သုဘာသိတေန - ကောင်းသော စကားကို ဆိုသဖြင့် လွတ်ရာသည်။
၄။ အနပ္ပဒါနေန-ဥစ္စာတံစိုး ထိုးသဖြင့် လွတ်ရာသည်။
၅။ ပဝေဏိယာ-အမျိုးအနွယ်ကိုစိစစ်သဖြင့် လွတ်ရာသည်။

## သေသောက်ကြူးရာ အပြစ်ခြောက်ပါး

၁။ မျက်မြင်ဖြစ်သော ဥစ္စာဆုတ်ယုတ်ခြင်း
၂။ နှုတ်လက်မှုဖြင့် ခိုက်ရန်များခြင်း
၃။ မျက်စိမျက်ဆန် မကြည်လင်ခြင်း
၄။ အစောင့်အစည်းမရှိ သူတပါးတို့ကဲ့ရဲ့မှုခံရခြင်း
၅။ အရှက်အကြောက်မရှိ ကိုယ်အင်္ဂါကို မဖုံးလွှမ်းနိုင်ခြင်း
၆။ အကျိုးအပြစ်ကိုမသိခြင်း

---

စပယ်ဦးစောမွေ

## စည်းစိမ်ပျောက်ရာ အပြစ် ခြောက်ပါး

၁။ သေသောက်ကြူးခြင်း
၂။ အခါမဲ့ ညဉ့်နက်သန်းခေါင်သွားခြင်း
၃။ ပျော်ပွဲသဘင် ကြည့်ကြူးခြင်း
၄။ လောင်းကစားလွန်ကြူးခြင်း
၅။ သူယုတ်မာတို့ကို ပေါင်းဖော်ခြင်း
၆။ လုံ့လဝီရိယ ကြိုစားအားထုတ်မှုနည်းခြင်း

## ဝဋ် သုံးပါး

၁။ ကံတည်းဟူသောဝဋ်
၂။ ကိလေသာတည်းဟူသောဝဋ်
၃။ ဝိပါက်တည်းဟူသောဝဋ်

## သေခြင်းတရား လေးပါး

၁။ အာယုက္ခယ—ကံ၏အာနုဘော် ရှိသော်လည်း အသက်တန်း ကုန်၍ သေခြင်း
၂။ ကမ္မက္ခယ—အသက်တန်းပင် ရှိသော်လည်း ကံကုန်၍ သေခြင်း
၃။ ဥဘယက္ခယ—အသက်ကံ နှစ်ပါးကုန်၍ သေခြင်း
၄။ ဥပစ္ဆေဒက—အသက်ကံ နှစ်ပါး ရှိပင်ရှိငြားသော်လည်း ဥပစ္ဆေဒကကံကြောင့် လတ်တလောသေခြင်း

---

စပယ်ဦးစာပေ

## ထွက်သက်ဝင်သက်ကင်းသူ ခုနှစ်ပါး

၁။ အမိဝမ်း၌ ကိန်းသောသူ
၂။ ရေမွန်းသောသူ
၃။ မိန်းမောသောသူ
၄။ သေသောသူ
၅။ စတုတ္ထဈာန် ဝင်စားသောသူ
၆။ အရူပဘုံ၌ ဖြစ်သောသူ
၇။ နိရောဓသမာပတ်ဝင်သောသူ

## ငိုခြင်းရယ်ခြင်း နိမိတ်နှစ်ပါး

၁။ ငရဲမှလာသော သူငယ်သည် ငရဲခံရသော ဆင်းရဲကို အောက်မေ့၍ ငို၏။
၂။ နတ်ပြည်မှ လာသော သူငယ်သည် နတ်တို့ အသရေကို အောက်မေ့၍ ရယ်၏။

## နတ်တို့စုတေရာအကြောင်း လေးပါး

၁။ အသက်ကုန်ခြင်းကြောင့် စုတေခြင်း
၂။ ကံကုန်ခြင်းကြောင့် စုတေခြင်း
၃။ အာဟာရပြတ်ခြင်းကြောင့် စုတေခြင်း
၄။ မေထုန်ကြူးလွန်ခြင်းကြောင့် စုတေခြင်း

---

စပယ်ဦးစာပေ

## နတ်စုတေရာ ပုဗ္ဗနိမိတ် ငါးပါး
(ဒိဗ္ဗနိကာယ် သက္ကပညတ် သုတ်)

၁။ မိမိပန်သောပန်း ညှိုးခြင်း
၂။ အဝတ်တန်ဆာ ညစ်နွမ်းခြင်း
၃။ လက်ကတီးကြားမှ ချွေးထွက်ခြင်း
၄။ အဆင်းမလှသော ကိုယ်ရှိခြင်း
၅။ နတ်တို့၏နေရာတွင် မတည်နိုင်ခြင်း

## အိပ်မက်ဖြစ်ရာသူ ခြောက်ပါး
(မိလိန္ဒပဥှာ)

၁။ လေရှိသောသူ
၂။ သည်းခြေ ပျက်သောသူ
၃။ သလိပ် ပျက်သောသူ
၄။ သန္နိပါတ် စွဲသောသူ
၅။ နတ်တို့ ဖြားယောင်းသောသူ
၆။ နိမိတ် ဖြစ်သောသူ

## ပညာ ရှိ,မရှိ

၁။ ပညာနည်းသော သူတို့၏ အသဲသည် တလုံးတခဲတည်း ရှိ၏။ ကြီး၏။
၂။ ပညာကြီးသော သူတို့၏ အသဲသည် နှစ်လုံး သုံးလုံး ရှိ၏။ ငယ်၏။

---

စပယ်ဦးစာပေ

## စကားကြီး လေးရပ်

၁။ သုဘာသိတဝါစာ—ကောင်းသောစကားကို ဆိုခြင်း။
၂။ ပိယဝါစာ—ချစ်ဘွယ်သောစကားကိုဆိုခြင်း။
၃။ သစ္စံဝါစာ—ဟုတ်မှန်စွာဆိုခြင်း
၄။ ဓမ္မဝါစာ—ဘုရားနှင့်စပ်ဆိုင်သောစကားကိုဆိုခြင်း

## အမေး ငါးမျိုး
(အဋ္ဌသာဠိနီ ကျမ်း)

၁။ မသိ၍မေးခြင်း
၂။ အယူ တူမတူကို မေးခြင်း
၃။ ယုံမှားရှိ၍ မေးခြင်း
၄။ စေလို၍ မေးခြင်း
၅။ ဖြေလို၍ မေးခြင်း

## အဖြေ လေးပါး
(အဋ္ဌသာဠိနီ ကျမ်း)

၁။ တဘက်သတ် ဖြေသည်
၂။ ခွဲခြမ်း၍ ဖြေသည်
၃။ မေးပြီးမှ ဖြေသည်
၄။ အမေးကိုပယ်၍ ဖြေသည်

---

စပယ်ဦးစာပေ

## အသံနှင့် ကြားရာအရပ် သုံးပါး

၁။ မိုးမြည်သော အသံသည် သုံးယူဇနာ ရှိသောအရပ်က ကြားရ၏။
၂။ အလှူပေးသောသူတို့၏ ကျော်စောအသံသည်နတ်ပြည် ခြောက်ထပ်တိုင်ကြားရ၏။
၃။ သီလ သတင်း ဆောက်တည်သောသူတို့၏ ကျော်စော သော အသံသည် ဗြဟ္မာပြည်တိုင်အောင်ကြားရ၏။

## ငါးပါးသီလ အကျိုး

၁။ စည်းစိမ် ချမ်းသာ များခြင်း
၂။ ကောင်းသော ဂုဏ်သတင်း ကျော်စောခြင်း
၃။ ပရိသတ် အလယ်၌ ရဲရင့်ခြင်း
၄။ မတွေဝေပဲ သေရခြင်း
၅။ တမလွန် ဘဝကူးကောင်းခြင်း

## ကမ္ဘာတည် သစ်ပင် ခုနစ်ပင်

၁။ အသူရာပြည်၌ သခွတ်ပင်
၂။ ဂဠုန်ပြည်၌ လက်ပံပင်
၃။ ဇမ္ဗူဒီပါကျွန်း၌ သပြေပင်
၄။ တာဝတိံသာ၌ ပင်လယ်ကသစ်ပင်
၅။ အရှေ့ကျွန်း၌ ကုက္ကိုပင်
၆။ မြောက်ကျွန်း၌ ပဒေသာပင်
၇။ အနောက်ကျွန်း၌ ထိန်ပင်

---

စပယ်ဦးစာပေ

## ကျွန်းကြီး လေးကျွန်း အချင်းယူဇနာ

၁။ အရှေ့ကျွန်းမှာ ယူဇနာခုနစ်ထောင်ရှိ၏။
၂။ တောင်ကျွန်းမှာ ယူဇနာတသောင်းရှိ၏။
၃။ အနောက်ကျွန်းမှာ ယူဇနာခုနစ်ရာရှိ၏။
၄။ မြောက်ကျွန်းမှာ ယူဇနာရှစ်ထောင်ရှိ၏။

## မြင့်မိုရ်တောင်ကို ရံသောတောင်ခုနစ်လုံး

၁၊ ယုဂန္ဓိုရ်တောင်
၂။ ဣသိန္ဓရတောင်
၃။ ကရဝိကတောင်
၄။ သုဒဿနတောင်
၅။ နေမိန္ဒြတောင်
၆။ ဝိနတ္တကတောင်
၇။ အဿကံတောင်

## သောင်းလေးရပ်

၁။ ဇမ္ဗူဒီပါကျွန်းသည် ယူဇနာတသောင်း
၂။ အဝီစိငရဲကြီးသည် ယူဇနာတသောင်း
၃။ အသူရာပြည်သည် ယူဇနာတသောင်း
၄။ တာဝတိံသာနတ်ပြည်သည် ယူဇနာတသောင်း

---

စာဆိုဦးစာပေ

## ဟိမဝန္တာတောင်ကို ရံသော တောင် ခုနစ်လုံး

(ပါဠိဘာသာရေး- လောကပညတ္တိကျမ်း၊ ဆင်္ဂတိဒီပနီကျမ်း)

၁ စူဠကာဠပဗ္ဗတ-မျက်စဥ်းကျောက်တောင်ငယ်

၂။ မဟာကာဠပဗ္ဗတ-မျက်စဥ်းကျောက်တောင်ကြီး

၃။ ဂေါတနုက-နွားမေးတောင်

၄။ သုရိယာဘ-နေရောင်တောင်

၅။ ကေလာသပဗ္ဗတ-ကစား ပျော်မြူးသူတို့ နေရာ ဖြစ်သော တောင်

၆။ ဂန္ဓမာဒနပဗ္ဗတ-နံ့သာယစ်မူးတောင်

၇။ သုဝဏ္ဏပဗ္ဗတ-ရွှေတောင်

## အဋ္ဌကထာလာ တောင်စဥ် ခုနစ်ထပ်

(သုတ္တနိပါတ်အဋ္ဌကထာ၊ ခဂ္ဂဝိသာဏသုတ်အဖွင့် ၅၆)

၁။ စူဠကာဠ

၂။ မဟာကာဠ

၃။ နာဂပလိဝေဌန

၄။ စန္ဒဂဗ္ဘ

၅။ သူရိယဂဗ္ဘ

၆။ သုဝဏ္ဏပဿ

၇။ ဟိမဝန္တာ

* အဋ္ဌကထာလာ တောင်စဥ်ခုနစ်လုံးမှာ ကေလာသတောင် မပါတော့သည်ကိုလည်းကောင်း၊ ဟိမဝန္တာ တောင်ကြီးကိုပါ ထည့်သွင်း ရေတွက်ထားပုံကိုလည်းကောင်း သတိပြုသင့်သည်။

---

သို့သော်ယင်းအဌကထာမှာပင်အာဠာဝကသုတ်၌အာဠဝက ဘီလူးသည် ဆေးဒါန်း မြင်းသီလာ ကျောက်ဖျာကြီးတွင် လက်ဝဲခြေကိုလည်းကောင်း၊ကေလာသတောင်ထွဋ်တွင် လကျာ ခြေကိုလည်းကောင်းထားကာ 'ငါအာဠဝကဟော့' ကြုံးဝါးသည့် အသံကိုဇမ္ဗူဒိပ်တကျွန်းလုံး ကြားရကြောင်း ပြဆိုထားသည်။

## စိတ်၏အညစ်အကြေးငါးပါး

၁။ လောဘ

၂။ ဒေါသ

၃။ ထိနမိဒ္ဓ

၄။ ဥဒ္ဓစ္စ

၅။ ဝိစိကိစ္ဆာ

## နေလတို့၏အညစ်အကြေးငါးပါး

၁။ ရာဟုအသူရိန်

၂။ တိမ်တောင်

၃။ မီးခိုး

၄။ ဆီးနှင်း

၅။ မြူ

---

စပယ်ဦးစာပေ

### ပရိသတ် လေးပါး

၁။ ရဟန်းယောကျ်ား
၂။ ရဟန်းမိန်းမ
၃။ ဒါယကာ ယောကျ်ား
၄။ ဒါယကာ မိန်းမ

### အကုသိုလ်ဟိတ် သုံးပါး

၁။ လောဘဟိတ်
၂။ ဒေါသဟိတ်
၃။ မောဟဟိတ်

### ကုသိုလ်ဟိတ် သုံးပါး

၁။ အလောဘဟိတ်
၂။ အဒေါသဟိတ်
၃။ အမောဟဟိတ်-ပေါင်း ဟိတ်ခြောက်ပါးတည်း။

### မီး ဆယ့်တပါး

၁။ ရာဂမီး
၂။ ဒေါသမီး
၃။ မောဟမီး

---

စပယ်ဦးစာပေ

၄။ ဇာတိမီး
၅။ ဇရာမီး
၆။ ဗျာဓိမီး
၇။ မရဏမီး
၈။ ပရိဒေဝမီး
၉။ ဒုက္ခမီး
၁၀။ ဒေါမနဿမီး
၁၁။ ဥပါယာသမီး

## မဂ် လေးတန်

၁။ သောတာပတ္တိမဂ်
၂။ သကဒါဂါမိမဂ်
၃။ အနာဂါမိမဂ်
၄။ အရဟတ္တမဂ်

## ဖိုလ် လေးတန်

၁။ သောတာပတ္တိဖိုလ်
၂။ သကဒါဂါမိဖိုလ်
၃။ အနာဂါမိဖိုလ်
၄။ အရဟတ္တဖိုလ်

## ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါး

၁။ သတိပဋ္ဌာန် လေးပါး
၂။ သမ္မပ္ပဓာန် လေးပါး

၃။ ဣဒ္ဓိပါဒ် လေးပါး
၄။ ဣန္ဒြေ ငါးပါး
၅။ ဗိုလ် ငါးပါး
၆။ ဗောဇ္ဈင် ခုနစ်ပါး
၇။ မဂ္ဂင် ရှစ်ပါး-ပေါင်း သုံးဆယ့်ခုနစ်ပါးတည်း။

## မမှန်မြတ်သော လှူခြင်းငါးပါး
## (စူဠ ပဏ္ဏာသုတ်)

၁။ အရိုအသေမရှိပဲ လှူခြင်း
၂။ မိမိလက်ဖြင့် မကိုင်ပဲ လှူခြင်း
၃။ နှလုံးမမူပဲ လှူခြင်း
၄။ အလှူ၏ အကျိုးကို မသိပဲ လှူခြင်း
၅။ စေတနာမရှိပဲ လှူခြင်း

သည်မျှအခြေခံအားဖြင့် သိထားလျှင် လောကီလောကုတ္တရာ ပညာနှစ်ရပ်စလုံးကို ထွန်းထွန်းမြောက်မြောက် ပေါက်ရောက် အောင်မြင် နိုင်ပေလိမ့်မည်ဟု မေတ္တာ ထား၍ လူ့ကျင့်ဝတ် အခြေခံကို ညွှန်ကြားတင်ပြလိုက်ရပေသတည်း။

# အခန်း ( ၁၂ )

## အနန္တသိဒ္ဓိလမ်းညွှန်

ဓာတ်လေးပါး အစုအဝေးဖြစ်သော အရာဝတ္ထုနှင့် သတ္တဝါ အပေါင်းတို့သည် တည်မြဲခြင်းမရှိ၊ အမြဲဖြစ်ပျက်ပြုပြင်ပြောင်းလဲ နေရကား အသိဉာဏ်နှင့် ပါရမီ ရှိသော လူတို့သည် ကံဆိုး မိုးမှောင်ကြီး မကျရအောင် အားထုတ်တတ်ကြသည်။

ကြုံတွေ့ရင်ဆိုင်ရသော အခြေအနေအရပ်ရပ်တို့ကို နည်းမျိုး စုံစွာဖြင့် ရုန်းကန်ဖယ်ရှား လွတ်မြောက်ရာလမ်းများကို ရှာကြံ တတ်ကြသည်။

အနန္တစကြဝဠာအတွင်းမှ ဟိတ်ဘန်ခိုး အစွမ်းသတ္တိများကို မိမိ၏ စိတ်စွမ်းအင်ဖြင့် လှမ်း၍ ဆွဲငင်ယူကာ ခန္ဓာကိုယ်တွင် ဖြန့်ဖြူးပျံ့နှံ့စေလျက် မကောင်းသော အနိဋ္ဌာရုံများကို ဖယ်ရှား ပစ်နိုင်ကြသည်။

အချို့မှာ ဂန္ဓာရီ လောကီအတတ်ပညာများဖြင့် အင်းအိုင် လက်ဖွဲ့၊ ခလှဲ့၊ မန္တာန်များနှင့် ခေတ်ဆင် ခေတ်ရိုက် ဆေးဝါး ကောင်းများကို အသုံးချ၍ မိမိကံကြမ္မာ ကောင်းမွန်အောင် ဖန်တီးကြသည်။ ကျရောက်နေသော ဘေးအန္တရာယ် များကို ဖျက်ဆီးပစ်နိုင်ခဲ့ကြသည်။

မိမိ ကိုယ်စွမ်းဖြင့် မတတ်နိုင်သော ကိစ္စရပ်များတွက် အောင်မြင်ထမြောက်စေလို၍ ရတနာဒီပံမီးထွန်းခြင်း၊ အင်းချ၍ ဆောင်ခြင်း၊ လက်ဖွဲ့ထိုး၍ ဆောင်ခြင်း၊ ဂါထာ မန္တာန်များ မန်းမှုတ်ရွတ်ဖတ်ခြင်း၊ ဆေးဝါးများ ထိုးနှံခြင်းစသည့် အကူ အညီအဖြစ် အသုံးပြုကြသည်။

အချို့ကလည်း တမလွန်ဘဝမှ ဝိညာဉ်များဖြစ်သော (၃၇) မင်းနတ်များ၏ ကူညီစောင်မမှုကို ခံယူ၍ မိမိတို့ အကြံအစည် အလုပ်အကိုင်များ အောင်မြင်ရာ အောင်မြင်ကြောင်း စီးပွား လာဘ်လာဘများ တိုးတက်ရာ တိုးတက်ကြောင်း၊ အန္တရာယ် ကင်းကြောင်း ပြုလုပ်ကြသည်။

ဘာသာရေး အယူအားဖြင့် ဥပုသ်သီတင်းများ ရက်ရှည် စောင့်ခြင်း၊ အဓိဋ္ဌာန်များ ဝင်ခြင်း၊ အနန္တောအနန္တ ငါးပါး ဂုဏ်ကျေးဇူးကို နေ့ညမပြတ် ဆည်းကပ်အာရုံပြုခြင်း၊ ဂုဏ်တော် ပွားများခြင်း၊ လက္ခဏာရေးသုံးပါးကို သုံးသပ်နေခြင်း၊ ဗုဒ္ဓ မန္တာန်များကို ပုတီးစိပ်ခြင်း၊ ပရိတ်များရွတ်ဖတ်ခြင်း၊ မေတ္တာ ပို့သခြင်းများ ပြုလုပ်၍ မိမိကံကြမ္မာ အပြောင်းအလဲဖြစ်အောင် ကျင့်သုံး ဆောက်တည်ကြသည်။

အောင်မြင်မှု ရှိမရှိဆိုသော အချက်ကိုမူ တိတိကျကျ အဖြေ ပေးနိုင်သည်။ မိမိ ဆောက်တည်မှုတွင် လုံးဝ ယုံကြည်ခြင်း၊

အကြွင်းမဲ့အားထားခြင်း၊ မြတ်နိုး သဒ္ဓါရှိခြင်းနှင့် ပြည့်စုံလျှင် အမှန်တကယ် အောင်မြင်နိုင်၏။ အောင်မြင် ကြောင်းကိုလည်း တကမ္ဘာလုံး ဘာသာရေးတိုင်းလိုလိုက ဝန်ခံထားသည်။

ဗုဒ္ဓက သည်လောကီ ပညာများကို မမက်မောအောင် ဆုံးမခဲ့ခြင်းကား သံသရာလည်ရာအကြောင်းဖြစ်၍ သံသရာမှလွတ်ရာ မြတ်နိဗ္ဗာန်ကို အလိုရှိအောင် ပယ်ခဲ့ခြင်း ဖြစ်သည်။ သို့သော် သည်ပညာရပ်များ၏ တန်ခိုး တေဇော် အာနုဘော်များကိုမူ ဝိဇ္ဇာမဂ္ဂဒီပနီ အစရှိသည်ဖြင့် ဟောခဲ့သည်။ သည်ကျမ်းဦး အစမှာသည်း ဗုဒ္ဓဟောကြားခဲ့သည့် ဆက္ကနိပါတ်ခရပုတ္တဝဂ်၊ ဝိဇ္ဇာ ရေဇာတ်ကို တင်ပြပြီးခဲ့ပြီ။

အထူးသတိပြုရန်မှာ နိဗ္ဗာန်သို့ တိုက်ရိုက် မရည်စူးနိုင်သေးသော သူတို့သည် သံသရာ တလျှောက် တန်ခိုး မောက်စေရန် ထိုလောကီ ပညာရပ်များကို ဝတ်ကျေ တန်းကျေ မပြုလုပ်ပဲ လေးလေးနက်နက် ဖြူစင်သော မနောဖြင့် လေ့လာ လိုက်စား ထားသင့်ပေသည်။

သည်ပညာရပ်များတွင် မိမိက အကြွင်းမဲ့ ယုံကြည်၍ ဆည်းကပ် ကိုးစားပါသော်လည်း ညွှန်ပြသူဆရာက နည်းလမ်းမမှန်၍ ဖြစ်စေ၊ သီလသမာဓိမရှိ၍ ဖြစ်စေ၊ ကိုယ်တိုင် တကယ်နားမလည်ပဲ ပေါ်ညာဖြီးဖြန်းလှည့်ဖြား၍ ဖြစ်စေ အကျိုးထူး မပေးနိုင်၊ ခရီး မရောက်နိုင်၊ အကျိုးသည်ပင် ပျက်ပြားနိုင်သည်ကိုဆင်ခြင်ရမည်။

ဆရာကအစွမ်းထက်သော်လည်း ခံယူသူက အလွဲသုံးစားနှင့် ဖောက်ပြန်၍ဖြစ်စေ၊ စင်ကြယ်သော ကိုယ်ကျင့်တရား သီလနှင့် တည်ကြည်ခိုင်မြဲသော သမာဓိတရား ခေါင်းပါး နေပြန်လျှင် အကျိုးမရှိနိုင်။

---

စပယ်ဦးစာပေ

လူလိမ်လူညာ ဆရာများကလည်း ပေါလှပါဘိ။ စိတ်ထား မမှန်ကန်သော တပည့်များကလည်း ပေါလှပါဘိ။

အကျိုးရှိအောင် တိုက်ရိုက် ညွှန်ပြရမည် ဆိုလျှင် မိမိ ကိုယ်တိုင်က ဖြူစင်ပါစေ။ အထူးသဖြင့် အပိုင်း(၂)တွင် ဖော်ပြ ခဲ့သော လူ့ကျင့်ဝတ် နှင့်အညီ ရှိစေဖို့လိုသည်။

သည်နောက် သမာဓိအားကို ထူထောင်ရမည်။ အကျင့် စာရိတ္တ တည်းဟူသော ကိုယ်ကျင့်တရားကောင်းက သီလနှင့် ပြည့်စုံလာ၍ သမာဓိအားကို ဖြစ်စေနိုင်၏။သမာဓိအားကောင်း လာလျှင် ပညာဖြစ်စေ၍ အမှားအမှန်ကို ဝေဖန် ခွဲခြားလာ နိုင်သည်။ အဝိဇ္ဇာကိုမြင်၍ ဝိဇ္ဇာဉာဏ်ရလာနိုင်သည်။ လောက ဝိဇ္ဇာဖြစ်လျှင် လောကုတ္တရာဝိဇ္ဇာဖြစ်ဖို့ မဝေးလှပြီ။

သမာဓိ ထူထောင်ဖို့ အတွက် သီလရှိဖို့လိုသလို အကူ လေ့ကျင့်ခန်းအဖြစ် သမထထိုင်ခြင်း၊ ပုတီးစိပ်ခြင်း ဖြင့်လည်း သမာဓိကို ထူထောင် နိုင်သည်။ သည်နေရာတွင် သူတပါးကို အားကိုးဖို့မလို၊ မိမိ၏ကျင်လည်ခဲ့ရာ သံသရာတလျှောက်လုံးတွင် ဖြစ်ခဲ့သော အနန္တောအနန္တ ဂုဏ်ကျေးဇူးများကို အောက်မေ့ လျက် စွဲစွဲမြဲမြဲကျင့်ကြံအားထုတ်သွားလျှင် အောင်မြင်နိုင်သည်။

အနှောင့်အယှက် ဆိုသောအချက်ကို ကြောက် စရာမလို။ သူတော်ကောင်း အလုပ် လုပ်နေလျှင် အမှန်ဘက်က ကူညီ ဖြေရှင်းပေးမည့်သူများ ရှိနေကြသည်။ သာသနာစောင့်၊ သစ္စာ တရားစောင့်နတ်တွေရှိသည်။မကောင်းမှုပြုရာတွင်သာ ကြောက် ရမည်။ နှောင့်ယှက်နိုင်သည်။ အချို့ ဆရာများက စားပေါက် ထွင်၍ ကူညီပေးမည်ဟုဆိုသည်။ မိမိက လောဘဘက် အလိုက်

မှားလျှင် ခံရမည်။ ကိုယ်လုပ်မှကိုယ်ရမည်။ ကိုယ့်ကိုယ်ကို အားကိုးမှ ကိုယ်အောင်မည်။

ထို့ကြောင့် ရဟန်းရှင်လူတို့အား အန္တရာယ် အပေါင်းမှ လွတ်ကင်းအောင် မုံရွေးဇေတဝန်ဆရာတော် ညွှန်ကြားခဲ့သော ဂုဏ်တော်ကိုးပါး ပုတီးစိပ်ခြင်းကို အထိုက်အလျောက် အားကိုးဖို့ ပဏာမတင်ပြလိုက်ရပေသည်။

ဆရာတော်၏ လမ်းစဉ်မှာ ဂုဏ်တော်ကိုးပါးကို စွဲမြဲစွာ ပွားများပြီးအမြဲအစဉ်ဒွာန်နှင့် နေ့စဉ်စိပ်သွားလျှင် ကပ်သုံးပါးနှင့် ရန်သူမျိုး ငါးပါး ဘေးမှ အမှန် လွတ်မြောက်နိုင်ကြောင်း၊ အသက် စည်းစိမ်ဥစ္စာများသာမက ကြက်သရေမင်္ဂလာနှင့်လည်း ပြည့်စုံနိုင်ကြောင်း ရဲရဲဝံ့ဝံ့ အာမခံပေးခဲ့သည်။ သို့သော်ဂုဏ်တော် ကိုးပါး ပွားများအားထုတ်ရာတွင် ကျွဲ၊ နွားတို့၏ အသားကို လုံးဝမစားဖဲ ရှောင်ကြဉ်ကြဖို့ အထူးမှာကြားခဲ့သည်။

## ရာဇသိဒ္ဓိ လမ်းညွှန်

ရွှေဘိုမြို့နယ် မုဆိုးချုံရွာသား လယ်သမားကြီး ဖြစ်သူ ဦးအောင်ဇေယျသည် မိဘများလက်ထက်ကစ၍ မိမိလက်ထက် တိုင်အောင် တောင်ယာလုပ်ခြင်းဖြင့် အသက်မွေးခဲ့သည်။

အလုပ်ကို ပင်ပန်းစွာလုပ်ကိုင်ရသော်လည်း နေ့စဉ် ဝတ်မပျက် ဗုဒ္ဓဂုဏ်တော်ကို အခေါက်ပေါင်း (၁၀၀၀)ထက်မနည်း ရွတ်ဖတ်ပုတီးစိပ်၍ ဟံသာဝတီပါမင်းလက်ထက်တွင် ရွာစားကြီး ရာထူးကို ရခဲ့သည်။

---

စပယ်ဦးစာပေ

ထိုသို့ လက်ငင်းအကျိုးပေး၍ ရွာစားကြီး ရာထူးကို ရသော်လည်း စည်းစိမ်ယစ်ပြီး မေ့လျော့ခြင်းမရှိ၊ ရှေးကထက် တိုး၍ ဂုဏ်တော် (၉) ပါးကို ယုံကြည်စွာ အားထားလျက် ပုတီးစိပ်မြဲ စိပ်ခဲ့သည်။

သည်တွင် ရာထူးစည်းစိမ်ထပ်၍တိုးပြီး မုဆိုးချုံ ဝန်မင်းဟူသောနာမည်သတင်း ကျော်စောခြင်း၊ ဩဇာအာဏာတိုးတက်ခြင်း၊ လူချစ်လူခင် ပေါများခြင်းရှိလာကာ မြန်မာတို့နှင့် တကွ ၉၉-စော်ဘွား၊ ယိုးဒယားပြည်၊ တနင်္သာရီ၊ ရေး၊ ဘိတ်၊ ထားဝယ်၊ ရခိုင်၊ မဏိပူရ၊ အာသံစသော အရပ်ဒေသ တိုင်းပြည်များကိုပါ အာဏာ အုပ်စိုးရသော ရှင်ဘုရင်ကြီး ဖြစ်လာခဲ့သည်။

ထို့ကြောင့် ဂုဏ်တော်ကိုးပါးသည် ရှင်ဘုရင် ဖြစ်စေတတ်သော ရာဇာသိဒ္ဓိ ဆေးကြီးဟု မုံရွေးဇေတဝန် ဆရာတော်က ဩဝါဒပေးခဲ့သည်။

## စည်သူကျော်ထင်

အင်းဝမြို့ ရှမ်းမင်းသိုဟံဘွား လက်ထက် လောကကာစ၍ စလင်းမြို့ကို စားရသော စလင်းစည်သူကျော်ထင်သည် ဗုဒ္ဓဂုဏ်တော်ကိုးပါးကို အမြဲ အခေါက်ပေါင်း တထောင်ထက်မနည်း ပုတီး စိပ်ခဲ့သဖြင့် စစ်တိုက်တိုင်း အနိုင်ရသည်ဟု မှတ်တမ်းတွေ့ရသည်။

သူသည် အခြားသော ကိစ္စ ဝိစ္စများ ဘယ်လောက်ပင် ကြုံတွေ့နေရစေကာမူ အချိန် မှန်ကန်စွာ ဝတ်ထားပြီး တနေ့

မပြတ် ဂုဏ်တော် တထောင် စိပ်ခဲ့သည့်အတွက် စလင်းမြို့စား ဘဝမှသည် စစ်ကိုင်းမင်း ဖြစ်လာခဲ့သည်။

ထိုသို့ စစ်ကိုင်း ဘုရင် ဖြစ်လာသော်လည်း ဂုဏ်တော်ပုတီး ကို လက်မလွှတ်ခဲ့ပေ။ ဆင်းရဲသား ဘဝမှသည် စလင်းမြို့စား ဖြစ်ခဲ့ရခြင်း၊ မြို့စားဘဝမှသည် ရှင်ဘုရင်ဖြစ်လာရခြင်း စသည့် အကျိုးကျေးဇူးများကား အနန္တတန်ခိုးရှင် ဗုဒ္ဓ၏ ဂုဏ်တော် ကိုးပါး ပုတီးစိပ်၍ ရရှိခံစားရခြင်းဖြစ်ကြောင်း ယုံကြည်သက် ဝင်ကာ နေ့စဉ် အခေါက်ပေါင်းတထောင်ကျော် စိပ်မြဲစိပ်လာ ခဲ့သည်။ သို့ဖြင့် အင်းဝ နေပြည်တော်ကြီးကို အုပ်စိုးရသော မင်းကေရာဇ်ကြီး ဖြစ်လာခဲ့လေသည်။

## ကွမ်းဆော်မင်း

သက္ကရာဇ် ၃၂၆-ခုလောက်က ပေါက္ကံပြည် စလေ ငခွေး မင်းလက်ထက် ကြောင်ဖြူအရပ်တွင် ဆင်းရဲပင်ပန်းစွာ ဘုရင်၏ ကွမ်းကို ဆော်သြရသော အလုပ်ဖြင့် အသက် မွေးလာခဲ့ရာ တနေ့တွင် စောင်ချမ်းပင်စောင့် ရုက္ခစိုးနတ်က....

"အသင် ဘုန်းကြီး၍ အသက်ရှည်လိုသော် သရဏဂုံသုံးပါး နှင့် ငါးပါးသီလကို မြဲစွာဆောက်တည်လော့၊ သမာဓိ၊ ကာတိ သစ္စာကို ကောင်းစွာ သုံးပြီး အနုဿတိ ဆယ်ပါးကို တနေ့ နှစ်ထောင်ရအောင် ပုတီးစိပ်လေ"ဟု ညွှန်ကြားခံရ၏။

ရုက္ခစိုးနတ် ပြောသည့်အတိုင်းဆောင်ရွက်လာခဲ့ရာ မကြာမီ ပေါက္ကံပြည်ကို အုပ်စိုးရသော ရှင်ဘုရင်ဖြစ်လာခဲ့သည်။ မုံရွေး ဇေတဝန်ဆရာတော်ကပင် အမိန့်ရှိခဲ့ဖူးသည်။

---

## ဒေဝတာ-ပီယဆေး

စစ်ကိုင်း ဒိုးတွဲတိုက်၊ မြင်းမူပိုင် ပဲတောင့်ရွာအနီး၌ ကျန်စစ်မင်းသား တည်ထားကိုးကွယ်ခဲ့သော တန်ခိုးကြီး ရွှေရင်နာဘုရားရှိသည်။

ထိုစေတီကြီးအနီးတွင် ဘုန်းတော်ကြီး တပါးသည် ဘုရားဝေယျာဝစ္စများထိန်းသိမ်းကွပ်ကဲကြပ်မတ်ပြီး ဝတ်ကြီးဝတ်ငယ်မပျက် သီတင်းသုံးနေသည်။

ယင်းသို့ သီတင်းသုံးယင်း ဂုဏ်တော်ကိုးပါးကို နေ့တိုင်းပုတီးပတ်တထောင်ရအောင်စိပ်နေ၏။ပုတီးစိပ်ပြီးလျှင် ဝေနေယျသတ္တဝါတို့အား အမျှအတန်း ပေးဝေ၏။

ဘုရားအနီးရှိ မန်ကျည်းပင်စောင့် ရုက္ခစိုးနတ် တပါးသည် နေ့စဉ်ထာဝရ နတ်၌ဖြစ်သော ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းနေသည်။

သကြိန်အကြတ်နေ့ တကြိမ်၊ ဝါဆိုလပြည့်နေ့ တကြိမ်၊ သီတင်းကျွတ် လပြည့်နေ့တကြိမ်၊ တနှစ်လျှင် သုံးကြိမ်မှန်မှန် ထီး၊ ဖိနပ်၊ သပိတ်၊ ပရိက္ခရာရှစ်ပါး အစုံအလင်နှင့် တကွ တိစီဝရိတ် သက်န်းတို့ကိုပါ လှူဒါန်းလျက် အမြဲ လုပ်ကျွေးခဲ့ဖူးကြောင်း ရှေးဟောင်းစာများတွင် တွေ့ရသည်။

ထို့ကြောင့် ဂုဏ်တော်ကိုးပါးသည် နတ်များပင် ကြည်ညိုစေတတ်သော ဒေဝတာပီယ ဆေးကြီးဟုလည်း ခေါ်ဆိုနိုင်သည်။

---

စပယ်ဦးစာပေ

## သီဟိုဠ်မှ ကိုရင်လေး

သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိ မင်းကြီးလက်ထက် မဟာစေတီတော်ကြီးကို တည်စဉ်က ကိုရင်လေးတပါးသည် ဘုရားမြေမ်းပေါ်သို့တက်၍ ကြည့်ရာမှ လိမ့်ကျသွားသည်။

အောက်သို့ရောက်လျှင် ပွဲချင်းပြီး သေလောက်သော်လည်း လိမ့်ကျစဉ်က ဂုဏ်တော်ကို အောက်မေ့ ဆင်ခြင်မိသဖြင့် မူးခြင်း၊ သတိလစ်ခြင်း၊ နာကျင် လောက်အောင် ပွန်းပဲ့ခြင်း မဖြစ်ပဲ ချမ်းသာရ ရခဲ့ဖူးသည်။

## မဋ္ဌကုဏ္ဍလိ

သာဝတ္ထိပြည်၌ မည်သည့်အခါကမှ လှူဒါန်းခြင်း မရှိခဲ့ဖူးသော အဒိန္နပုဗ္ဗကပုဏ္ဏား သူဌေးကြီး၏သား မဋ္ဌကုဏ္ဍလိခေါ်သော သူငယ်ကလေးသည် မမာမကျန်းဖြစ်ကာ သေလေ၏။

ယင်းသို့ သေရာတွင် အပါယ်ကျတော့မည့်ဆဲဆဲ မြတ်စွာဘုရား၏ဂုဏ်တော်ကို အာရုံပြုမိလိုက်သဖြင့် သေသည်၏အခြားမဲ့၌ တာဝတိံသာ နတ်ပြည်တွင် ကြီးကျယ်ခန့်ညားလှသော နတ်ဗိမာန်ကြီးဖြင့် တန်ခိုးကြီးသော နတ်သားအဖြစ် ခံစားနေရလေသည်။

## ဝက္ကလိ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည်သား ဝက္ကလိဆိုသူသည် အလွန်စိတ်ညစ်လှသဖြင့် ပွဲချင်းပြီးတခါတည်းသေစေ

ရန် ဂိဇ္ဈကုဋ်တောင်ထိပ်ပေါ်သို့တက်၍ အလွန်တရာနက်သော ချောက်ကြီးထဲသို့ ခုန်ချလိုက်၏။ ယင်းသို့ ခုန်ချယင်း ဘုရားဂုဏ်တော်ကို အောက်မေ့မိသဖြင့် မသေရုံမျှမက နောက်ဆုံး ရဟန္တာပင် ဖြစ်သွားလေသည်။

ထိုသို့ ဂုဏ်တော်ကိုးပါးကို ယုံကြည်စွာ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်း ပြုလုပ်သောသူသည် လောကမှာလည်း ကောင်းစား၊ သံသရာမှာလည်း ကောင်းစားနိုင်သဖြင့် မပြတ်ပွားများအားထုတ်သင့်လှပေသည်။

အချို့မှာ ပုတီးစိပ်နည်း မမှန်ကန်ပဲ စိပ်နေကြသဖြင့် အကျိုးမများပဲ အချိန်ကုန်လုပန်း ဖြစ်ရတတ်သည်ကို သတိပြုသင့်သည်။

အချို့က ဂုဏ်တော်ကိုစိပ်ရာတွင် (ဣတိပိသော)ပုတီးတလုံး၊ (ဘဂဝါ)ပုတီးတလုံး၊ (အရဟံ သမ္မာသမ္ဗုဒ္ဓေါ) ပုတီးတလုံး စသည်ဖြင့် အမှားမှားအယွင်းယွင်း စိပ်တတ်ကြသေး၏။

မူလ ရည်ရွယ်ချက်ကောင်း၍ နတ်လူသာဓုခေါ်သော်လည်း အဖြတ်အတောက် မှားယွင်းနေ၍ အကျိုးရှိတန်သလောက် မရှိနိုင်ပေ။

ထို့ကြောင့် ပုတီးစိပ်တော့မည်ဆိုလျှင် သတိပြုစရာ အချက်တို့ကို သိမြင်သဘောပေါက်ထားဖို့လိုသည်။

ပုတီးစိပ်ရာတွင်....

၁။ အရွတ်အဖတ် ဌာန်ကရိုဏ်းကျနရမည်။

၂။ အဖြတ်အတောက် မှန်ကန်ဖို့လိုသည်။

၃။ အဓိပ္ပာယ် သိရမည်။

---

စပယ်ဦးစာပေ

၄။ သီလ လုံခြုံရမည်။

၅။ ဂုဏ်တော်ကို ယုံကြည်ရမည်။

၆။ ပဥ္စာနန္တရိယကံ လွတ်ရမည်။

၇။ တနေ့ မည်မျှရအောင် စိပ်ရမည်ဟု အဓိဋ္ဌာန်ပြုရမည်။

၈။ ကျွဲ-နွားတို့၏အသားမစားပဲ ရှောင်ခြင်း(တတ်နိုင်လျှင် သားငါး လုံး၀ မစားပဲ ရှောင်နိုင်က ပို၍ ခရီးရောက် မြန်သည်။)

၉။ မိဘဆရာ ရိုသေခြင်း။

၁၀။ သတ္တ၀ါများအပေါ် မေတ္တာထားနိုင်ပြီး အမျှပေးဝေ ခြင်းဖြင့် ပို၍ အကျိုးများနိုင်သည်။

ပုတီးစိပ်ရာတွင် ဆူညံသောနေရာကို ရှောင်ပြီး တိတ်ဆိတ် ငြိမ်သက်ရာ နေရာ၌ မျက်စိမှိတ်၍စိပ်လျှင် အမြန်ဆုံး ထင်လွယ် မြင်လွယ်ကာ လောကီလောကုတ် အကျိုးကျေးဇူးများ ဖြစ်ထွန်း နိုင်သည်။

၁၀၈ လုံးပြည့် ပုတီးကို အသုံးပြုခြင်းသည် အကောင်းဆုံး ဖြစ်၏။ နဝင်းကျော်၏။ ဂြိုဟ်သက်စေ့၏။

ဂြိုဟ်သက်မှာ....

| | | |
|---|---|---|
| တနင်္ဂနွေ | .... | ၆ နှစ် |
| တနင်္လာ | .... | ၁၅ နှစ် |
| အင်္ဂါ | .... | ၈ နှစ် |

ပေယ်ဦးစာပေ

| | | | |
|---|---|---|---|
| ဗုဒ္ဓဟူး | .... | ၁၇ | နှစ် |
| ကြာသပတေး | .... | ၁၉ | နှစ် |
| သောကြာ | .... | ၂၁ | နှစ် |
| စနေ | .... | ၁၀ | နှစ် |
| ရာဟု | .... | ၁၂ | နှစ် |

ပေါင်း ၁၀၈ နှစ် ဖြစ်သည်။ ဗုဒ္ဓ၏ ခြေတော်ရာ စက်သည် ၁၀၈ ကွက်ရှိသည်။

အန္တော၊ ဂဗ္ဘော၊ စရေ၊ ဝံသေ ဟူသော ခတ်ဖက်များ။ ဥဝေ၊ စံကူး၊ ရေဘူး၊ တောသူ ဟူသော ရန်ဘက်များ။ အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း ဟူသော မိတ်ဘက်များသည် ၁၀၈ နဝင်းများပင် ဖြစ်ကြသည်။

'နဝင်းကျေလျှင် ဆေး'ဟု လောကီ ဆရာများ မိန့်ကြားသွားသည်။

ဂုဏ်တော် ကိုးပါး မပွားမိ ဗုဒ္ဓဘာသာ အမျိုးကောင်းသားသမီးတို့သည် ငါးပါးသီလကို ယူကြရသည်။

အချို့မှာ ငါးပါးသီလကို မှန်ကန်စွာ မယူတတ်ကြ၍ အလွယ်တကူရစေရန် ဖော်ပြလိုက်ရပေသည်။

## ဘုရားကန်တော့ရန်

(ဩကာသ-၃) ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ၊ ပထမ၊ ဒုတိယ၊ တတိယ၊ တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မြောက်

အောင်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာ မြတ်သုံးပါးတို့ကို၊ အရိုအသေ၊ အလေးအမြတ်၊ လက်အုပ်မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့်၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပ္ပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း၊ ကင်းလွတ်ငြိမ်း၍၊ မဂ်တရား ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## ငါးပါးသီလ ခံယူခြင်း

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ.................. ဆက်ဆိုရန်။

တတိယမ္ပိ အဟံ ဘန္တေ..................ဆက်ဆိုရန်။

အာမ ဘန္တေပါ အရှင်ဘုရား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃-ခေါက်ဆိုရန်။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ...............ဆက်ဆိုရန်။

တတိယမ္ပိ...............ဆက်ဆိုရန်။

---

စပယ်ဒီးစာပေ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ
သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ
သမာဒိယာမိ၊

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ
သမာဒိယာမိ၊

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ
သမာဒိယာမိ၊

အာမဘန္တေပါ အရှင်ဘုရား။

ငါးပါးသီလ ခံယူပြီးနောက် ဂုဏ်တော်ကိုးပါး ပုတီးစိပ်
တော့မည်ဆိုလျှင် အောက်ပါအတိုင်း ပုတီးတလုံးစီချနိုင်သည်။

| | |
|---|---|
| ၁။ အရဟံ | ပုတီးတလုံး |
| ၂။ သမ္မာသမ္ဗုဒ္ဓော | ။ |
| ၃။ ဝိဇ္ဇာစရဏ သမ္ပန္နော | ။ |
| ၄။ သုဂတော | ။ |
| ၅။ လောကဝိဒူ | ။ |
| ၆။ အနုတ္တရော ပုရိသ ဓမ္မသာရထိ | ။ |
| ၇။ သတ္ထာဒေဝ မနုဿာနံ | ။ |

ဂ။ ဗုဒ္ဓေါ ပုတီးတလုံး

ဇ။ ဘဂဝါ ။

မှတ်ချက်။ ဂုဏ်တော်ကို တခါတည်း ကိုးပါးလုံးကို ပေါင်း၍ဖြစ်စေ၊ တပါးစီ ခွဲခြား၍ဖြစ်စေ၊ စိပ်နိုင် ပွားနိုင်သည်။

## ဂုဏ်တော်ကိုးပါး ကွန်ချာစိပ်နည်း

၁။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ။ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

၂။ အရဟံ၊ သမ္မာ သမ္ဗုဒ္ဓေါ။ ဝိဇ္ဇာ စရဏ သမ္ပန္နော။ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

၃။ အရဟံ၊ သမ္မာ သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သုဂတော။ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာ သမ္ဗုဒ္ဓေါ၊ အရဟံ။

၄။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ။ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

၅။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ။ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သမ္မာ သမ္ဗုဒ္ဓေါ၊ အရဟံ။

၆။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မ သာရထိ၊ သတ္ထာဒေဝ မနုဿာနံ။

သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရောပုရိသဓမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

၇။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ ဓမ္မ သာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ။

ဗုဒ္ဓေါ၊ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

၈။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မ သာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသဓမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာ စရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

၉။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဓမ္မသာ ရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ အရဟံ။

---

အရဟံ၊ ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္ထာဒေဝ မနုဿာနံ၊ အနုတ္တရောပုရိသဓမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

မှတ်ချက်။ ။ဂုဏ်တော်ကို တပိုဒ်လျှင် ပုတီး တလုံးကျ စိပ်ရမည်။ ဂုဏ်တော် တပုဒ် ဆံုးက ၁၀၈-လုံးရှိ ပုတီးတပတ် ရပေလိမ့်မည်။

သည်နည်းအတိုင်း နေ့စဉ် ပုတီးစိပ်သွားလျှင် မကြာမီ အတွင်း အတိတ်ထူး နိမိတ်ထူးများ တွေ့ရှိ ကပ်ကြီးသုံးပါး ကျော်နင်းနိုင်ပေလိမ့်မည်။

## အဓိပ္ပာယ်ဖွင့်ချက်

၁။ အရဟံ-လူနတ်ပြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။မကောင်းမှုပြုရာ၌ ဆိတ်ကွယ်ရာအရပ်မရှိသော မြတ်စွာဘုရား၊ ကိလေသာ၊တဏှာ၊ရာဂများကို ပယ်ဖျက်သုတ်သင်ကင်းရှင်းနိုင်တော်မူသော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ-သဗ္ဗညုတဉာဏ်၊ အလုံးစုံ သော တရားအပေါင်းကို သိမြင်တော်မူပြီးလျှင် သဗ္ဗညုတဉာဏ်တော်ကြီးကို ရတော်မူသော မြတ်စွာဘုရား။

ဓပယ်ဦးစာပေ

၃။ ဝိဇ္ဇာစရဏသမ္ပန္နော - ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ သုဂတော-ကောင်းသော စကားကိုဆိုတော်မူတတ်ပြီးလျှင်၊ နိဗ္ဗာန်သို့ ကြွသွားတော်မူသော မြတ်စွာဘုရား။

၅။ လောကဝိဒူ - သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက၊ လောက သုံးပါးတို့ကို အလိုလိုထုတ်ခြင်းပေါက် သိမြင်တော်မူသော မြတ်စွာဘုရား။

၆။ အနုတ္တရော ပုရိသ ဓမ္မသာရထိ-အလွန်တရာ တန်ခိုးကြီးသော လူယောကျ်ား၊နတ်ယောကျ်ား၊တိရစ္ဆာန်ယောကျ်ားတို့အား မယဉ်ကျေး ယဉ်ကျေးအောင်ဆုံးမတော်မူသော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ - လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်အားထားစရာ ဆရာသခင်ကျေးဇူးရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓော-ဒုက္ခသစ္စာ။ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင် တော် မူ ပြီး လျှင်သူတပါးအားလည်း သိမြင်စေအောင် ဟောကြားတော်မူနိုင်သော မြတ်စွာဘုရား။

---

စပယ်ဦးစာပေ

၉။ ဘဂဝါ-ဘုန်းတော်ခြောက်ပါး၊ ရောင်ခြည်တော် ခြောက်သွယ်အစုံတို့ဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဤသို့ အရဟံအစ-ဘဂဝါအဆုံး ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တ၊ ဘုန်းတော်အနန္တ၊ ပါရမီတော်အနန္တ၊ ကျက်သရေမင်္ဂလာတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးကြီးတော်မူသော အတုမရှိ မြတ်စွာဘုရားသခင် ကိုယ်တော် အရှင်မြတ်ကြီးကို သက်တော်ထင်ရှား ရည်မှန်း၍ ကျွန်ုပ်၏ ရုပ် နာမ် နှစ်ပါးဖြင့် သဒ္ဓါရိုကျိုး လက်စုံမိုးလျက် အကြိမ်ကြိမ်ရှိခိုးပါ၏ အရှင်မြတ်ဘုရား။

**မှတ်ချက်။** ။ဘုရား ရှိခိုး တိုင်း ထိုသို့ဆို၍ ရှိခိုးလျှင် မျက်စိထဲ၌ မြတ် စွာ ဘု ရား သက် တော် ထင်ရှား ပေါ်လာနိုင်သည်။

### အကျိုးကျေးဇူး

၁။ ‘အရဟံ’ ဂုဏ်တော်ကို ပုတီးစိပ်က လာဘ်ရွှင်မည်။ စီးပွားတိုးတက်မည်။

၂။ ‘သမ္မာသမ္ဗုဒ္ဓေါ’ကို ပုတီးစိပ်က အကြံဉာဏ်တိုးတက်မည်။

၃။ ‘ဝိဇ္ဇာစရဏ သမ္ပန္နော’ကို ပုတီးစိပ်က အတတ်ပညာ တိုးပွားမည်။

၄။ ‘သုဂတော’ကို ပုတီးစိပ်က စကားပြောကောင်းမည်၊ စကားအရာမှာ အနိုင်ရမည်။

၅။ ‘လောကဝိဒူ’ကို ပုတီးစိပ်က လောက၌ ထင်ပေါ် ကျော်စောသော ပညာရှိကြီး ဖြစ်ရတတ်သည်။

၆။ ‘အနုတ္တရောပုရိသဓမ္မသာရထိ’ကို ပုတီးစိပ်က အတုမရှိသော လူထူးလူချွန် ဖြစ်မည်။ သူတပါးနှင့် ဘာကိုပင် ပြိုင်ပြိုင် မိမိက အနိုင်ရမည်။

၇။ ‘သတ္ထာဒေဝမနုဿာနံ’ကို ပုတီးစိပ်က သူတပါးအပေါ်မှာ မိမိက ပြောဆိုသော စကား အောင်ရာသည်။ အာဏာတည်သည်။

၈။ ‘ဗုဒ္ဓေါ’ကို ပုတီးစိပ်က သမ္မာသမ္ဗုဒ္ဓေါနှင့် ဒွေ့ကျြား တူ၏။

၉။ ‘ဘဂဝါ’ကို ပုတီးစိပ်က ဘုန်းကြီးခြင်း၊ အသက်ရှည်ခြင်း ဖြစ်တတ်သည်။

ယင်း ဂုဏ်တော် တို့ကို ပွား များ အား ထုတ် ၍ တနေ့ တထောင်ထက်မနည်းအောင် ပုတီးစိပ်လျှင် ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်းကင်း၍ ကပ်သုံးပါးမှလွတ်မည်။ ရန်သူမျိုးငါးပါးမှ လွတ်ကင်းမည်။ လောက၌ ဒိဋ္ဌဓမ္မအကျိုး ရရှိခံစားနိုင်မည်။

နောင်သံသရာ၌လည်း အပါယ်လေး ဘုံမှ လွတ်ကင်း၍ ကောင်းရာဘုံသို့ ရောက်နိုင်သည်။

---

## အောင်ခြင်းချုပ် သည်းချေဂါထာ

မာရံ အာဋ္ဌာဝကံ ကတ္ထိံ၊ အင်္ဂုလိမာလ စိဉ္စကံ
သစ္စကံ နာဂရာဇဉ္စ၊ ဗကံဇနိဝရဇာသာ
တဿမေ သဗ္ဗဒါသိယံ၊ ဘဝတု ဇယမင်္ဂလံ။

## အနက်အဓိပ္ပာယ်

သောယာသိသောအကြင်သို့သဘောရှိတော်မူသော။ဇိနော၊ ဒေဝပုတ္တ စသည့်အပြား မာရ်ငါးပါးကို၊ ဒုတ်၊ ခေး၊ မဆောင်ကြိုးမနှောင်ပဲ၊ အောင်ပွဲသခင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။မာရံ၊ ဂိရိမေခလာမည်သာခေါ်တွင် နတ်ဆင်ပြောင်ကြီး၊ တက်ခါစီးလျက် မြည်ဟီးရိုက်ဟုန် မြေကြီးတုန်မျှ၊ ဗိုလ်ပုံအုတ်ကျက်၊ နတ်ရဲမက်နှင့်၊ ဝှန်းတက်ချိမ့်ချိမ့် သိမ့်သိမ့်ကြွေကြွ ချဉ်းကပ်လာ၍၊ ရတနာရောင်ရှင် ရွှေပလ္လင်ကို လိုချင်သောအား၊ လုငြားလာတုံ မာန်ဟုန်တက်ပွား၊မာရ်နတ်သားကိုလည်းကောင်း (ဝါ) လက်ရုံးပေါင်းတထောင်ကို ပြည့်စုံအောင် ဖန်ဆင်း၍၊ မုန်ယစ်ခြင်းလွန်စွာနှင့် ဂိရိမေခလာ နတ်ဆင်ကို ကိုယ် တိုင် ပင်တက်စီး၍ အသီးသီးသောလက်နက်ဖြင့် ဟစ်ကြွေးလျက်လာပြီး လျှင် မျက်မာန်ကြီး ဒေါသတွေနှင့် ရွှေဗောဓိရိပ်ခွင်၊ နန်းပလ္လင်ရိပ်သာကို ရသာမည်ထင်မှတ်၍ ချဉ်းကပ်ခါ စစ်ပြုမှားသော မိုးနတ်သား မာရ်နတ်မင်းကိုလည်းကောင်း။

အာဋ္ဌာဝက မျက်မာန်ဒေါသ၊ ထောင်းထောင်း ထလျက် ညဥ့်သုံးယံလုံး၊ ဟစ်ကြုံးဝါးကာ၊ ကိုးဖြာကိုးချက်၊ ကိုးလက်နက်နှင့် စစ်ဘက်နိုင်းစွာ နတ်အာဋ္ဌာဝက အမည်ရသည့်၊ ယက္ခစွယ်ပြူး ထိုဘီလူးကိုလည်းကောင်း၊ (ဝါ) ကြမ်းတမ်းသောစိတ်မာန်ဖြင့် ငါ့အုံပုံဆောင်ရဝေဝယ် စံနေသင့်သလောဟု၊ ဒေါသတွေ့တက်လှံ့လျက်၊ ညဥ့်သုံးယံကုန်းခန်းအောင်၊ ကိုယ်စွမ်းကိုအားကိုး၍၊ အမျိုးမျိုးသောလက်နက်နှင့် အချက်ချက်ပစ်လွှတ်၍၊ အထပ်ထပ်စစ်ထိုးသောဘီလူးဆိုး အာဋ္ဌာဝကကိုလည်းကောင်း။

ဟတ္ထိ၊ ကြွကြွမာန်ဟုန် ယစ်သည့်မုန်နှင့်၊ သံစုံရိုက်ထစ်ကြုံးမြည်ဟစ်၍ နတ်စစ်မိုးကြိုး၊ လောင်မီးမျိုးကဲ့သို့၊ ဆိုးသွမ်းရုန့်ကြမ်းညစ်ညမ်းလှစွာနာဠာဂီရိဟတ္ထိမာတင်မင်းစီးဆင်ကိုလည်းကောင်း (ဝါ) မုန်ယစ်သည့်အရှိန်နှင့် ဝရဇိန်လက်နက်ကြီး၊ နတ်လောင်မီးတမျှ ကြမ်းကြုတ်လှသော အမူအရာ၊ ရုန့်ရင်းစွာသောအသွင်အပြင်ဖြင့်၊ တော်ပဲ့တင်သံသည်းအောင်၊ ပြင်းထန်စွာမြည်ဟီးလျက် တဟုန်တည်း ရှေးရှုကာ၊ ကြောက်စရာပုံပြ၍၊ ရှေ့တော်ဝမျက်မှောက်သို့၊ ဝင်ရောက်လာတုံ၊ မာန်ဂုဏ်ကြီးစွာ၊ နာဠာဂီရိဆင်ပြောင်မာတင်ကိုလည်းကောင်း၊

အင်္ဂုလိမာလဥ္စ၊ မြိုင်ခွင်တောရိုး၊ ခိုးနှုန်းလျှိုး၍လက်ညှိုးပေါင်းတထောင်၊ ယူဆောင်အံ့ငြာ၊ လူတကာကို၊ လာတိုင်းမလတ်၊ ဖမ်း၍သတ်သည်၊ မည်မှတ်ခေါ်ထ အင်္ဂုလိမာလ၊ စောရမည်မှန်းခိုးသူကြမ်းကိုလည်းကောင်း (ဝါ) လက်ညှိုးပေါင်းတထောင်ကိုပြည့်စုံအောင် ယူမည်ဟု၊ မှတ်ယူကာ ရွယ်ကိုးလျက် မြိုင်ရိုးတောစောင်း၊ ခိုဝင်အောင်း၍ လူပေါင်းတွေ့သမျှ၊ ထက်လှသော

သံလျက်ဓားနှင့် လက်ဖျားကိုဖြတ်ယူကာ ပန်းပမာသီကုံးလျက် တစီတလျဉ်၊ ခိုးသူကြီးကို လည်းကောင်း။

စိဋ္ဌကံ၊ သန္ဓေရင့်လှ မိန်းမအသွင် ယူဆောင်ဆင်လျက်၊ ချစ်ရှင်ထွဋ်ဘွား တရားဟောရာ၊ ဝင်ခဲ့လာ၍ ယုတ်မာညစ်ညမ်း ဇွကားကြမ်းနှင့် နှုတ်စွမ်းရဲရဲ စွပ်စွဲဆိုလာ စိဋ္ဌမာနကိုလည်း ကောင်း (ဝါ) ပရိသတ်လေးဖော်ကို၊ တရားတော်ဟောမိန့်၍၊ ရှင်နှစ်သိမ့် ကြည်ညိုဘွယ်၊ စမ္ပာယ်စဉ်ကာလကို၊ သန္ဓေရကိုယ် ဝန်ဆောင်၊ ဘွားနီးယောင်သဏ္ဌာန်လို စီမံကာပြုလုပ်၍ စုတ်စုတ် ကြီးရဲရင့်စွာနှင့် နှုတ်ဖွာဖွာ ငေါ်တော်တော်နှင့် မလျော်မကြား မကောင်းသော အသံ မခံချင်အောင်စွပ်စွဲခြင်းဖြင့် သတင်းဘော် ပုပ် လာဘ်ကြီးယုတ်အောင် ဟုတ်လေယောင် ဆိုမည်လာသော စိဋ္ဌမာနမိန်းမကိုလည်းကောင်း။

သစ္စကံ၊ ဝါဒတထောင်နှုတ်ရဆောင်၍မာန်ထောင်ကြွားကြွား တဘက်သားကို စကားချုပ်ချယ်၊ နှိပ်နယ်ချင်လှ စိတ်နေကြွ သည့် သစ္စကပရိဗိုဇ်ကို လည်းကောင်း (ဝါ) တထောင်သော ဝါဒနှင့် နှိမ်နင်း၍ ညှဉ်းဆဲလိုသော ဆန္ဒဖြင့် ထောင်လွှားကြိမ်းပ! ဝါကြွားလှသော သစ္စကပရိဗိုဇ်ကို လည်းကောင်း။

နာဂရာဇဥ္၊ အခိုးအလျှံ လွှန့်ပြင်းထန်သည့် နန္ဒောပနန္ဒ တေဇဖောက်ထွင်း၊ နဂါးမင်းကိုလည်းကောင်း (ဝါ)ကြီးမား အဆိပ်အတောက်၊ ကဲမောက်သော စည်းစိမ်၊ ဂုဏ်ရှိန်သတ္တိ၊ နဂိဒ္ဓိဒြပ်ကြောင့် မြတ်စွာဘုရားကိုပင် သေးသေးသင်၍ ရှေ့စင်

ဗဟိုရ် မြင့်မိုရ်တောင်လုံး၊ ပါးပျဉ်းဖုံးလျက် ကိုယ်လုံးခုနစ်ထပ်၊ ရစ်ပတ်သဖြင့်၊ မပြုအပ်မပြုရာ ကြံစဉ်ကာပြုမိမှားသော နဂါးမင်း နန္ဒောပနန္ဒကိုလည်းကောင်း။

ဗကာံ၊ မှားယွင်း ဖောက်ပြန် မိစ္ဆာ ဉာဏ်နှင့် အမှန် စွဲထ အယူခွသည့် ဗကအမည်ရှိသော မိုးဗြဟ္မာ မင်းကိုလည်းကောင်း၊ (ဝါ) မှားယွင်းသော မိစ္ဆာဉာဏ်နှင့်ဖောက်ပြန်ကာ ယူစွဲလျက် ပြောင်းလဲစုံတေခြင်း လွတ်ကင်းသော နိစ္စဓုဝ ကေနံဟု သန်မာသော နှလုံးသားဖြင့် သူတပါးဟောပြောခြင်းငှာ ခက်ခဲလှစွာ သော ဗက ဗြဟ္မာမင်းကို လည်းကောင်း။

အဇိနိ၊ တန်ခိုးစက်ရှိန် ဂုဏ်မဟိန်ဖြင့် ချိုးနှိမ် ပယ်နှင်း ရှင်းလင်းစင်၍ အောင်မြင်တော်မူခဲ့လေပြီ။ တဿ၊ ထိုသို့ ဘုန်းရောင် ပွဲတိုင်းအောင်သည့် ဉာဏ်ရောင် ပဝင်း တရားမင်း၏၊ တေဇသာ၊ ရှစ်ခါရှစ်တန် အောင်ပွဲခံ၍ အောင်လံ ထူပြီး၊မြတ်စောထီး၏ ကြီးသောရွှေစက်၊ ထက်သောအာဏာ၊ ဂုဏ်တေဇာ အာ့မ်းအားဖြင့် မေ၊ မမ ရတနာသုံးရပ်၊ ထွင့်အမြတ်ကို ဝတ်ကပ်လေ့ရှိပါသော အကျွန်ုပ်အား၊ သိဿံ၊ နေ့လ ရက်ရွေး ခါမ တွေးပဲ မနှေးမကြာ ဆောလျင်စွာ ဇယမင်္ဂလံ ကိုယ်တွင်း ကိုယ်ပ ရှိသမျှဘေးဒဏ် ခပ်သိမ်းရန်ကို မကျန်မကြွင်း အောင်မြင်ခြင်း မင်္ဂလာသည်၊ သဗ္ဗဒါ အခါခပ်သိမ်း ဘဝတု ဖြစ်ပါစေသား၊ ဖြစ်ပါစေသော်ဝ်။

အဆိုပါအောင်ခြင်းချုပ် သည်းချေဂါထာတော်ကို ဉာဏ်ရှိသလောက် လိုရာကိုသုံးနိုင်ပါသတည်း။ ။

---

စပယ်ဦးစာပေ

## ရှင်အရဟံ ပုတီးစိပ်နည်း

သုဝဏ္ဏဘုံ၊ မြို့သထုံသို့ ရဟန္တာ မထေရ်မြတ် ရှင်အရဟံ ကြွလာတော်မူစဉ်က ချီးမြှင့်ပေးသနားတော်မူခဲ့သော လောကီ လောကုတ္တရာ နှစ်ဖြာအကျိုးရှိစေမည့် ပုတီးစိပ်နည်းကို တင်ပြ ပါဦးမည်။

စစ်ကိုင်းမြို့တောင်ခြေ တခုသောချောင်၌ အမည် ဘွဲ့နာမ အားဖြင့် မထင်ရှား မကျော်ကြားလိုသော ဆရာတော် တပါး သည် တရားတော်မြတ်ကို အထူးအားထုတ် နေလေသည်။

တနေ့သောအခါ ညနေ ၅-နာရီခန့် အချိန်တွင် အသက် အရွယ်အားဖြင့် ၃၀-ခန့်ရှိ ရုပ်ရည်ရူပကာယ လှပကြော့ရှင်း ဘင့်တယ်သော မိန်းကလေး တဦးသည် ကျောင်းတိုက် ထဲသို့ ဝင်ရောက်လာသည်။

ဆရာတော်သည် ထူးခြားသော မိန်းမချော ကလေးကို အဝေးမှမြင်ခတ္တလိုက်ရုံမျှဖြင့် ဝိသဘာဂ အာရုံဖြစ်၍ စကား ပြောလိုသဖြင့် ကျောခိုင်း၍ မျက်နှာလွှဲကာ ရှောင်ရှားနေတော် မူသည်။

ထိုမိန်းမပျိုလေးလည်း ၃ မိနစ်ခန့်မျှ စောင့်စား နေပြီး နောက် အနီးကပ်ဖူးခွင့် မသာသဖြင့် ခပ်လှမ်းလှမ်းမှပင် ဦးချ ကန်တော့၍ ပြန်သွားရသည်။

နောက်တနေ့ အချိန်မှန်စွာ ရောက်ရှိ လာပြန်၏။ ဆရာ တော်လည်း ရှေးနည်းအတိုင်း ခပ်ရှောင်ဖယ်ဖယ် လုပ်နေသဖြင့်

မိန်းမပျိုမှာ ဘာတခွန်းမျှ လျှောက်ထားခွင့်မကြုံ၍ လက်စုံမိုး ဦးချပြီး ပြန်သွားရရှာပြန်သည်။

မိန်းမပျိုကလည်း ဇွဲမလျှော့၊ ဆရာတော် ကလည်း မူမမပြောင်းပဲ နေ့စဉ် ကြုံဆုံလာခဲ့ရာ ၇-ရက် မြောက်သောနေ့တွင် ဆရာတော်မှာ အတွေးသစ်ဝင်လာသည်။

သည် သူငယ်မသည် အရေးကြီးသည့် အကြောင်းကိစ္စရှိ၍သာ အချိန်မှန်မှန် လာရောက်ဖူးတွေ့နေခြင်းဖြစ်မည်ဟုတွေးကာ နီးကပ်စွာ ဖူးမျှော်ခံလိုက်သည်။

"တကာမလေး ဘာများ လျှောက်ထားစရာ ရှိလို့လဲ"

"အရှင်ဘုရားကို ကြည်ညို၍ ဖူးမြော်ရန် လာခြင်းဖြစ်ပါတယ်ဘုရား"

"အိမ်း....သာဓု....သာဓု....သာဓု"

"ဆရာတော်ဘုရား သက်တော်ဝါတော်များ ဘယ်လောက်ရှိပါပြီလဲဘုရား...."

ဆရာတော်လည်း အသက် သိက္ခာ များကို ပြန်လည်မိန့်ကြားလိုက်သည်။

"နေပါအုံး တကာမလေးရဲ့ အသက်ကောဗျာ"

"တပည့်တော်မ အသက်ကိုတော့ ခန့်မှန်းကြည့်ပါတော့ဘုရား။ သတို့ပြည် မနူဟာမင်းကို ပေါက္ကံရာဇာ အနော်ရထာမင်း သိမ်းယူသော နေ့ဟာ တပည့်တော်တို့ အိမ်ထောင်ကျတဲ့နေ့ပါပဲ ဘုရား"

တကာမလေး၏ လျှောက်ထားချက်ကို ကြားရသော ဆရာတော်မှာ အံ့ဩ၍မဆုံးနိုင်အောင် ဖြစ်မိသည်။ တကာမလေး၏

မျက်နှာကို အကဲခတ်ကြည့်တော့လည်း ရိုးရိုးတည်တည်ငြိမ်ငြိမ်မို့ မဟုတ်ပဲနှင့် လျှောက်ထားမည့် ပုံမျိုးလည်း မဟုတ်ပါလားဟု ထင်မိသည်။

"ဒီလိုဆို တကာမလေးရဲ့ အသက်ဟာ အတော် ကြီးနေပြီပေါ့"

"မှန်ပါတယ် အရှင်ဘုရား"

"ဘယ်လိုဆေးကောင်းဝါးကောင်းများ မှီဝဲရလို့ ဒါလောက် အသက်ရှည်ပြီး နုပျိုနေရတာလဲဗျ"

"ဆေးကောင်း ဝါးကောင်းရယ်လို့တော့ အထူးမမှီဝဲရပါဘူး ဘုရား၊ သထုံပြည်နဲ့ ပေါက္ကံပြည်ကို ရဟန္တာသခင် အရှင်အရဟံ ကြွလာတော်မူစဉ်က ချီးမြှင့်ပေးသနားတော်မူခဲ့တဲ့ ပုတီးစိပ်ကိုပဲ နေ့စဉ် ယုံယုံကြည်ကြည်နဲ့ စွဲမြဲပြီး စိပ်တာပါပဲဘုရား"

"အင်း....ယုံကြည်မှုဟာ တော်တော် အရေးကြီးတာပဲကိုး၊ အေးလေ ဒီ ပုတီးစိပ်ပုံစိပ်နည်း နိဿျည်းကို ဆရာတော်အား လှူလို့ရပါမလား"

"ရပါတယ် ဘုရား၊ တပည့်တော်မ ဆရာတော် ဘုရားရဲ့ အကျင့်သီလကို ကြည်ညိုတာနဲ့ နေ့စဉ်လာရောက်ခဲ့တာ၊ ဒီနေ့ပါ ဆိုယင် ခုနစ်ကြိမ် ရှိပါပြီဘုရား"

"အိမ်း....ဘုန်းကြီးလဲ သတိတော့ထားမိပါရဲ့၊ အချိန်အခါ မကျသေးလို့ ဆိုရမှာပေါ့လေ၊ ကဲ....ကဲ....လှူလို့ ရယင် ဆရာတော်ကတဆင့် ဝေငှရတာပေါ့ဗျာ"

သည်တွင် မိန်းမပျိုလေးက ကြည်လင်၍ နား၀င်ပီယံ ဖြစ်စေသော အသံလေးဖြင့် ရွတ်ဆိုပြလိုက်သည်။

* ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
* ဓမ္မံ သရဏံ ဂစ္ဆာမိ–နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
* သံဃံ သရဏံ ဂစ္ဆာမိ–နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
* ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ–နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
* အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ၊ အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိမုတ္တမံ၊

"ဒီ ငါးပိုဒ်ဆိုးမှ ပုတီးတလုံးချပြီး သက်စေ့အောင် ယုံကြည်စွာ နေ့စဉ်မပြတ် စိပ်သွားပါက အသက်ရှည်ခြင်း၊ ဘုန်းတန်ခိုး အာနုဘော် ကြီးမြတ်ခြင်း၊ ကျက်သရေမင်္ဂလာ တိုးတက်ခြင်း၊ ကြံတိုင်းအောင်၍ ဆောင်တိုင်း မြောက်ခြင်း စတဲ့ လောကီ အကျိုးတရားများနဲ့ လောကုတ္တရာ အကျိုးထူးများကို ရရှိနိုင်ပါတယ်၊ ယုံကြည်စွာ စိပ်တော်မူပါဘုရား"

"ဒါကတော့ ဦးပဉ္ဇင်း မျက်မြင်မို့ မယုံကြည်နိုင်စရာ အကြောင်း မရှိပါဘူးလေ"

"မှန်လှပါဘုရား၊ တပည့်တော်မရဲ့ ခင်ပွန်းဟာ မယုံ့တယုံ စိပ်ခါမျှနဲ့ အသက် တရာ့ငါးဆယ် နေသွားရပါသေးတယ်ဘုရား"

ဒါယိကာမလေးက ရိုသေ၀ပ်တွားလျက် လျှောက်ထားပြီး အထက်ပါ ပုတီးစိပ်နည်းကို လှူဒါန်းလိုက်သည်။

"သင်....ဒါယိကာ မလေးမှာ အခုအခါ အဘယ်ပညာနဲ့ အသက်မွေးမှုပါသလဲ"

ဆရာတော်က ထူးခြားလှသော ဒါယိကာမလေးကို မေးလိုက်သည်။

"တပည့်တော်မမှာ ဆန်ကလေးများကိုရောင်းချပြီး အသက်မွေးပါတယ် ဘုရား"

"အလို-ဆန်တမျိုးထဲ ရောင်းရုံနဲ့ အလုံးစုံ ပြည့်ဝပါရဲ့လား"

ဆရာတော်၏အမေးကြောင့် ဒါယိကာမလေးကပြုံးလိုက်၏။

"ဆန်ကို ရှေးဦးတကြိမ်ပဲဝယ်ရပါတယ်ဘုရား၊ဆန်လဲ လျော့သွားခြင်းမရှိတဲ့အပြင် ဆန်ဝယ်သူတို့ကလဲ ဆန်တန်ဖိုးထက်မကတိုးပေးသွားကြပါတယ်ဘုရား"

"ဒီလိုဆိုတော့လဲ အဟုတ်ကြီးပါလား"

"မှန်လှပါဘုရား၊ ဒါန သီလ ဘာဝနာ အကျိုးဟာ တန်ဖိုးမဖြတ်နိုင်အောင် တပည့်တော်မ ကိုယ်တွေ့မို့ ယုံယုံကြည်ကြည် ပွားများ အားထုတ်ဖို့ အရှင်ဘုရားမှ တဆင့် တိုက်တွန်းပေးပါဘုရား"

"ကောင်းပါပြီဗျာ၊ သာဓု....သာဓု....သာဓု"

ဒါယိကာမလေးသည် ဦးချပြီးနောက် ပြန်သွားလေတော့သည်။ ဆရာတော်မှာ မေတ္တာသုတ်ကိုရွတ်ယင်း ကျေနပ်ပီတိဖြင့်ကျန်ရစ်ခဲ့လေသည်။

ထိုပုတီးစိပ်ကို ယုံကြည်စွာ စိပ်ကြလျှင် ဗုဒ္ဓာ နုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ကမ္မဋ္ဌာန်းကို နေ့စဉ် စီးဖြန်းသည်မည်ခြင်း၊ သရဏဂုံသုံးပါးနှင့် အရဟံဂုဏ်တော်များကို ပွားများအားထုတ်သည် မည်ခြင်း၊ နာမ်-ရုပ် နှစ်ပါးကို သိမ်းဆည်း၍

အနိစ္စ–ဒုက္ခ–အနတ္တ တည်း ဟူသော လက္ခဏာရေး သုံးပါး ဝိပဿနာတရားများကို တိုးပွားသည်မည်သောကြောင့် ကပ်ဆိုး ဘေးဆိုးတို့မှ ကင်းဝေးလွတ်မြောက်နိုင်သည်။

ထို့ကြောင့် ကြီးပြီ ငယ်သေးသည် စသည်ဖြင့် သဘော မထားပဲ ဆုတ်ကပ်၏ အနိဋ္ဌာရုံများကင်းစင်အောင် အားထုတ် သင့်လှပေသည်။

**မှတ်ချက်။** ။အသက်စေ့စိပ်ရမည် ဆိုရာ၌ပုတီးပတ်ရေ ထင်မှတ်ပြီးစိတ်မပျက်လေနှင့်၊ ပုတီးလုံး ရေသက်စေ့ဖြစ်သည်။ဥပမာ အသက် ၂၀ ရှိသူဆိုလျှင် ပုတီးလုံးရေ ၂၀ စိပ်ရန်ဖြစ် သည်။ သို့သော် အသက်ထက် အနန္တော အနန္တ ငါးပါးတွက် ၅–ခေါက်(၅)လုံး ပိုစိပ်ရန်နှင့် ယုံကြည်မှုဖြင့် နေ့စဉ် မပြတ် စိပ်ရန် တိုက်တွန်းလိုက်ရပေသည်။

## ရှင်အရဟံ ပုတီးစိပ် အစီပွာယ်

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲ မရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ။

ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲ မရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးရသောကိုယ်မဟုတ်။

---

စပယ်ဦးစာပေ

သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။နာမရူပံ၊ နာမ် ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ ကိုယ်မဟုတ်။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ။

ဗလဝံ၊ အားတော်နှင့်ပြည့်စုံသော။ဗုဒ္ဓံ၊ မြတ်စွာဘုရားသည်။ အနန္တာ၊ အနန္တတန်ခိုးတော်တည်း။ဂေါစရံ၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော။ ဓမ္မံ၊ တရားတော်မြတ်သည်။ အနန္တံ၊ အတိုင်းမရှိတန်ခိုးတော်သည်း။ အရိယံ၊ မြတ်သော။ သံဃံ၊ သံဃာတော်သည်။ အနန္တံ၊ အတိုင်းမသိ တန်းခိုးတော်တည်း။ ဗောဓိမုတ္တမံ၊ မြတ်သော ဗောဓိကွဲ့ယ တရားတော်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။

## အခိဋ္ဌာန်ပုတီး

နေ့စဉ်ဝတ်မပျက် ရှင်အရဟံ ပုတီးစိပ်နည်းကို ပေးအပ်ပြီးနောက် အရေးပါအရာရောက်လှသော ‘အဓိဋ္ဌာန်ပုတီး’ ကို စိပ်ဖြစ်အောင်စိပ်ကြရန် တိုက်တွန်းလိုက်ရပေသည်။

အဆိုပါ ပုတီး စိပ် နည်းကို မြင်းခြံမြို့ ကိုးဆောင် တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသောဘိတ ဒါနပြု ချီးမြှင့်သနားသော နည်းကောင်းတလက် ဖြစ်လေသည်။

ဆရာတော်၏ နည်းမှာ ပထမ အဓိဋ္ဌာန် (၉)ရက်၊ ဒုတိယ အဓိဋ္ဌာန် (၁၈)ရက်၊ တတိယ အဓိဋ္ဌာန် (၂၇)ရက်၊ စတုတ္ထ အဓိဋ္ဌာန်(၅၄)ရက်၊ ပဥ္စမအဓိဋ္ဌာန်(၁၀၈)ရက်၊ဆဋ္ဌမအဓိဋ္ဌာန် (၂၁၆)ရက် အားလုံး စုစုပေါင်း (၄၃၂)ရက် ဖြစ်သည်။

ပထမ အဓိဋ္ဌာန် (၉) ရက်စိပ်၍ အောင်မြင် ပြီးစီးသော အခါ အနားယူပြီး၊ ဒုတိယ အဓိဋ္ဌာန်(၁၈)ရက်ကို သတ်မှတ်၍ ဝင်နိုင်သည်။ မနားပဲ တဆက်တည်း အဓိဋ္ဌာန်ဝင်နိုင်ပါမူကား ပြောဖွယ်ရာမရှိ ကောင်းလှသည်။ အဓိဋ္ဌာန် ရက်အတွင်း ကံ တပါးပါးကို လုံခြုံအောင် ထိန်းထားရမည်။ သက်သတ်လွတ် စားနိုင်လျှင် အောင်မြင်လွယ်၏။

လူမျိုးမရွေး ဘာသာမရွေး အလုပ်မရွေး အရွယ်မရွေး တနေ့ တာအတွက် နာရီဝက်ခန့် အချိန်ယူပြီး နေ့ရက်မပျက် အဓိဋ္ဌာန် ပုတီးစိပ်သင့်လှသည်။

## စိပ်နည်း

ရှေးဦးစွာ "မြတ်စွာဘုရား တပည့်တော်သည် အဓိဋ္ဌာန် ပုတီးစိပ်ချိန်အတွင်း ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ် တရားများကို မြတ်စွာဘုရားအား နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်း ပါ၏ဘုရား၊ ဘုရားတပည့်တော်အား အဓိဋ္ဌာန် ပုတီးစိပ်နည်း ပေးသနားတော်မူပါဘုရား။

"ဆရာသခင် အရှင် သူမြတ်ဘုရား၊ ဘုရားတပည့်တော်သည် အဓိဋ္ဌာန်ပုတီးစိပ်ချိန်အတွင်း ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားများကို ဆရာသခင် အရှင်သူမြတ်အား နိဗ္ဗာန်ကို

ရည်မှန်း၍ လှူဒါန်းပါ၏ ဘုရား၊ ဘုရားတပည့်တော်အား အစဉ်ဒွါန် ပုတီးစိပ်နည်း ပေးသနားတော်မူပါဘုရား"

သည်သို့ လျှောက်ထား ပန်ကြား အသနားခံပြီးနောက် ဝင်သက် ထွက်သက်ကို (၉) ကြိမ်မျှ ငြိမ်သက်စွာ ရှူရှိုက် ထုတ်မှုတ်ပြီး (၁၀၈)လုံး ပုတီးကိုကိုင်၍ အောက်ပါအတိုင်း စိပ်ရမည်။

## အရဟံဂုဏ်တော် ၁၀ ပတ်

အရဟံ-ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရား။ (၆)ပတ်

အရဟံ-ကိလေသာရန်ကို ပယ်တော်မူနိုင်တတ်သော မြတ်စွာဘုရား။ (၆)ပတ်

အရဟံ-မကောင်းမှုကိုပြုရန် ဆိတ်ကွယ်ရာ ရှိတော်မမူသော မြတ်စွာဘုရား။ (၆)ပတ်

## အနန္တငါးပါး ၅ ပတ်

၁။ ဗုဒ္ဓဂုဏော အနန္တော-မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်သည် အဆုံး အပိုင်း အခြားမရှိ ကြီးမား များတော်မူပါပေ၏။ (၁)ပတ်

၂။ ဓမ္မဂုဏော အနန္တော - တရားတော်၏ ဂုဏ်ကျေးဇူးတော်သည် အဆုံးအပိုင်းအခြားမရှိ ကြီးမားများတော်မူပါပေ၏။ (၁)ပတ်

၃။ သံဃဂုဏောအနုဿတိ- သံဃာတော်၏ ဂုဏ်ကျေးဇူးတော်သည် အဆုံး အပိုင်း အခြားမရှိ ကြီးမားများတော်မူပါပေ၏။ (၁)ပတ်

၄။ မာတာပိတုဂုဏော အနုဿတိ- မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးတော်သည် အဆုံး အပိုင်း အခြားမရှိ ကြီးမားများတော် မူပါပေ၏။ (၁)ပတ်

၅။ အာစရိယဂုဏော အနုဿတိ- ဆရာသခင် အရှင်သူမြတ်တို့၏ ဂုဏ်ကျေးဇူးတော်သည် အဆုံး အပိုင်း အခြားမရှိ ကြီးမားများတော်မူပါပေ၏။ (၁)ပတ်

## သရဏဂုံ မေတ္တာပို့- ၃ ပတ်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-သတ္တဝါတွေ မရလိုအေးလို့ ပန်းလိုလန်းကြပါစေ၊ (၁)ပတ်

ဓမ္မံ သရဏံ ဂစ္ဆာမိ - သတ္တဝါတွေ ချမ်းသာကြပါစေ။ (၁)ပတ်

သံဃံ သရဏံ ဂစ္ဆာမိ - သတ္တဝါတွေ ဘေးရန် ကင်းကြပါစေ။ (၁)ပတ်

## သိဒ္ဓိ ၁ပတ်

အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိ ဘဂဝါ။

ပြောင်း-ဧဝယျတု သဗ္ဗမင်္ဂလံ အရဟံ သိဒ္ဓိဘဂဝါ။

အားလုံး စုစုပေါင်း ၂၇ ပတ်စိပ်ရမည်။

မှတ်ချက်။ ။ပထမ (၉) ရက် အဓိဋ္ဌာန်မှာ အသံထွက်အောင်ရွတ်၍ စိပ်ရမည်။

---

စပယ်ဦးစာပေ

ပုတီးစိပ်ပြီးတိုင်း လိုရာဆုကိုတောင်းပါ။ ဝေနေယျ သတ္တဝါအားလုံးတို့ကို အမျှပေးဝေပါ။

## အမျှ ပေးဝေရန်

သဗ္ဗေ သတ္တာ- အဗ္ဗေမနုဿာ၊ သဗ္ဗေ အမနုဿာ၊ သဗ္ဗေ လောကိယ၊ ဝိဇ္ဇာဓရာ၊ မမပုညံဂဏှန္တု။ (၃) ကြိမ်

အနုမောဒန္တု။ (၃) ကြိမ်

မာတာ ကေ ပုတ္တံ၊ ရက္ခတ္တိကျုဝ၊ မမဥ္စတုမှေ၊ သဒါ ရက္ခန္တု မမ သင်္ကပ္ပံ ပူရေန္တု။

စတုတ္ထအဓိဋ္ဌာန်(၅၄)ရက်ပြီးလျှင်ပင် သင်၏အောင်မြင်မှုကို တွေ့ရပေလိမ့်မည်။

(၄၃၂)ရက် အဓိဋ္ဌာန်အောင်လျှင် သိဒ္ဓိအမျိုးမျိုး အကျိုးပေးအလျောက် ပြီးမြောက်၍ သင့်ဘဝအတွက် အာမခံချက်တွေ့လာပေလိမ့်မည်။ ဉာဏ်ပွင့်၍ ပေါ်လာသည့် အာရုံအတိုင်း ဆက်လက်ကျင့်သုံးပါ။

မှတ်ချက်။ ။ကျင့်သုံး၍ မပေါက်မြောက် မအောင်မြင်လျှင် နည်းပေးသူ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသောဘိတထံ လာခဲ့ရန် အမှာစကား ရှိထားပါသည်။

အနန္တသိဒ္ဓိလမ်းညွှန် ထွက်ပြီး ပြည့်စုံစေရန် အရေးပါ အဓာရောက်လှသော ရန်အန္တရာယ်အပေါင်း အောင်မြင် ကျော်လွှားနိုင်သည့် 'ဇိန မန္တာန်တော်ကြီး' ကို ဖော်ပြပါဦးမည်။ လိုရာသုံးနိုင်ကြပါစေကုန်သော်။

---

## ဇိန မန္တာန်တော်ကြီး

သဗ္ဗဗုဒ္ဓါ နုဘာဝေန၊ သဗ္ဗဓမ္မာ နုဘာဝေန၊ သဗ္ဗသံဃာ နုဘာဝေန။

**သဗ္ဗဗုဒ္ဓါ နုဘာဝေန**၊လေးသင်္ချေနှင့်ကမ္ဘာတသိန်း၊ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း၊ ထွက်ကိန်း ပြည့်ထ၊ လုံ့လကြီးစွာ၊ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ တည်းဟူသော ဆယ်ပါးသော ပါရမီတို့ကို အယုတ်အလတ် အမြတ်အားဖြင့် ဖြည့်ကျင့်တော်မူ၍ ပညာဓိက၊ ဝီရိယာဓိက၊ သဒ္ဓါဓိက၊ အမည်ရပြီးလျှင် ဂင်္ဂါသဲလုံးနှင့်အမျှပွင့်၍ ပရိနိဗ္ဗာန် စံယူတော်မူပြီးသော မြတ်စွာဘုရား ရှင်တို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားကြောင့်လည်းကောင်း။

**သဗ္ဗဓမ္မာနုဘာဝေန**၊ ခပ်သိမ်းသော မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတော်မြတ်ကို ရစေတတ်သော တရားတော်မြတ်သည်ကား ဝိမုတ္တိရသအားဖြင့်တပါး၊ ဓမ္မဝိနယအားဖြင့်နှစ်ရပ်၊ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ကျမ်းအလုံးစုံတို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်လည်းကောင်း။

**သဗ္ဗသံဃာနုဘာဝေန**၊မဂ်၌တည်သောပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်ရှိသော ပုဂ္ဂိုလ်လေးယောက်၊ ဤ ရှစ်ယောက်သော

---

ပရမတ္တ သံဃာတော် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အဂ္ဂသာဝက၊မဟာသာဝက အသီတိ ရှစ်ကျိပ်ကုန်သော ရဟန္တာ အရှင်မြတ်တို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော် အားဖြင့်လည်းကောင်း။

သုသင်္ခယ၊ ဗုဒ္ဓေါဗောဇေယျ၊ မုင်္ဂတ္တာမောဇေယျ၊ တိဏ္ဏော တာင်္ဂေယျ၊ ခံ၍ထောက်ရှု၊ ဘုရားဆုကို၊ ရမှုစိတ်သန်၊ ဝမ်းထဲ ကြံ၍၊ မဆန့်ကိုယ်နှုတ်၊ ကျိုးအားထုတ်ရာ၊ မဟာကပ္ပသင်္ချေ၊ နန္ဒသင်္ချေ၊ သုနန္ဒသင်္ချေ၊ မန္ဒသင်္ချေ၊ ဓရဏီသင်္ချေ၊ သာဂရ သင်္ချေ၊ ပုဏ္ဏရိကသင်္ချေ ဟု ဆိုအပ်သော ခုနစ်သင်္ချေ၊ အတွင်း၌ ပွင့်၍၊ ပရိနိဗ္ဗာန်စံတော်မူကုန်ပြီးသော ဗြဟ္မာဒေဝ အစရှိသော တသိန်း နှစ်သောင်း ငါးထောင်ကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော်၊ မေတ္တာတော် အာနုဘော်တော်အားဖြင့် လည်းကောင်း။

မိသင်္ခယ၊ သံသရာရေ၊ အထွေထွေ၌၊ မျောလေပေါလော၊ အနန္တောသတ္တော၊ ဟေသုသတ္တာ၊ ဒုက္ကုလဘာဂီ၊ အညီနှိုးဆော်၊ နှုတ်တော်ဖြင့်သာ၊ ပါရမီအလုံး၊ ယူကျုံးဖြည့်ရာ၊ မဟာမည်ရ၊ သဗ္ဗဘဒ္ဒသင်္ချေ၊ သဗ္ဗပုလ္လသင်္ချေ၊ သဗ္ဗရတနသင်္ချေ၊ ဓရနိသင်္ချေ၊ ခန္ဒက္ကသင်္ချေ၊ မန္ဒတ္တသင်္ချေ၊ ဥသဘက္ခန္ဓသင်္ချေ၊ ဝေမဒ္ဒိကသင်္ချေ၊ မာနိတသင်္ချေ ဟု ဆိုအပ်သော၊ ကိုးသင်္ချေ အတွင်း၌ပွင့်၍ ပရိနိဗ္ဗာန် စံယူတော်မူကုန်ပြီးသော၊ပေါရာဏ ဂေါတမအစရှိသော သုံးသိန်းရှစ်သောင်း ခုနစ်ထောင် ကုန်သော၊ မြတ်ဘုရား တို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော် အားဖြင့် လည်းကောင်း။

---

ကောသအသင်္ခယေ၊ အပ္ပမာဏော အာရုံပြောသည့် မဟောဒဓိ၊ မည်ရှိကရုဏာ၊ သည်းစွာဘိလွန်း၊ ပြည်နိဗ္ဗာန်သို့၊ ဆောင်ယူပို့သည်၊ ရည်ရှမြွက်ဆို၊ ကိုယ်နှုတ်နှစ်ဖြာ၊ ခန္ဓအတ္တ၊ ဇီဝိတကို၊ စွန့်ကြမင့်၊ နှစ်ဆယ့်ငါးတန်၊ ခြံရံငါးလီ၊ ပါရမီအလုံး၊ ယူကျုံးဖြည့်ရာ၊ ကမ္ဘာဟူက၊ လေသေလသင်္ချေ၊ ဇေယျသင်္ချေ၊ ဘာသသင်္ချေ၊ ရုစိယသင်္ချေဟု ဆိုအပ်သော လေးသင်္ချေအတွင်း၌ ပွင့်၍ ပရိနိဗ္ဗာန် စံလွန်တော်မူကုန်ပြီးသော တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ သစ္စာသိမျှော်၊ နောင်တော်သုံးပါး၊ ဘုရားကစ၊ သုံးလူ့ထွဋ်တင်၊ ဒီပင်္ကရာ၊ ကောဏ္ဍည၊ မင်္ဂလ သုမင်္ဂလ၊ ရေဝတ၊ သောဘိတ၊ အနောမဒဿီ၊ ပဒုမ၊ နာရဒဟု ဆိုအပ်ပါသော တဆယ့်နှစ်ဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော် အားဖြင့် လည်းကောင်း။

လက္ခကပ္ပကော၊ ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရ၊ သုမေဓ၊ သုဇာတ၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ၊ တိဿ ဖုဿ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟုဆိုအပ်သော တဆယ့်ခြောက်ဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့် လည်းကောင်း။

ထိုဘုရားသည် ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် သာသနာတော် လေးလမြောက်သောအခါ၊ ရာဇဂြိုဟ်ပြည်ကြီးကို အစိုးရတော်မူသော ဗိမ္ဗိသာရမင်းကြီး၏ သားတော်ဖြစ်သည့် အဇာတသတ်မင်းကို အမှီပြု၍ ဝေဘာရတောင်၊ စရည်းပင်ပေါက်ရာ

ရွှေဂူလိုဏ်ဝ၌၊ ခုနစ်လတိုင်တိုင် ပထမသင်္ဂါယနာ တင်တော်မူသောအခါ အရှင်မဟာကဿပ၊ မထေရ်အမှူးရှိသော ငါးရာကုန်သော ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော် မေတ္တာတော်အာနုဘော်တော်အားဖြင့် လည်းကောင်း။

ထို ဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီး သည့်နောက် သာသနာတော် အနှစ်တရာ ပြည့်သောအခါ ဝေသာလီ ပြည်ကြီးကို အစိုးရတော်မူသော သုသုနာဂမင်းကြီး၏ သားတော်ဖြစ်သည့် ကာလာသောကမင်းကို အမှီပြု၍ ဝေဠုကာရာမကျောင်းတော်ကြီး၌ ရှစ်လတိုင်တိုင် ဒုတိယသင်္ဂါယနာ တင်တော်မူသောအခါ အရှင် မဟာယသမထေရ် အမှူးရှိသော ခုနစ်ရာကုန်သော ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော် မေတ္တာတော်အာနုဘော်တော်အားဖြင့် လည်းကောင်း။

ထို ဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသည့်နောက် သာသနာတော်(၂၁၈)နှစ်ပြည့်မြောက်သောအခါ ပါဋလိပုတ်ပြည်ကြီးကို အစိုးရတော်မူသော ဘုရင် ဗိမ္ဗိသာရ မင်းကြီး၏ သားတော်ဖြစ်သည့် သိရိဓမ္မာ သောကမင်းကြီးကို အမှီပြု၍ အသောကာရာမကျောင်းတော်ကြီး၌ (၉)လ တိုင်တိုင် တတိယသင်္ဂါယနာ တင်တော်မူသောအခါ အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော တထောင်ကုန်သော ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်လည်းကောင်း။

ထို ဘုရားသခင်၊ ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသည့်နောက် အနှစ် (၂၅၆) နှစ်မြောက်သောအခါ သီဟိုဠ်ပြည်ကြီးကို အစိုး

ရတော်မူသော ဒေဝါနံပိယတိဿမင်းကြီး လက်ထက်၊ အရှင်မဟိန္ဒာမထေရ် အမှူးပြု၍ ပေထက်အက္ခရာ တင်တော်မူကြသည့် နှစ်သိန်းသော ရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့် လည်းကောင်း။

ထို ဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသည့်နောက် ယခုထက် တိုင်အောင် သာသနာတော်ကို ဆင်းသက်စောင့်မကုန်သော ပရမတ္ထ သံဃာတော်၊ သီလဝန်၊ ဂုဏဝန်၊ ပညာဝန်၊ ကလျာဏပုထုဇဉ်၊ သမုတိသံဃာတော်မြတ်တို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့် လည်းကောင်း။

သဗ္ဗာပဋိမာနုဘာဝေန။ သစ္စာ လေးပါး၊ မြတ်တရားကို အကြွင်းမရှိ၊ သိတော်မူပြီးမှ ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသော မြတ်စွာ ဘုရားရှင်တို့၏ နဖူးသင်းကျစ်တော်၊ ညှပ်ရိုးတော်၊ သွားတော်လေးဆယ်၊ ၎ယ်တော်လေးချောင်း၊ မွေတော် ရှစ်သောင်း၊ ဆံတော်သုံးကုဋေ့ခြောက်သန်းတို့၏ စုဝေးရာတည်ရာ ကိုယ်စားတော်များ ထားတော်မူခဲ့သော ရုပ်တုတော်၊ ဆင်းတုတော်၊ စေတီတော်၊ ပုထိုးတော်တို့၏ တန်ခိုးတေဇော် မေတ္တာတော်အာနုဘော်တော်အားဖြင့် လည်းကောင်း။

သမ္မာဒေဝါ နုဘာဝေန၊ ပိဋ္ဌကတ် သုံးပုံ ဗေဒင်လေးပုံ၊ စောင့်တုံများစွာ၊ သာသနာ ငါးထောင်၊ ကောင်းကြီးဆောင်သော ကြီးခေါင် ဘုန်းအား၊ သိကြားကစ လောကပါလာ၊ အာကာစိုး ဘုမ္မစိုးနှင့် ရုက္ခစိုးအညီ၊ စန္ဒီ ပရမီသွာ၊ မဟာပိန်းနဲ၊ ကျော်သဲကြေငြာ သမုဒ္ဒရာ၊ သီတာခုနစ်တန်၊ သတ္တရမ္ဘာန်၊ တောင်စဉ်ခုနစ်ထပ်၊ စောင့်ကြပ်မြင့်မိုရ်၊ ထိုမှတခြား နတ်သားမာတလိ မဏိမေခလာ၊ သမုဒ္ဒရာ၊ တောတောင် ကုန်အောင် မကြွင်း၊

စောင့်ကုန်လျှင်းသား၊သမာဓိနတ်မင်းတို့၏ တန်ခိုးတော် မေတ္တာတော် အာနုဘော်တော်အားဖြင့် လည်းကောင်း။

သဗ္ဗပရိတ္တာနုဘာဝေန၊ စကြဝဠာ ဇာတိခေတ်၊ အာဏာခေတ်ဟု ဆိုအပ်သော ကုဋေဘသိန်း တွက်ကိန်း တိုင်တိုင်၊ ပြည့်စွမ်းနိုင်သော၊ ကြီးခိုင်တေဇာ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ အာဋာနာဋိယသုတ်၊ တေဇကြီးဘိ၊ အင်္ဂုလိမာလ၊ ဗောဇ္ဈင်္ဂနှင့် အဋ္ဌာဇရမင်္ဂလာ၊ ရတနာရွှေချိုင့်၊ တံတိုင်းပမာ၊စောင့်ရှံကာသို့မဟာနမက္ကာရ၊တေဇကျော်သောင်း ပရိတ်ပေါင်းတို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့် လည်းကောင်း။

မန္တေ မန္တဿ အာနုဘာဝေန၊ စိန္တာမုနိ၊ ကြီးဘိတေဇာ ရတနာဦးဆောင်း၊ သောင်းသောင်းကြေငြာ ရတနာကွန်ယက် တချက်မညီ၊ ပထဝီဇေယျမန္တံ၊ အသံကြီး လေးပါး၊ ထင်ရှား လောင်မီး၊ သံကျပ်ကြီးနှင့် တသီးထိုမှ ပဒုမ္မပုဒ်ပိုင်း၊ ကျော်လှိုင်း နှံစပ်၊ ခြောင်းကိုးထပ်က၊ စသည်စုံစေ့၊ရသေ့ရှစ်သောင်း၊ဆရာ ကောင်းတို့၏ ဂုဏ်တော်ပေါင်း ကျေးဇူး၊ တဦးမကျန် အင်း မန္တာန်တို့၏ တန်ခိုးတေဇော် အာနုဘော်တော် အားဖြင့်လည်း ကောင်း။

အဇ္ဈတ္တိက ဗာဟိရေ၊ ကိုယ်တွင်း ကိုယ်ပ နှစ်ဝသောသန္တာန်၌ ဇာတပဝတ္တာ ဖြစ်ဆဲ ဖြစ်လတ္တံ့သော ဆနဝုတိ ရောဂါစ၊ ကိုးဆယ့်ခြောက်ပါးသော ရောဂါတို့သည်လည်းကောင်း၊ ပဉ္စဝိသတိဘယာစ၊နှစ်ဆယ့်ငါးပါးသောဘေးတို့သည်လည်းကောင်း၊ ဒွတ္တိံသကမ္မကရဏာစ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာတို့သည် လည်းကောင်း၊ သောဠဿ ဥပဒ္ဒဝါစ၊တဆယ့်ခြောက်ပါးသော

ဥပဒ္ဒဝေါတို့သည်လည်းကောင်း၊ ပဥ္စဝေရီစ ငါးပါးသော ရန်သူတို့သည်လည်းကောင်း၊ ဒသဒဏ္ဍာစ ဆယ်ပါးသော ဒဏ်တို့သည်လည်းကောင်း၊ အဋ္ဌဒေါသာစ ရှစ်ပါးသော အပြစ် တို့သည်လည်းကောင်း၊ နာနာရောဂေတိဝါ၊ အထူးထူးသော အနာရောဂါတို့မှ လည်းကောင်း၊ တိဏိကပ္ပာနိစ၊ သုံးပါးသော ကပ်တို့သည် လည်းကောင်း၊ သဗ္ဗအန္တရာယောစ ခပ်သိမ်းသော အန္တရာယ်တို့သည် လည်းကောင်း၊ ဝိနာသံ ပျောက်ပျက်ခြင်းသို့ ရောက်ပါစေကုန်သတည်း။ နွေ့တ္တပါပေန္တု

ဤမန္တာန်တော်ကြီးကို အရေးတစုံတရာ တွေ့ကြုံသောအခါ အသုံးပြုကြလေ၊ ဉာဏ်ရှိသမျှ အသုံးပြုနိုင်သော မန္တာန်ထူးကြီး ပေဘည်း။

## ဇိန မန္တာန်တော်ကြီး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဥ္စ၊ ဒွာဒသဥ္စ သဟဿကေ
ပဥ္စသတ၊ သဟဿာနိ၊ နမာမိ၊ သီရသာမဟံ။
တေသံ ဓမ္မဥ္စသံဃဥ္စ၊ အာဒရေန၊ နမာမဟံ
နမက္ကာရာ နုဘာဝေန၊ ဟိတွာသဗ္ဗေ ဥပဒ္ဒဝေ
အနေကအန္တရာယာပိ၊ ဝိနာသန္တု အသေသတော။ ။

အဋ္ဌဝီသံ၊ သုံးပါးဘဝ၊ သုံးလောကတွင်၊ ဉာဏ်ရောင်ဖိတ်၊ အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော သဗ္ဗုဒ္ဓေစ၊ တန်ဆောင်ပမာ၊ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း၊ တရားမင်းကို လည်းကောင်း၊ ဒွာဒသဥ္စ သဟဿကေ၊ နိဗ္ဗာန်ကိန်းအောင်း၊

စက် မွေ့ လျောင်း သည့်၊ တ သောင်း နှစ် ထောင် ကုန် သော သမ္ဗုဒ္ဓေစ၊ လရောင်ပမာ၊ ညာဏ်ရောင်ဝါဖြာ၊ သစ္စာဝင်းပြောင်၊ မြတ်ဘုန်းခေါင် တို့ကိုလည်းကောင်း၊ ပဥ္စတ သ သဟဿာနိ၊ သောင်းတိုက်စကြဝဠာ၊ ဂုဏ်ဝါကျော်ဟိန်း၊ ငါးသိန်းကုန်သော၊ သမ္ဗုဒ္ဓေစ၊ နေရောင်ပမာ၊ ညာဏ်ရောင်ဝါဖြင့်၊ သစ္စာလင်းထိန်၊ မြတ်မုနိ တို့ကိုလည်းကောင်း၊ အဟံ ကျွန်ုပ်သည် သိရသာ၊ ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့် နမာမိ၊ ရှိခိုးပါ၏။ တေသံထို ငါးသိန်း တသောင်းနှစ်ထောင် နှစ်ကျိပ် ရှစ်ဆူကုန်သော ဘုရားရှင်တို့၏ ဓမ္မဥ္စတရားတော်မြတ်ကို လည်းကောင်း၊ သံဃဥ္စ၊ တပည့်သား သံဃာတော်မြတ်တို့ကို လည်းကောင်း၊ အာဒရေန၊ ရိုသေစွာ။ အဟံ ကျွန်ုပ်သည် နာမာမိ၊ ရှိခိုးပါ၏။ နမက္ကာရာ နုဘာဝေန ဤသို့ရှိခိုးပူဇော် ဖူးမျှော် ကန်တော့ရသော ပဏာမ ကုသိုလ် စေတနာကြောင့် သဗ္ဗေ ခပ်သိမ်းကုန်သော ဥပဒ္ဒဝေ၊ ဘေးရန်တို့ကို ဟိတွာ၊ ပယ်ဖျောက်၍၊ အနေက အန္တရာယာပိ၊ များစွာကုန်သော အန္တရာယ်တို့ သည်လည်း။ အသေသတော၊ အကြွင်းအကျန် မရှိသောအားဖြင့် ဝိနဿန္တု၊ ပျောက်ပျက်စေကုန်သတည်း။

(ခေတ်ဝိဇ္ဇာမိုရ်-စတုဝလ္လိ)

# အခန်း (၁၃)

## ပါရမီရှင်

သင့်မှာ ရှေးက ဖြည့်ကျင့်ခဲ့သော ပါရမီရှိခဲ့၏။

ရှေး ကမ္ဘာ့ ကမ္ဘာများနှင့် ဤဘဒ္ဒကမ္ဘာမှာ ရှင်တော်ဘုရားများ၏ သာသနာတော် အတွင်း၌ အကြောင်း အားလျော်စွာ ဖြည့်ကျင့်ခဲ့သော ပါရမီများ ရှိခဲ့ကြောင်းကို ယုံကြည် စေချင်သည်။

အကယ်၍....

ရှေးက ဖြည့်ကျင့်ခဲ့ဖူးသော ပါရမီ မရှိခဲ့လျှင် ယခုလို ဘုရားသာသနာတော်၌ သက်ဝင် ယုံကြည် နေရခြင်း ရှိမည်မဟုတ်။

ယခုသင့်မှာ တဖွားဖွားပေါ်နေသော စိတ်ရင်းကောင်း စေဘာနာကောင်းနှင့် မြင့်မြတ်ခြင်း တို့သည် ရှေးအဆက်ဆက်က

ဖြည့်ကျင့်၍ ဆောင်ရွက်ခဲ့ဖူးသော ပါရမီကြောင့်ပင် ဖြစ်သည်။ တရားပါရမီများ၏ အကျိုးကျေးဇူး၊ လောကီ ပညာများ၏ အကျိုးကျေးဇူးဟု သိမြင်ထားသင့်သည်။

ထိုပါရမီ မျိုးစေ့ဖြစ်သော ကျေးဇူးတရားတို့သည် ယခုအခါ လက်ဆုပ် လက်ကိုင် ထင်ရှားစွာ ဆိုက်ရောက်နေ ချေပြီ။

ဗုဒ္ဓ၏ သာသနာတော်သည် လည်းကောင်း၊ သမထဝိဇ္ဇာ၊ ဝိပဿနာ ဝိဇ္ဇာ အတတ်ပညာများသည် လည်းကောင်း၊ လရောင် နေရောင်ပမာ ထွန်းလင်းရောင်လက်၊ တောက်ပလျက်ရှိနေ သည်။

ဖြည့်ကျင့်ခဲ့ဖူးသော ပါရမီရှိပြီး ပုဂ္ဂိုလ်ကြီးငယ်၊ ညဏ်ရင့်၊ ညဏ်လတ်၊ ညဏ်ငယ်အားလုံးတို့သည် သာသနာချိန် အတွင်း၌ လူဖြစ်ရ၍ မစင်ကြယ်သော အောက်လမ်းပညာ များနှင့် စင်ကြယ်မွန်မြတ်သော အထက်လမ်း ပညာရပ်များကို ခွဲခွဲ ခြားခြား ရှောင်ရန် ဆောင်ရန် နားလည်ခွင့်ရှိကြသည်။

သည်အချက်မှာ ပင်ပန်းကြီးစွာ လေးသင်္ချေနှင့် ကမ္ဘာ တသိန်းတိုင်တိုင် ဖြည့်ကျင့်ရှာဖွေ၍ ထားတော်မူခဲ့သော ဗုဒ္ဓ၏ ကျေးဇူးတော်ကြောင့်ပင်။

ရှေးက ဖြည့်ကျင့်ခဲ့သည့် ပါရမီမျိုးစေ့ရှိပြီး ပုဂ္ဂိုလ်တို့တွက် ဗုဒ္ဓက မဟာ ကရုဏာတော်ဖြင့် သာသနာတော်မြတ်ကို ထားခဲ့ ခြင်းဖြစ်သည်။

ဗုဒ္ဓသည် ကျောသားရင်သား ခြားနားတော်မမူ၊ သတ္တဝါ တိုင်းအပေါ်၌ တူမျှသောမဟာကရုဏာတော်များ ထားရှိတော် မူသည်။ သားတော် ရာဟုလာ အပေါ်တွင် ထားရှိတော်မူသော

မဟာကရုဏာတော်သည် အခြားသော သတ္တဝါ တဦးဦးပေါ် ထားရှိသော ကရုဏာတော်ထက် ပိုလွန်သည်မရှိ။

ပါရမီတော်ကို ဖြည့်ကျင့်ခဲ့သည့် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး စွန့်ကြဲပေးကမ်းတော်မူခဲ့ခြင်း များနှင့် ပင်ပန်းဆင်းရဲခံခဲ့မှုများကို ကြည်ဖြူ ဝမ်းမြောက်စွာ ခံယူတော်မူခဲ့ခြင်းမှာ သတ္တဝါတို့ကို ဆင်းရဲတွင်းမှ ကယ်တင်၍ ချမ်းသာနယ် အစစ်အမှန်သို့ ပို့ပေးနိုင်စွမ်းသော သဗ္ဗညုတ ရွှေဉာဏ်တော် ရရှိရေးအတွက်ပင်ဖြစ်သည်။

ပါရမီတော်ဖြည့်ရန် ဗုဒ္ဓသည် နုစဉ်ကဖြစ်ခဲ့သော ဘဝပေါင်းများစွာ၊ မိမိ၏ အသက်ပေါင်းများစွာ၊ မိမိ၏ ကိုယ်ခန္ဓာကြီးငယ်ပေါင်းများစွာနှင့် ဇနီး-မိဖုရား၊ သားသမီးခြွေရံစည်းစိမ်ချမ်းသာများပါမကျန် စွန့်လွှတ်လှူဒါန်း၍ အနန္တ ဖြည့်ဆည်းခဲ့သည်။

ဗုဒ္ဓသည် ဤမျှအပင်ပန်းအဆင်းရဲခံ၍ သဗ္ဗညုတ ရွှေဉာဏ်ကိုရရန် ကြိုးပမ်းခဲ့ခြင်းမှာ မိမိတဦးတည်း၏ ချမ်းသာသုခအတွက်မဟုတ်။ မိမိတဦးတည်း အတွက်ဆိုလျှင် ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော် သုမေဓာရှင်ရသေ့ ဘဝကပင် အာသဝေါကုန်ခန်းသော ရဟန္တာအဖြစ်သို့ ချမ်းမြေ့ပိုင်ပိုင် ရရှိခံစားနိုင်ခွင့် ရှိခဲ့သည်။

သည်အခွင့်အရေးကို စွန့်လွှတ်၍ သတ္တဝါတို့အား ဒုက္ခဆင်းရဲခြင်း အပေါင်းမှ ကယ်တင်လိုသော မဟာဆန္ဒတော်ဖြင့် သဗ္ဗညုတ ဆုကို ပန်ဆင်တော်မူခဲ့ခြင်းဖြစ်သည်။

သတ္တဝါတို့ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးသည် ဗုဒ္ဓ၏အကြီးဆုံးသောဆန္ဒတော်ဖြစ်သည်။ ပရိနိဗ္ဗာန်ပြုတော်မူပြီးသည့်နောက်

မှာပင် သာသနာတော် (၅၀၀၀) ထားတော် မူခဲ့သေးသည်။ ရည်ရွယ်ချက်မှာ ကျန်ရှိသေးသော ဝေနေယျ သတ္တဝါတို့ ကျွတ်လွတ်စေရန်၊ ပါရမီအလျောက် ခံစားခွင့်ရရှိနိုင်ကြစေရန် ဖြစ်သည်။ သတ္တဝါတို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆက်ခံရရှိစေရန် ဖြစ်သည်။

သို့သော် သင်္ခါရ တရားတော်အတိုင်း တနေ့ ဗုဒ္ဓ၏ သာသနာတော်ကြီးမှာလည်း ဆိတ်သုန်း ကွယ်ပ သွားရပေမည်တည်း။

သို့ဖြစ်၍ ထင်ရှားစွာထားတော်မူခဲ့သော ဗုဒ္ဓ၏ အမွေတော်မြတ်ကြီးကိုပညာမျက်စိဖြင့်သိမြင်၍လောကီ၊လောကုတ်၊သမထလမ်း၊ ဝိပဿနာလမ်းများကို ပါရမီအလျောက် ခံစားနိုင်ကြရန် လုံ့လ ဝီရိယ အချိုးကျစွာဖြင့် ကြိုးပမ်း အားထုတ်သင့်လှသည်။

ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ဟောတော်မူခဲ့သည်။

"ကျွတ်ထိုက်သည့် ပါရမီ ရှိကြသော်လည်း (ယခု ရှိနေသော) အနိယတ နေယျ ပုဂ္ဂိုလ်တို့သည် ကျွတ်လောက်အောင် ကျင့်ကြမှသာ ဤသာသနာတော်၌ မဂ်-ဖိုလ်ကို ရရှိနိုင်မည်။ ဘုရားရှင်လက်ထက်တော်က မဟာဓန သူဌေးသားသည် အရွယ်ရှိစဉ်၌ ကာမဂုဏ်အမိုက်၊ အလိုက်အစား ကြူးနေ၏။ အရွယ်ကြီးရင့်လာသောအခါ စိတ်မချမ်းမြေ့ မကြည်မလင် ဖြစ်ရရှာသည်။

ကျွတ်လွတ်ဖို့ဝေးစွ၊ ရတနာသုံးပါးနှင့် ဆက်ဆံခွင့်ကိုပင် မရရှာပြီ။

ထိုအခါ မြတ်စွာဘုရား မြင်တော်မူ၍၊ ရှင်အာနန္ဒာကို ဤသို့ မိန့်တော်မူလေ၏။

"ဤသူဌေးသားသည် ပထမအရွယ် ငယ်စဉ်အခါ၌ ငါဘုရား သာသနာတော်မှာ ရဟန်းပြုပါတိမူကား ရဟန္တာဖြစ်၍ ယခု ဘဝပင် ပရိနိဗ္ဗာန်စံရလတ္တံ့။ ထိုသို့မဟုတ် ဒုတိယအရွယ်၌ ငါ ဘုရား သာသနာမှာ ရဟန်းပြုပါတိမူကား အနာဂါမ် ဖြစ်၍ သေလွန်လျှင် သုဒ္ဓာဝါသ ဗြဟ္မာဘုံမှာ ပရိနိဗ္ဗာန် စံရလတ္တံ့။ သို့မဟုတ် တတိယအရွယ်ရောက်စဉ်၌ ငါဘုရားသာသနာမှာ ရဟန်း ပြုပါတိမူကား၊ သကဒါဂါမ် အဖြစ် သောတာပန် အဖြစ်သို့ ရောက်၍ အပါယ်သံသရာမှ အစဉ်ထာဝရငြိမ်းလေအံ့"ဟု အရှင် အာနန္ဒာကို မိန့်တော်မူသည်။

ဤသို့ရင့်ပြီးသောပါရမီရှိသည့် ပစ္ဆိမဘဝိကသားပင်ဖြစ်ငြား သော်လည်း နိယတဗျာဒိတ် ရရှိပြီးသောသူ မဟုတ်ချေက ဘုရား သာသနာတော်နှင့် တွေ့လျက်ပင် ကိုယ်တွင်းက ကိလေသာ သောင်းကျန်းမှု လွန်ကျူးခဲ့သည့်အတွက် ယခုဘဝ အကျွတ်မရ လေ။

ယခုဘဝ ပြုသော မကောင်းမှုကံဖြင့် အပါယ်၌ ဘဝရှည် လျားစွာ နေရရှာပြီ။ အရှင်မေတ္တေယျ ဘုရားသာသနာ၌လည်း ပေါ်လာဦးမည်မဟုတ်။ နောက်၌လည်း သုညကမ္ဘာတွေသာ များတော့သည်။ အနီးအပါး၌ ဘုရားပွင့်သော ကမ္ဘာမရှိပြီ။ ရင့်ပြီးသောပါရမီရှိသည့် ပစ္ဆိမဘဝိကဖြစ်သူ ထိုသူဌေးသားသည် ကျွတ်ခွင့်ကျွတ်လမ်း ကွာလှမ်းလျက်ရှိ၏။

ထိုသို့ လယ်တီ ဆရာတော်ဘုရားကြီးက သတိပေး ဟောပြ တော်မူခဲ့သည်။

---

လောကီ၊ လောကုတ္တရာ ပညာနှစ်ရပ်အနက် လောကီပညာသည် **သမထ** * ကို ရှေးရှုသလို၊ လောကုတ္တရာ ပညာသည် **ဝိပဿနာ** * ကို ရှေးရှုလေ၏။

သမထသည် ကိုယ်ထည်နှင့် တူလျက်၊ ဝိပဿနာသည် ဦးခေါင်းနှင့် တူ၏။

သမထသည် အကျင့်သီလ သမာဓိရှေးရှုပြီး၊ ဝိပဿနာသည် ပညာကိုရှေးရှုလေသည်။

သို့ဖြစ်၍ ရှေးဦးစွာ သီလ၊ သမာဓိကို အခြေတည်အောင် သမထအမှုကို ပြုရသည်။ သည့်နောက် ဝိပဿနာဖြင့် ပယ်ရ၏။

ဝိပဿနာသည် ဘုရား သာသနာတော် အတွင်း၌သာ တည်ရှိသည်။

အလွန် မြင့်မြတ်သော ဝိပဿနာ ဘာဝနာ ပွားများနိုင်အောင် သမာဓိအား ထူထောင်ရာတွင် သမထတန်ခိုး စွမ်းအားများကို ရရှိခံစားရတတ်သည်။

သတ္တဝါတို့သည် ကိလေသာတဏှာ အရင်းခံဖြင့် သံသရာ ကျင်လည်ခဲ့လေရကား အတွေ့ကို ရှောင်နိုင်ခဲကြ၏။ ရှေးဦးစွာ

---

* (**သမထ**–နီဝရဏ တရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမထဟု ခေါ်သည်။)

* (**ဝိပဿနာ**–အမှန်အစစ် ပရမတ်အနှစ်ကျ သဘာဝ၊ အနှစ်ကျ သိစွမ်းသောပညာကို မှန်ကန်လှစွာ ရုပ်ပဲ၊ နာမ်ပဲ၊ အနိစ္စပဲ အစရှိသော အမျိုးမျိုးသော အခြင်းအရာအားဖြင့် သိမြင်တတ်၊ ရှုတတ်သောကြောင့် ဝိပဿနာဟု ခေါ်ဆို၏။ မှန်ကန်စွာ အမျိုးမျိုးသော အခြင်းအရာအားဖြင့် ဝိပဿနာ သိမြင်ခြင်း။)

လောကီအတွက် ရရှိလာသော သမထ တန်ခိုးဖြင့် မွေ့လျော် နေတတ်ကြသည်။ ဝိပဿနာအဆင့်သို့ ကူးနိုင်ခဲ့ကြသည်။

အချို့ ဝိပဿနာ ဆရာများကလည်း သမာဓိ အားဖြင့် ပိုင်နိုင်အောင် မထူထောင်နိုင်သေးပဲ အမြတ်ဆုံးကို ကျင့်ကြံ အားထုတ်နေသော ဝိပဿနာသမားဖြစ်၍ မိမိက ပိုမြတ်သည်။ သမထ ဆရာများကား 'လောကရဲ့ အမှိုက်တွေ'ဟု စွပ်စွဲတတ်ကြ သည်။ သနားဖွယ်ကောင်းလှ၏။

ဗုဒ္ဓ မြတ်စွာဘုရား ကိုယ်တော်တိုင်က သမထ ဝိပဿနာ နှစ်ရပ်ကို တွဲပေးထားပါလျက် သမထကို ပစ်ပယ်ဝံ့သောသူများ ကို အံ့သြမိပါသည်။

ဆိုခဲ့သည့်အတိုင်း သမာဓိ ဖြစ်စေရန် သမထကို ထူထောင် ရာတွင် အောင်မြင်သော ဒဏ်ကိုမခံနိုင်၍ (ဝိပဿနာဖြင့် မရှု၊ မပယ်နိုင်၍) အမှားဖက်ပြီး ပျက်စီး ဆုံးရှုံးသူများကို သနား သဖြင့် တရားတော်မြတ်ကိုပြ၍ သတိပေးနေရခြင်း ဖြစ်သည်။

သတိပြုစရာကား မဟုတ်တာ မလုပ်မိဖို့၊မိမိပညာကို နှိုင့်ထက် ကလူ အသုံးမချဖို့၊ သတ္တဝါ မှန်သမျှအပေါ် သနားဖို့သာ လိုရင်းအဓိက ဖြစ်သည်။

တရုတ်၊ ကုလား၊ အင်္ဂလိပ်၊ မြန်မာ မြင်နေမည့် အစား ခေတ်ကြီးလေးပါး ဖွဲ့စည်းထားသော သတ္တဝါများဟု မြင်နိုင် အောင် ကြိုးစားရမည်။

လူဆိုသည်ကား အတ္တစိတ် လွှမ်းကဲ၍ ငါ၊ ငါ့ဆရာ၊ငါ့ပညာ၊ ငါ့လူမျိုး၊ ငါ့ရပ်ရွာဆိုသော စိတ်များ ရှိနေကြ၏။ စင်စစ် သူတို့သည်း ခေတ်ကြီးလေးပါး၊ ငါလည်း ခေတ်ကြီးလေးပါးဟု

ပညာချက်စိဖြင့် နားလည်လာလျှင် ထိုစိတ်ခေတ်များ ရှိတော့မည် မဟုတ်ပေ။

ဘယ်ဘာသာဆိုင်ရာ ပုဂ္ဂိုလ်ကြီး (ပုဂ္ဂိုလ်စစ် ပုဂ္ဂိုလ်မှန်) မဆို အခြားဘာသာကို မကောင်းဘူးဟု မပြော။ မစော်ကား မရှုတ်ချ။ မပြည့်ဝသေးသောဆရာများကသာ ရှုတ်ချ၊ သွေးထိုး နေခြင်းဖြစ်သည်။ စင်စစ် ဘာသာရေးကို ခုတုံးလုပ်၍ နိုင်ငံရေး၊ လူမျိုးရေး၊ စီးပွားရေး ဖန်တီးနေခြင်းသာဖြစ်သည်။

ဘာသာကြီးတိုင်း၏ ဘာသာရေးစစ်စစ်ကား **ကောင်းတာ မှန်သမျှလုပ်၊ မကောင်းတာ မှန်သမျှရှောင်။ မမြဲသောတရား ကိုသိ၊ မြဲသောတရားကို တွေ့အောင်ရှာပြီး အရောက်သွား။** ဒါပဲ အချုပ်ဖြစ်သည်။

ကိုယ်နှင့်သင့်ရာ ယူနိုင်သည်။ မည်သည့်လူမျိုးမဆို သူတော် ကောင်းတရားကို အားထုတ်နေသူ အစစ်အမှန်ဆိုလျှင် ဦးချရန် ဝန်မလေးသင့်။ မိမိ လူမျိုးထဲက မသူတော်အလုပ် ကျင့်ကြံ အားထုတ်နေသူကိုလည်း လိုသလိုညွှန်ပြဆုံးမရန် ဝန်မလေးသင့်။

အခိကလိုရင်းမှာ မိမိကိုယ်တိုင်က ပြည့်ဝနေဖို့ မပြတ်ကြိုးစား သင့်လှသည်။

ကြိုးစားသည် ဆိုရာ၌ ပုတီးချည့် လက်ကမချပဲ စိပ်နေရန် မဟုတ်။ ကောင်းသောကုန်သွယ်ခြင်း၊ ကောင်းသောစိုက်ပျိုးခြင်း၊ ကောင်းသော အသက်မွေးခြင်း အလုပ် မှန်သမျှကို လုပ်ယင်း စေတနာကောင်းထားရန်နှင့် ထို အလုပ်ပေါ်မှ အပျက်တရား၊ မမြဲသော တရားများကို ရှုလျက် အဖြစ်တရားကို မြင်အောင် သုံးသပ်ခြင်းဖြင့် ရှေးဦးစွာ သူတော်ကောင်း စာရင်းဝင်ဖို့သာ အရေးကြီးသည်။

---

ပေယ်ဦးစာပေ

ဘုရားချင်းပြိုင်နေစရာမလို။ တရားချင်းပြိုင်နေစရာမလို။

ဂေါတမမြတ်စွာဘုရားက 'အတ္တာဟိ အတ္တနော နာထော' မိမိကိုယ်သာ ကိုးကွယ်ရာဟု ဆိုခဲ့သည်။ ကိုယ်ကောင်းဖို့ အရေးကြီးသည်။ အဖေ ပညာတတ်တာနှင့် ကိုယ်ပညာရှိ မဆိုနိုင်။ ကိုယ်ပညာတတ်မှ ကိုယ်ပညာရှိနိုင်သည်။

သည်အကြောင်းနှင့်ပတ်သက်၍ ဗုဒ္ဓဟောကြားခဲ့သည်။

ဗုဒ္ဓ၏ ရှေ့တော်မှောက်တွင် အမြဲရှိသေလေးစားစွာ ခစား၍ ဗုဒ္ဓ၏လက္ခဏာတော်မြတ်နှင့် ရောင်ခြည်တော်မြတ်တို့ကို ကြည်ညိုနေရှာသည့် ရှင်ဝက္ကလိ ရဟန်းမြတ်အား ဗုဒ္ဓက....

"ချစ်သားသည် ငါ ဘုရားကို အကယ်စင်စစ် မမြင်ချေ၊ ငါ ဘုရား ဟောကြားတော်မူသော တရားတော်ကို ကျင့်ကြံအားထုတ်ပေါက်ရောက်ပါမှ သင်ချစ်သားသည် ငါ ဘုရားအား အကယ်စင်စစ် တွေ့မြင် ဖူးမျှော်ရပေအံ့။ ငါဘုရား၏ကြီးကျယ်လှသော ဂုဏ်ကျေးဇူးတော် အစစ်ကို ထိုအခါမှ အမှန်တကယ် ကြည်ညိုနိုင်ပေအံ့"

ဗုဒ္ဓဆိုးမသော တရားတော်မှာ ပကတိမျက်စိဖြင့် မြင်ရသော အသားအရေတော်၊ လက္ခဏာတော်၊ ရောင်ခြည်တော် တို့ကို ပခာန မပြုလင့်။ (လူမျိုးရေး ဘာသာရေး အသွင်ကိုလည်း သည်သို့မြင်။) ဟောကြားတော် မူသော တရားတော်ကိုသာ ပခာနပြု။ ယင်းကောင်းမြတ်သော တရားတော်များ အတိုင်း ကျင့်ကြံအားထုတ်ပါမှ ပညာ (ဝိဇ္ဇာဉာဏ်) ဖြင့် အမှန်တရား အစစ်ကို ရရှိမည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်၏။

---

စပယ်ဦးစာပေ

ဗုဒ္ဓ၏ရွှေ မျက်မှောက်တော်တွင် ကြည်ညိုလျက် ရှိနေသော ရှင်ဝက္ကလိသည် အဆင့်နိမ့်သူမဟုတ်။ သို့သော် ၎င်းအဆင့်ထက် မြင့်၍ ဖြူစင်ခြင်းအစစ်၊ အရိယာဓမ္မ အနှစ်နှင့် နှိုင်းယှဉ်ပါက ရှင်ဝက္ကလိ၏အဆင့်မှာ နိမ့်လျက်ရရှိကား၊ နိမ့်သော အဆင့်ကို စွန့်၍ ထိုထက်မြတ်သောအဆင့်ကို ဆင်မြန်းရန် ပဓာနကျင့်စဉ်သို့ လှမ်းနိုင်အောင် ဗုဒ္ဓက ညွှန်ပြဆုံးမပေးခြင်း ဖြစ်သည်။

ကိုယ်လုပ်မှကိုယ်ရ၍၊ကိုယ်ရမှကိုယ်ပိုင်သည့်အတိုင်းကိုယ်တိုင် ပါရမီရှင်ဖြစ်အောင် သူတော်ကောင်းစိတ် အမြဲမွေးပြီး ကျင့်ကြံ အားထုတ်လေက အမှန်ပင် အောင်မြင်လာပါလိမ့်မည်။ပါရမီကို အကြွင်းမဲ့ ယုံပါလေ။

သတိပြုရန်–အချို့က သူများလုပ်တာ ဟုတ်နိုးနှင့် အစမ်း လုပ်ကြည့်တတ်ကြ၏။ပမာဆောင်ရသော်၊ တယောထိုးကောင်း သည့် ဆရာတယောက်ကိုကြည့်ပြီး အားကျကာ တယောထိုး ကြည့်၏။ တကြိမ်နှစ်ကြိမ်မှ ဆယ်ကြိမ် ဆယ့်ငါးကြိမ် ကြိုးစား ကြည့်၏။ သူလိုဖြစ်မလာ၊ စိတ်ပျက်သွားတတ်ကြသည်။ သူ့လို ဖြစ်ချင်လျှင် သူကြိုးစားခဲ့ရသလို ကိုယ်ကလည်း ကြိုးစားရမည်။ လွယ်လွယ်နှင့်တော့မရ။

သည် လောကီ၊ လောကုတ် ပညာများမှာလည်း ထို့ထက် နက်ရှိုင်းလှချေသေးသည်။ သူများတွေအောင်မြင်နေ၍ ကိုယ်က ငေးကြည့်ပြီး အားကျနေရုံနှင့်မပြီး၊ တဒင်္ဂ အားကျ၍ တကြိမ် နှစ်ကြိမ် စမ်းသပ်ကြည့်ရုံနှင့်လည်း ဖြစ်လာမည်မဟုတ်။ တကယ် တန်း ထိုပုဂ္ဂိုလ်သူမြတ်လို စွဲစွဲမြဲမြဲ စိတ်ပိုင်းဆိုင်ရာ၊ရုပ်ပိုင်းဆိုင်ရာ

ပြောင်းလဲလာအောင် (ကာယကံ၊ ဝစီကံ၊မနောကံ ထိန်းခြင်းကို ဆိုလိုသည်) အဖန်ဖန်တလဲလဲ ပြုမှသာ အောင်မြင်နိုင်သည်။

ဆရာရှာရေး အလွယ်လိုက်ရေးကား အမှားတွေ့နိုင်သည်။ ရှေးဦးစွာ ကိုယ်ခံသိသစင်ကြယ်ဖို့၊ စိတ်ကောင်း၊ နှလုံးကောင်း မပြတ်မွေးနေသင့်သည်။

သင့်ဘက်က သီလလုံခြုံနေလျှင် သင့်ပါရမီဘက် သူတော်စင် အမှန်ပင် ရောက်လာချေမည်တည်း။

# အခန်း ( ၁၄ )

## နိဗ္ဗာန်

အနန္တသိဒ္ဓိနှင့်ပြည့်စုံလာသော သူတို့သည် ထာဝရမြတ်နိဗ္ဗာန်သို့ ရှေးရှုကြ၏။

ထိုနေရာသည် ရာဂ ကင်းချုပ်၏။ ဒေါသ ကင်းချုပ်၏။ မောဟကင်းချုပ်၏။ ကြောင့်ကြစိုးရိမ်ခြင်းကင်းမဲ့၏။ အေးချမ်းခြင်းသဘော၊ ငြိမ်းချမ်းခြင်းသဘောရှိသည်။ ဆင်းရဲဒုက္ခဟူသမျှကင်းစင်သောနေရာဌာနဖြစ်သည်။

ထိုရာဂ ဒေါသ မောဟ အလုံးစုံသော ဒုက္ခတို့၏ ကင်းရာချုပ်ရာ ထိုဘုံဗိမာန်သည် ဟိမဝန္တာတော အနောတတ် ရေအိုင်ကြီးနှင့် တူ၏။

အဟုန်ပြင်းစွာ စီးဆင်း လာသော တောင်ကျချောင်း ယမားပြင်ကျယ်ကြီး၏ ဘေးရန်ကင်းစင်သည့် ခေမာမည်သော ဟိုဘက်ကမ်းကြီးနှင့် တူ၏။

ပြောင်းလဲလာအောင် (ကာယကံ၊ ဝစီကံ၊မနောကံ ထိန်းခြင်းကို ဆိုလိုသည်) အဖန်ဖန်တလဲလဲ ပြုမှသာ အောင်မြင်နိုင်သည်။

ဆရာရှာရေး အလွယ်လိုက်ရေးကား အမှားတွေ့နိုင်သည်။ ရှေးဦးစွာ ကိုယ်ခံသီသစင်ကြယ်ဖို့၊ စိတ်ကောင်း၊ နှလုံးကောင်း မပြတ်မွေးနေသင့်သည်။

သင့်ဘက်က သီလလုံခြုံနေလျှင် သင့်ပါရမီဘက် သူတော်စင် အမှန်ပင် ရောက်လာချေမည်တည်း။

# အခန်း (၁၄)

## နိဗ္ဗာန်

အနန္တသိဒ္ဓိနှင့်ပြည့်စုံလာသော သူတို့သည် ထာဝရမြတ်နိဗ္ဗာန်သို့ ရှေးရှုကြ၏။

ထိုနေရာသည် ရာဂ ကင်းချုပ်၏။ ဒေါသ ကင်းချုပ်၏။ မောဟကင်းချုပ်၏။ ကြောင့်ကြစိုးရိမ်ခြင်းကင်းမဲ့၏။ အေးချမ်းခြင်းသဘော၊ ငြိမ်းချမ်းခြင်းသဘောရှိသည်။ ဆင်းရဲဒုက္ခဟူသမျှကင်းစင်သောနေရာဌာနဖြစ်သည်။

ထိုရာဂ ဒေါသ မောဟ အလုံးစုံသော ဒုက္ခတို့၏ ကင်းရာချုပ်ရာ ထိုဘုံဗိမာန်သည် ဟိမဝန္တာတော အနော်တတ် ရေအိုင်ကြီးနှင့် တူ၏။

အဟုန်ပြင်းစွာ စီးဆင်း လာသော တောင်ကျချောင်းယမားပြင်ကျယ်ကြီး၏ ဘေးရန်ကင်းစင်သည့် ခေမာမည်သောဟိုဘက်ကမ်းကြီးနှင့် တူ၏။

တာဝတိံသာနတ်သိကြားတို့ စံပျော်ရာ အယုဇ္ဈာဘုမိအမည်ရှိသော သုဒဿနမြို့ကြီးနှင့်လည်း တူ၏။

တူပုံကား........

ဟိမဝန္တာ၊အနောတတ် ရေအိုင်ကြီးသည် နံဘေးပတ်လည်၌ သုဒဿန၊ ဂန္ဓမာဒနအစရှိသော တောင်ငါးလုံးတို့ ခြံရံနေ၍၊ လေပြင်းမုန်တိုင်း နေပူတံလျှပ်တို့မှ ကင်းသဖြင့်လှိုင်းဟုန်ဝဲဂယက်များ မရှိပဲ အလွန်အေးချမ်း ငြိမ်သက်စွာ တည်နေသည်။

နံဘေးလေးမျက်နှာ၊ အရပ်ရှစ်မျက်နှာတို့မှ အဟုန်ပြင်းစွာ လောင်ကျွမ်းလာသော တောမီးတို့သည် ထိုအနောတတ်ရေအိုင်ကြီးသို့ ရောက်လျှင် သေငြိမ်းချုပ်ပျောက် ကြရသည်။ ဤအနောတတ် ရေအိုင်ကြီးသည် အလုံးစုံသော တောမီးတို့၏ သေရာငြိမ်းရာ ကုန်ရာခန်းရာ ဖြစ်သလို၊ နိဗ္ဗာန်ဘုံသည်လည်း ဥပါဒ်-ဌီဘင်တို့မှကင်းသဖြင့် ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းဟူသော လှိုင်းဝဲဂယက်မရှိပဲ ငြိမ်သက်တည်ကြည်စွာ ငြိမ်းချမ်းခြင်း၊ အေးမြခြင်းရှိသည်။

လောင်ကျွမ်းနေသောရာဂမီး၊ဒေါသမီး၊မောဟမီး၊ ဇာတိမီး ဇရာမီး၊ မရဏမီး၊ သောကမီးစသည့် တဆယ့်တပါးသော မီးတို့သည် နိဗ္ဗာန်ဌာနသို့ ဆိုက်ရောက်လျှင် သေငြိမ်း ချုပ်ပျောက်ကြရ၏။ ဖြစ်ခြင်း၊ ဆွေးခြင်း၊ ပျက်ခြင်း စသော လှိုင်းဟုန်ဝဲဂယက် ကင်းသဖြင့် အလွန်ကြည်လင်သော မြစ်သမုဒ်ဝယ်၊ ယုန်သူငယ်လို၊ ဉာဏ်ခြေတိုတို၊ ဘယ်လိုမှ ဆင်းသက်ဆောက်တည်ခြင်းငှာ မစွမ်းနိုင်အောင် လွန်စွာနက်နဲသော တောင့်တအပ်သည့် နိဗ္ဗာန် အနောတတ်အိုင်ကြီးကို တည်ကြည်သော ဉာဏ်

သမာဓိ ရှိတော်မူကြသည့် မြတ်စွာဘုရားတို့သည် ညွှန်ပြဟောပြတော်မူ၏။

နိဗ္ဗာန်တည်းဟူသော ဟိုဘက်ကမ်းကြီး၌ ဥပါဒ်ဘေးဒဏ်ရန်သူအပေါင်းတို့သည် မှုန်မှုန်ညက်ညက် ကြေပျက်ကြကုန်၏။ ရန်သူခပ်သိမ်း သေငြိမ်းကြေပျက်ရာ ခေမာဟိုဖက်ကမ်းကို ရှေးရှုရည်မှန်း၍ ပညာရှိတို့သည် ရှေးရှေးကာလ ဘယ်အခါကမှ မကူးမြောက်ဖူးသော အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသည့်၊ အလွန်ဘရာ ကူးမြောက်နိုင်ခဲသည့် ဤယမားပြင်ကျယ်လေးသွယ်သြဃကြီးကို ရင်ဖြင့်ဖြတ်ခွဲလျက်၊ ယက်ကာယက်ကာ ကူးကြကုန်၏။

အသူရာနှင့် သိကြားနတ်တို့ စစ်တိုက်ကြရာ တာဝတိံသာ၊ နတ်သိကြားတို့က စစ်ရေးနိမ့်၍ ပြန်လည်ဆုတ်ပေးလျှင် အသူရာနတ်တို့ကလည်း နောက်ထပ်အတင်း ဖိ၍လိုက်ကြ၏။ တာဝတိံသာနတ်တို့သည် ကြောက်လန့်တကြား ပြေးသွားလေ၍၊ မိမိတို့နေရာ တာဝတိံသာချက်မ သုဒဿန မြို့ကြီးရောက်လျှင် မြို့တွင်းသို့ဝင်၍ မြို့တံခါးတခေါင်ကို ပိတ်ပြီးသောအခါ တုန်လှုပ်ကြောက်ရွံ့ခြင်းမရှိပဲ၊ ချမ်းသာစွာ နေကြရသည်။

အသူရာနတ်တို့လည်း သုဒဿနမြို့ရိုးသို့ဆိုက်ရောက်လျှင် ခုန်ကျော် ဖောက်ဝင်ခြင်းငှာ မဝံ့ကြတော့ပေ။ သုဒဿနမြို့ကြီးကိုစစ်တိုက်၍ သိမ်းယူ အောင်မြင်ခြင်းငှာ မစွမ်းနိုင်ကြသဖြင့် ထိုမြို့ရိုးတံတိုင်းမှ ပြန်လည်ဆုတ်နစ်လျက် မိမိတို့နေရာ အသူရာပြည်သို့ ပြန်ကြရသည်။ ဤသို့ စစ်တိုက်၍မအောင်နိုင်ရာ ဌာနဖြစ်၍ သိကြားနတ်တို့နေရာ ရတနာရွှေမြေအတိပြီးသော မဟာသုဒဿနမြို့ကြီးသည် အယုဇ္ဈဘူမိဟူသော အမည်ကိုရ၏။

ထို့အတူ....

နိဗ္ဗာန်တည်းဟူသော မဟာအတုလ သုဒဿနမြို့ကြီး၌လည်း ဝဿဝတ္တိ နှတ်မင်း ဟူသော **ဒေဝပုတ္တမာန်**၊ တထောင့်ငါးရာ ကိလေသာ ဟူသော **ကိလေသမာရ်**၊ ခန္ဓာ ငါးပါး ဟူသော **ခန္ဓာမာရ်**၊ သေခြင်းတည်းဟူသော **မစ္စုမာရ်**၊ ကုသိုလ်ကံတည်း ဟူသော **အဘိသင်္ခါရမာရ်**၊ ဤ မာန်ငါးပါးတည်း ဟူသော အသူရာတို့သည် ဖိစီးလွှမ်းမိုးလျက်လိုက်ကြရာ၊ ကြောက်လန့်စွာ ပြေးလွှားနေကြသော ယောဂီပုဂ္ဂိုလ်တို့သည် ထို နိဗ္ဗာန်တည်း ဟူသော ငြိမ်းချမ်းခြင်းနှင့်ပြည့်စုံသည့် အတုလသုဒဿနမြို့ကြီးသို့ ဆိုက်ရောက်လျှင် မြို့တွင်းသို့ဝင်၍ တံခါးကိုပိတ်ပြီးသော် တုန်လှုပ် ကြောက်ရွံ့ခြင်း မရှိပဲ ခပ်သိမ်းသော ဘေးရန်မှ ကင်းလွတ်၍ ချမ်းသာစွာ နေကြရသည်။

မာန်ငါးပါးတည်းဟူသော အသူရာရန်သူ အသင်္ခတ တရား တို့သည် ဤ ငြိမ်းချမ်းခြင်း၊ အေးချမ်းခြင်း ရှိသော အသင်္ခတ ဓာတ်အမှန် နိဗ္ဗာန်ဟူသော မဟာအတုလ သုဒဿန မြို့ကြီးသို့ ဆိုက်ရောက်လျှင် အသင်္ခမြို့တွင်းသို့ ခုန်ကျော် ဖောက်ဝင်ခြင်း မပြုနိုင်ကြချေ။ အားလုံး ပြန်လည်ဆုတ်နစ်ကြရသည်။

ဤသို့ မာရ်စစ်တိုက်၍ မအောင်နိုင်ရာ ဌာနဖြစ်ခြင်းကြောင့် ဤ ရဟန္တာရှင်မြတ်တို့ မွေ့လျော်ပျော်စံရာ နိဗ္ဗာန် ဟူသော မဟာအတုလသုဒဿနမြို့သည် အယုဇ္ဈာဘူမိဟူသော အမည်ကို ရလေ၏။ ထို့ကြောင့် နိဗ္ဗာန်သည် တာဝတိံသာ သိကြား နတ်မင်းတို့နေရာ သုဒဿနမြို့ကြီးနှင့် တူပေသည်။

---

စပယ်ဦးစာပေ

## အံ့ဘွယ်တပါး

မဟာ သမုဒ္ဒရာသည် မြစ်ကြီး ငါးသွယ်၊ မြစ်ငယ် ငါးရာ လယ်ယာချောင်းမြောင်း ကောင်းကင် မိုးရေတို့သည် တထွေထွေ စီးဝင်ငြားသော်လည်း ပြည့်ဖြိုး ပိုလျှံခြင်း မရှိ၊ မစီးဝင်ငြား သော်လည်း ဆုတ်ယုတ် လျော့ပါးခြင်းမရှိ လွန်စွာအံ့ဩဘွယ် ကောင်းသကဲ့သို့ နိဗ္ဗာန်တည်းဟူသော မဟာအတုလသုဒဿန မြို့ကြီးသည် ဂင်္ဂါသဲလုံးမျှမက ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တို့သည် ပရိနိဗ္ဗာန် စံကုန်ငြားသော်လည်း ပြည့်ဖြိုး ပိုလျှံခြင်းမရှိ၊ကမ္ဘာအသင်္ချေသုဉ်း၍ တဦးတယောက်မျှမရှိသော် လည်း ဆုတ်ယုတ် လျော့ပါးခြင်းမရှိ၊ သို့ဖြစ်၍ အလွန်တရာ အံ့ဩဖွယ် ကောင်း၏။ ဤအံ့ဩဖွယ်သည် မြတ်စွာဘုရားရှင်က သာသနာတော်မြတ်၌ အံ့ဘွယ်ရှစ်ပါးတို့တွင် တပါး အပါအဝင် ဖြစ်သည်။

ဥဒါန်းပါဠိတော်လာ ကဒါတတန နိဗ္ဗာနသုတ် ပါဌ်တွင် ဤသို့ ဖော်ထား၏။

ဤ လောက၌ မြေ၊ ရေ၊ လေ၊မီး ဓာတ်ကြီးလေးပါးရှိမှသာ သတ္တဝါတို့ တည်နေရာဘုံဌာန ရှိနိုင်၏။ ထိုဓာတ်ကြီး လေးပါး မရှိပဲ ရဟန္တာ အရှင်မြတ်တို့ ပျော်စံတည်နေရာ ဘုံဌာနသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိနိုင်ဟု အချို့ထင်မှားကြ၏။

ထို ထာဝရနိဗ္ဗာန်ဘုံ၌ ကာမဘုံ၊ ရူပဘုံများကဲ့သို့ မြေကြီး မြေဓာတ်မရှိ၊ ရေဓာတ်လည်းမရှိ၊ မီးဓာတ်လည်းမရှိ၊ လေဓာတ် လည်းမရှိ၊ ထို ဓာတ်ကြီးလေးပါး မရှိပဲ ရဟန္တာ အရှင်မြတ်တို့

ပျော်စံတည်နေရာ နိဗ္ဗာန်ဘုံသည် ပရမတ္ထအားဖြင့် ထင်ရှားကောင်း ရှိ၏။

ဤ ဘုံဌာနကြီးသည် အကနိဋ္ဌဘုံအထက် ယူဇနာ ငါးသန်း ငါးသိန်း ရှစ်ထောင် ကွာခြားသော ကောင်းကင်ဒေသ ပထမ အရူပဗြဟ္မာကြီးတို့၏ တည်နေရာ ဘုံလည်း မဟုတ်။ ၎င်းဘုံ အထက် ယူဇနာငါးသန်းငါးသိန်း ရှစ်ထောင် ကွာခြားသော ကောင်းကင်ဒေသ ဒုတိယ အရူပ ဗြဟ္မာကြီးတို့၏ တည်နေရာ ဘုံလည်းမဟုတ်၊ ၎င်းဘုံအထက် ယူဇနာ ငါးသန်း ငါးသိန်း ရှစ်ထောင် ကွာခြားသော ကောင်းကင်ဒေသ၊ တတိယ အရူပ ဗြဟ္မာတို့၏ တည်နေရာ အာကိဉ္စညာယတန ဘုံလည်း မဟုတ်၊ ၎င်းဘုံအထက် ယူဇနာ ငါးသန်းငါးသိန်း ရှစ်ထောင် ကွာခြား သော ကောင်းကင်ဒေသ၊ စတုတ္ထ အရူပ ဗြဟ္မာကြီးတို့၏ တည် နေရာ နေဝသညာ နာသညာယတန ဘုံလည်း မဟုတ်။ ဤ ပစ္စုပ္ပန် လောကလည်းမဟုတ်။ ဤ လူ့ဘုံလည်းမဟုတ်၊နောင် တမလွန် လောကလည်းမဟုတ်။ နက္ခတ်တာရာနှင့်တကွ လ နေ နှစ်ပါးတို့လည်း မရှိကုန်။ ထို လ နေ နှစ်ပါးတို့ မရှိသော်လည်း မှောင်မိုက်ခြင်းမရှိ၊ မိမိတို့ဂုဏ်ရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပ၍ နေ၏။

နိဗ္ဗာန်ကို အဘယ်သို့ မှတ်အပ်သနည်း ဆိုသော အချက်ကို ရဟန္တာ ရှင်နာဂသေနသည် မိလိန္ဒ ပဉှာ နိဗ္ဗာန သစ္ဆိက တပဉှာ အခန်း၌ ဤသို့ ဖြေဆိုထားသည်။

မင်းကြီး ငြိမ်သက်ချမ်းသာ မွန်မြတ်ထသော နိဗ္ဗာန်ဓာတ် သည် ထင်ရှားရှိ၏။ မြတ်စွာဘုရား ဆုံးမတော်မူတိုင်း ကောင်းစွာ ကျင့်သောသူသည် သင်္ခါရ တရားတို့ကို သုံးသပ်သည် ရှိသော်

ပညာဖြင့် ထိုနိဗ္ဗာနဓာတ်ကို မျက်မှောက်ပြု၏။ ဥပမာ အန္ဓေဝါသိက တပည့်သည် ဆရာ ဆုံးမသွန်သင်တိုင်း ကျင့်၍ အတတ်ကို ပညာဖြင့် မျက်မှောက်အာရုံပြုနိုင်သကဲ့သို့ ထို့အတူ ဘုရားရှင်သွန်သင် ဆုံးမတော်မူတိုင်း ကောင်းစွာ ကျင့်သော သူသည် နိဗ္ဗာန်ကို ပညာဖြင့် မျက်မှောက်ပြုနိုင်၏။

ထိုနိဗ္ဗာနဓာတ်ကို အဘယ်သို့မှတ်အပ်သနည်းဟူမူ နှိပ်စက်ခြင်း မရှိသောအားဖြင့် လည်းကောင်း၊ ဥပဒ္ဒဝေါ မရှိသောအားဖြင့် လည်းကောင်း၊ ဘေးမရှိသောအားဖြင့် လည်းကောင်း၊ ရန်မရှိသော အားဖြင့်လည်းကောင်း၊ ငြိမ်သက်သော အားဖြင့်သည်းကောင်း၊ ချမ်းသာသောအားဖြင့်လည်းကောင်း၊ နူးစ်သက်သော အားဖြင့်လည်းကောင်း၊ စင်ကြယ်သော အားဖြင့်လည်းကောင်း၊ ချမ်းအေးသော အားဖြင့်လည်းကောင်း မှတ်အပ်၏။

မင်းကြီး ဥပမာကား- ယောကျ်ားသည် များ စွာ သော ထင်းပုံဖြင့် ပြောင်ပြောင်ပြင်းစွာ တောက်လောင်သော မီးသည် လောင်အပ်သည်ရှိသော် မိမိလုံ့လ အားထုတ်ခြင်းဖြင့် ထိုမီး လောင်ရာအရပ်မှလွတ်၍ မီးမရှိရာအရပ်သို့ဝင်ပြီး ထိုအရပ်မှ မွန်မြတ်သော ချမ်းသာကို ရလေသကဲ့သို့ အကြင်သူသည် ကောင်းစွာကျင့်၏။ ထိုသူသည် ယောနိသော မနသိကာယဖြင့် ရာဂ၊ ဒေါသ၊ မောဟတည်းဟူသော သုံးပါးသောမီးပူခြင်းကို ဖျောက်လွှင့်၍ ချမ်းမြေ့လှစွာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ မီးပုံကဲ့သို့ ရာဂ၊ ဒေါသ၊ မောဟတည်းဟူသော မီးသုံးပါးကို မှတ်အပ်၏။ မီးလောင်အပ်သော ယောကျ်ားကဲ့သို့ ကောင်းစွာကျင့်သောသူကိုမှတ်အပ်၏။ မီးမရှိသော အရပ်ကဲ့သို့ နိဗ္ဗာနဓာတ်ကို မှတ်အပ်၏။

---

စပယ်ဦးစာပေ

တနည်းကား– မြေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူကောင်ပုပ်တို့ကို စွန့်ပစ်ရာအရပ်သို့ရောက်သော အကောင်ပုပ်ဖြင့် နှောင့်ယှက်သောအရပ်သို့ ဝင်ရောက်သောသူသည် မိမိလုံ့လအားထုတ်ခြင်းဖြင့် ထိုအကောင်ပုပ်ရှိရာ အရပ်မှလွတ်၍ အကောင်ပုပ်မရှိရာ အရပ်သို့ဝင်ပြီး ထိုအရပ်၌ ချမ်းသာကိုရသကဲ့သို့ အကြင်သူသည် ကောင်းသော အကျင့်ရှိ၏။ ထိုသူသည်ယောနိသော မနသိကာရဖြင့် ကိလေသာတည်းဟူသော အကောင်ပုပ်ကို မျက်မှောက်ပြု၏။ အကောင်ပုပ်ကဲ့သို့ ငါးပါးသော ကာမဂုဏ်တို့ကိုမှတ်အပ်၏။

မင်းကြီး– ဥပမာကား ကြောက်ထိတ်လန့်သော တုန်လှုပ်ဖောက်ပြန်သော စိတ်ရှိသူသည် မိမိလုံ့လ အားထုတ် ခြင်းဖြင့် ထိုတုန်လှုပ်ရာအရပ်မှလွတ်၍ မြဲမြံခိုင်ခန့် မတုန်မလှုပ် ဘေးမရှိသော အရပ်သို့ဝင်ပြီး မှန်မြတ်သောချမ်းသာကိုရသကဲ့သို့ အကြင်သူသည်ကောင်းစွာကျင့်၏။ထိုသူသည် ယောနိသော မနသိကာရဖြင့် ကိလေသာတည်းဟူသော ကြောက်ထိတ်လန့်ဖွယ် ဘေးကိုဝေးစွာခွာ၍မှန်မြတ်သောနိဗ္ဗာန်ကိုမျက်မှောက်ပြု၏။ထိုဘေးကို ဇာတိ၊ဇရာ၊ဗျာဓိမရဏာတရားကစွဲ၍တပြောင်းပြန်ပြန်သံသရာ၌ဖြစ်ရသော ဘေးဟုမှတ်အပ်၏။ ကြောက်သော ယောကျ်ားကဲ့သို့ ကောင်းစွာ ကျင့်သောသူကို မှတ်အပ်၏။

တနည်းကား ယောကျ်ားသည် ညစ်နွမ်းသော စက်ဆုပ်ဖွယ်ရှိသည့် ညွံပျောင်း အရပ်၌လဲသည်ဖြစ်၍ မိမိလုံ့လ အားထုတ်ခြင်းဖြင့် ရွှံ့ညွံကိုဆေး၍အညစ်အကြေးမရှိ စင်ကြယ်သောအရပ်သို့ ရောက်၏။ ထို့အတူ အကြင်သူသည် ကောင်းသောအကျင့်ကို

---

ကျင့်၏။ ထိုသူသည် ယောနိသော မနသိကာရဖြင့် ကိလေသာ တည်းဟူသော အညစ်အကြေးမှကင်းစင်၍ မွန်မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြု၏။ မင်းကြီး ညွှံပျောင်းကဲ့သို့ လာဘ်သပ္ပကာကျော်စောခြင်းကို မှတ်အပ်၏။ ညွှံပျောင်းသော ယောကျ်ားကဲ့သို့ ကောင်းစွာ ကျင့်သောသူကို မှတ်အပ်၏။ စင်ကြယ်သော အရပ်ကဲ့သို့ နိဗ္ဗာန်ကိုမှတ်အပ်၏။

မင်းကြီး၊ကောင်းစွာ ကျင့်သောသူသည် ထိုနိဗ္ဗာန်ကို အဘယ်သို့ မျက်မှောက် ပြုလေသနည်း ဟူမူ၊ အကြင်သူသည် ကောင်းစွာကျင့်၏၊ ထိုသူသည် သင်္ခါရ တရား တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်၏။ ဖြစ်သောသင်္ခါရတရားကို သုံးသပ်ဆင်ခြင်သော် ထိုသင်္ခါရတရား၌ ဇာတိတရားကို မြင်၏။ ဇရာတရားကို မြင်၏။ ဗျာဓိတရားကို မြင်၏။ ထိုသင်္ခါရတရား၌ တစုံတခု စိုးစဉ်းမျှ ယူအပ်သည်ကို မမြင်။

ဥပမာ— ယောကျ်ားသည် တနေ့ပတ်လုံး ပူစေအပ်သော ပြောင်ပြောင် တောက်သော သံတွေခဲသည် ရှိ၏။

ထိုသံတွေခဲ၌ အစမှလည်းကောင်း၊ အလယ်မှလည်းကောင်း၊ အဆုံးမှလည်းကောင်း စိုးစဉ်းမျှ တစုံတခုကို ကိုင်ယူအပ်သော အရပ်ကို မမြင်သကဲ့သို့ ထို့အတူ အကြင်ပုဂ္ဂိုလ်သည် သင်္ခါရ တရားတို့၏ ဖြစ်ကြောင်းကို သုံးသပ်၏။ ထိုပုဂ္ဂိုလ်သည် ထိုသို့ သုံးသပ်သော ထိုသင်္ခါရတရား၌ ဇာတိတရားကိုမြင်၏။ ဇရာ တရားကိုမြင်၏။ ဗျာဓိတရားကိုမြင်၏။ မရဏတရားကို မြင်၏။ ထိုသင်္ခါရတရား၌ တစုံတခုသော ချမ်းသာကို လည်းကောင်း၊

သာယာအပ်သည်ကိုလည်းကောင်း မမြင်။ အစ အလယ် အဆုံး သုံးပါးကို ကြည့်ရှုဆင်ခြင်သော် တစုံတခုစွဲလမ်းအပ် ယူအပ်သည်ကို မမြင်။ ထိုသို့ ယူအပ်သည်ကို မမြင်သောသူအား စိတ်၌ မမွေလျော်ခြင်းသည် ကောင်းစွာ တည်၏။ ကိုယ်၌ပူပန်ခြင်းသည် သက်ရောက်၏။ ထိုပုဂ္ဂိုလ်သည် ကိုးကွယ်ရာမရှိသည် ဖြစ်၍ ဘဝ၌ငြိုးငွေ့၏။

ဥပမာသော်ကား ယောကျ်ားသည် အလျှံ ပြောင်ပြောင် တောက်သော မီးပုံကြီးသို့ ဝင်ရောက်အံ့၊ ထိုယောကျ်ားသည် ထိုမီးပုံကြီး၌ ကိုးကွယ်ဆောက်တည်ရာမရ၍ မီးပုံကြီး၌ ငြိုးငွေ့ရာ ဖြစ်သကဲ့သို့ သင်္ခါရတရား၌ အစ အလယ် အဆုံးမှ စွဲလန်းအပ် ယူအပ်သည်ကို မမြင်၊ ထိုသူ၏စိတ်၌ မမွေလျော်ခြင်းသည် အမြဲ တည်၏။ ကိုယ်ပူပန်ခြင်းသည် သက်ရောက်၏။ ထိုပုဂ္ဂိုလ်သည် ကိုးကွယ်ဆောက်တည်ရာ မရှိသည်ဖြစ်၍ ဘဝသုံးပါးတို့၌ ငြိုးငွေ့ ၏။ ထိုသင်္ခါရတရား၏ ဖြစ်ခြင်း၌ ဘေး ကို မြင် လေ့ ရှိ သော ထိုပုဂ္ဂိုလ်အား ဤသို့သော စိတ်သည် ဖြစ်၏။ ဤသင်္ခါရတရား သည် ပြင်းစွာလောင်၏။ ပူပန်၏။ ပြောင်ပြောင် တောက်၏။ များစွာသော ဆင်းရဲခြင်းရှိ၏။ များစွာသော ပင်ပန်းခြင်း ရှိ၏။ သင်္ခါရတရား၏ မဖြစ်ရာ အကြင်ငြိမ်းသော ဥပါဒ် တို့၏ လွတ်ရာဖြစ်၏။ တဏှာ၏ ကုန်ရာဖြစ်၏။ ရာဂမရှိ ဝဋ်တရား ၏ ချုပ်ရာဖြစ်၏။ ဤနိဗ္ဗာန်သည် ငြိမ်သက်အေးမြ၏။ ဝဋ်ဆင်းရဲ မရှိ၏။ ထိုနိဗ္ဗာန်ကို တစုံတယောက်သောသူသည် အကယ်၍ ရလေအံ့။ ထိုပုဂ္ဂိုလ်အား ထိုဘေးရန်တို့သည် မဖြစ်လေရာ။ ဤသို့ လျှင် ထိုယောကျ်ား၏စိတ်သည် သင်္ခါရတရားတို့၏ မဖြစ်ရာသို့

ပြေးဝင်၏။ ကြည်လင်၏။ ရှင်လန်း၏။ ငါသည် ထိုသင်္ခါရတရားမှ လွတ်မြောက်ရာ လမ်းကို မြင်အပ်ပေမည်ဟု နှစ်သက်၏။

မင်းကြီး....ဥပမာ ယောကျ်ားသည် ခရီး မှားသည် ဖြစ်၍ အရပ်မဟုတ်သည်၌ သွားရသည်ရှိသော် မှန်ကန်သော သွားရာ ခရီးကို တွေ့မြင်၍ ကြည်လင်သောစိတ်ရှိ၏။ ရှင်ပျ၏။ ငါသည် သွားရာခရီးကိုရအပ်ပေပြီဟုနှစ်သက်၏။ထို့အတူ သင်္ခါရတရား၏ ဖြစ်ခြင်း၌ ဘေးကိုမြင်သောသဘောရှိသည့် ပုဂ္ဂိုလ်အား သင်္ခါရ တရားသည် မဖြစ်ရာ၌ စိတ်သည်ပြေးဝင်၏။ ကြည်လင်၏။ ရှင် လန်း၏။ ငါသည် ထိုသင်္ခါရတရားတို့မှ လွတ်မြောက်ရာ ခရီး လမ်းကို ရပေပြီဟု နှစ်သက်၏။

ထိုသူသည် သင်္ခါရတရား မဖြစ်စိမ့်သောငှာ အကြောင်းကို အားထုတ်၏။ ဆည်းပူး၏။ ပွားစေ၏။ အကြိမ်များစွာ ပြု၏။ ထိုသူအား နိဗ္ဗာန်အကျိုးငှာ သတိသည် ကောင်းစွာ တည်၏။ နိဗ္ဗာန်အကျိုးငှာ ဝီရိယသည် ကောင်းစွာတည်၏။ ပီတိသည် ကောင်းစွာတည်၏။

ထိုပုဂ္ဂိုလ်၏ စိတ်သည် အဖန်တလဲလဲ နှလုံးသွင်းသွားသော အားဖြင့် သင်္ခါရတရား၏ဖြစ်ခြင်းကိုလွန်၍ သင်္ခါရတရား၏ မဖြစ် ရာသို့ သက်၏။

မင်းကြီး....ဤသို့သင်္ခါရတရား၏မဖြစ်ရာသို့အစဉ်ရောက်သော သူသည် ကောင်းစွာ ကျင့်သည်ဖြစ်၍ နိဗ္ဗာန်သို့ မျက်မှောက် ပြု၏။

ထိုသို့အားဖြင့် ထာဝရ သုခဘုံကို ပြဆိုထားရာ၊ သူတော်စင် သူတော်မြတ်များတွေ့မြင်သလို မိမိကိုယ်တိုင် မတွေ့ရသေးပါက ဆင်းရဲခြင်းတည်းဟူသော ဒုက္ခသံသရာရှည်တော့မည်။ အမျိုးမျိုးသော နည်းလမ်းများဖြင့် စိတ်ကို ဖြေသော်လည်း အငြကြီး ပြေမည်မဟုတ်။

လောက၌ မည်မျှပင် ထင်ပေါ် ကျော်စော၍ ဂုဏ်ပကာသနများဖြင့် ပြည့်စုံနေလင့်ကစား၊ စင်စစ် ချမ်းသာခြင်း အစစ်အမှန် မဟုတ်သည်ကား ထင်ရှားလှ၏။

အနန္တသိဒ္ဓိရှင်သည် ဒုက္ခအဖြစ်အမှန်ကို သိလျက်၊ သုခအစစ်အမှန်ကို ရအောင်ကြိုးစား၏။

သံသရာ ဝဋ်ဆင်းရဲဆိုသည်မှာ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ၊ ဖြစ်ပျက်လာပြီး၊ လာဆဲ လာလတ္တံ့သော အစဉ်ကြီးပင် ဖြစ်၏။ ယင်းဖြစ်စဉ်ကြီးသည် အနန္တအဆုံးမရှိ ရှည်လျား၏။

လောက သုခသည် မမြဲသဖြင့် ဆင်းရဲ၏။ မြဲလျှင်မူကား နေသာ၏။ ဒါကြောင့် ကျင့်ကြံအားထုတ်ရလေသည်။

သတ္တဝါ တို့သည် အဆုံးအစ မရှိသော ဌာနနှင့် ကာလတလျှောက် သံသရာဝဲသြဃတွင် နစ်မွန်း၍လည်းကောင်း၊ ပေါ်တက်၍ လည်းကောင်း အလှည့်အလည်အားဖြင့် မျောပါနေရပါသည်။ အစအဆုံးမရှိ ရှည်လျားလှ၏။

ဘဝပေါင်း ကုဋေတသိန်းမက ဖြစ်ပျက်ပြီးလာခဲ့သော်လည်း ဝဋ်ဒုက္ခနယ်မှ မလွတ်မြောက်နိုင်သေး။

---

စပယ်ဦးစာပေ

ထို အနုမတဂ္ဂ သံသရာအစဉ်ကြီး၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ပုထုဇဉ် လူ၊ နတ်၊ ဗြဟ္မာ အားလုံးပါနေ၏။

တဘုံနှင့်တဘုံ ဆက်စပ်၍ တည်နေ၏။ ထို့ကြောင့် တဘုံမှ တဘုံသို့ ကူးပြောင်း လဲလှယ်၍ ခံစား စံစားနေရသည်။ အယုတ်ဘဝနှင့် အမြတ်ဘဝ ပြောင်းလဲခံစားနေရသည်။ ကုသိုလ် ကောင်းမှုများလျှင် လူ၊ နတ်၊ ဗြဟ္မာဘဝရောက်၍၊ အကုသိုလ် များလျှင် အပါယ်ရောက်၏။

ကမ္ဘာပျက်သော အခါ သတ္တဝါ အားလုံးတို့မှာ သမာဓိ တရားအလျောက် ဗြဟ္မာဘုံသို့ ဟက်ရောက်ကြ၏။ သည့်နောက် အောက်နယ်သို့ ဆင်းသက် ခံစားကြရပြန်၏။ ဗြဟ္မာသက်၊ နတ်သက်၊ လူ့သက်သည် ရှည်သလော။ အနုမတဂ္ဂနှင့် စာသော် ဗြဟ္မာသက်ပင် တိုလှ၏။

ဗုဒ္ဓသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဆင်းရဲပင်ပန်းစွာဖြင့် ရင်းနှီး ရှာဖွေတော်မူခဲ့သော သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သတ္တဝါများကို ထိုအနန္တ ဆင်းရဲတွင်းမှ ကယ်တင်နိုင်ခဲ့သည်။ ကျေးဇူးကြီးမားပေစွ။

ဒုက္ခ ဆင်းရဲ အစစ်ကို အကယ် သိမြင်မှ ယင်းဒုက္ခ၏ အကြောင်းဖြစ်သော လောဘကိုပယ်ခွာရန် မဂ္ဂင်တရားပွားများ အားထုတ်ခြင်းဖြင့် အေးငြိမ်းခြင်း သုခ အမှန်သို့ ဆိုက်ရောက် စေရန် ညွှန်ပြတော်မူခဲ့သည်။

တရားတော်မြတ်သာလျှင် အနန္တသိဒ္ဓိကို ပြီးစီး စေနိုင်၏။ ဝဋ်ဆင်းရဲ၏ အဆုံးသို့ ရောက်စေနိုင်၏။

---

စပယ်ဦးစာပေ

အစအဆုံးမရှိ ဖြစ်ပျက်အစဉ်ဖြင့် အမြဲရှိနေသော အနမတဂ္ဂ သံသရာ၌ ဂုဏ်တန်ခိုး ကြီးစေရန်ထက်၊ ဒုက္ခနယ်မှ ကျော်လွန်ရှ်သုခနယ်အစစ်သို့ သာသနာတွင်း၌ သိမြင်ဆိုက်ရောက်ကြရန် ပမာနလိုရင်းကြီးဖြစ်သည်။

တကယ်အသိဟု ဆိုအပ်သော **သစ္စာ**အသိမျိုးမှာ သိသည်နှင့်တပြိုင်နက် မကောင်းမှုကိုစွန့်ပယ်၍၊ ကောင်းတာကိုဆောင်ရွက်၏။

တကယ်အသိမဟုတ်သော **သညာအသိ** မျိုးမှာ မပယ်နိုင်၊ သိလျက်နှင့် မိုက်နေတတ်ကြသည်။ သိလျက်နှင့် လောဘနိုင်ငံတွင်လိုက်စား နေတတ်ကြသည်။

အချို့က တရားကျင့်စဉ်သည် တကိုယ်ကောင်း လမ်းစဉ်ဟု ထင်မှားတတ်ကြသည်။အားထုတ်သူ တဦးတယောက် တည်းသာလျှင် စံစားအပ်၍ အများသတ္တဝါ၏ အကျိုးနှင့် မဆက်စပ်ဟု ထင်ကြသည်။

အထင်မှား၊ အမှတ်မှားဖြစ်သည်။

ငွေ့င်းတဟ္ဟိုသည် ဘဝအားဖြင့် ယုတ်ညံ့၏။ ပုပ်ရိရွဲရှာဖွယ် ဖြစ်သော ခွေးသေကောင်ကို အကောင်းအမြတ်ကြီး ထင်ကာ၊ မြိန်ရှက်စွာ စားသောက် ပျော်မွေ့၏။ တဦးတယောက်က ၎င်းတို့အား....

"သင်တို့ စားသောက်သော ခွေးသေကောင်သည် စင်စစ် မကောင်း၊ ရွံရှာဖွယ်ရှိ၏။ သင်တို့ဖြစ်ရသော ဘဝသည် ယုတ်ညံ့၏။" ဟုဆိုခဲ့သော် ထိုသူက တကိုယ်ကောင်း ကြံသည်ဟု ဆိုရမည်လော။

---

စပယ်ဦးစာပေ

အကယ်၍ ဋွင်းတအချို့သည် ရှုံရှာဖွယ်ကိုသတိရပြီး မြင့်မြတ်ရာဘဝသို့ ရှေးရှုဆောင်ရွက်ရာ၌ (ရှုံရှာဖွယ်ကိုစွန့်ပြီး ကောင်းမြတ်သော အာဟာရကို ရှာဖွေရာ၌) ထိုဋွင်းတကို တကိုယ်ကောင်းကြံသည်ဟု ဆိုမည်လော။

တခါက စုန်းမအဖြစ်(ဘူး)သွင်းခံခဲ့ရသော မိန်းမတယောက်သည် တရားအားထုတ်ရာ၌ ဝမ်းတွင်းမှ ပယောဂဘူး အန်ထွက်လာပြီး၊ စုန်းမအဖြစ်မှ ကျွတ်လွတ်သွား၏။

၎င်းကပြောပြသည်မှာ "ရှေးအခါ စုန်းပယောဂ မှီတွယ်နေစဉ်က မစင်ကျင်းကြီးများကို ကြော်လှော်ပြီးသား ပုစွန်တုပ်ကြီးများပမာ၊ မိမိမျက်စိတွင်မြင်ရ၍၊ စားသောက်မြိန်ရှက်ခဲ့ဖူးပါကြောင်း၊ယခုပယောဂဘူးကျွတ်လွတ်သွား၍ မစင်အတိုင်းပင်မြင်ရသဖြင့်၊ စားသောက်ချင်မည်ဝေးစွ၊ အနားပင် မကပ်ချင်တော့ကြောင်း"အခြားပယောဂဝင်စုန်းပညာသည်တို့ကို မိမိ၏ ကံကောင်းထောက်မ ကျွတ်လွတ်ခွင့်ရပုံနှင့် မိမိကဲ့သို့ပင်တရားဓမ္မအားထုတ်ကြရန် တိုက်တွန်း ပြောကြားလျှင်၊ ထိုမိန်းမကို တကိုယ်ကောင်းကြံစည်သူဟု ဆိုမည်လော။

အမှားနယ်မှ အမှန်နယ် ရောက်ရှိရန် ကြိုးစား ချက်သည် စင်စစ်တကိုယ်ကောင်း ဝါဒမဟုတ်ချေ။

'သစ်တပင် ကောင်းက ငှက်တသောင်း မှီခိုရသည်' ဆိုရိုးစကားအတိုင်း သူတော်ကောင်းကျင့်စဉ် ပေါက်မြောက်အောင်မြင်သော ပုဂ္ဂိုလ်သည် တပည့် အပေါင်း ခြံရံလျက် တရားအဆင့်မြင့်သည်ထက် မြင့်မြတ်စေသအပ်တည်း။

## ဂန္ဓာရီအတတ်တွင် အကျုံးဝင်သောမန္တာန်

မိလိန္ဒ၁၀ စ္ဆထေရ်အလောင်းသည် ဗုဒ္ဓနှင့်မတွေ့မီ 'စူဠဂန္ဓာရီ' အတတ်ကို သင်ယူတတ်မြောက်ခဲ့ကြောင်း ဓမ္မပဒ အဋ္ဌကထာနှင့် အပဒါန်အဋ္ဌကထာတို့၌ အထင်အရှားပါရှိသည်။

မဟာဂန္ဓာရီအတတ်ကား ထိုထက်ပင် တန်ခိုးကြီးကြောင်း ဓမ္မပဒ အဋ္ဌကထာ၌ပင် ဖော်ပြထားသည်။

ဂန္ဓာရီအတတ်ကို ဝိဇ္ဇာမဟိဒ္ဓိ တန်ခိုးအဖြစ်ဖြင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဣဒ္ဓိဆယ်ပါးခွဲခန်း၌ လာရှိသည်။

### ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ ဣဒ္ဓိ ၁၀ ပါး

၁။ အဓိဋ္ဌာန်တန်ခိုး

၂။ ဖန်ဆင်းခြင်းတန်ခိုး

၃။ စိတ်ဖြင့်ပြီးသောတန်ခိုး

၄။ ဉာဏ်ပျံ့နှံ့သောတန်ခိုး

၅။ သမာဓိပျံ့နှံ့သောတန်ခိုး

၆။ အရိယာတန်ခိုး

၇။ ကံကြောင့်ဖြစ်သောတန်ခိုး

၈။ ဘုန်းတန်ခိုး

---

ပေယ်ဦးစာပေ

၉။ ဝိဇ္ဇာအတတ်ဖြင့် ပြီးသောတန်ခိုး

၁၀။ အားထုတ်မှုကြောင့် ဖြစ်သောတန်ခိုး

(၉)ခုမြောက်၌ ပါဝင်သည့် ဝိဇ္ဇာအတတ်ဖြင့် ပြီးသောတန်ခိုးဆိုသည်မှာ....

"ဝိဇ္ဇာတို့သည် မန္တာန်ကို စုတ်၍ ကောင်းကင်သို့ သွားကုန်၏။ ရေးခြစ်၍ မသင်နိုင်သော ကောင်းကင်၌ ဆင်တပ်ကိုလည်းပြကုန်၏။ မြင်းတပ်ကိုလည်း ပြကုန်၏။ ရထားတပ်ကိုလည်းပြကုန်၏။ခြေသည် ရဲမက်တို့ကိုလည်း ပြကုန်၏။ အမျိုးမျိုးသော စစ်သည်အပေါင်းကိုလည်း ပြကုန်၏။ ဤကား ဝိဇ္ဇာအတတ်ဖြင့် ပြီးသော တန်ခိုးတည်း"ဟု ပဋိသမ္ဘိဒါမဂ် ပါဠိတော်တွင် ညွှန်ပြထားသည်။

၎င်းပါဠိတော်လာ "ဝိဇ္ဇာ မိုရ် တို့သည် မန္တာန်ကိုစုတ်၍ ကောင်းကင်၌ သွားကုန်၏"ဟူသော စကားရပ်ကို ထောက်ရှု၍ **'မန္တာန်'** သည် ဝိဇ္ဇာအတတ်ဖြစ်ကြောင်း ထင်ထင်ရှားရှား သိနိုင်သည်။

ထပ်ဆင့်၍ အထူးပြုဦးအံ့။

မန္တာန်အတတ်သည် လောက၌ မုချရှိကြောင်း၊ ဝိဇ္ဇာတို့၏ အတတ်ဖြစ်ကြောင်း ဗုဒ္ဓကိုယ်တော်တိုင် သီလက္ခန်ပါဠိ၊ ကေဝဋ္ဋသုတ်၌ ဟောတော်မူခဲ့သည်။

"အတ္ထိ ခေါ်ဘော ဂန္ဓာရီ နာမ ဝိဇ္ဇာ"

---

အချင်းကေဝဋ္ဋ ဂန္ဓာရီမည်သော အတတ်သည် စင်စစ်ရှိ၏။ ထိုဂန္ဓာရီအတတ်ဖြင့် ရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးမြောက်စေ၏။ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏။ အများဖြစ်လျက်လည်း တယောက်တည်းဖြစ်သာ၏။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း မိမိအလိုအတိုင်း ဖြစ်စေနိုင်၏။

အချင်းကေဝဋ္ဋ (စိန္တာမဏိ) မည်သောအတတ်သည် စင်စစ်ရှိ၏။ ထိုစိန္တာမဏိအတတ်ဖြင့် သင်၏စိတ်သည် ဤသို့သဘောရှိ၏။ သင်၏စိတ်သည် ဤသို့အခြင်းအရာရှိ၏။ သင်၏ စိတ်သည် ဤသို့အကြံဖြစ်၏ဟု တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတတ်ဟောနိုင်၏။

စိန္တာမဏိအတတ်သည် မန္တာန်အတတ်သာတည်း။

သာဝတ္ထိပြည်တွင် မိလိန္ဒဝစ္ဆထေရ်အလောင်းသည် ဗုဒ္ဓနှင့် မတွေ့မီ စူဠဂန္ဓာရီမန္တာန်ကို တတ်မြောက်သဖြင့် ကောင်းကင်သို့ ပျံနိုင်၏။ သူတပါးတို့၏ စိတ်ကိုသိနိုင်၏။

(ဆက္ကနိပါတ်၊ ခရေပုတ္တဝဂ်၊ ဝိဇ္ဇာခရဇာတ်တွင် စမုတ်ဆောင် အရှေ့၊ အနောက်၊ တောင်၊ မြောက် မကျန် ခေးလှံ အထပ်ထပ် ရံကာလျက် လုံခြုံစွာထားသော ဗြဟ္မာဒတ် မင်းကြီး၏ မဟေသီ မိဖုရားခေါင်ကြီးကို လောကီပညာ ပြည့်စုံသော ဝိဇ္ဇာဓိုရ်က မြေလျှိုးမိုးပျံ တန်ခိုးလျှံဖြင့် စံပျော်ခဲ့ဖူးကြောင်း အခန်း–၂ တွင် တင်ပြပြီးခဲ့ပြီ)

---

စပယ်ဦးစာပေ

အပါဒါနိပါဠိတွင် သုမေဓာဘုရားလက်ထက် အသျှင်ကစ္စည်းထေရ်အလောင်း ဝိဇ္ဇာဓိုရ်ဖြစ်၍ မဟာလှေကားပွင့်ကို ဆောင်ပြီး ကောင်းကင်ခရီးဖြင့် သွားစဉ် ဗုဒ္ဓကိုတွေ့၍ ပူဇော်လိုက်သည်ဟု ဆိုသည်။

ရာဇဂြိုဟ်ပြည်၌ ဥတ္တရသာမဏေ အလောင်းသည် သုမေဓာဘုရားလက်ထက်ဝိဇ္ဇာလုလင်ဖြစ်၍ ကောင်းကင်ပျံသွားစဉ် ဗုဒ္ဓကို မြင်၍ ပန်းတီးတို့ဖြင့် ပူဇော်လိုက်သည်ဟု ဆိုသည်။

နဝနိပါတ်သမုဂ္ဂဇာတ်၌ ကောင်းကင် ခရီးဖြင့် လာသော ဝါယဿပုတ္တ ဝိဇ္ဇာဓိုရ်သည် ကြုတ်တွင်ထားသော မိန်းမငယ်ထံ ရောက်လာ၏။ ဒါနဝဘီလူးက မသိရှာပဲ ဝိဇ္ဇာဓိုရ်ဝင်နေသော ကြုတ်ကို ငုံသွား၏။ ဘီးလူးသည် မသင်္ကာသဖြင့် ခံတွင်းမှ ထုတ်၍ ကြုတ်ကို ဖွင့်ကြည့်လိုက်ရာ ဝိဇ္ဇာဓိုရ်က သံလျက်ကို ပိုက်၍ မန္တာန်စိတ်လျက် ကောင်းကင်သို့ ပျံတက်သွားကြောင်း တွေ့ရသည်။

အလ္လကပ္ပမင်း၊ ဝေဌဒီပမင်း၊ ဥတေနမင်းတို့၏ အကြောင်းနှင့်ပတ်သက်၍ ဆင်များကို လာစေ၊ သွားစေနိုင်သော 'ဟတ္ထိကန္တမန္တရား' ရှိကြောင်း ဓမ္မပဒအဋ္ဌကထာ၌ ဖွင့်သည်။

သာဝတ္ထိပြည်သား ဝိင်္ဂီသလုလင်သည် ဆဝသီသမန္တာန်ကို တတ်သဖြင့် သေလွန်ပြီးသူတို့၏ ဦးခေါင်းခွံကိုယူ၍ ယင်း မန္တာန်ဖြင့် စိတ်ကြည့်ရာ ထိုသေသူသည် ငရဲ၊ တိရစ္ဆာန်၊ လူစသော မည်သည့်ဘုံ၌ဖြစ်ကြောင်းကို သိနိုင်သည်ဟု ဓမ္မပဒအဋ္ဌကထာ အင်္ဂုတ္တိုရ်အပါဒါနအဋ္ဌကထာတို့၌ ဖော်ပြထားသည်။

ဗာရာဏသီပြည် သေနက မင်းသည် နဂါးမင်း တဦးထံမှ ပိုးမွှားတိရစ္ဆာန်တို့၏ ဘာသာစကားကို နားလည်စေနိုင်သော 'သဗ္ဗရုတဇာနနမန္တရား'ကို ရရှိကြောင်း ဆက္ကနိပါတ် ခရပုတ္တဇာတ်တွင် ဟောတော်မူသည်။

ဆေးဝါးမန္တရားအစီအရင်ဖြင့် အလမ္ပာယ်ပုဏ္ဏားက စမ္ပေယျနဂါးမင်းကို ဖမ်းကြောင်း ဝိသတိနိပါတ် စမ္ပေယျ ဇာတ်၌ ဟောတော်မူသည်။ ထိုနည်း ဘူရိဒတ်ဇာတ်၌လည်းလာသည်။

ပေါရိသာဒသည် ဘီလူးတယောက်ထံမှ 'ပဒလက္ခဏမန္တာန်' ရသဖြင့် လျင်မြန်၏။အားကြီး၏။ ရဲရင့်၏။ ရန်သူတို့ကို မခံမရပ်နိုင်ကြောင်း အသီတိနိပါတ် မဟာသုတသောမဇာတ်၌ ဟောတော်မူသည်။

မြေမြှုပ်ထားသော ပစ္စည်းဥစ္စာတို့ကိုမြင်နိုင်စွမ်းသောမန္တရားရှိကြောင်း စတုကနိပါတ် ဗြဟာဆတ္တဇာတ်တော်၌ ဟောတော်မူသည်။

လူသေကောင်များကို ထလာစေနိုင်သော မန္တာန်ရှိကြောင်း ဧကနိပါတ်သဉ္ဇီဝဇာတ်တော်၌ ဟောတော်မူသည်။

နက္ခတ်ကိုကြည့်၍ ရွှတ်လျှင် ရတနာ (၇)ပါး မိုးရွာစေတတ်သော 'ဝေဒဗ္ဗမန္တာန်' ရှိကြောင်း ဧကနိပါတ် ဝေဒဗ္ဗဇာတ်၌ ဟောတော်မူသည်။

ဤအချက်များကိုထောက်ဆ၍ မန္တာန်သည် ဂန္ဓာရီအတတ်တွင် အလွန်အရေးပါကြောင်း သိနိုင်လေပြီ။

---

စပယ်ဦးစာပေ

## မန္တာန်နှင့် အစောင့်

မန္တာန်တိုင်း၌ သက်ဆိုင်ရာအစောင့် ရှိစမြဲဖြစ်သည်။

ဥပမာ နတ်ဘီလူးတို့ကို နှိမ်နင်းနိုင်စေတတ်သော မန္တာန်။

နတ်နဂါးတို့ကို နှိမ်နင်းနိုင်စေတတ်သော မန္တာန်။

ဂန္ဓဗ္ဗနတ်တို့ကို နှိမ်နင်းနိုင်သော မန္တာန်။

ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ လေနတ်၊ မီးနတ်၊ ရေနတ် စသည့် နတ်တို့ကို နှိမ်နင်းစေတတ်သော မန္တာန်ဟူ၍ အမျိုးမျိုး ရှိသည်။

နတ်နဂါးတို့ကို နိုင်စေတတ်၊ နတ်နဂါးတို့နှင့် ပတ်သက်၍ စီရင်ထားသော မန္တာန်ကို နတ်ဘီလူးတို့ကိုနှိမ်နင်းလိုသော ဆန္ဒဖြင့် ရွတ်ဆို၍မရနိုင်။ လေနတ်ကိုနှိမ်နင်းရန် စီရင်ထားသော မန္တာန်ကို မီးနတ်အား နှိမ်နင်းရန်ဆန္ဒဖြင့် ရွတ်ဆို၍မရနိုင်။

ထို့ကြောင့် မန္တာန်တခုတည်းကို ရွတ်ရုံဖြင့် အရာခပ်သိမ်း အောင်မြင်ပြီးစီးနိုင်မည်မဟုတ်ကြောင်း သိရှိဖို့လိုသည်။

မန္တာန်သည် စိတ်ပညာကိုအခြေခံ၍ ဖြစ်ပေါ်လာရသည်ဟု ယူဆနိုင်သည်။

အထူးသဖြင့် မန္တာန်ရွတ်နေစဉ်အတွင်း စိတ်သည် တည်ငြိမ်နေ၏။ ထိုသို့စိတ်တည်ငြိမ်နေသောအခါ စိတ်၏မပွံ့လွင့်မှုကြောင့် မိမိဆန္ဒရှိရာအတိုင်း ဖြစ်ပေါ်လာရ၏။

"ငါသည် စိတ်ထက်ဆန်းကြယ်သောအရာ၊ စိတ်ထက်တန်ခိုးကြီးသောအရာတို့ကို လောက၌မမြင်တော်မမူ" ဟုဗုဒ္ဓဟောတော်မူခဲ့သည်။

---

စပယ်ဦးစာပေ

ထို့ကြောင့် စိတ်ပညာကို အခြေခံပြီး ဖြစ်ပေါ်လာသော မန္တာန်သည် အဘယ်မျှ တန်ခိုးကြီးမားမည်ကို တွေးဆနိုင်သည်။ မန္တာန်၏ အစွမ်းသတ္တိကြောင့် သက်ဆိုင်ရာ ဘုမ္မစိုး၊ ရုက္ခစိုး၊ လေနတ်၊ မီးနတ်၊ သိကြား၊ ဗြဟ္မာစသည်တို့က ကူညီလာရသည်။ စောင့်ရှောက်လာရသည်။

ဝေဿဝဏ်နတ်မင်းကြီး ပေးသည်ဆိုသော 'ဟုမ်'အက္ခရာ တလုံးတည်းကို အထပ်ထပ်ရွတ်ဆိုလျှင် ဂန္ဓဗ္ဗနတ်တို့ စောင့်ရှောက် လာရသည်ဟုအဆိုရှိသည်။

ကိလေသာအညစ်အကြေး မစင်ကြယ်သေးသော ပုထုဇဉ်ရသေ့အပေါင်းတို့ စီရင်အပ်သော မန္တာန်တို့သည် ဤမျှ တန်ခိုးတေဇော် အာနုဘော်ကြီးမားနေလျှင် သဗ္ဗညုလေးပါး ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဗုဒ္ဓ၏ ဂါထာ သုတ် ပရိတ်တို့သည် ဆိုလျှင် အဘယ်မှာဆိုဘွယ်ရာရှိတော့မည်နည်း။

မည်သည့် ဂါထာမန္တာန်မဆို ယုံကြည်မှု ရှိရန်လိုသည်။ ယုံကြည်မှုရှိမှသာလျှင် လိုအပ်သောအကျိုးကို မုချရရှိနိုင်သည်။ ယုံကြည်မှုမရှိက မည်သည့်အတတ်ပညာကိုမျှ ပိုင်ပိုင်နိုင်နိုင် ရရှိနိုင်မည်မဟုတ်။

## မန္တာန်ရွတ်ချိန်

မန္တာန်ရွတ်ရမည့် အချိန်နှင့်ပတ်သက်၍ နံနက် အရုဏ်တက်သည်မှစ၍ နံနက်(၆)နာရီအတွင်း အကောင်းဆုံး အချိန်ဟု သတ်မှတ်ကြသည်။

---

ပေယျာလပြီးစာပေ

စင်စစ် ထိုနံနက်ဆည်းဆာချိန်သည် အနုပဂ္ဂိုလ်အချိန်ဖြစ်၏။ အားမာန်သစ်ကို ဖန်တီးပေးသော အချိန် ဖြစ်၏။ ရှင်လန်း သာယာသောအချိန်ဖြစ်၍ဉာဏ်သစ်ပညာသစ်ပွင့်လင်းစေသည်။

အိပ်ရာမှ နိုးစအချိန်ဖြစ်၍ အားအင်လည်း ပြည့်ဖြိုးသည်။ အာရုံ မပြားသေး။ နံနက်ခင်းသည် မင်္ဂလာ ကျက်သရေဖြင့် ပြည့်စုံသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ကျွတ်ထိုက်သော သတ္တဝါတို့ကို မဟာကရုဏာတော် ရှေ့ထား၍ ရှုကြည့်ချိန်မှာ ဤမိုးသောက် အရုဏ်ဦးချိန်ပင် ဖြစ်သည်။

သူတော်စင်အပေါင်းတို့မှာလည်း ကြေးစည်သံ၊ ဝတ်တက်သံ၊ အမျှဝေသံတို့ဖြင့် ဓမ္မဂီတကို ရင့်ကျူးလျက်ရှိကြသည်။

ဝေဒ၊ မန္တ၊ လောကီယ၊အရိယာ၊ ဂန္ဓာရီဝိဇ္ဇာထိုရ်တို့ ဟိတ်ဟန်တန်ခိုးများထုတ်သည့်အချိန်၊ ၎င်းတို့၏ ဟိတ်ဟန်တန်ခိုးတို့ လောကဓာတ်ဝန်းကျင် အသံလှိုင်းထဲ၌ ပျံ့နှံ့နေချိန်လည်း ဖြစ်သည်။

အသံကို အကြောင်းပြု၍ မန္တာန်၏ အာနိသင် ဟိတ်တန်ခိုး များကို အရဖမ်းယူလိုလျှင် သူတော်ကောင်းတို့ပို့သသောမေတ္တာ ပေးဝေအပ်သော အမျှများကိုသာမက ဝိဇ္ဇာတို့၏ခန္ဓာမှပျံ့နှံ့လာသော ဟိတ်တန်ခိုး အာနိသင်များကို မိမိ၏နှလုံးအိမ်ထဲသို့ စိမ့်ဝင်ယိုစီးခွင့်၊ အာရုံတံခါးဝများ ဟင်းလင်းဖွင့်ပြီး အမိအရ ဖမ်းယူရန် အကောင်းဆုံးအချိန်ဟု ဆိုရမည်။

ထိုအကောင်းဆုံးဖြစ်သော'နံနက်' အချိန်မှ လွဲလျှင် နေထွက်ဆဲဆဲ၊ နေဝင်ဆဲဆဲ၊ သန်းကောင်ဆဲဆဲ အချိန့်တို့သည် ကောင်းလှပေသည်။

---

ဤ ပရိတ်ဂါထာတော်ကြီး၏ တန်ခိုးတေဇော် အနုဘော်ကြောင့် မျက်မှောက်ဘဝ၌ပင် မခကာင်းသော တစ္ဆေ၊ ပြိတ္တာ၊ မြေဘုတ်၊ ဘီလူးစသော ဘေးအမျိုးမျိုးတို့မှ လည်းကောင်း၊ ရောဂါ အမျိုးမျိုးတို့နှင့်တကွ ကြောက်မက်ဖွယ် အန္တရာယ် အသွယ်သွယ်တို့မှ လည်းကောင်း၊ အံ့ဩဖွယ်ရာ ကင်းလွတ်ကြသူတို့မှာ ရေတွက်၍ပင် မကုန်အောင် များပြားလှသည်။

နောင်တမလွန်အတွက်လည်း နိဗ္ဗာန်တိုင်အောင် အကျိုးကို ရစေနိုင်သည်။

## ဂါထာမန္တာန် ရွတ်ခြင်းအကျိုး

"လူ၏အလျောက်၊ မျက်မှောက်ဘေးရန်၊ ဖြစ်ခဲ့ပြန်သော်၊ မန္တာန်စုတ်ဘိ၊ ပညာရှိနှင့်၊ နှိုင်းသို့တိုင်ပင်၊ ချစ်ခင်စရာ၊ သာယာစကား၊ ပဏ္ဏာဖြား၍၊ ပေးငြားတံစိုး၊ ဆွေမျိုးဆက်နွယ်၊ ဤငါးသွယ်ဖြင့်၊ ကိုယ်ဝယ်ရောက်လာ၊ မှုရေးရာ၌၊ ချမ်းသာရမြဲ၊ မလွဲမှန်လှ၊ သို့မရမူ၊ ကမ္မသကာ၊ ငါ့ကံသာဟု၊ ကြမ္မာကိစ္စ၊ ကံကိုချလော့"

(မဃဒေဝ လင်္ကာသစ်)

လူ့သဘော လူ့သဘာဝအလျောက် ဘေးရန် အန္တရာယ်များနှင့် ကြုံဆုံလာလျှင် မန္တာန်ရွတ်၍ ကာကွယ်ခြင်း၊ ပညာရှိများနှင့် သို့နှိုင်းတိုင်ပင်၍ ကာကွယ်ခြင်း၊ သာယာချစ်ခင်ဖွယ် ပြောဆိုခြင်း၊ လက်ဆောင်ပဏ္ဏာ ပေးခြင်း၊ ဆွေစဉ်မျိုးဆက် ဆက်နွယ်ခြင်းဖြင့် ရှောင်ကွင်း နိုင်ကြောင်း၊ အကယ်၍ ရှေး

အတိတ်ကံ ဝဋ်ကြွေးဖန်လာမှသာ ခံရမည့်အကြောင်းကို မန်လည်ဆရာတော်ဘုရားက စပ်ဆိုညွှန်ပြ ဆုံးမခဲ့သည်။

သည်အချက်ကိုကြည့်၍ မန္တာန်စုတ်ခြင်းသည် မည်မျှအရေးပါသည်ကို သိနိုင်ပေသည်။ ဆရာတော်သည် အကြောင်းမဲ့သက်သက် စိတ်ကူးယဉ်ပြီး လိုရာဆွဲရေးခြင်း မဟုတ်။ **ပဥ္စကနိပါတ် တစသာဇာတ်** ၌ အရေးကြုံက လွတ်မြောက်စေရန် အကြောင်းငါးပါးဖြင့် အားထုတ်ရမည်ဟု ဗုဒ္ဓဟောကြားတော်မူခဲ့သည်ကို ထောက်ရှုညွှန်ပြခဲ့ခြင်း ဖြစ်သည်။

ဆင်များကို သွားလာစေတတ်သော ဂါထာ မန္တာန်များရှိကြောင်းကို **ဥတေနဇာတ်တော်**၌ တွေ့နိုင်သည်။

ခိုးသူ၏ခြေရာကို မြင်နိုင် သိနိုင်သော မန္တာန်ရှိကြောင်းကို **ပဒကုသလဇာတ်တော်**ဖြင့် သိနိုင်သည်။

ပေါရိသာဒမင်းသည် လေအဟုန်ကဲ့သို့ လျင်မြန်စွာ သွားနိုင်သော ဂါထာများရထားကြောင်းကို **မဟာသုတသောမဇာတ်**၌ တင်ပြထားသည်။

သဗ္ဗဒါဠိသနိပါတ်တော်၌ ပထဝီဇယ မန္တာန်ကို ရရှိသောမြေခွေးသည် လူမင်းအား စင်ထိုးနိုင်ခြင်းကို ဖော်ပြထားသည်။ မြန်မာ့ရှေးရိုးစဉ်လာ ကျမ်းဂန်များ၌သာမက ရာဇဝင်၊ မဟာဝင်တို့၌လည်း စာတင်ထားခဲ့ရသည့် သာဓကများရှိသေးသည်။

ဂါထာမန္တာန်ရွတ်ခြင်းသည် တန်ဖိုးအနန္တရှိလှသော ရဘာနာပညာတရပ်ဖြစ်၍ လေးလေးစားစား အရေးထား လေ့လာသင့်သည်။

---

ပေယ်ဦးစာပေ

ဂါထာမန္တာန်များ ရွတ်ဆိုခြင်းဖြင့် ဘာကြောင့် ဟိတ်တန်ခိုးနှင့် အကျိုးအာနိသင်များ ရရှိနိုင်သနည်း။

ဆန်းစစ်ကြည့်ကြစို့။

ဟိတ်တန်ခိုးများနှင့် အကျိုးအာနိသင်ဖြစ်စေသည့် အခြေခံအချက် ၂ ချက်မှာ (၁) အသံကြောင့်ဖြစ်ခြင်း။ (၂) ဂါထာမန္တာန်၌ပါရှိသော အနက်အဓိပ္ပါယ်များကို အာရုံတွင် နိမိတ်ထင်စေရန် ကြီးမားပြင်းထန်သည့် ယုံကြည်စိတ်ဖြင့် ဖန်တီးခြင်းစသည့် အကြောင်းရင်းနှစ်ရပ်ကြောင့် ဖြစ်သည်။

## ဝေဒအတွေးအခေါ်နှင့် မန္တာန်

အာယံ(Aryan) လူမျိုးတို့သည် ဘီစီ ၁၅၀၀ ကျော်က အိန္ဒိယပြည် မြောက်ပိုင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ အာယံတို့နှင့်အတူ ဝေဒ (Veda) စာပေလည်း ပါလာခဲ့သည်။

ဝေဒဟူသော ဝေါဟာရသည် ဝိဒ် (Vid) ဟူသော စကားလုံးမှ ဆင်းသက်လာ၏။ ဝိဒ်ဆိုသည်မှာ သိရှိရန် ဟူသော အနက်အဓိပ္ပာယ်ရ၏။

အိန္ဒိယပြည်တွင် ဝေဒ ဘာသာရေး အတွေးအခေါ်များအပြင် အခြား အတွေးအခေါ်များလည်း ရှိကြ၏။

နှစ်ပေါင်းများစွာကြာသော် ဝေဒ ဘာသာရေး အတွေးအခေါ်တွင် ပုံပြင် ပြောင်းလဲမှုများ ပေါ်ပေါက်လာ၏။ သည်တွင် ရှေးဦးခေတ် အတွေးအခေါ်များနှင့် နှောင်းခေတ်အတွေးအခေါ်များ ကွဲပြားလာခဲ့သည်။

---

စပယ်ဦးစာပေ

မန္တရ (Mantra)ခေါ် မန္တာန်တို့သည် ရှေးဦးခေတ် ဝေဒ စာပေအစပျိုးချိန်တွင် ပေါ်ထွန်းသော စာပေများ ဖြစ်သည်။

အင်ဒိုအာယတို့သည် သဘာဝ ပတ်ဝန်းကျင် အခြေအနေ များကို စိတ်ပါဝင်စားကြ၏။ သို့ဖြင့် သဘာဝနှင့်သက်ဆိုင်သော အချက်အလက်များကို ဘာသာရေးမန္တာန်များအဖြစ် သီကုံးဖွဲ့နွဲ့ စပ်ဆိုကြသည်။

အင်ဒိုအာယတို့၏ အမြင်မှာ သဘာဝတွင် ပြောင်းလဲမှုများ အမြဲတမ်းရှိ၏၊ ထိုသို့ ပြောင်းလဲနေသော သဘာဝ၏ နောက် ကွယ်တွင် မပြောင်းလဲသော ပေါင်းစည်းခြင်း လက္ခဏာရပ် ရှိရမည်ဟု ယုံကြည်ပြီး ထို မဖောက်ပြန် မပြောင်းလဲသော သဘောကို ရှာဖွေကြသည်။

သဘာဝ၏ပြောင်းလဲမှုကိုချုပ်ကိုင်နိုင်သော ဒေဝ (Devas) ဘုရားများရှိသည်ဟု ယုံကြည်ကြသည်။

ဥပမာ

မီး၌ ပြောင်းလဲသော သဘောတရားရှိရာ မီးကို ချုပ်ကိုင် နိုင်သောမီးနတ် အဂ္ဂနိ (Agni) ရှိသည်ဟုယုံကြည်သည်။ ပြောင်းလဲ တတ်သော သဘာဝ၏ နောက်ကွယ်တွင် ဝရုဏ (Varuna) ဟူသော လေနတ်ရှိ၏။ လျှပ်ပန်း လျှပ်နွယ် မိုးသားတိမ်လိပ် စသော သဘာဝ၏နောက်ကွယ်တွင်အမျိုးမျိုးပြောင်းလဲခြင်းကို ချုပ်ကိုင်နေသော ဣန္ဒြနတ် (Indra) ရှိ၏။ နေနှင့် ပတ်သက် သော ပြောင်းလဲမှုများကိုချုပ်ကိုင်နေသည့် မိတြနတ်(Mitra) ရှိ၏၊

သည်အချက်ကို ယုံကြည်သက်ဝင်၍ သဘာဝနှင့်သက်ဆိုင်သော နတ်အသီးသီးတို့ကို ကိုးကွယ်သည့် အယူအဆပေါ်လာသည်။ ထိုနတ်များ၏ တန်ခိုးတေဇော်ကိုလည်း ယုံကြည်ကြ၏။

နတ်များကို ဆည်းကပ်ပူဇော်ပသရာတွင် အဆိုပါနတ်များ အကြောင်းနှင့်စပ်လျဉ်းသည့်သာယာနာပျော်ဖွယ်ကောင်းသော တေးသီချင်းများကို ဖွဲ့နွဲ့ စပ်ဆိုကြသည်။ သည်တွင် မန္တရများ ပေါ်လာသည်။

ဝေဒအာယတို့သည် နတ်များစွာကိုကိုးကွယ်ရာတွင် သာမန်ရှိခိုးပူဇော်ခြင်း ပြုရုံမျှသာမဟုတ်၊ ထောပတ်၊သကြား၊ အချို၊ ယမကာ၊ ပန်း၊ ပေါက်ပေါက်စသည်တို့ကို မီးပုံကြီးတွင် သွန်းလောင်းကြသည်။ ယဇ်ပူဇော်ခြင်း( Ritual ) များကိုလည်း ပြုလုပ်ကြ၏။

ယဇ်ပူဇော်ခြင်း ရည်ရွယ်ချက်မှာ လောကီ လောကုတ္တရာ နှစ်ဖြာကောင်းကျိုးတွက်ဖြစ်သည်။

လောကီရေးမှာ အိမ်သူအိမ်သားတို့ ကျန်းမာရေး၊ စီးပွားရေး၊အိမ်ထောင်ရေးတို့တွင် ကောင်းမွန်တိုးတက်စေရန် လောကစည်းစိမ်ချမ်းသာသုခ ရကြစေရန်ဖြစ်သည်။

လောကုတ္တရာရေးမှာ နောင်တမလွန်ဘဝကူးရာတွင် သေသူ၏ ဝိညာဉ်သည် သုခဘုံသို့ ရောက်၍ ချမ်းသာ သုခ ခံစားရန်ဖြစ်သည်။

ယဇ်ပူဇော်ခြင်း ပြုလုပ်သူတို့အား နတ်ဒေဝါများကစောင်မကြည့်ရှုသည်ဟု ယုံကြည်ကြသည်။

---

စပယ်ဦးစာပေ

အခြေခံ ဝေဒစာပေများကို ယုံကြည် လက်ခံသော်လည်း နှောင်းခေတ် ဘာသာရေး ရည်ရွယ်ချက်နှင့် ကျင့်စဉ်များ တည် ဆောက်လာကြသည်။

သို့ဖြင့် အတွေးအခေါ်များ ပြောင်းလဲ ကွဲပြားလာသည်။

ပြောင်းလဲလာပုံမှာ ရှေးဦးခေတ်က သဘာဝပြောင်းလဲခြင်း သဘောတရားတို့၏ နောက်ကွယ်တွင် မပြောင်းလဲသော ပေါင်း စည်းခြင်းသဘောကို ရှာကြ၏။ မပြောင်းလဲသော ထာဝရ အခြေခံ သဘောတရားများအဖြစ် မိုး၊ လေ၊ ရေ၊ မီးစသည့် နတ်များကို လက်ခံယုံကြည်ကြ၏။ သို့သော် ပေါင်းစည်းခြင်း သဘောမရှိ၍(ဝါ)နတ်အမျိုးမျိုး ကွဲပြားနေ၍ တင်းတိမ်ခြင်း မရှိကြပေ။

သို့ဖြင့် နတ်များကိုပေါင်းစည်း၍ တဆူတည်းသောဘုရားကို သာ ကိုးကွယ်ရန် လိုလားလာကြသည်။

ဗြဟ္မာ( Brahman )သည်သာလျှင် မပြောင်းလဲသော တဆူတည်းဘုရားအဖြစ် ယူဆလာကြသည်။ ဘုရားအများကို ကိုးကွယ်ခဲ့ရာမှ ဧကတ္တဝါဒ ( Monism )ကို လက်ခံယုံကြည် လာကြသည်။

နာမ်သဘောတရား၊ ရုပ်သဘောတရားတို့နှင့် စပ်လျဉ်း၍ ဝေဒအာယတို့ လေ့လာရရှိသောအမြင်မှာ နာမ်သဘောတရား သည်လည်းကောင်း၊ရုပ်သဘောတရားသည်လည်းကောင်း အမြဲ တစေ ပြောင်းလဲလှုပ်ရှားနေသည်။ ယင်း ပြောင်းလဲလှုပ်ရှားမှု နောက်ကွယ်၌ မပြောင်းလဲသော သဘောတရားများ ရှိရမည်။

ပြောင်းလဲလှုပ်ရှားနေသော နာမ်သဘောတရား၏ နောက်ကွယ်တွင် မပြောင်းလဲသော စစ်မှန်သည့် နာမ်သဘောတရားရှိ၏။ ၎င်းမှာ အက်မင်း( Atman ) ဖြစ်၏။

ပြောင်းလဲလှုပ်ရှားနေသော ရုပ်သဘောတရား၏ နောက်ကွယ်တွင် မပြောင်းလဲသော ရုပ်သဘောတရားရှိ၏။ ၎င်းမှာ ဗြဟ္မာဖြစ်၏။

ထို့ကြောင့် မပြောင်းလဲသော နာမ်သဘောတရားဖြစ်သည့် အက်မင်းသည် မပြောင်းလဲသော ရုပ်သဘောတရား ဖြစ်သည့် ဗြဟ္မာနှင့် ထပ်တူထပ်မျှ ဖြစ်သည်ဟူသော အသိဉာဏ်ကို ရရှိစေရန် ကျင့်ကြံအားထုတ်ရပေမည်။

ထိုအသိဉာဏ်တွင် နာမ်နှင့်ရုပ်သည် ကွဲပြားခြားနားခြင်းမရှိ။ လောက၌ အရာရာတို့ ကွဲပြားခြားနားမှုကို မြင်နေရခြင်းသည် အဝိဇ္ဇာကြောင့်ဖြစ်သည်။ ဝိဇ္ဇာအမြင်ကျအောင် ကျင့်ကြံရမည်။ စစ်မှန်သောသဘောတရားကား ဗြဟ္မာ(၀ါ)တဆူတည်းသော ဘုရားသာလျှင်ဖြစ်သည်။ သည်သဘောတရားကို ရှုမြင်နိုင်မှ ဝိဇ္ဇာဉာဏ်ရရှိပြီး ဝေဒတို့၏ ဘာသာရေးပန်းတိုင် ရောက်ရှိမည်ဖြစ်သည်။

ဗုဒ္ဓက ထိုသို့မမြင်။ ဝေဒအတွေးအခေါ်နှင့် ဗုဒ္ဓအတွေးအခေါ်များ ကွဲပြား ခြားနား၏။

ဝေဒအယူအဆတွင် ထာဝရတည်မြဲသော ဗြဟ္မာကြီးများသည် လူတို့၏ ကောင်းကျိုးဆိုးကျိုးကို ဖန်တီးပုံပြင်ချယ်လှယ်ချုပ်ကိုင်နိုင်သည် ယုံကြည်၏။

ဗုဒ္ဓအတွေးအခေါ်၌မူ ထိုတည်မြဲသောဗြဟ္မာကြီးများ မရှိ။ ဗြဟ္မာကြီးများသည် လူတို့၏ ကောင်းကျိုးဆိုးကျိုးကို ဖန်တီး ပြုပြင်ခြင်းမရှိ။ လူတဦးတယောက်၏ ကောင်းကျိုး ဆိုးကျိုးကို အခြား မည်သူ တဦးတယောက်ကမျှ ဖန်တီးပေးနိုင်ခြင်း မရှိ။ ကာယကံရှင်က ကိုယ့်အားကိုယ်ကိုး၍ မိမိဘာသာ ဖန်တီး ပြုပြင် ယူမှသာ ရရှိနိုင်သည်ဟု ဆိုသည်။

ဝေဒတို့၏ ဘာသာရေး အခြေခံတရပ်ဖြစ်သော ယဇ်ပူဇော် ခြင်းကိုလည်း ဗုဒ္ဓက လုံးဝလက်မခံပေ။

ဝေဒတို့၏ ယူဆချက်အရ ပူဇော်ခြင်းအားဖြင့် သုခချမ်းသာ ကို ဤဘဝတွင် လည်းကောင်း၊ နောင်တမလွန်ဘဝတွင် လည်း ကောင်း ရရှိနိုင်၏။ ဗုဒ္ဓကမူ ဘာသာရေးတွင် လေးနက်စွာ ကျင့် ကြံအားထုတ်မှသာလျှင် သုခချမ်းသာစစ်ကို ရရှိနိုင်မည်။ ယဇ် ပူဇော်ရုံဖြင့် ဤဒုက္ခဘောင်မှ လွတ်မြောက်နိုင်မည် မဟုတ်ဟု ယူဆသည်။

ဗုဒ္ဓ၏ ယူဆချက်အရ ရုပ်သဘောတရားတွင် လည်းကောင်း၊ နာမ်သဘောတရားတွင်လည်းကောင်း ပြောင်းလဲသော သဘော ရှိ၏။ ထို့ကြောင့် မည်သည့်အရာမျှ တည်မြဲခြင်းမရှိ၊ အနိစ္စ သဘောသာလျှင်ဖြစ်၏။ လူတို့သည် ရုပ်နာမ်တို့၏ သဘော တရားအမှန်ကို မမြင် မသိသော အဝိဇ္ဇာကြောင့် ဤဒုက္ခဘောင် တွင် ကျင်လည်နေကြရခြင်း ဖြစ်၏။ ယဇ် ပူဇော်ခြင်းဖြင့် ရရှိ သော သုခချမ်းသာမှုသည် မမြဲ၊ ထိုသို့ ပြုလုပ်ခဲ့သည့် ကုသိုလ် ကံ၏အကျိုးသက်တမ်း ကုန်ဆုံးသည်တွင် ဒုက္ခသံသရာတွင် ပြန်၍

ကျင်လည်ရမည်။ ထို့ကြောင့် သံသရာမှ လွတ်မြောက်ရန်အတွက် ရုပ်နာမ်တို့၏ သင်္ခါရဘာရားကို အမှန်အတိုင်း ရှုမြင်နိုင်ရမည် ဖြစ်သည်။

ဝေဒဘို့၏ ဘာသာရေး ကျင့်စဉ်တွင် ဤသို့ဆိုထား၏။ "ပြောင်းလဲနေသောသဘောတရား၏နောက်ကွယ်တွင် မပြောင်းလဲသော အက်မင်းရှိ၏။ ပြောင်းလဲနေသော ရုပ်လောက၏ နောက်ကွယ်တွင် ဗြဟ္မာရှိ၏။လောကဉ်အရာတခုနှင့်တခု ကွဲပြားခြားနားနေခြင်းသည် စစ်မှန်ခြင်းမဟုတ်။ စစ်မှန်သောသဘောတရားမှာ ဗြဟ္မာ တဆူသာဖြစ်၏။ အက်မင်းနှင့် ဗြဟ္မာတို့သည် ကွဲပြားခြားနားမှုမရှိ။ ၎င်းတို့၏ပေါင်းစည်းသော လက္ခဏာရပ် တခုတည်းကိုသာ မြင်တွေ့လျှင်ဝိဇ္ဇာဉာဏ်ရသည်မည်၏။ ထိုဝိဇ္ဇာ ဉာဏ်ရအောင် ကျင့်ကြံရသည့်နည်းမှာ ရင့်ကျက်သော အတွေး အခေါ် (speculative)နည်းအားဖြင့်သာ ရနိုင်၏။"

သည်အချက်ကို ဗုဒ္ဓက ငြင်းပယ်၏။ ပြောင်းလဲနေသော အချင်းအရာတို့၏ နောက်ကွယ်တွင် မပြောင်းလဲသော ပေါင်း စည်းခြင်း လက္ခဏာရပ်ကို ရှာဖွေခြင်းမှာ တက္ကိကပြဿနာ ဖြစ်၏။ထိုတက္ကိကပြဿနာတို့တွင် ဗုဒ္ဓသည် စိတ်ဝင်စားခြင်းမရှိ။

ထိုအသိပညာကိုရရှိခြင်းဖြင့် ဒုက္ခဘောင်မှ လွတ်မြောက်နိုင် မည်မဟုတ်။ ရင့်ကျက်သော တွေးခေါ်မှုနည်းဖြင့် ရရှိသော အသိပညာသည်တဦးနှင့်တဦး တူညီမည်မဟုတ်။ သဘောကွဲလွဲမှု များ ရှိမည်ဖြစ်၍ နောက်ဆုံး၌ လိုရင်းသို့ ရောက်နိုင်မည်မဟုတ် ဟု ဗုဒ္ဓကယုံကြည်သည်။

---

လူတို့အတွက် အကျိုးရှိစေမည့်အရာမှာ လူတို့၏ ကိုယ်ကျင့်တရားပညာသာ ဖြစ်သည်။ ဗုဒ္ဓသည် ကိုယ်ကျင့်တရားပညာကိုသာ အဓိကထား၍ ဟောကြားသည်။

ဗုဒ္ဓသည် သဘာဝ အချက်အလက်များနှင့် မနီးစပ်သော အတွေးအခေါ်များကို ဆွေးနွေးလေ့လာခြင်း မပြု။ သဘာဝ အချက်အလက်များကိုသာ လေ့လာပြီး သစ္စာတရားလေးပါးကို ပြောပြတော်မူခဲ့သည်။

## ဗုဒ္ဓ၏ သစ္စာလေးပါး

၁။ ပဌမသစ္စာ
ဤလောကသည် ဆင်းရဲခြင်းတို့ဖြင့် ပြီး၏။

၂။ ဒုတိယသစ္စာ
ဤဆင်းရဲခြင်းတို့၏ အကြောင်းတရားသည် ရှိ၏။

၃။ တတိယသစ္စာ
ဤဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာသည် ရှိနိုင်၏။

၄။ စတုတ္ထသစ္စာ
ဤဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာသို့ ပို့ဆောင်ရာလမ်းသည် ရှိ၏။

## ပဌမသစ္စာ

ဤလောကတွင် မည်သည့်အရာမျှ တည်တန့်ခိုင်မြဲခြင်း မရှိ။ မည်သည့်အရာမဆို အမြဲ ပြောင်းလဲလျက် ရှိ၏။ ပျိုခြင်းရှိက အိုခြင်းရှိရသည်။ ချမ်းသာခြင်းရှိက ဆင်းရဲခြင်းရှိရ၏။ အတက်

ရှိက အကျရှိသည်။ အတူတကွ နေရခြင်းရှိက ခွဲခွာရခြင်းရှိရ၏။ ထို့ကြောင့် ဤလောက၌ ရှိရှိသမျှသော သတ္တဝါတို့သည် ဆင်းရဲ ဒုက္ခအပေါင်းကို ခံစားနေကြရ၏။ မည်သူ တဦးတယောက်မျှ ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်း ဆင်းရဲ၊ နာရခြင်း ဆင်းရဲ၊ သေရခြင်း ဆင်းရဲတို့မှ ကင်းလွတ်နိုင်သည်မရှိ။ ဤလောက၌ တွေ့ရှိရသော ချမ်းသာစည်းစိမ်ဟူသမျှသည် သခါရဖြစ်၍ ဆင်းရဲခြင်းသာ အမှန်ဖြစ်၏။

## ဒုတိယသစ္စာ

လောက၌ဖြစ်ပေါ်နေသော ဆင်းရဲခြင်း၏ နိယာမ သဘောတရားကို ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတရားဖြင့် ပြဆို၏။ ယင်းသဘောတရားအရ မည်သည့် အဖြစ်အပျက်မျှ အလိုအလျောက် ဖြစ်ပေါ်လာသည်မဟုတ်။ မည်သည့်အဖြစ်အပျက်မဆို အကြောင်း တစုံတခုကြောင့်သာ ဖြစ်ပေါ်လာရသည်။ ဆင်းရဲခြင်းသည်လည်း တစုံတရာသော အကြောင်းကြောင့် ဖြစ်ပေါ်လာရသည်။

ဗုဒ္ဓသည် ပဋိစ္စသမုပ္ပါဒ်တွင် သတ္တဝါများ ချားရဟတ်လို ဘဝသံသရာတွင် လည်နေရသော အကြောင်းအကျိုး ဆက်သွယ်ခြင်း အင်္ဂါ တဆယ့်နှစ်ပါးကို ဤသို့ပြဆို၏။

၁။ ဇရာမရဏ။ ။ဤ လောက၌ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်း စသည့် ဒုက္ခ ဆင်းရဲခြင်းရှိ၏။

---

၂။ ဇာတိ။ ။ထို ဇရာမရဏ ဖြစ်ပေါ်ရခြင်းသည် ဇာတိ ဟူသော မွေးဖွားလာရခြင်းအကြောင်းကြောင့် ဖြစ်၏။ ဇာတိ မဖြစ်ပေါ်လျှင် ဒုက္ခဆင်းရဲခြင်းမရှိ။

၃။ ဘဝ။ ။ဇာတိ ဖြစ်ပေါ်လာရခြင်းမှာ ဘဝတည်းဟူသော ဖြစ်ပေါ်လိုသော စိတ်ဆန္ဒကြောင့် ဖြစ်၏။ ဘဝကြောင့် ဇာတိဖြစ်ပေါ်လာရသည်။

၄။ ဥပါဒါန်။ ။ဘဝ ဖြစ်ပေါ် လာရခြင်းမှာ ဥပါဒါန် ဟူသော လောကဥ္စရှိသည့် အရာဝတ္ထု ပစ္စည်းများကို စွဲသန်းခြင်းစိတ်ကြောင့် ဖြစ်ရ၏။ ဘဝသည် ဥပါဒါန် ကြောင့်ဖြစ်၏။

၅။ တဏှာ။ ။ဥပါဒါန် ဖြစ်ပေါ်ရခြင်းသည် ရူပါရုံ၊ သဒ္ဒါရုံ အစရှိသော အာရုံများကို ခံစားလိုသော တဏှာ တည်းဟူသော မက်မောသောစိတ်ကြောင့် ဖြစ်ရ၏။ ဥပါဒါန်သည် တဏှာကြောင့် ဖြစ်ရ၏။

၆။ ဝေဒနာ။ ။တဏှာ ဖြစ်ပေါ်ရခြင်းမှာ လွန်လေပြီး သော အတွေ့အကြုံများကို ခံစား စံစားခဲ့ခြင်းကြောင့် ဖြစ်သည်။ တဏှာသည် ဝေဒနာကြောင့် ဖြစ်ရ၏။

၇။ ဖဿ။ ။အတွေ့အကြုံ ဝေဒနာ ခံစားခဲ့ရခြင်းမှာ တည်ရာ ဒွါရများနှင့် အရာဝတ္ထုပစ္စည်း (အာရုံ)များ ထိတွေ့ခြင်း တည်းဟူသော ဖဿကြောင့် ဖြစ်ရ၏။ ဝေဒနာသည် ဖဿကြောင့်ဖြစ်ရ၏။

---

၈။ **သဠာယတန၁။** ။ဖဿဘည်းဟူသော ထိတွေ့ ခံစားရခြင်းသည် သဠာယတနာ တည်းဟူသော တည်ရာ ဒွါရခြောက်ပါးရှိခြင်းကြောင့် ဖြစ်ရ၏။

၉။ **နာမရူပ။** ။တည်ရာ ဒွါရခြောက်ပါး ဖြစ်ပေါ်လာရခြင်းမှာ နာမနှင့် ရူပတည်းဟူသော နာမ်ရုပ် နှစ်ပါးကြောင့် ဖြစ်ပေါ်လာရ၏။ ရုပ်နှင့် နာမ်သာ မရှိပါက တည်ရာ ဒွါရများ ဖြစ် ပေါ် လာ နိုင် မည် မ ဟုတ်။ ထို့ကြောင့် သဠာယတနာသည် နာမရူပကြောင့် ဖြစ်ရ၏။

၁၀။ **ဝိညာဏ။** ။ထို နာမရူပခေါ် နာမ်ရုပ် နှစ်ပါးသည် ဝိညာဏတည်းဟူသော အသိစိတ်မရှိပါက အမိဝမ်းတွင် ပေါ်ပေါက်လာနိုင်စရာ အကြောင်းမရှိပေ။ ထို့ကြောင့် နာမ်နှင့်ရုပ်သည် ဝိညာဏ ရှိခြင်းကြောင့် ဖြစ်ပေါ်လာရသည်။

၁၁။ **သင်္ခါရ။** ။ဝိညာဏသည် တမလွန် ဘဝက ပြုလုပ်ဆောင်ရွက်ခဲ့သော သင်္ခါရတည်းဟူသော အမှုကိစ္စများကြောင့် ဖြစ်ပေါ်လာရပေသည်။ ထို့ကြောင့် ဝိညာဏသည် သင်္ခါရကြောင့် ဖြစ်ရ၏။

၁၂။ **အဝိဇ္ဇာ။** ။သင်္ခါရ တည်းဟူသော တမလွန်ဘဝ အမှုကိစ္စများသည် ဒုက္ခဆင်းရဲဖြစ်လိမ့်မည်ကို မသိမမြင်သော အဝိဇ္ဇာကြောင့်ဖြစ်သည်။ လောက၌ ဝိဇ္ဇာဉာဏ်မရှိလျှင် အမှန်တရားကို သိမြင်နိုင်မည် မဟုတ်ပေ။ ဆင်းရဲဒုက္ခမုချတွေ့ကြုံမည်ကို သိပါက (ဝါ) ဝိဇ္ဇာဉာဏ် ရှိပါက အမှုကိစ္စတို့ကို ဆောင်ရွက်ပြုလုပ်မှု ဟူသော သင်္ခါရများ

ဖြစ်ပေါ်လာစရာ အကြောင်းမရှိပေ။ ထိုကြောင့် အဝိဇ္ဇာသည်သာလျှင် အမှုကိစ္စ ဆောင်ရွက်မှုဟူသော သင်္ခါရ၏ အကြောင်းရင်းဖြစ်သည်။

ထိုသို့ ဗုဒ္ဓသည် အကြောင်းအကျိုးတရား အင်္ဂါ(၁၂)ပါးကို ပြဆိုခဲ့ရာ ၎င်းတရားတို့သည် သတ္တဝါတို့၏ပြုလုပ်မှု(ဝါ)ကံအရ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ထိုကံတရား အရ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးတို့၏ ဆက်သွယ်နေပုံကိုလည်း ပြဆို၏။

အတိတ်သည် ပစ္စုပ္ပန်နှင့် အနာဂတ်တို့၏ အကြောင်းဖြစ်၍ ပစ္စုပ္ပန်နှင့် အနာဂတ်တို့သည် အတိတ်၏ အကျိုးဖြစ်၏။ တဖန် ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ပစ္စုပ္ပန်သည်အကြောင်း၊ အနာဂတ်သည် အကျိုးဖြစ်၏။ ထိုသို့အားဖြင့် တခုနှင့်တခု ဆက်သွယ်နေကြသည်။

## ဒုတိယသစ္စာ

ဤဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာသည် ရှိ၏။

ဤလောက၌ ရှိရှိသမျှသော အရာဝတ္ထု၊ အဖြစ်အပျက်၊ ဥစ္စာစည်းစိမ် မှန်သမျှတို့သည် အမြဲမရှိကုန်။ အနိစ္စသဘောသာလျှင် ဖြစ်၏။ ထိုပြောင်းလဲတတ်သော သဘောကို သတ္တဝါတို့သည် မမြင်တွေ့ကြ။ သို့နှင့်အညီ ဥစ္စာစည်းစိမ်တို့ကိုသာလျှင် ခင်မင်တပ်မက်နေကြ၏။ ထို့ကြောင့် ဆင်းရဲခြင်းဒုက္ခ ဖြစ်ရ၏။

ထို့ပြင် ငါတည်းဟူသော အတ္တစွဲကြောင့် ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါ့စည်းစိမ်၊ ငါ့သား၊ ငါ့သမီး အစရှိသဖြင့် ပိုင်ဆိုင်လိုကြ၏။ သည်တွင် လောဘ၊ ဒေါသ၊ မောဟစိတ်များဖြစ်ကြ၏။

---

ထိုအကုသိုလ်စိတ်များကြောင့် ဘဝသံသရာတွင် ကျင်လည်နေကြရသည်။ ဒုက္ခဘောင်တွင်းမှလွတ်ကင်းရန် ဒုက္ခကိုဖြစ်စေသောအကြောင်းရင်းကို ဖြတ်ကြရမည်။

ထို့နောက် အလောဘ၊ အဒေါသ၊ အမောဟ စိတ်တို့ကိုအမြဲမပြတ် မွေးမြူရမည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသောလက္ခဏာရေး သုံးပါးတို့ကို ရှုမြင်နိုင်ရမည်။

ရုပ်နာမ်တို့၏ မမြဲသော သဘောကို သိမြင်ခြင်း၊ အတ္တစွဲကိုပယ်ဖျက်ခြင်းအားဖြင့် လောဘ၊ ဒေါသ၊ မောဟစိတ်တို့ကိုပယ်ဖျောက်နိုင်လျှင် ဒုက္ခဆင်းရဲခြင်းသည်လည်း ချုပ်ငြိမ်းရမည်ဖြစ်သည်။

ထိုသို့အားဖြင့် သန္တတိဟူသော ရုပ်နာမ်ဖြစ်စဉ် ဒုက္ခဘုံဘဝမှသန္တိသုခ တည်းဟူသော ငြိမ်းချမ်းခြင်းနိဗ္ဗာန်ကို ရရှိမည်ဖြစ်၏။

## စတုတ္ထသစ္စာ

ဤဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာသို့ ပို့ဆောင်ရာလမ်းသည်ရှိ၏။

ဗုဒ္ဓ၏ အဓိက တရားမှာ ကိုယ်ကျင့်တရားဖြစ်၏။ လူတို့၏စိတ်တွင် ကောင်းသောစိတ်များမှာ အလောဘ၊ အဒေါသ၊ အမောဟ တည်းဟူသော ကုသိုလ်စိတ်များ ဖြစ်၏။ မကောင်းသော စိတ်များမှာ လောဘ၊ ဒေါသ၊ မောဟ တည် ဟူသောအကုသိုလ်စိတ်များ ဖြစ်ကြ၏။

လူတို့သည် လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်စိတ်များကို မွေးမြူပါက ထိုမကောင်းသော အကြောင်းကြောင့်

ဒုက္ခဆင်းရဲခြင်း တည်းဟူသော မကောင်းသောအကျိုးကို ရရှိမည်ဖြစ်၏။

အကယ်၍ လူတို့သည် အလောဘ၊ အဒေါသ၊ အမောဟ တည်းဟူသော ကုသိုလ်စိတ်များကိုသာ မွေးမြူပါက ထိုကောင်းသော အကြောင်းတရားကြောင့် ကောင်းသောအကျိုးဖြစ်သည့် ဒုက္ခဘောင်ဘဝမှ လွတ်မြောက်မှု ရရှိမည်ဖြစ်သည်။

ဗုဒ္ဓသည် မဂ္ဂင်တရားရှစ်ပါးဖြင့် ပြဆိုထား၏။

## မဂ္ဂင်ရှစ်ပါး

၁။ **သမ္မာဒိဋ္ဌိ** = သမ္မာ ကောင်းစွာ+ဒိဋ္ဌိ = ဉာဏ်ဖြင့်မြင်ခြင်း။

ဒုက္ခဆင်းရဲခြင်းအပေါင်းတို့မှ လွတ်မြောက်ရန် မှန်မြတ်သော အကျင့်အကြံတို့ကို ကျင့်ကြံရာတွင် ကောင်းမြတ်မှန်ကန်သော ဉာဏ်အမြင်ကို ရရှိရမည်ဖြစ်၏။ သစ္စာတရားလေးပါးကို လက်ခံယုံကြည် သိရှိနားလည်ရမည်ဖြစ်သည်။

၂။ **သမ္မာသင်္ကပ္ပ** = ကောင်းစွာကြံစည်ခြင်း။

ကောင်းသော အမြင်မှန်ကို ရရှိသော သူသည် အမှန်အတိုင်းမြင်ရုံမျှနှင့် မပြီးသေး၊ ကောင်းသောကြံစည်ဆုံးဖြတ်ချက်ကိုလည်း ပြုရမည်ဖြစ်၏။ ဤလောက၌ ခင်တွယ်မက်မောသော စိတ်အားလုံးတို့ကို ဖြတ်တောက်ရမည်ဖြစ်၏။ သူတပါးအပေါ်၌ မကောင်းသောစိတ်

မွေးမြူခြင်းများကို စွန့်လွှတ်ရမည် ဖြစ်၏။ သူတပါး ထိခိုက်နာကျင်စေမည့် ကိစ္စကို ရှောင်ရှားရမည် ဖြစ်၏။ ၎င်းမှာ မှန်ကန်ကောင်းမြတ်သော ကြံစည်ဆုံးဖြတ်ချက်များ ဖြစ်သည်။

၃။ **သမ္မာဝါစာ** = ကောင်းစွာပြောဆိုခြင်း။

မှန်မြတ်သော အကျင့်ကို ကျင့်သူသည် ကောင်းသော စကားကို ပြောဆိုခြင်းကိုလည်း လိုက်နာရမည်။ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရုန့်ရင်းကြမ်းတမ်းသော စကားများကိုလည်း ရှောင်ရှားရမည်။ သူတပါးအကျိုးဆုတ်ယုတ်မည့် စကားကို မပြောရန်ဖြစ်သည်။

၄။ **သမ္မာကမ္မန္တ** = ကောင်းစွာကျင့်ခြင်း။

ကောင်းသော အကျင့်သီလရှိရန်လည်း လိုသည်။ ထို့ကြောင့် သူတပါး အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ရှားခြင်း၊ သူတပါးပစ္စည်းကိုခိုးယူခြင်းမှ ရှောင်ရှားခြင်း၊ သူတပါးသားမယားကို မဖျက်ဆီးခြင်း၊ အရက်သေစာသောက်စားခြင်းမှ ရှောင်ရှားခြင်း စသော အကျင့်များကို ပြုကျင့်ရမည်။

၅။ **သမ္မာအာဇီဝ** = ကောင်းစွာ အသက်မွေးမြူခြင်း။

ကောင်းသော အသက်မွေးမြူခြင်းကိုလည်း ပြုလုပ်ရန်လိုသည်။ လူတို့သည် မိမိတို့၏တသက်တာဘဝ ရပ်တည်နေနိုင်မှုအတွက် ကောင်းသော အသက်မွေးမြူမှုကိုသာ

ပြုလုပ်ရမည်။သူတပါးအသက် သူတပါးဥစ္စာပစ္စည်းများ ပျက်စီးဆုံးရှုံးပြီးမှ မိမိချမ်းသာမည်။ မိမိရပ်တည်နေနိုင်မည်ဖြစ်သော ပြုမူချက်များကို အထူး ရှောင်ရှားရန်လိုသည်။ မိမိအတွက်သော် လည်းကောင်း၊ သူတပါးအတွက်သော် လည်းကောင်း အကုသိုလ် ဖြစ်စေမည့် အသက်မွေးဝမ်းကျောင်း ပြုခြင်းများကို ရှောင်ရှားရမည်။

၆။ သမ္မာဝါယာမ = ကောင်းစွာအားထုတ်ခြင်း။

ကောင်းသောအားထုတ်မှုကို ပြုကျင့်ရန်လိုသည်။ စိတ်ထဲရှိစွဲကပ်နေသည့် အမြင်မှားများကို ဖယ်ရှား ရမည်။ အသစ်အသစ် ဖြစ်ပေါ်နေသော မကောင်းစိတ်များကိုလည်း အလစ်မပေးပဲ မျက်ခြေမပြတ် ဖယ်ရှားရမည်။ မိမိ၏ ကိုယ်ကျင့်တရားတိုးတက်ရန် အမြင်ကောင်းများကိုလည်းကောင်း၊ အသစ်ဖြစ်ပေါ်နေသော မကောင်းစိတ်များကိုလည်းကောင်း အဆက်မပြတ် တွန်းလှန်ပယ်ဖျက်ပြီး ကောင်းသောစိတ်ကို အမြဲ အားထုတ်ရမည်။

၇။ သမ္မာသတိ = ကောင်းစွာ အမှတ်ရခြင်း။

ကောင်းသော အမှတ်ရခြင်း ဖြစ်စေရန် သတိရှိရမည်။ ရုပ်နာမ်ဟူသော အမှန်တရားကို အမြဲမပြတ် ရှုမှတ်၍ နေရမည်။ ရုပ်နာမ်သည် အမြဲ ပြောင်းလဲတတ်သော သဘောရှိ၏။ထို အနိစ္စသဘောကို အမြဲသတိရှိနေရမည်။

သို့မှသာ လောကဥစ္စာစည်းစိမ်တို့ကို ခင်တွယ် မက်မောစိတ် ကင်းဝေး၍ ဒုက္ခဘောင်မှ လွတ်မြောက်နိုင်မည်။

**၈။ သမ္မာသမာဓိ = ကောင်းစွာတည်ကြည်ခြင်း။**

ကောင်းသောအသက်မွေးမှုခြင်းကိုပြု၍ ကောင်းသောအားထုတ်မှုနှင့် ကောင်းသောသတိရှိနေပါက ထိုမှန်မြတ်သော အကျင့်ကို ကျင့်ကြံ အားထုတ်နေသူ၏စိတ်သည် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကုသိုလ်စိတ်များ ကင်းဝေး၍ အလောဘ၊ အဒေါသ၊ အမောဟတည်းဟူသော ကုသိုလ်စိတ်များကိုသာ မွေးမြူနေခြင်းကြောင့် သမ္မာသမာဓိဟူသော ကောင်းသောတည်ကြည်ခြင်းကို ရရှိမည်။

ထိုသို့အားဖြင့် ဒုက္ခဘောင်မှကင်းလွတ်၍ သန္တိသုခမည်သော အေးချမ်းခြင်း နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သည့် မဂ္ဂင်ရှစ်ပါးတရားကို ဗုဒ္ဓဟောကြားတော်မူလေသည်။

## ပိဋကတ်တော်များ

ဝေဒစာပေ၏ အဦးဆုံးအပိုင်းသည် ခန့်မှန်း၍မရနိုင်အောင် ရှေးကျလွန်းလှသည်။ ရာမာယန၊ မဟာဘာရတစသော ပုံပြင်ဝတ္ထု ကဗျာကြီးများမှာလည်း တိကျသောခေတ်ကိုသတ်မှတ်ရန် မလွယ်ပေ။

ပါဠိပေသမိုင်း၏ အလင်းရောင်ခေတ်ကို မီးမောင်းထိုးပြလာနိုင်သည်ကား ဗုဒ္ဓဘာသာ စာပေကြောင့်သာလျှင်ဖြစ်သည်။

ဗုဒ္ဓဘာသာ စာပေအလင်းရောင်ဖြင့် ထို ဝေဒစာပေသမိုင်း၊ ရာမာယန၊ မဟာဘာရတစသော ပုံပြင် ကဗျာ ဝတ္ထုကြီးများ၏ သမိုင်း အမှောင်ခေတ်ကို အဘောင်အတန် ထွန်းလင်းလာစေ ခဲ့သည်။

ဗုဒ္ဓစာပေသည် ဝိဝါဒကွဲလွဲစရာမရှိ။အထောက်အထားခိုင်လုံ စွာဖြင့် (ကျောက်စာ၊ ဂူ၊ ကျောင်း၊ ပုထိုး) များအရ ဗုဒ္ဓ၏ ခေတ်ကို တိကျစွာသတ်မှတ်နိုင်ခဲ့ သည်။

တစုံဘရာ သံသယ ဖြစ်စရာမရှိလောက်အောင် ခိုင်လုံသော အစဉ်အလာ မှတ်ဘမ်းများအရ ဂေါတမဗုဒ္ဓသည် သက်တော် ၈၀ အထိနေသွားရ၍ ဘီစီ ၄၈၅ ပတ်ဝန်းကျင်တွင် ပရိနိဗ္ဗာန် စံဝင်သွားသည်ဟု ဆိုနိုင်သည်။

အသက်အရွယ် နုနယ်ငယ်ရွယ်စဉ် ၂၉ နှစ်အရွယ်၌ အိမ်ယာ စွန့်ပစ် ရဟန်းအဖြစ်ကို ခံယူကာ အမြိုက်တရားကို ရှာဖွေခဲ့၏။ အပြင်းအထန် ကြိုးစားရှာဖွေ၍ ရရှိလာသောတရားထူး တရား မြတ်ကို အတိအလင်းထုတ်ဖော်ကြေငြာနိုင်ခဲ့သည်။

ထိုတရားတော်ကို ကြိုးစားဖြန့်ချိချိန်ကား ဘီစီ ၅၃၅-၄၈၅ ခေတ်အတွင်းလောက်တွင် ဖြစ်ခဲ့ရာ အိန္ဒိယ၏ အရှေ့မြောက်ပိုင်း ဂင်္ဂါမြစ်ဝှမ်းတဝိုက် ဗုဒ္ဓ၏တရားဟောရာဌာနဖြစ်ခဲ့၍ မာဂဓတိုင်း (ဘီဟာ) ကောသလတိုင်း (အို့မ်) တို့တွင် လှည့်လည် တရား ဟော၍ တပည့်သာဝကအဖွဲ့အစည်းကို ဖွဲ့စည်းနိုင်ခဲ့သည်။

ပါဠိတော် ပိဋကတ်သုံးပုံတွင် ပါဝင်သည့် ဟောပြောချက် များကို တပည့်သား သာဝကများက နှုတ် ငုံဆောင်ကာ နောင်လာနောက်သားများအား လက်ဆင့်ကမ်း၍တဆင့်တဆင့် စောင့်ရှောက်ခဲ့သည်မှာ မည်သူမျှ မငြင်းနိုင်၊ ပါဠိ ပိဋကတ်

တော်နှင့် ဗုဒ္ဓဘာသာ သက္ကဋ စာပေများတွင် အကြိမ်ပေါင်း များစွာပါသော **သစ္စာလေးပါး မဂ္ဂင်ရှစ်ပါး** ကိုမူ ထား၍ ဗာရာဏသီ မိဂဒါဝုန်တောတွင် ဟောတော်မူခဲ့သော တရားတော် ပရိနိဗ္ဗာန် စံတော်မူခါနီးတွင် ဟောကြားတော်မူခဲ့သော မဟာ ပရိနိဗ္ဗာနသုတ်လာ ဘုရားရှင်၏ နောက်ဆုံး စကားတော်များ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ နေပါလ်ပြည်ရှိ သက္ကဋဗုဒ္ဓဘာသာ စာပေ၊ တိဗက်ဘာသာပြန်၊ တရုတ်ဘာသာပြန် စာပေတို့တွင် လာသော ဘုရား၏ တရားတော်ဟု အစဉ်အဆက် ဆင်းသက် သတ်မှတ်ယူလာခဲ့သည့် ဂါထာများ၊ သုတ်များသည် ဘုရား ဟော မူရင်းမဟုတ်ပါဟု မည်သူမျှ မငြင်းပယ်နိုင်ပေ။

ဂေါတမဗုဒ္ဓသည် ဆင်းရဲခြင်းနှင့် ဆင်းရဲခြင်း၏ ကင်းရာကို မူတည်သော တရားတော် အသစ်အဆန်းကိုသာ ဟောတော်မူခဲ့ သည် မဟုတ်သေး၊ သံဃာအဖွဲ့အစည်းတခုကိုပင် ဖွဲ့စည်းတော် မူခဲ့၍ ကြပ်တည်းသော သိက္ခာပုဒ်များကို ပညတ်တော်မူလျက် ဒုက္ခဆုံးရာ နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်းကို လမ်းပြကာ ကယ်မတော်မူခဲ့သေးသည်။

ရဟန်းတော်များနှင့် သက်ဆိုင်ရာ ဥပဒေ စည်းမျဉ်းများ၊ အထူးသဖြင့် ဒသသီလကို ကိုယ်တော်တိုင် ပညတ်တော်မူခဲ့ပြီး ပါတိမောက် သိက္ခာပုဒ်များကို ပညတ်တော်မူခဲ့သည်။

ဗုဒ္ဓ၏ တရားတော်တွင် ဩဝါဒတော်များ၊ ဂါထာများ၊ ဝတ္ထုကြောင်းများ၊ ရဟန်းတို့၏ သိက္ခာပုဒ်များကို စုဆောင်း ထားချက်များ ပါဝင်၏။ ပိဋကတ်တော်ဟူသည် အထက်ပါ စုဆောင်းချက်တို့၏ အစုအဝေးကြီးဖြစ်သည်။

---

စပယ်ဦးစာပေ

သက်တော်ထင်ရှား ဘုရားရှင်ကို မှီလိုက်သော သာဝကကြီးများသည် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ရက်သတ္တပါတ် အနည်းငယ်လောက်တွင် ဓမ္မ (ဗုဒ္ဓဘာသာဆိုင်ရာ တရားတော်) ဝိနယ (ရဟန်းတော်တို့၏ သိက္ခာပုဒ်တော်များ) ကို စုဆောင်းဖွဲ့စည်းရန် ရာဇဂြိုဟ်ပြည် (ယခု ရာဂျဂီရ်)တွင် ပထမ သင်္ဂါယနာခေါ်သော သံဃာ့အစည်းအဝေးကြီးတခုကို ပြုလုပ်ခဲ့ကြ၏ဟု မှတ်တမ်းတင်ထားခဲ့၏။ ဤမှတ်တမ်းက အထက်ပါ အချက်များကို ချွင်းချက်မရှိ ယုံကြည်စေရန် ထောက်ခံထားသည်။

စင်စစ် သုတ္တန်တရားတော်နှင့် ဝိနည်းသိက္ခာပုဒ်တော်များ၏ အခြေခံအချက်များတွင် တညီတညွတ်တည်းရှိစေရန် ရည်ရွယ်ချက်ဖြင့် သံဃာ့ထေရ်ကြီးများသည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ချက်ချင်းပင် စည်းဝေးတော်မူကြသည် ဆိုသော အချက်ကား မဖြစ်နိုင်စရာမရှိ။ မည်သူမျှ လည်း မငြင်းပယ်နိုင်ချေ။

ဘုရားရှင် ပရိနိဗ္ဗာန် စံပြီးနောက် အနှစ်တရာ ရှိသောအခါ ဝေသာလီပြည်တွင် ဒုတိယ သင်္ဂါယနာတင်ပြန်သည်။

> (အလွန်ရှေးကျသော မှတ်တမ်းများအရ ထိုသင်္ဂါယနာ၏ တခုတည်းသော ရည်ရွယ်ချက်မှာ ဝိနည်းကြောင်းဆိုင်ရာ မိစ္ဆာအယူဝါဒကို တွန်းလှန်ဖြိုဖျက်ရန် ဖြစ်ကြောင်း သိရသည်။ အချို့ မှတ်တမ်းက (၈)လကြာသည့် ဒုတိယ သင်္ဂါယနာအတွင်း တချိန်တည်း မှာပင် သုတ္တန်ပိဋကတ်တော်ကိုလည်း ထပ်မံသုတ်သင်ကြသေးသည်ဟု ဖြည့်စွက်ကြ၏-ဟုဆိုသည်)

---

သည်အချက်ကို ကြည့်၍ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နောက် အနှစ် ၁၀၀ လောက်တွင် ဂိုဏ်းကွဲမှုကြီးတခု ဖြစ်ပေါ် ခဲ့သည်ကို တွေ့မြင်နိုင်သည်။ ထိုဂိုဏ်းကွဲမှုကြီးသည် ပဋိပက္ခ ဖြစ်စရာ၊ အငြင်းပွားစရာဖြစ်နေ၍ မည်သည့်ဖက်က မှန်ကန် သည်ဟု ဆုံးဖြတ်ရန် သံသယဖြစ်စရာ အလွန်ကြီးမားသော ပြဿနာကြီးတခုကိုပေါ်ရခြင်း ဖြစ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ပြဿနာများကို ဖြေရှင်းရန် တစုံတရာ စံထားရမည့် ဥပဒေအချက်အလက်များနှင့် ဝိနည်းပိဋကတ်များ ရှိခဲ့ကြောင်း အထင်အရှား သာဓကပြရာဖြစ်သည်။

ထို့ပြင် အလွန် ထင်ရှားကျော်ကြားသော အသောက မင်း တရားကြီးလက်ထက်တွင် တတိယ သင်္ဂါယနာတင်ရာ၌ ရေးထိုး ခဲ့သော ကျောက်စာများအနက် တခုတွင် "မိစ္ဆာဝါဒီ ရဟန်း ယောကျ်ား၊ ရဟန်းမိန်းမများကို ပယ်ရှားပစ်ရမည်"ဟု ဘုရင် ကိုယ်တိုင် အမိန့်ချမှတ်ထားသည်ကို တွေ့ရ၏။

ဗုဒ္ဓနွယ်ဝင် သူတော်စင်တို့သည် အခြားဂိုဏ်းကွဲ အယူအဆ များကို ခုခံကာကွယ် တွန်းလှန်နိုင်ရေးအတွက် သုတ္တန်များ၊ ဝိနည်းသိက္ခာပုဒ်များ၊ ဘုရားမုက္ခပတ်တော်များကို စုဆောင်းဖို့ လိုအပ်လာပြီဖြစ်ကြောင်း ထင်မြင်ကြမည်မှာ ဓမ္မတာပင်။

သို့သော် ပါဠိတော်များကို စုဆောင်းရာတွင် တချိန်တည်း အလုံးစုံပြည့်စုံအောင် စုဆောင်း၍မဖြစ်နိုင်။ ရဟန်းတော်များ အကြိမ်ပေါင်းမြောက်မြားစွာ စုဝေးစုဆောင်းမှသာ ဖြစ်နိုင်မည် ဖြစ်ရာ အဆင့်ဆင့် စည်းဝေးတိုင်ပင်ကြပြီး ပါဠိလိပ်ပြည်တွင် တတိယ သင်္ဂါယနာတင်ကြသည်။

---

ပေယ်ဦးစာပေ

ပါဠိလိပ်ပုတ်ပြည်မှ တောင်ဖက်အရပ်၊ မြောက်ဖက်အရပ်များဆီသို့ သာသနာပြုပုဂ္ဂိုလ်များကိုစေလွှတ်၍ တပြည်ရပ်ခြား တိုင်းတပါးတွင် သာသနာပြန့်ပွားအောင် ကြိုးစားခဲ့သော တတိယသင်္ဂါယနာတွင် သံဃာ့နာယက ဖြစ်တော်မူခဲ့သည့် မောဂ္ဂလိပုတ္တတိဿထေရ်၏ ကျေးဇူးမှာလည်း ဗုဒ္ဓဘာသာဝင်များအဖို့ မမေ့နိုင်စရာဖြစ်သည်။

တိဿထေရ်၏ တပည့်သာသနာပြု ပုဂ္ဂိုလ်များအနက် ဘုရင်အသောကာ၏ညီငယ်(အချို့ကျမ်းများက သားဟုဆိုသည်)ဖြစ်သူ ရှင်မဟိန္ဒလည်း ပါဝင်ခဲ့သည်။ ထိုရှင်မဟိန္ဒသည် ဗုဒ္ဓဘာသာ စာပေများကို သီဟိုဠ်ကျွန်းသို့ ယူဆောင်လာခဲ့သည်ဟုဆိုသည်။

ရှင်မဟိန္ဒ အမှူးရှိသော ရဟန်းတော်များသည် "ကြိုးကြာငှက်များသဖွယ် သီဟိုဠ်သို့ ကောင်းကင်ခရီးဖြင့် သွားကြသည်" ဆိုသော သမိုင်းဆရာများ၏အာဘော်ကို ဒဏ္ဍာရီပုံပြင်ဆန်သည်ဟု ဆို၍မဖြစ်။ သမိုင်းပါ စကားရပ်များကို ချန်လှပ်ထားက သမိုင်းမှန် ဖြစ်လာတော့မည်မဟုတ်။ သူ့ခေတ်နှင့်သူ မမှန်နိုင်၊ မဖြစ်နိုင်ဟု မဆိုနိုင်ချေ။

ဗုဒ္ဓဘာသာနှင့် ပါဠိတော် ပိဋကတ်များကို မဟိန္ဒကိုယ်တိုင် သူနှင့်အတူ သီဟိုဠ်သို့ ဆောင်ယူခဲ့သည်ဟူသော အဖြစ်အပျက်ကို မှတ်သားရမည် ဖြစ်သလို အထက်ပါ အချက်များကို ယနေ့နှောင်းခေတ်လူသားအဖို့ ဒဏ္ဍာရီ ပုံပြင် ဆန်ချင်ဆန်နေမည်ဖြစ်သော်လည်း သမိုင်းမှန်ပြုစုရေး၌ ချန်ထား၍မဖြစ်ပါချေ။

ရှင်မဟိန္ဒ ဆောင်ယူခဲ့သော ပိဋကတ်တော်များသည် ခရစ်မပေါ်မီ ပထမ ရာစုနှစ်အတွင်း သီဟိုဠ်ဘုရင် ဝဋ္ဋဂါမဏိလက်

---

ထက် ပေထက်အက္ခရာတင်သည်အထိ ဦးစွာပထမ နှုတ်ဖြင့်သာ ဆောင်ခဲ့ကြ၏။ သီဟိုဠ် ဗုဒ္ဓဘာသာများ၏ အယူအဆအရ တတိယသင်္ဂါယနာတွင် စုဆောင်းခဲ့၍ ပေထက် အက္ခရာ တင်ခဲ့သော စာမူသည် ယနေ့ရှိနေသော ပါဠိတော်(ဝါ)ပိဋကတ်သုံးပုံ အတိုင်းပင်ဖြစ်သည်ဟု ဆို၏။

ပိဋကတ်သုံးပုံကို ဤသို့ခွဲထား၏။

၁။ ဝိနယပိဋက

၂။ သုတ္တပိဋက

၃။ အဘိဓမ္မပိဋက

**'ဝိနယပိဋက'** ရဟန်း သိက္ခာကျင့်ဝတ်ကို ပြသည်။ သံဃာတော်များကို ရည်ညွှန်း ဟောကြားချက်အားလုံး။ 'ရဟန်းတော်တို့၏ သိက္ခာပုဒ်များ၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့၏ နေ့စဉ်ကျင့်ဝတ်များ' စသည်တို့ ပါဝင်၏။

**'သုတ္တပိဋက'** စကားတော် သို့မဟုတ် တရားတော်ဟု အဓိပ္ပါယ်ရ၏။ ဟောလိုရင်း အချက်တခု သို့မဟုတ် အများ အပေါ်တွင်မူတည်၍ အဓိပ္ပါယ် ရှင်းလင်းဖော်ပြချက်၊ တခါတရံ စကားပြေ ဟန် အသွင်ဆောင်သည့် အတိုအရှည် တရားတော် အားလုံးကို 'သုတ္တ'ဟုခေါ်၏။ သုတ္တပိဋကတွင် နိကာယ်ငါးရပ် ပါဝင်၏။ နိကာယဟူသည် သုတ္တ၏ အစုအဝေးဟု အဓိပ္ပါယ် ပေါက်၏။

**'အဘိဓမ္မပိဋက'** သာ၍ ထူးကဲလွန်မြတ်သိမ်မွေ့သော တရားတော်ဟု အဓိပ္ပါယ်ရသည်။ ဤအဘိဓမ္မာပိုင်းတွင် ပါဝင်သည့်

ပိဋကတ်တော်များသည် သုတ္တန် ပါဠိတော်များကဲ့သို့ပင် တရား သဘောကို ရှင်းလင်းဟောပြချက်များပင် ဖြစ်၏။

သို့သော် အဘိဓမ္မာ ပါဠိတော်များသည် သုတ္တန်ပါဠိတော် များထက် ပိုမိုလေးနက်၍ မေးဟန် ဖြေဟန် သဘောမျိုးဖြစ်ပြီး လျှင် ထပ်ကာထပ်ကာ ဖော်ပြမှုများ ပြည့်နှက်လျက်ရှိ၏။ စိတ် ဓာတ်ဆိုင်ရာ ကျိုးကြောင်း ဆက်သွယ်မှု အခြေခံကို ပဓာန ရည်ညွှန်း၏။

ပိဋကသုံးပုံကို အင်္ဂါ ၉-ပါးဖြင့် ခွဲခြားရာတွင်-

၁။ သုတ္တ၊ စကားပြေတရားတော်။

၂။ ဂေယျ၊ စကားပြေ။ ဂါထာ ရောနှော သော တရားတော်။

၃။ ဝေယျာကရဏ၊ အဓိပ္ပာယ် ရှင်းလင်းချက် (သို့မဟုတ်) အကျယ်ဖော်ပြချက်။

၄။ ဂါထာ၊ စည်းမျဉ်းနှင့် အညီ သီကုံး ထားသော အဖွဲ့အနွဲ့။

၅။ ဥဒါန၊ ဝမ်းမြောက်ဝမ်းသာ ထုတ်ဖော်ကျူးရင့် ချက်။

၆။ ဣတိဝုတ္တက၊ 'ဘုရားရှင် ဤသို့ ဟော တော် မူ၏' ဟူသော စကားဖြင့် အစချီသော အတိုချုံး တရား တော်။

၇။ ဇာတက၊ ဘုရားရှင်၏ အတိတ်ဘဝ ဝတ္ထု။

၈။ အဗ္ဘုတဓမ္မ၊ အံ့ဖွယ်သူရဲ အဖြစ်အပျက်။

၉။ ဝေဒလ္လ။ အမေးအဖြေပြု၍ဟောကြားချက်များ။

ထို သုတ္တ စသည်များကို ရဟန်းတော်များက ဘုရားစကားတော်အဖြစ် နှုတ်ငုံဆောင်အရကျက်၍လက်ဆင့်ကမ်းခဲ့ကြသည်။

ယနေ့တိုင် ရဟန်းသံဃာတော်များသည် ဘုရားဟောဟူသမျှ အာလုံးကို ရွတ်ဖတ်သရဇ္ဈာယ်နေကြသလို၊ ရှေးရဟန်းတော်များလည်း ပိဋကတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသည်။

ရဟန်းတော်များတွင် သုတ္တန္တိက (သုတ္တန်ဆောင် ပုဂ္ဂိုလ်များ)၊ ဓမ္မကထိက (တရားဟောဆရာများ)၊ ဝိနယဓရ (ဝိနည်းကျွမ်းကျင်သူများ)ဟူ၍ ရှိနေကြသေးသည်။

သုတ်တရားတော်များ၊ ဝိနည်းသိက္ခာပုဒ်တော်များ၊ ဆက်လက်တည်တန့်ရေး မတိမ်ကော မပပျောက်ရေးအတွက် ပါဠိတော်များကို စွဲစွဲမြဲမြဲမှတ်သားခြင်း၊ နှုတ်ဖြင့်ရွတ်ဆိုခြင်း၊ ထပ်ခါတလဲလဲ ပြန်လှန်သုံးသပ်ခြင်းများ ပြုခဲ့ကြသည်။

ဤ သုတ္တန် တရားတော်များ၊ ဝိနည်း သိက္ခာပုဒ်တော်များ အခိုင်အမာရှိနေ၍ ရဟန်းတော်များသည် ဘုရားဟော တရားတော်နှင့် တကယ်ညီမညီကို ညှိနှိုင်းတိုင်ပင် ခုံတင်ဆုံးဖြတ်နိုင်သည်။

ဗုဒ္ဓသည်ဇာတိချက်ကြွေမွေးရပ်မြေ ကောသလတိုင်း(အိုဓ်)၏ အရပ်သုံးစကားကို ပြော၍ ထိုဘာသာစကားဖြင့်ပင် တရားတော်ကို ပထမ စတင်ဟောပြောတော်မူမည်မှာ ဖြစ်နိုင်စရာ အရှိဆုံး အချက်ဖြစ်၏။

---

၎င်းနောက် မဂဓတိုင်း၌ လှည့်လည်၍ တရားဓမ္မဟောကြား ပြသသော အခါတွင်ကား ၎င်းမဂဓတိုင်း၌ (ဘီဟာရ်) သုံး ဘာသာစကားဖြင့် ဟောကြားစရာရှိသည်။

'ဘာသာစကားရပ်သက်သက်သည် ပဓာနမဟုတ်၊ အဓိပ္ပာယ် သဘာဝတ္တသာလျှင် အရေးကြီးကြောင်း' ဗုဒ္ဓကိုယ်တော်တိုင် အခိုင်အမာ ဟောတော်မူခဲ့သည်။

အချိန်ကြာညောင်း၍ တရားတော်နယ်ပယ် ကျယ်ပြန့်လာ သောအခါ ဒေသအသီးသီးမှရဟန်းတော်များသည် အချင်းချင်း ကိုယ့်ဘာသာစကားဖြင့် အသီးသီး ဟောပြောလာကြ၏။

ပဋ္ဌလိပုတ်ပြည်တွင် ပါဠိတော်ကို စုဆောင်းခဲ့ကြသော ရဟန်းတော်များသည် ရှေးမာဂဓိစကားမျိုးကို သုံးခဲ့စရာရှိ၏။

ပါဠိနှင့်မာဂဓိသည် လုံးစေ့ပတ်စေ့မဟုတ်စေကာမူ အတူတူ ဟုဆိုသော အစဉ်အလာကား သမိုင်းကြောင်း အထောက် အထားရှိသည်။

ဤပါဠိ၏ စတင်ရာအချိန်နှင့် အရပ်ဒေသကို တိကျစွာ မဆုံးဖြတ်နိုင်သေးသော်လည်း အချိန်ကား အသောက မင်း တရား၏နောက်မကြာမီအတွင်း ဖြစ်စရာရှိ၏။

ထင်ရှားကျော်စောသော ဘရ်ဟုတ်နှင့် ဆန်ချီစေတီတို့တွင် တွေ့ရသော ကျောက်စာများအနက် အများစုကို အသောက လက်ထက်ရေး အက္ခရာမျိုးဖြင့် ရေးထိုးထားရာ ၎င်းစေတီများကို အသောက လက်ထက်က တည်ဆောက်သော အထိမ်းအမှတ် အဆောက်အအုံများဟု ယူဆကြသည်။

---

ဘရ်ဟုတ်စေတီတော်ကြီး၏ အကြွင်းအကျန် အစိတ်အပိုင်းများသည် ကာလကတ္တားပြတိုက်၌ ရှိနေသေး၍ ဆန်ချီစေတီတော်ကြီး၏ ခမ်းနားလှသော အစိတ်အပိုင်း အကြွင်းအကျန်များကို ၎င်း၏ မူရင်းဌာနၥပင် တအံ့တသြ တွေ့မြင်နိုင်သေးသည်။

ဘရ်ဟုတ်နှင့်ဆန်ချီစေတီများ၏ လက်ရန်းနှင့်မုခ်ဝများသည် မခန့်မှန်းနိုင်လောက်အောင်တန်ဘိုးရှိသောရုပ်လုံးများ၊ ကမ္ဗည်းများဖြင့်ပြည့်နှက်လျက်ရှိ၏။ ရုပ်လုံးများက ဗုဒ္ဓဝင်ကို အခိုင်အမာ သက်သေပြုလျက် ဗုဒ္ဓ၏ဖြစ်တော်အစဉ်မှ ဇာတ်လမ်းများကို ဖော်ပြထား၏။

ရုပ်လုံးများက ဘုရားရှင်၏ ရှေးဟောင်းဖြစ်တော်စဉ် ဇာတ်တော်များကို သရုပ်ဖော်ထားပြီး ကမ္ဗည်းများက သံသယကင်းအောင် သက်သေဆောင်လျက်ရှိ၏။

စင်စစ်ဘုရားရှင်၏ မူရင်းတရားတော်နှင့် ဗုဒ္ဓဘာသာ အယူဝါဒသည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး ပထမ အနှစ်နှစ်ရာအတွင်း အထင်အရှားအခိုင်အမာ ရှိနေကြောင်း သိနိုင်သည်။ ဤအချက်ကို မိလိန္ဒပဉှာ၊ သီဟိုဠ် ရာဇဝင်များ ဖြစ်ကြသော ဒီပဝံသ၊ မဟာဝံသ၊ ပိဋကတ်သုံးပုံအဖွင့် အဋ္ဌကထာများက ပထမဆုံး ဖော်ပြကြ၏။

သက္ကဋဘာသာပြန် ဗုဒ္ဓဘာသာ စာပေများကလည်း ပါဠိဘာသာနှင့်ရှိနေသော ပိဋကတ်တော်များ၏ ရှေးကျမှု၊ တိတိကျကျရှိမှုများကို ထောက်ခံနေပြန်၏။ အကြောင်းကား သက္ကဋပိဋကတ်တော်နှင့် ပါဠိပိဋကတ်တော်တို့ အမြောက်အမြားတူညီမှုရှိနေသည်ကို တွေ့ရသောကြောင့်တည်း။

ပါဠိပိဋကတ်တော်များသည် ဥပနိသျှဒ် ကျမ်းဂန်များနှင့် အနီးကပ်ဆုံး ဆက်စပ်ဟန်ရှိ၍ ဗုဒ္ဓဘာသာဆိုင်ရာ သက္ကဋပိဋကတ်များသည် ပုရာဏကျမ်းများနှင့် ပိုပြီး နီးစပ်ဟန်ရှိ၏။

ဗုဒ္ဓဘာသာဆိုင်ရာဗဟုသုတ၊အထူးသဖြင့် ဗုဒ္ဓဘာသာစာပေ ရာဇဝင်ကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့် သိလာရခြင်းမှာ နေပါလ်ပြည်ရှိ သက္ကဋပိဋကတ်၊သက္ကဋမှ ဘာသာပြန်ထားသော တရုတ်၊တိဗက်ပိဋကတ်တော်များ၏ ကျေးဇူး အမြောက်အမြား ပါဝင်ကြောင်း အသိအမှတ်ပြုရမည်။

မှတ်ယူထားသင့်သည်ကား—ပါဠိပိဋကတ်တော်သည် အခြားအားလုံးသော ပိဋကတ်တော်တို့ထက် အပြတ်အသတ်သာသည် ဟူသောအချက်ပင်။ ဗုဒ္ဓ၏ပင်ရင်းရေသောက်မြစ်ဘာသာလည်း ဖြစ်၏။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ အထူးအလေးထား၍ စောင့်ရှောက်လျက် ရှိကြောင်းကိုလည်း အောက်ပါ ဩဝါဒကထာ အရ ထင်ရှားသက်သေပြုနိုင်သည်။

## ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏ နိကာယ် ၅-ရပ် ပိဋကတ်သုံးပုံ စာပြန်ပွဲကျင်းပရန် မိန့်ကြားတော်မူသော ဩဝါဒကထာ

ပထမ သံဂါယနာတင် ဝန်ဆောင် အရှင် မဟာကဿပ မထေရ်မြတ်သည် ပုရေ အဓမ္မော ဒိပ္ပတိ၊ဓမ္မော ပဋိဗာဟိယျတိ၊ပုရေ အဝိနယော ဒိပ္ပတိ၊ဝိနယော ပဋိဗာ

ဟီယျတိ၊ ပုရေ အဓမ္မဝါဒိနော ဗလဝန္တော ဟောန္တိ၊ ဓမ္မဝါဒိနော ဒုဗ္ဗလာ ဟောန္တိ၊ ပုရေအဝိနယဝါဒိနော ဗလဝန္တော ဟောန္တိ၊ ဝိနယဝါဒိနော ဒုဗ္ဗလာဟောန္တိ။

(စူဠဝါပါဠိတော် ၄၈၁)။

ဗုဒ္ဓသာသနာတော်၌ အဓမ္မတရား မထွန်းပသေးမီ၊ ဗုဒ္ဓဓမ္မ အစစ်အမှန်မကွယ်ပသေးမီ အဓမ္မဝါဒအလဇ္ဇီ ပုဂ္ဂိုလ်များ အားမရှိသေးမီ၊ မပေါ်ပေါက်ခဲ့သေးမီ၊ ဗုဒ္ဓ၏ ဓမ္မနှင့် ဝိနယကို သံဂါယနာတင်ရန် နှိုးဆော်တော်မူကာ အဇာတသတ်မင်းကို အမှီပြုလျက် ပထမသံဂါယနာ တင်တော်မူခဲ့လေသည်။

(အဓမ္မဝါဒဆိုသည်မှာ မတရားဖက်က ပြောဆိုလေ့ရှိသူများဖြစ်၍ အလဇ္ဇီ ဆိုသည်မှာ မကောင်းမှုကို မကောင်းမှန်းသိလျက်နှင့် အရှက်အကြောက်မရှိ ပြုရဲသူများဖြစ်သည်)။

ထို့နောက် အရှင်မဟာယသမထေရ်မြတ်သည် ရွှေငွေပိုက်ဆံတို့ကို ကိုယ်တိုင်အလှူခံခြင်း၊ ကိုင်တွယ်ခြင်းစသော -၁၀-ပါးသော အဓမ္မဝတ္ထုတို့ကို ပြုလုပ်ကျင့်သုံးနေကြကုန်သော အလွန်မသန့်ရှင်းသော အဓမ္မဝါဒီ.အလဇ္ဇီရဟန်းတို့ကို နှိမ်နင်း၍ သန့်ရှင်းအောင် ပြုလုပ်ရန်အတွက် ကာလာသောကမင်းကို အမှီပြုလျက် ဒုတိယအကြိမ် သံဂါယနာ တင်တော်မူခဲ့လေသည်။

ထို့နောက် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည်-အဓမ္မဝါဒီ တိတ္ထိတို့ လာဘ်လာဘအကျိုးငှါတိတ်တိတ်ပုန်း သာသနာတော်သို့ ဝင်လာကြပြီးလျှင် ဓမ္မဝါဒ ရဟန်းကောင်း ရဟန်းမြတ်တို့နှင့် ရောနှောနေထိုင်ကြပြီးနောက် အဓမ္မဝါဒ မိစ္ဆာဒိဋ္ဌိအယူကိုကျင့်သုံးကာ နေထိုင်ကြသဖြင့် အလွန်မသန့်ရှင်း ဖြစ်နေသော ဗုဒ္ဓသာသနာတော်ကို သန့်ရှင်းအောင် သီရိဓမ္မာသောကမင်းကို အမှီပြုလျက် တတိယအကြိမ် သံဂါယနာ တင်တော်မူခဲ့လေသည်။

အထက်ပါ ၃-ကြိမ်အထိ သံဂါယနာတင်ခဲ့သည့် အခြေအနေကို ကြည့်ပါလျှင် ရဟန်းတို့သည် ဗုဒ္ဓဝါဒ ဗုဒ္ဓဓမ္မအစစ်အမှန်ကို မလေ့လာမလိုက်စား မကျင့်သုံးကြကုန်မူ၍ အဓမ္မကိုအဓမ္မအနေဖြင့် လည်းကောင်း၊ အဝိနည်းကို ဝိနည်းအနေဖြင့်လည်းကောင်း၊ လေ့လာလိုက်စား ကျင့်သုံးခဲ့ကြသည်ဖြစ်၍ဗုဒ္ဓသာသနာ ဗုဒ္ဓဓမ္မသည် အလွန်မသန့်ရှင်းဖြစ်ကာ ဘေးရန်ဆိုက်ရောက်ခဲ့သည့် အခြေအနေကိုပင် တွေ့မြင်ရလေသည်။

မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စကနိပါတ်၊ ယောဓာဇီဝဝဂ် အနာဂတဘယသုတ်၌ နောင်အခါကျရောက်လတ္တံ့သော သာသနာ့ဘေးရန် ၅ မျိုးကို ဟောတော်မူသည်။ ၎င်း ၅ မျိုးမှာ-

(၁-၂) နောင်အခါသီလ-သမာဓိ-ပညာမရှိသော ရဟန်းတို့သည် သူတို့ကိုယ်တိုင် ဥပဇ္ဈာယ်ဆရာပြုလုပ်၍ သူတို့ကိုယ်တိုင် နိဿယည်းဆရာ ပြုလုပ်၍ သာသနာတော်၌ ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်ကြလိမ့်မည်၊ ထိုအခါ

ဝိနည်း တရားတော် ပျက်ပြားသည်ကစ၍ သာသနာ့ဘေးရန် ပေါ်ပေါက်လာလိမ့်မည်။

(၃) နောင်အခါ-ရဟန်း တို့သည် တရားသော နည်းဖြင့်ဖြစ်စေ၊ မတရားသော နည်းဖြင့်ဖြစ်စေ လာဘ်လာဘပေါ များအောင် အားထုတ်ကြလိမ့်မည်ဖြစ်သော ကြောင့် တရားတော် ပျက်ပြားသည့်ကစ၍ သာသနာ့ဘေးရန် ပေါ်ပေါက်လာလိမ့်မည်။

(၄) နောင်အခါ ရဟန်းတို့သည်ဗုဒ္ဓဓမ္မအစစ်အမှန်ဖြစ်သောခန္ဓာ အာယတန ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပာဒ် တရားတို့၌ လေ့လာခြင်း၊ သင်ယူခြင်း၊ ကျင့်သုံးခြင်း မရှိကြမူ၍ အပေါ်ယံ သာမန် တရားတို့ကိုသာလျှင် လေ့လာ သင်ယူခြင်း၊ ကျင့်သုံး နေကြခြင်းကြောင့် တရားမှန်ပျက်ပြားသည်ကစ၍ သာသနာ့ဘေးရန် ပေါ်ပေါက်လာလိမ့်မည်။

(၅) နောင်အခါ ရဟန်းတို့သည် ဗုဒ္ဓဓမ္မ-ဗုဒ္ဓဝိနည်းအရာ လိုက်နာ ကျင့်သုံးရမည့်အရာတို့၌၊အလျော့၊ အတင်း ၂ မျိုးရှိရာတွင် လျော့လျော့ပေါ့ပေါ့ကိုသာ ကျင့်သုံးကြခြင်းကြောင့် အကျင့် ပျက်ပြားသည်ကစ၍ သာသနာ့ ဘေးရန် ပေါ်ပေါက်လာလိမ့်မည်-

ဟူ၍ အနာဂတ် သာသနာ့ဘေးရန် ၅ မျိုးတို့ဖြစ်လေသည်။ (ဤဘေးရန် ၅ မျိုးတို့သည် ယခုအခါ သာသနာတော်၌ ဆိုက်ရောက်နေလေပြီ)

(မစိုးရိမ်ဆရာတော်)

---

စပယ်ဦးစာပေ

ထိုမှတပါး မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စကနိပါတ်၊ သဒ္ဓမ္မဝဂ်၊ သဒ္ဓမ္မသမ္မောဟသုတ်၌ သာသနာတော်ကွယ်ခြင်း၏အကြောင်း -၅-ပါးကိုဟောတော်မူပါသည်။ ၎င်းတို့မှာ—

၁။ ရဟန်းများသည် တရားတော်ကို မနာယူကြခြင်း။

၂။ ပိဋကတ်တော်များကို လေးလေးစားစား မသင်ယူကြခြင်း။

၃။ ပိဋကတ်တော်များကိုနှုတ်ဖြင့်ဆောင်ထားမှုမရှိခြင်း။

၄။ ပိဋကတ်တော်များကို နှုတ်ဖြင့်ဆောင်ထားစေကာမူ အနက်အဓိပ္ပါယ်မှန်ကို သိအောင် မပြုလုပ်ကြခြင်း။

၅။ တရားနှင့် လျော်ညီစွာ မကျင့်သုံးကြခြင်း။

ဟူ၍ ၅မျိုးဖြစ်သည်။

(ဤသာသနာကွယ်ကြောင်း ၅မျိုးတို့သည်လည်း ယခုအခါ သာသနာတော်၌ ကျရောက်လျက် ရှိနေလေပြီ)။

(မစိုးရိမ်ဆရာတော်)

## အနာဂတ်သာသနာ တည်တန့်ခိုင်မြဲရေး

သာသနာတော် အဓွန့်ရှည်ကြာစွာ တည်တန့် ခိုင်မြဲရေးအတွက် နိကာယ် ၅ရပ် ပိဋကတ်တော်တို့ကို ပို့ချခြင်း၊ သင်အံလေ့လာခြင်း၊ နှုတ်ဖြင့်အာဂုံဆောင်ခြင်း၊အနက်အဓိပ္ပါယ်မှန်ကို

ထိထိမိမိ နားလည်အောင် အားထုတ်ခြင်းဟူသော ပရိယတ္တိသာသနာသည်သာလျှင် အရေးအကြီးဆုံးဖြစ်ပေသည်။ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ဧကကနိပါတ် ဒုတိယပမာဒါဒိဝဂ်၌ ပရိယတ္တိရှိမှသာ ပဋိပတ္တိရှိသည်။ ပဋိပတ္တိရှိမှသာ ပဋိဝေဓရှိသည်ဟု ဖော်ပြထားသည်။ ပရိယတ္တိသာသနာတော်ကွယ်လျှင် ပဋိပတ္တိ သာသနာနှင့် ပဋိဝေဓသာသနာများလည်း ကွယ်ပမည် ဖြစ်လေသည်။ ထို့ကြောင့် ပရိယတ္တိသာသနာ တည်တန့်ခိုင်မြဲရေးသည် အရေးအကြီးဆုံးဟူ၍ ဆိုရပေမည်။ သံဂါယနာ အဆက်ဆက် တင်ခဲ့ကြခြင်းမှာလည်း ပရိယတ္တိသာသနာတော် တည်တန့် ခိုင်မြဲရေးအတွက် အုတ်မြစ်ချခဲ့ကြခြင်းပင် ဖြစ်ပေသည်။

အထက်က ဆိုခဲ့ပြီးသော အနာဂတ် သာသနာ့ဘေးရန်များနှင့် သာသနာတော် ကွယ်ကြောင်း တရားများအရဆိုလျှင် ယခုအခါ၌ ပရိယတ္တိသာသနာ အားနည်းရာ အားနည်းကြောင်း ဘေးရန်များကျရောက်လျက်ရှိပြီဟူ၍ ဆိုနိုင်ပေသည်။

ယခုအခါ ထိုဘေးရန်တို့ကို ကာကွယ်ရန်အလို့ငှာ နိကာယ် ၅ရပ် ပိဋကတ်သုံးပုံကို သင်အံလေ့ကျက် နှုတ်တက်ဆောင်စွမ်းရှိကြသော သာသနာ့ အာဇာနည်၊ သာသနာ့ သူရဲကောင်းပုဂ္ဂိုလ်များ တစတစနှင့် များပြားစွာပေါ်ထွက်လာရန် လိုအပ်လျက် ရှိနေပေပြီ။

ထိုကဲ့သို့သောပုဂ္ဂိုလ်များပေါ်ထွက်လာရန်အတွက်ဆရာတော်သည် နိကာယ် ၅ရပ် ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နှင့် အနက်အဓိပ္ပါယ်ရေးဖြေစာမေးပွဲကြီးကို ကျင်းပရန် ပြင်းပြသော အလိုဆန္ဒရှိနေပေသည်။ ထိုသို့ ဆန္ဒရှိနေပါသော်လည်း ဆရာတော်သံဃာတော်များကချည်း ရွက်ဆောင်လို့မဖြစ်နိုင်။

---

'သာဂါရော အနာဂါရောစ ဥဘော အညောညနိဿိတာ' ဟူသော ဒေသနာတော်အရ ဆရာနှင့် ဒါယကာတို့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ တွဲဖက်ရှက်ဆောင်ပါမှလည်း အကျိုးပြီး၍ ခရီးရောက်မည်ဖြစ်လေသည်။ သို့ဖြစ်၍ ဒါယကာ ဒါယိကာမတို့ကလည်း စေတနာ၊ သဒ္ဓါထက်သန်စွာဖြင့် ပါဝင်ရှက်ဆောင်ကြရန် ဆရာတော်က တိုက်တွန်းလိုပေသည်။

## အာမိသပူဇာနှင့်ဓမ္မပူဇာ

သင်္ကန်း၊ဆွမ်း၊ ကျောင်း၊ဆေး စသော ပစ္စည်းတို့ကို လှူဒါန်းပူဇော်ခြင်းသည် အာမိသပူဇော်ဖြစ်၍ ပိဋကတ်သုံးပုံ၊ နိကာယ် ၅ ရပ်ကို ဆောင်ထားသည့်ပုဂ္ဂိုလ်ကိုပူဇော်ခြင်းသည် ဓမ္မပူဇာ ဖြစ်ပေသည်။ ထိုပူဇာ ၂ မျိုးတွင် "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" အလုံးစုံသော ဒါနဟူသမျှတွင် တရားကိုပူဇော်ခြင်း (တရားကို ဆောင်သော ပုဂ္ဂိုလ်ကို ပူဇော်ခြင်း)သည် အမြတ်ဆုံးဖြစ်သည် ဟူ၍ ဓမ္မပဒပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူခဲ့လေသည်။

ထိုမှတပါး ပိဋကတ် နိကာယ်ဆောင် ပုဂ္ဂိုလ်ကို ပူဇော်လျှင် ဓမ္မဒါန-ဓမ္မပူဇာ မည်သည်သာ မဟုတ်သေး၊ ဗုဒ္ဓရှင်တော်ဘုရားကိုလည်း ပူဇော်ရာ မည်ကြောင်းကိုလည်း ဒီဃနိကာယ်၊ မဟာဝဂ်၊ မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော်မူပါသေးသည်။

---

ပေယ်ဦးစာပေ

"ယောဝေါ အာနန္ဒမယာ ဓမ္မောစ ဝိနယောစ
ဒေသိတော ပညတ္တော၊သော ဝေါမမစ္စ ယေနသတ္ထာ"

အာနန္ဒာ-သင်တို့အတွက် ငါဘုရားသည် ဓမ္မဝိနယ
ခေါ် ပိဋကတ်သုံးပုံ၊နိကာယ် ၅ ရပ်ကို ဟောတော်မူခဲ့
လေပြီ၊ ထိုဓမ္မဝိနယတို့သည် ငါဘုရား ပရိနိဗ္ဗာန်စံပြီး
သည့်နောက်၌ သင်တို့၏ဆရာ ဘုရားအရာ၌တည်ရစ်ခဲ့
လိမ့်မည်"

ဟူ၍ ဟောတော်မူခဲ့သည်နှင့် လျော်ညီစွာ ဓမ္မကို ပူဇော်လျှင်
ဗုဒ္ဓကိုပါ ပူဇော်ရာ ရောက်ကြောင်း ကောင်းကောင်းကြီး
သိသာလျက်ရှိပါပြီ။

ထိုမှ တပါး မြတ်စွာဘုရားကလည်း "ဓမ္မဒါယာဒါ မေ
ဘိက္ခဝေ ဘဝထ၊ မာအာမိသ ဒါယာဒါ=ရဟန်းတို့ သင်တို့
သည် ငါဘုရား၏ သာသနာ၌ တရားအမွေအနှစ်ကိုသာ ခံယူ
ကြရမည်၊ သင်္ကန်း၊ဆွမ်း၊ကျောင်း၊ဆေး စသော ပစ္စည်းအမွေ
အနှစ်များကို မခံယူကြပါနှင့်"ဟူ၍ တိုက်တွန်းတော်မူပါသေး
သည်။

သီရိဓမ္မာသောက မင်းကြီးသည်လည်း အမြတ်ဆုံးသော
ဓမ္မဒါန ဓမ္မပူဇာကိုပြုလိုသည့်အတွက် ရှစ်သောင်းလေးထောင်
(၈၄၀၀၀)သော ဓမ္မက္ခန္ဓာအရေအတွက်အရ စေတီပေါင်း၊
ရေတွင်း ရေကန်ပေါင်း၊ ကျောင်းပေါင်း ရှစ်သောင်း လေး
ထောင်(၈၄၀၀၀)စီတို့ကို အသီးသီး ပြုလုပ်ပူဇော်ခဲ့လေသည်။

စင်စစ်အားဖြင့် စာအုပ် ပေရွက် ပေစာ ကျောက်ချပ်
ကျောက်ပြားတို့၌ ရှိသော ပိဋကတ်သုံးပုံ၊ နိကာယ် ၅ ရပ်

စာပေဓမ္မတို့သည် ပရိယတ္တိသာသနာတော်ကို တိုက်ရိုက်အကျိုး ပြုနိုင်ခြင်းမရှိပေ။ နှုတ်ရအောင် ကိုယ်တွင်းရှိ ပိဋကတ်တော် စာပေသည်သာလျှင် ပရိယတ် သာသနာတော်ကို တိုက်ရိုက် အကျိုးပြုနိုင်သည်ဟု ဆိုရပေသည်။

ထို့ကြောင့် သာသနာတော်စောင့် သာသနာ့ အာဇာနည် သာသနာ့ သူရဲကောင်းများ ပေါ်ထွက်ရေးအတွက် ဆရာ ဒါယကာ ပေါင်းစည်းညီညွတ်ကြကာ ပိဋကတ်သုံးပုံ နိကာယ် ၅ ရပ် စာမေးပွဲ ကျင်းပ ပေးရန် ဆရာတော်က ဩဝါဒ ပေး လိုခြင်းဖြစ်ပေသည်။

## သာမဏေကျော် စာလျှောက်မေးပွဲ

ထိုမှတပါး သာမဏေ အာဇာနည်၊ သာမဏေသူရဲကောင်း များပေါ်ထွက်ရေးအတွက်လည်း မန္တလေးမြို့ ပရိယတ္တိသာသန ဟိတအသင်းက ကျင်းပလျက်ရှိသော သာမဏေကျော် စာ လျှောက်မေးပွဲနည်းတူ **သာမဏေကျော် စာလျှောက်မေးပွဲ** ကိုပါ ပူးတွဲ ကျင်းပရန်လည်း ဆန္ဒရှိပေကြောင်း ကောင်းမြတ် သော မေတ္တာ စေတနာနှင့် ဩဝါဒစကား မိန့်ကြားခြင်း ဖြစ်ပေသည် ဒါယကာ ဒါယိကာမ အပေါင်းတို့။

အဘိဓဇမဟာရဋ္ဌဂုရု—မစိုးရိမ်ဆရာတော်။

---

စပယ်ဦးစာပေ

## ပရိတ်တော်ရွတ်ခြင်းအကျိုး

ပရိတ်ဟူသည် ပရိတ္တဟူသော ပါဠိဘာသာမှ ဆင်းသက်လာသော စကားဖြစ်သည်။ မြန်မာ ဘာသာအားဖြင့် အကာအရံဟု အဓိပ္ပာယ်ရသည်။ အုတ်နံရံတံတိုင်းကြီးများ ကာရံထားသလို ပရိတ်သည် ရွတ်ဆို နာကြားသူအား ဘေးအန္တရာယ် မနှောင့်ယှက်နိုင်အောင် ကာရံထားသည်။

ပရိတ်တရားတော်သည် မြတ်စွာဘုရား လေးသင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီဖြည့်ကျင့်ဆည်းပူးတော်မူပြီးမှ ရရှိသော သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့်သာ ဟောကြားတော်မူနိုင်သည့် 'သာမုက္ကံသိက ဓမ္မစက်' ဖြစ်သည်။ 'ဘုရားငယ်'ဟု ခေါ်ဆိုကြသော ပစ္စေကဗုဒ္ဓါတို့ပင် မဟောကြားနိုင်။

ထို့ကြောင့် ရတောင့်ရခဲသော လူ့ဘဝကြီးနှင့် ကြုံတောင့်ကြုံခဲလှသော ဗုဒ္ဓ၏အဆုံးအမ သာသနာတော် တည်ရှိနေချိန်တွင် အဆိုပါ ပရိတ်တရားတော်ကို လေးလေးစားစား နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ် သင့်သည်။

လူသားအချင်းချင်း မေတ္တာစိတ် ကင်းမဲ့လျက် သတ်ဖြတ်ညှဉ်းဆဲနေကြသဖြင့် ဆင်းရဲဒုက္ခကျရောက်နေကြရသည့် ဝိပ္ပတ္တိခေတ်ကို ကျော်လွှားပြီး၊ သမ္ပတ္တိခေတ်သို့ ပြောင်းလဲသွားစေရန် ပရိတ်တော်တည်းဟူသော အရံအတား ဆေးဝါးမန္တာန်ကောင်းကို အသုံးပြုသင့်သည်။ သို့မှသာ ရောဂါဘေးဒဏ် ရန်မာန်အန္တရာယ်တို့ကို ကာကွယ်စောင့်ရှောက်၍ ကောင်းကျိုးချမ်းသာ

မင်္ဂလာကျက်သရေ တိုးပွားနိုင်သည်။ လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် ရွှတ်ဖတ်ပူဇော်ကြခြင်းဖြင့် တနိုင်ငံလုံး ငြိမ်းချမ်းသာယာဝပြော လာပေမည်။

ပရိတ်တရားတော်ကို ရွတ်ဖတ် ပူဇော် ကြားနာ သူတို့သည် မိမိတို့အပေါ် ကျရောက်လာမည့် ဘေးဥပါဒ် အန္တရာယ် ကာကွယ်ရုံလောက်သာ အကျိုးရှိလေသည် မဟုတ်၊ ရွတ်ဖတ်ပူဇော်သူတို့ ပါရမီ (၁၀)ပါးနှင့် ပြည့်စုံ နိုင်ပေသေးသည်။

ပါရမီ ဆယ်ပါးမှာ....

(၁) ဒါနပါရမီ၊
(၂) သီလပါရမီ၊
(၃) နေက္ခမပါရမီ၊
(၄) ပညာပါရမီ၊
(၅) ဝီရိယပါရမီ၊
(၆) ခန္တီပါရမီ၊
(၇) သစ္စာပါရမီ၊
(၈) အဓိဋ္ဌာန်ပါရမီ၊
(၉) မေတ္တာပါရမီ၊
(၁၀) ဥပေက္ခာပါရမီတို့ ဖြစ်သည်။

---

စပယ်ဦးစာပေ

## ဒါနပါရမီ

ဒါနဟူသော စကား၏ အဓိပ္ပာယ်မှာ ပေးအပ်သော အရာဟူသမျှ (ဝါ) ပေးကမ်းခြင်း မှန်သမျှကို ဒါနဟုခေါ်သည်။

ဒါန (၂) မျိုးရှိ၏။

(၁) ကုသိုလ် ကောင်းမှု၏ အရာဖြစ်သော ပေးကမ်းလှူဒါန်းခြင်း ပုညဝိသယ ဒါန။

(၂) လောက၌ ပြုကျင့်မြဲ ဝတ္တရားအတိုင်း ပေးခြင်း လောကဝိသယ ဒါန။

ထိုဒါနနှစ်မျိုးတွင် သဒ္ဓါတရားအရင်းခံပြီး လောကီလောကုတ္တရာအကျိုး မြော်ကိုး၍ ပေးလှူခြင်းမျိုးသည် ပုညဝိသယ ဒါနမျိုးဖြစ်၏။ ဤဒါနမျိုးသာ ဒါနပါရမီနှင့် သက်ဆိုင်သည့် ဒါနမျိုးဖြစ်၏။ ချစ်ကြိုက်၍ပေးခြင်း၊ ကြောက်ရွံ့၍ ပေးခြင်း စသော ပေးခြင်းမျိုးသည် ဒါနပါရမီနှင့် မသက်ဆိုင်သော လောကဝိသယဒါနမျိုးဖြစ်သည်။

ဒါနပါရမီနှင့်သက်ဆိုင်သော ပုညဝိသယဒါနတွင် (က)အာမိသဒါန၊ (ခ)ဓမ္မဒါနဟူ၍ နှစ်မျိုးရှိသည်။ ဆွမ်းစသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် အာမိသဒါနခေါ်သည်။ (ပစ္စယဒါနဟုလည်းခေါ်သည်)။ သူတပါးတို့အား တရားဟောခြင်း၊

ဟောစေခြင်း၊ ကိုယ်တိုင်တရားကြားနာခြင်း၊ သူတပါးတို့အား ကြားနာစေခြင်းတို့သည် ဓမ္မဒါနဟု ခေါ်သည်။

ဤဓမ္မဒါနမျိုးသည် ဒါနတကာတို့ထက် အမြတ်ဆုံး၊ အမြင့်ဆုံး၊ အဖိုးတန်ဆုံးဒါနဖြစ်ကြောင်း ဗုဒ္ဓက 'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ'ဟု ဟောတော်မူခဲ့သည်။

ထို့ကြောင့် ပရိတ်တရားတော်ကို ရွတ်ဖတ်ပူဇော် ကြားနာခြင်း၊တရားတော်ကို ပေးလှူခြင်းမျိုးဖြစ်၍ ပုညဝိသယ ဒါနမျိုးဖြစ်ကာ ဒါနပါရမီဖြစ်စေ၏။

## သီလပါရမီ

သီလဟူသည် ပါဠိစကားဖြစ်၍ မြန်မာဘာသာအားဖြင့် ကောင်းသော၊ မြင့်မြတ်သော အလေ့အကျင့်ဟု အဓိပ္ပါယ်ရ၏။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု မဖြစ်ရအောင် ငြိမ်သက်ဘည် ကြည်စွာ နေနိုင်အောင် ကောင်းစွာ စောင့်ထိန်းထားခြင်း ဖြစ်သည်။

သီလ (၂)မျိုးရှိသည်။

၁။ စာရိတ္တသီလ

၂။ ဝါရိတ္တသီလ

ပရိတ်တရားတော် ရွတ်ဖတ် ပူဇော်ခြင်းသည် ကုသိုလ်ကောင်းမှုကိုလိုလားသူများနှင့် အားလုံးသော သတ္တဝါတို့အား ရောဂါဘေးဒဏ် ရန်မာန်အန္တရာယ်တို့ကို ကာကွယ်စောင့်ရှောက်

လိုသူများအတွက် ဆောင်ရွက် ဆောက်တည်ရသော ကုသိုလ်သီလမျိုးဖြစ်၍ စာရိတ္တသီလမျိုးဖြစ်၏။ ပရိတ်တရားတော်ထဲ၌သာ ငြိမ်သက်တည်ကြည်စွာ စိတ်ကို စောင့်ထိန်း ထားရသဖြင့် မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပလာပဆိုသည့် ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ရာဖြစ်၍ သုဘာသိတဝါစာ ဖြစ်သောကြောင့် သီလပါရမီဖြစ်စေ၏။ (ထေရဂါထာ အဋ္ဌကထာ၌ ဒါနပါရမီနှင့် သီလပါရမီဖြစ်လျှင် ကြွင်းသောပါရမီ (၈)ပါးလည်း အကျုံးဝင်စေသည်ဟု မိန့်ဆိုပြထားသည်)။

## နေက္ခမ ပါရမီ

နေက္ခမပါရမီဆိုသည်မှာ ထွက်မြောက်သော သူ၏အဖြစ်၊ ထွက်မြောက်ခြင်းဟု အဓိပ္ပါယ်ရ၏။

ထွက်မြောက်ခြင်း (၂)မျိုးရှိသည်။

၁။ သံသရာဘဝမှ ထွက်မြောက်ခြင်း။

၂။ ကာမမှထွက်မြောက်ခြင်း။

ထိုနှစ်မျိုးတွင် ကာမမှထွက်မြောက်ခြင်းကို ဖြည့်ကျင့်နိုင်မှ သံသရာဘဝမှ ထွက်မြောက်နိုင်မည်။

လူသူမနီး တောမြိုင်ကြီးထဲသို့ ထွက်ခွာမှ နေက္ခမပါရမီ ဖြစ်သည်မဟုတ်။ "ကာမေဟိ ဘဝေဟိ စ နေက္ခမန ဝသေန ပဝတ္တာ နေက္ခမပါရမီ"ဟု စရိယပိဋက အဋ္ဌကထာအရ မိမိတို့ ကိလေသာကာမ၏ ကျက်စားရာနယ်ပယ်မှ ခွာခွာပြီး ကာမ

လွတ်ကင်းရာ သင့်လျော်သော နေရာ၌ ကျင့်ကြံ အားထုတ်ခြင်း သည်လည်း နေက္ခမပါရမီဖြစ်သည်။

ပရိတ်တရားတော်ကို ရွတ်ဖတ်ပူဇော်ကြားနာနေစဉ် သံသရာဘဝမှ မထွက်မြောက်နိုင်အောင် ဖန်တီးနေသော ရာဂ၊ ဒေါသ မောဟစသည့် ကိလေသာကာမတို့မှ လွတ်ကင်းပြီး တရားတော် ထဲ၌သာ အာရုံစွဲကပ်နေ၍ ကာမမှ ထွက်မြောက်ကြောင်း အလုပ်ပင်ဖြစ်သောကြောင့် နေက္ခမပါရမီဖြစ်စေသည်။

## ပညာပါရမီ

ပညာပါရမီ၌ ပညာဟူသော စကား၏အဓိပ္ပါယ်မှာ အမှန် အတိုင်း မသိမမြင်နိုင်အောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ မှောင်ကို ပယ်ဖျောက်လျက် မှန်ကန်သော သစ္စာလေးပါး တရားကို ထိုးထွင်း၍သိတတ်သော ဉာဏ်ကို ပညာဟုခေါ်သည်။

ပညာ (၃)မျိုးရှိသည်။

၁။ စိန္တာမယပညာ

၂။ သုတမယပညာ

၃။ ဘာဝနာမယပညာ

စိန္တာမယပညာဆိုသည်မှာ သူတပါးထံ သင်ကြားမေးမြန်း ခြင်း၊ နာယူမှတ်သားခြင်းမရှိပဲ သဘာဝအားလျော်စွာ ဖြစ်ပေါ် နေသော သဘောတရားတို့ကို အလိုအလျောက် ကြံစည် တွေး တော၍ သိမြင်နိုင်သော ပညာ ဖြစ်သည်။ (မြတ်စွာဘုရား

သမ္ဗုဒ္ဓတ ဉာဏ်ရလာသောအခါ အလိုအလျောက် ဖြစ်ပေါ်လာသော ပညာမျိုးဖြစ်သည်)။

သုတမယပညာဆိုသည်မှာ ပညာရှိပုဂ္ဂိုလ်များထံ နည်းခံသင်ယူမေးမြန်း၍ဖြစ်စေ၊ ပညာရှိပုဂ္ဂိုလ်တို့က ဟောပြော ပို့ချသည်ကို ကြားနာမှတ်သား၍ဖြစ်စေ သိရှိနားလည်ကာ ဖြစ်ပေါ်လာသောပညာဖြစ်သည်။

ဘာဝနာမယပညာဆိုသည်မှာ ကိုယ်တိုင်လည်းအထူးကြံစည်လျက် သိမြင်ခြင်းမရှိ၊ ပညာရှိပုဂ္ဂိုလ်တို့ထံ နည်းခံ သင်ကြားမေးမြန်းကြားနာ မှတ်သားခြင်းလည်းမရှိပဲ ဘာဝနာပွားများယင်း အလိုလို သိမြင်လာသော ပညာမျိုးဖြစ်သည်။

ပရိတ်တရားတော်ကို ရွတ်ဖတ်ပူဇော်သူ၊ ကြားနာနေသူတို့သည် သုတမယပညာဖြစ်စေ၏။ အကြောင်းမှာ ဗုဒ္ဓဟောကြားတော်မူသော ပရိတ်တရားတော်တို့ကို ကိုယ်တိုင်ရွတ်ဖတ်နေယင်းဖြစ်စေ၊ သူတပါး ရွတ်ဖတ်သံကို ကြားနာမှတ်သား၍ နေယင်းဖြစ်စေ၊ အသိဉာဏ်ပညာများ ပေါ်ပေါက်လျက် တိုးပွားလာခြင်းကြောင့် သုတမယပညာမျိုးဖြစ်၍ ပညာပါရမီ ဖြစ်စေ၏။

## ဝီရိယပါရမီ

ဝီရိယဆိုသည်မှာမဖြစ်မနေ မပြီးလျှင် မနားဟူသော ဇွဲသတ္တိဖြင့် ကိုယ်စိတ်နှစ်ပါး ညှိုးနွမ်းသည်ကို ပဓာနမထားပဲ ကြိုးစားအားထုတ်ခြင်းကို ဆိုသည်။ ဝီရိယသည် ကောင်းသောအရာ၌လည်းကောင်း၊ မကောင်းသော အရာ၌လည်းကောင်း၊ ကောင်းမကောင်းသော အရာ၌လည်းကောင်း ဖြစ်နိုင်၏။

---

စပယ်ဦးစာပေ

မကောင်းသော အရာ၌ဖြစ်သော ဝီရိယမျိုးသည် ပါရမီဖြစ်သော ဝီရိယမျိုးမဟုတ်၍ အလိုမရှိအပ်။ ထိုဝီရိယမျိုးကို မိစ္ဆာဝါယမဟု ခေါ်သည်။ ဒါန သီလ စသော ကောင်းမှုတို့၌ လည်းကောင်း၊ သူတော်ကောင်းတို့၏ အပြစ်ကင်းသော ကိစ္စတို့၌မဖြစ်မနေ ဇွဲသတ္တိလုံ့လဖြင့် ကြိုးစားအားထုတ်ခြင်းသည်သာ သမ္မာဝါယာမ ဖြစ်၍ အလိုရှိအပ်သော ဝီရိယပါရမီနှင့် သက်ဆိုင်၏။

ပရိတ်တရားတော်ကို လုံ့လဝီရိယစိုက်၍ ရွတ်ဖတ်ကြားနာခြင်းသည် ကုသိုလ်တရားဖြစ်သော လုံ့လဝီရိယဖြစ်၍ ဝီရိယပါရမီဖြစ်စေသည်။

## ခန္တီပါရမီ

ခန္တီဆိုသည်မှာ သည်းခံခြင်းဖြစ်၏။ မြေကြီးသည် မွှန်မြတ်သော အရာဝတ္ထုဖြစ်စေ၊ ယုတ်ညံ့သော အရာဝတ္ထုဖြစ်စေ မိမိအပေါ်၌ ကျရောက်လာသမျှကို သည်းခံသလို၊ ရန်သူတို့ကို အမျက်ထွက်ခြင်း၊ ရန်တုံ့မှုခြင်းမရှိပဲ သည်းခံ၏။ သူတပါးတို့က မဟုတ်မဟပ် လုပ်ဇာတ်ခင်း၍ စော်ကားခြင်းပြုလာလျှင် သည်းခံနိုင်ရန် ခဲယဉ်း၏။ ထို့ကြောင့် ပါရမီ၁၀ပါးတွင် ဖြည့်ကျင့်ရအခက်ဆုံး ပါရမီဖြစ်သည်။

'ခန္တီဗျာဘိယျော နဝိဇ္ဇတိ' သည်းခံခြင်းထက် လွန်ကဲသော တရားသည်မရှိဟု ဗုဒ္ဓဟောတော်မူ၏။

ပရိတ်တရားတော်ကို အာရုံစူးစိုက်ပြီး ရွတ်ဖတ်ကြားနာနေသူတို့မှာ မှက် ခြင် ယင် စသည်တို့၏ ကိုက်ခဲခြင်းမှုလည်းကောင်း

အညောင်းအညာ ဝေဒနာတို့မှလည်းကောင်း သည်းခံ၍ နေရသဖြင့် ခန္တိပါရမီဖြစ်စေသည်။

## သစ္စာပါရမီ

သစ္စာဆိုသည်မှာ မှန်မမှန်ဟူသော စကားနှစ်လုံး နှစ်ခွ မရှိပဲ မှန်သောစကားကိုသာ ပြောဆိုခြင်းဖြစ်၏။

သစ္စာ နှစ်မျိုး ရှိသည်။

၁။ သမ္မုတိသစ္စာ၊

၂။ ပရမတ္ထသစ္စာ၊

လူအများတို့ ခေါ်ဝေါ်သမုတ်ထား၍ မှန်ကန်ခြင်းမျိုးကို သမ္မုတိသစ္စာဟု ခေါ်သည်။

ဥပမာ၊ လူ၊နတ်၊ မိန်းမ၊ယောကျ်ားစသည့် ခေါ်ဝေါ်ခြင်းမျိုးဖြစ်သည်။

ထင်ရှားရှိသော အခြင်းအရာ သဘော မှန်ကန်ခြင်းမျိုးကို ပရမတ္ထသစ္စာဟု ခေါ်သည်။

ဥပမာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်စသည့် ခေါ်ဝေါ်ခြင်းမျိုးဖြစ်သည်။

သမ္မုတိသစ္စာအားဖြင့် ယောကျ်ား မိန်းမရှိသည်ဟု ဆိုလျှင်မှန်၏။ပရမတ္ထသစ္စာအနေဖြင့် ယောကျ်ား မိန်းမ မရှိ၊ရုပ်နာမ်မျှသာရှိသည်ဟုဆိုလျှင်လည်းမှန်၏။

---

ထို့ကြောင့် သစ္စာနှစ်ပါးတို့၏ ခေါ်ဝေါ်ပုံ အရာဋ္ဌာန အားလျော်စွာလိုက်၍ "အဒ္ဒဇ္ဈ ဝစနာ ဗုဒ္ဓာ" ဟူသောဒေသနာ တော်အရ ဗုဒ္ဓ၏စကားဟူသမျှ နှစ်လုံးနှစ်ခွမရှိ၊ မှန်ကန်သည် ဖြစ်၍ ပရိတ်တရားတော်ကို ရွတ်ဖတ်ပူဇော် ကြားနာသူတို့မှာ အလိုလို သစ္စာပါရမီဖြစ်စေ၏။

## အဓိဋ္ဌာန်ပါရမီ

အဓိဋ္ဌာန်ဆိုသည်မှာ (ပါဠိဘာသာ၊ အဓိဋ္ဌာန) ခိုင်မြဲသော ကျောက်တိုင်ကြီးသည် လေပြင်းဒဏ်ကြောင့် မတုန်မလှုပ်သလို အနှောင့်အယှက်တို့ကြောင့် မတုန်မလှုပ် ခိုင်မြဲအောင် ဆောက် တည်မှု ခေါ်သည်။

အဓိဋ္ဌာန်သုံးမျိုးရှိသည်။

၁။ အဆိုးအကောင်းကိုပြရန်အတွက် စိတ်ကိုဆောက်တည် ခြင်း ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန်။

၂။ မိမိအလိုရှိရာကို တောင့်တ၍ စိတ်ကိုဆောက်တည်ခြင်း အာသီသ အဓိဋ္ဌာန်။

၃။ ကျင့်ဝတ်တရားတို့ မပျက်မကွက်ရန်အတွက် စိတ်ကို ဆောက်တည်ခြင်း ဝတအဓိဋ္ဌာန်။

ပရိတ်တရားတော်ကို ရွတ်ဖတ် ပူဇော် ကြားနာခြင်းသည် ကျင့်ဝတ်ထား၍ ကျင့်ဝတ်အတိုင်း မပျက်မကွက်ရန် ရွတ်ဖတ် ပူဇော်ခြင်းမျိုးဖြစ်၍ ဝတအဓိဋ္ဌာန်ပါရမီ ဖြစ်စေ၏။

---

## မေတ္တာပါရမီ

မေတ္တာဆိုသည်မှာ ရေနှင့်တူ၏။ ရေသည် အယုတ်အမြတ် မရွေး အညစ်အကြေးကို ကင်းဝေးအောင် ဆေးကြော သုတ် သင်စေနိုင်သလို၊ မေတ္တာသည် မိမိအကျိုးစီးပွားကို ဆောင် ရွက်သူ၊မဆောင်ရွက်သူ၊မိမိ၏ရန်သူ၊မိတ်ဆွေ မခွဲခြားပဲ တပြေး ညီစွာ ချစ်ခင်ခြင်းဟုဆိုအပ်သော အဒေါသ စေတသိက်ဖြစ်၏။

ပရိတ်တရားတော်ကို ရွတ်ဖတ်မည်ဟု ကြံစည် စဉ်ကပင် သတ္တဝါအပေါင်း ချမ်းသာစေကြောင်း မေတ္တာဆုတောင်း မှုဖြင့် ရွေးရှု၍ ရွတ်ဖတ် ပူဇော်ခြင်းကြောင့် မေတ္တာပါရမီ ဖြစ်စေ၏။

## ဥပေက္ခာပါရမီ

ဉ်ပေက္ခာဆိုသည်မှာ ချမ်းသာခြင်း ဆင်းရဲခြင်းတို့၌ ချိန်ခွင် သဖွယ် အလယ်မတ်မတ် ရှုထားတတ်ခြင်းကိုဆို၏။ အာရုံမပြု ဂရုမစိုက်ပဲ စွန့်ပစ်ထားခြင်း လျစ်လျူရှုထားခြင်းမျိုးမဟုတ်။

ဆင်းရဲချမ်းသာ အကောင်းအဆိုးလိုက်၍ အာရုံပြောင်းလဲ ဘောက်ပြားခြင်းမရှိပဲ တစားထဲ အလယ် တည့်တည့်မတ်မတ် ရှုထားတတ်သည်ကို လျစ်လျူရှုသည်ဟုဆိုသည်။

ပရိတ်တရားတော်ကို ရွတ်ဖတ် ပူဇော် ကြားနာသူတို့မှာ တွေ့မြင်ကြားသိသမျှ အကောင်း အဆိုး အာရုံအမျိုးမျိုး နောက်သို့ မလိုက်ပဲ ပရိတ်တရားတော်ထဲ၌သာ စွဲမြဲစိတ်ရောက် နေသဖြင့် ဥပေက္ခာ ပါရမီ ဖြစ်စေသည်။

---

စပယ်ဦးစာပေ

ထိုသို့ရောဂါဘေးဒဏ် ရန်မာန်အန္တရာယ်တို့ကို ပယ်ဖျောက်တားမြစ်နိုင်၍ ပါရမီ (၁၀) ပါးလုံး ပြီးပြည့်စုံနိုင်သည့် အကျိုးထူး ဝိသေသရှိသော ဗုဒ္ဓ၏နှုတ်တော်ထွက် မမှစက်ခေါ် ပရိတ်တရားကို လေးလေးစားစား လေ့လာမှတ်သား ထိုက်သည်။

ရွတ်ဖတ်သူတို့သည် ပါဠိတော်တို့၏ ပုဒ်ပါဌ်အက္ခရာတို့ကို ကျနမှန်ကန်စွာ ရွတ်ဖတ်နိုင်ရမည်။ ပရိတ်တော် ပါဠိတော်၏ အနက်အဓိပ္ပာယ်တို့ကို သိရှိနားလည်ရမည်။ သတ္တဝါများအပေါ် သနားကရုဏာ မေတ္တာဖြင့် စိတ်ကောင်းထား၍ ရွတ်ရမည်။ ပရိတ်တရားတော်တို့၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံဖို့ အထူးသတိပြုရမည် ဖြစ်ပါသတည်း။

× × ×

## စိန္တာမယဉာဏ်

ပညာရှိတို့၏ သိမှုတွင် (၁)သုတမယဉာဏ်သိနှင့် (၂)စိန္တာမယဉာဏ်သိဟူ၍ နှစ်ပါးရှိ၏။

အဘိဓမ္မာကျမ်းဂန်တို့ကိုကောင်းစွာဘတ်မြောက်၍ သဘောပေါက်အောင် ပြောနိုင်၊ဆိုနိုင် သင်ကြား ပို့ချပေးတတ်နိုင်ရုံမျှ အသိ ရှိသူသည် သုတမယဉာဏ်သာ ရှိသူဖြစ်၏။ ဝိပဿနာဉာဏ်မျိုးမဟုတ်။ ပရိယတ္တိဉာဏ်ဟုခေါ်သည်။

---

စပယ်ဦးစာပေ

ထိုပရိယတ္တိဉာဏ်တည်၍ ထိုဉာဏ်ဖြင့်သိသည့်အတိုင်း ရှုကြည့်ဖန်များသော် ရုပ်တခြား နာမ်တခြား ကွဲပြားထင်မြင်လာမှသာ စိန္တာမယဉာဏ်ရှိသူဟုဆိုနိုင်၏။ဘာဝနာမယဉာဏ်လည်းဆိုရ၏။ ဝိပဿနာဉာဏ်လည်းမည်၏။

ဘာဝနာအရာ၌ စိန္တာမယဉာဏ် အသိအမြင်ကိုသာ လိုအပ်၏။ စိန္တာမယဉာဏ် အသိအမြင်သည်သာလျှင် ဒိဋ္ဌိကိုပယ်သတ်နိုင်သည်။

သမ္မာဒိဋ္ဌိ မျက်စိရှိရုံမျှနှင့် ကလျာဏပုထုဇဉ်ဟု မဆိုနိုင်။ ပိဋကတ် ကျမ်းဂန်ကျေပွန်နှံ့စပ် စာပေတတ်သော ပရိယတ်မျက်စိပေါက်ရုံမျှနှင့်လည်း ကလျာဏပုထုဇဉ် မခေါ်နိုင်သေး။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာများ ဖယ်ရှားနိုင်ပြီး ဝိပဿနာ သမ္မာဒိဋ္ဌိ မျက်စိပေါက်မှသာ ကလျာဏ ပုထုဇဉ်ဟု ခေါ်ထိုက်သည်။

မျက်စိမြင်သကဲ့သို့ ဉာဏ်အမြင်ပေါက်မှ ဝိပဿနာဉာဏ်ဖြစ်သည်။ အဘိဓမ္မာကျမ်းဂန်တတ်ရုံ ဉာဏ်မျိုးသည် ဝိပဿနာဉာဏ်မဟုတ်၊ သုတမယဉာဏ်သာဖြစ်သည်။

သည်သို့ သုတမယဉာဏ်နှင့် စိန္တာမယဉာဏ် ခွဲခြားသိနိုင်မှ လူဖြစ်ကျိုးနပ်မည်။

ယခုလို ဗုဒ္ဓသာသနာတော် ထွန်းတောက်လျက် ရှိချိန်တွင် အနတ္တတရားကို သိအောင် ရအောင်မကြိုးစားသူသည် သာသနာတော် ဆုတ်ယုတ် ပျောက်ကွယ်ချိန်တွင် အဘယ်မှာ အနတ္တတရားကို သိနိုင်တော့မည်နည်း။

ဝမ်းဝရုံ၊ ခါးလှုံရုံ ရှာဖွေလုပ်ကိုင်နိုင်ရုံမျှဖြင့် 'မနုဿတ္တဒုလ္လဘကို ရပြီ'ဟု မအောက်မေ့သင့်။

---

စပယ်ဦးစာပေ

ဝိပဿနာဉာဏ်၊ တနည်း စိန္တာမယဉာဏ် မရလျှင် နိဗ္ဗာန် ချမ်းသာမရနိုင်။ သံသရာဝဲတွင် နစ်မြဲနစ်နေမည်သာတည်း။

တနေ့ သုံးကြိမ် ရွှေကျောင်း တရား၊ ငွေကျောင်း တရား ဆောက်လုပ် လှူဒါန်းရသည်ထက် အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားတို့ကို ရှု၍ ကုသိုလ်စိတ်ဖြင့် ငြိမ်းအေးရခြင်းသည် အဆပေါင်းများစွာ အကျိုးရှိစေ၏။

အနိစ္စ-ဒုက္ခ-အနတ္တကို ဆရာမပြ နည်းမကျနိုင်ချေ။

သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ တိရစ္ဆာန် ခွဲခြားသိတတ်ရုံ၊ သိရုံမျှသည် **အတ္တဝါဒဒိဋ္ဌိ** ဖြစ်၍ အလွန်နိမ့်ကျသော တိရစ္ဆာန် များ၏ အသိနှင့် ဇာတ်သာလွှဲသည်။ မူမကွဲချေ။

လောက၌ ဥမ္မတ္တကသည် ငါ ဥမ္မတ္တက ဖြစ်သည်ဟု မသိနိုင်။ ထို့အတူ သာသနာတော်၌ မိစ္ဆာဒိဋ္ဌိ ဖြစ်သောသူသည် ငါကား မိစ္ဆာဒိဋ္ဌိ ကေန်ဖြစ်ချေသည်ဟု မသိနိုင်။

ဤတရားကား အနိစ္စဖြစ်သည်။ ဤသို့သော အကြောင်း ကြောင့် အနိစ္စဖြစ်သည်။ ထို့အတူ ဒုက္ခနှင့် အနတ္တတို့ကို ပညာ မျက်စိဖြင့် တတ်အပ်ရှုမြင်၍ မနှစ်သက် မစုံမက်၊ ငြိမ်းအေးစက်ဆုပ် ခြင်းသည် နိဗ္ဗိန္ဒမည်၏။ ဤကောင်းမှုသည်သာလျှင် မဂ်ဖိုလ်နိဗ္ဗာန်နှင့် နီးစပ်စေနိုင်သည်။

နေ့စဉ် ရွှေစေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထား ကောင်းမှုပြုသည်ထက် အဆထောင်သောင်းမက ကြီးမားသော နိဗ္ဗိန္ဒဉာဏ်နှင့် ယှဉ်သည့် ကောင်းမှုကို ပြုခြင်းသည် မြတ်လှ၏။

---

စပယ်ဦးစာပေ

ယခုသာသနာအတွင်း လူဖြစ်လာကြရပြီးမှ အနိစ္စမှန်းမသိ၊ ဒုက္ခမှန်းမသိ၊ အနတ္တမှန်းမသိ၊ အသုဘမှန်းမသိ၊ အရူးကဲ့သို့ မိစ္ဆာဒိဋ္ဌိ မဖြစ်သင့်ပေ။

အကြင်သူသည် လောကီစည်းစိမ်၊ လောကီ ချမ်းသာမျှကို သာ တောင့်တပြီး ဒါန၊ သီလကို လှူကဲစွာ ပြု၏။ အားထုတ် လုံ့လပြု၏။ ထိုသူသည် သံသရာဝဋ် ဒုက္ခကို ဆွဲဆန့်နေခြင်းသာ ဖြစ်သည်။

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့ကို နွှေအိမ်ကဲ့သို့ ရှိကြောင်း ဟောတော်မူအပ်သော တရားဒေသနာတော်ကို လွန်ဆန်ပြီး ထိုဘုံသုံးပါးကို တောင့်တခြင်း၊ ရရပါလို၏ဟု တဏှာဖြင့် တောင့်တ၍ ရွှေကုန် ငွေကုန်ခံကာ မဟာဒါန ပြုသော သူ၏ ရူးခြင်းထက် ရူးနိုင်သူသည် တရားတော်၌ ရှာမရပြီ။ ထိုသူကို မဟာဉမ္မတ္တက ဟု ခေါ်ထိုက်၏။

'ပဉ္စက္ခန္ဓာ အနိစ္စ.... ခန္ဓာငါးပါး မမြဲ' ဟု တကြိမ်တခါမျှ ထိုသို့ မဟာကုသိုလ်စိတ် ဖြစ်ပေါ်ခြင်းသည် ပကတိ ရွှေစင်အတိ ပြီးသော ကျောင်းကြီးကိုဆောက်၍ လှူရသော ကုသိုလ်ထက် မြတ်၏။ ရွှေတုံး ငွေတုံး ပတ္တမြားတုံးတို့ဖြင့် စီခြယ်ထားသော စေတီကြီးတည်ထားရသော ကောင်းမှုကုသိုလ်စိတ်ထက် မြတ်၏။ ပဒေသာပင်ကြီးကို မြေပြင်အပြည့်စိုက်၍ တသက်ပတ်လုံး အလှူကြီးပေးရသည်ထက် မြတ်၏။

မီးလောင်မည်၊ လုံးစုံးမည်ကိုသာလွန်စွာကြောက်၍ သံသရာ၌ ကမ္ဘာအဆက်ဆက် နှစ်စေတတ်သော သက္ကာယဒိဋ္ဌိ စွဲငြိသည်ကို မကြောက်သူသည် သန်း၊ ကြမ်းပိုး၊ မှက်၊ ခြင် ကိုက်မည်ကိုသာ

လွန်စွာကြောက်ပြီး ကျား၊ ဘီလူး၊ ဆင် ကိုက်မည် စားမည် နင်းသတ်မည်ကို မကြောက်သော ဗာလပုထုဇ္ဇန နှင့် အတူတူ သာတည်း။

အနိစ္စ ဒုက္ခ အနတ္တတရားသဘောကို မသိမမြင်သေးလျှင် မိစ္ဆာဒိဋ္ဌိ။

အနိစ္စ ဒုက္ခ အနတ္တတရားသဘောကို သိမြင်မှ သမ္မာဒိဋ္ဌိ။

ငါလင်၊ ငါ့သား၊ ငါ့မယား၊ ငါ့ဥစ္စာ စွဲမှတ်နေလျှင် ကိုယ်၏ ပင်ပန်းခြင်း၊ စိတ်၏ပင်ပန်းခြင်းသာ ရှိနေချေမည်။

လောကမှာ နိဗ္ဗာန် ရောက်စေတတ်သော တရားသည်သာ အမြတ်ဆုံးတည်း။

ဗုဒ္ဓသည် ဝဋ္ဋပြစ္စည်းလျှဒါန်းပူဇော်ခြင်းကို နှစ်သက်အားရ တော်မမူ။ နိဗ္ဗာန်ရောက်ကြောင်း တရားဟု မဟော။ နိဗ္ဗာန်၏ အထောက်အပံ့ လောက်သာ သဘောထား၏။ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်နှင့် လျော်သော အကျင့်ကို ကျင့်၍ စိန္တာမယဉာဏ်ဖြင့်ပူဇော်ခြင်းကိုသာနှစ်သက်အားရဝမ်းမြောက် ဝမ်းသာ ကောင်းချီးပေးတော်မူသည်။

သူဌေး သူကြွယ် မင်း မိဖုရားအဖြစ်ကို ရလွယ်၏။ ကလျာဏ ပုထုဇဉ်အဖြစ်ကား ရခဲသည်။ နတ်သမီး၊ နတ်သား၊ သိကြား၊ ဗြဟ္မာအဖြစ်ကား ရလွယ်၏။ ကလျာဏ ပုထုဇဉ် အဖြစ်ကား လွန်စွာရခဲသည်။ ခွေး၊ ဝက် မှစ၍ သတ္တဝါ ဟူသမျှ ကမ္ဘာ အဆက်ဆက် သူဌေးသူကြွယ်၊ မင်း၊မိဖုရား၊ နတ်သမီး၊နတ်သား သိကြား၊ဗြဟ္မာ အကြိမ်ကြိမ် အဖန်ဖန် ဖြစ်သည်ကို ဗုဒ္ဓဟော တော်မူခဲ့သည် မဟုတ်လော။

---

အကုသိုလ်ကံကို မဆိုထားနှင့် လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ၌ ပဋိသန္ဓေ တကြိမ်မျှနေစေတတ်သော ကောင်းမှုကုသိုလ်ကံကိုပင် ရန်သူကဲ့သို့ ကြောက်အပ်သည်။ ဤသက္ကာယဒိဋ္ဌိသည် သိမ်သိမ် မွေ့မွေ့ နူးနူးညံ့ညံ့ အန္တရာယ်ကြီး ဖြစ်၏။ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရနိုင်အောင် တားတတ်ဆီးတတ်၏။

တိရစ္ဆာန်ကအစသိသော အဖြူ အနီ အဝါ ရူပါရုံကိုလည်းကောင်း၊ ယောကျ်ား၊ မိန်းမ၊ သား၊ သမီး ကိုလည်းကောင်း၊ မငြိးမငွေ့တစေ့စေ့ကြည့်ရှု၍ တဏှာရာဂကို ပွားများနေစေလျှင် တိရစ္ဆာန်နှင့် ဇာတ်သာကွဲလွဲမည်၊ လူစော်မနံ၊ နိဗ္ဗာန်နှင့်ဝေး၍ ဘေးမလွတ်နိုင်။

ဘုံသုံးပါးကို နှောင်အိမ်ကဲ့သို့မှတ်ယူစေခြင်းငှာ "တယော ဘဝေအနွ ဿရံဝိယဒဋ္ဌဗ္ဗ" ဟု ဗုဒ္ဓဟောတော်မူသည်။ သည် တရားကိုဆန့်ကျင်လျက် လူ့ဘုံ၊နတ်ဘုံ၊ဗြဟ္မာဘုံသို့အကြိမ်ကြိမ် ရောက်အောင် ပြုကျင့်သောသူ၊ ပြုကျင့်စေရန် ဒါနကောင်းမှုကို တိုက်တွန်းနှိုးဆော်သောသူသည် ဗုဒ္ဓ၏အမိန့်တော်ကို ကျူးလွန်သူသာတည်းဟု မှတ်အပ်၏။

ငါသင်၊ ငါ့သား၊ ငါ့မယား၊ ငါ့သမီးဟု စွဲမှတ်လျှင် မိစ္ဆာ ဒိဋ္ဌိဖြစ်၏။ မိစ္ဆာဒိဋ္ဌိဖြစ်လျှင် ဥမ္မတ္တက သူရူးနှင့်အတူတူ ဖြစ်၏။ ဥမ္မတ္တက သူရူးနှင့်တူလျှင် ကျွဲ နွား ခွေး ဝက်တို့နှင့် အတူတူပင် ဖြစ်တော့သည်။

"ရူပံ အနိစ္စံ-ရူပံ အနိစ္စံ" ဟူ၍လည်းကောင်း။

"ရူပံ ဒုက္ခံ-ရူပံ ဒုက္ခံ" ဟူ၍လည်းကောင်း။

"ရူပံ အနတ္တာ-ရူပံ အနတ္တာ" ဟူ၍လည်းကောင်း။

---

စိတ်အားထက်သန်စွာဖြင့် ဆိုက်ပွားနေသူသည် လောက၌ အကြီးဆုံးအလှူကြီး ပေးရသည်ထက် အဆ ရာ ထောင်မြတ်၏။

ယောကျ်ားမိန်းမဟု မဆိုအပ်သော ရုပ်တရား နာမ်တရားကို ယောကျ်ားမိန်းမဟု စွဲယူ ခေါ်ဝေါ်ပြောဆို ထင်မှတ်နေခြင်းသည် သာသနာတော်၌ မုချအရှုံးသာ ဆိုထိုက်၏။ အမိုက်တကာ့ အမိုက်ဆုံးသူဟု ဆိုရချေမည်။

လူ့ပြည်စုန်ဆန်နတ်ပြည်စုန်ဆန် ကြိမ်ဖန်များစွာခံစားစံစား ရပါလို၏ဟု တကျာဖြင့် တောင့်တသော သူသည် "သံသရာ၌ ကြာကြာနစ်မွန်းရပါလို၏"ဆုတောင်းသည်နှင့် တူလှ၏။

ထို့ကြောင့် မိမိအနီးတွင်ရှိသော ရွှေအိုးကိုရရန် ကြိုးစားရမည့်အစား သမုဒ္ဒရာ ပင်လယ်ခြားရာ၌ ရှိသော ရွှေအိုးကို တောင့်တနေသူလို မဖြစ်စေရန် ဂေါတမဗုဒ္ဓသာသနာတော်တွင်းမှာပင်မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပါလျက်မေတ္တေယျဘုရားရှင်လက်ထက်တော်၌ မဂ်ဖိုလ် ရလွယ်ပါလို၏ဟု ဆုတောင်းခြင်းကား မှားလေစွ။

အချို့က ဝိပဿနာကုသိုလ်သည် မဂ်ကိုသာ ပေးတတ်၏။ မဂ်ကိုမပေးလျှင်တစုံတခုသော လူနတ် သုဂတိ အကျိုးကိုမပေးတတ်ဟု ပြောဆိုတတ်ကြသည်။ မှားလေစွ။ ကျမ်းဂန်နှင့် းလျော်လေစွ။

"ရူပက္ခန္ဓော-ဝေဒနက္ခန္ဓော" စသည်ဖြင့် ရွတ်တတ်ဆိုတတ်ရုံနှင့်လည်း နာမ်ရုပ်ကို သိမ်းဆည်းတတ်သော နာမရူပ ပရိဂ္ဂဟဉာဏ်မဖြစ်နိုင်သေး။ အနိစ္စ-ဒုက္ခ-အနတ္တဟူ၍ ရွတ်တတ်ဆိုတတ်ရုံနှင့်လည်း ဝိပဿနာဉာဏ် မဖြစ်နိုင်သေး။

---

စာပေယ်ဦးစာပေ

ဆရာကောင်းသမားကောင်းတို့ထံတွင်နားလည်လိမ္မာအောင် ရုပ်လက္ခဏာနာမ်လက္ခဏာတို့ကိုလေ့လာမှတ်သားပြုကျင့်ကြည့်မှ သာလျှင် ထိုရုပ်လက္ခဏာ နာမ်လက္ခဏာတို့ကို ပိုင်းခြားသိမြင်၍ သူ၊ငါ၊လူ၊နတ်၊ ကျား၊ မ၊အတ္တရှာမရပဲ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ ကွာလေမည်။ ရုပ်သဘာဝ၊ နာမ်သဘာဝကို ဆင်ခြင်နားလည် သဘောပေါက်လာနိုင်သည်။

အိမ်ရာဆောင်သူတို့သည် တရားကိုမရနိုင်ဟု အချို့ အယူလွဲ အမှတ်လွဲကြသေး၏။ ရဟန်းဖြစ်စေ၊လူဖြစ်စေ ရုပ်နာမ်လက္ခဏာ တို့ကို ဆရာသမားထံ နာခံသင်ကြား၍ နားလည် နှလုံးသွင်း ရှုမှတ်နေသူမှန်သမျှ ယထာဘူတဉာဏ်ကိုသာမက သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ ရောက်နိုင်၏။ ဗိမ္ဗိသာရမင်း၊ မဟာနန်မင်း၊ သုဒ္ဓောဓနမင်း၊ အနာထပိဏ်၊ ဝိသာခါ၊ နန္ဒမာလာ စသည်တို့ရှိ။

သဒ္ဓါတရားကြီးမားစွာဖြင့် ဝိပဿနာတရားကို အားထုတ်နေသူသည် စားယင်း၊အိပ်ယင်း၊ထိုင်ယင်း၊သွားယင်း၊ မဂ်ဖိုလ်ကို ထိုးထွင်း၍ သိခြင်းမဖြစ်ဟု မဆိုရာဟူ၍ မူလ ပဏ္ဏာသဋီကာ မဟာသာရောပမသုတ်အဖွင့်တွင် မိန့်ဆိုတော်မူသည်။

ဝိပဿနာဆိုသည်မှာ ငါတို့အရာမဟုတ်ဟု ထင်မှတ်ထားသူ သည် မဂ်အကြောင်း၊ ဖိုလ်အကြောင်းနှင့် ကောင်းကောင်းကြီး ဝေးကွာနေပေတော့မည်။ ထိုအခါ ရုပ်နာမ်ဘို့၏လက္ခဏာ ခန္ဓာ စသည်တို့ သဘောကို မသိနိုင်ပဲ ငါစွဲမှတ်ယူ၍ အတ္တသညာ မိစ္ဆာစွဲလန်းခြင်းသာ ဖြစ်ချေမည်။

## အနိစ္စ ဝိပဿနာ

ကာ စိတ် ဥတု အာဟာရဟူသောအကြောင်းတို့သည်မမြဲသော ကြောင့် ၎င်းတို့အပေါ်တွင် မှီနေသော ရုပ်နာမ်ခန္ဓာ အကျိုး တရားသည်လည်း စင်စစ်မမြဲခဏဋ္ဌသာကုန်တတ် ပျောက်တတ် ချုပ်တတ် ငြိမ်းတတ်၏။ အနိစ္စလက္ခဏာတို့ကို စဉ်းစား၍ စိမ့်စိမ့် ထင်အောင်ရှု။

သည်သို့ လေ့ကျင့်မှုမှုမရှိလျှင် တဏှာ မာန ဒိဋ္ဌိ ကပ်ငြိ ထောင်လွှားယူမှားခြင်းနှင့်မကင်းမကွာသေကြရှာသော သတ္တဝါ ဟူသမျှတို့သည် အပါယ် စသော ဒုက္ခဝဋ်မှ မလွတ်နိုင်ပေ။

မန်လည်ဆရာတော်ဘုရားကြီးက ဒိဋ္ဌိဝိသောဓန ဝဇီရဂ္ဂဒီပနီ တွင် ဤသို့ဆိုထား၏။

"ဉာဏ်အမြင်ကန်းကုန်သော သတ္တဝါသာမန်တို့ အလေ့အမူ၊ အယူအထင်၊ ငါ့လင်ငါ့မယား၊ ငါ့သားငါ့သမီး၊ ငါ့ထီးငါ့နန်း၊ ငါ့သက်နန်းငါ့ဆွမ်း၊ငါ့ကျောင်းငါ့လှေသောင်း၊ ငါ့လှည်းယာဉ်၊ ငါ့ကိုယ်ငါ့ဟာ၊ ငါ့ဥစ္စာဟူ၍၊ တဏှာအားဖြင့်၊ တပ်မက်သာ ယာ၊ မာနအားဖြင့် မြှောက်ကြွထောင်လွှား၊ ဒိဋ္ဌိအားဖြင့် ယူမှား စွဲလန်း၊ ဒုစရိုက်အကျင့်သွမ်းတို့ဖြင့်၊ ဟော့ရမ်းယစ်ရူး၊ မိုက်မူး ပိတ်ပိတ်၊ တိရစ္ဆာန် အဟိတ်တို့ကဲ့သို့၊ အအိပ်အစား၊ အပျော် အပါးနှင့် တရားလက်ကွာ၊ တဏှာလက်ရှိ၊ ဒိဋ္ဌိလက်စွဲ၊ မေ့လျော့ ခြင်းမြဲကြသော လူရှင်ရဟန်း၊ မိန်းမယောကျ်ား၊ မင်းပုဏ္ဏား စသောသူတို့ကား ပစ္စုပ္ပန်ဘဝ၌ သုခသမ္ပတ္တိ၊ ပျက်စီး၊ သေ လွန်ပြီး နောက်ကာလ၊ တမလွန်ဘဝ၌လည်း အပါယ် စသော ဆင်းရဲတို့ကို ရမြဲစင်စစ် ကောန်ဖြစ်၏။"

---

စပယ်ဦးစာပေ

အင်္ဂုတ္တရ ကထာဥ္ဇကား ကျောက်စရစ်မှန်က ရေမှာကျသော် မုချစင်စစ် အောက်သို့နစ်သကဲ့သို့၊ ထို့အတူ မိစ္ဆာအယူမှန်က သက္ကာယဒိဋ္ဌိမျှလည်း ငါ့ကိုယ်ငါ့ကောင် စွဲခေယာင်စွဲမှား စွဲလန်းသောအားဖြင့် စွဲလန်း၍သေသော် မချွတ်အပါယ်သို့ လားရကြောင်းကို မိန့်ဆိုတော်မူသည်။

ထို့ကြောင့် သံသရာဘေးမှ လွတ်မြောက်လိုသော သူတို့သည် တဏှာ ပယ်နည်းသတ်နည်းကို ရှာဖွေလေ့ကျင့်ရာ၏။ ကံကောင်းထောက်မ၍ ဗုဒ္ဓသာသနာတော်အတွင်း လူအဖြစ်ကို ရကြသော သူတို့မှာ မြတ်စွာဘုရားကိုယ်တိုင် ညွှန်ပြဟောပြောထားခဲ့သော နည်းလမ်းများကို အလွယ်တကူ သိရှိနားလည်နိုင်ခဲ့သည်။

တဏှာကို ပယ်ရန် သတ်ရန် ဗုဒ္ဓ ဟောကြားတော်မူခဲ့သော အကောင်းဆုံးနည်းမှာ 'ကမ္မဋ္ဌာန်း'ပင် ဖြစ်သည်။ ကမ္မဋ္ဌာန်းဆိုရာ၌ 'သမထ'နှင့် 'ဝိပဿနာ' နှစ်နည်းရှိသည့်အနက် တတ်နိုင်လျှင် နှစ်နည်းစလုံး လေ့ကျင့်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။

ရှေ့ခန်းတွင်ဖော်ပြမည့် ကျင့်စဉ်များကို ပါရမီအလျောက် လေ့ကျင့်ပွားများပါက လောကီ ချမ်းသာကိုသာမက လောကုတ္တရာ ချမ်းသာနိဗ္ဗာန်သို့ပင် တက်လှမ်းတော်မူနိုင်ကြပေလိမ့်မည်ဟု ယုံကြည်စွာဖြင့် တင်ပြလိုက်ရပေသည်။

# ကျင့်စဉ်များ

ဗုဒ္ဓသည် ဗိုလ်ငါးပါးနှင့် ကိုက်ညီအောင် ကျင့်ကြံသဖြင့် ဘုရားအဖြစ်ကို ရရှိလေခြင်း ဖြစ်သည်။

## ဗိုလ်ငါးပါး

၁။ **သဒ္ဓါဗိုလ်** = တရားထူးကို ရလိုမှု သဒ္ဓါတရား ထက်သန်ခြင်း

၂။ **ဝိရိယဗိုလ်** = လုံ့လ ဝီရိယကို စိုက်ထုတ်မှု အားကြီးခြင်း

၃။ **သတိဗိုလ်** = မြဲမြံသော သတိကို စွဲလျက် အမှတ်ပြုခြင်း

၄။ **သမာဓိဗိုလ်** = စူးစိုက် တည်ကြည်စွာ ဆင်ခြင်ခြင်း

၅။ **ပညာဗိုလ်** = ဝိပဿနာ ပညာ အလင်းရောင်ကို ရလိုခြင်း

---

စပယ်ဦးစာပေ

## သတိပြုမှု

ရုပ်အစု၊ ခံစားမှုအစု၊ စိတ်အစု၊ သဘောအစု ဖြစ်သော ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မာ ထိုလေးဖြာတွင်ထား၍ ရှုရပေမည်။

သို့မှသာ လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော ကိလေသာ အညစ်အကြေးတို့ကို ပယ်ဖျောက်နိုင်ပေမည်။

### ရုပ်အစု

တင့်တယ်ခြင်း၊ သုဘသညာကို ပယ်လျက် မတင့်တယ်မှု အသုဘလက္ခဏာကို ကောင်းစွာ ထင်မြင်လာစေရမည်။

### ခံစားမှုအစု

ချမ်းသာခြင်း သုခသညာကိုပယ်လျက် မချမ်းသာမှု ဆင်းရဲခြင်း ဒုက္ခလက္ခဏာကို ကောင်းစွာ ထင်မြင်လာစေရမည်။

### စိတ်အစု

တည်မြဲခြင်း နိစ္စသညာကို ပယ်လျက် မတည်မြဲမှု အနိစ္စလက္ခဏာကို ကောင်းစွာ ထင်မြင်လာစေရမည်။

### သဘောအစု

စိုးပိုင်ခြင်း အတ္တသညာကိုပယ်လျက် စိုးပိုင်ခြင်းမရှိမှု အနတ္တလက္ခဏာကို ကောင်းစွာ ထင်မြင်လာစေရမည်။

---

မေယဉ်ဦးစာပေ

## နိယာမ ၅ မျိုး

၁။ ကောင်းသောမျိုးရိုး(ဗီဇနိယာမ)ရှိခြင်း
၂။ ပတ်ဝန်းကျင် အလေ့ အထကောင်း(ဥတုနိယာမ)ရှိခြင်း
၃။ မိမိကိုယ်တိုင် ရက်ဆောင်မှု(ကမ္မနိယာမ)ရှိခြင်း
၄။ သဒ္ဓါတရား တည်းဟူသော လိုချင်မှု (စိတ္တနိယာမ) ရှိခြင်း
၅။ တရားကိုလေ့ကျင့်မှု(ဓမ္မနိယာမ)ရှိခြင်း

## တရားအလုပ်၏ ဆူးညှောင့်

၁။ စာတတ်၍ ဗဟုသုတရှိနေ၍ မာနကြီးနေခြင်း။
၂။ တရားလုပ်ငန်းကို ကောင်းကောင်း မယုံကြည်ခြင်း။
၃။ တရားလုပ်နေယင်း ယုံမှား တွေးတောနေခြင်း။
၄။ တရားပြဆရာ၏ စကားကို မရိုသေပဲ စဉ်းစား ဆင်ခြင်မှုများနေခြင်း။
၅။ ပြင်းထန်စွာ အားမထုတ်ပဲ သက်သာခိုနေခြင်း။
၆။ တရားအလုပ်ကိုပြီးစီးအောင်မြင်မှုရအောင် ဆုံးခန်း တိုင် မရှုမပွားပဲ ရပ်ထားခြင်း။

## ဘာဝနာ ဝိရိယ ၄ ပါး

၁။ အအိပ်အစား အလွန်နည်းပါးခြင်း။
၂။ ထကြွလုံ့လမြဲခြင်း။

---

စာယ်နိုးစာပေ

၃။ အပြောအဆိုနည်းအောင် တကိုယ်တည်း နေထိုင်မှု ရှိခြင်း။

၄။ ဘာဝနာပွားရာ၌ စွဲစွဲမြဲမြဲ ရှုမှတ်မှုရှိခြင်း။

ဝိပဿနာတရား အားထုတ်လုပ်ကိုင်နေစဉ် မိမိခန္ဓာကိုယ်ထဲ၌ အသစ်အသစ် ဖြစ်ပျက်နေသော အာရုံအသစ်အသစ်ကို မျက်ခြေမပြတ် ရှုမှတ်နေဆဲတွင် ကြီးမားသော အဓိဋ္ဌာန်ကြီးထားရှိရ၏။

အရေ စုတ် သွား ပါ စေ။ အ သား ခြောက် သွား ပါ စေ။ အကြောပြတ်သွားပါစေ။ အသွေး ခန်း သွား ပါစေ။ အလုပ်စခန်းမှ မထပြီ။ တရားထူးကို တွေ့မြင်မှုရရှိမှသာ အလုပ်ခွင်မှ ထမည်။ လုံ့လစိုက်ထူကာ ကျင့်ကြံအားထုတ်မှု ပြုမည်ဟု ဆုံးဖြတ်ထားရသည်။

## သီလ-သမာဓိ-ပညာ

ဝိပဿနာ ပညာ ကို လိုလားသူတိုင်း **သမာဓိ ကို** တည်ကြည်အောင်ထူထောင်ရသည်။ သမာဓိတည်မြဲစေရန် **သီလကို** စောင့်ထိန်းဖို့လိုပေသည်။

သီလမရှိပဲ သမာဓိမတည်နိုင်။ သမာဓိ မတည်က မဂ်ပညာ၊ ဖိုလ်ပညာ တည်းဟူသော ဝိပဿနာပညာကို မရနိုင်ပေ။

တရားရရန် ရှေးဦးစွာ ဖြူစင်သောသီလကို မြဲမြံစွာထိန်းသိမ်းထားဖို့ အရေးကြီးသည်။ အနည်းဆုံး ငါးပါးသီလ၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး သီလကို စောင့်စည်းထားရမည်။ သို့မှသာ မြန်မြန်နှင့် လိုရာခရီးသို့ ရောက်နိုင်ချေမည်။

---

စပယ်ဦးစာပေ

၁။ ကောင်းစွာပြောဆိုခြင်း
၂။ ကောင်းစွာလုပ်ကိုင်ခြင်း
၃။ ကောင်းစွာ အသက်မွေးမှုခြင်းကို သီလမဂ္ဂင် (အဓိသီလ)ဟု ခေါ်သည်။

၁။ ကောင်းစွာလုံ့လပြုခြင်း
၂။ ကောင်းစွာသတိပြုခြင်း
၃။ ကောင်းစွာ တည်ကြည် မှုရှိခြင်းကို **သမာဓိမဂ္ဂင်** (အဓိစိတ္တ) ဟု ခေါ်သည်။

၁။ ကောင်းသောအကြံအစည်ရှိခြင်း
၂။ ကောင်းသော အမြင်မှန်ကို ရခြင်းကို **ပညာမဂ္ဂင်** (အဓိပညာ) ဟု ခေါ်သည်။

ဗုဒ္ဓက "ဝိဇ္ဇာစရဏသမ္ပန္နော" ဟူသော တရားတော်အရ သီလမဂ္ဂင်(၃)ပါး၊ သမာဓိမဂ္ဂင် (၃) ပါးနှင့် ပညာမဂ္ဂင် (၂)ပါး၊ ပေါင်း မဂ္ဂင်(၈)ပါးကို ပွားများမှုရှိမှသာ ဘုရားသာသနာ အတွင်းရှိ ပုဂ္ဂိုလ်များ ဝိပဿနာ ဘာဝနာတရားကို ကျင့်ရုံမျှနှင့် နိဗ္ဗာန်ကိုရနိုင်ကြောင်း ဟောတော်မူသည်။

## ခက်ခဲသော သီလ ၄ ပါး

၁။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်တို့ကိုကျင့်ကြံရာတွင် သဒ္ဓါဖြင့် ကျင့်ခြင်း။

၂။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနောစသည့် အာရုံခြောက်ပါးကို လုံခြုံစွာ စောင့်ရှောက်ရန် **သတိ** ဖြင့် ကျင့်ခြင်း။

၃။ ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်၍ သမ္မာအာဇီဝ တည်းဟူသော အသက်မွေးမှုခြင်း စင်ကြယ်ရန် **ဝီရိယ**ဖြင့် ကျင့်ခြင်း။

၄။ စားသောက်ခြင်းပြုရာ၌ ပထဝီ၊ တေဇော၊ အာပေါ ဝါယော တည်းဟူသော ဓာတ်လေးပါးအစုမှ မကင်းသော စက်ဆုပ်ဘွယ်ကောင်းသည့် အစာအာဟာရဟု နှလုံးသွင်းလျက် ဆင်ခြင်ရန် **ပညာ**ဖြင့် ကျင့်ခြင်း။

ဤခက်ခဲသော သီလလေးပါး လုံခြုံမှသာ နက်နဲလှသော သမာဓိတည်ကြည်နိုင်ပြီး သိမ်မွေ့သော ဝိပဿနာပညာကို ရရှိချေမည်။

သီလစင်ကြယ်မှုကို ပြုစုပျိုးထောင်ပြီးမှ ဝိပဿနာပညာ စခန်းသို့ ဝင်ရမည်ဟု ဆိုလိုသည်။

## စည်းမျဉ်း

မိမိ၏ ခန္ဓာကိုယ်ကို ရှေးဦးစွာ ဘုရားရှင်အား လှူဒါန်းရပေမည်။

၁။ အနိစ္စမှ မကင်းသေးသော ဤခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ကိလေသာမှ ကင်းလွတ်တော်မူပြီးသော မြတ်စွာဘုရားအား လှူဒါန်းအပ်နှင်းပါ၏။

---

စပယ်ဦးစာပေ

၂။ ဒုက္ခမှ မကင်းသေးသော ဤခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ကိလေသာမှ ကင်းလွတ်တော်မူပြီးသော မြတ်စွာဘုရားအား လှူဒါန်းအပ်နှင်းပါ၏။

၃။ အနတ္တမှ မကင်းသေးသော ဤခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ကိလေသာမှ ကင်းလွတ်တော် မူပြီးသော မြတ်စွာဘုရားအား လှူဒါန်း အပ်နှင်းပါ၏။

၄။ အသုဘမှ မကင်းသေးသော ဤခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ကိလေသာမှ ကင်းလွတ်တော် မူပြီးသော မြတ်စွာဘုရားအား လှူဒါန်း အပ်နှင်းပါ၏။

ပြီးနောက် ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုဦးချကန်တော့ခြင်းကို ပြုရမည်။

ဗြဟ္မစိုရ် မေတ္တာတရားကို ရွတ်ဆိုကာ မေတ္တာဘာဝနာပွားရမည်။

အသုဘလက္ခဏာကို မိမိကိုယ်ခန္ဓာထဲ၌ တင်၍ ရှုမှတ်ခြင်းကို ပြုရမည်။

သေခြင်းတရားကို သတိရှိရှိနှင့် အခြားသူများ ကဲ့သို့ပင် မိမိလည်း အချိန်အခါမရွေးပဲ သေရမှာ အမှန်ပါတကား....ဟု နှလုံးသွင်း ဆင်ခြင်ပွားများရမည်။

ဗုဒ္ဓဟောကြားတော်မူခဲ့သည့်သစ္စာလေးပါးတွင် ပဌမသစ္စာဖြစ်သော ဒုက္ခသစ္စာကို ရှေးဦးစွာဆင်ခြင်၍ ဒုတိယသစ္စာဖြစ်သော သမုဒယသစ္စာခေါ် ခင်မင်တွယ်တာမှုများကို ပယ်ဖျောက်ကာ တတိယသစ္စာဖြစ်သော နိရောဓသစ္စာခေါ် နိဗ္ဗာန်သို့ဆိုက်

ရောက်အောင် စတုတ္ထသစ္စာ ဖြစ်သော မဂ္ဂသစ္စာကို ပွား ပေမည်။

၁။ ဒုက္ခသစ္စာသည် ဆင်းရဲ အမှန်ဖြစ်၏။
ဤ ဒုက္ခအကျိုးပေါ်စေရန် သမုဒယ အကြောင်းကို ပယ်ရမည်။

၂။ သမုဒယသစ္စာသည် ဆင်းရဲဖြစ်ကြောင်း အမှန်ဖြစ်၏။
ဤသမုဒယ အကြောင်းကြောင့် ဒုက္ခအကျိုးပေါ်လာ ရသည်။

၃။ နိရောဓသစ္စာသည် ဆင်းရဲမှုချုပ်ငြိမ်းရာ အမှန်ဖြစ်၏။
ဤနိရောဓအကျိုး ဆိုက်ရောက်စေရန် မဂ္ဂအကြောင်း ကို ပွားရမည်။

၄။ မဂ္ဂသစ္စာသည် ဆင်းရဲမှု ချုပ်ငြိမ်းရာသို့ ဆိုက်ရောက် သော အကျင့်မှန်ဖြစ်၏။
ဤ မဂ္ဂ အကြောင်းကြောင့် နိရောဓ အကျိုးကို ဆိုက် ရောက်ရသည်သာ ဖြစ်၏။

ထို့ကြောင့် မဂ်ဉာဏ်သည် ဆင်းရဲအမှန် ဒုက္ခသစ္စာကို ပိုင်နိုင်စွာ သိခြင်း။ ဆင်းရဲဖြစ်ခြင်း၏ အကြောင်းအမှန် သမုဒယ သစ္စာကို ပယ်ခြင်း။ နောင်အသစ်အသစ် ဖြစ်ခွင့်မရပဲ ချုပ်ငြိမ်း ခြင်းအမှန် နိရောဓသစ္စာကို မျက်မှောက် ဆိုက်ခြင်း။ နိဗ္ဗာန် ရောက်ကြောင်း လမ်းအမှန် မဂ္ဂသစ္စာကို ပွားခြင်း တည်းဟူ သော ကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေနိုင်၏။

မဂ်ဉာဏ်တွင် ဤ အသိလေးချိုး ရှုမှတ်ဆဲ စိတ်ဘည်တန့် ခိုင်မြဲလာသောအခါ မမြဲသော အနိစ္စ ဆင်းရဲသော ဒုက္ခ အလို

မကျသော အနတ္တ သဘောတို့ အလိုလို ထင်မြင်လာပြီး ပညတ်ကို ပယ်ခွာကာ ပရမတ်သဘော သက်ဝင်လာမည်။ သူ ငါ မရှိ၊ သတ္တဝါမရှိ ရုပ်နာမ်သာရှိသည်ဟု အစစ်အမှန်ထင်မြင်လာမည်။ သက္ကာယဒိဋ္ဌိပယ်ခွာ၍ ဝိပဿနာဉာဏ် ရင့်သန်ကာ **သောတာပတ္တိမဂ်သို့** ရောက်တော့၏။

သောတာပတ္တိမဂ် ကိစ္စအတွက် ခန္ဓာကိုယ်၌ အစဉ်ပျက်နေသော တရားကို သိအောင် ရှုကျင့်နေသော ပုဂ္ဂိုလ်ကိုသာ **သောတာပန်** ပုဂ္ဂိုလ်ခေါ်သည်။

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးထဲမှာသာ အမြဲ ရှုမှတ်နေသည်ကို သတိပဋ္ဌာန် ခေါ်သည်။

သည်သို့ ရှုမှတ်နေမှသာ သမာဓိစိတ် တည်ကြည်လာမည်။ သမာဓိစိတ် တည်ကြည်လာမှ လက္ခဏာရေးသုံးပါး ထင်မြင်လာပေမည်။

## အမှိဋ္ဌာန်ပြုပါ

ရှေးဦးစွာ အနန္တောအနန္တငါးပါးဖြစ်သော ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို ရှိသေစွာ ဦးချကန်တော့ပါ။

ထို့နောက် ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြေစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ရုက္ခစိုး၊ အာကာသစိုးနတ် အပေါင်းတို့နှင့်တကွ သမာဒေဝနတ်၊ သာသနာစောင့်နတ်၊ ဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ၊ ကုဝေရဟု၊ နာမထင်ရှား စတုလောကပါလ နတ်မင်းကြီး လေးပါးတို့အား အမျှဝေလျက်၊

ဝိပဿနာတရားကို ကျင့်ရာ၌ အောင်မြင်ရာ အောင်မြင်ကြောင်း အကူအညီ ပေးပါဟု တောင်းပန်ပါ။

ဤသို့ပြုပြီးလျှင် ဝိပဿနာတရားထူးကိုရ၍ မဂ်စိတ်၊ ဖိုလ်စိတ် ဝင်ပြီး နိဗ္ဗာန်ကို အချိန်ကြာစွာ 'အာရုံပြုနိုင်ပါစေသည်း'ဟု အဓိဋ္ဌာန်ပြုပါ။

## လိုအပ်ချက်

ခန္ဓာကိုယ်နှင့် အသက်ကို မငဲ့ကွက်ပဲ တရားအားထုတ်နိုင်ရမည်။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု လုံခြုံစွာစောင့်ထိန်းနိုင်ရမည်။ မိဘဆရာတို့၏ စကားကို မပယ်ရှားပဲ နာလွယ်နိုင်ရမည်။ ကိုယ်နှုတ်နှလုံး ပျော့ပျောင်းသိမ်မွေ့ဖို့လည်းလို၏။ ရရှိသော ဥစ္စာနှင့် တင်းတိမ်ရောင့်ရဲသျက် မာန်မာန ကင်းရမည်။ ဣန္ဒြေသိက္ခာ တည်ကြည်မှုရှိပြီး၊ ကိုယ် နှုတ် စိတ် ကြမ်းတမ်းမှု လုံးဝမရှိစေရ။ သားမယား ဆွေမျိုးညာတိ အပေါ်တွယ်တာငြိစွန်းခြင်း မရှိစေပဲ၊ ပညာရှိတို့၏ ကဲ့ရဲ့မှုကိစ္စမှန်သမျှ လုံးဝရှောင်ကြဉ်နိုင်ရမည်။ ဤသည်ကား ဗုဒ္ဓအလိုတော်ဖြစ်သည်။

## တရား ထိုင်ရန်နေရာ

သီးသန့် နေရာတခုရရှိထားဖို့လိုသည်။

ထိုသီးသန့်နေရာသည်ကက်ဆက်၊ရေဒီယိုစသော ဆူညံအော်ဟစ်ခြင်း ကင်းသည့်နေရာ ဆိတ်ငြိမ်သောနေရာဖြစ်လျှင် ပို၍ကောင်းသည်။ မပူလွန်း၊ မအေးလွန်း၊ အရိပ် အာဝါသရှိ၍

---

လေကောင်း လေသန့် ရရှိလေ့ရှိသော နေရာဖြစ်လျှင် အသင့် လျော်ဆုံး ဖြစ်သည်။ အနံ့ဆိုးများနှင့် ချက်ပြုတ်ကြော်လှော် နံ့များ မရနိုင်သော နေရာမျိုးကို ရွေးချယ်သင့်သည်။

ထာဝစဉ် တရားပွားများနိုင်ရန် ဘုရားခန်းဖြစ်လျှင် ပို၍ သင့်မြတ်သည်။ ဘုရားပန်းများ အသစ်အသစ်လဲလှယ် ပူဇော်၍ စိတ်ကြည်လင်စေရန် ဆောင်ရွက်ထားရမည်။

အလင်းရောင် မဝင်နိုင်သော နေရာသည် အကောင်းဆုံး ဖြစ်၍ လိုဏ်ဂူထဲတွင် အားထုတ်ခြင်းကို ရွေးချယ်နိုင်လျှင်လည်း အကောင်းဆုံးဖြစ်သည်။

## အဝတ်အထည်

တရားအလုပ်ပြုရန် သီးသန့် အဝတ်အထည် ချုပ်ထားနိုင် လျှင် ကောင်းသည်။ တရားထိုင်ပြီးလျှင် ထိုအဝတ်များကို နေလှန်း၍ သန့်ရှင်းစွာ သိမ်းဆည်းထားသင့်သည်။

အဝတ်အစားသည် တရားအားထုတ်ရာတွင် ပိုမို၍ ယောဂီ စိတ်ဝင်စားစေပြီး တရားထူးကို မြန်မြန်ရတတ်စေ၏။

## ထိုင်နည်း

တရား အားထုတ်ရာတွင် သမာဓိကို မြဲမြံစွာ ရရှိဖို့အရေး ကြီး၏။ သမာဓိရမှ ဝိဿနာပညာကို ရလွယ်နိုင်သည်။ ထို သမာဓိကိုမြဲမြံစွာ ရရှိနိုင်ရန် တင်ပလ္လင်ခွေ ကြာကြာထိုင်၍ တရားရှုမှတ်မှသာရနိုင်သည်။

စိတ်ပျက်ခြင်းလည်း မရှိစေသင့်။ ဒုက္ခဝေဒနာဖြစ်စေ၊ သုခဝေဒနာဖြစ်စေ၊ ဥပေက္ခာဝေဒနာဖြစ်စေသူပေါ်ချင်သလိုပေါ်မည်။ တွေ့သော်လည်း ဝမ်းမမြောက်နှင့်၊ မတွေ့သော်လည်း ဝမ်းမနည်းနှင့် သူ့သဘော သူဆောင်နေသည်ဟူ၍သာမှတ်။

ထိုအသစ်သစ် ဖြစ်ပေါ်မှု၊ ပျက်စီးမှုများကိုသာ အာရုံပြု ရှုမှတ်ရန်လိုသည်။ အာရုံနိမိတ် တစုံတခုခုကိုမှ မတွေ့မမြင်ရခြင်းသည် မိမိ၏ သမာဓိမမြဲခြင်းကြောင့်ဟု နားလည်ထားရမည်။ သတိကိုမြဲမြံစွာထား၍ လုံ့လ စိုက်ရန် အရေးကြီးသည်။

တရားရှုမှတ်နေခိုက် လက္ခဏာ အာရုံတစုံတခုကိုမှ မတွေ့ရ၍ အိပ်ငိုက်ခြင်း ပင်ပန်းနွမ်းလျခြင်း ထုံကျင်ကိုက်ခဲခြင်း ဝေဒနာများ ပေါ်လာလျှင် လေကို ပြင်းပြင်း တိုးပြီးရှူရှိုက်ရမည်။ (ဝေဒနတကျပ်သား တက်လာလျှင်တကျပ်သားတိုးပြီးပြင်းပြင်း ရှူဟု ဆိုလိုသည်။)

တရားထိုင်နေယင်း စိတ်သည် ဟိုဟိုဒီဒီရောက်သွားတတ်၏။ ပျံ့လွင့်တတ်၏။ ထိုအခါ လေချက် ပြင်းစေပြီး သတိဝီရိယနှင့် ရှုမှတ်ရမည်။ထိုသို့ ပျံ့လွင့်သောစိတ်ကို ဖမ်းမိနိုင်မှသာ သေမင်းနိုင်ငံမှ လွတ်ကင်းချမ်းသာ ဘဝတဖန် မဖြစ်သော နိဗ္ဗာန်သို့ ရယူနိုင်ကြောင်း ဗုဒ္ဓဟောတော်မူသည်။

ဒူရင်္ဂမံ၊ ဧကစရံ၊ အသရီရံ၊ ဂူဟာသယံ၊ ယေစိတ္တံ
သံယ မေဿန္တိ၊ မောက္ခန္တိ၊ မာရဗန္ဓနာ။

ဒူရင်္ဂမံ၊ ဝေးသောအာရုံသို့ ပြေးသွားတတ်သော။ ဧကစရံ၊ အဖော်လည်းမပါ တကိုယ်တည်းလည်း ဖြစ်သော။ အသရီရံ၊

ခန္ဓာကိုယ်လည်းမဟုတ်သော။ ဂူဟာသယံ၊ လိုဏ်ဂူသဖွယ် ခန္ဓာကိုယ်ကြီး၌ အမှီသဟဲပြုတတ်သော။ စိတ္တံ၊ စိတ်လယ်စိတ်ရိုင်းကို။ ယေ၊ အကြင်ပညာရှိတို့သည်။ သံယမေသန္တိ၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြလေ၏။ တေ၊ ထိုစိတ်လယ်စိတ်ရိုင်းကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြသော အကြင်ပညာရှိ ပုဂ္ဂိုလ်တို့သည်။ မာရဗန္ဓနာ၊ သတ္တဝါကို သနားခြင်းကင်းသော သေမင်း၏ အနှောင်အဖွဲ့မှ။ မောက္ခန္တိ၊ လျင်မြန်ဆောစွာ လွတ်ကင်းချမ်းသာရနိုင်သတည်း။

## ကမ္မဋ္ဌာန်းတရား ရှုပွားနည်း

ဆိတ်ငြိမ်သောနေရာကို ရှာ၍ အခင်းပေါ်တွင် ခြေကို တင်ပလ္လင်ခွေလျက် ကိုယ်အထက်ပိုင်းကို ဖြောင့်မတ်စွာထားရမည်။- ဘယ်လက်ဝါးပေါ် ညာလက်ဝါးဖြန့်ကာ ဘယ်လက်မနှင့် ညာလက်မကို ထိထားပါ။ မျက်စိနှစ်ဖက်မှိတ်ပြီး နဂို ရှိုက်နေမြဲ ရှူနေမြဲအတိုင်း ရှူရှိုက်ပါ။ နှာသီးဖျားမှာ အသိကပ်ပြီး ဝင်လေထွက်လေ(ထိ)ခြင်းကို အာရုံပြုပါ။ ဝိတက်ကင်းအောင် မြဲမြံသောသတိကို ထားဖို့လိုသည်။

ဝင်လေထိတိုင်း(ထိ)၊ ထွက်လေထိတိုင်း(ထိ) ဟူ၍ ထိထိထိထိနှင့် စိတ်ထဲမှာ စွဲမှတ်လျက် အာရုံပြုကာ ရှူရှိုက်နေရမည်။ (ခြင်၊ ယင်ပေါလျှင် အနှောင့်အယှက်မခံနှင့် ခြင်ထောင်ချပြီး ထိုင်နိုင်သည်)။ နှာသီးဖျား၌ လေထိခြင်းကို မသိရလျှင် ရှိုက်ခြင်း၊ ရှူခြင်းကို ခပ်ပြင်းပြင်း ပြုလုပ်ပေးရမည်။

---

စပယ်ဦးစာပေ

## တဆင့်တက်

ရှိုက်၍ဝင်လာသော လေထိခြင်းကို စိတ်ကသိ၍(ထိသိ)ဟု မှတ်၊ ရှူ၍ထွက်လာသော လေထိခြင်းကို စိတ်ကသိ၍(ထိသိ)ဟု သတိနှင့် အာရုံပြု၍မှတ်ရမည်။ (ရှိုက်တိုင်းရှူတိုင်း ထိသိထိသိနှင့် အာရုံပြုမှတ်ရမည်ဟု ဆိုလိုသည်)။

## နောက်တဆင့်တက်

ရှိုက်၍ဝင်သော လေထိခြင်းပြီးမှ ရှူလေထွက်လာခြင်း ဖြစ်သဖြင့် ရှိုက်တိုင်းထိသော လေပျက်၊ ရှူတိုင်းထိသော လေပျက်၊ သည် အသိကိုကပ်၍ ရှိုက်တိုင်း ရှိုက်တိုင်း(ထိသိပျက်)၊ ရှူတိုင်း ရှူတိုင်း(ထိသိပျက်)ဟူ၍ ရှုမှတ်နေရမည်။

## ခန္ဓာကိုယ်ပြောင်းရှု

ခန္ဓာကိုယ်တခုလုံး အနှံ့အပြား တရွရွနှင့် ဖြစ်လိုက်ပျက်လိုက် တဖြစ်ထဲဖြစ် တပျက်ထဲပျက် နေသည်ကို စိတ်ပြောင်းရွှေ့ကာ သတိနှင့်စူးစိုက်ပြီး **အနိစ္စ၊ အနိစ္စ၊ အနိစ္စ** ဟူ၍ ရှုမှတ်နေရမည်။

ယင်းသို့ရှုမှတ်နေစဉ် ကိုယ်အင်္ဂါ အစိတ်အပိုင်း တနေရာရာမှ ရုတ်တရက်ပေါ်လာပြီး နာကျင်ကိုက်ခဲ၊ ညောင်းညာမှု၊ တောင့်တင်းမှု၊ ထုံကျဉ်မှု၊ ပူလောင်မှု ပြင်းပြသော ဝေဒနာအစု တခုခု သည် မခံသာအောင် ဖြစ်ပေါ်လာတတ်၏။ ထိုဝေဒနာပေါ်

စူးစိုက်စွာရှုမှတ်၍ **ဒုက္ခဝေဒနာ အနိစ္စ အနိစ္စ** ရှုမှတ်နေရမည်။ ယင်းသို့ ရှုဖန်များသော် ပေါ်လာသမျှသော ဝေဒနာအစုတို့သည် မကြာမီ ပျောက်ပျက်သွားပေလိမ့်မည်။

သည်နေရာမှာ အရေးကြီးသည်။ ဒုက္ခဝေဒနာ ဆင်းရဲမှုအစုစုတို့ကို မြဲမြံသောသတိနှင့် ရှုမှတ်မှုမပြုနိုင်လျှင် ထိုဝေဒနာမှာ ကွယ်ပျောက်ခြင်းမရှိပဲ ပြင်းထန်စွာ ထုံကျဉ်ကိုက်ခဲခြင်း၊ မခံမရပ်နိုင်အောင်ပင် ကိုယ်စိတ်နှစ်ပါးလုံး ဆင်းရဲမှုကို ဖြစ်စေခြင်းကြောင့် မိမိ ရှုမှတ်နေမြဲစိတ်ကို ရပ်တန့်ကာ တရားအလုပ်ကို ဖြုတ်ပစ်တတ်သည်။ (ရေတိမ်မှာ အနစ်ခံရသူနှင့် မခြားပြီ။ ဝေဒနာကျော်အောင် သေလိုကသေစေ ဆက်လက်အားထုတ်နေဖို့ အရေးကြီးသည်။)

ပြင်းထန်သော ဝေဒနာအစုသည် ကိုယ်ရောစိတ်ပါ နာကျင်ကိုက်ခဲခြင်း ပြုနေလင့်ကစား ထိုဝေဒနာ၏ လက်ချက်ကြောင့် ပေါ်လာသော ခံစားမှုသည် **ခံစားမှုအစုမျှသာ**ဟု ရှုမှတ်လျက်သည်းခံပြီး အရေးကြီးသော အချိန်သို့ ကျရောက်နေပြီဖြစ်ကြောင်း သတိရကာ ဒုက္ခဝေဒနာ **အနိစ္စ အနိစ္စ**ဟူ၍သာ ရှုမြဲတိုင်း ရှုမှတ်နေရမည်။

သည်ဒုက္ခဝေဒနာကြီး ကျော်သွားမှ ခန္ဓာကိုယ်ထဲတွင် အမြဲရှိနေသော လောဘမှု၊ ဒေါသမှု၊ ကိလေသာမှုတို့ ချုပ်ငြိမ်းကာ အကုသိုလ်စိတ် ပပျောက်ကင်းစင်သွားချေမည်။

သည်စစ်ပွဲတွင် အောင်မြင်၍ ငြိမ်းငြိမ်းသွားလျှင် အထက်ပါ အတိုင်း မိမိရှုနေမြဲဖြစ်သော **ထိသိပျက် ထိသိပျက်** ကိုသာ ဆက်လက်ပြုလုပ်ရန် ဖြစ်သည်။

---

ပယ်ဉ်းစာပေ

ဤအချိန်သည် နိရာမိသ ဒုက္ခဝေဒနာခေါ်သော အာရုံဆိုးများ ကွယ်ပျောက် အောင်မြင်လိုက်ချိန်တည်း။

## သုခဝေဒနာ

အာရုံဆိုးများ ကွယ်ပျောက်သွားလျှင် အာရုံကောင်းများဖြစ်သော သုခဝေဒနာ ပေါ်လာပြန်၏။ ချမ်းသာမှုဖြစ်ခြင်း၊ ဝမ်းသာမှုရှိခြင်း၊ ပျော်ရွှင်ကြည်နူးစရာများ ဖြစ် ပေါ် လာခြင်းကို သိရှိရပေလိမ့်မည်။ ဤသို့ သိရှိလာလျှင် ချမ်းသာခြင်း ခံစားမှုကို ခံစားနေသည်ဟု မှတ်ကာ **သုခဝေဒနာ အနိစ္စ အနိစ္စ** ဟု ကြိမ်ဖန်များစွာ ရှုမှတ်နေရမည်။ ဤသို့ ရှုမှတ်နေခြင်းဖြင့် သုခဝေဒနာအစုတို့သည် များမကြာမီအတွင်း ပျောက်ကွယ်သွားပေလိမ့်မည်။ ပြန်ပေါ်လာလျှင်လည်း ထိုအတိုင်းသာ မှတ်နေရမည်။ နောက်ဆုံး လုံးဝ ပျောက်ကွယ်သွားပေလိမ့်မည်။

ဤအချိန်သည် နိရာမိသ သုခဝေဒနာ ခေါ်သော အာရုံကောင်းများ ကွယ်ပျောက် အောင်မြင်လိုက်ချိန်တည်း။

## အဆုံးစွန်ပျော်ရွှင်မှု

ဝိပဿနာရှုမှတ်နေယင်း ဥဒယဗ္ဗယဉာဏ် ရောက်သောအခါ ထူးထူးခြားခြားများကို တွေ့ရ၍ ဝမ်းသာမှုများ အလိုလိုဖြစ်ပေါ်လာ၏။ နိရာမိသ သုခဝေဒနာမှ ဖြစ်ပေါ်လာသော ဝမ်းသာမှုသည် ကာမဂုဏ်နှင့် လုံးဝ မစပ်သော ဝမ်းသာမှုဖြစ်၍ မြတ်၏။

---

ရှုမှတ်နေသော စိတ်ထဲ ဉာဏ်ထဲတွင် အလိုလို တပိုင်းစီ တပိုင်းစီ ပြတ်ပြီး ရှင်းရှင်း လင်းလင်း ဖြစ်ပေါ်လာသည်။

ထိုဝမ်းသာကြည်နူးမှုကို ဗုဒ္ဓက 'အမာ၊ နုသိ၊ ရတိ၊ ဟောတိ လူတို့၏ပျော်မွေ့မှုဟူသမျှထက် လွန်ကဲသောပျော်မွေ့မှုဖြစ်သည် ဟုဟောတော်မူသည်။

သည်အဆင့်သို့ရောက်သော ယောဂီအတွက် ဗုဒ္ဓက ဤသို့ ဟောတော်မူခဲ့သည်။

တတော၊ တတော၊ ပီတိပါမောဇ္ဇံ
လဘတေ၊ တံဝိဇာနတံ၊ အမတံ။

တတော တတော၊ ထိုထိုရှုမှတ်သမျှ ခန္ဓာတိုင်းမှ။ ပီတိ ပါမောဇ္ဇံ၊ အားရနှစ်သိမ့်ခြင်း၊ ဝမ်းမြောက်ခြင်းကို။ လဘတေ၊ ရလေ၏။ တံ၊ ထိုနှစ်သိမ့်ခြင်း၊ ဝမ်းမြောက်ခြင်းသည်။ ဝိဇာ နတံ၊ ရုပ်နာမ်တို့၏ဖြစ်ဟန်ပျက်ဟန် ကောင်းမြင်သိ၊ ပညာရှိတို့၏။ အမတံ၊ အမြိုက်နိဗ္ဗာန်ကြီး ဖြစ်သတည်း။

သည်အဆင့်သို့ ရောက်သောသူတို့သည်၊ သည်ဝမ်းသာမှုမျိုး တွေ့ရသော အချိန်ကို ဘယ်တော့မှ မေ့ပျောက် တော့ မည် မဟုတ်ချေ။ ဆက်လက်၍သာ ကျင့်ကြံ အားထုတ် သွားလျှင် နိဗ္ဗာန်ကို တကယ် တွေ့ရတော့မည်ဖြစ်သည်။

ထိုကြောင့် ဒီ နိရာမိသသုခ ဝေဒနာခေါ်သော ဝမ်းသာမှု မျိုး မခံစားရသေးလျှင် ခံစားရအောင် အားထုတ်ပါ။

ခံစားရလျှင်လည်း ဝမ်းသာမှုများကို ရှုမှတ်လျက် လွန် မြောက်အောင် အားထုတ်သွားပါ။

အရေးကြီးသည်က မိမိရှုမှတ် နေမြဲဖြစ်သော ထိ သိ ပျက် သာ သေတပန် သက်တဆုံး ပွားများနေဖို့ဖြစ်ပါသတည်း။

---

စပယ်ဦးစာပေ

## ဥပေက္ခာ ဝေဒနာ

ထိ သိ ပျက် ကို ရှုမှတ်နေယင်း နိရာမိသ သုခဝေဒနာမှ လွန်မြောက် သွားသောအခါ ဝမ်းသာတက်ကြွမှု မရှိတော့ပဲ အသိကလေးသည် ငြိမ်သက် သိမ်မွေ့လာပေမည်။ ဤသည်ကို နိရာမိသဥပေက္ခာ ဟု ခေါ်သည်။ ချိုးမွှမ်း၍မမှီနိုင်အောင် နူးညံ့ သိမ်မွေ့ပြီး ကောင်းနေ၏။ ၎င်းမှ လွန်မြောက်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုက်ရောက်အောင် ကြိုးပမ်းအားထုတ်ခြင်းဖြင့် အနန္တ သိဒ္ဓိများနှင့်ပြည့်စုံကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသတည်း။

## ရုပ်နာမ် ချုပ်ငြိမ်းရာ နိဗ္ဗာန်

နိရာမိသဥပေက္ခာကို မပြတ်ရှုမှတ်ယင်း တပိုင်းစီ တပိုင်းစီ ပြတ်ပြတ်ပြီး ကုန်ကုန်သွားယင်းက ပထမ ရုပ် ချုပ် ငြိမ်း၏။ ရုပ်၏သုညတ။ နောက်နာမ်ချုပ်ငြိမ်း၏။ နာမ်၏သုညတ။ ရုပ်ကော နာမ်ပါ ချုပ်ငြိမ်းပြီး ငြိမ်သက်ခြင်းကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားခြင်းပင် ဖြစ်၏။

နိဗ္ဗုတိတ္တိ၊ နိဗ္ဗုတ သဘာဝံ၊ နိဗ္ဗာနံ

နိဗ္ဗုတ သဘာဝံ၊ တဆယ့်တမီးတို့၏ ငြိမ်းအေး ခြင်း သဘောရှိသော။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို။ နိဗ္ဗုတိတ္တိ၊ နိဗ္ဗာန် ဟု ခေါ်ဆိုအပ်၏။

တရားရှင်ထံသို့ နိဗ္ဗာန် ဆိုက်ရောက်လာလျှင် ဘယ်တော့မှ မပျောက်ပျက်တော့ပေ။ ထာဝရငြိမ်းအေး တည်နေတော့၏။

---

စပယ်ဦးစာပေ

အနုပ္ပာဒ နိရောဓ၊ ပစ္စယတ္တာ နိဗ္ဗာနံ
ဘဝသစ်သို့ တဖန် ပြန်မရောက်စေခြင်း၊ ဒုက္ခ မဖြစ်ခြင်း အကြောင်း ဖြစ်သောကြောင့် နိဗ္ဗာန် ခေါ်၏။

တမိနစ်၊ တရက်၊ တသီတင်း တရားရှုမှတ်သူသည် အပါယ်ငရဲတို့မှ တမိနစ်၊ တရက်၊ တသီတင်း ဝေးကွာသည် ဖြစ်၏။ ထို တမိနစ်၊ တရက်၊ တသီတင်း နိဗ္ဗာန်နှင့် နီးကပ်လာပြီဖြစ်၏။

နိဗ္ဗာန်နှင့်နီးကပ်နိုင်သရွေ့ နီးကပ်ရအောင် ကြိုးစားမယုတ်၊ အားထုတ်ခြင်းဖြင့် နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

စတုဝလ္လိ

စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၁၀၇)

## ဤစာအုပ်ကို ဖတ်မိလျှင်....

* ဆင်းရဲငတ်ပြတ် နေသူတို့ပင် သူဌေး-သူကြွယ်ကြီးတို့၏ စည်းစိမ်သုခကို ခံစားနိုင်သည်။

* သူတောင်းစားကလည်း ရှင်ဘုရင့်သမီးနှင့်စုလျားရစ်ပတ်နိုင်သည်။

**တထောင့်တည-ပုံပြင်များကဲ့သို့ တသသ စွဲမက်စေမည့်**

## သခင်ဘဇသောင်း

# ဘဂ္ဂဒက်မြို့မှ သူခိုးအာမက်

* မယားကြောက်ရသူကလည်း မယားကို နိုင်-နိုင်သည်။

* လူပျိုကြီးများကလည်း မင်းသမီးကလေး တဖက် ငါးရာ ရံ၍အိပ်နိုင်သည်။

* အကျည်းတန်သော အပျိုဟိုင်းကြီးများကလည်း ရွှေမင်းသားကလေးများကို ရနိုင်သည်။

ကြွေရောင်ကတ်ထူ ပလပ်စတစ်ဖုံးဖြင့်

**စပယ်ဦးစာပေမှ မကြာမီထွက်လာပါမည်။**

နိုင်ငံရေးစာပေ-စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၁၀)

ဖက်ဆစ်တော်လှန်ရေးကာလ၊ ရိုးမတောင်ပေါ်တွင်
သက်စွန့်ဆံဖျား မြန်မာ့လွတ်လပ်ရေးအတွက်
အသက်စွန့်လှူခဲ့ရပုံများ၊ တိုက်ပွဲဝင်ခဲ့ရပုံများကို
အသဲတထိတ်ထိတ် ရင်တဖိုဖိုဖြင့် ဖတ်ရမည့်....

**မောင်စင်ကြယ် (မန်းညွန့်မောင်)**

# ရိုးမကိုသစ္စာပြုပါမယ်

( နိုင်ငံရေးဝတ္ထုရှည် ■ စ-ဆုံး )

ယနေ့ခေတ် လူငယ်-လူရွယ်တို့-မြန်မာ့လွတ်လပ်ရေးအကြောင်း
တစေ့တစောင်း သိရှိစေရန်-အထူးထုတ်ဝေ တင်ဆက်သည့်
စာအုပ်ထူး။

စာမျက်နှာ (၆၀၀) ခန့် ထူထူထဲထဲ

ပလပ်စတစ်ကတ်ထူဖုံးဖြင့် ထူးထူးခြားခြား သားသားနားနား

**မကြာမီ ထွက်လာပါတော့မည်။**